မွန်ပြည်နယ် ဓမ္မာလပြုံခရိုင်

ရွှေတောင်ကျောင်းတိုက်သမိုင်း

အုပ်ထောက်

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ရွှေဦးပူဇော်တော်မူခဲ့သည့် 'မဟာဘုရား'

ရွှေတောင်မြို့
ကျီးသံလေးထပ်ဆရာတော်ဘုရားကြီး
ပုံတော်

ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရှင်

ဘဒ္ဒန္တဝိမလ

ရွှေတောင်ကျောင်းတိုက်၊ မော်လမြိုင်မြို့။ ☎ ဝတ္ထု ၂၄၀၀၅၊ ဖုန်း ၀၉၈ ၇၀၀ ၂၂၇

ရွှေတောင်ကျောင်းတိုက် ကျောင်းဟောင်း



ရွှေတောင်ကျောင်းတိုက်ကျောင်းသစ်

ကြွင်းကျန်ရစ်သေးသော ဘုရားရှေးဟောင်းများထဲမှ တစ်ဆူ

ဘုရားဒါယိကာ ကျောင်းဒါယိကာမကြီး

ဒေါ်ရွှေပွင့်

ရွှေတောင်ကျောင်းတိုက်သမိုင်း

အံ့ကျော်

ပုံနှိပ်ခြင်း

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစာနည်ဝင်း

(မှတ်ပုံတင်အမှတ်-၀၃၈၄၃၃/၀၂၄၀၅)က ထုတ်ဝေ၍

သာသနာရေးဦးစီးဌာနအတွက်

ပထမအကြိမ် အုပ်ရေ (၁၀၀၀)ကို

ဒေါ်ချိုချိုအေး (ဂူဝံပုံနှိပ်တိုက်)

အမှတ်-၃၃၊ ၅၄-လမ်း၊ ရန်ကုန်မြို့က

ပုံနှိပ်သည်။

မြတ်ဗုဒ္ဓသည် လူသားတို့၏ဘဝတိုးတက်ရေး၊ လောကုတ်၊ လောကီ အရပ်ရပ်သော ကိစ္စအဝဝကို အောင်မြင်နိုင်ရေးအတွက် အဓိပတိ(၄)ပါးကိုဟောတော်မူခဲ့၏။

ယင်း(၄)ပါးမှာ -

- ဆန္ဒာဓိပတိ
- ဝီရိယာဓိပတိ
- စိတ္တာဓိပတိ
- ဝီမံသာဓိပတိတို့ဖြစ်ကြသည်။

ထိုအဓိပတိ(၄)ပါးတွင်

ဆန္ဒာဓိပတိဟူသည် မိမိပြုလုပ်လိုသောကိစ္စအပေါ် ဖြစ်လိုသောဆန္ဒ (အာသာ)ကို ခေါ်ဆို၏။

ဝီရိယာဓိပတိဟူသည် မိမိပြုလုပ်လိုသောကိစ္စအပေါ် မဖြစ်မနေ ခွဲ၊ လုံ့လထားရှိ၍ပြုလုပ်မှုကိုခေါ်၏။

စိတ္တာဓိပတိဟူသည် မိမိပြုလုပ်လိုသော ကိစ္စအပေါ် စိတ်ဝင်စားစွာပြုလုပ်မှုကို ခေါ်၏။

ဝီမံသာဓိပတိဟူသည် မိမိပြုလုပ်လိုသောကိစ္စအပေါ် နှိုင်းနှိုင်းချိန်ချိန်နှင့် ဆင်ခြင်တိုင်းတာပြုလုပ်မှုကိုခေါ်၏။

အကြင်ပုဂ္ဂိုလ်သည် မိမိပြုလုပ်သည့်ကိစ္စ၌ အဓိပတိတရား(၄)ပါး နည်းနည်းထားရှိမူ နည်းနည်းသာအကျိုးရှိ၏။ နည်းနည်းသာအောင်မြင်မှုရရှိ၏။ အဓိပတိတရား(၄)ပါး အလယ်အလတ်ထားရှိမူ အလယ်အလတ်သာအကျိုးပေး၏။ အလယ်အလတ်လောက်သာ အောင်မြင်မှုရရှိ၏။ အဓိပတိတရား(၄)ပါး များများထားမူ များများအကျိုးပေးမည်။ များများအောင်မြင်မည်ဖြစ်ပေသည်။

ယနေ့မျက်မှောက်ခေတ် လောကုတ္တရာမှာဘဲဖြစ်စေ လောကီအရာမှာဘဲဖြစ်စေ အထွတ်အထိပ်သို့ရောက်ရှိနေကြသည့် ပုဂ္ဂိုလ်များသည် ယင်းအဓိပတိတရား(၄)ပါးကို လက်ကိုင်ထားဆောင်ရွက်နေကြသူများသာ ဖြစ်ကြကြောင်းတွေ့ရှိရမည်ဖြစ်ပေသည်။ အမှန်မူကား အလုပ်ကိစ္စကြီးသည်၊ ငယ်သည်မဟုတ်။ ထိုအလုပ်ကိစ္စအပေါ် အဓိပတိတပ်ဖိုရန်သာအရေးကြီးပေသည်။

မြတ်ဗုဒ္ဓသည် "ဆန္ဒဝတော ကိန်္နာမ ကမ္မံ နု သိဂ္ဂါတိ" ဟု ဟောတော်မူ၏။ မိမိပြုလုပ်မည့်ကိစ္စသည် ကြီးငယ်မဟူ ဆန္ဒ(အာသာ)ရှိလျှင် မဖြစ်တာမရှိ၊ ကောန်မုခ္ဂ ဖြစ်မည်သာဖြစ်မည်ဟု ဟောတော်မူလိုရင်းဖြစ်ပေ၏။

မိမိကိစ္စအပေါ်ဖြစ်လိုမှု ဆန္ဒတော့ရှိပါ၏။ သို့သော်လည်း အပျင်းကြီးစွာ အိပ်နေသော ခြင်္သေ့မင်း၏ပါးစပ်ထဲသို့ သားကောင်များအလိုလိုမရောက်ဆိုသကဲ့သို့ ဝီရိယမရှိလျှင် (ဝီရိယာဓိပတိ)မတပ်လျှင်မူကား မိမိပြုလုပ်မည့်ကိစ္စသည် အောင်မြင်မှုရမည် မဟုတ်ပေ။ ဆန္ဒာဓိပတိလည်းရှိ၊ ဝီရိယာဓိပတိလည်းရှိပါသော်လည်း အလုပ်ကိစ္စအပေါ်၌ စိတ်ဝင်စားမှုမရှိ၊ စိတ်ကခုတစ်မျိုး တော်ကြာတစ်မျိုး အမျိုးမျိုးပြောင်းလွဲနေပြန်လျှင်လည်း သဲထဲရေသွန်သကဲ့သို့အရာမထင် အချည်းနီးသာဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အလုပ်ကိစ္စအောင်မြင်လိုမှု စိတ္တာဓိပတိလည်းအရေးကြီးလှပေသည်။ ရှေ့ဆိုခဲ့ပြီးသော အဓိပတိတရား(၃)ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အောင်မြင်မှုများ ရပြီဟူ၍ကား ရာနှုန်းပြည့်ပြောဆိုလို့မရသေးပေ။ အကြောင်းသော်ကား အဓိပတိခေါင်ချွတ် ဝီမံသာဓိပတိ(ခေါ်) ပညာရှိမှုအရေးပါသောကြောင့်ဖြစ်ပေသည်။ ဤနေရာတွင် ဝီမံသာဓိပတိအကြောင်း အနည်းငယ်ရေးသားပါမည်။ ဝီမံသာဓိပတိသည် ပညာကဏ္ဍနှင့်ဆက်စပ်နေသဖြင့် အလွန်ကျယ်ဝန်းလှပေသည်။ အလုပ်ကိစ္စ အောင်မြင်ရန်အတွက် မိမိကိုယ်တိုင်လည်း စူးစမ်းမှုပညာ၊ တွေးခေါ်မှုပညာရှိရမည် (သို့မဟုတ်) တွေးခေါ်မြော်မြင်တတ်သည့် ဆရာသမားကောင်းလည်းရှိပါမှ မိမိကိစ္စအောင်မြင်မည်ဖြစ်ပါသည်။ ယင်းသို့မဟုတ်ပါက မိမိ၏ကိစ္စသည် တစ်လွဲတစ်ချော်ဖြစ်ကာ အချည်းနီးဖြစ်သွားနိုင်ပေသည်။ ထို့ကြောင့် လောကီကိစ္စဖြစ်စေ၊ လောကုတ္တရာကိစ္စဖြစ်စေ၊ အဓိပတိခေါင်ချွတ် ဝီမံသာဓိပတိရှိရမည်ဖြစ်ပေသည်။

မိမိသည်သာသနာ့တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်ပေါင်း (၃၅)နှစ်ရှိပါပြီ။ သာသနာ့ဝန်ထမ်းဖြစ်၍ သာသနာတော်ကိုတည်ထောင်တော်မူခဲ့သော မြတ်ဗုဒ္ဓ၏ အကြောင်းနှင့် သာသနာ့သမိုင်းကြောင်းကိုလည်းသိသည်။ သိအောင်လည်း အားထုတ်ခဲ့သည်။ သိလည်းသိသည်။ မြတ်ဗုဒ္ဓအကြောင်းနှင့် သာသနာ့သမိုင်းကြောင်း သိပါမှ မြတ်ဗုဒ္ဓ၏သားတော်စိသမည်ဖြစ်ပေသည်။ ထို့နည်းတူ မိမိသီတင်းသုံးနေထိုင်ရာ ရွှေတောင်ကျောင်းတိုက်သမိုင်းနှင့် ရွှေတောင်ကျောင်းတိုက်တည်ရာ မော်လမြိုင်မြို့သမိုင်းကြောင်းကိုလည်း သိသင့်လှပေသည်ဟု မိမိခံယူခဲ့ပေသည်။ ရွှေတောင်

ကျောင်းတိုက်ဆရာတော်၊ မော်လမြိုင်မြို့ဆရာတော်ဟု ဝိသမည်ဖြစ်ပေသည်။ ဗိဓိသည် ရွှေတောင်ကျောင်းတိုက်သမိုင်း နှင့် မော်လမြိုင်မြို့သမိုင်းကြောင်းကို ဗိဓိသိရှိသကဲ့သို့ အများသူငါတို့အားသိစေလိုသော ဆန္ဒမွန်ဖြစ်ပေါ်နေသည်မှာ ကာလကြာမြင့်ကတည်းကဖြစ်၏။ ထိုသမိုင်းကြောင်းများကိုဖော်ထုတ်၍ စာအုပ်အဖြစ်ရောက်ရေးမှာလည်း ဗိဓိ၏သမိုင်းပေးတာဝန်ဖြစ်သည်ဟု ခံယူထားခဲ့၏။

ထိုခံယူချက်အတိုင်း ကျောင်းတိုက်သမိုင်း၊ မြို့သမိုင်းစာအုပ်ကို မဖြစ်မနေထုတ်မည်ဟူသော ဆန္ဒခိုင်မာတိတပ်လာ၏။ ထိုဆန္ဒခိုင်မာတိအတိုင်း စာအုပ်ထုတ်ဝေနိုင်ရေးအတွက် အမြဲတစေကြိုးစားအားထုတ်နေတော့၏။ ဤသည်မှာ ဝိရိယာဓိပတိဖြစ်၏။ ထိုစာအုပ်ကိုမည်သို့မည်ပုံ အားထုတ်ရလျှင်ကောင်းမည်နည်းဟု သွားလည်းစာအုပ်စိတ်၊ အိပ်လည်းစာအုပ်စိတ်ဟု စိတ်ကိုစာအုပ်ပေါ်မှာပင် တစ်စိုက်မတ်မတ်ထားသဖြင့် စိတ္တာဓိပတိဖြစ်နေတော့၏။ ဗိဓိသည် ဘုရားသားတော်ဝိဝိ သာသနာရေးရာကိစ္စရပ်များ၊ ဟောရေးပြောရေးဆိုင်ရာကိစ္စရပ်များကိုသာ အချိန်ရှိသရွေ့အားထုတ်နေရသဖြင့် သမိုင်းကြောင်းဆိုင်ရာကိစ္စရပ်များ အားနည်းခဲ့၏။ သို့သော်လည်း ဝီမံသာဓိပတိကား တပ်နေမိ၏။

တစ်နေ့သောအခါ ဗိဓိသည် ဗိဓိနှင့်အရပ်ဒေသလည်းတူ သမိုင်းကြောင်းဆိုင်ရာကိစ္စများအပေါ်၌ ယုံကြည်အားကိုးထိုက်သောသူလည်းဖြစ်သော ဒကာကြီးဦးအုံကျော်နှင့် တွေ့ဆုံမိလေ၏။ ဗိဓိသည် ဗုဒ္ဓစာပေဘက်၌အားသန်သော်လည်း သမိုင်းဆိုင်ရာ၌အားနည်းကြောင်း ဖွင့်ဟပြောဆိုခဲ့၏။ ဗိဓိအနေဖြင့် ရွှေတောင်ကျောင်းတိုက်သမိုင်းစာအုပ်ကို အလှူဒါယကာလည်းရှိသဖြင့် ထုတ်ဝေလိုကြောင်း ဗိဓိ၏လုပ်ငန်းအပေါ်၌ပါရမီဖြည့်သည်ဟု သဘောထားပြီး စာအုပ်ထုတ်ဝေရေးမှာ ကူညီစေလိုကြောင်းပြောပြသောအခါ ဒါယကာကြီးဦးအုံကျော်ကလည်း ဤရွှေတောင်ကျောင်းတိုက်သမိုင်းသည် စာအုပ်ဖြစ်လာမည်ဆိုလျှင် အလွန်တန်ဖိုးရှိပါကြောင်း၊ ဇနတ္ထပကာသနီကျမ်းပြု၊ မြန်မာစကားပြေရေးသားရာ၌ ကျမ်းကျင်နိုင်နင်းတော်မူသော ကိုးသဲလေးထပ်ဆရာတော်ကြီး သီတင်းသုံးနေထိုင်သွားသော ကျောင်းတိုက်ဖြစ်သဖြင့် တပည့်တော်သည် ရွှေတောင်ကျောင်းတိုက်သမိုင်းနှင့်တကွ မော်လမြိုင်မြို့သမိုင်းပါ ထည့်သွင်းရေးသားလျှင် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ဖြစ်သဖြင့် စာအုပ်ထုတ်ဝေနိုင်ရေးတွင် တပည့်တော် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ရေးသားကူညီမည့်အကြောင်း ဗိဓိအား

ကတိပေးလျှောက်ကြားလေ၏။ ထိုအခါမိမိ၏ စိတ်သဏ္ဌာန်ဝယ် ဖော်ပြ၍မရနိုင်လောက်အောင် ဝမ်းမြောက်ဝီတိဖြစ်ကာ သာဓုအကြိမ်ကြိမ်ခေါ်မိပါတော့သည်။

နိဂုံးချုပ်အနေဖြင့် မိမိသည်ရွှေတောင်ကျောင်းတိုက်သမိုင်းကို စာအုပ်အဖြစ် ရောက်ရှိနိုင်ရေးအတွက် စာပေရေးရာ၊ သမိုင်းရေးရာအချက်အလက်စုံလင်စွာဖြင့် ရေးသားကူညီပေးသော ဒါယကာကြီးဦးအုံကျော်ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိသည်မြတ်ဗုဒ္ဓ၏ ဟောကြားတော်မူအပ်သော အဓိပတိလေးပါးကို ဦးထိပ်ပန်လျက် ပညာဝေသီ၊ ဗဟုသုတ ဂဝေသီပုဂ္ဂိုလ်များအတွက် ဤရွှေတောင်ကျောင်းတိုက်သမိုင်း စာအုပ်ကို ထုတ်ဝေရခြင်း ဖြစ်ပါကြောင်းဖြင့် ဥယျောဇဉ်စကားကို နိဂုံးချုပ်အပ်ပါသည်။

ဘဒ္ဒန္တဝိမလ
ဓမ္မကထိကဒဟုဇနဟိတဓရ
ရွှေတောင်ကျောင်းတိုက်
မော်လမြိုင်မြို့.

ကောဇာ၊ ၁၃၇၀-ပြည့်နှစ်၊ နယုန်လဆုတ်(၁၂)ရက်၊ နံနက်စောစောတွင် ရွှေတောင်ဆရာတော်သည် စာရေးသူ၏နေအိမ်သို့ ကြွရောက်လာပါသည်။ ခရီးရောက်မဆိုက်မှာပင် ဆရာတော်က ၁။ ရွှေတောင်ကျောင်းတိုက်သမိုင်းကို နှစ်လအတွင်း အပြီးရေးသားပေးရန် ၂။ ရေးသားရာတွင် ထေရဝါဒဘုဉ်သာသနာတော် တည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားယဉ်ကျေးမှုဝေလေထုံးတမ်းများ ထိန်းသိမ်းရေးတို့ကို ပစာနထား၍ ရေးသားရန်နှင့် ၃။ မော်လမြိုင်နောက်ခံသမိုင်းအကျဉ်းကိုပါ ထည့်သွင်းရေးသားရန် မေတ္တာရပ်ခံပါသည်။

ဆရာတော်သည် စာရေးသူကြည်ညိုလေးစား၍ တစ်နယ်သားချင်း ဖြစ်ရုံသာမက ဘာသာရေးကိစ္စလည်းဖြစ်နေသဖြင့် မေတ္တာရပ်ခံချက်ကို မငြင်းဆန်သာခဲ့ချေ။

ဤသို့ဖြင့် ရွှေတောင်ကျောင်းတိုက်သမိုင်းကိုရေးသားရန် (၃)ရက်တိုင်တိုင် အထောက်အထားများ စုစည်းစီစဉ်ခြင်းနှင့် ပုံကြမ်းလောင်းခြင်းတို့ကိုပြုလုပ်၍ ဝါဆိုလဆန်း(၁)ရက်နေ့တွင် စတင်ရေးသားပါသည်။ ရေးသားနေစဉ် မသေချာ မရေရာသော အချက်အလက်များတွေ့ရှိပါက ရေးသားခြင်းကိုခေတ္တရပ်နား၍ နေပူမရှောင်၊ မိုးရွာမရှောင် ကွင်းဆင်းလေ့လာပါသည်။

ရွှေတောင်ကျောင်းတိုက်၏သမိုင်းကို လွန်ခဲ့သောနှစ်(၁၀၀)ကျော်က မော်လမြိုင်မြို့၏ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် သာသနာရေးဟူ၍ အဝိုင်းများခွဲကာ ရေးသားခဲ့ပါသည်။

ရဟန်းပုဂ္ဂိုလ်များ၏ ထေရပွတို့ကိုရေးသားရာတွင် ဖွားမြင်တော်မူသည်မှ ပျံလွန်တော်မူသည်အထိသာမက မည်သို့မည်ပုံပျံလွန်တော်မူသည်ကိုပါ ထည့်သွင်းရေးသားပါသည်။

လူပုဂ္ဂိုလ်တို့၏ ဘဝဖြစ်စဉ်ကိုရေးသားရာတွင်လည်း မွေးရာပုခက်မှ သေရာခေါင်းအထိသာမက ထိုထက်လွန်၍ရေးသားပါသည်။

ဤသို့ရေးသားလာရာ သတ်မှတ်ထားသည့် ဝါခေါင်လကွယ်နေ့တွင် မပြီးစီးဘဲ (၁၄)ရက်နောက်ကျပြီး တော်သလင်းလပြည့်နေ့တွင်မှ အလုံးစုံရေးသားပြီးစီးပါတော့သည်။

ဤစာအုပ်သည် နောင်အနာဝတ်ကာလတွင် **မော်လမြိုင်ဆာသနာဝင်**

ပြုစုကြသောအခါတွင်ဖြစ်စေ၊ **မော်လမြိုင်ဆရာဦး** ပြုစုကြသောအခါတွင်ဖြစ်စေ၊ တစ်စုံတစ်ခုသောအတိုင်းအတာအထိ အထောက်အကူပြုနိုင်ပါလျှင် ရေးသားရကျိုး နပ်ပြီဟူ၍သာ -

အုံကျော်

မာတိကာ

ရွှေတောင်ကျောင်းတိုက်ဆရာတော်၏ ဥယျောဇဉ်

စာရေးသူ၏အမှာစာ

အခန်း (၁) ကုန်းဘောင်ခေတ်မြန်မာနိုင်ငံတော်

(က) ကုန်းဘောင်ဆက်မင်းများ ---------- ၁

(ခ) ပထမ အင်္ဂလိပ်-မြန်မာစစ် ---------- ၆

အခန်း (၂) တနင်္သာရီတိုင်း၏ မြို့တော်ဖြစ်လာသော မော်လမြိုင် ----- ၁၉

အခန်း (၃) အုပ်ချုပ်ရေး

(က) ဗျူရိုကရေစီအုပ်ချုပ်ရေး ---------- ၂၄

(ခ) တရားစီရင်ရေး ---------- ၂၇

(ဂ) အကျဉ်းထောင် ---------- ၃၁

(ဃ) ရဲတပ်ဖွဲ့ ---------- ၃၄

(င) အခွန်ကောက်ခံရေး ---------- ၃၆

(စ) စာတိုက်၊ ရေဝန်ရုံး၊ အကောက်ခွန်ရုံးနှင့် သစ်တောရုံး ၄၀

အခန်း (၄) ကျန်းမာရေး ---------- ၄၁

အခန်း (၅) မော်လမြိုင်၊ မြို့နီစပါယ်အဖွဲ့ (စည်ပင်သာယာရေးအဖွဲ့) -- ၄၆

အခန်း (၆) မော်လမြိုင်မြို့ အနေအထား

(က) စျေးများ ---------- ၆၂

(ခ) ရပ်ကွက်များ ---------- ၆၄

(ဂ) မြို့တွင်းလမ်းများ ---------- ၆၉

(ဃ) မြို့တွင်းသွားယာဉ်များ ---------- ၇၈

အခန်း (၇) ပညာရေး ---------- ၈၂

အခန်း (၈) စီးပွားရေး

(က) ဆန်စပါးနှင့် ကျွန်းသစ်လုပ်ငန်း ---------- ၁၂၁

(ခ) ပါကဋ္ဌအမျိုးသမီးကြီးတစ်ဦး ---------- ၁၂၈

(ဂ) ပုံနှိပ်တိုက်နှင့် သတင်းစာများ ---------- ၁၃၆

အခန်း (၉) လူမှုရေး ---------- ၁၄၀
အခန်း (၁၀) ဘာသာရေး
(က) ခရစ်ယာန်ဘုရားကျောင်းများ ---------- ၁၄၆
(ခ) ဗလီများ ---------- ၁၄၉
(ဂ) ဟိန္ဒူဘုရားကျောင်း(Temple)များ ---------- ၁၅၁
(ဃ) ဘုံကျောင်းများ ---------- ၁၅၃
အခန်း (၁၁) ရွှေတောင်ကျောင်းတိုက်သမိုင်း (ပထမပိုင်း) ---------- ၁၅၄
အခန်း (၁၂) ရာဇဂုရုဆရာတော်ကြီးများနှင့် မော်လမြိုင်သာသနာရေး ---------- ၁၈၃
အခန်း (၁၃) ရွှေတောင်ကျောင်းတိုက်သမိုင်း (ဒုတိယပိုင်း) ---------- ၂၁၈
ဆုတောင်း ---------- ၂၃၄
မေတ္တာပို့ ---------- ၂၃၅
အကိုးအကားများ ---------- ၂၃၆

အခန်း (၁)

ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတော်

(က) ကုန်းဘောင်ဆက်မင်းများ

၁၉-ရာစုအစပိုင်းသည် ထေရဝါဒဗုဒ္ဓဘာသာယဉ်ကျေးမှုနိုင်ငံများ ကံဆိုးမိုးမှောင်ကျသောကာလဟု ဆိုရပါမည်။ ကောဇာ၊ ၁၁၇၇-ခုနှစ်(ခရစ်-၁၈၁၅)တွင် သီဟိုဠ်နိုင်ငံ(သီရီလင်္ကာ)သည် နယ်ချဲ့အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ရသည်။ သူ့ယဉ်ကျေးမှု လွှမ်းမိုးမည့်ဘေးနှင့် ရင်ဆိုင်ခဲ့ရသည်။ သီရိလင်္ကာ တလေးငယ်တို့၏ ပညာရေးကို တိုင်းတစ်ပါးသားသနာပြုအဖွဲ့တို့၏လက်တွင် ဝတ္တကအပ်ထားခြင်းခံရသဖြင့် "အရှင်ပီယရတနာတိဿ"ဦးဆောင်လျက် ခက်ခက်ခဲခဲတွန်းလှန်ခဲ့ရသည်။

မြန်မာနိုင်ငံသည်လည်း ကုန်းဘောင်ခေတ်နောက်ပိုင်း စစ်ကိုင်းမင်းလက်ထက် ၁၁၈၅-ခုနှစ်၊ တပေါင်းလဆန်း(၆)ရက် (၅ မတ် ၁၈၂၄)တွင် နယ်ချဲ့အင်္ဂလိပ်တို့က ကျူးကျော်တိုက်ခိုက်ရာမှ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ရသည်။ ရခိုင်နှင့် တနင်္သာရီဒေသကို လက်လွတ်ဆုံးပါးခဲ့ရသည်။

ဤနေရာတွင် ကုန်းဘောင်ဆက်မင်းများ၏ အရည်အသွေးနှင့် နန်းစံသက်နှစ်၊ လ၊ ရက် အတိအကျကို သမိုင်းကွင်းဆက်မပြတ်စေရန် ကြားညှပ်တင်ပြလိုပေသည်။

တတိယမြန်မာနိုင်ငံ ကုန်းဘောင်ဆက်ကို အလောင်းမင်းတရားကြီးဦးအောင်ဇေယျကတည်ထောင်သည်။ ကုန်းဘောင်ဆက်သည် အလောင်းမင်းတရားကြီး နန်းတက်သည့် ၁၁၁၆-ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက် (၂၉ နိုဝင်ဘာ ၁၇၅၄)မှ သီပေါမင်းပါတော်မူသည့် ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၈)ရက် (၂၉ နိုဝင်ဘာ ၁၈၈၅)အထိ (၁၃၁)နှစ်တိတိ သက်တန်းရှည်သည်။ ကုန်းဘောင်ဆက်တွင် မင်း(၁၁)ပါးရှိသည်။

ကုန်းဘောင်ဆက်မင်း (၁၁)ပါးတို့မှာ -

၁။ အလောင်းမင်းတရား
၁၁၁၆-ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက် နန်းတက်
(၂၉ နိုဝင်ဘာ ၁၇၅၄)
၁၁၂၂-ခုနှစ်၊ ကဆုန်လဆုတ်(၁၄)ရက် နတ်ရွာစံ
(၁၁ မေ ၁၇၆၀)

၂။ တပယင်းမင်း (နောင်တော်ကြီး)
၁၁၂၂-ခုနှစ်၊ နယုန်လဆုတ်(၈)ရက် နန်းတက်
(၇ ဇွန် ၁၇၆၀)
၁၁၂၅-ခုနှစ်၊ နတ်တော်လဆုတ်(၈)ရက် နတ်ရွာစံ
(၂၈ နိုဝင်ဘာ ၁၇၆၃)
၃။ မြေဒူးမင်း (ဆင်ဖြူရှင်)
၁၁၂၅-ခုနှစ်၊ နတ်တော်လဆုတ်(၉)ရက် နန်းတက်
(၂၉ နိုဝင်ဘာ ၁၇၆၃)
၁၁၃၈-ခုနှစ်၊ နယုန်လဆုတ်(၉)ရက် နတ်ရွာစံ
(၁၀ ဇွန် ၁၇၇၆)
၄။ စဉ့်ကူးမင်း
၁၁၃၈-ခုနှစ်၊ နယုန်လဆုတ်(၉)ရက် နန်းတက်
(၁၀ ဇွန် ၁၇၇၆)
၁၁၄၃-ခုနှစ်၊ တပို့တွဲလဆုတ်(၇)ရက် ထီးနန်းလက်လွတ်
(၅ ဖေဖော်ဝါရီ ၁၇၈၂)
၁၁၄၃-ခုနှစ်၊ တပေါင်းလဆန်း(၂)ရက် ကွပ်မျက်ခံရ
(၁၄ ဖေဖော်ဝါရီ ၁၇၈၂)
၅။ မောင်မောင် (ဖောင်းကားစား)
၁၁၄၃-ခုနှစ်၊ တပို့တွဲလဆုတ်(၇)ရက် နန်းတက်
(၅ ဖေဖော်ဝါရီ ၁၇၈၂)
၁၁၄၃-ခုနှစ်၊ တပို့တွဲလဆုတ်(၁၃)ရက် ကွပ်မျက်ခံရ
(၁၁ ဖေဖော်ဝါရီ ၁၇၈၂)
၆။ ဗဒုံမင်း (ဘိုးတော်ဘုရား) နန်းတက်
၁၁၄၃-ခုနှစ်၊ တပို့တွဲလဆုတ်(၁၃)ရက်
(၁၁ ဖေဖော်ဝါရီ ၁၇၈၂)
၁၁၈၁-ခုနှစ်၊ နယုန်လဆန်း(၁၃)ရက် နတ်ရွာစံ
(၅ ဇွန် ၁၈၁၉)

၇။ စစ်ကိုင်းမင်း (ဘကြီးတော်)

၁၁၈၁-ခုနှစ်၊ နယုန်လပြည့်. နန်းတက်

(၇ ရွှန် ၁၈၁၉)

၁၁၉၉-ခုနှစ်၊ ကဆုန်လဆုတ်(၁၂)ရက် ထီးနန်းလက်လွတ်

(၃၀ ဧပြီ ၁၈၃၇)

၁၂၀၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၁၀)ရက် အနိစ္စရောက်

(၁၅ အောက်တိုဘာ ၁၈၄၆)

၈။ သာယာဝတီမင်း (ရွှေဘိုမင်း)

၁၁၉၉-ခုနှစ်၊ ကဆုန်လဆုတ်(၁၂)ရက် နန်းတက်

(၃၀ ဧပြီ ၁၈၃၇)

၁၂၀၈-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၁၄)ရက် နတ်ရွာစံ

(၁၇ နိုဝင်ဘာ ၁၈၄၆)

၉။ ပုဂံမင်း

၁၂၀၈-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၁၄)ရက် နန်းတက်

(၁၇ နိုဝင်ဘာ ၁၈၄၆)

၁၂၁၄-ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက် ထီးနန်းလက်လွတ်

(၁၇ ဖေဖော်ဝါရီ ၁၈၅၃)

၁၂၄၁-ခုနှစ်၊ တန်ခူးလဆန်း(၅)ရက် အနိစ္စရောက်

(၁၄ မတ် ၁၈၈၀)

၁၀။ မင်းတုန်းမင်း

၁၂၁၄-ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက် နန်းတက်

(၁၇ ဖေဖော်ဝါရီ ၁၈၅၃)

၁၂၄၀-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၆)ရက် နတ်ရွာစံ

(၁ အောက်တိုဘာ ၁၈၇၈)

၁၁။ သီပေါမင်း

၁၂၄၀-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၆)ရက် နန်းတက်

(၁ အောက်တိုဘာ ၁၈၇၈)

၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၈)ရက် ထီးနန်းလက်လွတ်
(၂၉ နိုဝင်ဘာ ၁၈၈၅)
၁၂၇၈-ခုနှစ်၊ နတ်တော်လဆုတ်(၇)ရက် အနိစ္စရောက်
(၁၆ ဒီဇင်ဘာ ၁၉၁၆)

ကုန်းဘောင်မင်းဆက်တွင် နန်းသက်အရှည်ဆုံးမင်းမှာ ၃၇-နှစ်၊ ၄-လ၊ ၆-ရက်လျှော့နိုးစံသွားသည့် ဗဒုံမင်း(ဘိုးတော်ဘုရား)ဖြစ်၍ (၇)ရက်သာဘုရင်ဖြစ်ရသည့် ဖောင်းကားစားမောင်မောင်မှာ နန်းသက်အတိုဆုံးဖြစ်သည်။ ကုန်းဘောင်ဆက်တွင် စွမ်းရည်ထက်မြက်သော မင်းကောင်းမင်းမြတ်များရှိသကဲ့သို့ ထီးနန်းနှင့် မထိုက်တန်သော မင်းသုံးပါးလည်းရှိသည်။ စစ်ကိုင်းမင်း၊ ပုဂံမင်းနှင့် သီပေါမင်းတို့ ဖြစ်ကြသည်။

ထိုမင်းသုံးပါးတို့သည် ကွယ်လွန်သည်အထိ ထီးနန်းစည်းစိမ်ကို ခံစားမသွားကြရချေ။ စစ်ကိုင်းမင်းသည် ကောဇာ၊ ၁၁၉၈-ခုနှစ် (ခရစ်-၁၈၃၇)တွင် ထီးနန်းလက်လွတ်ပြီး နန်းကျဘုရင်ဘဝဖြင့် ၉-နှစ်ကျော်ကြာဆင်းဆင်းရဲရဲနေရပြီး ကောဇာ၊ ၁၂၀၈-ခုနှစ် (ခရစ်-၁၈၄၆)တွင် အနိစ္စရောက်သည်။ ပုဂံမင်းသည် ကောဇာ၊ ၁၂၁၄-ခုနှစ် (ခရစ်-၁၈၅၃)တွင် ထီးနန်းလက်လွတ်ပြီး ၁၇-နှစ်ကြာ ထားရာနေကျွေးရာစားဘဝတွင်နေရပြီး ကောဇာ၊ ၁၂၄၁-ခုနှစ် (ခရစ်-၁၈၈၀)တွင် အနိစ္စရောက်သည်။ သီပေါမင်းသည် ကောဇာ၊ ၁၂၄၇-ခုနှစ် (ခရစ်-၁၈၈၅)တွင် ထီးနန်းလက်လွတ်ပြီး ဘာသာခြား၊ လူမျိုးခြားတို့၏ တိုင်းတပါးသို့နယ်နှင်ခံရ၍ ၁၇-နှစ်ကြာ ဒုက္ခမျိုးစုံခံစားရကာ ကောဇာ၊ ၁၂၇၈-ခုနှစ် (ခရစ်-၁၉၁၆)တွင် အနိစ္စရောက်သည်။ ထိုမင်းသုံးပါးတို့ နန်းကျဘုရင်ဘဝဖြင့် အနိစ္စရောက်ကြခြင်းမှာ စစ်ရှုံးသောဘုရင်များ ဖြစ်သောကြောင့်တည်း။

ကုန်းဘောင်ခေတ်နှောင်း စစ်ကိုင်းမင်းလက်ထက်တွင် ပထမအင်္ဂလိပ်-မြန်မာစစ်ဖြစ်သည်။ မြန်မာတို့စစ်ရှုံးသဖြင့် ရခိုင်နှင့် တနင်္သာရီနယ်များ အင်္ဂလိပ်လက်ပါသွားသည်။

ပုဂံမင်းလက်ထက် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ဖြစ်သည်။ မြန်မာတို့ရှုံးပြန်သဖြင့် အောက်မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်ကျရောက်သွားသည်။

သီပေါမင်းလက်ထက်တွင် တတိယအင်္ဂလိပ်-မြန်မာစစ်ဖြစ်ပြန်ရာ

မြန်မာတို့စစ်ခွဲသဖြင့် နောက်ဆုံးလက်ကျန် အထက်မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်ကျရောက်သွားသည်။ ဤသို့ဖြင့် မြန်မာတစ်နိုင်ငံလုံးသည် သူ့ကျွန်ဘဝကျရောက်သွားသည်။ သူ့ယဉ်ကျေးမှုလွှမ်းမိုးခံရမည်ဘေးနှင့် ရင်ဆိုင်ခဲ့ရသည်။

သူ့ကျွန်ဘဝ၌မြို့ဖြစ်လာခဲ့ရသော မော်လမြိုင်မြို့ရှိ တိုင်းရင်းသားမြို့ဝိ၊ မြို့ဖများနှင့် ဗုဒ္ဓဘာသာဝင်များသည် ယဉ်ကျေးမှုဝါးမျိုခံရမည့်ဘေးကို မြင်ခဲ့ကြဟန်တူပေသည်။ နိုင်ငံရေးအရကျွန်ဖြစ်ခဲ့ရသော်လည်း ယဉ်ကျေးမှု၌ အလွှမ်းမိုးမခံရေး၊ တိုင်းရင်းသားတို့၏အစဉ်အလာများ မပျောက်ကွယ်ရေး၊ ဇာတိမာန်ရသောက်မြစ်ဖြစ်သော ဘိုးဘွားအမွေအနှစ်များ မပျက်သုဉ်းရေးတို့ကို တတ်စွမ်းသမျှ ကြိုးစားခဲ့ကြကြောင်း သမိုင်း၌တွေ့ရသည်။

(ခ) ပထမအင်္ဂလိပ်-မြန်မာစစ်

၁၁၈၃-ခုနှစ်၊ ဗြာသို-တပို့တွဲ (ဇန်နဝါရီ၊ ဖေဖော်ဝါရီ-၁၈၂၄)ခန့်တွင် အင်းဝဘုရင်(စစ်ကိုင်းမင်း)သည် အင်္ဂလိပ်တို့နှင့် စစ်ဖြစ်တော့မည့်အချိန် နီးကပ်လာပြီဖြစ်ကြောင်း ရိပ်စားမိသည်။ ထိုအချိန်တွင် မြန်မာဘုရင်သည် ထားဝယ်မြို့ဝန် ဦးရွှေတုပ်ကို မြန်မာနှင့် ပသျှူကျွန်းဆွယ်(မလေးကျွန်းဆွယ်)ပူးပေါင်း၍ ယိုးဒယား(ထိုင်း)နိုင်ငံကို တိုက်ခိုက်ရေးအတွက် တိုးတိုးတိတ်တိတ် သွေးဆောင်ဆွေးနွေးရန် ပိန်သို့စေလွှတ်သည်။ မြန်မာ-မလေးပူးပေါင်း၍ ထိုင်းနိုင်ငံကိုတိုက်လျှင် ထိုင်းနိုင်ငံ၏စစ်အင်အားကို မလေးဘက်သို့သုံးစွဲရမည်ဖြစ်သဖြင့် ထိုင်းနှင့်အင်္ဂလိပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံကို တိုက်ခိုက်ခြင်းမှလွှတ်ကင်းမည်ဟူသော တွက်ကိန်းဖြင့် ထားဝယ်မြို့ဝန်ကို စေလွှတ်ခြင်းဖြစ်သည်။

မြန်မာဘုရင်သည်တစ်ဖက်မှ ထားဝယ်မြို့ဝန်ကို ပိန်သို့စေလွှတ်နေစဉ် အခြားတစ်ဖက်တွင် ထိုင်းနှင့် အင်္ဂလိပ်တို့မပူးပေါင်းမိစေရန်ကြိုးပမ်းသည်။ မြန်မာဘုရင်သည် ထိုင်းနှင့် အင်္ဂလိပ်ကိုခွဲထားရန်အကြံဖြင့် မိမိနှင့်ရန်ငြိုး၊ ရန်ညောင့်ရှိနေသော ထိုင်းဘုရင်ထံ သဝဏ်လွှာပို့သည်။ သဝဏ်လွှာတွင် မကြာမီဖြစ်ပွားတော့မည့်စစ်တွင် မြန်မာမင်းခွဲ၍ အင်္ဂလိပ်နိုင်လျှင် နောက်တစ်ဆင့်တွင် အင်္ဂလိပ်တို့သည် ထိုင်းနိုင်ငံကို မလွဲမသွေတိုက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူးကရှိခဲ့သည့်ရန်ကြွင်း၊ ရန်စများကို ဖျောက်ဖျက်၍ နှစ်ပြည်ထောင်ပူးပေါင်းပြီး အင်္ဂလိပ်ကိုတိုက်ကြမှ နယ်ချဲ့အန္တရာယ်ကို ကာတွယ်နိုင်မည်ဖြစ်ကြောင်းပါရှိသည်။

ထားဝယ်မြို့ဝန်မှာ အလာကောင်းသော်လည်း အခါနှောင်းသကဲ့သို့ ဖြစ်သွားသည်။ မြို့ဝန်ပိန်မှထွက်ခွာမသွားမီ အင်္ဂလိပ်ကမြန်မာကို စစ်ကြေညာကြောင်းသတင်းသည် ပိန်သို့ရောက်လာသည်။ ဤသို့ဖြင့် ထားဝယ်မြို့ဝန်သည် ထားဝယ်သို့ မပြန်လာရသည်။

ထိုခေတ်အုပ်ချုပ်ရေးပုံစံအရ မြို့ဝန်လက်အောက် ဒုတိယအရေးပါဆုံးမှာ ရေဝန်ဖြစ်သည်။ ရေဝန်သည် တရားရုံးတွင်လည်း ဒုတိယအကြီးအကဲဖြစ်သည်။ ထားဝယ်မြို့ဝန် မင်းကြီးမင်းကျော်စည်သူ ဦးရွှေတုပ်လက်ထက်တွင် ရေဝန်မှာ "မောင်ဓါ"ဖြစ်သည်။ မောင်ဓါသည် မြန်မာဘုရင်အားတော်လှန်သူ ယိုးဒယား(ထိုင်း)ခေါင်းဆောင် "မောင်မဲ"ကိုဖမ်းဆီးပေးသဖြင့် မြန်မာဘုရင်ကသဘောကျ၍

ထားဝယ်ရေဝန် ခန့်အပ်ခံရသူဖြစ်သည်။ မောင်ဓါသည်သတ္တိရှိ၍ စည်းရုံးရေးကောင်းသူ ဖြစ်သည်။ ဦးရွှေတုပ် ပီနံသို့သံတမန်အဖြစ်သွားနေခိုက် ထားဝယ်မြို့၏ အုပ်ချုပ်ရေး တာဝန်ကို မောင်ဓါအားခေတ္တလွှဲအပ်ခဲ့ရပေမည်။ ထိုကာလတွင် မောင်ဓါသည် မြို့ဝန်တစ်ဦး၏ အာဏာအရသာကို မြည်းစမ်းခွင့်ရခဲ့ပေမည်။

မြို့ဝန်ဦးရွှေတုပ်သည် ပီနံမှပြန်ရောက်လျှင်ရောက်ချင်း ထားဝယ်မြို့ ကာကွယ်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သည်။ ထိုအတောအတွင်း အင်းဝနေပြည်တော်မှ စစ်သည်(၃၀၀) စစ်ကူရောက်လာသည်။ မြို့ဝန်မှာ ရှမ်းသွေးပါသူ ဖြစ်၍ ရှမ်းအမျိုးသားများလည်း စစ်ကူရောက်လာသည်။ ဦးရွှေတုပ်သည် ခေါင်းတွင်ရှာနီပတ်၍ဝန်းနီပန်ကာ ပုဆိုးနီဝတ်လျက်ဓားထမ်းပြီး မြို့ရိုး(၀၊) တပ်ကုန်း မြင့်ပေါ်တွင် လူးလားတံ့ခေါက်စကြီလျှောက်တော်မူရင်း အမိန့်ပေးညွှန်ကြားသည်။

မရွေးမနှောင်းမှာပင် အင်္ဂလိပ်ဗိုလ်မှူးကြီး "မိုးလ်စ်"(Colonel Miles) ဦးဆောင်၍ ရေကြောင်းမှချီတက်လာသော မဒရပ်ခြေလျင်တပ်ရင်း(၇)နှင့် (၈၉)မှ တပ်သားများ ထားဝယ်မြို့အနီးသို့ချဉ်းကပ်လာသည်။ မကြာမီမှာပင် ရေဝန်မောင်ဓါ အကြီးအမှူးပြု၍ စစ်ကဲမောင်ရွှေရစ်၊ မောင်မဲတုံး၊ မောင်ကြောင်တို့ (၄)ဦးသည် ထားဝယ်မြစ်အတွင်းဆိုက်ကပ်ထားသောသင်္ဘောထက်တွင် ဗိုလ်မှူးကြီးနှင့် တိတ်တဆိတ် တွေ့ဆုံဆွေးနွေး၍ အပေးအယူလုပ်ရန်သဘောတူကြသည်။ ရေဝန်က ထားဝယ်မြို့ဝန်ကိုဖမ်းဆီး၍ ထားဝယ်မြို့နှင့်တကွ အင်္ဂလိပ်တို့ထံအပ်နှံရန်နှင့် အင်္ဂလိပ်တို့က ထားဝယ်ရေဝန်ကိုရာထူးတိုးမြှင့်၍ ထားဝယ်မြို့ဝန်အဖြစ်ခန့်ထားရန် ဖြစ်သည်။ မကြာမီမှာပင် မောင်ဓါနှင့်အပေါင်းအပါများသည် မြို့တွင်းပုန်ကန်မှုအသွင် ရုန်းရင်းဆန်ခတ်မှုတစ်ခုဖန်တီး၍ မြို့ဝန်ဦးရွှေတုပ်အား လက်ရဖမ်းဆီးသည်။ ဦးရွှေတုပ်အားထောင်တွင်းသွင်းခြေကျင်းခတ်ထားပြီးနောက် ဆိပ်ကမ်းရှိ အင်္ဂလိပ်တို့ထံ ထားဝယ်မြို့ကိုသိမ်းယူရန် ကိုယ်စားလှယ်လွှတ်ပြောဆိုသဖြင့် ၁၁၈၆-ခုနှစ်၊ တော်သလင်းလဆုတ်(၁)ရက် (၈ စက်တင်ဘာ ၁၈၂၄)တွင် အင်္ဂလိပ်တို့က ထားဝယ်မြို့ကို လွယ်လင့်တကူသိမ်းယူရရှိသည်။

ထားဝယ်မြို့ဝန်၊ မင်းကြီးမင်းကျော်စည်သူဦးရွှေတုပ်အား သင်္ဘောဖြင့် ကုလားပြည်(အိန္ဒိယ)သို့ပို့ဆောင်ရာ ခရီးလမ်းသင်္ဘောထက်တွင် အစားအသောက် ကောင်းများကိုကျွေးမွေးနေစဉ် အင်္ဂလိပ်သင်္ဘောကပ္ပတိန်က "တကယ်လို့ ခင်ဗျား

အင်္ဂလိပ်တွေကိုနိုင်ရင် ဘယ်လိုလုပ်မလဲ"ဟုမေးရာ ဦးရွှေတုပ်က စားပွဲ(တင်)၊ (အသား) လှီးဓားယပ်တစ်စင်းကိုယူပြီးသကာလ အမဲသား(၁)တစ်ကို ညက်ညက်ပါအောင်လှီးပြကာ "မင်းတို့အင်္ဂလိပ်တွေကိုနိုင်ရင် ဒီလိုလုပ်မယ်"ဟု ဒေါမာန်ပါပါ ပြောဆိုခဲ့လေသည်။

အမျိုးသားစာကြည့်တိုက်ရှိ ပုရပိုက်(၆၀၉)အရ ဦးရွှေတုပ်သည် အင်းဝနေပြည်တော်သို့ ပြန်လည်နေထိုင်ပြီး မြန်မာဘုရင်မင်းမြတ်၏ ခိုးကျူးမြောက်စားမှုကို ခံရသေးကြောင်းတွေ့ရသည်။

ယင်းပုရပိုက်တွင် ၁၁၈၅-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁)ရက် (၁၅ မတ် ၁၈၂၄)မှ ၁၁၈၇-ခုနှစ်၊ တန်ခူးလဆန်း(၁)ရက် (၈ မတ် ၁၈၂၆)တိုင် ၁-မှတ်မှ ၉-မှတ်အထိ အဆောင်အရွက်(မင်းကချီးမြှင့်သော ကျိုင်း၊ လက်ဖက်အုပ်စသော အသုံးအဆောင်ပစ္စည်း)ပေးသနားတော်မြတ်ခံရသည့် မှူးတော်မတ်တော်စာရင်း ပါရှိသည်။

ပုရပိုက်(၆၀၉)တွင် -

၁-မှတ်အဆောင်အရွက်သနားတော်မြတ်ခံရသူ	(၂)ဦး
၂-မှတ်အဆောင်အရွက်သနားတော်မြတ်ခံရသူ	(၆)ဦး
၃-မှတ်အဆောင်အရွက်သနားတော်မြတ်ခံရသူ	(၁)ဦး
၄-မှတ်အဆောင်အရွက်သနားတော်မြတ်ခံရသူ	(၂၀)ဦး
၅-မှတ်အဆောင်အရွက်သနားတော်မြတ်ခံရသူ	(၁၂)ဦး
၆-မှတ်အဆောင်အရွက်သနားတော်မြတ်ခံရသူ	(၈)ဦး
၇-မှတ်အဆောင်အရွက်သနားတော်မြတ်ခံရသူ	(၆)ဦး
၈-မှတ်အဆောင်အရွက်သနားတော်မြတ်ခံရသူ	(၁၂)ဦး
၉-မှတ်အဆောင်အရွက်သနားတော်မြတ်ခံရသူ	(၁၇)ဦး

စုစုပေါင်း (၈၄)ဦးရှိသည်။

အမှတ်မရှိ တောင်းကတ္တီပါနီ၊ ရွှေသားသနားတော်မြတ်ခံရသူ (၅)ဦးတွင် မင်းလှသီရိနော်ရထာ မြိတ်မြို့ဝန်၊ မောင်မြတ်လေးနှင့် နေမျိုးကျော် ရေးမြို့ဝန်၊ မောင်ရွှန်းတို့ပါဝင်သည်။

၈-မှတ်အဆောင်အရွက် သနားတော်မြတ်ခံရသူ (၁၂)ဦးတွင် ထားဝယ်မြို့ဝန်ဟောင်း၊ မင်းကြီးမင်းကျော်စည်သူဦးရွှေတုပ် ပါဝင်သည်။ ဦးရွှေတုပ်သည် ၈-

မှတ်ကိုသာမက ၆-မှတ်အဆောင်အရွက်ကိုပါ တိုးမြှင့် သနားတော်မြတ်ခံရသည်။ စ-မှတ်အဆောင်အရွက်တွင် ပစ္စည်း(၂၄)မျိုးပါဝင်သည်။ ဤသို့ဦးရွှေတုပ် သနားတော်မြတ်ခံရသည်မှာ မလေးကျွန်းဆွယ်ရှိ စော်ဘွားမင်းသားများ၏အကူအညီရရှိန် သံတမန်အဖြစ် ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ယူဆရသည်။

ဦးဒါအကြောင်းဆက်ရသော် -

ဦးဒါသည် ထားဝယ်မြို့နှင့်တကွ မြို့ဝန်ဦးရွှေတုပ်ကိုပါ အင်္ဂလိပ်တို့ထံ ပေးအပ်သဖြင့် တစ်လကျပ်(၅၀၀)စား ထားဝယ်မြို့ဝန်ဖြစ်လာသည်။ သမိုင်းတရားခံလည်းဖြစ်သွားသည်။ အစပိုင်းတွင်အင်္ဂလိပ်တို့သည် ဦးဒါကို ဖော်ဖော်ရွေရွေဆက်ဆံသည်။ နောက်ပိုင်းတွင် အင်္ဂလိပ်တို့သည် နယ်ချဲ့ဇာတိပေါ်လာတာ ဦးဒါအပေါ် တင်းကျပ်သောစည်းကမ်းချက်များ ချမှတ်လာသည်။ လစာကျပ်(၅၀၀)မှ ကျပ်(၄၀၀)သို့လျော့ချသည်။ ညီတစ်ဦးမှာလည်း အစ်ကိုဦးဒါ၏အရှိန်အဝါဖြင့် တရားလက်လွတ်ပြုမူနေထိုင်ရာ ထောင်(၀)နှစ် ကျသွားသည်။

အင်္ဂလိပ်တို့အပေါ် အခဲမကျေဖြစ်လာသောဦးဒါသည် စိတ်တူကိုယ်တူ ထားဝယ်မြို့သားတို့နှင့်ပူးပေါင်းကာ အင်္ဂလိပ်ကိုတော်လှန်ရန် စိုင်းပြင်းသည်။ သတင်းပေါက်ကြားသွားသဖြင့် ဦးဒါနှင့်အပေါင်းအပါများအား စစ်အုပ်ချုပ်ရေးတာဝန်ခံဝိုလ်မှူးကြီး"ဝူးလ်ဖ်"(Colonel Wolf)က ဖမ်းဆီးသည်။ ဦးဒါနှင့် သား(၃)ယောက်ကို မြိတ်မြို့သို့ နယ်နှင်လိုက်သည်။

သို့သော် ထားဝယ်မျိုးချစ်များကား စိတ်ဓာတ်ကျမသွားချေ။ အင်းဝသား - အခွန်ဝန်"ဦးရွှေဦး" ၊ ထားဝယ်သားစစ်ကဲဟောင်း(ခုံမင်းကြီး)"ဦးဝ" ၊ အင်းဝသား နာခံတော်"ဦးရွှေမောင်"နှင့် မြိတ်သားစာရေးဟောင်း"ဦးလူ"တို့သည် ကောလာ၊ ၁၁၈၈-ခုနှစ် (ခရစ်-၁၈၂၆)တွင် ဒုတိယအကြိမ် အင်္ဂလိပ်ကိုတော်လှန်ရန် စိုင်းပြင်းကြပြန်သည်။ သို့သော်သတင်းပေါက်ကြားသွားသဖြင့် (၄)ဦးစလုံးအဖမ်းခံရသည်။

အင်္ဂလိပ်တို့သည်စိတ်ချရပြီအထင်ဖြင့် မြိတ်မြို့တွင်အကျယ်ချုပ်ထားသော ဦးဒါအား လွှတ်ပေးလိုက်သည်။ ဦးဒါသည် ထားဝယ်သို့ပြန်ရောက်သော် အင်္ဂလိပ်ကို တော်လှန်ရန် စီမံစိုင်းပြင်းသည်။

၁၁၉၁-ခုနှစ်၊ ဝါခေါင်လဆန်း(၁၀)ရက် (၉ ဩဂုတ် ၁၈၂၉)တွင် ဦးဒါခေါင်းဆောင်သော ထားဝယ်မျိုးချစ်များသည် တတိယအကြိမ် အင်္ဂလိပ်ကို

တော်လှန်သည်။ ထိုစဉ်က ထားဝယ်အရေးပိုင်(ခရိုင်ဝန်) ဗိုလ်ကြီး"ဗာနေ"(Captain Henry Burney)မှာ မော်လမြိုင်သို့ရောက်ရှိနေခိုက်ဖြစ်သည်။ ထားဝယ်၌ အင်္ဂလိပ်အရာရှိအချို့နှင့် ကုလားစစ်ဗာရီ(Sepoy) ၁၀၀-ခန့်သာရှိသည်။ တစ်ဦးတည်းသော အမြောက်ဝန်သူမှာ ထိုစဉ်ကနေထိုင်မကောင်းဖြစ်နေသည်။ အမြောက်တပ်ဖွဲ့မှူး အင်္ဂလိပ်အရာရှိမှာလည်း နာမကျန်းဖြစ်၍ အိပ်ယာထဲ၌ လဲနေသည်။ ဤသို့သော အခြေအနေကိုစောင့်ကောင်းယူ၍ မျိုးချစ်တော်လှန်ရေးသမား (၂၅၀)ကျော်တို့သည် ခရစ်ယာန်သာသနာပြုဆရာ"ဘို့ဒ်မင်း"(G. D. Boardman)၏အိမ်အနီးရှိ အင်္ဂလိပ်စစ်စခန်းကို ဝင်ရောက်စီးနင်းကြသည်။လက်နက်ခဲယမ်းတိုက်ကိုစီးနိုင်ရန် အားထုတ်ကြသည်။ တော်လှန်ရေးသမားတို့၏အင်အားမှာ(၂၅၀)ကျော် ရှိသည်။ သို့သော်ကိုင်ဆောင်သောလက်နက်တို့မှာ ဓား၊ လှံ၊ ဝါရင်းတုတ်နှင့် သေနတ်အနည်းငယ်မျှသာဖြစ်သည်။ ထို့ကြောင့် လက်နက်ခဲယမ်းအပြည့်အစုံရှိသော အင်္ဂလိပ်တို့၏ ကြေးစားတပ်နှင့် ရင်ဆိုင်ရသောအခါ အရေးမသာဖြစ်ရသည်။ သို့တစေလည်း မြို့တစ်မြို့လုံးကိုကား စီးထားနိုင်သည်။ ထောင်ကိုဖောက်၍ အကျဉ်းသား(၁၀၀)ကိုလည်း လွှတ်ပေးနိုင်ခဲ့သည်။

အခြေအနေမလှသောကြောင့် အင်္ဂလိပ်တို့နှင့် နောက်လိုက်စစ်ဗာရီတို့သည် ရသမျှလက်နက်ခဲယမ်းများကိုယူငင်ပြီး ကမ်းနားရှိ (၆)ခန်းအိမ်ကြီးသို့ ပြောင်းရွှေ့ရသည်။ ထိုအိမ်ကြီးတွင် အခိုင်အမာတပ်စွဲ၍ခုခံသည်။ ထိုအိမ်ကြီး၏ အခန်းတစ်ခန်းတွင် ယမ်းမှုန့်စည်များသိုလှောင်ထားသည်။ တော်လှန်ရေးသမားတို့က ထိုအိမ်ကြီးကို လိုက်လံတိုက်ခိုက်သည်။ သို့သော်တိုက်ခိုက်ရေး၌ အလေ့အကျင့်မရှိမှုကြောင့်လည်းကောင်း၊ လက်နက်ခဲယမ်းမလုံလောက်မှုနှင့် ညံ့ဖျင်းမှုကြောင့်လည်းကောင်း မအောင်မြင်ခဲ့ပေ။ အင်္ဂလိပ်တို့သည် (၅)ရက်ကြာမှ ရှိသမျှလက်နက်၊ ခဲယမ်းအင်အားကိုအသုံးပြု၍ ကြံ့ကြံ့ခံနိုင်အောင်ကြိုးပမ်းကြသည်။ သို့သော် (၅)ရက်မြောက်နေ့ညနေဘက်သို့ရောက်သောအခါ အင်္ဂလိပ်တို့၏အခြေအနေမှာ အလွန်ဆိုးရွားလာသည်။ ထိုအချိန်မှာပင် တော်လှန်ရေးသမားတို့၏ အင်အားမှာလည်း (၅၀၀)အထိတိုးပွားလာသည်။ အင်္ဂလိပ်တို့ခိုလှုံရာကမ်းနားဘက်သို့ တရကြမ်းချီတက် တိုက်ခိုက်ကြပြန်သည်။ သို့သော်နေရာကောင်းကိုယူထားပြီးဖြစ်သော စစ်ဗာရီတို့၏ ပြင်းထန်စွာပြန်လည်ပစ်ခတ်မှုကြောင့် ရှေ့မတိုးနိုင်ခဲ့ချေ။

၁၁၉၁-ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက်၊ (၁၃ ဩဂုတ် ၁၈၂၉)တွင် ထားဝယ်မျိုးချစ်(၅၀၀)ခန့်သည် မြို့နှင့်သင်္ဘောဆိပ်ကြားရှိအိမ်များနှင့် သင်္ဘောဆိပ်ရှိ လှေ၊ သင်္ဘောများကို မီးတိုက်ကြသည်။ ထိုမီးသည် တစ်ဖြည်းဖြည်းနှင့် (၆)ခန်းအိမ်ကြီးသို့ ကူးစက်လာသည်။ အင်္ဂလိပ်နှင့် ကုလားစစ်သားများမှာ ထားဝယ်မျိုးချစ်များ၏ လက်ချက်ဖြင့်မသေရဘဲ (၆)ခန်းအိမ်ကြီးရှိ လက်နက်ခဲယမ်းသိုလှောင်ရာအခန်းမီးလောင်ပေါက်ကွဲ၍သေရတော့မည့် အခြေသို့ရောက်နေသည်။ ထိုအချိန်တွင် "ထားဝယ်မိုးကြီး"သည် သည်းသည်းမဲမဲရွာချလိုက်သဖြင့် မီးများငြိမ်းသွားသည်။ အင်္ဂလိပ်တပ်များ ပြန်လည်အားတက်လာသည်။ ပြန်လည် ခုခံလာနိုင်သည်။ ထိုစဉ် ဗိုလ်ကြီးဗာနေသည် တိုက်သင်္ဘော"ဒိုင်ယာနာ"(Diana)ဖြင့် မော်လမြိုင်မှ ပြန်ရောက်လာသည်။ ရောက်ရောက်ချင်း စစ်ဆင်ရေးအစည်းအဝေးလုပ်သည်။ တိုက်သင်္ဘော ဒိုင်ယာနာကို မော်လမြိုင်သို့စေလွှတ်၍ စစ်ကူတောင်းသည်။

၁၁၉၁-ခုနှစ်၊ ဝါခေါင်လဆုတ်(၁)ရက် (၁၅ ဩဂုတ် ၁၈၂၉)တွင် ဗိုလ်ကြီးဗာနေ ဦးဆောင်သော အင်္ဂလိပ်တပ်များသည် (၆)ခန်းအိမ်ကြီးမှထွက်၍ စစ်ဆင်ကာ မြို့ကိုဝင်စီးသည်။ ထားဝယ်မျိုးချစ်များမခုခံနိုင်သဖြင့် မြို့ကိုလက်လွှတ်၍ ဆုတ်ခွာရသည်။ ဤသို့ဖြင့် ထားဝယ်ဒေသက မောင်ဒါတော်လှန်ရေးဟုခေါ်သော တော်လှန်ရေးအရေးနိမ့်သွားသည်။

ဖမ်းဆီးရမိသော တော်လှန်ရေးသမားတို့အား ခုံရုံးတင်စစ်ဆေးသည်။ တော်လှန်ရေးခေါင်းဆောင် ဦးဒါနှင့်တကွလက်ထောက်များအပြင် အခြား(၃၀)ကျော်တို့မှာ သေဒဏ်အပြစ်ပေးခံရသည်။

ထားဝယ်မျိုးချစ်များကို အောင်မြင်စွာနှိမ်နင်းနိုင်သော ဗိုလ်ကြီးဗာနေအား အိန္ဒိယဘုရင်ခံချုပ်"လော့ဒ်ဘင်တစ်"(Lord Bentinck)က အင်းဝနေပြည်တော်သို့သံအရာရှိအဖြစ် ခန့်ထားသည်။ ဗာနေသည် ၁၁၉၂-ခုနှစ်၊ ကဆုန်လဆန်း(၉)ရက် (၃၀ ဧပြီ ၁၈၃၀)တွင် အင်းဝသို့ရောက်သွားပြီး ဗိုလ်မှူးရာထူးသို့တိုးမြှင့်ပေးခြင်းခံရသည်။ ထားဝယ်မြို့ရှိ လမ်းတစ်လမ်းကိုလည်း "ဗာနေလမ်း"ဟု အင်္ဂလိပ်အစိုးရက သတ်မှတ်ပေးသည်။ နှစ်ပေါင်း(၁၀၀)ကျော်ကြာပြီးနောက် ထိုလမ်းကို "နိုဘွာန်လမ်း"ဟု အမည်ပြောင်းသည်။

ဤတော်လှန်ရေးသည် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး၌ မြန်မာမျိုးချစ်တို့.

သူ့ကျွန်မခံလိုသောစိတ်ခံစားတတ်ခြင့် နယ်ချဲ့အင်္ဂလိပ်တို့အား အလုံးအရင်းဖြင့်တော်လှန်သည့် ပထမဆုံးတော်လှန်ရေးဖြစ်သည်။

အင်္ဂလိပ်တို့သည် ၁၀၈၆-ခုနှစ်၊ တော်သလင်းလဆုတ်(၁)ရက် (စက်တင်ဘာ ၁၈၂၄)တွင် ထားဝယ်မှသစ္စာဖောက်အချို့၏အကူအညီဖြင့် သေနတ်တစ်ချက်မှမပစ်ဖောက်ရဘဲ ထားဝယ်မြို့ကို လွယ်လင့်တကူ သိမ်းပိုက်ရရှိခဲ့သည်။ စစ်ဘရီအချို့ကို မြို့စောင့်အဖြစ်ထားခဲ့ပြီး မြိတ်မြို့ကိုတိုက်ခိုက်ရန် ရေကြောင်းမှဆက်လက်ချီတက်သည်။

ထားဝယ်မြို့ အင်္ဂလိပ်လက်အောက်မကျရောက်မီ တစ်လခန့်အလို ၁၀၈၆-ခုနှစ်၊ ဝါခေါင်လ (ဩဂုတ် ၁၈၂၄)တွင် နေပြည်တော်မှအထူးတမန်တော် စာရေးတော်ကြီး "စဉ္ဇဝေသာ" မြိတ်မြို့သို့ရောက်လာပြီး အမိန့်စာချွန်တော်ပေးပို့သည်။ အမိန့်စာချွန်တွင် "အင်္ဂလိပ်အစိုးရသည် တိုက်သဘော်အစီး(၄၀)ဖြင့် ရန်ကုန်မြို့သို့ ဝင်ရောက်တိုက်ခိုက်နေပြီဖြစ်၍ နောင်မြိတ်မြို့သို့ အင်္ဂလိပ်သဘော်များဝင်လာလျှင် ခုခံတိုက်ခိုက်ရန် လက်နက်ခဲယမ်းမီးကျောက်များ အသင့်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း"ပါရှိသည်။

မြိတ်မြို့ဝန်၊ မင်းလှသီရိနော်ရထာဦးမြတ်လေးသည် ဆိပ်ဝယ်ရပ်ကွက်ကို ဖြိုဖျက်၍ ခိုင်ခံ့သောသူရဲခို(စစ်သည်တို့အကာအကွယ်ယူရာ မြို့ရိုးထက်ရှိ အုတ်နံရံငယ်)ကို နေ့ချင်းညချင်းအပြီးတည်ဆောက်သည်။ အမြောက်ငယ်(၃၅)လုံးကို ဆင်သည်။ အမြောက်ကြီး(၃၀)ကိုမူ မြိတ်မြို့တောင်ဘက်တွင် ခင်းကျင်းစီမံသည်။ မြိတ်မြို့တွင်နေထိုင်သော ပေါ်တူဂီလူမျိုး "ရော်ရှင်"(Rushin)တို့ ပေါ်တူဂီလူမျိုးအမြောက်တပ်သားများ၏ အမြောက်ပစ်သူအဖြစ်ခန့်အပ်သည်။

ထို့နောက် မြိတ်မြို့ဝန်၊ ဦးမြတ်လေးသည် စစ်သားသစ်စုဆောင်းရေးအတွက် စစ်သည်တော်များခြံရံကာ တနင်္သာရီနှင့် ပုလောမြို့များသို့ချီတက်သည်။ မြို့နှစ်မြို့မှ မြို့သားများက အာဏာဖီဆန်သောကြောင့် သေနတ်ပြဒဏ်ခံခြောက်၍ အတင်းအကျပ် စစ်သားသစ်စုဆောင်းရသည်။ စုဆောင်းရသမျှစစ်သားသစ်များကို မြိတ်မြို့သို့ခေါ်ဆောင်ခဲ့သည်။

ထိုသို့လိုအပ်သည်များကို ကြိုတင်စီစဉ်နေစဉ် အင်္ဂလိပ်တို့ကထားဝယ်ကို ကျူးကျော်တိုက်ခိုက်နေပေပြီးထားဝယ်တွင် ရေဝန်ဖြစ်သူမောင်ဓါက မြို့တွင်းသူပုန်ထပြီး

ထားဝယ်မြို့ဝန်ဦးရွှေတုပ်ကို အရှင်ဖမ်းလျက် အင်္ဂလိပ်လက်သို့ပေးအပ်သည်။ ထိုသတင်းကို ဦးမြတ်လေးကြားသိရလျှင် "ဇဒါသည် အရှင်၏သစ္စာတော်ကိုဖောက်သူဖြစ်၍ အင်္ဂလိပ်ကိုနိုင်သောအခါ ဒင်းကိုလက်ရဖမ်းယူမည်"ဟုကြိမ်းဝါးပြီး လက်နက်ကိုင် စစ်သည် (၁၀၀၀)၊ တိုက်လှေပေါင်း (၃၀)ဖြင့် ထားဝယ်သို့ချီတက်သည်။

"မလိကျွန်း"သို့ရောက်သော် ရှေ့ပြေးကင်းထောက်စစ်သည်တို့က အင်္ဂလိပ်စစ်သင်္ဘော(၄)စင်း မြိတ်မြို့သို့ချီတက်လာပြီဖြစ်ကြောင်း သတင်းပေးပို့သဖြင့် ဦးမြတ်လေးက မြိတ်မြို့သို့ တပ်ပြန်ဆုတ်စေသည်။ မြိတ်သို့ပြန်ရောက်သော် ပေါ်တူဂီ တစ်စုအား အမြောက်(၂၅)လုံးကို ဦးစီးစေသည်။ ဘုရားတောင်ပေါ်တွင် မြို့ဝန်စာရေးတော်ကြီး "ဦးပိန်"နှင့် ဆရာ"ရဲထွဋ်"တို့ကို အမြောက် (၅)လုံးနှင့် အစောင့်ချထားသည်။ ဆိပ်ငယ်ရပ်ဆိပ်ကမ်းရှိသူရဲခိုမှ နောက်လယ်ရပ်၊ ဝက်ခေါင်းအထိ စစ်ကဲမင်း"ဦးရွှေကြာ"ကို အုပ်ချုပ်စေသည်။ တနင်္သာရီနှင့် ပုလောမြို့သား (၁၀၀၀) အား သေနတ်လက်နက်အပြည့်အစုံပေး၍ လူ (၂၅၀)လျှင် (၁)တပ်ကဖြင့် (၄)တပ်ခွဲပြီး တပ်ခွဲ(၄)ခွဲကို အခွန်ဝန်"ဦးမြတ်ရာ"အား အုပ်ချုပ်စေသည်။ ဤသို့ စီမံခန့်ခွဲပြီးသော် မင်္ဂလာအောင်ပွဲတော်ကျင်းပလျက် အင်္ဂလိပ်စစ်သင်္ဘောများကို အသင့်စောင့်နေသည်။

၁၁၈၆-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက်၊ နံနက်(၈)နာရီ (၆ အောက်တိုဘာ ၁၈၂၄)တွင် ဗိုလ်မှူးကြီးမီးလ်စ်၏ အင်္ဂလိပ်တိုက်သင်္ဘော(၄)စင်းသည် တပ်သားတင်သင်္ဘော(၆)စင်းဖြင့် မြိတ်မြစ်အတွင်းသို့ဝင်လာသည်။ တိုက်သင်္ဘော (၄)စင်းအမည်များမှာ ဂျိုသ်သီ(Jessy)၊ မိရ်ကူရီ(Mercury)၊ ထိန်မွတ်(Teignmouth) နှင့် ထီတိသ်(Thetis)တို့ဖြစ်ကြ၏။ သင်္ဘောတစ်စင်းပေါ်မှ အလံကိုင်ထားသူ တစ်ယောက်သည် သမ္မန်တစ်စင်းဖြင့် မြိတ်ဆိပ်ကမ်းသို့ကူးလာသည်။ ထိုသူမှာ အင်္ဂလိပ်တို့ ထားဝယ်မှခေါ်ဆောင်လာသူ "မောင်ခွေးဖြူ"ဖြစ်သည်။ အင်္ဂလိပ် ဗိုလ်မှူးကြီးထံမှယူဆောင်လာသောအမိန့်စာကို မောင်ခွေးဖြူက ဦးမြတ်လေးအား ဆက်သသည်။ ဦးမြတ်လေးက မင်းပေါင်းအစုံအညီရှေ့ဝယ် အမိန့်စာကိုဖတ်ပြ၏။ စာ၏အဓိပ္ပါယ်ကား "ထားဝယ်မြို့သည် ရေဝန်မောင်ဒါကပေးအပ်သဖြင့် အင်္ဂလိပ်အစိုးရလက်အောက်သို့ ကျရောက်လေပြီ၊ မောင်ဒါနှင့် မယား၊ သားများကို အင်္ဂလိပ်အစိုးရက မြန်မာအစိုးရလက်ထက်ကထက်တိုး၍ မြင့်မြတ်သောရာထူးများ ခန့်ထားပြီးလေပြီ။ ယခုလည်းမြိတ်မြို့ကို မြို့ဝန်မောင်မြတ်လေးက အပ်မည်မအပ်မည်ကို

အမြန်ဆုံးပြန်ကြားရမည်။ အသာတကြည်အဝ်ပါက မြန်မာအစိုးရလက်ထက်က ရရှိသည့်ရာထူးထက်တိုးမြှင့်၍ပေးမည်။ ယခုတိုက်သင်္ဘော်(၄)စင်း၌ ထားဝယ်ရေဝန်၏ သား "ဝိုလ်ရွှေပု"က ထားဝယ်သား(၅၀၀)ကိုဦးဆောင်၍ မြိတ်မြို့ကိုတိုက်ရန် ပါလာသည်"ဟူ၍ ဖြစ်၏။

ထိုစာကိုဖတ်ပြပြီးနောက် ဦးမြတ်လေးက "သစ္စာဖောက်"ဒဂါ" ရာထူးမက်ပြီး တပါးကျွန်ခံသည်။ ငါကားတိုက်ရင်းသာသေမည်၊ တပါးကျွန်အဖြစ်တော့မခံလို၊ ယခုပင် ဤစာကိုယူလာသည့် "ဒွေးဖြူ"အား တစပြင်သို့ထုတ်ပြီး ထောင်ချထားရမည်"ဟု အမိန့်ပေးသည်။

နောက်တစ်နာရီခန့်ကြာသောအခါ အင်္ဂလိပ်တိုက်သင်္ဘော်(၄)စင်းသည် ကျောက်တံတားတွင်တစ်စင်း၊ ရေစီးတွင်းဘက်သို့တစ်စင်း၊ တံတားကြီးတွင်နှစ်စင်း တပ်ခွဲ၍ ချထားသည်။ သင်္ဘောများဤသို့တပ်ခွဲ၍နေသားမကျမီ စတင်တိုက်ခိုက်ရန် နောက်လိုက်ဗိုလ်များက ဦးမြတ်လေးအားလျှောက်ထားကြရာ ဦးမြတ်လေးက (၁၀)နာရီ ထိုးချိန်တွင် "ရန်ပုံခွင်း"နှင့် "မြို့လုံးချမ်းသာ"အမြောက်နှစ်လက်က စတင်ပစ်ပြီးမှ ကျန်အမြောက်များနှင့် လက်နက်ကိုင်တပ်သားများကပစ်ရမည်ဟု အမိန့်ပေးပြီးနောက် ဦးမြတ်လေးသည် ရွှေထီးနှစ်လက်မိုးလျက် ကျောက်တန်းမှနေ၍ တိုက်သင်္ဘောများ၏ အခြေအနေကို အကဲခတ်နေသည်။

(၁၀)နာရီသို့ရောက်သော် ရန်ပုံခွင်းနှင့်မြို့လုံးချမ်းသာ အမြောက်ကြီးနှစ်လက် စတင်ပစ်ခတ်ပြီး ကျန်အမြောက်ငယ်နှင့် လက်နက်ကိုင်စစ်သည်များက အင်္ဂလိပ် တိုက်သင်္ဘောများကို စတင်တိုက်ခိုက်ကြသည်။ အင်္ဂလိပ်တိုက်သင်္ဘောများကလည်း ပြန်ပစ်သည်။ သုံးနာရီတိတိမရပ်မနားဘဲ တစ်ဘက်နှင့်တစ်ဘက် ပြန်လှန်ပစ်ဖောက် တိုက်ခိုက်ကြသောကြောင့် တစ်မြို့လုံးမီးခိုးဖုံး၍ မှောင်အတိကျပြီးလျှင် နှစ်ဘက် စစ်သည်တို့မှာ တစ်ဘက်နှင့်တစ်ဘက် တစ်ဦးနှင့်တစ်ဦး မမြင်ရဖြစ်ကြသည်။ မွန်းလွဲချိန် ကျမှပင် မီးခိုးလုံးများစဲလေသည်။ မြန်မာဘက်မှပစ်သော လက်နက်တို့သည် အင်္ဂလိပ် တိုက်သင်္ဘောများတွင်များစွာထိမိ၍ အင်္ဂလိပ်တိုက်သင်္ဘောမှပစ်သော လက်နက်များမှာ တောင်ခံနေသောကြောင့် အထိအခိုက်များစွာမရှိချေ။

ထိုသို့တိုက်ခိုက်ရင်းပင် ညနေစောင်းချိန်သို့ရောက်လာသော် ဦးမြတ်လေးက ယနေ့အဖို့အချိန်မရှိပြီ၊ အခြေအနေဤဘက်မှသာနေသည်။ ခဲယမ်းမီးကျောက်များ

စနစ်တကျသုံးစွဲရန်နှင့် နံနက်စောစောရောက်မှုပစ်ရမည်ဟု မှာကြားသည်။ ဆက်လက်၍ ဦးမြတ်လေးက သင်္ဘောတွင်ပါသည်ဆိုသည့်ဒေါ်သား ဝရွှေပု ခေါင်းဆောင်သော ထားဝယ်သား(၅၀၀)ကို ယခုတိုင်မမြင်ရသေးကြောင်း၊ ကုန်းကြောင်းမှတက်လာဖွယ်ရှိကြောင်း၊ အသင့်ပြင်ထားရမည်ဖြစ်ကြောင်း မြောဆို မှာကြား၍ ထွက်ခွာသွားသည်။

ဦးမြတ်လေးအမိန့်အတိုင်း မြန်မာစစ်သည်တို့က အရေးသာခိုက်တွင် မဝစ်ဘဲ နေကြသဖြင့် အင်္ဂလိပ်တိုက်သင်္ဘောမှ စစ်သည်များသည် သမွန်များဖြင့် မြို့ဆိပ်ကမ်းသို့ ကူးလာရာ "မသာတံခါး၀"တွင် အစောင့်ကျနေသော မြန်မာစစ်သည်တို့၏ အပြင်းအထန် ခုခံတိုက်ခိုက်မှုကြောင့် အင်္ဂလိပ်စစ်သည်များ နောက်သို့ဆုတ်ခွာ၍ ရပ်ဆိုင်းနေကြရသည်။

ထိုအချိန်တွင် မိုးသည်းထန်စွာရွာချသည်။ ဤသည်ကိုအခွင့်ကောင်းယူ၍ အင်္ဂလိပ်စစ်သည်တို့က စတင်တိုက်ခိုက်သည်။ မြန်မာစစ်သည်တို့က မြန်လည်ခုခံသော်လည်း အမြောက်သေနတ်များမှာ မိုးရေစိုစွတ်နေသောကြောင့် "နားခွက်" (ရွှေခေတ်သေနတ်တွင် ယမ်းထည့်ရသည့်ခွက်)က မီးမထွက်ဘဲဖြစ်နေသည်။ အင်္ဂလိပ်စစ်သည်များက မရပ်မနားပစ်ခတ်ရင်း မြို့ရိုးကြားသို့ဝင်ကပ်ပြီး အတင်းတက်ကြသည်။ မြန်မာစစ်သည်တို့က ဓား၊ လှံတို့ဖြင့်ထိုးခုတ်ကြရာ အင်္ဂလိပ်စစ်သားများ အတော်ပင်ကျဆုံးသည်။ မသာတံခါး၀တွင် တိုက်ပွဲဖြင်းထန်နေကြောင်း ဦးမြတ်လေးကြားလျှင် သားဖြစ်သူမောင်မောင်နှင့် မသာတံခါး၀သို့ပြေးလာပြီး မြန်မာစစ်သည်တို့နှင့် လက်တွဲ၍ တိုက်ပွဲဝင်သည်။

ယင်းသို့တစ်ဘက်နှင့်တစ်ဘက် ရင်ဆိုင်တိုက်ခိုက်နေစဉ် ရန်ပုံခွင်းအမြောက်ကြီးမှာ လက်ကျိုး၍ပစ်မရကြောင်း ဦးမြတ်လေးထံလာရောက်အကြောင်းကြားရာ ဦးမြတ်လေးက တက်လာသမျှ "ဂေါ်ရာ"(ဥရောပတိုက်သား စစ်သည်)များကို ဓားဖြင့်ခုတ်ကြဟု အမိန့်ပေးသည်။ ဦးမြတ်လေးကိုယ်တိုင် ဂေါ်ရာတပ်ကို ထိုးဖောက်ဝင်ရောက်တိုက်ခိုက်ရာ မြန်မာစစ်သည်များ အားတက်လာပြီး ဓားလှံတို့ဖြင့် စွမ်းစွမ်းတမံတိုက်ခိုက်ကြရာ ဂေါ်ရာတပ်များဆုတ်ခွာသွားရသည်။

ဂေါ်ရာတပ်ဆုတ်ခွာသွားပြီးနောက် အင်္ဂလိပ်စစ်သည် (၁၀၀၀)ပါဝင်သည့် တပ်တစ်တပ်သည် အရှေ့ကျောင်းသို့ချီတက်လာပြီဖြစ်ကြောင်း သတင်းရသဖြင့်

ဦးမြတ်လေးခေါင်းဆောင်၍ တိုက်ပြန်သည်။ ဤတိုက်ပွဲတွင် အင်္ဂလိပ်ဘက်က လက်နက်ကောင်းလွန်းသဖြင့် မြန်မာစစ်သည်ရာချီ၍ကျဆုံးသည်။ အချို့စစ်သည်များ မြို့မှဆုတ်ခွာထွက်ပြေးသောကြောင့် ဦးမြတ်လေးနောက်တွင် စစ်သည်(၅၀၀)ကျော်သာကျန်တော့သည်။ သို့သော်ဦးမြတ်လေးသည် အနှုံးမပေးဘဲ ဆက်လက်ခုခံတိုက်ခိုက်ရာ အင်္ဂလိပ်စစ်တပ်၏ အဝိုင်းခံရသည်။

၁၁၈၆-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက် (၆ အောက်တိုဘာ ၁၈၂၄) ညနေ (၅)နာရီခွဲတွင် မြို့ပျက်သည်။ ဦးမြတ်လေးမှာ မြို့မှထွက်ပြေးပြီး "ကလွင်"ရွာတွင်ပုန်းအောင်းနေထိုင်ရသည်။ အင်္ဂလိပ်တို့သည်ခေါင်းဆောင်ဖြစ်သူ ရော်ရှင်အပါအဝင် ပေါ်တူဂီအမြောက်တပ်သား(၄၇)ဦးအားဖမ်းဆီး၍ သဘော်ထက်တွင် ချုပ်နှောင်ထားသည်။ ဦးမြတ်လေးကိုမရသေးသမျှ မလွတ်ဟုလည်းဆိုလေသည်။ မြိတ်တိုက်ပွဲတွင် မြန်မာတို့ဘက်မှ စစ်သည်(၅၀၀)ကျဆုံးသည်။ အင်္ဂလိပ်တို့ဘက်ကမူ (၆)ဦးသာသေဆုံး၍ (၃၆)ဦးဒါဏ်ရာရသည်။ မြန်မာတို့ထံမှအမြောက်(၃၇)လုံး စိန်ပြောင်း(၁၀၆)လုံးရသည်။

ဦးမြတ်လေးသည် ကလွင်ရွာတွင်ပုန်းအောင်းနေရာမှ (၄)ရက်မြောက်သောနေ့တွင် မြို့သို့ဝင်လိုကြောင်း အကြောင်းကြားသဖြင့် အင်္ဂလိပ်စစ်အရာရှိနှစ်ဦးသည် ဦးမြတ်လေးထံသွားရောက်၍ မြိတ်မြို့သို့ခေါ်ဆောင်လာသည်။

ဦးမြတ်လေးက ပေါ်တူဂီစစ်သားတို့မှာ မိမိအမိန့်ကြောင့် တိုက်ပွဲတွင်ပါဝင်ရသူများဖြစ်ကြောင်း၊ မိမိကိုယ်တိုင်မှာ အင်္ဂလိပ်လက်တွင်းပါလာပြီဖြစ်သဖြင့် ပေါ်တူဂီ(၄၅)ဦးကို ချုပ်မထားသင့်ကြောင်းပြောဆိုသည်။ ဦးမြတ်လေး၏ ပြောဆိုချက်ကြောင့် ပေါ်တူဂီ(၄၇)ဦးလွတ်လာသည်။

မြိတ်တိုက်ပွဲကို ဦးဆောင်သူဗိုလ်မှူးကြီးက ဦးမြတ်လေးအား အင်္ဂလိပ်အစိုးရ၏သစ္စာတော်ကိုခံယူပါက မူလရာထူးထက်အဆင့်အတန်းမြင့်အောင်ပေးမည်ဟုပြောသည်။ ဦးမြတ်လေးက တစ်ပါးကျွန်မခံလိုဟုဆိုကာ ခါးခါးသီးသီးငြင်းပယ်သည်။ အင်္ဂလိပ်စစ်ဗိုလ်က အတန်တန်ပြောသော်လည်း ဦးမြတ်လေးက အကြိမ်ကြိမ်ခေါင်းခါလျက်ရှိသဖြင့် ဦးမြတ်လေးနှင့်တကွ မယားသားအစုံကို အကျယ်ချုပ်ဖြင့် အိန္ဒိယပြည်၊ ဘင်္ဂလားနယ်သို့ပို့လိုက်သည်။ အိုမင်းမစွမ်းရှိသောအခါ ဦးမြတ်လေးနှင့် မယားသားတို့ကို မုတ္တမမြို့တွင်ထား၍ ပင်စင်လစာထောက်ပံ့သည်။

မင်းလှသီရိနော်ရထာ မြိတ်မြို့ဝန်၊ ဦးမြတ်လေးသည် မြန်မာဘုရင်မင်းမြတ်ထံမှလည်း ဓောင်းကတ္တီပါနီနှင့် ရွှေသားသနားတော်မြတ်ခံရသည်။

ဗိုလ်မှူးကြီး "ဂေါ်ဒွင်" (Colonel Godwin)ဦးဆောင်သည့် ရေတပ်သည် ၁၁၈၆-ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၅)ရက် (၁၃ အောက်တိုဘာ ၁၈၂၄)တွင် မုတ္တမသို့ ချီလာရာ လမ်းမှားသွားသဖြင့် (၁၇)ရက်အကြာ ၁၁၈၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက် (၂၉ အောက်တိုဘာ ၁၈၂၄)နေ့တွင်မှ မုတ္တမသို့ရောက်သည်။ မုတ္တမမြို့ကို အမြောက်များဖြင့် အဆက်မပြတ်ပစ်ခတ်သည်။ အချို့စစ်သားတို့ကတုန်းပေါ်တက်ပြီး တစ်ရွှိန်ထိုးတိုက်ခိုက်သည်။ မုတ္တမမြို့ဝန်၊ "မင်းကြီးမဟာဥဇနာ"မရပ်မခံနိုင်၍ တပ်ပါဗိုလ်အရာရှိ၊ ရဲမက်အမှုထမ်းတို့နှင့် အုပ်စည်းမပျက် မုတ္တမမြို့မှဆုတ်ခွာပြီးလျှင် ဘီးလင်း၊ "ဝင်းကတတ်"အရပ်တွင် တပ်တည်လုပ်ခဲ့နေရ၏။

၁၁၈၆-ခုနှစ်၊ တန်ဆောင်မုန်း(၈)ရက် (၂၉ အောက်တိုဘာ ၁၈၂၄) တွင် အင်္ဂလိပ်တို့က မုတ္တမမြို့ကိုသိမ်းယူသည်။ အမြောက် (၆)လုံး၊ စိန်ပြောင်း (၈၀)ခန့်၊ သေနတ် လေးငါးခြောက်ရာနှင့် ခဲယမ်းမီးကျောက်တို့ကိုရရှိလေသည်။

ထားဝယ်၊ မြိတ်နှင့် မုတ္တမတို့ကျဆုံးပြီးနောက် ရေးမြို့ဝန်၊ "နေမျိုးကျော်ဦးရွှန်း" သည် သားမယားနှင့်တကွ ရေးမြို့မှဆုတ်ခွာလာသည်။

၁၁၈၆-ခုနှစ်၊ နတ်တော်လဆုတ် (ဒီဇင်ဘာလဆန်း ၁၈၂၄)တွင် မုတ္တမမှအင်္ဂလိပ်စစ်သည်အချို့ ရေးမြို့သို့ချီတက်ရာ အခုအခံမရှိဘဲ မြို့ကိုသိမ်းပိုက်ရရှိသည်။

ဤနည်းအားဖြင့် တနင်္သာရီကမ်းခြေတလျှောက် ကြီးကျယ်သောနယ်ကို အင်္ဂလိပ်တို့က အပိုင်ရလေသည်။

အင်္ဂလိပ်-မြန်မာပထမစစ်သည် (၂)နှစ်အချိန်ကြာညောင်းခဲ့သည်။ ဤစစ်တွင် မြန်မာ့တပ်မတော်သည် သမဂ္ဂီကျတိုက်နည်းဖြင့် ရင်ဆိုင်တိုက်ခိုက်သည်။ ကုန်းဘောင်ခေတ်တလျှောက်လုံး ပြည်တွင်းစစ်များတွင်လည်းကောင်း၊ အိမ်နီးချင်း နိုင်ငံများနှင့် ဖြစ်ပွားသောစစ်ပွဲများတွင်လည်းကောင်း မြန်မာ့တပ်မတော်သည် သမဂ္ဂီကျတိုက်နည်းဖြင့်လည်းကောင်း၊ သမဂ္ဂီကျနှင့်ပြောက်ကျားတိုက်နည်းနှစ်ခု တွဲဖက်တိုက်ခြင်းဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အိမ်နီးချင်းယှဉ်ပြိုင်ဘက်များ၏ စစ်တပ်များသည် လက်နက်နှင့်

လေ့ကျင့်မှုတွင် မြန်မာတို့နှင့်မကွဲပြားချေ။ အရင်းရှင်ခေတ်ရောက်နေပြီဖြစ်သော အင်္ဂလိပ်တို့သည် ပဒေသရာဇ်ခေတ်တွင်ရှိနေသေးသောမြန်မာတို့ထက် လက်နက်အရာတွင် များစွာသာလွန်သည်။ ထို့ကြောင့်မြန်မာတို့သည် ယခင်စစ်ပွဲများတွင် အောင်ပွဲဆင်နိုင်သော်လည်း အင်္ဂလိပ်တို့နှင့်တိုက်ရာတွင်ကား ဆုံးရှုံးခဲ့ရသည်။

မည်သို့ဆိုစေ စစ်ပွဲကာလအတွင်း တိုင်းပြည်အတွက်အသက်ပေးလှူသွားသည့် မျိုးချစ်ပုဂ္ဂိုလ်များအား အမျိုးသားရေးတာဝန်ကျေပွန်သူများအဖြစ် ဂုဏ်ပြုရမည်သာဖြစ်သည်။

အခန်း (၂)

တနင်္သာရီတိုင်း၏ မြို့တော်ဖြစ်လာသော မော်လမြိုင်

အင်္ဂလိပ်တို့၏ ပထမကျူးကျော်စစ်တွင် မြန်မာတို့အရေးနိမ့်သဖြင့် ၁၁၈၉-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၄)ရက် (၂၄ ဖေဖော်ဝါရီ ၁၈၂၆)တွင် ရန်ကုပ်စာချုပ်ကို လက်မှတ်ရေးထိုးရသည်။ စာချုပ်လက်မှတ်ရေးထိုးသည့်နေရာမှာ ရန်ကုပ်မြစ်အထက်နှစ်မိုင်အကွာ(တစ်ဖက်ကမ်းနဂါးပေါက်မြစ်နှင့်တည့်တည့်) ညောင်ပင်ကြီးအောက်တွင် ဖြစ်သည်။

ရန်ကုပ်စာချုပ်တွင် အဝိုဒ်(၁၁)ဝိုဒ်ပါဝင်သည်။ အဝိုဒ်(၃)နှင့် (၄)တို့သည် ရခိုင်၊ တနင်္သာရီတို့နှင့် ပတ်သက်သည်။

တတိယ။ နောက်တဘန် ပြည်ကြီးနှစ်ပြည်အဝိုင်းအခြားကို ခြင်းခုံရန် အကြောင်းမရှိရအောင် အင်္ဂလိပ်မင်းသည် တိုက်၍အောင်ခဲ့သော ရခိုင်၊ ယဲးခြဲ၊ မာရ်အောင်၊ သဲတွဲတည်းဟူသော ရခိုင်ပြည်ကြီးကိုအစဉ်ယူ၍ မြန်မာဘုရင်က မစိုးမပိုင်ရ၊ မြိုးမဘိုးခေါင်တောင်တန်း၊ မော်တင်စွန်းစေတီကြီးထိ စပ်ကြားအဝိုင်းအခြားဖြစ်စေ၊ နောက်မှအဝိုင်းအခြားခြင်းခုံရန်ရှိလျှင် အင်္ဂလိပ်မင်း၊ မြန်မာမင်းကခန့်ထားသောသူတို့သည် အထက်နယ်နမိတ်အတိုင်း မှန်ကန်အောင်စီရင်စေ၊ ခန့်ထားသောသူတို့လည်း အရာရှိမှုမတ်သူကောင်းဖြစ်စေရမည်။

စတုတ္ထ။ မြန်မာရှင်ဘုရင်သည် အင်္ဂလိပ်မင်းကို ယေး၊ ဗြိတ်၊ ဒဝယ်၊ တနင်းသာရီ မြို့ရွာနယ်နိမိတ်တောင်ကမ်းကျွန်းများနှင့်တကွ အဝိုင်ပေးသည်။ သဲလွင်မြစ်အဝိုင်းအခြားဖြစ်ရမည်၊ နောဲမှ အဝိုင်းအခြားခြင်းခုံရန်ရှိလျှင် အထက်ဆိုခဲ့ပြီးသည့်အတိုင်းစီရင်စေ။

(ဒုတိယမဟာရာဇဝင်တော်ကြီး စာမျက်နှာ၉၇-၉၈ပါ မူရင်းအတိုင်း ကူးယူဖော်ပြပါသည်။)

ပထမအင်္ဂလိပ်-မြန်မာစစ်အပြီးတွင် အင်္ဂလိပ်တို့သည် တနင်္သာရီနှင့် ရခိုင်တို့ကို သိမ်းပိုက်သည်။ ရခိုင်တိုင်းကို နယ်နိမိတ်ချင်းထိစပ်နေသော ဘင်္ဂလားနယ်အစိုးရ၏ လက်အောက်ခံအဖြစ်ထားသည်။ တနင်္သာရီတိုင်းကိုမူ မူလက အိန္ဒိယဘုရင်ခံချုပ်လက်အောက်တွင်ထားရန် သတ်မှတ်သည်။ သို့သော် အိန္ဒိယအစိုးရမှာ

မခိုင်မြဲသေး၍တစ်ကြောင်း။ တနင်္သာရီတိုင်းမှာ အိန္ဒိယပြည်နှင့် အလှမ်း ဝေးသော ကြောင့်တစ်ကြောင်း။ ဤအကြောင်းနှစ်ကြောင်းကြောင့် စစ်တွင်းတာလမှာပင် တနင်္သာရီတိုင်း၏တောင်ဘက်စွန်း ထားဝယ်နှင့် မြိတ်နယ်နှစ်နယ်ကို ပိန်ဘုရင်ခံ "ရောဘတ်ဖူလာတန်"(Robert Fullerton)၏ လက်အောက်သို့ လွှဲပြောင်းပေးခဲ့သည်။

၁၁၈၇-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၃)ရက် (၁ ဩဂုတ် ၁၈၂၅)တွင် ပိန်ဘုရင်ခံသည် "မိန်းဂေး"(Maingy)အား တနင်္သာရီတိုင်းတောင်ပိုင်း ဝန်ရှင်တော်မင်းကြီး (Commissioner)အဖြစ်ခန့်အပ်သည်။ မိန်းဂေးသည် "မင်နားဗား"(Minerva) အမည်ရှိ သင်္ဘောဖြင့် ပိန်မှထွက်ခွာလာရာ ၁၁၈၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက် (၂၇ စက်တင်ဘာ ၁၈၂၅)တွင် မြိတ်မြို့သို့လည်းကောင်း၊ ၁၁၈၇-ခုနှစ်၊ တန်ဆောင်မုန်း (၈)ရက် (၁၈ အောက်တိုဘာ ၁၈၂၅)တွင် ထားဝယ်မြို့သို့လည်းကောင်း ရောက်ရှိပြီး အုပ်ချုပ်ရေးကိုစတင်သည်။ ထိုစဉ်က ပိန်ကျွန်းကို "ဝေလမင်းသားကျွန်း"(Prince of Wales Island)ဟု ခေါ်သည်။

ဝန်ရှင်တော်မင်းကြီးမိန်းဂေးက ထားဝယ်နှင့်မြိတ်ကို အုပ်စိုးနေစဉ် ထားဝယ်နှင့် သဲလွင်မြစ်အကြားရှိ တနင်္သာရီတိုင်းမြောက်ပိုင်းဒေသကိုမူ စစ်တပ်မှပင် အုပ်ချုပ်နေခဲ့သည်။ ဗိုလ်ချုပ် "ကင်းဗဲ"(Major-General Sir Archibald Campbell)မှာ စစ်ဘက်တွင်သာမက တနင်္သာရီတိုင်း၏ အရပ်ဘက်အုပ်ချုပ်ရေးအတွက်လည်း ဝန်ရှင်တော်မင်းကြီးများကို ကွပ်ကဲပေးရသူ(Senior Commissioner)အဖြစ် တာဝန်ယူခဲ့ရသည်။ ထိုအချိန်တွင် ကင်းဗဲသည် တနင်္သာရီတိုင်းမြောက်ပိုင်း ဖြစ်သော ရေးမြို့မှ မုတ္တမအရှေ့ဘက်ကမ်းအထိဒေသများ၏ ဝန်ရှင်တော်မင်းကြီးအဖြစ် "ကရောဖွတ်"(Crawfurd)အား ခန့်ထားသည်။ မိန်းဂေးနှင့် ကရောဖွတ် နှစ်ဦးစလုံး သည် ကင်းဗဲ၏လက်အောက်ခံများဖြစ်ကြသည်။

၁၁၈၇-ခုနှစ်၊ ပြာသိုလဆုတ် (ဇန်နဝါရီ ၁၈၂၆)တွင် ကရောဖွတ် ကျိုက္ခမီသို့ ရောက်လာသည်။ ကရောဖွတ်သည် ထိုစဉ်က အိန္ဒိယဘုရင်ခံချုပ်ဖြစ်သော "လော့အမ်းဟတ်"(Lord Amherst)ကိုဂုဏ်ပြုသောအားဖြင့် ကျိုက္ခမီကို "အမ်းဟတ်"ဟု အမည်ပြောင်းသည်။ ၁၁၈၇-ခုနှစ်၊ ကဆုန်လဆန်း(၁)ရက် (၆ ဧပြီ ၁၈၂၆)တွင် အမည်ပြောင်းသည့်အခမ်းအနားကျင်းပသည်။ ဗိုလ်မှူး"မတ်တင်း"ဦးဆောင်သော အမှတ်(၁၆)၊ မဒရပ်ခြေလျင်တပ်ရင်းက အခမ်းအနားတွင် ဂုဏ်ပြုတပ်ရင်းအဖြစ်

ပါဝင်၍ ဝုက်ပြုသောအားဖြင့် သေနတ်များပစ်ဖောက်ကြသည်။ ကရောဖွတ်က ကျိုက္ခမီကို တနင်္သာရီတိုင်း၏မြို့တော်အဖြစ် သတ်မှတ်သည်။ ကင်းဗဲက မော်လမြိုင်ကို ကျိုက္ခမီထက်ပို၍ နှစ်သက်သည်။

ကရောဖွတ်သည် ၁၁၈၇-ခုနှစ်၊ ပြာသိုလဆုတ် (၈နိုဝါရီ ၁၈၂၆)တွင် ကျိုက္ခမီသို့ရောက်ပြီး(၈)လအကြာ ၁၁၈၈-ခုနှစ်၊ ဝါခေါင်လ (ဩဂုတ် ၁၈၂၆)တွင် အင်းဝသို့ အင်္ဂလိပ်သံအဖြစ်ပြောင်းရွှေ့သွားသည်။ ထို့ကြောင့် ကရောဖွတ်နေရာတွင် ဗိုလ်ကြီး "ဖန်ဝစ်"(Captain Fenwick)ကို ခေတ္တတာဝန်ပေးရသည်။

၁၁၈၈-ခုနှစ်၊ တော်သလင်းလ (စက်တင်ဘာ ၁၈၂၆)မှစ၍ ပီနံဘုရင်ခံ၏ ကိုယ်စားလှယ်ဖြစ်သော မိန်းဂေးသည် အိန္ဒိယကိုယ်စားလှယ်ကရောဖွတ် အုပ်ချုပ်သော နယ်ကို မိမိအုပ်ချုပ်သောနယ်နှင့် ပူးပေါင်း၍အုပ်ချုပ်သည်။ ကောဇာ၊ ၁၁၉၀-ပြည့်နှစ် (ခရစ် ၁၈၂၈)တွင် ကင်းဗဲအလုပ်လွဲသွားသောအခါ ပီနံဂေးသည် တနင်္သာရီတစ်တိုင်းလုံး၏ ဝန်ရွှင်တော်မင်းကြီးဖြစ်လာသည်။

ရန်ကုန်စာချုပ်ချုပ်ဆိုပြီး နယ်မြေပိုင်းခြားကြသည့်အခါ သံလွင်မြစ်ဝှိ ဘီလူးကျွန်းကို အင်္ဂလိပ်နှင့်မြန်မာ မည်သည့်ဘက်ကရသင့်သည်ဟူသော ပြဿနာပေါ်သည်။ ဘီးလူးကျွန်း၏ကံကြမ္မာကို အုန်းသီးနှစ်လုံးက အဆုံးအဖြတ်ပေးလိုက်သည်။

ဘီလူးကျွန်းမှာ သံလွင်မြစ်အတိုင်းဆိုလျှင် ကျိုက္ခမီဝင်လယ်ဘက်သို့ တစ်ကြောင်း၊ အလုပ်ရွာဝင်လယ်တိမ်ဘက်သို့တစ်ကြောင်း ကျွန်းကိုခွဲ၍ မြစ်နှစ်ကြောင်းဖြစ်ပေါ်နေသည်။ ထိုအခါ သံလွင်မြစ်၏ရေကြောင်းအမှန်ကိုကြည့်၍ ဆုံးဖြတ်ရမည်ဖြစ်သောကြောင့် သံလွင်မြစ်ညာမှ အုန်းသီးနှစ်လုံးကိုချည်၍မျှောချလိုက်သည်။ မျှောချလိုက်သော အုန်းသီးနှစ်လုံးသည် ကျိုက်ကမီမြစ်ကြောင်းဘက်သို့မလိုက်ဘဲ ဘီလူးကျွန်းမြောက်ဘက်မြစ်ကြောင်းအတိုင်းမျှောသွားသဖြင့် ဘီလူးကျွန်းမှာ မျက်မြင်အရ အနောက်ဘက်ကမ်းခြေဖြစ်ပါလျက် ရေစီးကြောင်းအရအရှေ့ဘက်ကမ်းခြေဖြစ်ရပြီး အင်္ဂလိပ်လက်အောက်ရောက်ရှိသွားသည်။

အထက်တစ်နေရာတွင် တနင်္သာရီတိုင်း၏မြို့တော်သတ်မှတ်ရေးတွင် ကရောဖွတ်က ကျိုက္ခမီကိုကြိုက်နှစ်သက်၍ ကင်းဗဲက ကျိုက္ခမီထက် မော်လမြိုင်ကို ပို၍နှစ်သက်ကြောင်း ဖော်ပြပြီးဖြစ်သည်။ မိန်းဂေးက် ကင်းဗဲနှင့်အကြိုက်ညီသည်။

ကင်းဗဲက မော်လမြိုင်ကို ကျိုက္ခမီထက်ပိုမိုနှစ်သက်သော အကြောင်း(၅)ခု

ရှိသည်။

၁။ သောက်သုံးရေ လွယ်ကူစွာရရှိနိုင်ခြင်း။

၂။ အနောက်တောင်မုတ်သုံလေကိုကာကွယ်နိုင်သည့် ဆိပ်ကမ်းကောင်း ရှိခြင်း။

၃။ သံလွင်၊ အတ္ထရံနှင့် ဂျိုင်း မြစ်သုံးသွယ်ဆုံစည်းရာတွင်တည်ရှိခြင်း။

၄။ မော်လမြိုင်မှ ယိုးဒယား(ထိုင်း)သို့ ကုန်းလမ်းဖြင့်သွားလာနိုင်ခြင်းနှင့်

၅။ မော်လမြိုင်တစ်ဘက်ကမ်းမုဏ္ဍမမှ မြန်မာတို့၏တိုက်ခိုက်မှုကို လွယ်လင့်တကူကာကွယ်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

ဤသို့ဖြင့် မိန်းဂေးသည် ၁၁၉၁-ခုနှစ်၊ နယုန်လ (မေ-၁၈၂၉)တွင် ကျိုက္ခမီမှ မော်လမြိုင်သို့ ပြောင်းရွှေ့သည်။ ထို့ကြောင့် မော်လမြိုင်သည် တနင်္သာရီတိုင်း၏ ဝန်ရှင်တော်မင်းကြီးရုံးစိုက်ရာ တိုင်းမြို့တော်ဖြစ်လာသည်။

မင်းတုန်းမင်းသည် ရတနာပုံ၊ မန္တလေးကို ကောလာ၊ ၁၂၂၁-ခုနှစ် (ခရစ်-၁၈၅၉)တွင်တည်ထောင်သဖြင့် မော်လမြိုင်ကမန္တလေးထက် မြို့သက်နှစ်(၃၀) ကြီးသည်။

တနင်္သာရီတိုင်းနှင့် ပတ်သက်၍ရှင်းလင်းချက်

[မူလအစ တနင်္သာရီတိုင်းတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကျိုက္ခမီခရိုင်ဟူ၍ ခရိုင်(၃)ခုပါဝင်သည်။ ကောလာ၊ ၁၂၅၇-ခုနှစ် (ခရစ်-၁၈၉၅)တွင် သထုံ၊ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်၊ ဘားအံနှင့် လှိုင်းဘွဲ့ (၆)မြို့နယ်ဖြင့် သထုံခရိုင်ကို ဖွဲ့စည်းသည်။ အသစ်ပေါ်ထွန်းလာသော သထုံခရိုင်သည် တနင်္သာရီတိုင်းတွင်ပါဝင်လာသဖြင့် တနင်္သာရီတိုင်းတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကျိုက္ခမီခရိုင်နှင့် သထုံခရိုင်(၄)ခုပါဝင်လာသည်။ ၁၃၂၆-ခုနှစ်၊ ပထမဝါဆိုလဆန်း (၁)ရက် (၁၀ ဇွန် ၁၉၆၄)တွင် ကျိုက္ခမီခရိုင်ကို မော်လမြိုင်ခရိုင်ဟုအမည်ပြောင်းသည်။ ထို့ကြောင့်တနင်္သာရီတိုင်း အတွင်းရှိ ခရိုင်(၄)ခုတို့မှာ (၁)မော်လမြိုင်ခရိုင် (၂)သထုံခရိုင် (၃)ထားဝယ်ခရိုင်နှင့် (၄)မြိတ်ခရိုင်တို့ ဖြစ်လာကြသည်။ ၁၃၃၄-ခုနှစ်၊ ပထမဝါဆိုလဆန်း(၁၀)ရက် (၂၀ ဇွန် ၁၉၇၂)မှစပြီး ယခင်တနင်္သာရီတိုင်းကို တနင်္သာရီကိုင်းအမှတ်(၁)နှင့် တနင်္သာရီတိုင်းအမှတ်(၂)ဟူ၍ တော်လှန်ရေးကောင်စီက

သတ်မှတ်သည်။ တိုင်းအမှတ်(၁)တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ပါဝင်ပြီး တိုင်းအမှတ်(၂)တွင် ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့ပါဝင်သည်။

၁၃၃၄-ခုနှစ်၊ နတ်တော်လကွယ်နေ့ (၃ ဇန်နဝါရီလ ၁၉၇၄)တွင် မြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းအတည်ပြုလိုက်သောအခါ တနင်္သာရီတိုင်းအမှတ်(၁)သည် မွန်ပြည်နယ်ဖြစ်လာကာ တနင်္သာရီတိုင်းအမှတ်(၂)သည် တနင်္သာရီတိုင်းဖြစ်လာသည်။ မွန်ပြည်နယ်၏ မြို့တော်မှာ မော်လမြိုင်ဖြစ်၍ တနင်္သာရီတိုင်း၏မြို့တော်မှာ ထားဝယ်မြို့ဖြစ်လာသည်။]

အခန်း (၃)

အုပ်ချုပ်ရေး

(က) ဗျူရိုကရေစီ အုပ်ချုပ်ရေး

မော်လမြိုင်ကို တနင်္သာရီတိုင်းမြို့တော်အဖြစ် တည်ထောင်ပြီးနောက် အုပ်ချုပ်ရေးယန္တရားကို ကျိုက္ခမီမှမော်လမြိုင်သို့ပြောင်းရွှေ့ရာတွင် အုပ်ချုပ်ရေး စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းသည်။ ယာယီနံ့မှားကို (၂)နှစ်၊ (၃)နှစ်ခံသောပစ္စည်းများဖြင့် အလျင်အမြန်တည်ဆောက်သည်။ နေသားတကျ ရှိသောအခါမှသာ အဆောက်အဦများကို အခိုင်အမာတည်ဆောက်သည်။

ပထမဆုံးသောဝန်ရှင်တော်မင်းကြီးနံ့သည် "တပ်မြို့"တွင်တည်ရှိသည်။ ကောလာ၊ ၁၁၉၇-ခုနှစ် (ခရစ်-၁၈၃၅)ရောက်မှသာ ဝန်ရှင်တော်မင်းကြီးနံ့(ယခု မြည်နယ်ရဲမှူးကြီးနံ့)ကို တည်ဆောက်ပြီးစီးသည်။ ကောလာ၊ ၁၂၀၆-ခုနှစ် (ခရစ်-၁၈၄၄)တွင် တရားနံ့(ယခု မွန်မြည်နယ်တရားနံ့)ကို လည်းကောင်း၊ ကောလာ၊ ၁၂၂၂-ခုနှစ် (ခရစ်-၁၈၆၀)တွင် အရေးပိုင်နံ့(ယခုခ-ယ-ကနံ့)ကိုလည်းကောင်း ဆောက်လုပ်ပြီးစီးသည်။

တနင်္သာရီတိုင်းအုပ်ချုပ်ရေးဝန်ထမ်းများတွင် ဝန်ရှင်တော်မင်းကြီး (Commissioner)သည် ထိပ်ဆုံးတွင်ရှိသည်။ ဝန်ရှင်တော်မင်းကြီးသည် မိမိနံ့စိုက်ရာ ဒေသ၌ တရားစီရင်ရသည်။ မုဒ္ဓာမနှင့် ထားဝယ်မြို့နယ်များသို့လည်း သွားရောက်လှည့်လည်၍ တရားစစ်ဆေးရသည်။ ထောင်၊ ဆေးရုံနှင့် မှတ်တမ်းများကိုစစ်ဆေးရသည်။

ဝန်ရှင်တော်မင်းကြီးလက်အောက်တွင် ခရိုင်များကို ကြီးကြပ်ရန် အရေးပိုင်များ (Deputy Commissioners)၊ လက်ထောက်ဝန်ရှင်တော် မင်းကြီးများ(Assistant Commissioners)နှင့် ဝန်ထောက်များ(Extra Assistant Commissioners)များရှိသည်။

ထိုစဉ်ကအုပ်ချုပ်ရေးတွင် ဗျူရိုကရေစီ(Bureauecracy)စနစ်ကို ကျင့်သုံးသည်။ အဆင့်ဆင့်တင်းကျပ်စွာချုပ်ကိုင်ထားသောအုပ်ချုပ်ရေးစနစ် ဖြစ်သည်။

ခရိုင်တစ်ခုတွင် အရေးပိုင်သည်ရာထူးအမြင့်ဆုံးဖြစ်သည်။ တရားမဌာန၊ ရာဇဝတ်ဌာနနှင့် အခွန်ဌာနတို့တွင် တာဝန်အရှိဆုံးဖြစ်သည်။ မှတ်တမ်းများ၏

မော်ကွန်းထိန်းလည်းဖြစ်သည်။ ရဲတပ်ဖွဲ့ကိုလည်းကြပ်မတ်ပေးရသည်။ အခါအားလျော်စွာ နယ်လှည့်ပြီး စိုက်ပျိုးရေးအခြေအနေကိုလေ့လာရသည်။ လက်အောက်ခံအရာရှိများကို ကွပ်ကဲရသည်။

လက်ထောက်ဝန်ရွှင်တော်မင်းကြီးနှင့် ဝန်ထောက်တို့မှာ တရားရုံးများတွင်သာတာဝန်ထမ်းဆောင်ရသည်။ လက်ထောက်ဝန်ရွှင်တော်မင်းကြီးမှအထက် ရာထူးကြီးများကို ဥရောပသားများသာ ခန့်ထားခြင်းခံရသည်။ ဝန်ထောက်ရာထူးတွင် မြန်မာနိုင်ငံသားများလည်း ပါဝင်ထမ်းဆောင်ခွင့်ရသည်။ မိမိတို့အလုပ်နှင့် ဝတ်သက်သော လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စာမေးပွဲများကို ဖြေဆိုအောင်မြင်ရသည်။ အထက်ပါအရာရှိများသည် ဗျူရိုကရေစီယန္တရား၏ "ဒေါက်တိုင်ကြီးများ" တစ်နည်းအားဖြင့် "ဗျူရိုကရက်"(Bureaucrat)ကြီးများ ဖြစ်ကြသည်။

အောက်ခြေဝန်ထမ်းများမှာ စစ်ကဲများ၊ ခေါင်းချုပ်များ၊ သူကြီးများနှင့် ကြေးထမ်းကြီးများ ဖြစ်ကြသည်။

စစ်ကဲရာထူးမှာ မြန်မာမင်းလက်ထက်ကဝင်ရှိသည်။ အင်္ဂလိပ်လက်ထက်တွင် စစ်ကဲများသည် ခရိုင်မြို့ကြီးများတွင် တရားမနှင့် ရာဇဝတ်အမှုငယ်များကိုစီရင်ရသော တိုင်းရင်းသားတရားသူကြီးများဖြစ်ကြသည်။ စစ်ကဲတစ်ဦး၏လစာမှာ ကျပ် (၃၀၀) ဖြစ်သည်။ "ဦးထော်လေး"သည် ကောဇာ၊ ၁၁၉၇-ခုနှစ်၊ ဝါဆိုလဆန်း(၇)ရက် (၁ ဇူလိုင် ၁၈၃၅)တွင် လစာ(၁၂၅)ကျပ်ဖြင့် မော်လမြိုင်တောင်ပိုင်းစစ်ကဲအဖြစ် ခန့်အပ်ခြင်းခံရသည်။ ရွှေကျင်ဝန်ကြီးဦးမြတ်မြှုပ်မှာ မော်လမြိုင်မြောက်ပိုင်းစစ်ကဲဖြစ်သည်။

ခေါင်းချုပ်များကို (၂၅)ကျပ်မှ ကျပ်(၁၀၀)အထိ လစာအမျိုးမျိုးပေးသည်။ ကောဇာ၊ ၁၂၃၂-ခုနှစ် (၁၈၇၀-၁၈၇၀)တွင် ခေါင်းချုပ်နှင့်ရာထူးအဆင့်တူသော မြို့အုပ်ရာထူး ပေါ်လာသည်။ မြို့အုပ်ရာထူးကို တိုင်းရင်းသားများထဲမှ အရည်အချင်းစစ်စာမေးပွဲကျင်းပကာ ရွေးချယ်ခန့်ထားသည်။

သူကြီးများကို ရပ်ရွာအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အခွန်ကောက်ခံရေးတို့အတွက် ခန့်ထားသည်။ သူကြီးများကို မိမိတို့ကောက်ခံရရှိသော အခွန်ပေါ်မှ အချို့ကျေးသည်။

သူကြီးများ၏တာဝန်မှာ များပြားကျယ်ပြန့်လာသည့်အတွက် သူကြီးများကို

တူညီရန် "ကြေးထမ်းကြီး"ခေါ် အခွန်ကောက်ခံပေးရသော မွာလူကြီးများကို ခန့်ထားသည်။

တုပ်ချုပ်ရေးကျယ်ပြန့်လာသောအခါ ခရိုင်မြို့ကြီးများတွင် ဆိပ်ကမ်းအရာရှိ (Master Attendants)များကို ခန့်ထားသည်။ ထိုအရာရှိတို့တာဝန်များမှာ မြို့နယ်ရာဇဝတ်တရားသူကြီးတာဝန်၊ သစ်လုပ်ငန်းခွန်ကောက်ခံပေးရသည့်တာဝန်၊ စာတိုက်ဗိုလ်တာဝန်၊ သိုလှောင်ခွဲများကြီးကြပ်ရသည့်တာဝန်နှင့် ရေကြောင်းအရာရှိများကို ကြီးကြပ်ပေးရသည့်တာဝန်တို့ဖြစ်ကြသည်။

ကောဇာ၊ ၁၂၁၈-ခုနှစ် (၁၆၈၀-၁၈၅၆)တွင် မော်လမြိုင်မြို့နယ်အတွက် ရာဇဝတ်တရားသူကြီးကို စတင်ထားရှိသည်။

(ဇ) တရားစီရင်ရေး

ဝန်ရှင်တော်မင်းကြီး "မိန်းဝေး"သည် ကောဇာ၊ ၁၁၉၁-ခုနှစ် (ခရစ်-၁၈၂၉)တွင် "ဂျူရီ"(Jury)စနစ်(ခုံသမာဓိစနစ်)ဖြင့် တရားစီရင်သောစနစ်ကို စတင်ကျင့်သုံးသည်။ ဂျူရီလူကြီးများတွင် စစ်ကဲများ၊ သူကောင်းပြုတရားသူကြီးများ၊ သမာဓိလူကြီးများ ပါဝင်ကြသည်။ ကောဇာ၊ ၁၁၉၄-ခုနှစ် (ခရစ်-၁၈၃၂)တွင် မော်လမြိုင်အရပ်သားဦးရေမှာ (၁၄၀၀၀)သာရှိသေးသည်။ အများစုမှာ တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ အမှုအခင်းအလွန်နည်းပါးသည်။ တိုင်းရင်းသားတရားသူကြီးများကလည်း "ကြီးသောအမှုငယ်စေ၊ ငယ်သောအမှု ပပျောက်စေ" ဟူသောခံယူချက်ဖြင့် တရားစီရင်သည်။ ဂျူရီစနစ်ဖြင့်စီရင်သောအမှုများအနက် ထူးခြားသောအမှု(၄)မှုအကြောင်း တင်ပြလိုပေသည်။

ပထမအမှုစီရင်ပုံမှာ တရားလိုရောတရားခံကိုပါ မြို့တွင်းလှည့်လည်ပြီး မောင်းတီးစေသည်။ အဘယ်ကြောင့်ဤသို့ စီရင်ရသနည်းတူမူ ယင်းတို့နှစ်ဦးမှာ ဇနီးမောင်နှံများဖြစ်ကြပြီး အသေးအဖွဲကိစ္စလေးများအတွက် မကြာခဏခိုက်ရန်ဖြစ်ပွားပြီး တရားရုံးရောက်သည်။ တရားသူကြီးများကိုဒုက္ခပေးသည်။ တတိယအကြိမ်တရားရုံးသို့ ရောက်လာသည့်အခါ ဂျူရီလူကြီးများကအထက်ပါအတိုင်းစီရင်သည်။ ဤအမှုတွင် တရားလိုရောတရားခံပါ အပြစ်ရကြသည်။

ဒုတိယအမှုတွင် တရားလို အပြစ်ရ၍ တရားခံလွတ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် အမှုစစ်ဆေးလိုက်သည့်အခါ မုဒိမ်းမှုတုလာရောက်တိုင်ကြားသောတရားလိုသည် တရားခံအားမြို့ဆွယ်ကြောင်း တွေ့ရသောကြောင့်ဖြစ်သည်။

တတိယအမှုမှာ ခိုးမှုဖြစ်သည်။ ဤအမှုတွင် တရားခံမှာအပြစ်ရှိသည်ဖြစ်၍ အကျဉ်းချုရန်ဖြစ်သော်လည်း အချုပ်တွင်သာထားလျက် ခိုးသောငွေပြန်ရစေရန် ကုလိလုပ်ခိုင်းကြောင်းတွေ့ရသည်။

စတုတ္ထအမှုမှာ ဇနီးအားစွန့်ပစ်သွားသောအမှုဖြစ်သည်။ ဤအမှုတွင် တရားခံအား အစိုးရအလုပ်ကိုလုပ်စေ၍ ရရှိသောလစာ၏အချို့အဝက်ကို ဇနီးအားထောက်ပံ့စေသည်။

အထက်ပါစီရင်ပုံများမှာ ဥပဒေအရမဟုတ်စေကားမူ တရားမျှတမှုမရှိဟု

ဆိုရန် ခက်ခဲပေလိမ့်မည်။

ကောလာ၊ ၁၂၀၅-ခုနှစ် (ခရစ်-၁၈၄၃)တိုင်အောင် တရားရုံးကုန်ကျစရိတ်မှာ (၄)ကျပ်၊ (၅)ကျပ်မျှသာဖြစ်သည်။ ကောလာ၊ ၁၂၁၉-ခုနှစ် (ခရစ်-၁၈၅၇)အထိ တံဆိပ်ခေါင်းခွန် မပေးရသေးချေ။ တရားမနှင့် ရာဇဝတ်မှုမျှားအတွက် ဝရမ်းထုတ်ခြင်းကို (၂)ကျပ်၊ သမ္မန်စာအတွက် (၁)ကျပ်၊ ဆင့်ခေါ်စာအတွက် (၄)ပဲသာ ကောက်ခံသည်။ တရားကွပ်ဖိုးကို အမှု၏ (၁၀)ရာခိုင်နှုန်းသာသတ်မှတ်၍ တရားနှုံးသူက ပေးဆပ်ရသည်။ တရားခံမှာဆင်းရဲလျှင် တရားကွပ်ဖိုးကိုလျော့၍ တရားခံသို့ သမ္မန်စာဆင့်ခေါ်ခအတွက် ငွေတစ်ကျပ်နှင့် သက်သေဆင့်ခေါ်ခအတွက် တစ်ပဲသာ ကျခံရသည်။ အလွန်ဆင်းရဲသော တရားခံဖြစ်လျှင် သမ္မန်စာဆင့်သူ၊ ဆင့်ခေါ်စာပို့သူတို့က အခမဲယူပေး၊ ကုန်ကျရန်မလိုတော့ချေ။

"မိန်းဂေး"ကို ဆက်ခံသော ဝန်ရှင်တော်မင်းကြီးများလက်ထက်တွင် တနင်္သာရီတိုင်း၌ ခုံသမာဓိစနစ်ဖြင့်တရားစီရင်သည်ကို မတွေ့ရတော့ချေ။ ကောလာ၊ ၁၁၉၄-ခုနှစ် (ခရစ်-၁၈၃၂)တွင် မော်လမြိုင်အရပ်သားဦးရေသည် (၁၄၀၀၀)ရှိရာမှ ကောလာ၊ ၁၂၁၃-ခုနှစ် (ခရစ်-၁၈၅၅)တွင် အရပ်သားဦးရေ (၂၁၄၃၂)ဦးအထိ တိုးပွားလာသည်။ ထိုသို့တိုးပွားလာခြင်းမှာ မော်လမြိုင်တွင်စီးပွားရေးလုပ်ငန်းကောင်းသဖြင့် တရုတ်နှင့် ကုလားများ လာရောက်အခြေချနေထိုင်သောကြောင့်ဖြစ်သည်။

မော်လမြိုင်ခရိုင်တွင် ကောလာ၊ ၁၂၇၃-ခုနှစ် (ခရစ်-၁၉၁၁)တွင် တရုတ်လူဦးရေ (၅၆၀၃)ဦးရှိရာမှ ကောလာ၊ ၁၂၉၃-ခုနှစ် (ခရစ်-၁၉၃၁)တွင် တရုတ်လူဦးရေ (၁၁၂၈၇)ဦးအထိတိုးပွားလာသဖြင့် နှစ်ပေါင်း(၂၀)အတွင်း (၂)ဆတိုးလာသည်ကိုတွေ့ရသည်။ တရုတ်လူဦးရေ (၁၁၂၈၇)ဦးအနက် (၅၀၀၀)သည် မော်လမြိုင်တွင်နေထိုင်ကာ ကုန်သွယ်ရေးနှင့် ဥယျာဉ်စိုက်ပျိုးရေးတွင်လုပ်ကိုင်ကြသည်။

ကောလာ၊ ၁၂၈၉-ခုနှစ် (ခရစ်-၁၉၂၇)တွင် မော်လမြိုင်ခရိုင်မှ လောင်းကစားခွန် ကျပ်(၃၀၀)ရရှိသည်။ နောက် (၂)နှစ်အကြာ ကောလာ၊ ၁၂၉၁-ခုနှစ် (ခရစ်-၁၉၂၉)တွင် လောင်းကစားခွန် ကျပ်(၁၆၀၀၀)ရရှိသည်။ ထိုအခါ မြို့မိ၊ မြို့ဖတို့က မော်လမြိုင်မြို့သူ၊ မြို့သားတို့၏ အကျင့်စာရိတ္တပျက်ပြားလာသည်ကို တွေ့ရသည့်အတွက် အပြင်းအထန်ကန့်ကွက်ရာ အင်္ဂလိပ်အစိုးရက လောင်းကစား

လိုင်စင်ကို ဝိတ်ပင်လိုက်သည်။ ကောလာ၊ ၁၂၉၂-၉၃-ခုနှစ် (ခရစ်-၁၉၃၀-၃၁)တွင် အရက်လိုင်စင် (၁၁၆)ခု ချပေးသည်။ ထိုနှစ်မှာပင်ဘိန်းခွန်မှ ကျပ်ငွေ(၁၇၂၆၈၂) ရရှိသည်။ ကောလာ၊ ၁၂၂၄-ခုနှစ် (ခရစ်-၁၈၆၂)တွင် ဘိန်းခန်းလိုင်စင်များကို တစ်ခန်းလျှင် (၁၆)ကျပ်နှုန်းဖြင့် အကန့်အသတ်မရှိချပေးသည်။ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံသားများအပေါ် မည်သို့သဘောထား၍ မည်သို့ဖြစ်စေလိုပုံမှာ ထင်ရှားသည်။ အထက်ပါလုပ်ငန်းအများစုသည် တရုတ်တို့လက်ဝယ်တွင်ရှိသည်။ ဘိန်းနှင့် အရက်ကိစ္စမှလွဲ၍ တရုတ်တို့သည်တိုင်းရင်းသားတို့နှင့် သင့်သင့်မြတ်မြတ် နေထိုင်သည်။ အစိုးရဌာနများကိုလည်း ဒုက္ခမပေးချေ။ ယစ်မျိုးဌာနကား ခွင်းချက်ဖြစ်သည်။ ရွာအများအပြားတွင် တရုတ်သူကြီးများဝင်ရှိသည်။

ပထမအင်္ဂလိပ်-မြန်မာစစ်ပြီးချိန်တွင် မော်လမြိုင်သို့ အိန္ဒိယမှ "စစ်ပါရီ" (Sepoy)စစ်သားများဝင်ရောက်လာသည်။ မကြာမီမှာပင် ဘင်္ဂလား(Bengal)၊ ဩရိဿ(Orissa)နှင့် မဒရပ်(Madras)တို့မှ ကုလားကုန်သည်နှင့် အလုပ်သမားများ မော်လမြိုင်သို့ဝင်ရောက်လာသည်။ ကောလာ၊ ၁၂၉၂-ခုနှစ် (ခရစ်-၁၈၃၀)တွင် ဘင်္ဂလားမှထောင်သားအများကြီးပြား မော်လမြိုင်ထောင်သို့ရောက်လာသည်။ ၁၂၀၀-ပြည့်နှစ်၊ နတ်တော်လ (ဒီဇင်ဘာ ၁၈၃၈)တွင် မဒရပ်တမ်းခြေမှကုလားများ အလုံးအရင်းဖြင့် မော်လမြိုင်သို့ဝင်ရောက်လာသည်။ ကောလာ၊ ၁၂၀၂-ခုနှစ် (ခရစ်-၁၈၄၀)တွင် မြောက်ပိုင်းကော်ရိုမင်ဒယ်(Coromandel)ကမ်းခြေမှ "ဝေါရင်ကီကူလီ" (Coolie)များ အစုလိုက်အပြုံလိုက်ဝင်ရောက်လာသည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရသည် နိုင်ငံခြားသားများကို မြန်မာနိုင်ငံအတွင်းသို့ တံခါးမရှိ၊ ခားမရှိတင်သွင်းရာတွင် ရေရှည်စီမံကိန်းချ၍ ဆောင်ရွက်သည်။ ကြီးမားသော ရည်ရွယ်ချက်(၃)ခုရှိသည်။ (၁)သွေးခွဲအုပ်ချုပ်ရေး လွယ်ကူစေရန် (၂)မိမစစ်ဘမစစ် ကပြားကလေးများ ပေါ်ထွက်လာစေရန်နှင့် (၃)မြန်မာအမျိုးသားတို့၏ အမျိုးသားရေး စိတ်ဓာတ် အင်အားချိနဲ့သွားစေရန်တို့ ဖြစ်သည်။

အထက်ပါအတိုင်း နိုင်ငံခြားသားများဝင်ရောက်လာသည့်အတွက် ပြဿနာသုံးရပ် ပေါ်ပေါက်လာသည်။ (၁)လူမျိုးရေး၊ ဘာသာရေးပြဿနာ (၂)အကျင့်စာရိတ္တပျက်ပြားမှုပြဿနာနှင့် (၃)အမှုအခင်းတိုးပွားလာသည့်ပြဿနာများဖြစ်သည်။

ကောလာ၊ ၁၂၀၂-ခုနှစ် (ခရစ်-၁၈၄၀)ကျော်လွန်သောအခါ တရားစစ်ဆေး

စီရင်မှုပုံစံ ပြောင်းလာသည်။ ဥပဒေအတိုင်းစစ်ဆေးစီရင်လာသည်။ ရှေ့နေများ ပေါ်ပေါက်လာသည်။ ထိုစဉ်ကမော်လမြိုင်တွင်ရှိနေသောရှေ့နေအားလုံးမှာ ဘီလပ် (ဗြိတိန်နိုင်ငံ)မှလာသော ဝတ်လုံတွဲ့ရသူများသာဖြစ်ကြသည်။ မြန်မာရှေ့နေ တစ်ဦး တစ်ယောက်မှ မရှိသေးချေ။ ထို့ကြောင့် တရားရုံးတွင် အင်္ဂလိပ်လို လျှောက်လဲရသည်။ မြန်မာလိုလျှောက်ခြင်းမရှိသေးချေ။ ထို့ကြောင့် အမှုသည်တို့သည် ဘီလပ်ဝတ်လုံများကိုသာ ငှားရမ်းရသည်။ ဝတ်လုံများနားလည်အောင်ပြောရန်အတွက် ဘာသာပြန်နှင့် စကားပြန် (၂)ယောက်ကိုလည်း ငှားရမ်းပေးရသည့်အတွက် ငွေကုန်ကြေးကျများသည်။

တရားစစ်ဆေးသောအခါ တရားသူကြီးက ဝတ်လုံကိုအင်္ဂလိပ်လိုမေးသည်။ ဝတ်လုံကလည်း အင်္ဂလိပ်လိုသာလျှောက်လဲရသည်။ ထိုစဉ်အခါတွင် ဝတ်လုံအနီးတွင် စကားပြန်နှင့် ဘာသာပြန်တို့သည်အသင့်ရှိနေရသည်။ ဝတ်လုံက အမှုသည်ကို စကားပြန်မှတဆင့်မေးသောအခါ အမှုသည်ကမြန်မာစကားနှင့် ပြန်ပြောသမျှကို စကားပြန်က ဝတ်လုံကိုပြန်ပြောရသည်။ တဖန်ဝတ်လုံက တရားသူကြီးကို အင်္ဂလိပ်လို ပြန်ပြောရသည်။ ထို့ကြောင့်အမှုစစ်ဆေးရာတွင် အချိန်ပို၍ကြာရတော့သည်။

ဥပဒေဟူသည် မျှော်ကြိုး (ကြက်ပေါင်ကြိုး)နှင့် တူသည်ဟု ဆိုရိုးစကားရှိလေရာ တရားဆိုင်ရာတွင် ဆန့်နိုင်၊ ရှန်းနိုင်စွမ်းရှိမှသာရယူလိုသော ဆန္ဒပြည့်ဝပေတော့သည်။

(ဂ) အကျဉ်းထောင်

မြန်မာမင်းလက်ထက်အခါက တနင်္သာရီတိုင်းတွင် အကျဉ်းထောင် အလွန်နည်းပါးသည်။ အင်္ဂလိပ်လက်အောက်ရောက်သောအခါ မော်လမြိုင်၊ ကျိုက္ခမီ၊ ထားဝယ်နှင့် မြိတ်တို့တွင် အကျဉ်းထောင်များ ထားရှိလာသည်။ အင်္ဂလိပ်တို့ရောက်စက တနင်္သာရီတိုင်းတွင် တိုင်းရင်းသားအကျဉ်းသားများသာရှိရာ အရေအတွက် မများလှချေ။ ကောလာ၊ ၁၁၈၀-ပြည့်နှစ် (ခရစ်-၁၈၂၈)တွင် တနင်္သာရီတိုင်း စိုက်ပျိုးရေးလုပ်ငန်းတွင် အိန္ဒိယမှအကျဉ်းသားများကို သယ်ယူအသုံးချရန် ဆုံးဖြတ်သည်။ ထို့ကြောင့်ခရိုင်မြို့ကြီးများတွင် အကျဉ်းထောင်များ တည်ဆောက်ရန် လိုအပ်လာသည်။

တိုင်းမြို့တော်ဖြစ်လာသည့်ကောလာ၊ ၁၁၉၁-ခုနှစ် (ခရစ်-၁၈၂၉)မှာပင် မော်လမြိုင်အကျဉ်းထောင်ကို စတင်တည်ဆောက်သည်။ ပထမပိုင်းတွင် သစ်သား အဆောက်အဦကို သစ်ရွက်(ခနို)မိုး၍ သစ်တုံးများဖြင့်ကာရံထားသဖြင့် လုံခြုံမှုမရှိချေ။ ကောလာ၊ ၁၁၉၃-ခုနှစ် (ခရစ်-၁၈၃၁)ရောက်သောအခါ အုတ်တံတိုင်း လေးဘက်ကာရံထားသည့် သစ်သားတန်းလျားဖြစ်လာသည်။ ကောလာ၊ ၁၂၀၂-ခုနှစ်မှ ၁၂၀၂-ခုနှစ်အတွင်း (ခရစ်-၁၈၄၀-၁၈၅၀)တွင် မော်လမြိုင်အကျဉ်းထောင်ကို အုတ်ဖြင့် နှစ်ထပ်အဆောက်အဦများဆောက်သည်။ ကြမ်းပြင်ကိုသစ်သားခင်း၍ အပိုးမှာ အုတ်ကြွပ်ဖြစ်သည်။ ယခုထောင်ဟောင်းဟုခေါ်နေကြသည်မှာ ဤထောင်ဝင်ဖြစ်သည်။

ကောလာ၊ ၁၁၉၃-ခုနှစ် (ခရစ်-၁၈၃၁)တွင် မော်လမြိုင်အကျဉ်းထောင်ကို ထောင်ခွဲးလုလင်(ယခုခေတ် "ဝါဒါ"(Warder))တို့က နေ့ခင်းတွင်စောင့်၍ ညဘက်တွင် စစ်တပ်ကစောင့်သည်။ ပထမပိုင်းတွင်အကျဉ်းထောင်ကို အရေးပိုင်ကအုပ်ချုပ်သည်။ ကောလာ၊ ၁၂၀၆-ခုနှစ် (ခရစ်-၁၈၄၄)တွင် ထောင်အုပ်ချုပ်ရေးကို ရာဇဝတ်တရားသူကြီးသို့လွှဲပေးသည်။ ကောလာ၊ ၁၂၂၆-ခုနှစ် (ခရစ်-၁၈၆၄)တွင် အကျဉ်းထောင်ဌာနကိုဖွဲ့စည်းသည်။ ထို့ကြောင့် အကျဉ်းထောင်အားလုံးကို အကျဉ်းထောင်မင်းကြီး "စီပလန်"(C. Planck)လက်အောက်တွင် ထားရှိသည်။

မော်လမြိုင်အကျဉ်းထောင်တွင်၊ အိန္ဒိယပြည် ဘဝ်လားနယ်နှင့် မဒရပ်နယ်များမှ အပြစ်ဒဏ်ကျသူများ။ မလေးကျွန်းဆွယ်၊ ပဲခူးမုတ္တမနှင့် ကျိုက္ခမီ နယ်များမှ အပြစ်ဒဏ်ကျသူများထားရှိသည်။ စိတ္တဇဝေဒနာသည်များထားရန်

ဆေးရုံမရှိသေးသဖြင့် မော်လမြိုင်အကျဉ်းထောင်မှာပင်ထားရသည်။ အိန္ဒိယမှ အကျဉ်းသားများပို့ရာတွင် အမျိုးသမီးများပါလာရာ ပြဿနာပေါ်သဖြင့် ဝန်ရှင်တော်မင်းကြီး "ဘလန်ဒယ်"(E.A.Blundell)က အမျိုးသမီးများထပ်ပို့ခြင်းကို ငြင်းပယ်သည်။ ဥရောပအကျဉ်းသားနှင့် တိုင်းရင်းသားအကျဉ်းသား ဥပဒေအရ ခွဲခြားမှုမရှိဟုဆိုသော်လည်း လက်တွေ့တွင် ဥရောပအကျဉ်းသားတို့မှာ ပိုမိုလွတ်လပ်သည်။ ကောဇာ၊ ၁၂၁၉-ခုနှစ် (ခရစ်-၁၈၅၇)တွင် အကျဉ်းသားများကို အကျဉ်းထောင်သို့ပို့ရာတွင် တစ်သက်တစ်ကျွန်းကျသူများကို မော်လမြိုင်၊ (၁၄)နှစ်ကျသူကို မြိတ်၊ (၇)နှစ်ကျသူကို ထားဝယ်အကျဉ်းထောင် အသီးသီးသို့ပို့သည်။ ကျိုက္ခမီထောင်တွင်မူ မော်လမြိုင်မှအားအင်ချိနဲ့သူများ သက်ကြီးရွယ်တို အကျဉ်းသားများ ထားရှိသည်။ ကောဇာ၊ ၁၂၀၅-၁၂၁၅-ခုနှစ် (ခရစ်-၁၈၄၃-၅၃)တွင် အကျဉ်းသားများကို (၄)မျိုး ခွဲထားသည်။ ပထမအမျိုးအစားကို သံခြေကျင်းအလေးဆုံး ခတ်၍ အလုပ်ကြမ်းလုပ်စေသည်။ ဒုတိယအမျိုးအစားကို ပေါ့သောသံခြေကျင်းခတ်၍ သာမန်အလုပ်ကိုသာလုပ်စေသည်။ တတိယအမျိုးအစားမှာ သံခြေကျင်းမခတ်ဘဲ သာမန်အလုပ်ကိုသာလုပ်စေသည်။ စတုတ္ထအမျိုးအစားမှာ အကျဉ်းဌာန၏ အုပ်ထိန်းမှုအောက်ရောက်ရုံသာသောသာရှိ၍ မိတ်ဆွေများထံလည်ပတ်ခွင့်ရှိသည်။

ကောဇာ၊ ၁၂၁၈-ခုနှစ် (ခရစ်-၁၈၅၆)တွင် အကျဉ်းသားများကို အဆင့် (၆)ဆင့်ခွဲထားသည်။ ပထမအဆင့်တွင် ခွင့်လက်မှတ်ရသူ၊ တစ်သက်တစ်ကျွန်းကျ အကျဉ်းသားများပါဝင်သည်။ အကျဉ်းထောင်အတွင်း (၁၆)နှစ်ပြစ်ချက်မရှိသူများဖြစ်သည်။ ဒုတိယအဆင့်တွင် ထောင်စည်းကမ်းလိုက်နာပြီး ထောင်တွင်း၌ (၈)နှစ်နေပြီးသူများပါဝင်သည်။ အကျဉ်းသားရဲအဖြစ်ခန့်ထားခြင်းခံရပြီး တစ်လလျှင် (၁)ကျပ်မှ (၈)ကျပ်အထိလစာရသည်။ တနင်္ဂနွေနေ့များတွင် ခေတ္တအပြင်ထွက်ခွင့်ရသည်။ တတိယအဆင့်တွင် (၅)နှစ်အကျဉ်းကျခံရပြီးသူများပါဝင်ပြီး၊ (၅)နှစ်အတွင်း ကောင်းစွာနေထိုင်ရသည်။ ရရှိမြဲဝေပုံကျအစားအစာ အပြည့်အစုံရသည့်အပြင် တစ်လလျှင် (၁)ကျပ်အပိုငွေရသည်။ စတုတ္ထအဆင့်တွင် ရောက်ရှိလာသမျှ အပြစ်ကျသူအားလုံးပါဝင်သည်။ သံခြေကျင်းခတ်၍ အလုပ်လုပ်စေသည်။ အခြေအနေကိုကြည့်၍ အခွင့်အရေးတိုးခြင်း၊ လျော့ခြင်းကိုပြုလုပ်သည်။ ပဉ္စမအဆင့်တွင် ဆိုဆုံးမ၍မရနိုင်သူများပါဝင်သည်။ ဆဋ္ဌမအဆင့်တွင် အားအင်ချိနဲ့၊

အသက်ကြီးရင့်သူများနှင့် အမျိုးသမီးများပါဝင်သည်။

၁၂၁၈-ခုနှစ်၊ ပြာသိုလဆန်း(၆)ရက် (၃၁ ဒီဇင်ဘာ ၁၈၅၆)တွင် မော်လမြိုင်နှင့် တျိုကွမီအကျဉ်းထောင်၌ အကျဉ်းသား (၁၆၅၀)ဦးရှိသည်။ ထိုနှစ်တွင် အကျဉ်းသားများအနက် ထွက်ပြေးသူ (၃၀)၊ ပြန်မိသူ (၁၈)နှင့် လွတ်မြောက်သူ (၁၂)ဦး ရှိသည်။

ကောလာ၊ ၁၂၂၂-ခုနှစ် (၁၈၆-၁၈၆၀)တွင် အကျဉ်းသားတစ်ဦးအတွက် တစ်နှစ်တုန်းကျငွေမှာ (၆၀)ကျပ်၊ (၄)ပဲ၊ (၆)ဖိုင် ဖြစ်သည်။ ကောလာ၊ ၁၁၉၆-ခုနှစ် (၁၈၃၄-၁၈၃၄)မှစ၍ အကျဉ်းသားများသည် ထောင်ပြင်ဝလုပ်ငန်းများတွင် လုပ်ကိုင်ခွင့်ရသည်။ ဌာနဆိုင်ရာလမ်းဖောက်ရာတွင်လည်းကောင်း၊ ပုဂ္ဂလိက အလုပ်ကြမ်းများတွင်လည်းကောင်း၊ အိမ်စေများအဖြစ်လည်းကောင်း လုပ်ကိုင်ကြသည်။ ကောလာ၊ ၁၂၀၆-ခုနှစ် (၁၈၄၄-၁၈၄၄)သို့ ရောက်သောအခါ ဝန်ရွက်တော်မင်းကြီး "ဘရောဖို့" (Broadfoot)က အကျဉ်းသားများအပြင်သို့ထွက်၍အလုပ်လုပ်ရာတွင် ညှင်းဆဲခံရခြင်း၊ မကြာခဏထွက်ပြေးခြင်းများ ဖြစ်ပေါ်လာသောကြောင့် အပြင်ထွက်အလုပ်လုပ်ခြင်းကို ပိတ်ဝင်သည်။

အကျဉ်းသားများကို ပန်းရံ၊ လက်သမားအစရှိသည့် အလုပ်များကို သင်ကြားပေးသည်။ မော်လမြိုင်အကျဉ်းထောင်ကို ဗိုလ်ကြီး "မန်း" (Captain Man) ကြီးကြပ်သောကာလဖြစ်သည့် ကောလာ၊ ၁၂၁၈-ခုနှစ် (၁၈၅၆-၁၈၅၆)တွင် အကျဉ်းသားများထုတ်လုပ်သော လက်မှုပစ္စည်းများကို ရောင်းချရာ (၆၈၁၄)ကျပ်၊ (၅)ပဲ၊ (၉)ဖိုင် ရရှိသည်။

ထောင်၏ကုန်ကျစားရိတ်ကာမိစေရန် ထောင်သားတို့၏လုပ်အားကို အသုံးချခြင်းဖြစ်သည်။ ငါးကြင်းဆီဖြင့် ငါးကြင်းကြော်ခြင်းဖြစ်သည်။

(ဃ) ရဲတပ်ဖွဲ့

ကောလာ၊ ၁၀၉၁-ခုနှစ် (ခရစ်-၁၈၂၉)မတိုင်မီက မော်လမြိုင်တွင် ပြောပလောက်အောင် အမှုအခင်းမရှိခဲ့။ နောက်ပိုင်းတွင် သစ်လုပ်ငန်းကြီးထွားလာခြင်း၊ ဥရောပတိုက်သားနှင့် တရုတ်၊ ကုလားများ ဝင်ရောက်နေထိုင်လာခြင်းတို့ကြောင့် မော်လမြိုင်သည် အကြီးအကျယ်စည်ကားလာသည်။ စည်ကားလာသည်နှင့် အမှု အမှုအခင်းများလာသည်။ မြန်မာပိုင်နက် သံလွင်မြစ်အနောက်ဖက်ကမ်းမှလည်း ဝင်ရောက်နှောင့်ယှက်လာသည်။

ကောလာ၊ ၁၂၀၀-ပြည့်နှစ် (ခရစ်-၁၈၃၈)တွင် မွန်တပ်ဖွဲ့တစ်ဖွဲ့(A Corps of Mons)ကို ရဲတပ်ဖွဲ့ဝန်ထမ်းဆောင်စေရသည်။ ကောလာ၊ ၁၂၀၃-ခုနှစ် (ခရစ်-၁၈၄၁)တွင် မြို့စောင့်ရဲတာဝန်များကို လမ်းပေါင်း(၁၆)လမ်းမှသုံကြိုးများကို မြို့စောင့်ရဲတာဝန်ပေးသည်။ မြစ်တစ်လျှောက်တွင်းလည်း မြစ်စောင့်ရဲများထားသည်။ ကောလာ၊ ၁၂၀၆-ခုနှစ် (ခရစ်-၁၈၄၄)တွင် မြစ်အတွင်း၌လက်နက်တပ်ဆင်ထားသော တိုက်လှေနှစ်စင်းနှင့် ရိုးရိုးလှော်တက်လှေနှစ်စင်းထားခဲ့သည်။ ကောလာ၊ ၁၂၁၈-ခုနှစ် (ခရစ်-၁၈၅၆)တွင် သံလွင်မြစ်နှင့် အခြားမြစ်ဝယ်လေးများအတွင်း၌ထားရှိသော မြစ်စောင့်ရဲအင်အားမှာ -

၁။	ရဲဝန်ထောက်	၁-ဦး
၂။	လက်ထောက်	၁-ဦး
၃။	ဆရင် (Serangs)	၂-ဦး
၄။	တာဒယ် (Turdals)	၈-ဦး
၅။	ရဲတပ်သား (Lascars)	၉၇-ဦး
၆။	လက်သမား	၁-ဦး
၇။	လှေထေးသူ (Chalker)	၁-ဦး တို့ဖြစ်သည်။

ကောလာ၊ ၁၂၀၉-ခုနှစ် (ခရစ်-၁၈၄၇)တွင် မော်လမြိုင်မြို့စောင့်ရဲတပ်ဖွဲ့တို့အိန္ဒိယပြည် မဒရပ်နှင့် စစ်တကောင်းတပ်ဖွဲ့များဖြင့် အစားထိုးသည်။ ထိုရဲတပ်သားများမှာ စခိုက်ကြမ်းသည်။ တိုင်းရင်းသားများအပေါ် နှိုင်ထက်စီးနင်း၊ မောက်မောက်မာမာ၊ ကြမ်းကြမ်းတမ်းတမ်း ပြုမူဆက်ဆံသည်။ ကုလားရဲသားတို့သည် ကြာလေဆိုးလေဖြစ်လာသဖြင့် နောက်ဆုံးဖျက်သိမ်းပစ်ရသည်။

သစ်လုပ်ငန်းကြီးထွားလာသောအခါ သစ်ကုန်သည်များသည်ငွေထုပ်ပိုက်ကာ သစ်ခုတ်သမားနှင့် ကျွဲ၊ နွားများကိုခေါ်ဆောင်ကာ သစ်တောများရှိရာနယ်စပ်သို့ သွားရသည်။ ထိုအခါ နယ်စပ်ဒေသတွင် စားပြတိုက်မှုများ၊ ကျွဲ၊နွားခိုးမှုများ ပေါများလာသည်။ ထို့ကြောင့် ကောလာ၊ ၁၂၂၂-ခုနှစ် (ခရစ်-၁၈၆၀)တွင်-

ဗိုလ်ကြီး (Subadar)	၀-ဦး
ဗိုလ် (Jemedars)	၃-ဦး
တပ်ကြပ်ကြီး (Havildars)	၅-ဦး
ဒုတပ်ကြပ် (Naiks)	၅-ဦး
သာမန်စစ်သား (Privates)	၃၆-ဦး

ပါဝင်သော မွန်တပ်ဖွဲ့ကို မော်လမြိုင်၌ထားရှိရာမှ နယ်စပ်ဒေသသို့ ပြောင်းရွှေ့ပေးလိုက်ရသည်။

ကောလာ၊ ၁၂၂၄-ခုနှစ်၊ (ခရစ်-၁၈၆၂)သို့ရောက်သောအခါ ရဲတပ်ဖွဲ့ကို ခေတ်မီပုံစံဖြင့် ပြန်လည်ဖွဲ့စည်းသည်။ ခရိုင်တိုင်းတွင် ရဲဝန်ထောက်များ၊ လက်ထောက်ရဲဝန်ထောက်များ၊ အင်စပက်တော်များ၊ ရဲကြပ်ကြီးများနှင့် ရဲတပ်သားများပါဝင်သော ရဲတပ်ဖွဲ့ကို ဖွဲ့စည်းသည်။ သို့သော် မော်လမြိုင်တွင် လူသတ်မှု၊ လုယက်မှု၊ ဖောက်ထွင်းမှု၊ ခိုးမှုနှင့် ခိုးရာပါပစ္စည်းလက်ခံမှုတို့မှာ ကျဆင်းမသွားသည့်အပြင် ပိုတိုးလာသည်။ ကောလာ၊ ၁၂၃၃-ခုနှစ်၊ (ခရစ်-၁၈၇၅)တွင် မော်လမြိုင်၌ အမှုပေါင်း(၁၀၈၆)မှုရှိရာမှ နောက်တစ်နှစ်တွင် (၁၁၅၈)မှုရှိလာသဖြင့် (၇၂)မှုတိုးလာသည်ကိုတွေ့ရသည်။ ရဲတပ်သားများ၏ အရည်အသွေးတိုးတက်လာစေရန် ခရိုင်အသီးသီးတွင် သင်တန်းများပေးသည်။ "ရဲဌာန"(Thana)များဆောက်ပေးသည်။ လူပျိုရဲတပ်သားများအတွက် အုတ်ကြွတ်မိုး၊ ဖျဉ်ကာတန်းလျားများ ဆောက်လုပ်ပေးသည်။ သို့သော် ရဲတပ်သားများ၏ အရည်အသွေးကား တောက်ပြောင်မလာချေ။

(ဂ) အခွန်ကောက်ခံရေး

ကိုလိုနီခေတ်ဦးတွင် အင်္ဂလိပ်အစိုးရသည် ကျိုကွပ်ခရိုင်မှ အခွန်အမျိုးမျိုး ကောက်ခံသည်ကို တွေ့ရသည်။

၁။ မြေခွန်
၂။ သစ်သီးပင်ခွန်
၃။ သစ်တောခွန်
၄။ သစ်တောထွက်ပစ္စည်းခွန်
၅။ ငါးဖမ်းလုပ်ငန်းခွန်
၆။ ဆားလုပ်ငန်းခွန်
၇။ လူခွန်
၈။ အကောက်ခွန်
၉။ ဆိပ်ကမ်းခွန်
၁၀။ တံဆိပ်ခေါင်းခွန်
၁၁။ ယစ်မျိုးခွန်
၁၂။ အမြတ်ခွန်နှင့်
၁၃။ သွင်းကုန်ထုတ်ကုန်ခွန်တို့ဖြစ်ကြသည်။

ကိုလိုနီခေတ်ဦးတွင် တိုင်းပြည်မငြိမ်သက်သေးသဖြင့် မြန်မာပင်းတို့ ကျင့်သုံးခဲ့သော အခွန်ကောက်ခံရေးစနစ်အတိုင်း မြေခွန်ကိုကောက်ခံသည်။ စပါး စိုက်သည့်လယ်မြေမှထွက်သည့်စပါးအပေါ် ၁၀-ရာခိုင်နှုန်းကို မြေခွန်အဖြစ် ကောက်ခံသည်။ ကောဇာ၊ ၁၁၉၁-ခုနှစ် (ခရစ်-၁၈၂၉)တွင် နှစ်ဆတိုး၍ ၂၀-ရာခိုင်နှုန်း ကောက်ခံသည်။ ဤသို့ကျိုကွပ်ခရိုင်မှ မြေခွန်ကိုတိုး၍ကောက်ခြင်းမှာ ပထမ ကောက်ခံစဉ်က အခွန်နည်းနေသေးသည့်အတွက်လည်းကောင်း၊ တိုင်းပြည် ငြိမ်သက် သွားသည့်အတွက်ကြောင့်လည်းကောင်း ဖြစ်သည်။

သစ်သီးပင်ကောက်ခံပုံမှာ တစ်နယ်နှင့်တစ်နယ်မတူချေ။ ထားဝယ်ခရိုင်တွင် သစ်သီးခွန်ကို အောက်ပါအတိုင်းကောက်ခံသည်။

အုန်းပင်	(သီးနေသည့်အခါ)	တစ်ပင်လျှင်	(၈)ပဲ
ကွမ်းသီးပင်	(သီးနေသည့်အခါ)	တစ်ပင်လျှင်	(၁)ပဲ

ငှက်ပျောပင် (သီးနေသည့်အခါ) တစ်ပင်လျှင် (½)ပဲ
ပိန္နဲပင် (သီးနေသည့်အခါ) တစ်ပင်လျှင် (၂)ပဲမှ(၃)ပဲ
ဥးရင်းပင် (သီးနေသည့်အခါ) တစ်ပင်လျှင် (၃)ပဲ
ကောက်ခံသည်။

ကျိုက္ခမီခရိုင်တွင်ကာ အုန်းတစ်ပင် (၄)ပဲ၊ ကွမ်းသီးပင် တစ်ပင်လျှင်(၁)ပဲ ကောက်ခံသည်။

ကျိုက္ခမီခရိုင် သစ်တောမှရရှိသည့်သစ်တောခွန်မှာ ကောလ၊ ၁၂၆၁-၁၃-ခုနှစ်၊ (အေဒီ-၁၈၅၄-၅၅)ဘဏ္ဍာရေးနှစ်တွင် ကျပ်(၁၀၈၃၅၀)ဖြစ်သည်။

ကောလ၊ ၁၂၃၀-၃၁-ခုနှစ် (အေဒီ-၁၈၆၈-၆၉)ဘဏ္ဍာရေးနှစ်တွင် ကျိုက္ခမီခရိုင်မှ

သစ်တောထွက်ပစ္စည်းခွန်	(၄၁၇) ကျပ်
ငါးဖမ်းလုပ်ငန်းခွန်	(၁၃၀၉၆) ကျပ်
ဆားလုပ်ငန်းခွန်	(၁၀၁၆၅) ကျပ်
လူခွန်	(၁၆၁၈၁၃) ကျပ်
အကောက်ခွန်	(၁၄၄၂၁၆) ကျပ်
ဆိပ်ကမ်းခွန်	(၂၄၅၈၄) ကျပ်
တံဆိပ်ခေါင်းခွန်	(၈၈၄၇၇) ကျပ်
ယစ်မျိုးခွန်	(၂၄၉၉၃၀) ကျပ်

အသီးသီးကောက်ခံရရှိသည်။

ကောလ၊ ၁၂၂၂-၂၃ ခုနှစ် (အေဒီ-၁၈၆၀-၆၁) ဘဏ္ဍာရေးနှစ်တွင် ကျိုက္ခမီခရိုင်မှ အမြတ်ခွန်ကျပ် (၃၅၀၀၀)၊ (၇)ပဲ၊ (၉)ပိုင် ကောက်ခံရရှိသည်။ သွင်းကုန်ထုတ်ကုန်ခွန်အဖြစ် မည်မျှရသည်ကိုမတွေ့ရချေ။

မြေကိုးဖုတ်သည့် လုပ်သားတစ်ဦးထံမှ တစ်လလျှင်အခွန် (၈)ပဲ တောင်းယူကြောင်းတွေ့ရသည်။ ဤလုပ်ငန်းကို အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူ အမျိုးသမီးကြီးများလုပ်ကိုင်သည်ဖြစ်ရာ၊ ကိုလိုနီနယ်ချဲ့အင်္ဂလိပ်တို့သည် အဘွားတိုထံမှပင်မချမ်း အခွန်ကောက်ခံကြောင်းတွေ့ရသည်။

ကျိုက္ခမီခရိုင်နှင့်ပတ်သက်၍ ရှင်းလင်းချက်

[၁၃၂၂-ခုနှစ်၊ တပို့တွဲလဆုတ်(၁၁)ရက် (၂ မတ် ၁၉၆၂)တွင် တော်လှန်ရေးကောင်စီအစိုးရပေါ်ပေါက်လာပြီးနောက် သံဖြူဇရပ်ရွာသည် (၁) ခရိုးလမ်းဗဟို အချက်အချာတွင်ရှိခြင်း၊ (၂) စီးပွားရေးလုပ်ငန်းများကောင်းမွန်ခြင်း၊ (၃) ပြည်တွင်း၊ ပြည်ပအဝေးပြေးလမ်းများ၏ တံခါးဝသဖွယ်ဖြစ်ခြင်း၊ (၄) တိုင်းဗဟိုလေ့ကျင့်ရေးစခန်းများချထားခြင်းကြောင့် လုံခြုံရေးကောင်းမွန်ခြင်း၊ (၅) မွန်တိုင်းရင်းသားတို့၏ အချက်အချာဒေသဖြစ်သည့် "ဝါဝရွှာ"နှင့် "ပင်လွှာ"တို့၏ အလယ်တွင်တည်ရှိခြင်း၊ (၆) တိုင်းမြို့တော်ဖြစ်သည့် မော်လမြိုင်မြို့နှင့် မိုင်(၄၀)သာကွာလှမ်းပြီး ကျိုက္ခမီထက်နီးခြင်း စသောအကြောင်း(၆)ချက်ကြောင့်၊ ၁၃၅၂-ခုနှစ်၊ ပြာသိုလ (၈ရက်-၁၉၆၄)ရောက်သောအခါ သံဖြူဇရပ်ကိုမြို့နယ်ခွဲးစိုက်ရာမြို့အဖြစ် သတ်မှတ်ရန် စီစဉ်သည်။

၁၃၅၂-ခုနှစ်၊ နတ်တော်လဆုတ်(၁၀)ရက် (၁၀ ဒီဇင်ဘာ ၁၉၆၃)တွင်၊ ကျိုက္ခမီမြို့ရှိ နယ်ပိုင်ဝန်ထောက်ခွဲးကိုလည်းကောင်း၊ ၁၃၅၂-ခုနှစ်၊ နတ်တော်လဆုတ်(၁၂)ရက် (၁၂ ဒီဇင်ဘာ ၁၉၆၃)တွင် မြို့ပိုင်ခွဲးကိုလည်းကောင်း၊ ကျိုက္ခမီမှ သံဖြူဇရပ်သို့ပြောင်းရွှေ့သည်။

၁၃၂၆-ခုနှစ် ပထမဝါဆိုလဆန်း(၀)ရက် (၁၀ ဇွန် ၁၉၆၄) ရောက်သောအခါ အောက်ဖော်ပြပါအမိန့်ကြော်ငြာစာ ထွက်ပေါ်လာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၊ တော်လှန်ရေးအစိုးရ
ပြည်ထဲရေးဌာန၊ အထွေထွေဌာနစု။
အမိန့်ကြော်ငြာစာ
နေ့စွဲ။ ၁၉၆၄-ခုနှစ်၊ ဇွန်လ(၁၀)ရက်။

တနင်္သာရီတိုင်းအတွင်းရှိ ကျိုက္ခမီခရိုင်အမည်ကို မော်လမြိုင်ခရိုင်ဟူ၍ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ပြင်ဆင်သတ်မှတ်လိုက်သည်။ မော်လမြိုင်ခရိုင် (ယခင်ကျိုက္ခမီခရိုင်)အတွင်းရှိ ကျိုက္ခမီမြို့နယ်၏အမည်ကို (သံဖြူဇရပ်မြို့နယ်)ဟူ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးအစိုးရက

မြင်ဆင်သတ်မှတ်လိုက်သည်။

ပုံ/၀၎င်းဝေ
မြည်ထောင်စုမြန်မာနိုင်ငံ
တော်လှန်ရေးကစိုးရ
မြည်ထဲရေးဌာန၊

စာအုပ်တင်၊ ၁၃၅ - ပ - ထ - ၆၄
နေ့စွဲ၊ ၁၉၆၄-ခု၊ ဇွန်လ(၁၀)ရက်]

(စ) စာတိုက်၊ ရေဝန်ရုံး၊ အကောက်ခွန်ရုံးနှင့် သစ်တောရုံး

ကောလာ၊ ၁၂၀၀-ပြည့်နှစ် (ခရစ်-၁၈၃၈)တွင် မော်လမြိုင်၌စာတိုက်ငယ်တစ်ခုကို စာရေးတယောက်၊ ရုံးအကူ(Peon)နှစ်ယောက်ဖြင့် စတင်တည်ထောင်သည်။ စာပို့သူကလည်းကောင်း၊ လက်ခံသူကလည်းကောင်း (၈)ပဲပေးရသည်။

၂၅-နှစ်အကြာ၊ ကောလာ၊ ၁၂၂၅-ခုနှစ် (ခရစ်-၁၈၆၃)တွင် စာတိုက်လုပ်ငန်းကိုတိုးချဲ့သည်။ စာတိုက်ဝန်ထောက်တစ်ဦး၊ ပထမလက်ထောက်တစ်ဦး၊ ဒုတိယလက်ထောက်တစ်ဦး၊ တတိယလက်ထောက်တစ်ဦးနှင့်ရုံးအကူ(၅)ဦးရှိသည်။

ပထမလက်ထောက်၏လစာမှာ- ကျပ်(၁၅၀)
ဒုတိယလက်ထောက်၏လစာမှာ- ကျပ်(၉၀)
တတိယလက်ထောက်၏လစာမှာ- ကျပ်(၇၀)နှင့်
ရုံးအကူ၏လစာမှာ- ကျပ်(၁၀)ဖြစ်သည်။

စာတိုက်ဝန်ထောက်သည် အခြားဌာနတစ်ခုခုမှ စာတိုက်လုပ်ငန်းကို အချိန်ပိုင်းဖြင့် လာရောက်ကြီးကြပ်ရသူဖြစ်၍ သီးခြားလစာမရချေ။

ထိုစဉ်ကစာတိုက်သည် ကမ်းနားလမ်းတွင်ရှိသည်။ ယခုဘုရင့်ရုံနှင့် မျက်နှာချင်းဆိုင် "ပြည်ပပို့ကုန်မြင့်တင်ရေးဗဟိုဌာန"နေရာတွင်ရှိသည်။ ယခု "ဘိုးဘွားရိပ်သာရုန်ပုံငွေစားသောက်ဆိုင်"နေရာတွင်ရှေးအခါက စာတိုက်တံတားရှိခဲ့သည်။

စာပေးစာယူကိစ္စဆောင်ရွက်သော မြို့များမှာ- ကျိုက္ခမီ၊ စစ်တောင်း၊ တောင်ငူ၊ ထားဝယ်၊ မုတ္တမ၊ မြိတ်၊ ရန်ကုန်နှင့် ရွှေကျင်မြို့များဖြစ်ကြသည်။ ထိုစဉ်က တံဆိပ်ခေါင်းကပ်သောစနစ် ပေါ်ပေါက်နေပြီဖြစ်သည်။

ရေဝန်ရုံး(ယခုမြန်မာဆိပ်ကမ်းအာဏာပိုင်ရုံး)နှင့် အကောက်ခွန်ရုံးများမှာလည်း ကမ်းနားလမ်းမှာပင်ရှိသည်။ အကောက်ခွန်ရုံးမှာ ယခုအကောက်ခွန်ရုံးမဟုတ်ချေ။ အကောက်ခွန်ရုံးဟောင်းသည် မှောင်ခိုခေတ်တွင်ပေါ့ဆမီးကြောင့် မီးလောင်ပျက်စီးသွားသဖြင့် ယခုရုံးသစ်ကိုမူလနေရာတွင် အသစ်တည်ဆောက်ထားခြင်းဖြစ်သည်။

"သစ်တောရုံး"(Forest Office)ကို ကောလာ၊ ၁၂၅၉-ခုနှစ် (ခရစ်-၁၈၉၇)တွင် သစ်တောရုံးလမ်း(Ady Lane)တွင် တည်ဆောက်ခဲ့သည်။

F7B

အခန်း (၄)

ကျန်းမာရေး

မော်လမြိုင်မြို့၏ ပထမဆုံးဆေးရုံသည် (Cantoment)တပ်မြေအတွင်း၌ တည်ရှိသည်။ ဤဆေးရုံမှာဝင် စစ်တပ်ဆရာဝန်ကအရပ်သားများကိုလည်း ကုသပေးသည်။

ကောလာ၊ ၁၁၉၂-ခုနှစ် (၁၈၃၀)ကျော်လွန်သောနှစ်များတွင် မော်လမြိုင်၌ ကျောက်ရောဂါမကြာခဏဖြစ်ပွားး၍ အသေအပျောက်များသည်။

ကောလာ၊ ၁၂၀၂-ခုနှစ် (၁၈၄၀)တွင် မော်လမြိုင်ရှိ ဝန်ရှင်တော်မင်းကြီးက ဘင်္ဂလားရှိအင်္ဂလိပ်ဘုရင်ခံထံ မော်လမြိုင်၌ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် မေတ္တာရပ်ခံစာတစ်စောင်ပေးပို့သည်။ "ဆေးရုံဟူသည် အစိုးရငွေဖြင့်တည်ဆောက်ရန်မသင့်၊ လူထုငွေဖြင့်သာတည်ဆောက်သင့်သည်"ဟု မှတ်ချက်ပေးကာ မေတ္တာရပ်ခံစာကို ပယ်ချသည်။

ကောလာ၊ ၁၂၀၃-ခုနှစ် (၁၈၄၄)တွင် မြို့သူမြို့သားတို့က ဆေးရုံငယ်တစ်ရုံကိုတည်ဆောက်သည်။ ကောလာ၊ ၁၂၀၆-ခုနှစ် (၁၈၄၄)တွင် မြို့သူမြို့သားတို့က အစည်းအဝေးကြီးတစ်ရပ်ကျင်းပပြီး အစိုးရဆေးရုံကြီးတစ်ရုံဆောက်လုပ်ပေးသင့်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်တောင်းဆိုသည်။ ဘင်္ဂလားအစိုးရမှာ မနေသာတော့သဖြင့် အထက်ပါဆေးရုံငယ်အတွက် တစ်လလျှင် (၂၇၇)ကျပ်၊ (၁၄)ပဲနှုံးဖြင့် လစဉ်ထောက်ပံ့သည်။ ကောလာ၊ ၁၂၀၈-ခုနှစ် (၁၈၄၆)တွင် ယာယီဆေးရုံကြီးတစ်ရုံဆောက်လုပ်ပေးသည်။ ကောလာ၊ ၁၂၃၉-ခုနှစ် (၁၈၇၇) ရောက်သောအခါ "ပေဖျဉ်"ကျန်းသားများဖြင့် ဆေးရုံကြီးကိုအခိုင်အမာတည်ဆောက်သည်။

ယခု အထွေထွေရောဂါကုဆေးရုံကြီးနေရာတွင် ဖြစ်သည်။ ကောလာ၊ ၁၂၃၉-ခုနှစ် (၁၈၇၇)က ဆောက်လုပ်ခဲ့သောဆေးရုံကြီးမှာ နှစ်ပေါင်း (၁၁၄)နှစ်အကြာ၊ ကောလာ၊ ၁၃၅၃-ခုနှစ်၊ နယုန်လပြည့်နေ့ (၂၇ မေ ၁၉၉၁) ၁၇:၀၀-နာရီတွင် မီးလောင်ပျက်စီးသွားခဲ့ပေပြီ။

ထိုနှစ်တွင် မော်လမြိုင်ဆေးရုံကြီးမှ ဆရာဝန်ကြီးဖြစ်သူ ဗိုလ်မှူး"ရိုနယ်ရော့"

(Major Ronald Ross)မှာ ထင်ပေါ်ကျော်ကြားလူသိများသည်။ ဆရာဝန်ကြီးသည် ခြင်ကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်ပွားရသည်ကို ကမ္ဘာတွင်ပထမဆုံး တွေ့ရှိသူဖြစ်၍ "ဆာ"(Sir)ဘွဲ့ချီးမြှင့်ခြင်းခံရသည်။

ကောလာ၊ ၁၂၆၀-ပြည့်နှစ်၊ (ခရစ်-၁၈၉၈)တွင် မော်လမြိုင်တောင်ပိုင်းရပ်၌ ကိုယ်ရေပြားရောဂါကုဆေးရုံကို တည်ထောင်သည်။ မော်လမြိုင်၊ ခိုင်းဝန်ကွင်းတွင်လည်း စိတ်ရောဂါကုဆေးရုံတစ်ရုံ တည်ထောင်ခဲ့သည်။

ထိုစဉ်က မော်လမြိုင်တွင်အလွန်လူသိများ၍ ချစ်ခင်လေးစားခံရသော ဆရာဝန်တစ်ဦးမှာ မွန်အမျိုးသားဒေါက်တာ"ရှောလု"(Mathias Shaw Loo)ဖြစ်သည်။

ဒေါက်တာရှောလု၏ ဆွေစဉ်မျိုးဆက်မှာ အောတ်ပါအတိုင်းဖြစ်သည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၊ ဝဲခူးဟံသာဝတီကို တိုက်ခိုက်သိမ်းပိုက်သောအခါ ဘုရင်ဗညားဒလ၏ညီတော်နှစ်ပါးသည် ရှောင်တိမ်းထွက်ခွာသွားကြသည်။ ညီတော်တစ်ပါးဖြစ်သော ဗညားစိန်သည် ယိုးဒယား(ထိုင်း)နိုင်ငံသို့ သွားရောက် ခိုလှုံသည်။ အခြားညီတော်တစ်ပါးဖြစ်သော "ဗရယ်ပတ္တိုင်း"သည် မြဝတီမြို့တွင် အခြေချ၍ ဘုရင်တစ်ပါးကဲ့သို့နေထိုင်သည်။ ဗရယ်ပတ္တိုင်းသည် ဇင်းမသွယ်(Zinmathwe) မင်းသမီး"သုမန"နှင့် အကြောင်းပါရာ "ဦးစွတ်သီ"နှင့် "ဒေါ်ကျီဒေ့"သားသမီးနှစ်ဦး ထွန်းကားသည်။ ဦးစွတ်သီမှ "ဒေါ်လှ"အမည်ရှိ သမီးတစ်ဦးထွန်းတားသည်။

ဒေါ်လှသည် ၁၁၈၉-ခုနှစ်၊ တပို့တွဲလဆန်း ၁-ရက် (၁၇ ဇန်နဝါရီ ၁၈၂၈) တွင် ဆရာယုဒသန်(Dr. Judson)၏လက်ဖြင့် နှစ်ခြင်းမစံလာခံယူခဲ့သည်။ ဂျွန်ဆင် ကျောင်းဝင်းအတွင်း အောက်လမ်းမကြီးအနီး၌ နှစ်ခြင်းခံပေးခဲ့ခြင်းဖြစ်သည်။ ဒေါ်လှသည် ဦးရွှေသက်နှင့်အကြောင်းပါရာ သားမောင်ရှောလုကို ကောလာ၊ ၁၂၀၁-ခုနှစ်၊ (ခရစ်-၁၈၃၉)တွင် မော်လမြိုင်မြို့၌ ဖွားမြင်သည်။

မောင်ရှောလု (၁၇)နှစ်သားအရွယ် ကောလာ၊ ၁၂၁၈-ခုနှစ်၊ (ခရစ်-၁၈၅၆)တွင် မိဘများထံမှအဖိုးတန် ပတ္တမြားလက်စွပ်တစ်ကွင်းကို ခွင့်ပန်ယူငင်၍ အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့သို့ တစ်ဦးတည်းစွန့်စားထွက်ခွာသွားသည်။ (၁)နှစ်ကျော် ပညာသင်ယူပြီးချိန် ကောလာ၊ ၁၂၁၉-ခုနှစ် (ခရစ်-၁၈၅၇)တွင် အိန္ဒိယ၌ စစ်ပါရီ (Sepoy)အရေးတော်ပုံပေါ်သည်။ အိန္ဒိယတွင်ဆက်နေရန် အခက်အခဲဖြစ်လာသည်။ တစ်နေ့သောအခါ ကာလကတ္တားဆိပ်ကမ်းတွင် ယောင်လည်လည် ဖြစ်နေစဉ်

ဆိပ်ကမ်းသို့ သင်္ဘောတစ်စီးဆိုက်ကပ်လာသည်။ သင်္ဘောပေါ်တွင် သုံးဆယ်မြို့မှ ဆရာမကြီးတစ်ဦးပါလာသည်။ မြောက်ဆိုကြရင်း ဆရာမကြီး၏တောင်းပန်တင်ပြမှုကြောင့် သင်္ဘောကပ္ပတိန်က သင်္ဘောစားသောက်ခန်းတွင် စားပွဲထိုးအဖြစ် ဆောင်ရွက်ရင်း အမေရိကသို့ခရီးထွက်မည့်သင်္ဘောထက်တွင် အခမဲ့လိုက်ပါခွင့်ပြုသည်။ (၄)လအကြာတွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့သို့ ဆိုက်ရောက်သည်။

သီအိုလိုဂျီ(Theology)ပါမောက္ခတစ်ဦး၏ အကူအညီဖြင့် ကောလာ၊ ၁၂၂၁-ခုနှစ်၊ (ခရစ်-၁၈၅၉)တွင် လူဝီစဗတ်ရှီတက္ကသိုလ်(ယခုဗတ်ကနဲတက္ကသိုလ်)သို့ ဝင်ခွင့်ရသည်။ နောက် (၅)နှစ်အကြာ ကောလာ၊ ၁၂၂၆-ခုနှစ် (ခရစ်-၁၈၆၄)တွင် ထိုတက္ကသိုလ်မှ ဘီ. အေ(B.A)ဘွဲ့ရသည်။ မောင်ရှောလု ပညာသင်ယူနေသောကာလသည် အမေရိကန်ပြည်ထောင်စုတွင် ကျွန်စနစ်ကိုအကြောင်းပြု၍ မြောက်ပိုင်းနှင့် တောင်ပိုင်း ပြည်တွင်းစစ်ဖြစ်နေချိန်ဖြစ်သည်။ ရောက်ရာအရပ်တွင်စစ်နှင့် ရင်ဆိုင်ရသူဖြစ်သည်။ ဘီ. အေဘွဲ့ရပြီး (၃)နှစ်အကြာ ကောလာ၊ ၁၂၂၉-ခုနှစ်၊ (ခရစ်-၁၈၆၇)တွင် ကလီဗလင်းကုသိုလ်ဖြစ်ဆေးရုံ၌ ဆေးကောလိပ်မှဆေးပညာဆိုင်ရာအမ်. ဒီ(M.D)ဘွဲ့ရသည်။ ထိုနှစ်မှာပင် ဗတ်ကနဲတက္ကသိုလ်က အမ်. အေ(M.A)ဘွဲ့ ချီးမြှင့်သည်။

ဘွဲ့သုံးဘွဲ့ရပြီးနောက် ၁၂၂၉-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄-ရက် (၁ အောက်တိုဘာ ၁၈၆၇)တွင် သမ္မတကြီး"အင်ဒရူးဂျွန်ဆင်"(Andrew Johnson)ထံသွားရောက်၍ ဂါရဝပြုနှုတ်ဆက်သည်။ သမ္မတကြီးက ဖော်ဖော်ရွေရွေ ဧည့်ခံစကားပြောသည်။ မင်းတုန်းမင်းတရားကြီးထံသို့လည်း ဧဝါက်တာရှောလုအတွက် ထောက်ခံစာကို ရေးသားပေးလိုက်သည်။

၁၂၂၉-ခုနှစ်၊ နတ်တော်လ (ဒီဇင်ဘာ ၁၈၆၇)တွင် ဧဝါက်တာရှောလု မြန်မာပြည်သို့ပြန်လာသည်။ မော်လမြိုင်သို့ပြန်ရောက်၍ မကြာမီ ၁၂၃၀-ပြည့်နှစ်၊ ဝါဆိုလ (ဇူလိုင် ၁၈၆၈)တွင် မန္တလေး၊ ရတနာပုံနေပြည်တော်သို့ခရီးဆက်သည်။ အတောင်(၂၀)ပြည့်ပုဆိုးကိုဝတ်ဆင်ကာ မင်းတုန်းမင်းတရားကြီးထံ အဖူးမြွေ့အခစားဝင်ရောက်သည်။ အမေရိကန်သမ္မတကြီး၏ ထောက်ခံစာကို ဆက်သသည်။ ဘုရင်မင်းမြတ်က ဝမ်းမြောက်ဝမ်းသာလက်ခံသည်။ ဧဝါက်တာရှောလု၏ ဇွဲ၊ သတ္တိကို နှစ်ထောင်းအားရရှိတော်မူလှသဖြင့် မြောက်ဥယျာဉ်တော်ရှိ အဆောင်တစ်ဆောင်ကို

ပေးတော်မူကာ ဘုရင့်စားဖို့ဆောင်မှ ထမင်းအုပ်ကိုပို့ပေးရန် မိန့်တော်မူသည်။ သုံးပတ်ခန့်ကြာသော် ဒေါက်တာရှော်လုက "အရှင်မင်းမြတ်မြွောက်စားသည်ကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။ မိမိသည်တတ်သည့်ပညာဖြင့် ဆေးကုသသည့် အလုပ်၊ စာသင်သည့်အလုပ်များကို ပြည်သူများအကြားတွင် လုပ်ကိုင်လိုပါကြောင်း" လျှောက်တင်ရာ ဘုရင်မင်းမြတ်ကအသာတကြည်ခွင့်ပြုတော်မူသည်။ လက်ဆောင်တော်များချီးမြှင့်ကာ မိမိနေရပ်သို့ပြန်ခွင့်ပေးတော်မူလိုက်သည်။

ဒေါက်တာရှော်လုသည် ရန်ကုန်သို့ရောက်သောအခါ အလုပ်ရရန် ကြိုးပမ်းသည်။ သို့သော်မြန်မာဘုရင်မင်းမြတ်၏ ချီးမြှောက်ခံရသူဖြစ်၍ အင်္ဂလိပ်အစိုးရက ယုံကြည်စိတ်ချမှုမရှိသဖြင့် အစိုးရအလုပ်မပေးချေ။ ရန်ကုန်တွင် ကိုယ်ပိုင်ဆေးခန်းဖွင့်၍ဆေးကုခြင်း၊ စေတနာဆရာအဖြစ်ဆောင်ရွက်ခြင်းတို့ဖြင့် ခေတ္တနေထိုင်သည်။ ထို့နောက် မိမိဇာတိမော်လမြိုင်သို့ပြန်လာသည်။

မုတ္တမတွင် ကိုယ်ပိုင်ကျောင်းတည်ထောင်ကာ ကျောင်းသား(၃၀)ကို စာသင်ပေးသည်။ (၆)လအကြာတွင် မော်လမြိုင် အေ. ဘီ. အမ်(A.B.M)ကျောင်းသို့ ပြောင်းရွှေ့၍ (၁၀)နှစ်ကြာကျောင်းဆရာလုပ်သည်။ ထို့နောက် သုံးဆယ်မြို့တွင် (၃)နှစ်၊ ရန်ကုန်အစိုးရအထက်တန်းကျောင်းတွင် (၁)နှစ်ကျောင်းဆရာလုပ်ပြီး မော်လမြိုင်သို့ပြန်လာသည်။ မော်လမြိုင်ရောက်သော် ဆရာဝန်မကြီး ဒေါက်တာ"မစ်ချယ်"(Dr. Mitchell)ထံ အကူဆရာဝန်အဖြစ် (၁၀)နှစ်တာဝန်ထမ်းဆောင်သည်။

ဤသို့ (၂၅)နှစ်ကြာအောင် သာသနာအတွက် တာဝန်ထမ်းဆောင်ပြီးနောက် မော်လမြိုင်တွင် ကိုယ်ပိုင်ဆေးခန်းဖွင့်သည်။ ဆင်းရဲချမ်းသာမရွေးကုသပေးသည်။ မိမိဆေးခန်းသို့လာရောက်ကုသသည့် ဆင်းရဲနွမ်းပါးသောလူနာများထံမှ ကုသခမယူသည့်အပြင် ခရီးစားရိတ်ပါထောက်ပံ့သည်။

မြင်းစီး၍လည်းကောင်း၊ လှေစီး၍လည်းကောင်း၊ ရထားလုံးစီး၍ လည်းကောင်း ခြေလျင်လျှောက်၍လည်းကောင်း မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ သထုံ ဒေသအနှံ့သို့ လှည့်လည်ဆေးကုသည်။

ဒေါက်တာရှော်လုတွင် အိမ်ထောင်နှစ်ဆက် သား၊ သမီး (၁၀)ဦးရှိသည်။ ကောလာ၊ ၁၂၉၁-ခုနှစ်(ခရစ်-၁၉၂၉)အသက်(၉၀)အရွယ်တွင် နှလုံးလှ ဆရာဝန်ကြီး ဒေါက်တာရှော်လုသည် မော်လမြိုင်မြို့၊ ထားဝယ်တံတားလမ်း၊ အမှတ်(၅)နေအိမ်၌ဝင်

ကွယ်လွန်သည်။

အသုဘပို့ရာတွင် ဗုဒ္ဓဘာသာသံယာတော်များအပါအဝင် မြို့သူ၊ မြို့သား၊ နယ်သူ၊ နယ်သားများဖြင့် အထူးစည်ကားသည်။ နှစ်ခြင်းခရစ်ယာန်သမ်ိုင်းတွင် ဂုဏ်သင်းသင်္ကြိတ်သည်။

အခန်း (၅)

မော်လမြိုင်မြို့နိုင်ပါယ်အဖွဲ့

(စည်ပင်သာယာရေးအဖွဲ့)

(၁၈၇၄-၁၉၂၇)

ဗြိတိသျှအစိုးရသည် ကောဇာ၊ ၁၂၃၆-ခုနှစ် (၁၈၇၄-၁၈၇၄)တွင် အက်ဥပဒေ တစ်ရပ်ပြဋ္ဌာန်း၍ မော်လမြိုင်၊ တောင်ငူနှင့် ရန်ကုန်မြို့ကြီးများတွင် ပထမဆုံးသော မြို့နိုင်ပါယ်(Municipal)အဖွဲ့များကို ဖွဲ့စည်းစေသည်။

မြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ကောဇာ၊ ၁၃၃၆-ခုနှစ်၊ တပေါင်း လပြည့် (၂၆ မတ် ၁၉၇၄)နေ့စွဲပါ၊ စာအမှတ် ၁၁/၁၂/အခ(၁)ဖြင့် ထုတ်ပြန်ထား သည့် အမိန့်ကြော်ငြာစာပါ စာပိုဒ်ခွဲ(၁)၊(၂)နှင့်(၃)တို့အရ မော်လမြိုင်စည်ပင် သာယာရေးအဖွဲ့ကိုဖွဲ့စည်းရန် ညွှန်ကြားသည်။ ထို့ကြောင့် မော်လမြိုင်မြို့နိုင်ပါယ် အဖွဲ့သည် စတင်ဖွဲ့စည်းသည့် ကောဇာ၊ ၁၂၃၆-ခုနှစ် (၁၈၇၄-၁၈၇၄)မှ နှစ်ပေါင်း (၁၀၀)တိတိအကြာ ကောဇာ၊ ၁၃၃၆-ခုနှစ်၊ (၁၉၇၄-၁၉၇၄)တွင် မြို့နိုင်ပါယ်အဖွဲ့ အမည်ဟောင်းချုပ်ငြိမ်း၍ စည်ပင်သာယာရေးအဖွဲ့အမည်သစ် ပေါ်ပေါက်လာသည်။

ကောဇာ၊ ၁၂၃၆-ခုနှစ် (၁၈၇၄-၁၈၇၄)အက်ဥပဒေအရ မော်လမြိုင် မြို့နိုင်ပါယ်အဖွဲ့တွင် အစိုးရခန့်အရာရှိနှင့် လွှေကောက်ခံကိုယ်စားလှယ်တို့ ပါဝင်ခွင့် ရှိသည်။ သို့သော် မော်လမြိုင်မြို့နိုင်ပါယ်အဖွဲ့ ဖွဲ့စည်းရာတွင် မူလအက်ဥပဒေအရ ရပ်ကွက်ကိုယ်စားလှယ်များမဟုတ်ဘဲ လူမျိုးအလိုက်လွှေချယ်သည်ကို အောက်ပါအတိုင်း တွေ့ရသည်။

မြန်မာ	၁၀-ဦး
ဥရောပသား	၃-ဦး
မွတ်ဆလင်	၄-ဦး
တိန္ဒူ	၄-ဦး
တရုတ်	၂-ဦး ပေါင်း ၂၃-ဦးတို့ ကြဖြစ်သည်။

ပထမဆုံး မြို့နိုင်ပါယ်နံ့မှာ အမှတ်(၂၃၅)၊ အောက်လမ်းမကြီး၊ လွှေတောင်ရပ်၊

ပီကင်းစားသောက်ဆိုင်၏ တောင်ဘက်တွင်ရှိသည်။

ကောဇာ၊ ၁၂၆၉-ခုနှစ် (ခရစ်-၁၉၀၇)တွင် မြန်မာပါဠိကော်မတီ၏ စီမံခန့်ခွဲမှုညွှန်ကြားခြင်း၊ အာဏာအလွဲသုံးစားပြုခြင်းတို့ကြောင့် အုပ်ချုပ်ရေးပိုင်းမှ ကျေနပ်မှုမရှိတော့သဖြင့် ကော်မတီအဖွဲ့အား ရပ်ဆိုင်းထားစေသည်။ ၁၂၇၁-ခုနှစ်၊ ဝါဆိုလ (ဇွန် ၁၉၀၉)တွင် မစ္စတာ"ဖရေဆာ"(J. D. Fraser)အား အချိန်ပြည့်ဥက္ကဋ္ဌအဖြစ် ခန့်အပ်အုပ်ချုပ်စေသည်။ (၂)နှစ်အကြာ ကောဇာ၊ ၁၂၇၃-ခုနှစ် (ခရစ်-၁၉၁၁)တွင် မြန်မာပါဠိဥက္ကဋ္ဌအဖြစ် အရေးပိုင်များကိုတစ်ဦးပြီးတစ်ဦးခန့်ထားရာ ကောဇာ၊ ၁၂၈၃-ခုနှစ်၊ (ခရစ်-၁၉၂၁)အထိ ဖြစ်သည်။

ကောဇာ၊ ၁၂၈၃-ခုနှစ် (ခရစ်-၁၉၂၁)တွင် ရွှေးကောက်ပွဲစနစ်ဖြင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင် (၂၄)ဦး၊ အစိုးရခန့်ဆိပ်ကမ်းအရာရှိတစ်ဦး ပူးပေါင်းကော်မတီဝင်များအဖြစ် ခရိုင်ဆရာဝန်ကြီးနှင့် အမှုဆောင်အင်ဂျင်နီယာတို့ပါဝင်သော မြန်မာပါဠိကော်မတီကို ဖွဲ့စည်းသည်။ အဆိုပါကော်မတီဖွဲ့စည်းပုံမှာ ကောဇာ၊ ၁၃၀၄-ခုနှစ် (ခရစ်-၁၉၄၂) ဒုတိယကမ္ဘာစစ်အထိ မပြောင်းမလဲရှိသည်။ ထိုကာလအတွင်း မြန်မာအမျိုးသားထဲမှ ပထမဆုံးမြန်မာပါဠိဥက္ကဋ္ဌဖြစ်လာသူကား ရွှေ့နေကြီး ဦးဘေသန်းနှင့် မော်လမြိုင်ကောလိပ်ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာဖေသောင်းတို့၏ဘခင် ဦးချစ်ဘေပင်တည်း။ ကောဇာ၊ ၁၃၀၇-၀၈-ခုနှစ် (ခရစ်-၁၉၄၂-၄၅)သည် ဒုတိယကမ္ဘာစစ်(ဂျပန်ခေတ်)ဖြစ်နေသောကြောင့် မြန်မာပါဠိရုံးကို စိန်မမတိုက်အိမ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ရသည်။ မြန်မာပါဠိလုပ်ငန်းများကိုကား ထိရောက်စွာဆောင်ရွက်ခြင်းမပြုနိုင်ခဲ့ချေ။

မြန်မာပါဠိအဖွဲ့၏ အသုံးစရိတ်ကိုလေ့လာသောအခါ လမ်းများပြုပြင်ထိန်းသိမ်းရေး၊ ဆေးရုံးဆေးပေးခန်းများထိန်းသိမ်းရေး၊ လမ်းမီးထွန်းရေးနှင့် ရေပေးဝေဖြန့်ဖြူးရေးတို့တွင် အများဆုံးသုံးစွဲသည်ကိုတွေ့ရသည်။ (၇၂)မိုင်ရှည်လျားသော လမ်းများကို ပြုပြင်ထိန်းသိမ်းရသည်မှာ မိုးများသောဒေသဖြစ်သောကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ရသည်။

မြန်မာပါဠိကော်မတီ၏ အသုံးစရိတ်များတွင် ကောဇာ၊ ၁၂၄၅-၄၆-ခုနှစ် (ခရစ်-၁၈၈၃-၈၄)ဘဏ္ဍာရေးနှစ်၌ ပညာရေးအတွက် ကျပ်(၁၈၃၃၄)၊ ဆေးရုံနှင့် ကျန်းမာရေးအတွက် ကျပ်(၁၅၉၉၄)ဖြစ်ကြောင်းတွေ့ရှိရာ မြို့တော်စည်ပင်သာယာရေး

F8A

အတွက်သာမက ပညာရေးနှင့်ကျန်းမာရေးအတွက်ပါ သုံးစွဲခဲ့ကြောင်းတွေ့ရသည်။ ထိုနှစ်က လမ်းများပြုပြင်ရန်အတွက် ကျပ်(၃၁၀၄၂)၊ လမ်းမကြီးများရေဖျန်းရန်အတွက် ကျပ်(၂၂၄၅)အသုံးပြုသည်။ အသုံးစရိတ်များသဖြင့် ထိုနှစ်ကုန်တွင် မြူနီစီပါယ် ကော်မတီအတွင်းရေးမှူးအား လခပေးခြင်းကိုဖျက်သိမ်းပြီး ပညာရေးအတွက် အသုံးစရိတ်ကို မြူနီစီပါယ်အဖွဲ့က ကုန်ကျခံခြင်းမပြုတော့ချေ။ ၁၂၄၆-၄၇-ခုနှစ်၊ (ခရစ်-၁၈၈၄-၈၅)ဘဏ္ဍာရေးနှစ်တွင် မြို့တော်သာယာရေးအတွက် ကျပ်ခုနှစ်သောင်း ခန့်သုံးစွဲခဲ့ကြောင်းတွေ့ရသည်။

၁၈၈၄-၈၅-ခုနှစ် မြူနီစီပါယ်အသုံးစရိတ်

အမှတ်စဉ်	အကြောင်းအရာ	ကျပ်
၁။	လမ်းပြင်ရန်	၃၃၀၅၅
၂။	လမ်းရေဖျန်းရန်	၂၁၆၃
၃။	လမ်းပြင်ပစ္စည်းကရိယာ ဝယ်ရန်	၃၉၄၄
၄။	လုံခြုံရေးအတွက်	၁၈၈၃၇
၅။	လမ်းမီးထွန်းရန်	၃၅၁၄
	စုစုပေါင်း	၆၉၅၁၃

မော်လမြိုင်တစ်မြို့လုံးရေပေးဝေရန်အတွက် ကောလာ၊ ၁၂၆၇-ခုနှစ်၊ (ခရစ်-၁၉၀၅)တွင် ကျပ်(၆၅၀၀၀၀)အကုန်အကျခံ၍ ကင်ပွန်းခြုံရေလှောင်ကန်ကို တည်ဆောက်သည်။ ရေလှောင်ကန်ရေအမြင့်ဆုံးအချိန်တွင် ရေမျက်နှာပြင်အကျယ် သည် (၁၄၈)ကေရှိသည်။ ရေဂါလန်သန်းပေါင်း (၈၀၀) သိုလှောင်နိုင်သည်။ မြို့လူဦးရေ (၆၀၀၀၀)အတွက် သောက်သုံးရေဖူလုံသွားသည်။

၁၂၄၆-ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက် (၁ ဒီဇင်ဘာ ၁၈၈၄)တွင် မြူနီစီပါယ်ဥပဒေကို ထုတ်ပြန်သည်။ မော်လမြိုင်တွင် ဥပဒေသစ်ကို ကောလာ၊ ၁၂၄၆-ခုနှစ်၊ ပြာသိုလဆုတ် ၂-ရက် (၂ ဇန်နဝါရီ ၁၈၈၅)၌ စတင်ကျင့်သုံးသည်။ မော်လမြိုင် မြူနီစီပါယ်တွင် ခွေးကောက်တင်မြောက်သူတစ်ဦး၊ မြူနီစီပါယ်အရာရှိဟောင်း (၄)ဦး ပါဝင်လာသည်။ ဥရောပသား (၅)ဦးပါဝင်ခွင့်ရှိသော်လည်း ထိုနှစ်တွင် (၁)ဦးသာ ပါဝင်သည်။

ကောလာ၊ ၁၂၄၇-၄၈-ခုနှစ်၊ (ခရစ်-၁၈၈၅-၈၆)ဘဏ္ဍာရေးနှစ်တွင် မြို့နီစီပါယ်ကော်မတီသည် သာမန်အစည်းအဝေး (၁၀)ကြိမ်၊ အထူးအစည်းအဝေး (၁၈)ကြိမ်၊ ဆပ်ကော်မတီအစည်းအဝေး (၃၈)ကြိမ်ပြုလုပ်ခဲ့ကြောင်းတွေ့ရသဖြင့် မြို့တော်သာယာရေးအတွက် အထူးကြိုးစားသည်ဟုဆိုနိုင်သည်။

ကောလာ၊ ၁၂၄၄-၄၈-ခုနှစ်၊ (ခရစ်-၁၈၈၂-၁၈၈၆)အတွင်း (၄)နှစ်ဆက်တိုက် လိုငွေပြသည်။

မြို့နီစီပါယ်အဖွဲ့ဝင်ငွေနှင့် အသုံးစရိတ်

နှစ်	ဝင်ငွေ	အသုံးစရိတ်
၁၈၈၂-၈၃	ကျပ် - ၁၃၃၀၁၈	ကျပ် - ၁၅၂၉၂၇
၁၈၈၃-၈၄	ကျပ် - ၁၃၉၅၂၁	ကျပ် - ၁၄၄၅၁၅
၁၈၈၄-၈၅	ကျပ် - ၁၂၆၂၇၆	ကျပ် - ၁၃၁၆၆၀
၁၈၈၅-၈၆	ကျပ် - ၁၂၇၅၆၄	ကျပ် - ၁၂၈၀၇၂

ဤသို့လိုငွေပြလာသောအခါ ကော်မတီအနေဖြင့် အသုံးစရိတ်လျှော့လျှင်သို့မဟုတ် အခွန်တိုးကောက်လျှင်ကောက်မှသာဖြစ်ပေတော့မည်။ မြို့လူထုက အခွန်တိုးကောက်သည်ကို မလိုလားကြချေ။ ဤသို့သောအခြေအနေတွင် ကော်မတီသည် အဖျော်ယမကာလိုင်စင်ရောင်းရငွေ ကျပ်(၁၅၂၂၀)ရရှိသဖြင့် အသက်ရှူပေါက်ချောင်သွားသည်။ အင်္ဂလိပ်အစိုးရသည် မြို့ရွာစည်ပင်သာယာရေးကို ဆောင်ရွက်သည့်ဆိုသော်လည်း ကုန်ကျစရိတ်ကိုလုံးဝတာဝန်မယူချေ။ အသုံးစရိတ်များလာပါက ပြည်သူပြည်သားတို့ထံမှ နည်းအမျိုးမျိုးဖြင့် အခွန်တိုးမြှင့်ကောက်ခံသည်။ ကိုလိုနီခေတ်တွင် ပထဝီ(မြေ)၊ တေဇော(မီး)၊ အာပေါ(ရေ)၊ ဝါယော(လေ)ဟူ၍ ဓါတ်ကြီးလေးပါးရှိရာ မြေခွန်၊ မီးခွန်၊ ရေခွန်တို့ကိုကောက်ခံပြီးဖြစ်ရာ လေခွန်သာကောက်ရန်ကျန်ပေတော့သည်။

မြို့နီစီပါယ်အဖွဲ့က လမ်းမီးထွန်းပုံမှာ အလွန်ခေတ်နောက်ကျသည်။ ကောလာ၊ ၁၂၈၉-ခုနှစ်၊ (ခရစ်-၁၉၂၇)အထိ မော်လမြိုင်တွင်လျှပ်စစ်မီးမရှိသေးချေ။ မြို့နီစီပါယ်အဖွဲ့က အရေးပါသောနေရာများတွင် မီးတိုင်များကိုစိုက်ထူထားသည်။ မီးတိုင်များမှာ (၁၀)ပေခန့်မြင့်ပြီး တိုင်ထိပ်တိုင်းတွင် လေးထောင့်မှန်မီးအိမ်များ တပ်ဆင်ထားသည်။ ဓါတ်ငွေ့ဖြင့်မီးထွန်းရသည်။ ဓါတ်ငွေ့ထုတ်သည့်ရုံသည် ကမ်းနားလမ်းတွင်ရှိသည်။

နေရာအတိုအကျ မသိရချေ။ ဓါတ်ငွေ့ထုတ်လုပ်ပုံမှာ အုတ်ကန်ကြီးတစ်ကန်တွင် အက်. ဖ်အို(F.O)လောင်စာဆီများထည့်သည်။ သံတုံးကြီးတစ်တုံးကို တစ်နေကုန် မီးဖုတ်သည်။ ညနေပိုင်းတွင် သံတုံးကြီးကို အက်ဖ်အိုထည့်ထားသော အုတ်ကန်တွင်းသို့ ဝင်ချသည်။ ထိုအခါ ဓါတ်ငွေ့များထွက်လာသည်။ ထွက်လာသောဓါတ်ငွေ့များကို မီးတိုင်များရှိရာသို့ မြေအောက်ပြွန်မှတဆင့်ပို့လွှတ်သည်။ ညဦးပိုင်းတွင် ကုလားလုပ်သားများက လှေကားထောင်တက်ပြီး တစ်တိုင်ပြီးတစ်တိုင်မီးထွန်းညှိရသည်။ မိုးလင်းချိန်တွင် တစ်ဖန်တက်ပြီးမီးငြိမ်းရသည်။

ကောဇာ၊ ဝ၂၈၈-ခုနှစ်၊ (ခရစ်-၁၉၂၇)သို့ ရောက်သော် မြို့ရေး၊ ရွာရေး အတွက်ဆိုလျှင် ဆောင်ရွက်ရန်ဝန်မလေးသော ဦးအုံးဖေ၏အခန်း ပေါ်လာသည်။ ကောဇာ၊ဝ၂၈၈-ခုနှစ်၊ ပြာသိုလဆုတ်(၁၃)ရက်(၃၀ ဇန်နဝါရီ ၁၉၂၇)တွင် မော်လမြိုင်လျှပ်စစ်ဓါတ်မီးကုမ္ပဏီ(Moulmein Electric Supply Company)က မော်လမြိုင်တစ်မြို့လုံးသို့ လျှပ်စစ်မီးစတင်ပေးသည်။ မော်လမြိုင်သည် မြို့နှင့်ပိုတူလာသည်။

ကုမ္ပဏီကို အရင်းမတည်ငွေကျပ်(၄၂၁၄၅၀)ဖြင့် အစုအစပ်ကုမ္ပဏီအဖြစ် တည်ထောင်သည်။ ကုမ္ပဏီရုံးချုပ်သည် အမှတ်(၁၀၂)၊ အောက်လမ်းကြီးတွင်ရှိသည်။ စာတိုက်သေတ္တာအမှတ်(၂၀)ဖြစ်၍ ကြေးနန်းလိပ်စာမှာ "ဖလ်"(Pan)ဖြစ်သည်။ ရုံးချုပ်ဖုန်းနံပါတ် (၄၈)၊ စက်ရုံဖုန်းနံပါတ်(၄၉)ဖြစ်သည်။ ဓါတ်အားပေးစက်ရုံသည် မန္တလေးလမ်းထိပ်၊ သံလွင်မြစ်ကမ်းဘေး၊ မော်လမြိုင်ဟိုတယ်၏ အနောက်တောင်ဘက်တွင်ရှိသည်။

မော်လမြိုင်တွင် လျှပ်စစ်မီးစတင်ပေးစဉ်က လမ်းမီးတိုင်(၁၀၀၀)ကျော်နှင့် လျှပ်စစ်မီးသွယ်သည့်အိမ်ပေါင်း (၃၀၀၀)ကျော်ရှိသည်။ နောက်ပိုင်းတဖြည်းဖြည်းများလာသည်။ မီတာခမှာ တစ်ယူနစ်လျှင် (၃)မူးဖြစ်သည်။ မီတာသေတ္တာ သုံးမျိုးသုံးစားသုံးစွဲသည်။ ဆီးမင်း(Seaman)၊ အော(Eaw)နှင့် ဖရန်တီ(Franti)တို့ဖြစ်ကြသည်။ အော်စတင်(Austin)နှင့်ဂျီ. အီး. စီ(G.E.C)မီးလုံး နှစ်မျိုးကိုသုံးစွဲသည်။ လမ်းမီးတိုင်များတွင် ဖီးလစ်(Philips)မီးသီးများကိုသုံးစွဲသည်။ ဝပ်(၄၀)မီးသီးတစ်လုံး တန်ဖိုးမှာ (၅)ပဲဖြစ်သည်။

မီးပြင်သူ (၃၀)ရှိသည်။ မူရင်းလစာ (၆၀)ဖြစ်၍ ကျပ်(၈၀)တွင် ဆုံးသည်။ မီးပြင်သူများအား (၆)လတစ်ကြိမ် ကင်းဘတ်ဖိနပ်တစ်ရန်နှင့် လက်အိတ်တစ်စုံတို့ကို

အခမဲ့ပေးသည်။ အရေးပေါ်မီးပြင်ရန်အတွက် ကားလေးစီးအဆင်သင့်ထားသည်။ ဒိုင်းဝန်ကွင်းတွင်တစ်စီး၊ ဈေးကြီးတွင်တစ်စီး၊ မောင်ငံတွင်တစ်စီးနှင့် အရန်တစ်စီးတို့ဖြစ်ကြသည်။ ကားတစ်စီးလျှင် လူသုံးဦးပါသည်။ ယာဉ်မောင်းတစ်ဦး၊ မီးပြင်သူတစ်ဦးနှင့် လှေကားထောင်ထိန်းသူတစ်ဦးတို့ဖြစ်ကြသည်။ ကားဘေးတွင် လှေကားကို ချိတ်ဖြင့်ချိတ်ထားသည်။ မီးပျက်၍ဖုန်းဆက်ခေါ်လျှင် (၁၀)မိနစ်အတွင်း မီးပြင်ကား အရောက်သွားသည်။ မီးပြင်သူကလက်ဖက်ရည်ဖိုးမယူရချေ။ ယူလျှင်အလုပ် ပြုတ်သည်။

လျှပ်စစ်ဓါတ်မီးစက်တွင် (၇၅)ကီလိုဝပ်အားရှိသော ရေနွေးငွေ့သုံးမီးစက်နှစ်လုံး၊ (၁၅၀)ကီလိုဝပ်အားရှိသော ရေနွေးငွေ့သုံးမီးစက်တစ်လုံးအပြင် အရေးပေါ်အသုံးပြုရန် (၂၅၀)ကီလိုဝပ်အားရှိသော နေရှင်နယ်(National)အမျိုးအစား ဒီဇယ်ဆီသုံး မီးစက်တစ်လုံးရှိသေးသည်။ ရေနွေးငွေ့သုံးမီးစက်များ၏ လောင်စာအဖြစ် မရမ်းကုန်းရပ်ရှိ ဦးအုံးဖေပိုင်သစ်စက်မှ သစ်တိုသစ်၊ သစ်ခေါက်ခွံများကို အသုံးပြုသည်။

မျိုးဆက်သစ်လူငယ်များ အတုယူနိုင်ရန်အတွက် ဦးအုံးဖေ၏ဘဝတစ်ခေတ်စောင်းကို ဆက်လက်တင်ပြပါမည်။

မော်လမြိုင်တောင်လေးလုံးကျောင်းတိုက်ကြီး၏ မူလဒါယကာ၊ ဒါယိကာမတို့ဖြစ်ကြသော "ဦးရွှေဝန်-ဒေါ်မဲမ"တို့မှ သားသမီး(၆)ဦး ထွန်းကားသည်။ (၁)ဦးမောင်မောင်၊ (၂)ဒေါ်ခင်၊ (၃)ဦးမောင်ကြီး၊ (၄)ဦးဖလ်၊ (၅)ဦးဘွားနှင့် (၆)ဒေါ်မိမိတို့ ဖြစ်ကြသည်။ စတုတ္ထမြောက်သားဖြစ်သော "ဦးဖလ်"သည် မော်လမြိုင်၊ ဒိုင်းဝန်ကွင်း၊ အရှေ့ရွှမ်းကုန်းရပ်၊ ဆင်ဖြူကျောင်း ဒါယကာ၊ ဒါယိကာမတို့ ဖြစ်ကြသော သစ်ခေါင်းကြီး "ဦးသာညွှင်း-ဒေါ်ပွင့်"တို့၏သမီး "ဒေါ်ယဉ်"နှင့်သင့်မြတ်ရာတွင် (၁)ဦးသွင်(ဆာဦးသွင်)၊ (၂)ဒေါ်နှင်းအိနှင့် (၃)ဦးအုံးဖေ(ဓါတ်မီးသူဌေး)တို့ ထွန်းကားသည်။

"ဦးအုံးဖေ"ကို ကောဇာ၊ ၁၂၄၆-ခုနှစ်၊ (ခရစ်-၁၈၈၄)တွင် ယခုဒိုင်းဝန်ကွင်းရွှေချက်သိုစေတီရှိရာနေအိမ်တွင် ဖွားမြင်သည်။

ဦးဖလ်-ဒေါ်ယဉ် တို့ဇနီးမောင်နှံသည် သားအထွေးဆုံးဖြစ်သူ မောင်အုံးဖေအပေါ်ဝိုလ်ချစ်သည်။ အလိုလိုက်သည်။ အထက်တန်းကျောင်းသား မောင်အုံးဖေကို ပေါ်ဦးစေ မော်တော်ဆိုင်ကယ်တစ်စီးဝယ်ပေးသည်။ မောင်အုံးဖေသည် ဆိုင်ကယ်တစ်စီး

ဖြင့်မြို့အနှံ့လှည့်လည်ကာ အမျိုးအချောအလှများကိုပိုးပန်းသည်။

လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော်မှစ၍ နှစ်စဉ် တန်ဆောင်မုန်းလဆန်း (၁၄)ရက် (နိုဝင်ဘာဝန်းကျင်)တွင် ကျိုက်သလ်ဆုရာအနောက်ဘက်စောင်းတန်း၌ ဆွမ်းကြီးလောင်းပွဲကျင်းပသည်။ မြို့မှတ်နာဖုံးလူကြီးများ၏ သမီးမျိုးအလှပဇေးတို့သည် စိန်၊ ရွှေရတနာတို့ကိုအပြိုင်အဆိုင်ဝတ်ဆင်ကာ ဆွမ်းကြီးလောင်းကြသည်။ တာလသားတို့က အနီးဝန်းကျင်မှလူယောင်ပြကြသည်။ မောင်အုံးဖေတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ မောင်အုံးဖေသည် အလှပဇေးမှားအနက် အသားဖြူဖြူ အရပ်ထောင်ထောင် မောင်းမောင်း (ရွှေဘိုမင်းကြီးကဲ့)မျိုးဖြူတစ်ဦးကို တွေ့မြင်နှစ်သက်စွဲလမ်းသွားသည်။ ထိုမျိုးဖြူမှာ ဖက်တန်းရပ်မှထိပ်တန်းတုန်သည်ကြီးဖြစ်သူ ထားဝယ်ဇာတိ "ဦးဟံ-ဒေါ်သင်းရီ"တို့၏သမီး "ကွန်ဗင့်"(Convent)ကျောင်းသူ မေရီဟံ(Mary Han)ခေါ် "မင်္ဂေဇွန်"ဖြစ်သည်။

မောင်အုံးဖေသည် မော်လမြိုင်မြို့ "စိန့်ပက်ထရစ်"(St. Patrick)ကျောင်းမှ (၁၀)တန်းအောင်သည့်အလျောက် အင်္ဂလိပ်စာအရေးအသား၊ အပြောအဆို ကျွမ်းကျင်သည်။ မောင်အုံးဖေ၏ မြန်မာ၊ အင်္ဂလိပ်လက်ရေးလက်သားမှာ လှပသေသပ် ခန့်ညားသည်။ မောင်အုံးဖေသည် ချစ်တီးစကား၊ ဘင်္ဂါလီစကား၊ တရုတ်စကားနှင့် မွန်စကားတို့ကို ကောင်းမွန်ရေလည်စွာပြောတတ်သည်။

မောင်အုံးဖေ (၁၀)တန်းအောင်သော် တက္ကသိုလ်ဆက်မတက်တော့ဘဲ မိဘများနှင့်အတူ စီးပွားရေးလုပ်ငန်းများကို ဝိုးတူပေါင်ဖက်ဆက်လက်လုပ်ကိုင်သည်။ အသောက်အစား၊ လောင်းကစားမဖက်သော ကဲ၊ ဥာဏ်၊ ဝီရိယရှိသော မောင်အုံးဖေသည် သုံးလေးနှစ်အတွင်းသူဌေးလေးမောင်အုံးဖေဖြစ်လာသည်။

ကောဇာ၊ ၁၂၇၀-ပြည့်နှစ်၊ (ခရစ်-၁၉၀၈)တွင် မောင်အုံးဖေနှင့် မင်္ဂေဇွန်တို့လက်ထပ်ထိမ်းမြားသည်။ ထိုစဉ်က မောင်အုံးဖေအသက်(၂၄)နှစ်၊ မင်္ဂေဇွန်အသက် (၁၆)နှစ်ဖြစ်သည်။ သား၊ သမီး(၃)ဦးအား အိမ်ထောင်ချပေးပြီးမကြာမီမှာဝင် ဒေါ်ယဉ်ကွယ်လွန်သည်။ ကောဇာ၊ ၁၂၈၄-ခုနှစ်၊ (ခရစ်-၁၉၂၂)တွင် ဦးဖလ်ကွယ်လွန်သည်။

မိဘနှစ်ပါးကွယ်လွန်ပြီးနောက် ဦးသွင်၊ ဒေါ်နှင်းအိနှင့် ဦးအုံးဖေ မောင်နှစ်မ (၃)ယောက် အမွေခွဲကြသည်။ အမွေခွဲရာတွင်-

၁။ မိဘများ စင်ကြယ်စွာရှာဖွေထားခဲ့သောအမွေပစ္စည်းများသည် မပိုင်

မဆိုင်သော ရွှေနေ၊ ရွှေရပ်များ၊ တံဆိပ်ခေါင်းဖိုးနှင့် ရုံးစားဖို့အတွက် ထားခဲ့သည်မဟုတ် -

၂။ ညီအစ်ကို မောင်နှစ်မတတွေ စိတ်ဝမ်းကွဲမခေါ်ချင်၊ မပြောချင်၊ မဆိုချင်၊ သူစိမ်းပြင်ပြင်ဖြစ်အောင် ထားခဲ့သည်မဟုတ် -

၃။ ဥမတွဲ သိုက်မတျက်၊ ချစ်ခင်စုံမက်၊ မြတ်နိုးကြ၍၊ ကျောချင်းကပ်၊ ရင်ချင်းအပ်၊ မေတ္တာဓါတ်ကြီးကြီးဖြင့် ရင်းနှီးညီညွတ်ကြရန်အရေးကို မြော်တွေး၍ ထားခဲ့ခြင်းဖြစ်သည်တူသော အချက်သုံးချက်ကိုအခြေခံ၍ အမွေခွဲသည်။

ဦးသွင်က ရန်ကုန်ရှိမိဘပိုင်ပစ္စည်းအကုန်ရသည်။ ဒေါ်နှင်းအိက အတွင်းပစ္စည်းအကုန်ရသည်။ ဦးအုံးဖေက လက်ဝတ်လက်ရင်းများကိုဆက်ခံရသည်။

မိဘများကွယ်လွန်၍ အမွေခွဲပြီးနောက် ဦးအုံးဖေသည် ကံ၊ ဥာဏ်၊ ဝီရိယကို ပဓာနထား၍ အားကြိုးမာန်တက်စီးပွားရှာလေရာ ဦးအုံးဖေ၏စီးပွားရေးမှာ ဒီရေအလား တိုးပွားလာသည်။ လယ်စက (၈၀၀၀)ကျော် ပိုင်ဆိုင်လာသည်။ မိမိလယ်ယာမှ ထွက်သောစပါးအချို့ကို ဆွေစဉ်မျိုးဆက်ကိုးကွယ်သော တောင်လေးလုံးဝရိယတ္တိစာသင်တိုက်သို့လှူဒါန်းသည်။ ရာဘာခြံများကိုလည်း ပိုင်ဆိုင်လာသည်။ ဘီလူးကျွန်း၊ ဘုရားကြီးကုန်းဆန်စက်နှင့် မော်လမြိုင်၊ မရမ်းကုန်းသစ်စက်တို့ကိုလည်း ပိုင်ဆိုင်လာသည်။ မော်လမြိုင်မြို့ပေါ်တွင် ဦးအုံးဖေပိုင်ဆိုင်သော တိုက်အိမ်ပေါင်း (၁၀၈)လုံးရှိသည်။ မော်လမြိုင်လှပ်စစ်ဓါတ်မီးကုမ္ပဏီပိုင်ရှင်လည်းဖြစ်သည်။

ကောဇာ၊ ဝ၂၉စ-ခုနှစ်၊ ပြာသိုလဆုတ်(၆)ရက် (၁ ဇန်နဝါရီ ၁၉၃၇) အထိ ဦးအုံးဖေပိုင်ဆိုင်သော စိန်ထည်ပစ္စည်းများမှာ -

၁။ စိန်ကြယ်သီးမျိုးစုံ

၂။ စိန်ဆံထိုးမျိုးစုံ

၃။ စိန်နားကပ်မျိုးစုံ

၄။ စိန်ပန်းခိုင် (အပျော့)မျိုးစုံ

၅။ စိန်ပန်းခိုင် (အမာ)မျိုးစုံ

၆။ စိန်ဘယက်မျိုးစုံ

၇။ စိန်ဘီးမျိုးစုံ

၈။ စိန်လက်ကောက်မျိုးစုံ

၉။ စိန်လက်စွတ်မျိုးစုံနှင့်

၁၀။ စိန်လည်တုန်မျိုးစုံ စုစုပေါင်း (၅၂)မျိုးရှိသည်။

ဦးအုံးဖေတွင် စိန်ထည်ပစ္စည်များသာမက မျက်နှာသစ်သောရွှေခွက် အပါအဝင် ရွှေထည်ပစ္စည်းများနှင့် ရေချိုးသောငွေခွက်အပါအဝင် ငွေထည်ပစ္စည်း များလည်း ရှိပေသေးသည်။

စီးပွားရေးလုပ်ငန်းနှင့်ဝတ်သက်၍ ဦးအုံးဖေသည် ရီဇတ်ဘင်္ကာ(Reserve Bank of India)၊ ယူနိုက်တက်ကော်မာရှယ်ဘင်္ကာ(United Commercial Bank)နှင့် အင်ပီးရီးရယ်ဘင်္ကာ(Imperial Bank of India)တို့နှင့် ဆက်သွယ်သည်။

ဦးအုံးဖေ၏ စီးပွားရေးလုပ်ငန်းများမှာ များပြားကျယ်ပြန့်သဖြင့် အကြံပေး ဝတ်လုံနှင့် ရှေ့နေများထားရှိရသည်။ ဝတ်လုံတော်ရ ဦးရွှေသွင်၊ ဝတ်လုံတော်ရ တော်စိုကူးနှင့် ရှေ့နေဦးချစ်ဘေတို့သည် ဦးအုံးဖေ၏စာချုပ်စာတန်းကိစ္စများကို မကြာခဏဆောင်ရွက်ပေးရသည်။

ဦးအုံးဖေ၏ ဓနဥစ္စာကြွယ်ဝမှု သိကွာသမာဓိရှိမှုနှင့် မြို့ရွာအပေါ် သြဇာရှိမှု တို့ကို အစိုးရအရာရှိတို့က သိမြင်သဘောပေါက်သည်။ မိမိတို့အပေါ် သစ္စာစောင့်သိ ရိုသေသည့် လူယုံတော်ကြီးတစ်ဦးဖြစ်စေလိုသည်။ ဦးအုံးဖေကမူ အစိုးရအရာရှိတို့နှင့် မလျော့မတင်း အလိုက်အထိုက်သာဆက်ဆံသည်။

မော်လမြိုင်ရှိ အစိုးရအရာရှိတို့၏ အကြံပေးထောက်ခံချက်အရ ကောဇာ၊ ၁၂၉၉-ခုနှစ်၊ နယုန်လဆန်း(၄)ရက် (၀၂ မေ ၁၉၃၇)တွင် ဆဌမမြောက် ဂျော့ဘုရင် နန်းတက်ပွဲသို့တက်ရောက်ရန် ဘက်ကင်ဟမ်(Buckingham)နန်းတော်မှ ဖိတ်စာရသည်။ သို့သော် ဦးအုံးဖေမတက်ရောက်ခဲ့ချေ။ တက်ရောက်ပါက ဆာဘွဲ့ရရန် အလားအလာ ရှိသည်။

ဦးအုံးဖေသည် ကျိုက်သလ်ဘုရား ဘဏ္ဍာတော်ထိန်းဝေါဟကလူကြီးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော် ၁၂၆၈-ခုနှစ်၊ မြာသိုလ (ဒီဇင်ဘာ ၁၉၀၆)တွင် ကျိုက်သလ်ဘုရားရင်ပြင်တော်တွင် မြို့လုံးကျွတ်လူထုအစည်းဝေးပွဲကြီး တစ်ရပ်ကျင်းပပြီး ဘုရားဝေါဟကအဖွဲ့ ဖွဲ့စည်းရေး အတွက် အများသဘောတူ တစ်ခဲနက်ဆုံးဖြတ်ကြသည်။ ၁၂၆၉-ခုနှစ်၊

တောင်သလင်းလဆုတ်(၉)ရက် (၃၀ စက်တင်ဘာ ၁၉၀၇)တွင် ဝတ်လုံတော်ရှင် ဦးချစ်လှိုင်(နောင် - ဂျီစီဘီအေ(GCBA)ဥက္ကဋ္ဌကြီး)က အပို ခ်(၂၆)ပို ခ်ပါ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့စည်းမျဉ်းကိုရေးဆွဲ၍ တရားဝင်ဖြစ်အောင်ဆောင်ရွက်ပေးသည်။

ကောလာ၊ ဝ၂၆၉-ခုနှစ် (ခရစ်-၁၉၀၇)ပထမဆုံး ဂေါပကလုကြီးများမှာ-

၁။ ဦးသာညွှင်း
၂။ ဦးညို
၃။ ဦးခို
၄။ ဦး တိုးခင်
၅။ ဦးဖလ်
၆။ ဦးဟံ
၇။ ဦးသာဖွန်း
၈။ ဦးထွန်းလှ
၉။ ဦးနီ - နှင့်
၁၀။ ဦးရွှေဘိတို့ဖြစ်ကြသည်။

ဦးဖလ်သည် ဦးတုံးဖေ၏ဖခင်ဖြစ်ပြီး ဦးဟံသည်ယောကျ်မဖြစ်သည်။ ဖခင်ကွယ်လွန်ပြီးနောက် ဦးတုံးဖေသည် ဂေါပကလုကြီးဖြစ်လာသည်။

ဦးတုံးဖေသည် ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး၏ ဝထမဆုံးဒုတိယဥက္ကဋ္ဌဖြစ်သည်။

ထို့ဖြင့် ဦးတုံးဖေသည် သာသနဓရအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ်လည်းဆောင်ရွက်ခဲ့သည်။

ဦးတုံးဖေသည် မင်းတိုင်ပင်အမတ်အဖြစ်ရရှိသော လွတ်တော်ခရီးစရိတ်နှင့် လစာငွေများကို ပရိယတ္တိသဒ္ဓမ္မပါလအသင်း၊ သာသနဓရအသင်း၊ ရှင်မဟာဒုဒ္ဓဃောသကျောင်းနှင့် ဗုဒ္ဓဘာသာမိန်းကလေးအထက်တန်းကျောင်းများသို့ ခွဲဝေလှူခဲ့သည်။

၁၃၀၃-ခုနှစ်၊ မြာသိုလ (ဇန်နဝါရီ ၁၉၄၂)မှစတင်၍ ဦးတုံးဖေ၏ဘဝသည် အကျပိုင်းသို့ရောက်လာသည်။ ၁၃၀၃-ခုနှစ်၊ တပို့တွဲလပြည့် (၃၀ ဇန်နဝါရီ ၁၉၄၂)တွင် ဂျပန်တို့ကမော်လမြိုင်ကို စတင်တိုက်ခိုက်သည်။ နောက်တစ်နေ့တွင် မော်လမြိုင်

ဂျပန်လက်အောက်သို့ ကျရောက်သွားသည်။ အစ်လိပ်တို့သည် မော်လမြိုင်မှမဆုတ်ခွာမီ ဦးအုံးဖေ၏ ခေတ်အားပေးစက်ရုံကို ဒိုင်းနမိုက်(Dynamite)များဖြင့် ဖောက်ခွဲဖျက်ဆီးသွားသည်။ ဦးအုံးဖေသည် စစ်ပြေးဘဝဖြင့် ဘီလူးကျွန်းသို့ သွားရောက်နေထိုင်ရသည်။

ဦးအုံးဖေသည် အခြေအနေတည်ငြိမ်စပြုသောအခါ မော်လမြိုင်သို့ ပြောင်းရွှေ့နေထိုင်သည်။ စီးပွားရေးလုပ်ငန်းများကို လုံးဝမလုပ်တော့ချေ။ ဂျပန်ခေတ်တွင် မလိုသူအချို့၏ချောက်တွန်းမှုကြောင့် ဂျပန်တို့၏ညှဉ်မှုကိုခံရသည်။ ၁၃၀၅-ခုနှစ်၊ ဝါခေါင်လဆန်း(၁)ရက် (၁ ဩဂုတ် ၁၉၄၃)တွင်ထုတ်ဝေသော ကျွပ်(၁၀)တန် ဗမာနိုင်ငံတော်လွှပ်လပ်ရေးငွေစုစာချုပ်အများအပြားကို ဝယ်ယူသောအခါမှ ဂျပန်တို့က ဦးအုံးဖေအပေါ် အမြင်ကြည်လာသည်။

မိသားစုစားဝတ်နေရေးပြေလည်စေရန် ဦးအုံးဖေ၏တစ်ဦးတည်းသောသားဖြစ်သူဦးစိုးတင်က နန်းတော်ရုံတွင် ဇာတ်ပွဲသွင်း၍ဝင်ငွေရှာသည်။ မော်လမြိုင်နန်းတော်ရုံ၏ မူလအမည်မှာ "ဝလုပ်"(Globe)ရုံဖြစ်ပြီး ဖါရစီကပွဲများကပြသည်။ နောင်အခါဝလုပ်ရုံသည် "လျှောင်အိမ်ရှိုင်"ပိုင်ဖြစ်လာသည်။ ထို့နောက် ဦးအုံးဖေလက်သို့ရောက်သွားသည်။ ဝလုပ်ရုံအမည်ပျောက်၍ "နန်းတော်ရုံ"အမည်သစ်ပေါ်လာသည်။

ဂျပန်ခေတ်တွင် ရုပ်ရှင်၊ ဂီတအနုပညာသည်များ အလုပ်လက်မဲ့ဖြစ်ပြီး အများနည်းတူ ဒုက္ခရောက်သည်။ နောက်ဆုံးတတ်သည့်ပညာဖြင့် ရုပ်ရှင်ကပွဲကြီးဟု အမည်တတ်ကာ ပရိတ်သတ်ရှေ့မှောက်သို့ လူကိုယ်တိုင်ထွက်၍ သရုပ်ဆောင်ကပြကြရသည်။ ဒဂုန်ဆရာတင်ဦးဆောင်သော ဒဂုန်သီရိရုပ်ရှင်ကပွဲကြီးမှာ ထင်ရှားသည်။ ထိုအဖွဲ့တွင် မင်းသားဘချစ်၊ အောမ်းညွှန့်မောင်၊ ကျော့ဝင်း၊ မင်းသမီးမေမြင့်၊ မေနွဲ့၊ လူကြမ်းအေးငွေကြီး၊ တင်ညွှန့်ကြီး၊ ဇော်ပို့ စိန်ဂျွန်းထွန်းရွှေ၊ စိန်ဂျွန်းသောင်းတင်၊ လူရွှင်တော် စံပ၊ ပန်ချာနှင့် မဆိတ်ပုတို့ ပါဝင်ကြသည်။ တေးသီချင်းရေးဆရာ ရန်နိုင်စိန်၊ စန္ဒရားဆရာသဆုံကိုကြည်နှင့် အခမ်းအနားဖြင်ဆင်သူ ပဲရော့ရုပ်ရှင်ကုမ္ပဏီမှ ပန်းချီဆရာကိုချစ်စိန်တို့ဖြစ်ကြသည်။

ရုပ်ရှင်သဘင်ကပွဲကြီး နန်းတော်ရုံတွင် ရုံတင်ကပြကြသောအခါ ပွဲကြည့်ပရိတ်သတ်များ နေ့စဉ်ကြိတ်ကြိတ်တိုး လာရောက်အားပေးကြသည်။ လေကြောင်းရန်အချက်ပေးသံချောင်းခေါက်သောအခါ ထွက်ပြေးတိမ်းရှောင်ကြသည်။ ဘေးရန်

ကင်းရှင်းကြောင်း သံချောင်းခေါက်သံကြားသောအခါ တစ်ဖန်ပြန်လာ၍ ပွဲကြည့်ကြပြန်သည်။ ကပြသူများကလည်း ရပ်နားထားသောအခန်းမှ ဆက်လက် ကပြကြသည်။ ရုံဝင်ခရသော ဂျပန်ငွေစက္ကူများမှာ များပြားလှသဖြင့် ငွေသိမ်းသူက ပုဆိုးစကို လက်နှစ်ဘက်ဖြင့်မ၍ ထည့်ရသည်။

ဖက်ဆစ်တော်လှန်ရေးစတင်၍ ဂျပန်ပြေးခါနီးတွင် ဦးအုံးဖေမိသားစုသည် ဒုတိယအကြိမ်စစ်ပြေးဘဝဖြင့် ဘီလူးကျွန်းသို့သွားနေရပြန်သည်။ ထိုစဉ်က ဂျပန်ငွေစက္ကူများမှာ လုံးဝတန်ဖိုးမဲ့တော့မည့်အချိန်ဖြစ်သည်။ ဗယာကြော်တစ်ခု ကျပ်(၅၀၀) ပေးနေရချိန်ဖြစ်သည်။ ထိုသို့သောအခါသမယတွင် ဒုတိယကမ္ဘာစစ် မတိုင်မီက ဦးအုံးဖေထံမှ ငွေဒင်္ဂါးများကိုယူ၍ အပေါင်ထားသော ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာနှင့် လယ်ယာများကိုအပေါင်ထားသူတို့က ဂျပန်ငွေစက္ကူများဖြင့် ပြန်လည်ရွေးယူသည်။ ဦးအုံးဖေမှာ "ဂျပန်ကင်ပေတိုင်"(Kempeitai)တို့၏ရန်ကို ကြောက်ရသဖြင့် ဂျပန်ငွေစက္ကူများကို လက်ခံရသည်။ ဂျပန်လက်နက်ချ၍ ဦးအုံးဖေ မော်လမြိုင်သို့ပြန်ပြောင်း လာသောအခါ ဦးအုံးဖေလက်ထဲတွင် အင်္ဂလိပ်ငွေကျပ်(၃၅၀)သာပါသည်။

ဒုတိယအကြိမ် စစ်ပြေးဘဝတွင် ဦးအုံးဖေသည် လည်ချောင်းနာသောဝေဒနာ စတင်ခံစားရသည်။ အသံလည်းကောင်းစွာ မထွက်တော့ချေ။ ဝေဒနာ၏ဇစ်မြစ်ကို မသိသေးချေ။ ၁၃၀၇-ခုနှစ်၊ တော်သလင်းလဆန်း(၇)ရက် (၁၃ စက်တင်ဘာ ၁၉၄၅)တွင် ဦးအုံးဖေ မော်လမြိုင်သို့ ပြန်ပြောင်းလာသည်။

ဦးအုံးဖေ မော်လမြိုင်ပြန်ရောက်၍ (၃)ရက်အကြာ ၁၃၀၇-ခုနှစ်၊ တော်သလင်း လဆန်း(၁၀)ရက် (၁၆ စက်တင်ဘာ ၁၉၄၅) တနင်္ဂနွေနေ့၊ နံနက် (၉)နာရီတွင် ကျိုက်သလ်ဈေတီတည်ရာ နာဂဝိသတောင်စွယ် အရှေ့တောင်ထောင့် ကမ်းပါးယံကြီး ပြိုကျသွားသည်။ ပြိုကျရာတွင် ပဌာန်းဇရပ်ပါ ပါသွားရုံမက တောင်အောက်ရှိ ရွှေစာရံ ကျောင်းတိုက်ဇရပ်ပါပိသွားလေရာ ခိုကိုးရာမဲ့လူ(၂၀)ခန့် မြေပိ၍သေဆုံးရ သည်။ ကုန်းတော်၏သုံးပုံတစ်ပုံပြိုကျသွားသည်ကို ရုတ်တရက်မပြုပြင်ပါက နောက်ထပ် အဆင့်ဆင့်လိုက်ပါပြိုပျက်နိုင်သည်။ ထို့ကြောင့် ရင်ပြင်တော်ပြုပြင်ရေးအဖွဲ့ကိုချက်ချင်း ဖွဲ့စည်းရာ ဦးအုံးဖေမှာ မလွဲမရှောင်သာဘဲ ဥက္ကဋ္ဌတာဝန်ကိုယူရသည်။ ရင်ပြင်တော် ပြုပြင်ရန် မတည်ငွေများစွာလိုသည်။ ဂျပန်အပြေးအင်္ဂလိပ်အဝင် စပ်ကူးမတ်ကူးအချိန် ဖြစ်၍ ဦးအုံးဖေလက်ဝယ်တွင် အင်္ဂလိပ်ငွေကျပ်(၃၀၀)ကျော်သာ ရှိသည်။ ထို့ကြောင့်

စိန်ထည်ပစ္စည်းအတော်များများကို ပေါင်နှံရောင်းချ၍ အလှူငွေထည့်ဝင်ရသည်။

ပြုပြင်ရေးလုပ်ငန်းမှာ ကြီးမားကျယ်ပြန့်လှသဖြင့် ကောလာ၊ ၁၃၀၇-ခုနှစ်၊ (၁၉၈၀-၁၉၄၅)တွင် ကျိုက်သန်လန်(ကျိုက်သလွဲ)ဘုရားပြုပြင်ရေးအဖွဲ့ကို ဖွဲ့စည်းရသည်။ အဝိုဒ်(၂၂)ဝိုဒ်ပါ စည်းမျဉ်းဥပဒေကို ၁၃၁၄-ခုနှစ်၊ တော်သလင်းလဆန်း ၁၂-ရက်၊ တနင်္ဂနွေနေ့ (၃၁ ဩဂုတ် ၁၉၅၂)တွင် အများသဘောတူအတည်ပြုသည်။

ထိုစဉ်က ဦးတုံးဖေသည် လှူရေးတန်းရေး၊ မြို့ရေး၊ ရွာရေးကိုစိတ်ဆောင်၍ လုပ်ကိုင်နေသေးသော်လည်း ရုပ်ပိုင်းမှာယိုယွင်းပျက်စီးနေပြီဖြစ်သည်။ ခရိုင်ဆရာဝန်ကြီးဒေါက်တာ"သာမြ"က ဦးတုံးဖေအား လည်ချောင်းတင်ဆာဖြစ်နေကြောင်း ငြိမ်ငြိမ်သက်သက် နားနားနေနေနေထိုင်ရန်လိုကြောင်း နောက်(၆)လ သာနေရတော့မည်ဖြစ်ကြောင်း သဘောပေါက်နားလည်အောင် သွယ်ဝိုက်၍သတိပေးပြီးဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်တို့သည် စစ်ရေးအတွက်အသုံးပြုရန် မြန်မာနိုင်ငံ၊ သံဖြူဇရပ်မှ ယိုးဒယား(ထိုင်း)နိုင်ငံ "ဘန်ပေါင်"(Ban Pong)အထိ (၄၁၅) ကီလိုမီတာရှည်လျားသော မီးရထားလမ်း(သေမင်းတမန်လမ်း)ကို ဖောက်လုပ်သည်။ ရထားလမ်းဖောက်လုပ်ရာတွင် စစ်သုံ့ပန်းများကိုသာမက မြန်မာနိုင်ငံသား (၂)သိန်းကို နိုင့်ထက်စီးနင်း အတင်းအဓမ္မခွဲးတပ်သားအဖြစ် စုဆောင်းပြီးစေခိုင်းသည်။ မြန်မာနိုင်ငံသား(၈)သောင်းကျော် အသက်ဆုံးခဲ့သည်။ သေဆုံးသူဦးရေသည် ရထားလမ်းရှိ ဇလီဖားတုံးအရေအတွက်နှင့် ညီမျှသည်။ ၁၃၀၈-ခုနှစ်၊ နတ်တော်လဆုတ်(၁၀)ရက် (၁၈ ဖီဗရီဘာ ၁၉၄၆)တွင် သေဆုံးသွားရသူများကို အောက်မေ့သတိရသောအားဖြင့် သံဖြူဇရပ်ရွာ(ယခုမြို့)တွင် သရဏဂုံတင်ပွဲကျင်းပပြုလုပ်သည်။

သရဏဂုံတင်ပွဲမလုပ်မီ (၁၈)ရက်အလိုတွင် မော်လမြိုင်အရေးပိုင်က အစိုးရအရာရှိများ မြို့ဖိ၊ မြို့ဖများကို မော်လမြိုင်၊ မြုံနီစီဝါယ်ရုံးကြီး(ယခုပ-ယ-ကရုံး)သို့ ဖိတ်ကြား၍ လိုအပ်သည်များကိုတိုင်ပင်ဆွေးနွေးကြသည်။ အစည်းအဝေးသို့ ဦးတုံးဖေတက်ရောက်သည်။ ဦးတုံးဖေက သရဏဂုံတင်ပွဲသို့ ကြွရောက်လာသည့် သံယာတော်များကို သယ်နှင့် ထီး၊ ဖိနပ်များလှူရန်ကတိပြုသည်။ အစည်းအဝေးကျင်းပစဉ် ဦးတုံးဖေချောင်ဆိုးသည်။ သွေးစသွေးနများဝါသည်။ ဤတွင် ဦးတုံးဖေသည် သဘာပတိကြီးထံခွင့်ပန်၍ မိမိ၏ယာဉ်မောင်း ဦးတုံးဖေ(အမည်တူ)အား မိမိ၏ အော်စတင်ကား(Austin)ဖြင့် အိမ်သို့အမြန်ပြန်ပို့စေသည်။ မြို့မတ်တားလမ်းအတိုင်း

အမြန်မောင်းနှင်လာရာ အကောက်ခွန်ရုံးရှေ့အရောက် မြောက်ဘက်သို့ ကားကွေ့ခါနီး တွင် ယာဉ်မောင်းတကားနောက်ခုံသို့လှည့်ကြည့်လိုက်ရာ ဦးတုံးဖေမှာ သွေးတံ ဇက်ကျိုးကာ အသက်ပျောက်နေသည်ကို တွေ့ရသည်။ ဦးတုံးဖေအိမ်နှင့် ပေ(၂၀၀)ခန့် အကွာတွင်ဖြစ်သည်။ လမ်းတွင်အသက်ပျောက်ရသဖြင့် စိတ်မကောင်းစရာ ဖြစ်သော်လည်း ဦးတုံးဖေသည်မကွယ်လွန်မီမိနစ်ပိုင်းအချိန်အထိ အလှူအတန်းနှင့် ကင်းကွာမသွားသည့်အတွက် ဖြေသိမ့်နိုင်ပေသည်။

ဦးတုံးဖေ၏အသုဘကို မြို့ပေါ်ရှိဆရာတော်ကြီးများ အစိုးရအရာရှိ၊ အရာခံများ၊ မြို့ဖိ၊ မြို့ဖများ၊ ဘာသာစုံ၊ လူမျိုးစုံအသင်းအဖွဲ့များ၊ လူတန်းစား အသီးသီးနှင့် အလွှာအသီးသီးမှပုဂ္ဂိုလ်များ လိုက်ပါပို့ဆောင်ကြသည်။

ဦးတုံးဖေ၏ရုပ်အလောင်းကို မြေနီကုန်းသုသာန်နယ်မြေအတွင်းရှိ ကျွန်းပင်ကုန်းသချိုင်းတွင် ဂူသွင်းသင်္ဂြိဟ်သည်။ ဤတွင် ဇာတ်လမ်းကမပြီးဆုံးသေးချေ။

ဦးတုံးဖေကွယ်လွန်သောအခါ ဇနီးဒေါ်ငွေညွှန့်နှင့် တစ်ဦးတည်းသောသား ဦးစိုးတင်တို့ကျန်ရစ်သည်။ ဒေါ်ငွေညွှန့်သည် ဦးတုံးဖေကွယ်လွန်ချိန်မှစ၍ အကျိုးအဖြူ ထမီအနက်ရောင်တို့ကို သက်ဆုံးတိုင်ဝတ်ဆင်သွားသည်။ မိုးညှင်းဆရာတော် အလှူခံသဖြင့် စိန်နားကပ်မပုံသည်မှာ ကြာခဲပြီဖြစ်သည်။ ဒေါ်ငွေညွှန့်သည် အသက် (၆၆)နှစ်အရွယ် ၁၃၁၉-ခုနှစ်၊ တန်ခူးလဆန်း(၁၂)ရက် (၃၁ မတ် ၁၉၅၈)တွင် ကွယ်လွန်သည်။ သားဖြစ်သူဦးစိုးတင်က မိခင်၏ရုပ်အလောင်းကို ဝထမဦးစွာ သံဖြူခေါင်းတွင်ထည့်၍ အလုံပိတ်သည်။ ထို့နောက် သံဖြူခေါင်းကို ကျွန်းသားခေါင်းတွင် ထည့်ပြီးနောက် ဦးတုံးဖေ၏ဂူနံတေးတွင် ဂူသွင်းသင်္ဂြိဟ်သည်။ ကောဇာ ၁၁၉၂-ခုနှစ်၊ (၁၈၃၀-၁၈၃၁)ဝန်းကျင်တွင် ဦးဇီနဘုရားအနောက်ဘက်တောင်ခြေတွင် မြေကွက်ကြီးတစ်ကွက် ရှိသည်။ မြေကွက်၏နယ်နိမိတ်မှာ အရှေ့သို့လားသော် ဦးဇီန ဘုရားတောင်ခြေ၊ မြောက်သို့လားသော် နှင်းဆီလမ်း၊ အနောက်သို့လားသော် အထက် လမ်းမကြီး၊ တောင်သို့လားသော် သံလွင်ဥယျာဉ်တို့ဖြစ်သည်။ ထိုမြေကွက်ကြီး၏ အချို့အပိုင်းများတွင် လူမျိုးစုံဘာသာစုံတို့၏ သချိုင်းများရှိသည်။ ထိုမြေကွက်ကြီးတွင် အစိုးရရုံးများ၊ ကျောင်းများ၊ ဘာသာရေးအဆောက်အဦများ တစ်ခုပြီးတစ်ခု ဆောက်လုပ်သောအခါ သချိုင်းမြေကျဉ်းသွားသည်။ ထိုအတောအတွင်း မြို့လူဦးရေ ကလည်း တိုးပွားလာသည်။ အလောင်းသင်္ဂြိဟ်ရန် မြေနေရာအခက်အခဲဖြစ်လာသည်။

ထိုစဉ် ဦးဇင်နဘုရားရင်ပြင်ပေါ်ရှိ ချမ်းသာကြီးဘုရားဒါယကာ သမာဓိမြို့ဝန် ဦးရွှေမိုး အော. တီ. အမ်(A.T.M)က အမြော်အမြင်ကြီးကြီး ဧတဒဂ္ဂာထက်ထက်သန်သန်ဖြင့် မိမိပိုင်မြေနိကုန်းရာဘာတောကြီးကို သုသာန်အဖြစ်အသုံးပြုရန်လှူဒါန်းသည်။

ဦးရွှေမိုးကွယ်လွန်သော် မြေးဖြစ်သူ ဦးဘသက်(ဦးဇင်နဘုရား ဝေါဟာရလူကြီး)က ဆက်လက်ထိန်းသိမ်းသည်။ ဦးဘသက်ထံခွင့်ပြုချက်တောင်းခံ၍ မြေနိကုန်းသုသာန်တွင် သင်္ဂြိဟ်ရသည်၊ ဦးအုံးဖေနှင့် ဦးဘသက်တို့မှာ ခင်မင်ရင်နှီးသူများဖြစ်ကြသည်။ ဦးအုံးဖေက မြေနိကုန်းသုသာန်နယ်မြေအတွင်းရှိ ကျွန်းပင်ကုန်းသချိုင်းမြေကွက်ကို မိမိ၏မိသားစုသင်္ဂြိဟ်ရန် မြေကွက်အဖြစ်သတ်မှတ်ပေးပါရန်ခွင့်ပန်သည်။ ဦးဘသက်က လိုက်လျောသည်။ ဦးအုံးဖေက မိသားစုသချိုင်းကိုစောင့်ရှောက်ရန် သုဘရာဇာကြီး "ဦးသာဇီ"အားတာဝန်ပေးသည်။ ဦးသာဇီမိသားစုကို ဦးအုံးဖေက လစဉ်ဆန်လုံလောက်အောင်ထောက်ပံ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လမ်းများဖောက်၊ တံတားများဆောက်သည်။ မြန်မာနိုင်ငံတွင်အရှည်လျားဆုံးဖြစ်သော သံလွင်တံတား(မော်လမြိုင်)ကို ဆောက်လုပ်သည်။ မုတ္တမနှင့် မော်လမြိုင်အကြား ကားလမ်း၊ ရထားလမ်းများပါဖောက်သည်။ မော်လမြိုင်တွင် မီးရထားဘူတာရုံနှင့် ကားများရပ်နားရန်အတွက် စခန်းများဆောက်လုပ်ရန် မြေနေရာလိုလာသဖြင့် မြေနိကုန်းသုသာန်ကိုဖျက်သိမ်းသည်။

ကောဇာ၊ ၁၃၆၄-ခုနှစ်၊ (ခရစ်-၂၀၀၂)ဝန်းကျင်တွင် ဦးအုံးဖေ၏ကျန်ရစ်သူမြေးများသည် သချိုင်းဖျက်နေကြောင်းသတင်းရသဖြင့် ချက်ချင်းသွားရောက်သော်လည်း ဦးအုံးဖေ၏ဝူမှာ ဖျက်၍မပြီးနေသည်ကိုတွေ့ရသည်။ ဦးအုံးဖေ၏ပါးစပ်တွင် ထည့်ထားသော ကူးတို့ခရွေမတ်စေ့အပါအဝင် လက်ဝတ်ရတနာအချို့ရသည်ဟုသတင်းရသည်။ မြေးဖြစ်သူများက ဒေါ်ငွေညွှန့်၏ဝူကိုဖျက်၍ ခေါင်းနှစ်ထပ်ကို ဖွင့်ကြည့်ရာ ဒေါ်ငွေညွှန့်၏အလောင်းကို မဖျက်မီးတွေ့ရသည်။ အလောင်းတွင် ရွှေကွပ်ပယင်းကြယ်သီးတစ်စုံတပ်ဆင်ထားသော ပဒုမ္မာပိတ်အင်္ကျီအဖြူ ဝတ်ဆင်ထားသည်ကိုတွေ့ရသည်။ အနက်ခဲတွင်ပန်းပွင့်ကလေးများဖော်ထားသည့် ဘရိုကိတ်ထမီဝတ်ဆင်ထားသည်။ ကြယ်သီးကို သုဘရာဇာများကိုပေးလိုက်သည်။ ထိုအခါသုဘရာဇာများက ဦးအုံးဖေနီးမောင်နှံတို့၏ ခွပ်ကြွင်းများကို သွတ်သွတ်လက်လက်

စိတ်ပါလက်ပါ မီးသဖြိုတ်ပေးကြရာ နှစ်နာရီအတွင်းမှာပင်အရိုးပြာကျသည်၊ အရိုးပြာများကို ပိန္နဲကုန်းသုသာန်တွင် အမှတ်အသားပြုရှိမြုပ်နှံသည်။ ဦးတုန်းဖေ၏ ဇာတ်လမ်း ပြီးဆုံးသွားလေတော့သည်။

အနိစ္စ၊ အနိစ္စ၊ အနိစ္စ၊

အခန်း (၆)

မော်လမြိုင်မြို့ အနေအထား

(က) ရေးများ

"စျေးကြီး" (ယခုအောက်စျေး)ကို ကောဇာ၊ ၁၁၉၂-ခုနှစ် (ခရစ်-၁၈၃၀)တွင် တည်ထောင်သည်။ ကောဇာ၊ ၁၂၁၀-ခုနှစ် (ခရစ်-၁၈၄၈)တွင် စျေးကြီးကို စူရတီကုန်သည်ကြီး(၅၁)ဦးဖြင့် စုပေါင်းဖွဲ့စည်းထားသော၊ "ကုလားတန်းစုပေါင်းစျေးကုမ္ပဏီ"(Kaladan United Bazaar Company)သို့ ကျပ်(၅၁၂၀၀)ဖြင့် ရောင်းချလိုက်သည်။ (၉၉)နှစ်ဂရန်ကိုလည်း ထုတ်ပေးသည်။ ၁၃၁၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်၊ (၂၀ နိုဝင်ဘာ ၁၉၅၀)တွင် စျေးကြီးတစ်စျေးလုံး မီးလောင်ပြာကျသွားသည်။ မြို့နိုစီပါယ်အဖွဲ့က စျေးကုမ္ပဏီကို မီးလောင်မြေကွက်တွင် စျေးဆောက်လုပ်ခွင့်မပြုတော့ချေ။ မြို့နိုစီပါယ်အဖွဲ့က စျေးမြေကွက်ကို ကုမ္ပဏီထံ ငှားရမ်းကာ စျေးကြီးကိုဆောက်လုပ်သည်။ ၁၃၁၆-ခုနှစ်၊ ကဆုန်လ (မေ ၁၉၅၄)တွင် စျေးမြေကွက်နှင့် အဆောက်အဦများကို ပြည်သူပိုင်သိမ်းသည်။ ၁၃၂၀-ခုနှစ် သီတင်းကျွတ်လ (နိုဝင်ဘာ-၁၉၅၈)တွင် မြို့နိုစီပါယ်အဖွဲ့သို့ လွှဲပြောင်းပေးသည်။ ၁၃၄၀-ပြည့်နှစ်၊ သီတင်းကျွတ်လဆုတ်(၃)ရက် (၁၉ အောက်တိုဘာ ၁၉၇၈)ည၌ စျေးကြီးတစ်ခုလုံးမီးလောင်ပြာကျသွားပြီး ကျပ်သိန်း(၃၀၀)ကျော် ဆုံးရှုံးခဲ့သည်။ ယာယီစျေးကိုမိုင်ဒါကွင်းတွင် ခေတ္တဖွင့်လှစ်ရောင်းချစေသည်။ ထိုခေတ္တသည် (၁၀)နှစ်ကျော်ကြာသည်။ နဝတအစိုးရလက်ထက်တွင် လက်ရှိစျေးကြီးကိုတည်ဆောက်ပြီးစီးသည်။

ကောဇာ၊ ၁၁၉၈-ခုနှစ် (ခရစ်-၁၈၃၆)တွင် "ထားဝယ်စုစျေး"ကို ဆောက်လုပ်သည်။ ကောဇာ၊ ၁၂၁၀-ခုနှစ် (ခရစ်-၁၈၄၈)တွင် "မရမ်းကုန်းစျေး"၊ "ထားဝယ်စုစျေး" စျေးနှစ်စျေးကို အဋ္ဌိဂရန်များထုတ်ပေးသည်။ ကောဇာ၊ ၁၂၁၁-ခုနှစ် (ခရစ်-၁၈၄၉)တွင် "ဗိုင်းဝန်ကွင်းစျေး"အတွက် (၉၉)နှစ်ဂရန်ထုတ်ပေးသည်။ ကောဇာ၊ ၁၂၂၅-ခုနှစ် (ခရစ်-၁၈၆၃)တွင် "မောင်ငံစျေး"ကိုဂရန်ချပေးသည်။ ထိုစျေးကို မူလက "ကုလားတန်းစျေးကုမ္ပဏီ"ကပိုင်၍ ကောဇာ၊ ၁၃၁၇-ခုနှစ် (ခရစ်-၁၉၅၅)တွင် မြို့နိုစီပါယ်ပိုင်ပြုလုပ်သည်။

"နယားဘတ်စတီ"(Nayabusty)စျေးခေါ်၊ ကုလားစျေးခေါ်၊ ဗိုင်းတာစျေးခေါ်၊

မင်္ဂလာစေ့ား (၄-မည်ရ)စေ့ားအတွက်ဂရန်ကို ကောလာ၊ ၁၂၂၆-ခုနှစ် (ခရစ်-၁၈၆၄)တွင် ထုတ်ပေးသည်။ ကောလာ၊ ၁၃၂၂-ခုနှစ်၊ (ခရစ်-၁၉၆၀)တွင် မင်္ဂလာစေ့ားကို မြို့နိုစီပါယ်အဖွဲ့.က မြေပိုင်ရှင်ထံမှမြေငှားပြီး စေ့ားတုပ်ချုပ်ရေးလုပ်ငန်းကို လုပ်ဆောင်ခဲ့သည်။

ကောလာ၊ ၁၂၄၅-ခုနှစ်၊ (ခရစ်-၁၈၈၃)တွင် "မုဗွန်စေ့ား"အတွက် (၉၉)နှစ် ဂရန်ကို ထုတ်ပေးသည်။ ကောလာ၊ ၁၃၂၂-ခုနှစ်၊ (ခရစ်-၁၉၆၀)တွင် မြို့နိုစီပါယ်အဖွဲ့.က မြေရှင်ထံမှမြေငှါးရမ်းပြီး စေ့ားကိုစနစ်တကျလုပ်ကိုင်ဆောင်ရွက်သည်။

(၈) ရပ်ကွက်များ

ကောလာ၊ ၁၀၉၂-ခုနှစ်၊ (၁၇၈၀-၁၈၃၀) နောက်ပိုင်းတွင် သစ်လုပ်ငန်းကို အကြောင်းပြု၍ မော်လမြိုင်သည် ပို၍ စည်းကားလာသည်။ ရပ်ကွက်သစ်များ ပေါ်ပေါက်လာသည်။ မော်လမြိုင်ရပ်ကွက်များကို တောင်ဘက်မှ မြောက်ဘက်သို့ အစဉ်လိုက်ဖော်ပြရသော် (၁) မုပွန်၊ (၂) နတ်ကျွန်း၊ (၃) မောင်ငံ၊ (၄) ဘိုကုန်း၊ (၅) သိမ်ကုန်း၊ (၆) ထားဝယ်စု၊ (၇) ပန်းပဲတန်း၊ (၈) ဖိုးစောကုန်း၊ (၉) သင်္ဘောလဲ၊ (၁၀) မရမ်းကုန်း၊ (၁၁) တညင်းကုန်း၊ (၁၂) စစ်ကဲကုန်း၊ (၁၃) အရေးဝိုင်ကုန်း၊ (၁၄) သာယာကုန်း၊ (၁၅) ရွှေတောင်၊ (၁၆) ဖက်တန်း၊ (၁၇) ဓေါင်းမင်း၊ (၁၈) မန္တလေး၊ (၁၉) မီးလောင်ခြင် နှင့် (၂၀) ဈိုင်းဝန်ကွင်းတို့ဖြစ်ကြသည်။

(၁) မွန်ဘာသာအရေးအသား (မုတ်ပန်)၊ မွန်ဘာသာအသံထွက် (မုပွန်) ဖြစ်သည်။ အဓိပ္ပါယ်မှာ မုတ်ပန်(မု)သည် အဋ္ဌစွန်း၊ ပန်(ပွန်)သည် လေး(၄)ဖြစ်သည်။ ထို့ကြောင့် မုတ်ပန်(မုပွန်)သည် အဋ္ဌကုန်းလေးခုဟု အဓိပ္ပါယ်ရသည်။

(၂) နတ်ကျွန်းဟုခေါ်တွင်ခြင်းမှာ "နတ်ကျွန်းချောင်း"နှင့် "ချောင်းဝချောင်း" ချောင်းနှစ်ချောင်းကြားတွင် ကျွန်းသဖွယ်တည်ရှိနေသောကြောင့်ဖြစ်သည်။ နတ်ကျွန်းချောင်းသည် အရှေ့ဘက်ကွင်းများတွင် ချောင်းဖျားခံ၍ အမှတ်(၅)၊ သစ်စက်တောင်ဘက်မှကပ်၍ အနောက်ဘက်သို့စီးဆင်းသည်။ ချောင်းဝချောင်းသည်လည်း အရှေ့ဘက်ကွင်းများမှာဝင်ချောင်းဖျားခံ၍၊ အမှတ်(၄)၊ အရက်ချက်စက်ရုံ(ယခင်လောင်ချိုင်အရက်ချက်စက်ရုံ) တောင်ဘက်မှကပ်ပြီး အနောက်ဘက်သို့စီးဆင်းသည်။ ထိုချောင်းနှစ်ချောင်း သည် သံလွင်မြစ်နှင့် တစ်ဖာလုံခန့်အကွာတွင်ပေါင်းဆုံ၍ သံလွင်မြစ် အတွင်းသို့စီးဝင်သည်။

နတ်ကျွန်းပိုင်ဘိုးဘိုးကြီးမှာ "ဘိုးမင်းလှစည်သူ"ဖြစ်သည်။ နတ်ကွန်းသည် အရက်ချက်စက်ရုံအတွင်း၌ရှိသည်။ ထိုနတ်ကွန်းဘေးတွင် "ဦးမင်းကျော်" "မြင်းဖြူရွှေ"နှင့် "ကိုငွေးနတ်"တို့၏နတ်ကွန်းများရှိသည်။ ဦးမင်းကျော်နတ်ကွန်း အရက်ချက်စက်ရုံအတွင်း၌ထားရှိခြင်းမှာ "နတ်မှန် နေရာမှန်"ဟု ဆိုနိုင်သည်။ ကိုငွေးနတ်မှာလူပျိုနတ်ဖြစ်သည်။ နတ်ကျွန်းရပ်နတ်ပွဲကို နှစ်စဉ်နတ်တော်လတွင်ကျင်းပသည်။ နတ်ပွဲကျင်းပသောနေ့သည် ဥပုသ်နေ့နှင့် ပုဒ္ဓဟူးနေ့မဖြစ်ရချေ။ ပုဒ္ဓဟူးနေ့မှာ နတ်ဆူးများသောင်းကျန်းသောနေ့ဖြစ်၍ နတ်ပွဲ မကျင်းပခြင်း

ဖြစ်သည်။ "ဦးစိန်တင်၊ (သိပ္ပံ) မောင်ဝ"သည် နတ်ကွန်းရပ်၌ ဖွားမြင်ခဲ့သည်။

(၃) မွန်သူကြီး"ဖိုးမောင်ငံ"အုပ်ချုပ်သောကြောင့် မောင်ငံရပ်ဟုခေါ်သည်။ မောင်ငံသည် စစ်ကဲဦးထော်လေးနှင့် "သံလျင်"ဘက်မှလိုက်ပါလာသူဖြစ်၍ လစာကျပ်(၅၀)ဖြင့် သူကြီးဖြစ်လာသည်။

(၄) တိုကုန်းဟုခေါ်တွင်ခြင်းမှာ ဥရောပတိုက်သားမျက်နှာဖြူများ နေထိုင်ခဲ့သော ကြောင့်ဖြစ်သည်။

(၅) သိမ်ကုန်းသည် ရွှေဟောင်းရပ်ကွက်တစ်ခုဖြစ်သည်။ "ရာမာဓိပတိ"ဘွဲ့ခံ "ဝမ္မဓေတိမင်း"သည် ပဲခူးကလျာကီသိမ်ကြီးကို သမုတ်တော်မူစေခဲ့သည်။ နောင်နှစ်အနည်းငယ်အတွင်းမှာပင် "ရာမညတိုင်း"နေရာအနှံ့အပြားရှိ သိမ်ပေါင်း(၃၉၇)လုံးကို သမုတ်တော်မူစေခဲ့သည်။ မော်လမြိုင်ရှိ ကလျာကီသိမ် (၄)လုံးအပါအဝင်ဖြစ်သည်။ သိမ်တစ်လုံးရှိရာအရပ်ဖြစ်သောကြောင့် "သိမ်ကုန်းရပ်"ဟုခေါ်တွင်ခြင်းဖြစ်သည်။ ဒိုင်းဝန်ကွင်းတွင် ကလျာကီသိမ် တစ်လုံးရှိသေးသည်။အခြားသိမ်(၂)လုံးမှာမူ ကဲဆိုးမိုးမှောင်ကျ၊ အကြောင်း မလှတဲ့ ဘယ်ရပ်ဘယ်ဆီ၊ ဘယ်ဌါနိ၌တည်ရှိနေကြောင်း ထောက်လှမ်းစုံစမ်းမရ ဖြစ်နေသည်။ ဤသို့တိမ်မြုပ်မျောက်ကွယ်နေခြင်းသည် ဗုဒ္ဓဘာသာ၊ သမ္မာဒိဋ္ဌ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး၊ သူတော်ကောင်းတစ်သိုက်တို့၏ သာသနာရေး၊ ဘာသာရေးအတွက် နစ်နာဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်သည်။

ရွှေကသိမ်တုန်းဝန်းကျင်တွင် သစ်စက်များရှိသည်။ သစ်လုပ်သား အများစုသည် ဘိန်းနှင့်မကင်းကြချေ။ သိမ်ကုန်းရပ်ချောင်တစ်ချောင်တွင် ဘိန်းခန်းရှိခဲ့သဖြင့် ဘိန်းစားချောင်ဟု နှိပ်ချခေါ်ဝေါ်မှုများလည်းရှိသည်။

(၆) ရေကြည်ရာ၊ မြက်နုရာမော်လမြိုင်သို့ ထားဝယ်မှပြောင်းရွှေ့လာသူများ အခြေချရာရပ်ကွက်ကို ထားဝယ်စုဟုခေါ်သည်။

(၇) ပန်းပဲသမားများ စုပေါင်းနေထိုင်ရာရပ်ကွက်ကို ပန်းပဲတန်းဟုခေါ်သည်။

(၈) မွန်သူကြီးဦးဖိုးစော အုပ်ချုပ်ခဲ့သောရပ်ကွက်ကို ဖိုးစောကုန်းဟုခေါ်သည်။

(၉) သင်္ဘောလဲရပ်ကွက်မှာ ပြင်သစ်သင်္ဘောကပ္ပတိန်တစ်ဦးဦးစီးသည့်သင်္ဘော နစ်မြုပ်သွားသည့်ကမ်းစပ်ရှိ ရပ်ကွက်ဖြစ်သည်။ ကပ္ပတိန်သည် နေရပ်မပြန် တော့ဘဲထိုအရပ်မှ အမျိုးသမီးနှင့်အိမ်ထောင်ကျကာ သားသမီးများ

ထွန်းကားသည်။

(၁၀) မရမ်းဝင်များပေါက်ရောက်ရာရပ်ကွက်ကို မရမ်းကုန်းဟုခေါ်သည်။ ရွှေကမြေတိုးများ လုပ်ကိုင်ရာရပ်ကွက်ဖြစ်သောကြောင့် "တိုးဖိုရပ်"ဟုလည်းခေါ်သည်။ မရမ်းကုန်းရပ်တွင် "ပီနံလမ်း"နှင့် "ပသျှူလမ်း"တို့၌ လမ်းနှစ်လမ်းရှိခဲ့ရာ မလေးလူမျိုးများ တနဦးနေထိုင်ခဲ့သောရပ်ကွက်ဖြစ်သည်မှာ သေချာသည်။ နောက်ပိုင်းတွင် တရုတ်များထိုးဖောက် ဝင်ရောက်လာပြီး "ကျွတိဟိုတယ်"၊ "ခေတ်မြန်မာဟိုတယ်"နှင့် "ဂျပန်ဟိုတယ်" တို့အပြင် နိုင်ငံခြားအရက်ဆိုင်များ ပေါ်ပေါက်လာသည်။

(၁၁) တည်ငြိမ်ဝင်များပေါက်ရောက်ရာအရပ်ကို တည်ငြိမ်ကုန်းဟုခေါ်သည်။ ဝန်ကြီးချုပ်၊ ဗိုလ်မှူးချုပ်စိန်ဝင်း ဖွားမြင်ရာရပ်ကွက်ဖြစ်သည်။

(၁၂) စစ်ကဲကြီး "ဦးထော်လေး"နေထိုင်သွားခဲ့သည့်ရပ်ကွက်ကို စစ်ကဲကုန်းဟုခေါ်သည်။

(၁၃) ဒု-ဗိုလ်မှူးကြီးစလေဒင်(Lt:Col: E. B .Sladen)သည် ကောလာ၊ ၁၂၃၅-၃၈-ခုနှစ်၊ (၁၈၇၃-၇၆)တွင် မော်လမြိုင်၌အရေးပိုင်အဖြစ် တာဝန်ထမ်းဆောင်သွားသည်။ "စလေဒင်"နေထိုင်ခဲ့ရာရပ်ကွက်ကို "အရေးပိုင်ကုန်း"ဟုခေါ်သည်။ နှန်းစဉ် "ငမောက်ပတ္တမြားကြီး"ကို မလိမ့်တဝတ်မြင့် အပျောက်ရှိက်သွားခဲ့သူဖြစ်သည်။

(၁၄) မွန်သူကြီး "ဦးသာယာ"နေထိုင်အုပ်ချုပ်ခဲ့သောရပ်ကွက်ကို သာယာကုန်းဟုခေါ်သည်။

(၁၅) မြည်မြို့အနီးရှိရွှေတောင်မြို့မှ လာရောက်တခြေချနေထိုင်သူများနေထိုင်သောရပ်ကွက်ကို ရွှေတောင်ရပ်ဟုခေါ်သည်၊

(၁၆) ဖက်စိမ်း(သနပ်ဖက်)များ ရောင်းဝယ်ရာရပ်ကွက်ကို ဖက်တန်းရပ်ဟုခေါ်သည်။ နောင်အခါ ထိုရပ်ကွက်တွင် တရုတ်ပွဲရုံများဖြင့် ပြည့်ကျပ်သွားသည်။

(၁၇) ခေါင်းမင်းရပ်ကို ရွှေကခုစရိုက်မျိုးစုံရှိသောရပ်ကွက်ဖြစ်၍ "ငှက်ဆိုးချောင်"ဟုခေါ်သည်။

(၁၈) မန္တလေးရပ်အစ ယခြာခေ့ခြင်းကဟု ဆိုနိုင်သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် တတိယကျူးကျော်စစ်(အင်္ဂလိပ်မြန်မာတတိယစစ်)ကိုမဆင်နွှဲမီ စစ်ပွဲ

အောင်နိုင်ရေးအတွက် မော်လမြိုင်တွင်ယကြာချေခဲ့သည်။ "ဗိုလ်မှူးကြီး ဘလိတ်"(Col; Blake)ဦးဆောင်သော အင်္ဂလိပ်နှင့် ကုလားစစ်သားများသည် ယခုမန္တလေးရပ်ရွာအရပ်တွင် နန်းတော်၊ မြို့ရိုး၊ ပြဿာဒ်စသည်များကို သစ်ဝါးတို့ဖြင့် လှပစွာဆောက်လုပ်ကြသည်။ ယခုတိမ်ကောနေပြီဖြစ်သော "ရွှေတချောင်း"ခေါ်ချောင်းကလေးကို "ကျဲ့"အဖြစ်သတ်မှတ်ကြသည်။ ထို့နောက် အင်္ဂလိပ်နှင့် ကုလားစစ်သားများက သရုပ်ဆောင်တိုက်ပွဲကျင်းပကာ မြို့ရိုးအတွင်းရှိ နန်းပြဿာဒ်တို့ကို မီးတင်ရှို့လိုက်၍ ထီးနန်းနှင့်တကွ ရတနာပုံမန္တလေးကို အင်္ဂလိပ်စစ်တပ်က သိမ်းလိုက်ပြီတဲ့ ကြွေးကြော်အော်ဟစ်ကြသည်။ နောင်အခါဒေသခံ မြန်မာတို့ကနန်းတွင်းရှိ ပလ္လင်ထားရာနေရာတွင် စေတီတည်၍ နန်းဦးနေရာတွင်ဝတ္ထကမြေအဖြစ် သတ်မှတ်ကြသည်။ ထိုစေတီကား "မြည်လုံးချမ်းသာစေတီ"ဖြစ်၍ နှစ်စဉ်ပြာသိုလပြည့်နေ့တွင် ဘုရားပွဲတော်ကျင်းပသည်။ ဗိုလ်မှူးကြီးဘလိတ်ကိုအစွဲပြု၍ ထိုရပ်တွက်တွင် ဘလိတ်လမ်းဟုခေါ်သော လမ်းတစ်လမ်းရှိသည်။ ယခုမန္တလေးလမ်းဟု အမည်ပြောင်းထားသည်။ ထိုအခါမှစ၍ အဆိုပါရပ်တွက်တွင် ကုလားစစ်သားများ လာရောက်အခြေချသည်။ ရပ်တွက်အမည်ကိုလည်း "မန္တလေး အငယ်ရပ်" သို့မဟုတ် ဟိန္ဒူစတန်နီအခေါ်ဖြင့် "ချွတ်တားမန္တလေး"ဟု ခေါ်ကြသည်။ တတိယကျူးကျော်စစ်အပြီး ကုလားစစ်သားများကို ပြန်လည်ရွှေ့ပြောင်းသိမ်းသွားသောအခါ အချို့စစ်သားများမှာ အိန္ဒိယသို့မပြန်တော့ဘဲ စစ်တပ်မှ ထွက်ကာ ထိုအရပ်မှာပင် ကြက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ဤသို့ဖြင့် ထိုရပ်တွက်ကို "ကြက်တန်းမန္တလေး"ဟု ခေါ်ဆိုလာကြသည်။ နောင်အခါ လူကြက်နှင့် တိရစ္ဆာန်ကြက်မှားယွင်းနိုင်သဖြင့် မန္တလေးရပ်ဟု အမည်ပြောင်းလိုက်သည်။

(၁၉) မော်လမြိုင်မြို့သစ်ကိုတည်ထောင်ရာတွင် စနစ်တကျမရှိချေ။ "ခေါင်းဆေးကျွန်း"နှင့် မျက်နှာချင်းဆိုင်မော်လမြိုင်ဘက်ကမ်း ယခုမော်လမြိုင်ဟိုတယ်နှင့် ဝန်းကျင်ဒေသများ အိမ်ခြေကျပ်တည်းနေခြင်းကြောင့်တစ်ကြောင်း၊ အင်္ဂလိပ်စစ်တပ်က တပ်မြေအဖြစ်အသုံးပြုလို၍တစ်ကြောင်း၊ အဆိုပါရပ်တွက်ဒေသမှ အိမ်များကို ဒိုင်းဝန်ကွင်းရှိပဲခူးချောင်သို့ပြောင်းရန် အမိန့်ထုတ်သည်။ ထိုစဉ်က

ပဲခူးမျောင်သည် တောထူမျောင်ကျ၍ သားရဲ၊ တိရစ္ဆာန်ပေါများသဖြင့် အမိန့်ကို အာခံ၍မပြောင်းရွှေ့ဘဲ ဇွတ်ပေနေသည်။

မကြာမီမှာပင် ထိုရပ်ကွက်များကိုမီးလောင်လေရာ အကာအကွယ်မဲ့သော နေရာတွင် လေကလည်းဖိသောကြောင့် မီးလောင်သောအရှိန်မှာ အလွန်လျှင်မြန်ပြင်းထန်ပြီး အချို့သောသူများမှာ ခေါင်းဆောင်ကျွန်းဘက်သို့ ကူးပြေးကြရ၏။ ကူးပြေးရင်းရေနစ်သေသူလည်းအများပင်။ မပြေးနိုင်သူများ မီးလောင်သေဆုံးရ၏။ ထိုမီးကိုရှိမီးဟု ယူဆကြသည်။ ထိုသို့မီးလောင်ပြီးချိန်မှစ၍ ထိုရပ်ကွက်များကို မီးလောင်မြင်ဟုခေါ်ဆိုလာကြသည်။

(၂၀) ဗဒုံမင်းလက်ထက်တွင် ထားဝယ်မှပုန်ကန်သောင်းကျန်းသည်။ အဓရပူရနေပြည်တော်မှ မြန်မာစစ်သည်များချီတက်လာကြသည်။ ဗိုလ်ချုပ်ကြီးမှာ "ဗိုင်းဝန်မင်းကြီး"ဖြစ်သည်။ ဗိုင်းဝန်မင်းကြီး၏တပ်များ တစ်လခန့် စခန်းချသွားသည့်တွင်းကြီးကို အစွဲပြု၍ ဗိုင်းဝန်ကွင်းဟုခေါ်သည်။

(ဂ) မြို့တွင်းလမ်းများ

ကောလာ၊ ၁၁၉၁-ခုနှစ်၊ (ခရစ်-၁၈၂၉)တွင် မော်လမြိုင်ကို တနင်္သာရီတိုင်း၏ မြို့တော်အဖြစ် တည်ထောင်ပြီးချိန်မှစ၍ အင်္ဂလိပ်အစိုးရသည် မြို့တွင်းလမ်းများကို စတင်ဖောက်လုပ်သည်။ အရှေ့တပ်မြို့လမ်း (ယခုထောင်ကြီး ရှေလမ်း) နှင့် အနောက်တပ်မြို့လမ်း (ယခုလေးထပ်ဈေး အနောက်ဘက်လမ်း)များသာ ကျယ်ကျယ်ဝန်းဝန်းရှိ၍ အခြားမြို့တွင်းလမ်းများမှာ ကျဉ်းမြောင်းသည်။ ကောလာ၊ ၁၂၀၆-ခုနှစ်၊ (ခရစ် - ၁၈၄၄)တွင် အထက်လမ်းမကြီးနှင့် အောက်လမ်းမကြီးတို့ကို ဖောက်လုပ်သည်။ မုဗွန်မှဒိုင်းဝန်ကွင်းအထိလည်းကောင်း၊ ဒိုင်းဝန်ကွင်းမှညောင်ပင်ဆိပ် အနောက်ဘက်ကမ်းသို့လည်းကောင်း၊ ဒိုင်းဝန်ကွင်းမှငန်းတေးသို့လည်းကောင်း လမ်းများကို ဆက်လက်ဖောက်လုပ်သည်။ ကောလာ၊ ၁၂၂၂-ခုနှစ်၊ (ခရစ်-၁၈၆၀)မှ (၂)နှစ်အတွင်း အမှုဆောင်အင်ဂျင်နီယာ "ဖာလောင်"(Furlong)လက်ထက်တွင် တောင်ပေါ်လမ်း၊ မုဗွန်လမ်းနှင့် ကျိုက္ခမီလမ်းတို့ကို ဆက်သွယ်သည့်လမ်းနှင့် တောင်ဝိုင်းလမ်းတို့ကို ဆက်လက်ဖောက်လုပ်သည်။ ထိုစဉ်ကလမ်းများကို မြေလမ်းအဖြစ်စတင်ဖောက်လုပ်၍ လိပ်သည်းကျောက်များထပ်ခင်းသည်။

ကမ်းနားလမ်းစတင်ပေါ်ပေါက်လာပုံမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ မော်လမြိုင်တွင် သစ်နှင့် ဆန်စပါးရောင်းဝယ်ရေး တိုးတက်ဖွံ့ဖြိုးစဉ်ကာလက မော်လမြိုင်ဆိပ်ကမ်းသို့နှစ်စဉ် နိုင်ငံခြားသင်္ဘောအစီး (၄၀၀)ကျော်ဝင်၍ (၄၀၀)ကျော် ခြန်လည်ထွက်ခွာသည်။ ကောလာ၊ ၁၂၂၃-၂၄ ခုနှစ် (ခရစ်-၁၈၆၁-၆၂) ဘဏ္ဍာရေးနှစ်တွင် မော်လမြိုင်ဆိပ်ကမ်းသို့ နိုင်ငံခြားသင်္ဘောအစီး(၄၆၀)ဝင်ရောက်၍ (၄၅၄)စီး ခြန်လည်ထွက်ခွာသည်။ အများစုမှာအိန္ဒိယမှလာသည်။

ထိုစဉ်က မော်လမြိုင်ဆိပ်ကမ်း၏ထွက်ကုန်သည် ဝင်ကုန်ထက်ပိုများသည်။ အိန္ဒိယမှသင်္ဘောများ မော်လမြိုင်သို့လာရာတွင် ကုန်ဝန်ပွဲည်းအနည်းငယ်သာပါ၍ ဝန်ပေါ့သဖြင့် သင်္ဘောမလူးစေရန် အလွှာအနုံခုနှစ်ဝေခန့်စီရှိသော မျက်နှာခြောက်ဖက်ညီကျောက်တုံးကြီးများကို သင်္ဘောထက်တွင်တင်လာရသည်။ အရွယ်အစားငယ်သောကျောက်တုံးများလည်းပါဝင်သည်။ မော်လမြိုင်ဆိပ်ကမ်းသို့ ရောက်သောအခါ ကျောက်တုံးများကို ချထားခဲ့သည်။ ထိုကျောက်တုံးများဖြင့် ကမ်းနားလမ်းကို စတင်ဖောက်လုပ်ခြင်းဖြစ်သည်။

ဤသို့မော်လမြိုင် မြို့တွင်းလမ်းများကို တစ်လမ်းပြီးတစ်လမ်း ဖောက်လုပ်လာရာ ကောလာ၊ ၁၂၈၂-ခုနှစ်၊ (ခရစ်-၁၉၀၀)သို့ရောက်သောအခါ လမ်းပေါင်း (၁၀၆)လမ်းရှိလာသည်ကိုတွေ့ရသည်။ မထင်မရှားလမ်းများနှင့် လမ်းကြားများ မပါသေးချေ။

လမ်းပေါင်း (၁၀၆)လမ်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ Abreu Road = စကားဝါလမ်း

၂။ Ady Lane = သစ်တောရုံးလမ်း

၃။ Ah Jit Sin Street = အာဇစ်ဆင်လမ်း

၄။ Amherst Road = ကျိုက္ခမီလမ်း

၅။ Aslan Street = ညောင်ရိပ်သာလမ်း

၆။ Atram Street = အရေးပိုင်ကုန်းလမ်း

၇။ Battery Point Road = မီးလောင်ပြင်လမ်း

၈။ Bengali Street = သုခလမ်း

၉။ Blacksmith Street = ပန်းပဲတန်းလမ်း

၁၀။ Blake Street = မန္တလေးလမ်း

၁၁။ Blundell Street = ဝတ်ကြီးလမ်း (ယခင်သာယာကုန်းလမ်း)

၁၂။ Bogle Road = ရွှမ်းစုလမ်း

၁၃။ Briggs Road = ကွင်းကျောင်းလမ်း

၁၄။ Bridge Road = ပြည်သူ့လမ်း

၁၅။ Broadfoot Street = ဝတ်သစ်လမ်း

၁၆။ Burmah Street = မြန်မာလမ်း

၁၇။ Campbell Street = ရွှေတောင်လမ်း

၁၈။ Carthew Street = သူဇာလမ်း

၁၉။ China Street = ကလျာကီသိမ်လမ်း (ယခင်တရုတ်တန်းလမ်း)

၂၀။ Chittagong Street = စင်ရော်လမ်း

၂၁။ Church Lane = မိန်းကလေးကျောင်းလမ်း

၂၂။ Coal Yard Street = ကျောက်မီးသွေးရုံလမ်း

၂၃။ Colvin Road = တောင်ခြေလမ်း
၂၄။ Commissary Lane = သဏ္ဌတ်တားလမ်း
၂၅။ Commissioner Road = မင်းကြီးလမ်း
၂၆။ Condamine Street = ကုံကော်လမ်း
၂၇။ Coryton Avenue = မြောက်ဗိုလ်ချုပ်လမ်းမတော်
၂၈။ Court House Road = ရုံးကြီးလမ်း
၂၉။ Crisp Street = သားသတ်ရုံလမ်း
၃၀။ Dalhousie Road = ဗဟိုလမ်း
၃၁။ East Cantoment Road = အရှေ့တပ်မြေလမ်း
၃၂။ Engineer Road = အင်ဂျင်နီယာလမ်း (ယခင်သီလရှင်လမ်း)
၃၃။ Fallon Street = သီတာလမ်း
၃၄။ Four Banyan Trees Street = ညောင်လေးပင်လမ်း
၃၅။ Freemason Street = သိပ္ပံလမ်း
၃၆။ Furlong Road = ဝန်းတေးလမ်း (ဖိုင်းဝန်ကွင်း)
၃၇။ Fytche Road = တောင်သုခလမ်း
၃၈။ Gardiner Street = ဝန္ဒမာလမ်း
၃၉။ Goring Street = ဂေါ်ရင်ဂျီလမ်း
၄၀။ Great Pagoda Road = ကျိုက်သလ္လံဘုရားလမ်း
၄၁။ Hill Road = မဟာမြတ်မုနိဘုရားလမ်း
၄၂။ Hopkinson Road = တောင်ပေါ်လမ်း (မြောက်)
၄၃။ Hospital Road = ဆေးရုံကြီးလမ်း
၄၄။ Hough Street = နှင်းဆီလမ်း
၄၅။ Houghton Street = သဝဏ်လမ်း
၄၆။ Hutchinson= လှိုင်ဇေးလမ်း
၄၇။ Impey Road = (ဝိတ်နေပြို)
၄၈။ Innes Street = သံလွင်ဥယျာဉ်လမ်း
၄၉။ Insane Hospital Road = အုတ်ဖိုလမ်း

F-11A

၅၀။ Kaladan Street = ကုလားတန်းလမ်း
၅၁။ Ko Taung Gyi Street = ကိုတောင်ကြီးလမ်း
၅၂။ Kwingyaung Street = ကွင်းကျောင်းလမ်း
၅၃။ Kyaikpanai Street = လမ်းသစ်
၅၄။ Kyaikpanai Pagoda Road = ကျိုက္ခနဲဘုရားလမ်း
၅၅။ Kyaukton Road = ကျောက်တန်းလမ်း
၅၆။ Limouzin Street = လီမွေ့ဇင်လမ်း
၅၇။ Lower Main Road = အောက်လမ်းမကြီး
၅၈။ Lyster Road = ဇီဇဝါလမ်း
၅၉။ Macky Street = ရဲသွေးလမ်း
၆၀။ Macrae Street = မဂ္ဂင်လမ်း
၆၁။ Magazine Road = ရဲမြန်မာလမ်း
၆၂။ Maingy Street = မြို့မတ်တားလမ်း
၆၃။ Malay Street = ကျိုက်သုတ်ဘုရားလမ်း (အောက်) ယခင်ပသျှူးလမ်း
၆၄။ Mango Road = သရက်ကုန်းလမ်း
၆၅။ Maungalay Street = မောင်ကလေးလမ်း
၆၆။ Maungan Street = မောင်ငံလမ်း
၆၇။ Miller Street = မာလာလမ်း
၆၈။ Mission Street = သုတလမ်း (ဖိုင်းဝန်ကွင်း)
၆၉။ Mission Street = ထားဝယ်တံတားဝမ်း
၇၀။ Mission School Street = ကရင်ကျောင်းလမ်း
၇၁။ Montgomerie Road = တောင်ပေါ်လမ်း (တောင်)
၇၂။ Morton Lane = ကျိုက်သုတ်ဘုရားလမ်း (အထက်)
၇၃။ Mould Street = မြတ်လေးလမ်း
၇၄။ Mupon Road = မုပွန်လမ်း
၇၅။ Narcis Lane = စည်ဝင်သာယာလမ်း
၇၆။ Ngante Road = ငန်းတေးလမ်း (မောင်ငံ)

၃၃။ Old Cantoment Road = စော်ကြီးတောင်ပေါ်တန်းလမ်း

၃၈။ Old Court House Road = ရုံးဟောင်းလမ်း

၃၉။ Parsee Street = ဖာရစီလမ်း

၈၀။ Pattala Street = ပတ္တလားလမ်း

၈၁။ Pegu Lane= ဘုရားလမ်း

၈၂။ Pemberton Street = သိမ်ကုန်းလမ်း

၈၃။ Penha Street = မြစ္စာညိုလမ်း

၈၄။ Phettan Street = ဖက်တန်းလမ်း

၈၅။ Phongyi Lane = ရွာဟောင်းလမ်း (ကွယ်ပျောက်သွားပြီ)

၈၆။ Ryan Street = ရတနာလမ်း

၈၇။ Railway Jetty Street = မီးရထားတံတားလမ်း

၈၈။ Sandan Road = ဆန်တန်းလမ်း (ဒိုင်းဝန်ကွင်း)

၈၉။ Sandan Road = ဆန်တန်းလမ်း (စော်ကြို)

၉၀။ Slaughter Road = ဓမ္မစာရီလမ်း

၉၁။ South Pagoda Road = ဦးဇီနဘုရားလမ်း

၉၂။ Strand Road = ကမ်းနားလမ်း

၉၃။ Sutherland Street = မြုနီစီပါယ်ရုံးလမ်း (ယခုသစ်တောရုံးလမ်း)

၉၄။ Tachambe Street = ချမ်းအေးလမ်း

၉၅။ Tasel Lane = စက်တန်းလမ်း

၉၆။ Talaing (Mon) Street = မွန်လမ်း

၉၇။ Tank Street = ကန်လမ်း

၉၈။ Taungwine Road = တောင်ဝိုင်းလမ်း

၉၉။ Tavoyzu Street = ထားဝယ်စုလမ်း

၁၀၀။ Tenasserim Street = တနင်္သာရီလမ်း

၁၀၁။ Thana Street = ဌာနာလမ်း

၁၀၂။ Upper Main Road = အထက်လမ်းမကြီး

၁၀၃။ Washserman Street = ရွှေတိုင်းဖြူဘုရားလမ်း

၁၀၄။ West Contoment Road = အနောက်တပ်မြေလမ်း

၁၀၅။ William Street = အရေးပိုင်ကုန်းလမ်းကြား နှင့်

၁၀၆။ Yedan Street = ရဲတန်းလမ်း တို့ဖြစ်ကြသည်။

ကောလာ၊ ၁၃၂၂-ခုနှစ်၊ (ခရစ်-၁၉၆၀)တွင် မော်လမြိုင်ဥပစာကောလိပ် ကျောင်းအုပ်ကြီးဦးတိုးအောင်က အထက်ပါလမ်းများအနက် လမ်းပေါင်း(၆၀)၏ အမည်ကို မြန်မာဆန်ဆန်အမည်များဖြင့် ပြောင်းလဲပေးခဲ့သည်။

အထက်ပါလမ်း (၁၀၆)လမ်း၏အမည်များကို လေ့လာကြည့်ရာ တိုင်းရင်းသား ပုဂ္ဂိုလ်(၃)ဦး၏အမည်ရှိသော လမ်း(၃)လမ်းကိုသာတွေ့ရသည်။ မောင်ကလေးလမ်း၊ မောင်ငံလမ်းနှင့် ကိုတောင်ကြီးလမ်းတို့ ဖြစ်ကြသည်။ လမ်းအမည်အများစုမှာ မော်လမြိုင်တွင်နေထိုင်ခဲ့ကြသော မျက်နှာဖြူဝန်ရှင်တော်မင်းကြီးများ၊ အရေးပိုင်များ၊ ဝိုလ်ချုပ်၊ ဗိုလ်မှူးများ၊ အင်ဂျင်နီယာများ၊ တရားသူကြီးများအပြင် သင်္ဘော တည်ဆောက်သူ၊ သင်္ဘောကက်ပတိန်၊ မန်နေဂျာ၊ သတင်းစာ အယ်ဒီတာ၊ မြန်နီစပါယ် ဥက္ကဋ္ဌနှင့် ကျောင်းဆရာစသူတို့၏ အမည်များဖြစ်ကြသည်။ တိုင်းတစ်ပါးသား ဩဇာ မည်မျှလွှမ်းမိုးခဲ့ကြောင်း သိသာထင်ရှားသည်။

မော်လမြိုင်မြို့တွင်းလမ်းများသည် နွေရာသီတွင်ဖုန်ထူ၍ မိုးရာသီတွင် ဗွက်ပေါက်သည်။ လမ်းများကို မိုးမကျမီတစ်ကြိမ်၊ မိုးကုန်လျှင်တစ်ကြိမ် တစ်နှစ်လျှင် နှစ်ကြိမ် ရေနွေးငွေ့လမ်းကြိတ်စက်ဖြင့်ကြိတ်ပေးသည်။ ဖုန်ထသောနွေရာသီတွင် နွားလှည်းပေါ်တွင် သစ်သားရေစည်တင်၍ရေဖျန်းပေးရသည်။ ကမ်းနားလမ်း တစ်လျှောက်တွင်သာ ကျောက်ခင်း၊ ရေနံချေးလောင်းပြီး သဲဖြူးထားသဖြင့် ဖုန်ထခြင်း မရှိချေ။

ဦးထွန်းဝင်း မြန်နီစပါယ်ဥက္ကဋ္ဌဖြစ်ချိန် ကောလာ၊ ၁၂၉၀-ပြည့်နှစ် (ခရစ်-၁၉၂၈)ရောက်မှသာ မော်လမြိုင်မြို့ပေါ်ရှိလမ်းများကို ကတ္တရာစခင်းသည်။ ဦးထွန်းဝင်းသည် မြို့ရေး၊ ရွာရေး၊ နိုင်ငံရေးသာမက ပညာရေး၊ ဘာသာရေးတို့အတွက်ပါ သိက္ခာသမာဓိရှိရှိဖြင့်ဆောင်ရွက်သွားသည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ မျိုးဆက်သစ် လူငယ်များ ဦးထွန်းဝင်းအကြောင်း တစေ့တစောင်းသိရှိ၍ အတုယူနိုင်စေရန် တင်ပြ ပါသည်။

ဦးထွန်းဝင်းကို ကောလာ၊ ၁၂၃၃-ခုနှစ်၊ (ခရစ်-၁၈၇၅)တွင် သထုံမြို့၌ ဖွားမြင်

သည်။ ဖခင်မှာ ကုန်သည်ကြီးဦးဘတိုဖြစ်၍ မိခင်မှာမွန်အမျိုးသမီးဖြစ်သည်။ အမည် မသိရချေ။

ဦးထွန်းဝင်းသည် မော်လမြိုင်အစိုးရအထက်တန်းကျောင်း(ယခု အထက-၁) မှ (၁၀)တန်းအောင်သည်။ ထင်ရှားသောလွတ်တော်ရွေ့နေကြီးတစ်ဦးဖြစ်သည်။ လှိုင်းပုံကျော် ဂျီစီဘီအေနှင့် (၂၁)ဦးတို့ကွဲသောအခါ (၂၁)ဦးပါတီဝင်ဖြစ်လာသည်။ ဝိုင်အာခီခေတ်တွင် (၂၁)ဦးပါတီဝင် မင်းတိုင်ဝင်အဖြစ်သည်။ မော်လမြိုင် "သာသနဓရ" အသင်း၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးဇိနဘုရား၏ ဘဏ္ဍာတော်ထိန်းအဖွဲ့စည်းမျဉ်းကို ရေးဆွဲသူဖြစ်၍ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ကောဇာ၊ ၁၃၀၃-ခုနှစ်၊ (ခရစ်-၁၉၄၁)တွင် ဒေသန္တရအဖွဲ့အစည်းများ၏ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုစုံစမ်းရေးကော်မတီ(Local Bodies Bribery and Corruption Inquire Comittee)တွင် ဒုတိယဥက္ကဋ္ဌအဖြစ်ခန့်ထားခြင်း ခံရသည်။

ဦးထွန်းဝင်းတွင် အိမ်ထောင်နှစ်ဆက်ရှိသည်။ ပထမဇနီးမှ သား၊ သမီး (၆)ဦး ထွန်းကားသည်။ ပထမဇနီးကွယ်လွန်ပြီးနောက် ကောဇာ၊ ၁၂၇၈-ခုနှစ်၊ (ခရစ်-၁၉၁၆) တွင် ဒုတိယဇနီးဒေါ်အေးခင်နှင့် လက်ထပ်သည်။ ဦးသိန်းဟံ(ညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး)အပါအဝင် သား၊ သမီး(၄)ဦး ထပ်မံထွန်းကားသည်။

ဦးထွန်းဝင်းသည် တက္ကသိုလ်တွင်မနေဘူးသော်လည်း အင်္ဂလိပ်စာအရေးအသားနှင့် အင်္ဂလိပ်စကားပြောကျွမ်းကျင်သူဖြစ်သည်။ ၁၂၉၈-ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၇)ရက် (၆ စက်တင်ဘာ ၁၉၃၆)ရက်စွဲဖြင့် ရန်ကုန်တက္ကသိုလ်တွင် ပထဝီဝင်ဂုဏ်ထူးတန်းတက်နေသော သားဖြစ်သူမောင်သိန်းဟံက ဖခင်ဖြစ်သူ ဦးထွန်းဝင်းထံ အင်္ဂလိပ်ဘာသာဖြင့်ရေးထားသောစာမှ သင်္ခါအမှားများအား ပြင်ပေးထားသည်ကိုတွေ့ရသည်။ ကောဇာ၊ ၁၂၉၂-ခုနှစ်၊ (ခရစ်-၁၉၃၀) ကျော်လွန်လာသောအခါ မြန်မာနိုင်ငံသည် ဘိန်ဖြူပြည့်နှင့်တွဲမည်လော သို့မဟုတ် ခွဲမည်လောဟူ၍ တွဲရေး၊ ခွဲရေး မြဿနာပေါ်လာသည်။ ၁၂၉၃-ခုနှစ်၊ တပို့တွဲလဆုတ်(၃)ရက် (၂၄ ဖေဖော်ဝါရီ ၁၉၃၂)တွင် ရန်ကုန်မြို့၌ ခွဲရေး၊တွဲရေးစကားရည်လုပွဲ ကျင်းပရာ ခွဲရေးဘက်မှ ဦးထွန်းဝင်း (မော်လမြိုင်)၊ ဦးဘဘေနှင့် ဦးစိုးညွှန့် (ဝတ်လုံ)တို့ပါဝင်ပြီး တွဲရေးဘက်မှ ဒေါက်တာဘမော်၊ ဦးကျော်မြင့် (ဝတ်လုံ)နှင့် ရမ်းဗြဲဦးမောင်မောင်တို့ပါဝင်ကြသည်။

ထိုစကားရည်လုပွဲတွင် ဦးထွန်းဝင်း၏အဝံလိပ်စကားလုံးရွေးချယ်မှုနှင့် ပြောဆိုပုံမှာ ကောင်းလှပါသည်ဟု အများကခီးကျူးကြသည်။

ဦးထွန်းဝင်းသည် သမ္မဒါတရားတော်နှင့် လူတို့၏ကျင့်စဉ်ကျမ်းနှင့် စကားပုံ ညွှန့်ပေါင်းစာအုပ်များကိုလည်းပြုစုခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်း(၈၀)ခန့်က မော်လမြိုင်မှလူကြီးလူကောင်းများသည် ပူပြင်းသောနွေရာသီတွင် ပီနံသို့ရေကြောင်းမှသွား၍ အနားယူအပန်းဖြေလေ့ရှိကြရာ ဦးထွန်းဝင်းမှာလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ဦးထွန်းဝင်းသည် ပီနံရှိလမ်းများမှာ ကတ္တရာခင်းထားသဖြင့် ဖုန်ထခြင်းကင်းဝေး၍ သွားရေးလာရေးလွယ်ကူချောမွေ့သည်ကိုတွေ့ရသည်။ နွေတွင်ဖုန်ထု၊ မိုးတွင်ဗွက်ထသော မော်လမြိုင်လမ်းများကို ကတ္တရာခင်းရလျှင်ကောင်းလေစွဟု တောင့်တမိသည်။

ဦးထွန်းဝင်း၏ဆန္ဒသည် မြို့နိုစီပါယ်ဥက္ကဋ္ဌဖြစ်လာသောအခါ ပြည့်ဝသွားသည်။ ဦးထွန်းဝင်းသည် မြို့နိုစီပါယ်ဥက္ကဋ္ဌသက်တန်းအတွင်း ကောဇာ၊ ၁၂၉၀-ပြည့်နှစ်၊ (ခရစ်-၁၉၂၈)တွင် မော်လမြိုင်မြို့ရှိလမ်းများကို ကတ္တရာခင်းရန် ပီနံရှိ "အက်စ်ဖေါ့" (Asphalt)ကုမ္ပဏီအား ကန်ထရိုက်ပေးသည်။ ပထမဦးစွာ အမှတ်(၉၄)၊ အထက်လမ်းမကြီးရှိမိမိအိမ်ရှေ့တွင် ကတ္တရာအစမ်းစခင်းသည်။ စိတ်တိုင်းကျသောအခါ ကမ်းနားလမ်းနှင့် လမ်းမကြီးများကို ကတ္တရာဆက်ခင်းသည်။ ထိုအခါ ဖုန်ထူခြင်း၊ ဗွက်ထခြင်းတို့ကင်းဝေးသွား၍ မြို့လူထု၏ကျန်းမာရေးပိုကောင်းလာသည်။ ကတ္တရာ ခင်းလိုက်သောအခါ လမ်းများချောမွေ့သွားသဖြင့် ရထားလုံးနှင့် ဘုံပြတ်တို့မှမြင်းများ မကြာခဏချော်လဲသည်။ ရထားမောင်းသမားကုလားများက ဦးထွန်းဝင်းကို ဆဲရေးတိုင်းထွာကြသည်။ ဆဲဆိုခံရသည်ထက် မြို့လူထု၏ကျန်းမာရေးနှင့် သွားလာရေးက ပို၍အရေးကြီးသဖြင့် ဦးထွန်းဝင်းသည် ဆဲဆိုခံရခြင်းကိုအပြုံးဖြင့် တွံ့ပြန်ခဲ့သည်။

ထားဝယ်တံတားလမ်းရှိ အမှတ်(၁)၊ မူကြို့ကျောင်းသည် ရှေးအခါက "ဂျင်မခါနာကလပ်"(Gymkhana Club)ဖြစ်သည်။ ဥရောပတိုက်သားများသာ အသင်းဝင်ခွင့်ရှိသည်။ ထားဝယ်တံတားလမ်း တစ်လျှောက်သွားလာသော ကားများသည် ကလပ်ရှေ့တွင် ဟွန်းတီးခွင့်မရှိချေ။ ဦးထွန်းဝင်းသည် မိမိအိမ်မှမြို့နိုစီပါယ်ရုံးသို့ အသွားအပြန်ခရီးတွင် ကလပ်ရှေ့မှဖြတ်ရသည့်အခါတိုင်း ဟွန်းမတီးရတူသောအချက်ကို ဘဝင်မကျဖြစ်ရသည်။ ကလပ်အတွင်းရှိမျက်နှာဖြူများကို လှမ်းမြင်ရသည့်အခါတွင်

လည်း မှတ်စီဆံဝင်မွေးစုံးသည်။

၁၂၃၇-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၅)ရက် (၄ အောက်တိုဘာ ၁၈၇၅)တွင် မော်လမြိုင်၊ မြို့နီစီပါယ်အဖွဲ့က သံလွင်ဥယျာဉ်ကို ဗိုလ်မှူးကြီး"ဘရောင်း"(Colonel Brown)ထံမှ ကျပ်ငွေ(၃၀၀၀၀)ဖြင့်ဝယ်ယူထားကြောင်း ဦးထွန်းဝင်းသိရှိသည်။ ဂျင်မခါနာတလပ်အသင်းသားများက သံလွင်ဥယျာဉ်ကို ဂေါက်ကွင်းအဖြစ် အသုံးပြုလျက်ရှိသည်။ ဦးထွန်းဝင်းက ဂေါက်ကွင်းကိုဝိတ်သည်။ ဂေါက်ကွင်းတောင်ဝိုင်းသို့ပြောင်းသွားရသည်။ တောင်ဝိုင်းတွင် လေယာဉ်ကွင်းတည်ဆောက်သောအခါ ဂေါက်ကွင်းသည် ဥန်းတေးရွာအနီးသို့ပြောင်းရွှေ့သွားရသည်။

ဦးထွန်းဝင်းလက်ထက် ၁၂၈၉-ခုနှစ်၊ တပေါင်းလဆန်း(၀၂)ရက် (၂ မတ် ၁၉၂၈)တွင် မြို့နီစီပါယ်ရုံးကြီး(ယခု ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)ကို တည်ဆောက်ဖွင့်လှစ်သည်။ ကောဇာ၊ ၁၁၉၃-ခုနှစ်၊ (ခရစ်-၁၈၃၁)တွင် ထိုရုံးမှာပင် အခမဲ့ပိဋကတ်တိုက်(စာကြည့်တိုက်)၊ (Municipal Free Library)ကို တည်ထောင်သည်။ စာကြည့်တိုက်တွင် မြို့မိ၊ မြို့ဖတို့ကလှူဒါန်းသော တန်ဖိုးမြတ်နိုင်သည့် ရွှားပါးသောစာအုပ်များကို စနစ်တကျထားရှိသည်။ ယခု စာကြည့်တိုက်ကြီးမရှိတော့ချေ။

ဦးထွန်းဝင်း၏နှစ်ထပ်အိမ်ကြီးမှာ အထက်လမ်းမကြီးတွင်ရှိသည်။ အိမ်နံပါတ်(၉၄)၊ အိမ်အမည် "အီးဝင်ဟတ်"(Edenhurst)ဖြစ်သည်။ အိမ်တွင်ဘုရားစင်မရှိချေ။ ဦးထွန်းဝင်း၏အိမ်တွင် သား၊ သမီးများ၊ အိမ်ဖေါ်များသာမက ရပ်နီးရပ်ဝေး ခြံသည်များပါ မပြတ်ရှိနေသဖြင့် နေ့စဉ်လူ(၂၀)ကျော် (၃၀)နီးပါးခန့်ရှိသည်။ ဆင်ဝင်အဖေါ်ထပ်မှာ လခြမ်းသဏ္ဌာန်ရှိ၍ ကျယ်ဝန်းသည်။ အရှေ့ဘက်သို့မှတ်နှာမူထားသဖြင့် ဦးဇနဆုရားကို ထင်ထင်ရှားရှား ကြည်ညိုဖွယ်ဖူးမြင်နိုင်သည်။ ညစဉ်(၇)နာရီတိတိအချိန်တွင် အိမ်ရှိလူကုန် ဦးဇနဘုရားကိုလှမ်းမြော်ဦးခိုက်၍ ရှိခိုးဝတ်ပြုကြရသည်။

မင်းတိုင်ဝင်အမတ်ဟောင်း လွတ်တော်ရွှေနေကြီး ဦးထွန်းဝင်းသည် ၁၃၂၂-ခုနှစ်၊ တပို့တွဲလဆန်း(၅)ရက် (၂၀ ဇန်နဝါရီ ၁၉၆၁) အသက် (၈၆)နှစ်တွင် ကွယ်လွန်သည်။

(ဃ) မြို့တွင်းသွား ယာဉ်များ

ပထမကမ္ဘာစစ်စတင်ဖြစ်ပွားသည့် ကောလာ၊ ၁၇၂၆-ခုနှစ်၊ (ခရစ်-၁၉၁၄) အထိ မော်လမြိုင်တွင် ကိုယ်ပိုင်"ဖို့ဒ်"(Ford)မော်တော်ကား (၁၀)စီးခန့်သာရှိသည်။ အများအားဖြင့် ကိုယ်ပိုင်ရထားလုံးများကိုသာ သွားရေးလာရေးအတွက် အသုံးပြုကြသည်။ အငှားရထားလုံးများလည်းရှိသည်။ မရမ်းကုန်းရပ်ကွက်၊ ဗဟိုလမ်းနှင့် မဂ္ဂင်လမ်းဆုံရာအနီးတွင် ရထားလုံးဝင်းရှိသည်။ နောက်ပိုင်းတွင် မြင်းနှစ်ကောင်တပ် ဘီးလေးဘီးရှိသော ဘုံပြန့်နှင့် ဘုံဆောင်မြင်းလှည်းများပေါ် ပေါက်လာသည်။ ထိုမှတဆင့်ဘုံပြတ်များပေါ် ပေါက်လာသည်။ ဘုံပြတ်ပေါ် ပေါက်လာပုံအဆင့်ဆင့်မှာ စိတ်ဝင်စားဘွယ်ကောင်းသည်။ ဘုံပြတ်အစ "ဦးအလီက"ဟုဆိုနိုင်သည်။

ဦးအလီ(Abbos Ally)သည် ကောလာ၊ ၁၁၉၉-ခုနှစ်၊ (ခရစ်-၁၈၃၇)တွင် မော်လမြိုင်မြို့၌ဖွားမြင်သော ကျူလယာကုလားဖြစ်သည်။ ဖခင်ဖြစ်သူသည် ပထမအင်္ဂလိပ်-မြန်မာစစ်တွင် အင်္ဂလိပ်တပ်များနှင့်အတူ မြန်မာပြည်သို့ပါလာသူဖြစ်သည်။ စစ်ပြီးသော်လည်း နေရင်းသို့မပြန်တော့ဘဲ မော်လမြိုင်တွင်အခြေချနေထိုင်သူဖြစ်သည်။

ဦးအလီ၏အိမ်သည် ဦးဇီနဘုရားလမ်း၊ ရွှေကျောင်း(ယခု ရွှေပရိယတ္တိစာသင်တိုက်)၏ တောင်ဘက်တပ်လျက်တွင်ရှိသည်။ ထိုစဉ်က ရွှေကျောင်းဆရာတော်မှာ လောကီလောကုတ္တရာပညာများကို စွယ်စုံတတ်မြောက်သည့်ဆရာတော်ဖြစ်သည်။ ယနေ့တိုင်ထင်ပေါ် ကျော်ကြားလူသုံးများနေသော ဘုန်းကြီးဘုံးလျှာပွတ်ဆေးကို ဖော်စပ်ခဲ့သည့် ဆရာတော်ဖြစ်သည်။

ဦးအလီသည် စာမတတ်သေးသည့်အတွက် ဆရာတော်ထံနေ့စဉ် ဆွမ်းအုပ်ပို့ရင်း မြန်မာနှင့် ပါဠိစာပေများကိုသင်ယူသည်။ ဆရာတော်ထံမှ သီချင်းကြီး၊ သီချင်းခန့်၊ ကဗျာလင်္ကာများကိုပါ သင်ယူတတ်မြောက်သည်။ ဆရာတော်ထံသွားလာရေးလွယ်ကူစေရန် ကျောင်းနှင့်အိမ်ကြားတွင် တံခါးပေါက်ဖောက်ထားရာယနေ့တိုင်တွေ့နိုင်သည်။

ရပ်ရွာတွင် အလှူအတန်းလုပ်သည့်အခါ ရတု၊ ရကန်၊ အဲအန်၊ ချင်းများကို ဦးအလီထံ လာရောက်ရေးစပ်ခိုင်းကြသည်။ ဦးအလီကိုယ်တိုင် သွားရောက်ရွတ်ဆိုပေးရသည်များလည်းရှိသည်။ ဦးအလီမပါလျှင်ပွဲမစည်ချေ။

စာတတ်ပေတတ်ဖြစ်လာသောအခါ ဦးအလီသည် အရေးပိုင်ရုံးတွင် လက်ထောက်ဘီးလစ်အဖြစ် ခန့်အပ်ခံရသည်။ လခမှာ (၁၂)ကျပ် (၈)ပဲဖြစ်သည်။ ငွေတန်ဖိုးရှိသောကာလဖြစ်၍ သားမယားများကို ရွှေတွဲလဲ၊ ငွေတွဲလဲဆင်ပေးနိုင်သည်။ အစစအရာရာတွင် ဈေးနှုံးချိုသာသဖြင့် ငါးသလောက်တစ်ပိဿာ တစ်မတ်သာပေးရသည်။ အမြီးများသဖြင့် ဆင်းရဲသားများသာစားသည်။ ကြက်ဥအလုံး (၁၀၀)လျှင် (၅)မူးသာပေးရသည်။ ရွှေခဲငါး(၅)မူးတစ်ပြား (၁၂)ကျပ်ဈေးရှိသည်။

တောဇာ၊ ၁၂၀၂-ခုနှစ်၊ (ခရစ်-၁၈၄၀)နောက်ပိုင်းတွင် မော်လမြိုင်တရားရုံးများတွင် ရွှေနေစတင်ပေါ်ပေါက်လာသည်။ ထိုစဉ်ကရွှေနေအားလုံးသည် အင်္ဂလန်မှလာသော အင်္ဂလိပ်ရွှေနေ(ဝတ်လုံ)များသာဖြစ်သည်။ မြန်မာရွှေနေတစ်ဦးမှ မရှိသေးချေ။ အမှုကိုအင်္ဂလိပ်လိုလျှောက်လဲရသည့်အတွက် ရွှေနေကိုသာမက ဘာသာပြန်နှင့် စကားပြန်နှစ်ယောက်ကိုပါ အပိုငှားရမ်းရသည်။ တရားစီရင်သည့်အခါ တရားသူကြီးက ဝတ်လုံကိုအင်္ဂလိပ်လိုမေးပြီး ဝတ်လုံကလည်း အင်္ဂလိပ်လို လျှောက်လဲရသည်။ ဝတ်လုံအနီးတွင် စကားပြန်နှင့် ဘာသာပြန်နှစ်ယောက် အမြဲတန်းရှိနေရပြီး လိုအပ်သည့်အခါဝတ်လုံက အမှုသည်ကိုစကားပြန်မှတဆင့်မေးရသည်။ အမှုသည်က မြန်မာစကားဖြင့်ပြောသမျှကို စကားပြန်ကဝတ်လုံကို အင်္ဂလိပ်လိုပြန်ပြောရသည်။ ထို့ကြောင့် အမှုစစ်ရာတွင် အချိန်ကြာသည်။

ဦးအလီသည် အမှုစစ်ဆေးသည်ကို မကြာခဏသွားရောက်နားထောင်ရင်း ရွှေနေလုပ်ချင်စိတ်ပေါက်လာပြီး အရေးပိုင်ထံလျှောက်ထားသဖြင့် အရေးပိုင်က (၁)နှစ်အစမ်းခန့်ထားသည်။ ဦးအလီသည် မြန်မာ၊ အင်္ဂလိပ်၊ ကုလား၊ မွန်စကားမျိုးစုံတတ်သဖြင့် ဘာသာပြန်နှင့် စကားပြန်မပါဘဲ အမှုလျှောက်လဲနိုင်သည့်အတွက် အချိန်ကုန်သက်သာသွားသည်။ အမှုသည်များမှာလည်း ကုန်ကျစားရိတ်နည်းသွားသည်။

အရေးပိုင်ဖြစ်သူက ဦးအလီကိုသဘောကျသဖြင့် ကောဇာ၊ ၁၂၃၂-ခုနှစ် (ခရစ်-၁၈၇၀)တွင် အထက်တန်းရွှေနေအဖြစ် တိုးမြှင့်ခန့်ထားသည်။ ထိုနှစ်မှာပင် ဦးအလီကမိမိ၏ မူလအိမ်နေရာတွင် အုတ်တိုက်ကြီးတစ်လုံးကို တည်ဆောက်သည်။ ဦးအလီရွှေနေလိုက်သည်မှာလည်း ပေါ်လွင်ထင်ရှား လူသိများလာသည့်အတွက် ဦးအလီ၏တိုက်ကြီးသို့ ရပ်နီးရပ်ဝေးမှအမှုသည်များ ဝင်လာမခဲဖြစ်လာတော့သည်။ ကျိုက်မရောနှင့် မုဒုံမှအမှုသည်များသည် လွယ်လွယ်ကူကူနှင့်မလာနိုင်ချေ၊ လှည်းနှင့်

F42A

လာလျှင် လမ်းတွင်ညအိပ်ရသည်။ ဦးအလီသည် မိမိအမှုသည်များလွယ်လင့်တကူ သွားလာနိုင်ရေးအတွက် ကြံစည်အားထုတ်လေသည်။ လိုလျှင်ကြံဆ နည်းလမ်း ရလာသည်။

ဘီးလေးဘီးနှင့် မြင်းနှစ်ကောင်တပ် မြင်းရထားကြီးနှစ်စီးကို တီထွင်ပြုလုပ်ပြီး မော်လမြိုင်-ကျိုက်မရောအသွားအပြန်နှင့် မော်လမြိုင်-မုဒုံအသွားအပြန် ပြေးဆွဲ စေသည်။ မြင်းလှည်းကြီးနှစ်စီးအမည်မှာ "ဘုံပြန်"နှင့် "ဘုံဆောင်"တို့ဖြစ်ကြသည်။ မြင်းလှည်းကြီးများ၏ အရှည်မှာ (၁၅)ပေခန့်ရှိပြီး လူ(၂၀)စီ ချောင်ချောင်စီးနိုင်သည်။

နေ့စဉ်နံနက်(၅)နာရီတွင် မိမိအိမ်ရှေ့မှမြင်းရထားကြီးတစ်စီး စထွက်စေသည်။ မော်လမြိုင်မှ (၇)မိုင်ဝေးသော "ခန္ဓန်းရွာ"တွင်ခေတ္တရပ်နားသည်။ မြင်းအသစ် နှစ်ကောင်လဲ၍ ခရီးဆက်စေသည်။ မော်လမြိုင်မှ(၁၂)မိုင်ဝေးသော ကျောက်တစ်လုံးရွာ ရောက်သောအခါခေတ္တနားပြီး မြင်းအသစ်နှစ်ကောင်ထပ်မံလဲ၍ မုဒုံအရောက်ခရီး ဆက်စေသည်။ မော်လမြိုင်မှ မုဒုံသို့အသွားတွင် မြင်း(၆)ကောင်၊ အပြန်တွင် (၆)ကောင် ပေါင်း (၁၂)ကောင်အသုံးပြုရသည်။ လူတစ်ယောက်လျှင် အသွားတစ်ကျပ်၊ အပြန် တစ်ကျပ် မြင်းလှည်းခယူသည်။

ဦးအလီသည် မွတ်စလင်ဘာသာဝင်ဖြစ်သော်လည်း ရွှေကျောင်းဆရာတော်ထံ နေ့စဉ်ဆွမ်းအုတ်ပို့သည်ကို မွတ်ဆလင်အသိုင်းအဝိုင်းက မကျေနပ်ချေ။ ဆရာတော် ဗျဂ္ဃနိတော်မူသောအခါ ဦးအလီကကမကထလုပ်ပြီး လောင်တိုက်နှင့် ပြဿဒ်တို့ကို ဆောက်လုပ်လှူဒါန်းသည်။ ဘုန်ကြီးဗျတွင် ဓာတ်ပွဲ(၇)ရက်ခံဝေးသည်။ ဤတွင် မွတ်ဆလင်ဘာသာဝင်တို့က ဦးကလီအားဝိုင်းဝန်းကဲ့ရဲ့ပြီး ဝိုင်းဝယ်လိုက်ကြတော့သည်။ သို့သော် ဦးအလီကမမှုချေ၊ တရားရုံးအနီးတွင် ကိုယ်ပိုင်သစ်သားဇလီဆောက်လုပ်ပြီး မှန်မှန်တက်သည်။

ဦးအလီ၏ ပထမဇနီးမှာထားဝယ်စုရပ်သူ ဒေါ်ကြူခေါ် မွန်အမျိုးသမီး ဖြစ်သည်။ မကြာမီမှာပင် မွန်ဓာတ်မင်းသမီးတစ်ဦးနှင့် ထပ်မံအိမ်ထောင်ပြုသည်။ ထိုမင်းသမီးထံမှ အဆိုနှင့် အကပညာများကိုသင်ယူသည်။ ဦးအလီ၏အသံမှာ သာယာပြီး အကမှာလည်းအလွန်ကောင်းသည်။ ဇနီးနှစ်ဦးကို တစ်အိမ်တည်းတွင် အတူထားသည်။ ဦးအလီသည် နောက်ထပ်ဇနီးအတော်များများယူသည်။ ကျောက်တစ်လုံးရွာအနီး နှစ်ထပ်တိုက်ကြီးဆောက်ပြီး ဇနီးများကိုအတူထားသည်။

အားလပ်ရက်များတွင် မော်လမြိုင်မှဇနီးများကို ကျောက်ဖျဉ်၊ သနပ်ခါးတုံးနှင့် မှန်ဘီး အစုံဖြင့် ဘုံဆောင်ပေါ်တင်ဆောင်ကာ အပျော်ခရီးထွက်သည်။ မော်လမြိုင်မှ (၅)မိုင်ကွာ "စမ်းကြီးခွာ"အနီးစမ်းချောင်းတွင်ရေဆင်းကူးကြပြီး ဖီးလိမ်းဝတ်စားကာ ကျောက်တစ်လုံးအိမ်သို့ ခရီးဆက်သည်။

ဤသို့အပျော်လွန်ကျူးဖန်များသော် အားအင်ဆုတ်ယုတ်လာသည်။ နောက်ဆုံးနှလုံးရောဂါစွဲကပ်လာသည်။ ဘုံပြန်နှင့် ဘုံဆောင်တို့ကို လှည့်မကြည့်နိုင်တော့ချေ။ လှည်းကြီးနှစ်စီးကို မွေးစားသားနှစ်ဦးကိုပေးလိုက်ရသည်။ သားနှစ်ဦးသည် ရထားကြီးနှစ်စီးကို ဆက်လက်ထိန်းသိမ်းနိုင်စွမ်းမရှိချေ။ ဦးအလိ၏ သဘောတူညီချက်ရယူကာ မြင်းလှည်းကြီးနှစ်စီးကို အလယ်မှတိတိဖြတ်ပြီး မြင်းလှည်းငယ်လေးစီး ဖန်တီးလိုက်သည်။ ဘီးနှစ်ဘီးပါ မြင်းတစ်ကောင်စွဲ မြင်းလှည်းငယ်လေးစီးဖြင့် မော်လမြိုင်မြို့တွင်မြေးဆွဲရာ ဝင်ငွေအလွန်ကောင်းသည်။ သားနှစ်ဦးသည် မြင်းလှည်းငယ်လေးစီးအပည်ပေးရောအတွက် ဦးအလီထံမှအကြွေတောင်းရာ ဦးအလီက ရထားငယ်လေးစီးမှာ မူလဘုံပြန်နှင့် ဘုံဆောင်တို့၏ အပြတ်များသာဖြစ်သောကြောင့် မူလအပည် "ဘုံ"လည်းပါအောင် ရထားပြတ်မှ "မြတ်"လည်းပါအောင် "ဘုံမြတ်"ဟုသာခေါ်ကြပေတော့ဟုအကြံပေးလိုက်သည်။ ဤသို့ဖြင့် ဘုံပြတ်အပည်ပေါ်လာသည်။

ဦးအလီသည် အသက်(၇၀)အရွယ် ကောဇာ ၁၂၆၉-ခုနှစ် (ခရစ်-၁၉၀၇)တွင် ကွယ်လွန်သည်။

အခန်း(၇)

ပညာရေး

ကိုလိုနီခေတ်ဦးတွင် မော်လမြိုင်၌စာသင်ကျောင်း တစ်ကျောင်းပြီးတစ်ကျောင်း ပေါ်ပေါက်လာသည်။ အများစုမှာ သာသနာပြုကျောင်းများသာဖြစ်သည်။

ပထမဆုံးသာသနာပြုကျောင်းမှာ ဂျုဒ်ဆင်ယောကျ်ားကလေးအထက်တန်းကျောင်း(Judson Boy's High School)ဖြစ်သည်။ ထိုကျောင်းကို ကောဇာ၊ ၁၁၈၉ခုနှစ် (ခရစ်-၁၈၂၇)တွင်စတင်တည်ထောင်သည်။ စစ်တဲတုန်းရပ်၊ ဗဟိုလမ်းတွင် တည်ရှိသည်။ ထိုကျောင်းသည် ၁၃၀၈-ခုနှစ်၊ ကဆုန်လဆုတ်(၁)ရက်နေ့ (၁၆ မေ ၁၉၄၆)တွင် မော်တလိန်းမိန်းကလေးအထက်တန်းကျောင်း(Morton Lane Girls' High School)နှင့်ပူးပေါင်းလိုက်ရာ မော်တလိန်းဂျုဒ်ဆင်အထက်တန်းကျောင်း(Morton Lane Judson High School)ဖြစ်လာသည်။

၁၁၉၆-ခုနှစ်၊ ဝါခေါင်လဆုတ်(၁၃)ရက် (၁ စက်တင်ဘာ ၁၈၃၄)တွင် Maingy Street(ယခုမြို့မတ်တားလမ်း)တွင် စာသင်ကျောင်းတစ်ကျောင်း တည်ထောင်ဖွင့်လှစ်သည်။ ထိုကျောင်းကို အရှေ့အိန္ဒိယကုမ္ပဏီက ဦးစီးတည်ထောင် သောကြောင့် ကုမ္ပဏီကျောင်းဟုခေါ်သည်။ ကျောင်းအုပ်ကြီးအဖြစ် အမေရိကန်နှစ်ခြင်း သာသနာပြုအဖွဲ့မှ ဘုန်းတော်ကြီး"ဆီဖာဘင်းနက်"(Cephas Bennet)ကို ခန့်အပ်သည်။ ကျောင်းဖွင့်စက ကျောင်းသား(၂၆)ဦးသာရှိသော်လည်း (၁၂)လကြာသောအခါ ကျောင်းသား(၁၀၄)ဦးအထိ တိုးပွားလာသည်။ (၁၂)ဦးမှာ မိန်းကလေးများဖြစ်ကြသည်။ ကောဇာ၊ ၁၁၉၇-ခုနှစ်၊ (ခရစ်-၁၈၃၅)တွင် ကုမ္ပဏီကျောင်းကိုရွှေ့ပြောင်းပြီး အစိုးရကတာဝန်ယူလျက် အစိုးရကျောင်းအဖြစ်ဆက်လျက်ဖွင့်လှစ်သည်။ ဤသို့ အရှိန်ကောင်းနေဆဲ ပြဿနာတစ်ခုကြောင့် ကောဇာ၊ ၁၁၉၈-ခုနှစ် (ခရစ်-၁၈၃၆)တွင် ကျောင်းကိုပိတ်လိုက်ရသည်။

ပြဿနာမှာ "အတွောင်"(Lao Coon Ah Vaung)အမည်ရှိ တရုတ်-ဗမာကပြားကျောင်းသားတစ်ဦးကစတင်သည်။ ဆရာဖြစ်သူ "ဆီဖါဘင်းနက်"က ဉာဏ်ပညာထက်မြက်သော တပည့်ဖြစ်သူအတွောင်ကို သံယောဇဉ်ရှိသည်။ မကြာမီမှာပင် အတွောင် နှစ်ခြင်းမင်္ဂလာခံယူသည်။ မြို့က၊ အရပ်ကမကျေမနပ်ဖြစ်၍ ရုတ်ရုတ်သဲသဲဖြစ်သည်။

"ဆီဖါဘင်းနက်"ကျောင်းအုပ်ကြီးအဖြစ်မှ နှုတ်ထွက်သွားရသည်။

၁၀၉၉-ခုနှစ်၊ ကဆုန်လ (၈ပြည့်-၁၈၃၇)တွင် အစိုးရကျောင်းပြန်ဖွင့်သည်။ ကျောင်းအုပ်ကြီးမှာ "ဂျော့ဟင်နရီဟောက်"(George Henry Hough)ဖြစ်သည်။ ကျောင်းသားဦးရေများလာသည်နှင့်အမျှ မူလတန်းမှ အလယ်တန်း၊ အလယ်တန်းမှ အထက်တန်းသို့တစ်ဆင့်ပြီးတစ်ဆင့်တိုးမြင့်သည်။ မကြာမီမှာပင် မော်လမြိုင်အစိုးရအထက်တန်းကျောင်း(Government High School)ကို သီပို့လမ်း(Freemason Street)လမ်းထိပ် ထားဝယ်စုရပ်သို့ပြောင်းရွှေ့သည်။

၁၂၈၉-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၁၁)ရက် (၁၉ နိုဝင်ဘာ ၁၉၂၇)တွင် တီ=Tပုံသဏ္ဌာန် နှစ်ထပ်အုတ်ကျောင်းကြီးကိုဆောက်လုပ်ရာ၊ ထိုစဉ်ကဝဠာရေးဝန်ကြီးဖြစ်သူ "ဒေါက်တာဘရင်"(M.B.,Ch.B)က အုတ်မြစ်ချပေးသည်။ ဒေါက်တာဘရင်သည် ဝိုင်အမ်ဘီအေ(Y.M.B.A)အသင်းကို စတင်တည်ထောင်သည့်ပုဂ္ဂိုလ်(၄)ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ မွန်မင်းမျိုးမင်းနွယ်လည်းဖြစ်သည်။ အဆိုပါ ကျောင်းဆောင်သစ်ကြီးကို ကောလာ၊ ၁၂၉၀-ခုနှစ်၊ (ခရစ်-၁၉၂၈)တွင် စတင်ဖွင့်လှစ် သည်။ ကောလာ၊ ၁၁၉၆-ခုနှစ်၊ (ခရစ်-၁၈၃၄)ခုနှစ်ကျောင်းစဖွင့်ချိန်မှ ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံသို့ကူးစက်ချိန် ကောလာ၊ ၁၃၀၄-ခုနှစ်၊ (ခရစ်-၁၉၄၂)အထိ ကျောင်းအုပ်ကြီး(၁၇)ဦးရှိသည်ကိုတွေ့ရသည်။ မော်လမြိုင်အစိုးရအထက်တန်းကျောင်းသည် ရန်ကုန်အစိုးရအထက်တန်းကျောင်းထက် (၃၈)နှစ်သက်တန်းကြီးသည်။

ကောလာ၊ ၁၁၉၆-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၃)ရက် (၁ စက်တင်ဘာ ၁၈၃၄)တွင် စတင်တည်ထောင်သည်သော မော်လမြိုင်အစိုးရအထက်တန်းကျောင်းသည် ၁၃၇၀-ပြည့်နှစ် တော်သလင်းလဆန်း(၂)ရက် (၁ စက်တင်ဘာ ၂၀၀၈)တွင် သက်တန်း(၁၇၄)နှစ်တိတိရှိပြီဖြစ်သည်။ ထိုကာလအတွင်း ထူးချွန်၊ ထင်ရှားသော ကျောင်းသားတစ်ကျိပ်ခန့်ပေါ်ထွန်းခဲ့သည်။ ထိုတစ်ကျိပ်ခန့်အနက် မော်လမြိုင်သားစစ်စစ်မျှားဖြစ်ကြသော -

၁။ ၁၂၄၁-ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက် (၉ ဇွန် ၁၈၇၉)တွင် မုဗွန်ရပ်၌ဖွားမြင်သော ဦးချစ်လှိုင်

၂။ ၁၂၆၂-ခုနှစ်၊ နယုန်လပြည့်ကျော်(၉)ရက် (၂၀ ဇွန် ၁၉၀၀)တွင် ဝန်းပဲတန်းရပ်၌ ဖွားမြင်သော ဦးလူဖေဝင်းနှင့်

၃။ ကောဇ၊ ၁၂၇၄-ခုနှစ်၊ (ခရစ်-၁၉၁၂)တွင် ပန်းပဲတန်းရပ်မှာပင်
ဖွားမြင်သော ဦးဝင်းဖေစသည့် ပုဂ္ဂိုလ်သုံးဦးတို့အကြောင်းကိုသာ မျိုးဆက်သစ်
လူငယ်များအတုယူနိုင်ကြစေရန် တင်ပြပါသည်။ ဦးချစ်လှိုင်အကြောင်းကို နောက်ပိုင်း
တွင်တင်ပြမည်ဖြစ်၍ ဦးလူဖေဝင်းအကြောင်းကို ဦးစွာတင်ပြပါမည်။

ဦးလူဖေဝင်း၏မိဘနှစ်ပါးမှာ ဦးရဲဝင်းနှင့် ဒေါ်မိမိတို့ဖြစ်ကြသည်။ ဒေါ်မိမိ၏
အဘိုးမှာဦးဘိုးလူဖြစ်၍ ဒေါ်မိမိ၏ဖခင်မှာ ဦးဘိုးဖေဖြစ်သည်။ ဦးဘိုးလူ၏အမည်မှ
"လူ"၊ ဦးဘိုးဖေအမည်မှ "ဖေ"၊ ဦးရဲဝင်းအမည်မှ "ဝင်း"တို့ကိုပေါင်းစပ်၍ "လူဖေဝင်း"
ဟူသောအမည်ဖြစ်လာသည်။ မောင်လူဖေဝင်းတွင် ဖိုးရွှေဝင်းနှင့် ကြည်မောင်ဝင်းဟူ၍
ညီနှစ်ယောက်ရှိသည်။

မောင်လူဖေဝင်း၏အဘိုးမှာ သထုံမြို့နေ ရွှေနေကြီး "ဦးရွှေအို"ဖြစ်သည်။
ဦးရွှေအို၏သားသည် "ဦးရဲဝင်း"ဖြစ်၏။ ဦးရဲဝင်းသည် အက်ဖ်. အေ(F.A=First Arts)
စာမေးပွဲတွင် ပထမခွဲ၍အောင်ခဲ့သည်။ ထို့နောက်မြို့အုပ်အဖြစ် အမှုထမ်းသည်။
မြို့အုပ်ဘဝမှ အငြိမ်းစားယူပြီးနောက် မော်လမြိုင်ရှင်မဟာဗုဒ္ဓဃောသကျောင်း၏
ပထမဆုံးသောကျောင်းအုပ်ကြီးဖြစ်လာသည်။ ကောဇ၊ ၁၂၆၈-ခုနှစ်၊ (ခရစ်-၁၉၀၆)
တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မိမိ၊ သားများဖြစ်ကြသော
မောင်လူဖေဝင်း၊ မောင်ဖိုးစိန်ဝင်းနှင့် မောင်ကြည်မောင်ဝင်းတို့ကျန်ရစ်သည်။ ထိုစဉ်က
မောင်လူဖေဝင်း အသက်(၆)နှစ်၊ ဖိုးစိန်ဝင်း အသက်(၄)နှစ်နှင့် ကြည်မောင်ဝင်း
အသက်(၂)နှစ် အသီးသီးဖြစ်ကြသည်။ မုဆိုးမဒေါ်မိမိသည် အရွယ်မရောက်သေးသည့်
သားငယ်သုံးဦးကို ခက်ခဲဝင်ပန်းစွာ ကျွေးမွေးပြုစုစောင့်ရှောက်ရသည်။

ညီနောင်သုံးဦးကျောင်းနေချိန်ရောက်သော် အဘိုးဖြစ်သူ ဦးရွှေအိုက
သထုံမြို့သို့ခေါ်ယူ၍ ကျောင်းထားပေးသည်။ ထိုစဉ်က ဦးရွှေအို၏ အသက်သည်
(၇၀)ကျော် (၈၀)နီးပါးဖြစ်သည်။ သထုံတွင်ဦးရွှေအို၏ သစ်သီးဝလံနှင့် ဟင်းသီး
ဟင်းရွက်မျိုးစုံ စိုက်ပျိုးထားသောခြံကြီးရှိသည်။ ညီနောင်သုံးဦးတို့သည် ခြံထွက်ပစ္စည်း
များကို စျေးသို့သွားရောက်ရောင်းချပြီး ရောင်းရငွေဖြင့် ဆန်၊ဆီ၊ဆားနှင့် သားငါးတို့ကို
ဝယ်ယူရသည်။ တစ်ခါတစ်ရံငွေကြေးလုံလောက်၍ တစ်ခါတစ်ရံမလုံလောက်ချေ။
မလုံလောက်သည်ကများသည်။ ညီနောင်သုံးဦးချက်ပြုတ်စားသောက်ပြီး ကျောင်းတက်
သည်။ ပညာကိုကြိုးစားသင်ယူသည်။

ညီနောင်သုံးဦးအနက် အလယ်ဖြစ်သူ ဖိုးရွှေဝင်းသည်ကျန်းမာရေးချို့တဲ့၍ ချုချာသည်။ အာဟာရဓါတ်မပြည့်ဝသော အစာကိုသာကြာရှည်စားနေရသဖြင့် နောက်ဆုံးတွင် အားပြတ်၍သေဆုံးသွားရှာသည်။

မကြာမီမှာပင် ညီနောင်နှစ်ဦးသည် အဘိုးဖြစ်သူကိုအသိမပေးဘဲ သဏ်မှ မုတ္တမအရောက် မီးရထားလမ်းအတိုင်း လမ်းလျှောက်၍လာကြသည်။ မုတ္တမမှ လှေဖြင့်ကူး၍ မော်လမြိုင်ရှိမိခင်ထံ ပြန်လာသည်။ မိခင်ဖြစ်သူသည် သားနှစ်ယောက်ကို တွေ့၍ အကြောင်းစုံကိုသိရသောအခါ ရင်ထုမနာဖြစ်ပြီးချုံးပွဲချ၍ ငိုကြွေးပါလေတော့သည်။

ဒေါ်မိမိသည် သားကြီးကို မော်လမြိုင်အစိုးရအထက်တန်းကျောင်းတွင် လည်းကောင်း၊ သားငယ်ကို ရှင်မဟာဗုဒ္ဓဃောသကျောင်းတွင်လည်းကောင်း ကျောင်းထားပေးသည်။ ဘဝနာသူညီနောင်နှစ်ဦးသည် ပညာကိုအထူးကြိုးစားသင်ယူကြရာ မောင်လူဖေဝင်းသည် ၁၂၇၈-ခုနှစ်၊ တပေါင်းလ (မတ်-၁၉၁၇)တွင် လည်းကောင်း ကြည်မောင်ဝင်းသည် ၁၂၈၁-ခုနှစ်၊ တပေါင်းလ (မတ်-၁၉၂၀)တွင် လည်းကောင်း မိမိတို့ပညာသင်ယူရာကျောင်းအသီးသီးမှ (၁၀)တန်းစာမေးပွဲ အောင်မြင်ကြသည်။ ကြည်မောင်ဝင်းနှင့် တစ်ကျောင်းတည်း၊ တစ်တန်းတည်း၊ တစ်နှစ်တည်း (၁၀)တန်းအောင်မြင်သူများတွင် မောင်စိန်တင်ပါဝင်သည်။ နောင်အခါ မောင်စိန်တင်သည် အရှေ့ပိုင်ဦးစီနံတင်(သိပ္ပံမောင်ဝ)ဖြစ်သွားသည်။ ကြည်မောင်ဝင်းကား မီးရထားမင်းကြီး ဦးကြည်ဝင်းဖြစ်သွားသည်။

ကိုလူဖေဝင်းသည် ရန်ကုန်ကောလိပ်တွင် ဆက်လက်ပညာသင်ယူရာ ကောဇာ၊ ၁၂၈၂-ခုနှစ်၊ (ခရစ်-၁၉၂၀)ပါဠိဥဂ္ဂါထုံးဘွဲ့ရခါနီးတွင် မြန်မာနိုင်ငံပညာရေးလောကတွင် ကြီးမားသောဖြောင်းလဲမှုကြီးဖြစ်သည်။ ပညာသင်ယူရေးတွင် နှောင့်နှေးသွားသည်။

ကောဇာ၊ ၁၂၈၆-ခုနှစ်၊ (ခရစ်-၁၉၂၄)တွင် ဝိဇ္ဇာတန်းစာမေးပွဲကို ပါဠိ၊ ဓာတုဗေဒ၊ အင်္ဂလိပ်စာဘာသာရပ်များတွင် ဥဏ်ထူးရ၍အောင်မြင်သည်။

ဦးလူဖေဝင်းသည် ၁၂၈၇-ခုနှစ်၊ နယုန်လ (ဇွန်-၁၉၂၅) မှစ၍ ၁၂၉၇-ခုနှစ်၊ တန်ခူးလဆန်း(၁၀)ရက် (၃၁ မတ် ၁၉၃၆)အထိ (၁၁)နှစ်တိုင်တိုင် ရန်ကုန်တက္ကသိုလ်ကောလိပ်၌ အရှေ့တိုင်းဘာသန္တရကထိကအဖြစ် တာဝန်ထမ်းဆောင်

ခဲ့သည်။

ကောလာ၊ ၁၂၉၀ မြည့်နှစ်၊ (ခရစ်-၁၉၂၈)တွင် ကာလကတ္တားတက္ကသိုလ်သို့ အလွတ်ပညာသင်အဖြစ် ပါဠိဘာသာမဟာဝိဒ္ဓာတန်းကိုဖြေဆိုရာ ဝုဏ်ထူးတန်း ပထမအဆင့်ရ၍ ရွှေတံဆိပ်ချီးမြှင့်ခံရသည်။

၁၂၉၇-ခုနှစ်၊ တန်ခူးလ (ဧပြီ-၁၉၃၆)တွင် မြန်မာနိုင်ငံကမ္ဘည်းကျောက်စာဝန် အဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ထိုရာထူးတွင် ယခင်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်နှစ်ဦးမှာ တော်စိန်ခိုနှင့် ဦးမြတို့ဖြစ်ကြသည်။ တော်စိန်ခိုသည် တရုတ်အမျိုးသား ဖြစ်၍ ဦးမြသည်ခရစ်ယာန်ဘာသာဝင် ဖြစ်သည်။ အလုပ်တာဝန်နှင့် အံဝင်ဂွင်ကျမှု မရှိလှချေ။ ပုဒ္ဓဘာသာဝင် ဦးလူဖေဝင်းလက်ထက်တွင် လူပုဂ္ဂိုလ်နှင့်အလုပ် အံဝင်ဂွင်ကျဖြစ်လာသည်။

ဦးလူဖေဝင်း၏ အသက်မှာလည်း(၃၆)နှစ်ရှိလာပြီဖြစ်၍ အိမ်ထောင်ပြုရန် အချိန်ကျပြီဖြစ်သည်။

အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပြီးချိန်တွင် ပုဝဲမင်း၏ မြင်းတပ်မှ၊ မြင်းတပ်ဗိုလ် ညီအစ်ကိုအရင်းနှစ်ဦးဖြစ်ကြသော "ဦးရွှေစည်"နှင့် "ဦးဖိုးကွန်"တို့သည် အထက်အညာ သို့မပြန်ကြတော့ဘဲ ပဲခူးနယ်၊ "ဘုရားပြိုရွာ"တွင် ဇာတ်မြုပ်နေထိုင်ကြရင်း လယ်ယာလုပ်ကိုင်နေခဲ့ကြသည်။ တစ်နေ့သော် ဦးဖိုးကွန်သည် လယ်ယာတန်သင်းရိုးဆည်ရင်း ပေါ်တူဂီပင်လယ်ခါးပြများပိုင်ဟုယူဆရသော သံသေတ္တာကြီးတစ်လုံးကိုတွေ့၍ တူးဖော်ရရှိသည်။ အစ်ကိုဖြစ်သူ ဦးရွှေစည်ကိုအသိမပေးချေ။

ဦးဖိုးကွန်၏သားသည် ဦးဖိုးလှိုင်ဖြစ်၍၊ ဦးဖိုးလှိုင်၏သားသည် ဦးစိန်ဝင်းဖြစ်သည်။ ဦးစိန်ဝင်းသည် လယ်ဧက(၂၀၀၀)ကျော်ပိုင်သော သူဌေးကြီးဖြစ်၍ ရွှေမော်ဓောဘုရား စိန်ဖူးတော်တွင်(၆၇)ရတီရှိသော စိန်ကြိုးကို တင်လှူခဲ့သူဖြစ်သည်။

ဦးရွှေစည်သည် ဒေါ်ညွှန့်နှင့်အကြောင်းပါရာ ဦးဘိုးသက်ကိုဖွားမြင်သည်။ ဦးဘိုးသက်သည် ပဲခူးမြို့ညောင်ဝိုင်းရပ်မှ ဦးစံခို၊ ဒေါ်မင်းကောင်းတို့၏သမီး ဒေါ်အေးခင်နှင့်အကြောင်းပါရာ (၁)ဒေါ်ခင်သိန်း၊ (၂)ဒေါ်ကြည်ကြည်နှင့် (၃)ဦးကျော်စိန်ဟူ၍ သမီးနှစ်ဦး၊ သားတစ်ဦးဖွားမြင်သည်။ ဦးဘိုးသက်နှင့် သားစဉ်မြေးဆက်တို့သည် သစ်လုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်ကြသည်။ ရွှေမော်ဓောဘုရား၏ ဘဏ္ဍာတော်ထိန်းဂေါပကများလည်းဖြစ်ကြသည်။

ကောလာ၊ ၁၂၉၈-ခုနှစ်(ခရစ်-၁၉၃၆)တွင် ဦးလူဖေဝင်းသည် ဦးဘိုးသတ်၊ ဒေါ်အေးခင်တို့၏ သမီးဒေါ်ကြည်ကြည်နှင့် လက်ထပ်သည်။

ဒုတိယကမ္ဘာစစ်တွင်းကာလ (ဂျပန်ခေတ်)တွင် ဦးလူဖေဝင်းတို့မိသားစုသည် ပုဂံမြို့တော်တွင် သွားရောက်ခိုလှုံနေထိုင်ရသည်။ ဒေါ်ကြည်ကြည်သည် ပုဂံ "ဝက်ကြီးအင်း"တွင် ပွဲခံတည်ထောင်ခဲ့သည်။ ရွှေလဝင်းနှင့်ငွေလဓင်း လေ့ကြီးနှစ်ဝင်းကို တည်ဆောက်ကာ ရောဝတီမြစ်ကြောင်းတစ်လျှောက် အကြေအညာကုန်ပစ္စည်းမျိုးစုံကို ဝယ်ယူတင်ပို့ရောင်းချရာ အမြတ်အစွန်းများစွာရသည်။

ဦးလူဖေဝင်းနှင့် ဒေါ်ကြည်ကြည်မိသားစုတို့သည် အာနန္ဒာ၊ ရွှေစည်းခုံနှင့် နတ်လှောင်ကျောင်းစသည့် သာသနာနိကအဆောက်အဦများ ပြင်ဆင်ရာတွင် ရက်ရက်ရောရောလှူဒါန်းခဲ့သည်။

ဦးလူဖေဝင်းသည် ဒုတိယကမ္ဘာစစ်တွင်းကာလ၌ အစားထိုးမရနိုင်သော အဖိုးအနဂ္ဃထိုက်တန်သော ရွှေဆင်းတု၊ ငွေဆင်းတုတော်များ၊ ရွှေပေစာငွေပေစာများ၊ ရွှေဇင်း၊ ငွေဇင်းများနှင့် ပျူလက်ရာ လက်စွပ်၊ လည်ဆွဲများနှင့် မြန်မာ့မူဆိုင်ရာ ကျမ်းစာတုပ်များစွာကို မန္တလေးမှ ပုဂံနော်ရထာပိဋကတ်တိုက်သို့ ပြောင်းရွှေ့ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

လွတ်လပ်ရေးရပြီးစအချိန် မန္တလေးတွင်ရောင့်စုံသူပုန်တို့ သောင်းကျန်းချိန်က လည်း ရွှေဟောင်းသုတေသနလုံးမှ ပစ္စည်းများကို (၄၅)ရက်တိုင်တိုင် အသက်စွန့်၍ ထိန်းသိမ်းခဲ့သည်။

ကောလာ၊ ၁၃၁၀-ခုနှစ်၊ (ခရစ်-၁၉၄၉) စောပိုင်းတွင် သီရိပျံချီဘွဲ့ရရှိသည်။ ၁၃၁၉-ခုနှစ်၊ ဝါခေါင်လ (ဩဂုတ်-၁၉၅၇)တွင် အငြိမ်းစားယူသည်။ ကောလာ၊ ၁၃၄၂-ခုနှစ်၊ (ခရစ်-၁၉၈၀)တွင် နိုင်ငံဂုဏ်ရည်ပထမဆင့်ချီးမြှင့်ခံရသည်။ ထိုနှစ်မှာပင် ဇနီးဒေါ်ကြည်ကြည် ကွယ်လွန်သည်။ ၁၃၄၄-ခုနှစ်၊ နယုန်လဆန်း(၉)ရက် (၃၀ မေ ၁၉၈၂)တွင် ဦးလူဖေဝင်းကွယ်လွန်သည်။ သမီးကြီးဒေါက်တာခင်မြဝင်းနှင့် သမီးငယ် ဒေါ်တင်တင်ဝင်းတို့ ကျန်ရစ်ခဲ့ကြသည်။ ဦးလူဖေဝင်းတွင် ကိတ္တိမသား၊ ကိတ္တိမသမီး ဟူ၍ လုံးဝမရှိချေ။

ဦးလူဖေဝင်းပါဝင်ရေးသားခဲ့သော စာနယ်ဇင်းပေါင်း(၃၀)ရှိသည်။ ဆောင်းပါး (၁၃၄)စောင်၊ ကိုယ်တိုင်ရေးလုံးချင်းစာအုပ် (၂၃)အုပ်၊ တည်းဖြတ်သောစာအုပ်

(၄၃)အုပ်၊ ဖြေဆိုသောစာအုပ် (၂၉)အုပ်၊ ဘာသာပြန် (၅)အုပ်နှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသောဆောင်းပါး (၃၁)ရှိသည်။

အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည့် လက်နှိပ်စက်မူ၊ အဋ္ဌကထာ (၆)ကျမ်းလည်း ရှိသေးသည်။

ဦးဝင်းဖေ

မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်နေ၊ သစ်ကုန်သည်ကြီး ဦးခို၊ဒေါ်စောကြွယ်ဇနီးမောင်နှံတို့မှ ဦးမြတ်ခင်ကိုဖွားမြင်သည်။ ဦးမြတ်ခင်ကို ဖွားမြင်ပြီးနောက် ဦးခို မျက်စိကွယ်သွားသည်။ ဦးမြတ်ခင်သည် ဒေါ်မေမေခင်နှင့် အကြောင်းပါရာ ကောဇာ၊ ၁၂၇၄-ခုနှစ်၊ (ခရစ်-၁၉၁၂)တွင် သား"မောင်ဝင်းဖေ"ကို အမှတ်(၁၁)၊ သင်္ဘတလမ်း (Houghton Street)၊ ပန်းပဲတန်းရပ်၌ဖွားမြင်သည်။

ကျောင်းနေချိန်ရောက်သော် မောင်ဝင်းဖေသည် ထားဝယ်စုရပ်ရှိ "ဦးချစ်မောင်ကျောင်း"တွင် စတင်ပညာသင်ယူသည်။ ထိုကျောင်းမှ စတုတ္ထတန်းအောင်သောအခါ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူသည်။ မောင်ဝင်းဖေသည် စာဖတ်ဝါသနာပါသူဖြစ်သည်။ အထူးသဖြင့် အင်္ဂလိပ်စာအုပ်များကိုဖတ်သည်။ စာအုပ်နှင့်မျက်နှာကွာသည့် အချိန်နည်းပါးသည်။ အိမ်သာတက်ရာမှာပင် စာအုပ်တစ်အုပ်ကိုအမြဲယူသွားသည်။ ဤသို့ဖြင့် အင်္ဂလိပ်စာထူးချွန်သူတစ်ဦးဖြစ်လာသည်။ အထက်ကန်းကျောင်းသားဘဝတွင် မောင်ဝင်းဖေနှင့် ကျောင်းနေဘက် သူငယ်ချင်းတစ်ဦးဖြစ်ခဲ့ဘူးသည့် လန်ဒန်တက္ကသိုလ်မှပါရဂူဘွဲ့ရ ပါမောက္ခကြီးတစ်ဦးက မောင်ဝင်းဖေသည် အင်္ဂလိပ်စာအရေး၊အပြောတော်လှကြောင်း မှတ်ဉာဏ်လည်း အလွန်ကောင်းကြောင်းတို့ကို ပညာရှိပီပီရိုးသားဖြောင့်မတ်စွာ အကြိမ်ကြိမ်ပြောပြသည်ကို ကိုယ်တိုင် ကြားဖူးပါသည်။

(၁၆)နှစ်အရွယ်တွင် (၁၀)တန်းအောင်ပြီးနောက် ကိုဝင်းဖေသည် ရန်ကုန်တက္ကသိုလ်တွင် ပညာဆက်လက်ဆည်းပူးသည်။ အသက်(၂၀)တွင် ဘီ. အေ (ဝိဇ္ဇာ)ဘွဲ့ကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် အောင်မြင်ရရှိသည်။

ဦးဝင်းဖေသည် ဘွဲ့ရပြီးနောက် ရန်ကုန်တက္ကသိုလ် ရာဇဝင်(သမိုင်း)ဌာနတွင်နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေဆဲ၊ အိုင်စီအက်စ် အပြိုင်အဆိုင်

စာမေးပွဲ (I.C.S Competitive Examination)တွင် ဝင်ရောက်ဖြေဆိုအောင်မြင်သည်။ အဝံလန်သို့သွားရောက် ပညာသင်ယူနေစဉ် မိခင်ဖြစ်သူဒေါ်မေမေခင်ကွယ်လွန်သည်။ ဦးဝင်းဖေအားအသိမပေးကြချေ။

အိုင်စီအက်စ်-ဦးဝင်းဖေ ရန်ကုန်ပြန်ရောက်သည့်နေ့တွင် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်ဆိပ်ကမ်းမှကြိုဆိုကြသည်။ ကြိုဆိုသူများထဲတွင် မိခင်ဖြစ်သူကို မတွေ့မြင်ရသဖြင့် ဦးဝင်းဖေက "အမေရော-အမေရော"ဟု အတန်တန်မေးမြန်းရာ ကြိုဆိုသူများက မတင်မကျဖြေကြသည်။ တည်းခိုသောအိမ်သို့ရောက်သောအခါမှ မိခင်ကြီးကွယ်လွန်သွားပြီဖြစ်ကြောင်းသိရသည်တွင် ဦးဝင်းဖေသည် မှက်ရည်ဖြိုင်ဖြိုင်ကျ၍ ရှိက်ကြီးတငင်ငိုကြွေးလေတော့သည်။

ပညာစုံပြီးဖြစ်သော ဦးဝင်းဖေအတွက် ကြင်ရာစုံရန်သာလိုတော့သည်။ လူကြီးမိဘတို့က ဦးဝင်းဖေအား အိမ်ထောင်ချပေးရန် စီစဉ်ကြသည်။ ထိုစဉ်က အိုင်စီအက်စ်ဆိုသည်မှာ "မိုးကျွေကိုယ်"(Heaven-Born)ဖြစ်သဖြင့် ဇနီးလောင်းရှာရန်ခက်ခဲသည်မဟုတ်ချေ။ ဆွေဂုဏ်မျိုးဂုဏ်သာလိုသည်။ အဆုံးတွင်ဦးဝင်းဖေသည် နှစ်ဘက်သောလူကြီးမိဘတို့၏စီစဉ်ပေးချက်အရ ဆည်ဝန်(Divisional Canal Officer) "ဦးသာထွန်းအောင်"(အေတီအမ်၊ ကေအက်စ်အမ်)၏မြေး။ ယစ်မျိုးဝန်(Chief Superintendent of Excise) ဦးစောအေး(အေတီအမ်)၊ ဒေါ်မေမေခင်တို့၏သမီး၊ ကွန်ဗင့်(Convent)ကျောင်းထွက် ခေတ်ပညာတတ် ဒေါ်ခင်ခင်ကြီးနှင့် စုလှားရစ်ဝတ်ထိမ်းမြားလက်ထပ် လိုက်သည်။

ဦးသာထွန်းအောင်သည် ရွှေအလေးချိန် ငါးကျပ်သားရှိသော (အမွှထမ်းကောင်းတဲ့ဆိပ် အေတီအမ်)ကို ၁၂၅၈-ခုနှစ်၊ နတ်တော်လဆုတ် ၁၃-ရက် (၁ ဇန်နဝါရီ ၁၈၉၇) ဝိတိုရိယဘုရင်မကြီးလက်ထက်တွင်ရရှိ၍ ရွှေအလေးချိန် (၁၀)ကျပ်၊ (၂)ပဲသား၊ အရွှည်(၃၁)လက်မရှိသော ကေအက်စ်အမ် ကျက်သရေထောင် ရွှေစလွယ်ကို ဘုရင်မကြီးလက်ထက်မှာပင်ရရှိသည်။ ဦးစောအေးသည် အမွှထမ်းကောင်းတဲ့ဆိပ်ကို ပဋ္ဌမမြောက်ကျော်ဘုရင်လက်ထက်တွင်ရရှိသည်။

ဦးဝင်းဖေသည် လက်ထပ်ပွဲပြီးနောက် အလုပ်စဝင်သည်။ ၁။ တောင်ငူနယ်ပိုင်ဝန်ထောက်၊ ၂။ ကော့ကရိတ်နယ်ပိုင်ဝန်ထောက် ၃။ သထုံနယ်ပိုင်ဝန်ထောက်၊ ၄။ မော်လမြိုင်နယ်ပိုင်ဝန်ထောက်၊ ၅။ ရန်ကုန်နယ်ပိုင်ဝန်ထောက်တို့၌ မြို့(၅)မြို့တွင်

နယ်ပိုင်ဝန်ထောက်အဖြစ် တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့၍တာဝန်ထမ်းဆောင်သည်။ ရန်ကုန်တွင်တာဝန်ထမ်းဆောင်နေစဉ် ဒုတိယကမ္ဘာစစ်ကြီးသည် ကမ္ဘာ့အရှေ့ဖျားသို့ ကူးစက်လာသည်။ ကောဇာ၊ ၁၃၀၃-ခုနှစ်၊ တပို့တွဲလဆန်း(၄)ရက် (၁၉ ဧန်နဝါရီ ၁၉၄၂)တွင် ထားဝယ်မြို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဗျဟန်တပ်များ၏ လက်အောက်ကျရောက်သွားသည်။

ထိုအခါ ရန်ကုန်ရှိအစိုးရအရာရှိကြီးများ ရန်ကုန်မှစစ်လမ်းကြောင်းနှင့် ဝေးရာသို့ထွက်ပြေးတိမ်းရှောင်ကြရာ ဦးဝင်းဖေမိသားစုလည်းပါဝင်သည်။ ဦးဝင်းဖေမိသားစုသည် ပထမဦးစွာ "တောင်တွင်းကြီး"သို့ပြေးသည်။ တောင်တွင်းကြီးမှ တစ်ဖန် "စကု-စလင်း"သို့ပြေးရပြန်သည်။ နောက်ဆုံးချင်းတောင်သို့ ထွက်ပြေးရသည်။ ချင်းတောင်တွင် အလွန်ချောင်ကျသော "ငကဲကောင်း"အမည်ရှိရွာကလေးတွင် ကျပန်ခေတ်တစ်ခေတ်လုံး ပုန်းအောင်းနေထိုင်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးသောအခါ "ဆင်ဖြူကျွန်း"မှတဆင့် ဧရာဝတီကုမ္ပဏီသဘော်ဖြင့် ရန်ကုန်သို့ပြန်လာသည်။ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်နေသဖြင့် ရန်ကုန်မှမော်လမြိုင်သို့ပြန်လာရန် အခက်အခဲနှင့်ရင်ဆိုင်ရပြန်သည်။ တစ်ရပ်တည်းနေ သူငယ်ချင်းဦးလူဖေဝင်း၏ညီဖြစ်သူ မီးရထားမင်းကြီးဦးကြည်ဝင်းထံ အကူအညီ တောင်းရသည်။ ဦးကြည်ဝင်းက မီးရထားလမ်းသွား ထရော်လီ(Trolley)တစ်စီး အကူအညီပေးသဖြင့် မော်လမြိုင်သို့ထရော်လီစီး၍ ပြန်လာနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးချိန်တွင် သထုံအရေးပိုင်အဖြစ်ခန့်အပ်ခံရသည်။ လွတ်လပ်ရေးရသောအခါ အတွင်းဝန်တာဝန်ထမ်းဆောင်ရန် ရန်ကုန်သို့ပြောင်းရွှေ့ရသည်။ ကောဇာ၊ ၁၃၁၁-ခုနှစ်၊ ပြာသိုလဆုတ်(၂)ရက် (၄ ဧန်နဝါရီ ၁၉၅၀)တွင် "သရေစည်သူဘွဲ့"ရသည်။ မကြာမီမှာပင် အတွင်းဝန်ချုပ်ဖြစ်လာသည်။ "မဟာသရေစည်သူဘွဲ့"ကိုလည်း ထပ်မံချီးမြှင့်ခံရသည်။ ၁၃၁၉-ခုနှစ်၊ နယုန်လဆန်း (၁၁)ရက် (၈ ဇွန် ၁၉၅၇)တွင် ဧနီးဇော်ခင်ခင်ကြီးကွယ်လွန်သည်။

ထိုနောက် အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရသည်။ သံအမတ်ဘဝရောက်မှသာ ဗုဒ္ဓစာပေကျမ်းဂန်များကို စိတ်အေးလက်အေး ဖတ်ရှုလေ့လာခွင့်ရတော့သည်။ တာဝန်ပြီးဆုံးသော် မြန်မာပြည်သို့ ပြန်လာသည်။ ကျန်းမာရေးအတွက် မြင်းစီးသည်။ ပိဋကတ်တော်များ အဓိပ္ပါယ်ဘာသာသို့

မြန်ဆိုရာတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။ ကောလာ၊ ၁၃၄၂-ခုနှစ် (ခရစ်-၁၉၈၀)တွင် နိုင်ငံဝုက်ရည်ပထမအဆင့်ချီးမြှင့်ခံရ၍ ကာလ မကြာမီမှာပင် ကွယ်လွန်အနိစ္စရောက်သည်။

ဦးဝင်းဖေသည် စိတ်ကောင်း၊ စေတနာကောင်းရှိသူဖြစ်သည်။ အထက်လူ၊ အောက်လူမခွဲခြားဘဲ ပြေလည်အောင်ဆက်ဆံသည်။ အလုပ်ကျွမ်းကျင်သည်။ တာဝန်ကျေပွန်သည်။ သိက္ခာ၊ သမာဓိရှိသည်။ သံအမတ်ဘဝပို့သောဧေါ်လာများကိုဝင်အစိုးရထံ ပြန်အပ်သည်။ "ဝဒုမ္မာကုန်စုံဆိုင်ကြီး" ခေတ်ကအရွက်မရှိ၊ မျက်နှာပြောင်တိုက်၍ စီးပွားရေးသောင်းကျန်းသူများတွင် ဦးဝင်းဖေမပါဝင်ချေ။

အစိုးရအထက်တန်းကျောင်းသည် လွတ်လပ်ရေးရသောအခါ အ-ထ-က(၁) ဖြစ်လာသည်။

ရှင်မဿဲယောကျော်ကြားကလေးကျောင်း(St. Matthew Boys' School)ကို ကောလာ၊ ၁၂၀၅-ခုနှစ် (ခရစ်-၁၈၄၃)တွင် တည်ထောင်သည်။ (၆)နှစ်အကြာတွင် တပ်မြို့ဟောင်းတောင်ဘက်ရှိ အဆောက်အဦကိုဝယ်ယူပြီး တိုးချဲ့သည်။ ထိုကျောင်းတွင် နာမည်ကျော်ဝန်းချီဆရာကြီး "ဦးဘဉာဏ်"၏ လက်ရာမြောင်မြောက်သော "ဝန်းပဲ မောင်တင့်တယ်" ဝန်းချီကားနှင့် အခြားဝန်းချီကား(၅)ချပ် ရှိခဲ့သည်။

စိန့်ဂျိုးဇက်ကွန်ဗင့်(St. Joseph Convent)ကျောင်းကို ကောလာ၊ ၁၂၀၉-ခုနှစ်၊ (ခရစ်-၁၈၄၇)တွင် (St. Joseph)စိန့်ဂျိုးဇက်အသင်းကြီးကို စတင်တည်ထောင်သည်။ တည်ထောင်သူ မသာ "အေမလီဒီဒီယားလာ" (Emilie de Vialar)က မြန်မာနိုင်ငံတွင် သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန် သီလရှင်(၆)ဦးကို ရွေးချယ်စေလွှတ်သည်။ မော်လတာ(Malta)မှ (၄)ဦးနှင့် အလက်ဇန္ဒြီယား(Alexandria)မှ (၂)ဦးဖြစ်သည်။

သီလရှင်(၆) ဦးတို့မှာ

၁။ စစ္စတာ ထရေလာ (Therese Mackenzie) ခေါင်းဆောင်

၂။ စစ္စတာ ဆိုဒိုးနီ (Sideonie Bonneviale)

၃။ စစ္စတာ မာရီ (Marie Martin)

၄။ စစ္စတာ ပေါ်လင်း (Pauline Falzon)

၅။ စစ္စတာ လူဝီး (Louise Quitterie)နှင့်

၆။ စစ္စတာ ဆိုဖီ (Sophie Garrigue)တို့ဖြစ်ကြသည်။

ထိုစဉ်က စူးအက်တူးမြောင်းမပေါ် ပေါက်သေးသဖြင့် သွားလာရေးခက်ခဲသည်။ (၃)လကျော်ကြာ ခရီးကြမ်းဖြတ်သန်းပြီး ၁၂၀၉-ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက် (၁၇ ဇွန် ၁၈၄၇)တွင် မော်လမြိုင်သို့ရောက်သည်။ ပထမဦးစွာ ဘော်ဓါဆောင်နေ ကျောင်းသားငယ်(၁၂)ယောက် အပြင်ကျောင်းသားငယ် (၆)ယောက်နှင့် မိဘမဲ့ကလေး (၂၃)ယောက်တို့ကို စာသင်ကြားပေးသည်။ ပြင်သစ်နှင့်အင်္ဂလိပ်စာအပြင် မြန်မာစာ ကိုလည်း အစိုးရပြဌာန်းထားသောသင်ရိုးနှင့်အညီ သင်ကြားပေးသည်။ စောစောပိုင်း တွင် ကျောင်းပိုင်မြေကျဉ်းမြောင်းသည်။ ကောလာ၊ ၁၂၆၈-ခုနှစ်၊ (ခရစ်-၁၉၀၆)တွင် ထောင်ဟောင်းကိုဖျက်လိုက်သောအခါ မပြောပလောက်သောတန်ဖိုးပေး၍ ထောင်မြေ နှင့် အဆောက်အဦအချို့ကိုဝယ်ယူရရှိသည်။ အကျဉ်းသားတို့၏ အလုပ်ရုံဟောင်းကို ကပွဲခန်းမ(Concert Hall)အဖြစ်အသုံးပြုသည်။ ထောင်မှူးအိမ်တွင် သီလရှင်ကြီးများ နေထိုင်သည်။ မကြာမီမှာပင် သီလရှင်(၃)ဦး မော်လမြိုင်၌ကျက်ဖျားမိ၍သေဆုံးသည်။ သီလရှင်တစ်ဦး ဩစတြေးလျသို့ပြောင်းသွားသဖြင့် (၂)ပါးသာကျန်သည်။ အသစ် ပေါ်ထွန်းလာသော တိုင်းရင်းသူသီလရှင်(၁၈)ဦး အကူအညီဖြင့် ပညာသင်ကြားရေးကို ဆက်လက်ဆောင်ရွက်သည်။ မော်လမြိုင်မြို့ရှိ ခေတ်ဆန်သူမိဘများက မိမိတို့သမီးများ ကို ကွန်ဗင့်ကျောင်းတွင်ထားသည်။

၁၃၂၃-ခုနှစ်၊ တန်ခူးလပြည့်နေ့ (၅ မေ ၁၉၆၆)တွင် အစိုးရက ကွန်ဗင့် ကျောင်းကို ပြည်သူပိုင်သိမ်းသည်။ ယခုအခါ အဝေးသင်တက္ကသိုလ် မော်လမြိုင်ဌါနခွဲကို ကွန်ဗင့်ကျောင်းဟောင်းတွင် ဖွင့်လှစ်ထားသည်။

ကောလာ၊ ၁၂၁၆-ခုနှစ်၊ (ခရစ်-၁၈၅၄)တွင် ဒိုင်းဝန်ကွင်း၌ နှစ်ခြင်း ခရစ်ယာန် ကရင်နော်မန်ကျောင်းကို တည်ထောင်သည်။

အက်စ်. ပီ. ဂို့ သာသနာပြုကျောင်း(S.P.G Mission School)ကို ၁၂၂၁-ခုနှစ်၊ ကဆုန်လဆန်း(၁၁)ရက် (၁၂ မေ ၁၈၅၉)တွင် မောင်ဝံရပ်တွင် စတင် ဖွင့်လှစ်သည်။

ကျောင်းတုပ်ကြီးမှာ - ဂျွန်းမတ် (John Ebenezer Marks)

ဒု-ကျောင်းတုပ်ကြီးမှာ - ဖွန်ဖေါလ် (John Fowle)

လက်ထောက်ဆရာမှာ - ဂျိမတီဂျေမတ် (James T.J Marks) တို့ဖြစ်၍

မြန်မာစာဆရာနှစ်ဦးမှာ ဦးရွှေသင်နှင့် ဦးမိုးလှတို့မြစ်ကြသည်။ ကောလာ၊ ၁၂၂၂-ခုနှစ်၊ နတ်တော်လ (ဒီဇင်ဘာလ-၁၈၆၀)တွင် ကျောင်းကိုတိုးချဲ့ဖွင့်လှစ်သည်။ ကောလာ၊ ၁၂၂၄-ခုနှစ်၊ (ခရစ်-၁၈၆၂)တွင် ကျောင်းသားဦးရေပိုတိုးလာသည်။ နွေကျောင်းသား (၃၃၀) ဦးနှင့် အဆောင်နေဆရာနှင့် ကျောင်းသားဦးရေ (၃၄)ရှိသည်။ ထိုကျောင်းသည် မော်လမြိုင်တွင်လူသိများပြီး ပေါ်ပြူလာ(Popular) ဖြစ်လာသည်။

ဤတွင်အင်္ဂလိပ်အစိုးရက အက်စ်ပီဂျီသာသနာပြုအဖွဲ့အတွက် မြေ(၂၅)ကေ ကိုဂရန်ချပေးသည်။ ကျောင်းအတွက် တစ်နှစ်လျှင်ကျပ်(၂၀၀) သုံးနှစ်ဆက်တိုက် ထောက်ပံ့သည်။ သာသနာပြုဆရာများသည် ကျောင်းသားများကိုမိမိတို့ဘာသာသို့ စည်းရုံးသိမ်းသွင်းနိုင်သည်သာမက ကျောင်းသားမိဘများ၏နေအိမ်များသို့ပါ အလည်အပတ်သွားပြီး မိမိတို့အယူဝါဒကို မသိမသာဟောကြားသည်။

သုံးလေးနှစ်ကြာသောအခါ ဆရာ"မတ်"သည် ရန်ကုန်စိန်ဂျွန်းကောလိပ်သို့ ပြောင်းသွားသည်။ ၁၂၃၁-ခုနှစ်၊ နယုန်လဆုတ်(၁၄)ရက် (၄ ဇွန် ၁၈၆၉)တွင် မင်းတုန်းမင်း၏ဖိတ်ခေါ်ချက်အရ မန္တလေးသို့သွားပြီး "သံတဲကျောင်း"တွင် သီပေါမင်းသားအပါအဝင် မင်းသားများကိုစာသင်ပေးသည်။ ဆရာ"မတ်"သည် ကောလာ၊ ၁၁၉၄-ခုနှစ် (ခရစ်-၁၈၃၂)တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ဖွားမြင်သည်။ ၁၂၇၇-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၂)ရက်၊ တနင်္ဂနွေနေ့၊ (၁၀ နောက်တိုဘာ ၁၉၁၅)တွင် လန်ဒန်မြို့မှာဝင်းတွယ်လွန်သည်။

ကောလာ၊ ၁၂၂၂-ခုနှစ် (ခရစ်-၁၈၆၀)၌ ဘရာသာကျောင်းများ(Brothers' School)အနက်ပထမဆုံးဖြစ်သော စိန်ပက်ထရစ်အထက်တန်းကျောင်း(Saint Patrick's High School)ကို မော်လမြိုင်မြို့တွင် တည်ထောင်ဖွင့်လှစ်သည်။ ကျောင်းဖွင့်စ နှစ်များတွင် ကျောင်းသားဦးရေနည်းပါးသော်လည်း နောက်ပိုင်းတွင်များလာသည်။

ကောလာ၊ ၁၂၄၁-ခုနှစ်၊ (ခရစ်-၁၈၇၉)တွင် ကျောင်းသားဦးရေ (၃၄၁)ဦး

ကောလာ၊ ၁၂၅၈-ခုနှစ်၊ (ခရစ်-၁၈၉၆)တွင် ကျောင်းသားဦးရေ (၄၀၀)ဦး

ကောလာ၊ ၁၂၆၅-ခုနှစ်၊ (ခရစ်-၁၉၀၃)တွင် ကျောင်းသားဦးရေ (၄၈၈)ဦး ရှိသည်ကို တွေ့ရသည်။

ကျောင်းသားဦးရေများလာသည်နှင့်အမျှ စာသင်ခန်းနှင့် အားကစားကွင်းများ လိုအပ်လာသည်။ ကောလာ၊ ၁၂၆၈-ခုနှစ်၊ (ခရစ်-၁၉၀၆)တွင် ထောင်ဟောင်းကို

ဖျက်သည်။ ထောင်ဟောင်းမှအဆောက်အဦနှင့်မြေကို တန်ဖိုး(စတီ)မျှသာပေးရ၍ ဝယ်ခွင့်ရသည်။ ထောင်အဆောက်အဦနှစ်ခုအနက်တစ်ခုကို စည်းဝေးခန်းမအဖြစ် လည်းကောင်း အခြားတစ်ခုကို မိုးလုံလေလုံအားကစားရုံအဖြစ်လည်းကောင်း အသုံးပြုသည်။

၁၃၂၇-ခုနှစ်၊ တန်ခူးလပြည့် (၅ ဖြေ ၁၉၆၆)နေ့တွင် ထိုကျောင်းကို ပြည်သူပိုင် သိမ်းသည်။ အ-ထ-က(၅)အဖြစ် ပြန်လည်ဖွင့်လှစ်သည်။

ကောဇာ၊ ၁၂၂၅-ခုနှစ်၊ (ခရစ်-၁၈၆၃)တွင် ထားဝယ်စုရပ်၌ ရှင်မသဲမိန်းကလေးကျောင်း(St. Matthew's Girls' School)ကို တည်ထောင်သည်။ ယခု အ-လ-က(၃) ဖြစ်သည်။

မော်တင်လိန်း မိန်းကလေးအထက်တန်းကျောင်း(Morton Lane Girls' High School)ကို "စုစင်ဟာဇွယ်"(Susan Haswell)ကတည်ထောင်ပြီး ကျောင်းအုပ်ကြီးအဖြစ်ဆောင်ရွက်သည်။ မူလက ကျောင်းအမည်မှာ အေဘီအမ်(A.B.M)ဖြစ်သည်။ ထိုကျောင်းသည် "မော်တင်လိန်း"(Morton Lane)၏မြောက်ဘက်တွင်ရှိသဖြင့် နောင်အခါ မော်တင်လိန်းကျောင်းဟု အများကခေါ်ဆိုလာကြသည်။

၁၃၀၈-ခုနှစ်၊ ကဆုန်လဆုတ်(၁)ရက် (၁၆ မေ ၁၉၄၆)တွင် ဂျုံဆင် ယောက်ျားကလေးအထက်တန်းကျောင်း(Judson Boys' High School)နှင့် မော်တင်လိန်းမိန်းကလေး အထက်တန်းကျောင်း(Morton Lane Girls' High School)တို့ပူးပေါင်းလိုက်ရာ မော်တင်လိန်းဂျုံဆင် အထက်တန်းကျောင်း (Morton Lane Judson High School)ဖြစ်လာသည်။ ကောဇာ၊ ၁၃၁၅-ခုနှစ် (ခရစ်-၁၉၅၃)တွင် မော်လမြိုင်ဥပစာကောလိပ်ကို ထိုကျောင်း၌စတင်ဖွင့်လှစ်ခဲ့သည်။ ထိုကျောင်းကို ပြည်သူပိုင်သိမ်းလိုက်သောအခါ အ-ထ-က(၆) ဖြစ်လာသည်။

စိန့်ဩဂတ်စတင်းကျောင်း(St. Augustine's School)ကို ကျောင်းအုပ်ကြီး "ကိုးဘက်"(J. Colbeck)က ကောဇာ၊ ၁၂၄၂-ခုနှစ်၊ (ခရစ်-၁၈၈၀)တွင် တည်ထောင်သည်။ "ကိုးဘက်ကျောင်း"ဟု လည်း ခေါ်သည်။ ယခု အ-ထ-က(၇)ဖြစ်သည်။

ကောဇာ၊ ၁၂၅၃-ခုနှစ်၊ (ခရစ်-၁၈၉၅)တွင် "ဝိခ်စ်ကျောင်း"(Week's School)ကို တည်ထောင်သည်။ ယခု အ-ထ-က(၄)ဖြစ်သည်။

မော်လမြိုင်မြို့ပေါ်တွင် သာသနာပြုကျောင်းများ မြိုင်မြိုင်ဆိုင်ဆိုင် တိုးတက်

ဖွံ့ဖြိုးနေချိန်တွင် တိုင်းရင်းသားလူငယ်တိုင်း တက်ရောက်ပညာသင်ယူသည် မဟုတ်ချေ။ အမျိုးသားကျောင်းများတွင်တက်ရောက်သည့် ကျောင်းသားများလည်းရှိသည်။ ဗမာလူမျိုး များဖြစ်ကြသော ကျောက်တန်းရွာသူကြီး ဦးစံဒွန်း၏နှီး ခေါ်နှင်းအောင်သည် ၁၂၆၈-ခုနှစ်၊ ကဆုန်လဆုတ်(၉)ရက် (၁၅ မေ ၁၉၀၆) အင်္ဂါနေ့တွင် သားမောင်စိုးကိုဖွားမြင်သည်။ မောင်စိုးငယ်စဉ်က ရွာဦးဘုန်းတော်ကြီးကျောင်းတွင် စတင်ပညာ သင်ယူသည်။ ထို့နောက် ဆရာကြီးဦးစောမောင်၏ မောင်ငံရပ်၊ အမျိုးသားအလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူသည်။

ပထမကမ္ဘာစစ်ပြီးစက ဒိုင်းဝန်ကွင်းတွင် ဂျပန်ပြည့်တန်ဆာအိမ်တစ်အိမ်ရှိသည်။ ဂျပန်ပြည့်တန်ဆာမတို့ရသောငွေကို ဂျပန်ပြည်သို့ပြန်ပို့သည်။ ကိုယ်ဝန် ရှိလာလျှင်လည်းပြန်ပို့သည်။ တစ်နေ့သော် ဂျပန်ပြည့်တန်ဆာခေါင်းမကြီးသည် အင်္ဂလိပ်အရေးပိုင်ထံ သွားရောက်တွေ့ဆုံသည်။ အရေးပိုင်က "လာပါ၊ လာပါ"ဟုဖိတ်ခေါ်ပြီး ကုလားထိုင်ထိုးပေးကာ ဧည့်ခံနားထောင်သည်။ "ခေါင်းမ"ကြီးက မိမိတို့ရပ်ကွက်ကျန်းမာရေးအတွက် သန့်ရှင်းရေးလုပ်ပေးစေလိုကြောင်းပြောသည်။

ဤကိစ္စကို ဆရာဦးစောမောင်က "လွတ်လပ်တဲ့ တိုင်းပြည်ကလူဆိုရင် ပြည့်တန်ဆာကိုတောင်ရှိသေကြတယ်။ ငါတို့မလွတ်လပ်တဲ့ တိုင်းပြည်ကလူဆိုရင် အင်မတန်အောက်ကျနောက်ကျဖြစ်တယ်။ ကျွန်ဘဝမှာအသက်ရှင်နေရတာထက် တိုက်ရင်းသေရတာကကောင်းသေးတယ်"ဟုပြောကြားကာ ကျောင်းသားများ၏ လွတ်လပ်ရေးကြိုးပမ်းလိုစိတ်ကို ထက်သန်အောင်လှုံ့ဆော်ပေးသည်။ မောင်စိုး (နောင်အခါအလံနီသခင်စိုး)သည် ထိုကျောင်းမှ (၇)တန်းအောင်သော် ရှင်မဟာဗုဒ္ဓယောသကျောင်းသို့ပြောင်းရွှေ့၍ ဆက်လက်ပညာသင်ယူသည်။

သာသနာပြုကျောင်းများ တစ်ကျောင်းပြီးတစ်ကျောင်း ပေါ်ပေါက်လာသည့် အခါမှစ၍ နိုင်ငံရင်းသားတို့မှာ ငန်းသန့်ပါတ်ရောဂါကပ်ရောက်သူကဲ့သို့ ဘောင်းတီဝတ်၊ ဦးထုပ်ဆောင်း၊ ဘာသာပြောင်း အထွေထွေ အိမ်ထောင်ဖက် အခြေထားလျက်၊ သားစဉ်မြေးဆက် ထွေးရောယှက်၍၊ ရွေးအထက်က အမူအယာတို့ကား ဖြူရာမှမည်းသကဲ့သို့၊ အကွဲအကွဲအပြားပြားဖြစ်နေကြသဖြင့်၊ ယဉ်ကျေးမှုဘာသာ၊ စာရိတ္တတို့လည်း တစ်စတစ်စ တိမ်ကောခဲ့လေရာ ဤအတိုင်းသာ လက်လွှတ်၍ထားပါလျှင် ဆေးဝါးမတွေ့သောလူနာကဲ့သို့ ဘာသာရောလူမျိုးပါ တိမ်ကောပျောက်မည်ကား ဖြောင့်တန်း

လျက်ရှိလေသည်။

ရှေ့မြင်နောက်မြင် ပညာရှိဖြစ်ကြသော လူကြီးလူကောင်းတို့ကား သားစဉ်မြေးဆက် နောင်ရေးကိုငဲ့ကွက်လျက် အသက်မွေးဝမ်းကျောင်းလည်းရ ဘာသာစာရိတ္တလည်းမပျက်အောင် မည်ကဲ့သို့ကြံဆောင်ရမည်နည်းဟု ဆင်ခြင်စဉ်းစား၍ နောက်သား၊ နောက်သမီးတို့အတွက် အကြောင့်ကြကြီး ကြောင့်ကြခဲ့ကြလေသည်။

ထိုသို့သော မွန်မြန်မာ၊ လူကြီးလူကောင်းတို့အနက် လက်ဦးဆုံး အကြံအောင်မြင်သူများကား မော်လမြိုင်မြို့ရှိ

၁။ ဦးကွန်း

၂။ ဦးခတ်

၃။ ဦးစိုးမောင်

၄။ ဦးဘလင်း

၅။ ဦးတိုးခင်

၆။ ဦးဘိုးသစ်

၇။ ဦးရံဝင်း

၈။ ဦးရွှေသား နှင့်

၉။ ဦးရွှေအိုးတို့ဖြစ်ကြသည်။

အဆိုပါ လူကြီးလူကောင်း(၉)ဦးတို့ ဦးစီးခေါင်းဆောင်ကာ မြို့မိမြို့ဖ၊ လူကြီးလူကောင်းအပေါင်းတို့သည် အတ္ထဟိတ၊ မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ပရဟိတ အကျိုး၊ အမျိုးသားကျက်သရေရှိရေးကို ရှည်ရှည်ဝေးဝေးကြီး တွေးမြင်ကြပြီးလျှင် ကောဇာ၊ ၁၂၆၁-ခုနှစ်၊ (ခရစ်-၁၈၉၉)တွင် အမျိုးသားတို့ကိုးစားအားထား လောက်သော "သာသနဓရအသင်းကြီး" (Sasana Dhara Society)ကို မော်လမြိုင်မြို့၌ တည်ထောင်လိုက်ကြသည်။ သာသနဓရအသင်းကြီးသည် ကောဇာ၊ ၁၂၆၈-ခုနှစ်၊ (ခရစ်-၁၉၀၆)တွင်တည်ထောင်သော ဝိုင်. အမ်. ဘီ. အေ(Y.M.B.A) အသင်းကြီးထက် (၇)နှစ် စောသည်။

သာသနဓရအသင်းစည်းမျဉ်း၁၀ခေတွင် အခန်း(၂၅)ခန်းပါဝင်သည်။ အခန်း(၃)တွင် ရည်ရွယ်ချက်(၅)ချက်ကိုဖော်ပြထားသည်။

(က) ဗုဒ္ဓဘာသာ၏ ဖြောင့်မတ်စင်ကြယ်သော တရားစစ်၊ တရားမှန်ကို ပြန့်ပွား

စေရန်၊

(ခ) ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာတရား၊ အကျင့်စာရိတ္တနှင့် မြင့်မြတ်စွာ ပေါင်းသင်းဆက်ဆံရေးများကို အားပေးမြှင့်မြောက်ရန်၊

(ဂ) ဗုဒ္ဓဘာသာယောကျ်ားလေးနှင့် မိန်းကလေးများအား ဘာသာတရား၊ အကျင့်စာရိတ္တနှင့် ခေတ်မီဘာသာရပ်များကို သင်ကြားပို့ချပေးရန်၊

(ဃ) ပရိယတ္တိစာပေပို့ချ၊ သင်ကြားလေ့လာဆည်းပူးခြင်း၌ အားပေးကူညီရန်နှင့် မြန်မာအမျိုးသားများနှင့် မြန်မာပြည်ထောင်စုသားများ၏ တိုးတက်ကြီးပွား အောင်မြင်မှုများကို ချီးမြှင့်ထောက်ပံ့ရန်နှင့်

(င) နိုင်ငံခြားဘာသာ စာပေများ၊ အစိုလိပ်ဘာသာစာပေမှစ၍ သင်ကြား ဆည်းပူးခြင်း၌ အားပေးကူညီရန်တို့ဖြစ်ကြသည်။

သာသနဓရအသင်းကြီး၏ ရည်ရွယ်ချက်အရ မြန်မာအမျိုးသားကလေးများ မျက်နှာမငယ်၊ အကယ်စင်စစ်သင်ကြားရေးဖြစ်မြောက်စေရန် ပန်းပဲတန်းရပ်ရှိ စစ်ကဲကြီး "ဦးဆောင်း"၏ တိုက်အိုကြီးတစ်လုံးနှင့် မြေယာကွက်ကို အသင်းပိုင်အဖြစ် ဝယ်ယူ၍ ရှင်မဟာဗုဒ္ဓယောသကျောင်းကို ၁၂၆၁-ခုနှစ်၊ ကဆုန်လပြည့်နေ့ (၂၃ ဧပြီ ၁၈၉၉)တွင်တည်ထောင်သည်။ ရှင်မဟာဗုဒ္ဓယောသကျောင်းသည် "ရန်ကုန်မြို့မကျောင်း"ထက် (၂၅)နှစ်သက်တန်းကြီးသည်။

ကျောင်း၏အမည်မှည်ရာ၌ "ဗုဒ္ဓယောသထေရ်"သည် ရာမညတိုင်းတွင် အစဖြာ၍ မြန်မာတစ်ပြည်လုံးကိုပါ သာသနာ့အရာဝယ် ကျေးလူးများလှသည်ဖြစ်ရာ ထိုမဟာထေရ်၏ အမည်ကို မမေ့ကောင်း၊ မြန်မာအပေါင်း အမြဲထာဝရသတိရစိမ့်ဟူ၍ "ရှင်မဟာဗုဒ္ဓယောသကျောင်း"(Sam Buddha Ghosa School)ဟု ခေါ်တွင်စေခဲ့လေသည်။ ကျောင်းဖွင့်သည့်အခမ်းအနားတွင် "မြန်မာစာညွှန့်ပေါင်းကျမ်း"များကို ကြီးကြပ်ပြင်ဆင်ပေးခဲ့သည့် အငြိမ်းစားအရေးပိုင်၊ ကျက်သရေဆောင်ရွေစလွယ်ရမင်း ဦးကျော်ထွန်း(U Kyaw Dun, K.S.M)က ကျောင်းဘွဲ့ရတုပို့ဒ်စုံကို ကိုယ်တိုင်ရေးသား၊ ရွတ်ဆိုခဲ့လေသည်။

"ရှင်မဟာဗုဒ္ဓယောသကျောင်းဘွဲ့ ရတုပိုဒ်စုံ"

(၁) နောင်လာသိစေ၊ ရတုထွေပိမ့်၊ သပြေရက္ခ၊ ပဝတ္တကြောင့်
နာမတင့်ရွှန်း၊ ကပ်လုံးထွန်းသည်၊ တောင်ကျွန်းဇမ္ဗူ မြန်မြေဝယ်၊
ဗိုလ်လူပြည့်လျှမ်း၊ မျိုးစုံပြွမ်းလျက်၊ ရွှန်းလန်းကျဲကျဲ၊ ဆယ်ပါးသဲလည်း၊
တရုံမစဲ၊ ခြိမ့်ခြိမ့်သဲမျှ၊ ပွဲအဆိုင်ဆိုင်၊ ပျော်ရေးလိုင်သည်၊
မော်လမြိုင်မည်ရာ၊ မြို့နဂရ၌၊ ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊
ရှည်ကြာတည်မှု့၊ ဆောင်ရွက်ပြုရန်၊ မြော်ရှုဖြိုးဖြီး၊ အကြဲသီးသား၊
လူကြီးလူကောင်း၊ လူအပေါင်းတို့၊ ဖွဲ့လတ်တုံကျင်၊ အကြောင်းအင်ကြောင့်၊
မည်တွင်နွတ္တ၊ သမုတ်ကြသည်၊ သာသနဓရ၊ နာမသန့်ရှင်း၊
ဤအသင်းက၊ လိုရင်းတရား၊ ယွင်းမမှားဘဲ၊ နောက်သားပေါ်ယယ်၊
လူသူယေ်တို့၊ ဘုန်းကြွယ်ဓမ္မရာဇ်၊ တောဖေါ်လစ်သည်၊ အနှစ်ဓမ္မ၊
ဘိုးနွယ်ကို၊ သိရသည့်ပြင်၊ လူ့ရွာတွင်လည်း၊ လူလျှင်အလျောက်၊
သူ့အောက်မကျ၊ သက်ဇီဝကို၊ မွေးရန်ိုင်ကြောင်း၊ အတတ်ကောင်းကို၊
ထပ်လောင်းဆင့်ကာ၊ သင်စိမ့်ဌါဟု၊ မြန်မာအင်္ဂလိပ်၊ တံဆိပ်နှစ်ရပ်၊
မော်ကွန်းတပ်လျက်၊ တင့်အပ်မည်သာ၊ မဟာဗုဒ္ဓ၊ ယောသပျံလှော်း၊
စာသင်ကျောင်းကို၊ တည်ရှောင်းကြလစ်၊ သက္ကရာဇ်မှာ၊ တစ်နှင့်ဒွေးဆ၊
စကဝဏ်း၊ စီစဉ်တန်းလော့၊ နှစ်ဆန်းသမယ၊ တဆုန်လတွင်၊
ဗုဒ္ဓမြတ်စွာ၊ စောသတ္တာ၏၊ ဖွားလာသည့်ရက်၊ မှန်မယွက်တည့်၊
တောထွက်တုံလစ်၊ ဘုရားဖြစ်၍၊ စွန့်ပစ်ခန္ဓာ၊ ငြိမ်းသောခါလည်း၊
ဤမှာရက်ပင်၊ ကြဲကြိုက်ကျင်၍၊ လွန်လျှင်မြတ်လှ၊ တုမရသည်
ပန္နရသီ၊ ပုဏ္ဏမီကို၊ စွဲမှီသမှု့၊ အကြောင်းပြုလျက်၊
ပေါင်းစုဖန်ဆင်း၊ ဖွင့်ထားခြင်းကြောင့်၊ သောင်းတွင်းမြေချာ၊ သပြေညာဝယ်၊
တေဇာထွန်းပ၊ ကျော်ပေါက်ပြလိမ့်၊ ဗုဒ္ဓဘာသာ၊ သာသနာဝင်၊
လူပုံယင်တို့၊ ဆင်ခြင်စဉ်းစား၊ ကြံစိတ်ပြားလော့၊ ဆယ်ပါးတွင်ညီ၊
ပါရမီနှင့်၊ ရွှစ်လီရိယ၊ မဂ္ဂင်တွင်၊ တတ်လှလိမ္မာ၊
ဉာဏ်ပညာဟု၊ ဝိဇ္ဇာမည်မှတ်၊ အလင်းဓါတ်ကား၊ ကြီးမြတ်ခေါင်းတည်၊
ပြဋ္ဌာန်းသည်ကြောင့်၊ ပွားစည်တိုးစေ့ နှလုံးခွေလျက်၊ မျိုးဆွေချင်းချင်း၊

ဤအသင်းကို၊ ရိုင်းဝင်းမစ၊ တူညီကြ၍၊ ဓမ္မလှူကြေးမြောက်စေသော်စံ။

(၂) အောင်ရာဘီသေ၊ ဖြန်းဆွတ်ရေဖြင့်၊ တိုင်းနေပြည်သူ၊ များဝိုလ်လူကို၊
ရည်တူမခြား၊ ရင်၌သားသို့၊ ပိုက်ဖြားစိုးခြင်း၊ ကျွန်တို့မင်းကား၊
တုကင်းရောင်းရွှန်း၊ ဘုန်းတော်ထွန်း၍၊ ကျွန်းကြီးဗြိတန်၊ အိုင်ယာလန်နှင့်၊
တတန်ကနွေဒါ၊ ဒီပါသြစတြေးလျ၊ အာဖြိကတောင်ပိုင်း၊ တိုင်းသောဥသ၊
ရွှေးကခေါ်မူ့၊ ယခုအိန္ဒြယ၊ သမုတ်ကြသား၊ ဌါနအသီးသီး၊
တိုင်းကြီးပြည်ကြီး၊ ဖျင်ညီးကျွန်းငယ်၊ အသွယ်သွယ်ကို၊ နယ်ဝယ်မှတ်သား၊
စိုးပိုင်ထား၍၊ တိုင်းသားပြည်နေ၊ လုဗိုလ်ခြေလည်း၊ ဆိုထွေကိုယ့်မင်း၊
လိုက်တုံလျှင်း၍၊ အင်္ဂလိပ်စကား၊ ဘာသာအားဖြင့်၊ ရေးသားပညာ၊
တတ်ရာဖုံဖုံ၊ အလုံးစုံကို၊ ယုံကြဲခယ၊ သင်ကုန်ကြရှင့်၊
ထိုမှတတန်၊ ဂျာပန်မေရိက၊ တရုတ်စသား၊ ရာဇသီးခြား၊
နိုင်ငံများလည်း၊ စီးပွားအရေး၊ ပေးစာယူစာ၊ သိတင်းစာနှင့်၊
ကျမ်းစာများမြောင်၊ အစောင်စောင်ကို၊ တတ်ခေါင်ချင်းနင်း၊ သိဉာဏ်လင်းအောင်၊
အင်္ဂလိပ်စကား၊ တတ်သူများ၍၊ ထူးခြားလူတွင်၊ အသုံးဝင်ခဲ့၊
သို့စင်မျှလောက်၊ အကျိုးရောက်သာ၊ တိုးမောက်ပညာ၊ ဤဘာသာကို၊
မြန်မာမွန်တို့၊ မတတ်ချို့က၊ နောင်သို့လည်းခက်၊ ခုလည်းခက်ချို့မှ်၊
ပစ္စတွဝယ်၊ ကောင်းစားကြွယ်မှ၊ မိုးနွယ်တာသာ၊ သာသနာကို၊
လျော်စွာချက်ပိုင်၊ ခိုးမြင့်နိုင်လိမ့်၊ ကိုယ်တိုင်သော်မှ၊ ဝမ်းမဝမူ၊
ဒါနဘယ်သို့၊ ပြုတို့အံ့နည်း၊ ဤသို့တည်းကြောင့်၊ ပစ္စည်းဥစ္စာ၊
ရတို့ဌါကို၊ ပညာငယ်က၊ ဆည်းပူးရလည်း၊ ဗုဒ္ဓဘာသာ၊
သာသနာကျောင်း၊ ရှိမှကောင်း၏၊ အကြောင်းဘယ်သို့၊ ဖြစ်တို့သနည်း၊
မေးလည်ပြေကျေ၊ ချက်ချင်းဖြေအံ့၊ လူရေမလည်၊ လူမမည်သေး၊
မိုန့်မှေးဉာဏ်ဝါ၊ သူငယ်စွာကို၊ သာသနာမှ၊ ဘပဖြစ်လျှင်း၊
ကျောင်း၌သွင်း၍၊ အပ်နှင်းပညာ၊ သင်စေပါမူ၊ မှန်စွာဗုဒ္ဓ၊
ဓမ္မသံဃာ၊ ရတနာနှင့်၊ စပ်ရာစကား၊ မသင်ကြား၍၊
ဖောက်ပြားအယူ၊ အမူသဘော၊ ယုတ်ဆုံလောဟု၊ တွေးတောမိဘ၊
ပူဆွေးရရှင့်၊ ထိုမျှဘေးရန်၊ ဝေးကြောင်းဖန်၍၊ အမှန်တရား၊

ဟောဖြွတ်ကြားက၊ ကျောင်းသားလုလင်၊ မိခင်နှင့်ဘ၊ စိတ်အေးမြလျက်၊
ဘယပူမီးပျောက်စေသော်ဝ်။

(၃) မှောင်စွာကိလေ၊ များထွေထွေကား၊ နေထောင်သိန်းသန်း၊ ယှဉ်ပြိုင်ထွန်းလည်း၊
ပြောင်ရွှန်းရောင်ဝင်း၊ မလင်းတစ်၊ ဗိုက်ဘိစတေ၊ ဗိုက်မြနေ၏၊
များထွေသတ္တဝါ၊ ဝနေယျာကို၊ ခေမာအမတ၊ နိဗ္ဗာနသို့၊
မရစေချင်၊ သုပိတ်ဝင်ရှင့်၊ မဂ္ဂင်ရှစ်ပါး၊ ဆင့်ဆင့်ပွားရှ၍၊
တရားနေဝန်း၊ ရောင်ထွန်းပညာ၊ ထွက်ပေါ်လာမှ၊ သူသာပဗျောက်၊
အလင်းရောက်၍၊ ထုတ်ချောက်နိဗ္ဗာန်၊ ရောက်မြမှန်၏၊ လေးတန်မစ်နှင့်၊
စဉ်သင့်ယှဉ်တတ်၊ ပညာမြတ်ကို၊ အပတ်တကုတ်၊ ကြိုးအားထုတ်လော့၊
လောကုတ်ပညာ၊ ရရာသမှု၊ ခြေပြု၍၊ ဗဟုသုတ၊
သိပ္ပဝိဇ္ဇာ၊ ကမ္မာယတန၊ စသည်ထွေပြား၊ ပညာများကို၊
ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာလောင်း၊ သူတော်ကောင်းတို့၊ တိမ်းစောင်းမရှိ၊
သင်ကုန်ဘိ၏ လောကီပညာ၊ ဆည်းပူးရာ၌၊ ဘယ်မှာပါရမီ၊
ပြည့်ညီသနည်း၊ မလိပ်လည်းနှင့်၊ မြည့်ဆည်းပညာ၊ ကြီးကျယ်လာက၊
မဟာဖလ၊ နိသံသကို၊ ဒိဌခုပင်၊ ကိုယ်တိုင်မြင်လိမ့်၊ များဖျင်သူငယ်၊
ကောင်းဖို့ရွယ်လျက်၊ မြို့လယ်တည်လတ်၊ ဤကျောင်းမြတ်၌၊ သတ္တမတန်း၊
စာသင်ခန်းတိုင်၊ သင်ပြနိုင်၍၊ ဂုဏ်လိုင်ပို့မွေး၊ သူငှေး၏သား၊
မင်း၏သားက၊ စသည်သွယ်သွယ်၊ လုလင်ငယ်တို့၊ ဖွယ်ရာပိုင်းခြား၊
အတတ်များကို၊ လျင်လျားရစေ၊ သင်ကြားနေ၍၊ မိုးဆွေတို့ဘောင်၊
သရေဆောင်လျက်၊ အခေါင်ထိရောက်၊ လိုတိုင်းပေါက်အောင်၊ ဝမ်းမြောက်ဝမ်းသာ
ဆုတောင်းပါ၏၊ ဂုဏ်ဝါမခို့၊ ရန်ကုန်မြို့၌၊ ရွှေသို့မကြာ၊
မမြင့်ခါပင်၊ ယူနီဘာစီတီး၊ ကျောင်းတော်ကြီးကို၊ အပြီးဖွင့်လှစ်၊
အခါသစ်က၊ စနစ်မမြောင်း၊ ငါတို့ကျောင်းလည်း၊ ဆင့်လောင်းတတ်မို့၊
ဆဆတိုး၍၊ ကိုးတန်းမက၊ ဘီအေကျအောင်၊ သင်ပြနိုင်ခွင့်၊
ကောလိပ်ဆင့်သို့၊ မြင့်စေလို၊ တောင်းဆုဆို၏၊ မယိုစိတ်ထား၊
အသင်သားနှင့်၊ အများပြည်သူ၊ ခပ်သိမ်းလူတို့၊ ကြည်ဖြူသဒ္ဓါ၊
ချစ်မေတ္တာနှင့်၊ သပြာငွေသွင်း၊ လှူဝင်ခြင်းနှင့်၊ အသင်းကြီးပွား၊

အကျိုးများအောင်၊ ကြိုးစားတိုက်တွန်း၊ ပုံပြည္ဆန်းလျက်၊ မော်ကွန်းနောင်ခါ၊ ထွန်းစိမ့်ဌါဟု၊ ညီညာဖြဖြ၊ အားထုတ်ကြ၍၊ ဝရဆုကြီး၊ မောက်စေသော်ဝ်။ ။

အလယ်တန်းကျောင်းအဖြစ် စတင်တည်ထောင်သော ရှင်မဟာဗုဒ္ဓယောသကျောင်းသည် သာသနာပြုကျောင်းများနှင့်နီးစာလျှင် လွန်စွာနောက်ကျသော်လည်း မြန်မာအမျိုးသားကျောင်းများထက်ကား မျိုးဆက်တစ်ဆက်မျှအချိန်စောသည်။ ကျောင်းဖွင့်ပြီးသည့်နောက် ကျောင်းသားဦးရေတစ်စတစ်စတိုးပွားလာရာ မူလအဆောက်အဦနှင့် မလုံမလောက်ဖြစ်လာသည်။ ထို့ကြောင့် အဆောက်အဦလုံလောက်စေရန်ရည်သန်၍ ကျောင်းဒါယကာကြီး "ဦးလေး"၏သားမက် "ဦးမောင်မောင်"ထံမှ မြေကွက်ကို ကျပ်(၅၀၀)ဖြင့်ဝယ်ယူသည်။ မြေကွက်ပေါ်တွင် အလယ်ကျောင်းဆောင်ကြီးကို အသင်းသူအသင်းသားများနှင့်တကွ မြို့သူမြို့သားများထံမှ အလှူခံရရှိသော ကျပ်(၁၂၅၀၀)နှင့် အစိုးရထောက်ပံ့ငွေ ကျပ်(၁၂၅၀၀)ပါ၊ နှစ်ရပ်ပေါင်း ကျပ်(၂၅၀၀၀)အကုန်အကျခံ၍ ထပ်မံဆောက်လုပ်သည်။ ထိုကျောင်းဆောင်ကို ၁၂၆၇-ခုနှစ်၊ ကဆုန်လပြည့် (၁၇ မေ ၁၉၀၅)တွင် ဆောက်လုပ်ပြီးစီးကြောင်း ကမ္ဘည်းကျောက်စာရေးထိုးထားသည်ကို ယနေ့တိုင်တွေ့ရသည်။ ဤသို့ဖြင့် သင်ကြားရေးအတွက်အဆောက်အဦ အခိုက်အတန့်လုံလောက်သွားသည်။

သို့သော် ကျောင်းသားများဝတ်တက်ဝတ်မြဲရန်နှင့် ဘာသာရေး၊ လူမှုရေး၊ မြို့ရေးရွာရေး၊ အထိမ်းအမှတ်ပွဲလမ်းသဘင်များကျင်းပရန် ဓမ္မာရုံ(ခန်းမကြီး)တစ်ခုလိုအပ်လာပြန်သည်။ ကောလာ၊ ၁၂၇၃-ခုနှစ်၊ (ခရစ်-၁၉၁၁)တွင် သူဌေးကြီး "ဦးသာညွှန်း"က သဒ္ဓါထက်သန်စွာဖြင့် ဓမ္မာရုံဆောက်လုပ်ရေးအတွက် မတည်ငွေကျပ်(၁၀၀၀၀)လှူဒါန်းသည်။ မြို့သူ၊ မြို့သားတို့က ကျပ် (၁၀၀၀၀)ထပ်မံဖြည့်စွက်ကာ ယခုထင်ရှားနေသော "ဦးသာညွှန်းဓမ္မာရုံကြီး"ကို ဆောက်လုပ်ခဲ့ကြသည်။ မြို့သူ၊ မြို့သားများအတွက် အလွန်ကျေးဇူးများသော ဓမ္မာရုံကြီးပေတည်း။ ဤနေရာတွင် အကြောင်းတိုက်ဆိုင်သဖြင့် ဦးသာညွှန်း၏ဘဝတစ်စေ့တစ်စောင်းကို တင်ပြလိုပေသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပြီးချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် "သံလျင်"မှ မော်လမြိုင်သို့ပြောင်းရွှေ့လာသူများထဲတွင် သံလျင်မြို့ဝန်ဟောင်း

"မောင်စပ်"ခေါ် "သဓိန်ပဓူး"မှာ တစ်ဦးတပါတည်းဖြစ်သည်။

သမိန်ပဓူးသည် နောက်ပါလူ (၂၀၀၀)ကျော်နှင့်အတူ မော်လမြိုင်သို့ ပြောင်းရွှေ့လာသည်။ မော်လမြိုင်သို့ရောက်သောအခါ နောက်ပါတို့အနက် အချို့အဝတ်ကို မော်လမြိုင်မြို့ "မောင်ငရပ်ကွက်"ကိုတည်ထောင်သူ "မင်းမောင်ငံ"ထံ လွှဲအပ်သည်။ မိမိကား ကျန်လူများနှင့်အတူ အတ္ထဝဏ္ဏနှင့်မလှမ်းမကမ်း "ဝန်းတေးရွာ" အနီးရှိ မင်းရွာကိုတည်ထောင်၍ အခြေချနေထိုင်သည်။ ကောဇာ၊ ၁၁၉၂-ခုနှစ်၊ (ခရစ်-၁၈၃၀)တွင် သမိန်ပဓူးကွယ်လွန်သည်။ မင်းရွာအနီးမှာပင် ဝူသွင်းသင်္ဂြိဟ်သည်။

သမိန်ပဓူးတွင် "ခေါ်မယ်"ခေါ်သမီးတစ်ဦးရှိသည်။ အများက မယ်မယ်ဟု ခေါ်ကြသည်။ မယ်မယ်မှ ၁။ ခေါ်သိန်း ၂။ ခေါ်သဲ ၃။ ခေါ်ရွှေတိုက် ၄။ ခေါ်ရင် ၅။ ခေါ်ညိုကိန့် ၆။ ခေါ်ခိုင်တို့၌ သမီး(၆)ဦးထွန်းကားသည်။ မယ်မယ်၏ခင်ပွန်းအမည်ကိုမူ မသိရသေးချေ။

သမိန်ပဓူးနှင့် တချိန်တည်းလိုလိုမှာပင် "ဦးဗျော့"အမည်ရှိ ခဂုံမြို့သား (ရန်ကုန်မြို့သား)တစ်ဦးသည် မော်လမြိုင်သို့ပြောင်းရွှေ့လာပြီး "မီးလောင်ဖြင်"အရပ်၌ နေထိုင်သည်။ ထိုအရပ်ကိုမီးလောင်ပြီးချိန်တွင် ဦးဗျော့နှင့်အပေါင်းပါများသည် အတ္ထဝဏ္ဏတစ်ဘက်ကမ်း ညောင်ပင်ဆိပ်ရွာအနီးတွင် "ထပ်ကေးရွာ"ကို တည်ထောင်၍ အခြေချနေထိုင်သည်။ ဦးဗျော့သည် ထပ်ကေးတောင်ပေါ်ရှိ "ဓာတ်ကေသာစေတီ" အနီးတွင် စေတီနှစ်ဆူကိုတည်ထားကိုးကွယ်သည်။ သစ်လုပ်ငန်းနှင့် လယ်ယာလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်သည်။ ဆင်ကောင်ရေအတော်များများကို ပိုင်ဆိုင်သဖြင့် "ဖိုးဆင်အုပ်"ဟု ခေါ်ကြသည်။

ဦးဗျော့သည် ခေါ်တိုနှင့်အကြောင်းပါရာ သား၊ သမီး (၅)ဦး ထွန်းကားသည်။ ၁။ ဦးသာညွှန်း ၂။ ဦးမောင်ကလေး ၃။ ဦးသာခွန်း ၄။ ခေါ်ဝွန်းနှင့် ၅။ ခေါ်လှခိုင်တို့ဖြစ်ကြသည်။

ဦးသာညွှန်းသည် ခေါ်မယ်မယ်၏စတုတ္ထသမီး ခေါ်ရင်နှင့်အကြောင်းပါသည်။

ဦးသာညွှန်းကို ကောဇာ၊ ၁၂၀၀-ပြည့်နှစ်၊ (ခရစ်-၁၈၃၈)တွင် ထပ်ကေးရွာ၌ ဖွားမြင်သည်။ အရွယ်ရောက်သော် ဖခင်ဦးဗျော့၏ "လက်ဝဲတိ"ဖြစ်သော သစ်လုပ်ငန်းနှင့် ဆန်၊ စပါးလုပ်ငန်းကိုလုပ်ကိုင်သည်။ ကံ၊ ဥာဏ်၊ ဝီရိယရှိသူဖြစ်၍ လယ်စေ

ထောင်ချီ၍ ပိုင်လာသည်။ သစ်စက်၊ ဆန်စက်များကို ပိုင်ဆိုင်လာသည်။ ရွှေတစ်ကျပ်သား (၂၅)ကျပ်တန်ဖိုးရှိစဉ်က သိန်း(၄၀)ချမ်းသာသည်။ ခေတ်ပြိုင်မီးသတ်သူဌေးကြီး "ဦးနာအောက်"ထက်ချမ်းသာသည်။ ယခု "သံလွင်ဟိုတယ်"၏ မူလပိုင်ရှင်ဖြစ်သော "လော်ကမာဘာဘု"(H. Rookmanund)သည် ဦးသာညွှန်းထံမှ ငွေချေးငှားရသည်။ ဦးသာညွှန်းသည် ထပ်ကေးရွာတွင်နေထိုင်သည်။ အမှတ် (၂၅)၊ ရှမ်းကုန်းလမ်း၊ ဗိုင်းဝန်ကွင်းတွင် ခဲ့ဖွင့်ထားသည်။ မော်လမြိုင်ရှိ မိမိပိုင်သစ်စက်နှင့် ဆန်စက်များကိုစီမံခန့်ခွဲသည်။ "ခဲ့ပြင်ကနား"နှင့် ပတ်သက်သည်များကို သားဖြစ်သူ ဦးချစ်လှိုင်ကဆောင်ရွက်ပေးသည်။ နေ့စဉ် ထပ်ကေးရွာမှ မော်လမြိုင်သို့ ကိုယ်ပိုင်သမ္ဗန်ဖြင့်ကူးသည်။ မော်လမြိုင်ဘက်ကမ်းသို့ရောက်သော် အသင့်စောင့်နေသော ကိုယ်ပိုင်ရထားလုံးစီးကာခဲ့းသို့လာသည်။

ဦးသာညွှန်းသည် လောကီ၊ လောကုတ္တရာစွယ်စုံကုသိုလ်ရှင်ကြီးဖြစ်သည်။ လောကီဘက်က၊ ပညာရည်မြင့်မားခဲ့သော ငွေကြေးချို့တဲ့သော လူငယ်ကလေးများအား ခေတ်ပညာသင်ယူနိုင်ရန် ငွေကြေးအလုံအလောက်ထောက်ပံ့သည်။ ရှင်မဟာဗုဇ္ဈယောသကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံကြီးနှင့် သုံးထပ်ကျောင်းဆောင်ကြီးကို အခြေခံမတည်၍ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဓမ္မာရုံကြီးအောက်ထပ်နံရံ၌ (ဦးသာညွှန်း ဓမ္မာရုံ-၁၂၇၅)ဟု ကျောက်ပြားတွင် ကမ္ဘည်းထိုးကပ်ထားသည်ကို ယနေ့တိုင်တွေ့မြင်နိုင်သည်။

လောကုတ္တရာဘက်တွင် ဦးသာညွှန်းသည် မိမိဘိုးဘွားအစဉ်အဆက် လှူဒါန်းခဲ့သော "ကော့လှာစာသင်တိုက်"ပြုပြင်ရာတွင်အလှူပါဝင်ခဲ့သည်။ ဦးသာညွှန်း၏ဇနီး ဒေါ်ရင်၏မိဘနှစ်ပါးတို့က (၄. ၈)ကကျယ်ဝန်းသော ကျောင်းဝရိဝုက်တွင်း ကော့လှာကျောင်းကို တည်ဆောက်ကိုးကွယ်ခြင်းဖြစ်သည်။ ဒေါ်ရင်၏ မိဘနှစ်ပါးကွယ်လွန်သောအခါ ကျောင်းဝင်းအတွင်းမှာပင် ဂူသွင်းသင်္ဂြိုဟ်သည်။

ကာဇာ၊ ၁၂၆၄-ခုနှစ်၊ (ခရစ်-၁၉၀၂)တွင် "ဝဇီရာရာမ"ဆရာတော်၏ ဩဝါဒကိုခံယူကာ

ကျောင်းတကာ - ဦးစိတ္တ

ကျောင်းတကာ - ဦးသာညွှန်း

ကျောင်းတကာ - ဦးဗန်း

5154

ပြာသာဒ်တကာ - မောင်ညို

ကျောင်းတကာ - မောင်တိုးလုံ ငါးဦး မူလပဓာနပြု၍ ပြည်သူတို့ပါစုပေါင်းပြီး "လောကဥသျှောင်စေတီတော်"ကို "ကုံ"၌ တနင်္ဂနွေနှင့် ကြာသပတေး၊ "သိဟ်"၌ တနလာ၊ "ကန်"၌ အင်္ဂါနှင့် ရာဟု၊ "မကရ"၌ ဗုဒ္ဓဟူးနှင့် စနေ၊ "မိန်"တွင် သောကြာနှင့် လင်္ဂ ရပ်နားဆဲတွင် မြေမြှစ်၍ တည်လုပ်သည်။ စေတီအချင်းအတောင် (၃၀)၊ အဝန်းအတောင် (၉၀)၊ အရပ် (၃၅)တောင် တည်ရင်းမူလရှိသတည်း။

၁၂၇၂-ခုနှစ်၊ တော်သလင်းလ (စက်တင်ဘာ ၁၉၁၀)တွင် "ပန်းရံပုံ" ဝတ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဝတ်ကြီးအတွင်း ရပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူရုပ်တုတော်မျိုးစုံကို ယခုထက်တိုင်ကြည်ညိုဘွယ်ဖူးတွေ့ရသည်။

ကောဇာ၊ ၁၂၇၂-ခုနှစ်ကစ၍ မော်လမြိုင်မြို့သူဌေး ဦးသာညွှန်းသည် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးအား လစဉ်လစဉ် တစ်လလျှင် ၁၂၀၀ (တစ်ထောင့်နှစ်ရာသော) အကပ်ပိယ အနာမာသဝတ္ထုတို့ကို ဆရာတော်ဘုရားကြီး၏ ကပ်ဖယ်ကာရကဒါယကာထံလွှဲအပ်၍ ထိုဝတ္ထုကျပ်(၁၂၀၀)မှ ဖြစ်ပေါ်သောဆွမ်းကို လှူဒါန်းသည်ကို အလှူခံတော်မူရသည်။ ယင်းသို့ ဦးသာညွှန်းလှူဒါန်းခြင်းသည် မိုးကျသဖွယ် အလွန်စင်ကြယ်သောပစ္စည်းဖြစ်ပေသည်။ မည်သူတစ်စုံတစ်ယောက်ကမျှ ဟောပြောဆွေးနွေးခြင်းမရှိ၊ သီလဝတောခေါ် မဟာရာဇဓိန္ဒ် မဟပ္ပလ်ဒေသနာတော်ကို နှလုံးပိုက်လျက်ရှိသော ဦးသာညွှန်းသည် မဟပ္ပလ မဟာနိသံသအကျိုးရှိရာရှိကြောင်း သူတော်ကောင်း ရဟန်းမြတ်တို့အား ရွေးချယ်လှူဒါန်းလိုသောမနသိကာရပညာ၊ ပုဗ္ဗစ်မ သဒ္ဓါ၊ ပြဋ္ဌာန်းသောစေတနာဖြင့် အလိုအလျောက်လှူဒါန်းခြင်းဖြစ်ပေသည်။

ထိုကျပ်(၁၂၀၀)တန်သောပစ္စည်းတို့ကို ဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရာမ အရှေ့တိုက်၊ အနောက်တိုက်နှင့် မူလရွှေကျင်ငါးတိုက်ရှိ သံဃာတော်များအား ဝေဖန်လှူဒါန်းတော်မူသည်။ သို့ဖြစ်၍ ထိုအချိန်ကစ၍ မဟာဝိသုဒ္ဓါရာမတိုက်ရှိ သံဃာတော်များသည် ဆွမ်းပစ္စည်း၌ ယခင်ကထက်ပို၍ချမ်းသာစွာ ဓုရနှစ်ပါးကို အားထုတ်ခွင့်ရတော်မူကြသည်။

မန္တလေးမြို့၊ သကျသီဟ၊ ပရိယတ္တိသာသနတိဘအသင်းကြီးအား နှစ်စဉ် စာမေးပွဲသဘင်ကျင်းပရာတွင် အသုံးပြုနိုင်ရန် ဓမ္မာရုံအုတ်ဇရပ်ကြီးကိုလည်း

ဆောက်လုပ်လှူဒါန်းခဲ့သည်။ စစ်ကိုင်းတောင်ရိုးရှိ သံယာတော်နှင့် သီလရှင်များအတွက် ရေအလုံအလောက်ရရှိစေရန် ရေစက်တစ်ခုထမြောက်ရေးအတွက် မူလမတည် လှူဒါန်းခဲ့သည်။

ဦးသာညွှင်းသည် ဇနီးဒေါ်ရင်ကွယ်လွန်ပြီးနောက် မော်လမြိုင်ရှိ အမှတ်(၂၅)၊ ရှမ်းတုန်းရပ်နေအိမ်သို့ ပြောင်းရွှေ့နေထိုင်သည်။ ဦးသာညွှင်းသည် အဆိုပါ နေအိမ်မှာပင် ကောဇာ၊ ၁၂၇၈-ခုနှစ်၊ (ခရစ်-၁၉၁၆) အသက်(၇၈)နှစ် အရွယ်တွင် ကွယ်လွန်သည်။ ဦးသာညွှင်းသည် ကွယ်လွန်သည့်အချိန်အထိ ဓါတ်ပုံ အရိုက်ခံခြင်း လုံးဝမရှိချေ။ ကျန်ရစ်သူမိသားစုက ဦးသာညွှင်း၏ ဓါတ်ပုံရှိထားလိုသော ဆန္ဒပြင်းပြ သည်။ ကွယ်လွန်ပြီးစ ဦးသာညွှင်း၏အလောင်းတွင် သင့်တင့်လျောက်ပတ်အောင် ဝတ်စားဆင်ယင်ပေးပြီး သက်ရှိလူသားတစ်ဦးအသွင် ဓါတ်ပုံရိုက်ယူလိုက်နိုင်သည်။

ကောဇာ၊ ၁၃၇၀-ပြည့်နှစ်၊ (ခရစ်-၂၀၀၈)တွင် ဦးသာညွှင်းကွယ်လွန်သည်မှာ (၉၂)နှစ် ရှိပေပြီ။ ဦးသာညွှင်း၏ အမွေဆက်ခံသူ၊ မြစ်ဖြစ်သူ ဦးကျော်ကျော်သည် ဦးသာညွှင်း နောက်ဆုံးခေါင်းချခဲ့သည့် အမှတ်(၂၅)၊ ရှမ်းတုန်းအနောက်၊ ဗိုင်းဝန်ကွင်း၊ နေအိမ်ကို ဆက်လက်ထိန်းသိမ်းထားသည်။ "ကျော့ရှင်းတံဆိပ်ရိုက်လုပ်ငန်း"ကို တည်ထောင်ထားသည်။ ဦးကျော်ကျော်သည် "ဒါနအမွေ"ကိုလည်း ဆက်ခံသူ ဖြစ်သည့်အလျောက် "လောကဥသျှောင်စေတီတော်ကြီး" မြန်လည်ပြုပြင်ရာတွင် အလှူငွေ ကျပ်(၂၅၀၀၀၀)ထည့်ဝင်ခဲ့သည်။

ဦးသာညွှင်းသည် သမိန်ပန္ဓားဘွဲ့ခံ "ဦးစပ်"၏မြေး "ဒေါ်ရင်"နှင့် အကြောင်းပါရာ ၁။ ဒေါ်ညိန်းလှ၊ ၂။ ဦးဦးဘော်၊ ၃။ ဦးချစ်လှိုင်၊ ၄။ ဦးမြတ်ငြိမ်း၊ ၅။ ဒေါ်နှင်းမြနှင့် ၆။ ဒေါ်အေးကြည်ဟူ၍ သားသမီး(၆)ဦးထွန်းကားသည်။ ဦးဦးဘော်သည် အိန္ဒိယပြည်မှဝတ်လုံဘွဲ့ရရှိ၍ ဦးချစ်လှိုင်နှင့် ဦးမြတ်ငြိမ်းတို့သည် အဝံလန်မှဝတ်လုံဘွဲ့ ရရှိခဲ့ကြသည်။ ရေကူးချန်ပီယံဖြစ်ခဲ့သူ ဦးမြတ်ငြိမ်းသည် ပဲခူးမြစ်တွင်းရေဆင်းကူးရာ ရေနစ်၍ကွယ်လွန်သည်။

ဦးချစ်လှိုင်သည် ၁၂၄၁-ခုနှစ်၊ နယုန်လဆုတ်(၆)ရက် (၉ ဇွန် ၁၈၇၉) တနလာနေ့တွင် မော်လမြိုင်မြို့၊ မုပွန်ရပ်၌ဖွားမြင်သည်။ ကင်ပွန်းတပ်ခေါင်းဆောင် မဝံလာပွဲကို ရွှေးစာဆိုနှင့်အညီ ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်သည်။ (၇)နှစ်သား အရွယ်တွင် မြန်မာစာသင်ကျောင်း၌ စတင်ပညာသင်ယူသည်။ (၈)နှစ်အရွယ်တွင်

မြန်မာနိုင်ငံ၏ပထမဆုံးဖြစ်သော အစိုးရအထက်တန်းကျောင်း၌ ပညာဆက်လက်ဆည်းပူးခဲ့သည်။ ကောဇာ၊ ၁၂၅၆-ခုနှစ် (ခရစ်-၁၈၉၄)တွင် ကာလကတ္တားတက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးနောက် ရန်ကုန်ကောလိပ်တွင် ဆက်လက်ပညာသင်ယူခဲ့သည်။ အက်ဖ်. အေ(F.A=First Arts)စာမေးပွဲ အောင်မြင်ပြီးနောက်၊ ဝိဇ္ဇာတန်းစာမေးပွဲကိုဖြေဆိုထားစဉ် ကောဇာ၊ ၁၂၆၀ ပြည့်နှစ် (ခရစ်-၁၈၉၈)တွင် အင်္ဂလန်သို့သွားရောက်၍ ဝတ်လုံပညာသင်ယူခဲ့သည်။ (ကွယ်လွန်သည်အထိ ဦးချစ်လှိုင်၏ဘဝဖြစ်စဉ်ကို မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)တွင်ပါရှိသည့်အတိုင်း ဆက်လက်တင်ပြပါမည်။)

ဦးချစ်လှိုင်သည် အသက်(၂၀)အရွယ်တွင် အင်္ဂလန်သို့သွား၍ ဝတ်လုံပညာကို သင်ကြားအောင်မြင်လာခဲ့သည်။ မြန်မာပြည်သို့ ပြန်ရောက်သောအခါမှစ၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(Young Men Buddhist Association) ဝိုင်. အမ်. ဘီ. အေကို ငွေအားလုံးအားဖြင့် ကူညီခဲ့သည်။ ကောဇာ၊ ၁၂၇၉-ခုနှစ်၊ (ခရစ်-၁၉၁၇)မှစ၍ မော်လမြိုင်မြို့ ဝိုင်. အမ်. ဘီ. အေ အသင်းတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၏။ ကောဇာ၊ ၁၂၈၁-ခုနှစ် (ခရစ်-၁၉၁၉)တွင် ပုသိမ်မြို့၌ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိုင်. အမ်. ဘီ. အေနှင့်အလားတူအသင်းများအစည်းအဝေး၌ ဦးချစ်လှိုင်အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ နောက်နှစ် ကောဇာ၊ ၁၂၈၂-ခုနှစ်၊ (ခရစ်-၁၉၂၀)တွင် ပြည်မြို့၌ကျင်းပသောအစည်းအဝေးက ဆုံးဖြတ်ခဲ့သည့်အတိုင်း ဂျီ. စီ. ဘီ. အေ(G.C.B.A)ခေါ် မြန်မာတိုင်းရင်းသားများ၏အသင်းချုပ်(General Council of All-Burmese Association)ပေါ် ပေါက်လာရာ ဦးချစ်လှိုင်ပင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။ ဦးချစ်လှိုင်သည် မိမိစီးပွားဥစ္စာများကို အနစ်နာခံလျက် မြန်မာ့နိုင်ငံရေးတွင် ရဲဝံ့စွာခေါင်းဆောင်မှုပေးခဲ့သည်။

ကောဇာ၊ ၁၂၈၄-ခုနှစ်နှင့် ၁၂၈၆-ခုနှစ်၊ (ခရစ်-၁၉၂၂ နှင့် ၁၉၂၄) များတွင် သရက်၊ ပေါင်းတည်မြို့များ၌ကျင်းပခဲ့သော ပြည်လုံးကျွတ်ညီလာခံကြီးများက သမ္မတဥက္ကဋ္ဌဘွဲ့ကို အပ်နှင်းကြ၏။ ယင်းအခါမှအစပြု၍ "သမ္မတဦးချစ်လှိုင်"ဟု တွင်သည်။ ထိုစဉ်က ဦးချစ်လှိုင်အား "သရဖူမဆောင်းရသော မြန်မာပြည်၏ ရှင်ဘုရင်" (Uncrowned King of Burma (Myanmar))ဟုပင် ခေါ်ကြသည်။ နိုင်ငံရေးတရားများကို လှည့်လည်ဟောပြောစဉ် ရောက်လေရာအရပ်တိုင်း၌ အမျိုးသားများက ရွှေထီးများ၊

ထီးဖြူများပိုးပေးခြင်း၊ အမျိုးသမီးများက ဆံပင်ကိုဖြန့်၍လမ်းခင်းပေးခြင်း၊ ကရဝိတ် ဖေါင်များဖြင့် ကြိုဆိုခြင်းများကိုပြုလုပ်ကြသည်။ ကောဇာ၊ ၁၂၉၇-ခုနှစ်၊ (ခရစ်-၁၉၃၅)ရွှေးကောက်ပွဲ၌ အိန္ဒိယပြည်နှင့် ခွဲရေးတွဲရေး ပြဿနာပေါ်ပေါက်ခဲ့ရာ တွဲရေးဖက်မှ အရွေးခံခဲ့ရသည်။ ဥပဒေပြုကောင်စီဥက္ကဋ္ဌအဖြစ် ကောဇာ၊ ၁၂၉၄-ခုနှစ် နှင့် ၁၂၉၇-ခုနှစ်၊ (ခရစ်-၁၉၃၂ နှင့် ၁၉၃၅) ခုနှစ်များတွင် နှစ်ကြိမ်တိုင်တိုင် ရွေးကောက်တင်မြောက်ခံခဲ့ရသည်။ ကောဇာ၊ ၁၂၉၉-ခုနှစ်၊ (ခရစ်-၁၉၃၇)တွင် အောက်လွတ်တော် ဥက္ကဋ္ဌဖြစ်သည်။ ၁၃၀၅-ခုနှစ်၊ ဝါခေါင်လဆန်း(၅)ရက် (၅ ဩဂုတ် ၁၉၄၃)၌ အဓိပတိ၏အတိုင်ပင်ခံ အမတ်တစ်ဦးဖြစ်ခဲ့သည်။

လွတ်လပ်ရေးရချိန်တွင် နိုင်ငံရေးကိုဝင်ဆက်လက်ဆောင်ရွက်သည်။ မော်လမြိုင်မြို့နယ်မှ ပြည်သူ့လွတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြောက်ခံရသည်။ ဦးချစ်လှိုင်သည် နိုင်ငံရေးကိုဆောင်ရွက်နေဆဲ ၁၃၁၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့ (၃၁ အောက်တိုဘာလ ၁၉၅၂) နံနက်(၆)နာရီခွဲအချိန် (၇၄-အရွယ်)တွင် ရန်ကုန်မြို့၊ ဘောင်ဘရီလမ်း (ယခု ဓမ္မဇေတီလမ်း) အမှတ် (၁၈၅)နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သည်။ ဦးချစ်လှိုင်၌ ဖြောင့်မှန်ရိုးသားသောစိတ်ဓါတ်နှင့် အလှူပေးရက်ရောသော စေတနာများရှိသည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်အိနှင့် သမီးနှစ်ယောက်ကျန်ရစ်သည်။

ဦးချစ်လှိုင်၏နှစ်မြှစ်သူ "ဒေါ်နှင်းမြ"သည်လည်း ဝထမဆုံးမိန်းမအမတ်ဖြစ်သည်။ (ထိုစဉ်က အမျိုးသမီးဟူသောဝေါဟာရမပေါ်သေး) ကောဇာ၊ ၁၂၉၁-ခုနှစ် (ခရစ်-၁၉၂၉)တွင် အရွေးခံရသည်။ အသက် (၈၇)နှစ်အရွယ်တွင် ကွယ်လွန်သည်။

ရှင်မဟာဗုဒ္ဓယောသကျောင်း၏ ပညာရေးကိုဆက်လက်တင်ပြလိုပေသည်။ ကိုလိုနီခေတ်ဦး မော်လမြိုင်မြို့တွင် သာသနာပြုကျောင်းများ အလျှိုလျှိုပေါ်ပေါက်လာသည်ကို တင်ပြပြီးဖြစ်သည်။ မော်လမြိုင်မြို့ရှိ အမျိုးသားရေးစိတ်ဓါတ်နှင့် အားမာန်အပြည့်အဝရှိကြကုန်သော အနာဝတ်ကိုကြိုတင်မြော်တွေးမိကြသော၊ ဗုဒ္ဓဘာသာဝင် လူကြီးမိဘများက မိမိတို့သားသမီးများအပေါ် တိုင်းတစ်ပါး ဘာသာယဉ်ကျေးမှု အငွေ့အသက်များလွှမ်းမိုးလာမည်ကို ပူပင်သောကရောက်ခဲ့ကြသည်။ ဗုဒ္ဓဘာသာလူငယ်များကို မိမိတို့ရိုးရာဘာသာယဉ်ကျေးမှု အငွေ့အသက်များလွှမ်းခြုံရာ

အဝန်းအဝိုင်း၌ ပညာသင်ကြားပေးလိုကြသည်။ ဤသည်မှာ ရှင်မဟာဗုဒ္ဓယောသကျောင်း တည်ထောင်ရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

ကနဦးအစ သာသနဓရအသင်းကြီး၏ရည်ရွယ်ချက်တွင် နိုင်ငံရေးပယောဂ ပူးကပ်ခဲ့ခြင်း မရှိသေးချေ။ ထို့ကြောင့် အစိုးရအရာရှိမဟုတ်သူများရော ဟုတ်သူများပါ၊ အသင်းကြီးတွင် အားကြိုးမာန်တက်ပါဝင်ထမ်းဆောင်ခဲ့ကြသည်။

အစိုးရအရာရှိမဟုတ်သူများထဲမှ အသင်းကြီးတွင် ဦးဆောင်ဦးရွက် ပြုခဲ့ကြသည့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများမှာ သူဌေးကြီးဦးသာညွှန်း၊ သူဌေးဦးဖလ်၊ သူဌေး ဦးတိုးလုံ၊ ဦးရွှေသွင် (ဝတ်လုံတော်ရ)၊ ဦးချစ်လှိုင် (ဝတ်လုံတော်ရ)၊ ဦးချစ်ဆွေ-မဟာဝီဇာ (ဝတ်လုံတော်ရ)၊ ဦးမောင်မောင်ကြီး (ဝတ်လုံတော်ရ)၊ ဦးချစ်ဘေ (မင်းတိုင်ပင်အမတ်)၊ ဦးဘိုးရင်စီ (မင်းတိုင်ပင်အမတ်)၊ ဦးချစ်လှ (မင်းတိုင်ပင်အမတ်)၊ ဦးထွန်းဝင်း (မင်းတိုင်ပင်အမတ်)၊ ဦးချစ်ဖေနှင့် ဦးရွှေသားတို့ဖြစ်ကြသည်။

အစိုးရအရာရှိများထဲမှ ဦးသိန်းမောင် (အငြိမ်းစား)၊ ဦးဖေမောင် (အငြိမ်းစား-လယ်ဝန်)၊ ဦးကျော်ထွန်း (အငြိမ်းစား-အရေးပိုင်)၊ ဦးဇော်ဖေ (ပညာအုပ်)၊ ဦးထွန်းရ (အရေးပိုင်)၊ စောချစ်တင် (ပညာအုပ်)၊ ဦးထွန်းလှိုင် (ခရိုင်ပညာဝန်)၊ ဦးချစ်စု (ခရိုင်ပညာဝန်-သိပ္ပံမောင်ဝ၏ ပထမယောကျ္ခမ)နှင့် ဦးဘိုးစ (ဘီအီးအက်စ်=B.E.S) စသူတို့ဖြစ်ကြသည်။

အထက်ပါပုဂ္ဂိုလ်ကြီးများဦးစီးသော သာသနဓရအသင်းကြီးကို မြို့လူထု တစ်ရပ်လုံးက လေးလေးစားစားထောက်ခံအားပေးခဲ့ကြသည်။

ရှင်မဟာဗုဒ္ဓယောသကျောင်း စတင်ဖွဲ့စည်းသည့် ၁၂၆၁-ခုနှစ်၊ ကဆုန်လပြည့် (၂၃ ဧပြီ ၁၈၉၉)မှ (၁၈)နှစ်အကြာ ကောလာ၊ ၁၂၇၉-ခုနှစ် (ခရစ်-၁၉၁၇)အထိ ရှင်မဟာဗုဒ္ဓယောသကျောင်းသည် အလယ်တန်းအဆင့်သာရှိခဲ့သည်။ အထက်တန်းကျောင်း၏အဆင့်သို့တိုးမြှင့်ပေးရန် အသင်းကြီးကအကြိမ်ကြိမ် ကြိုးပမ်းသော်လည်း ပညာရေးဌာနက အခါခါပယ်ချသည်။

၁၉၁၇-ခုနှစ်တွင် အသင်းကြီး၏ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ထိုစဉ်က ဒုတိယဘုရင်ခံဖြစ်သော "ဆာဟာကုတ်ဘတ္တလာ"(Sir Spencer Harcourt Butler) အား တိုက်ရိုက်တွေ့ဆုံ၍ မေတ္တာရပ်ခံသောအခါမှသာ ရှင်မဟာဗုဒ္ဓယောသကျောင်းကို အထက်တန်းကျောင်းအဆင့်သို့တိုးမြှင့်ပေးရန် အမိန့်ချမှတ်ပေးခဲ့သည်။

ကောလာ၊ ၁၂၈၁-၈၂-ခုနှစ် (ခရစ်-၁၉၁၉-၂၀)ပညာသင်နှစ်တွင်၊ ရှင်မဟာဗုဒ္ဓယောသကျောင်း၌ ပထမဆုံးအသုတ် (၁၀)တန်းကျောင်းသား (၂၀)ရှိသည်။ (၁)ထိန်လင်း၊ (၂)စိန်တင်၊ (၃)စံတင်၊ (၄)လှတင်၊ (၅)မုတ်ထိန် (တုတ်ထိန်)၊ (၆)လှမောင်၊ (၇)မောင်ဦးကာ၊ (၈)ဥာဏ်ဝင်း၊ (၉)ဟန်ဝိန်၊ (၁၀)အုန်းကြင်၊ (၁၁)ထွန်းမောင်၊ (၁၂)ကြင်လှိုင်၊ (၁၃)ကြည်မောင်၊ (၁၄)ထွန်းတင်၊ (၁၅)ဂျွတ်၊ (၁၆)ဝေလင်း၊ (၁၇)ဝင်းဖေ၊ (၁၈)သန်းဖေ၊ (၁၉)မိုးသစ်နှင့် (၂၀)ကြည်မောင်ဝင်းတို့ဖြစ်ကြသည်။

အဆိုပါ ပညာသင်နှစ်တွင် (၁၀)တန်းအောင်မြင်သူများမှာ (၁)စိန်တင်၊ (၂)ဟုတ်ထိန်၊ (၃)ဂျွတ်၊ (၄)ဝင်းဖေနှင့် (၅)ကြည်မောင်ဝင်းတို့ဖြစ်ကြသည်။

၁။ စိန်တင်သည် မြန်မာစာနှင့်ပါဠိတွင် ဂုဏ်ထူးရသည်။ နောင်အခါ "သိပ္ပံမောင်ဝ" ဖြစ်လာသည်။

၂။ ဟုတ်ထိန်သည် နောင်အခါတိုင်းပညာဝန်ဖြစ်လာ၍ အသက်(၉၃)နှစ် အရွယ် ၁၃၅၆-ခုနှစ်၊ နတ်တော်လဆုတ်(၁၁)ရက် (၂၈ ဖေဖော်ဝါရီ ၁၉၉၄) တွင် ကွယ်လွန်သည်။

၃။ ကြည်မောင်ဝင်းသည် ရှင်မဟာဗုဒ္ဓယောသကျောင်း၏ ပထမဆုံး ကျောင်းအုပ်ကြီး "ဦးရဲဝင်း"၏သား၊ ကျောက်စာဝန်ဦးလှဖေဝင်း၏ ညီဖြစ်သည်။ နောင်အခါ ရထားမင်းကြီးဖြစ်လာသည်။ ထိုနှစ် (၁၀)တန်း တွင် ရှင်မဟာဗုဒ္ဓယောသကျောင်းမှ (၂၅)ရာခိုင်နှုန်းအောင်မြင်သည်။

ကျောင်းကြီးသည် ဦးဘိုးရင်စီ (ဘီ. အေ)အား ကျောင်းအုပ်ကြီးအဖြစ် လည်းကောင်း၊ မြန်မာ့ဩဇာ ဦးမောင်ကြီး (ဘီ. အေ)အား ကျောင်းဆရာကြီး အဖြစ် လည်းကောင်း ခန့်ထားရာမှစ၍ တစ်ဟုန်ထိုးတိုးတက် ဖွံ့ဖြိုးလာသည်။ [ရှင်မဟာဗုဒ္ဓယောသကျောင်းတွင် ကျောင်းအုပ်ကြီးကို (Superintendent)ဟု ခေါ်၍ ကျောင်းဆရာကြီးကို(Head Master)ဟုခေါ်သည်။]

ဦးဘိုးရင်စီသည် (၁၀)နှစ်ဆက်တိုက် ကိုယ်ဖိရင်ဖိကျွမ်းကျင်နိုင်နင်းစွာ စီမံအုပ်ချုပ်ခဲ့သူ ဖြစ်သည်။ ဦးဘိုးရင်စီနှင့် ဆရာ၊ ဆရာမများကြား နားလည်မှု အပြည့်အဝရှိခဲ့သည်။ ဦးဘိုးရင်စီသည် တင်းမာပြတ်သားသော်လည်း ဖိနှိပ်သည့် သဘောသက်ဝင်မှုမရှိချေ။ ဆရာ၊ ကျောင်းသားအားလုံး၏ ချစ်ကြောက်၊ ရိုသေမှုကို

ခံယူရရှိခဲ့သည်။

ဦးမောင်ကြီးသည် စံပြကျောင်းဆရာကြီးတစ်ဦးဖြစ်ပြီး ဆရာများနှင့် ကျောင်းသားတို့၏ ချစ်ခင်လေးစား ယုံကြည်အားထားမှုကို ခံယူရသူဖြစ်သည်။ ကျောင်းကြီးတိုးတက်ရေးတွင် အဟန့်အတားမှန်သမျှကို ဖြတ်သန်းကျော်လွှားနိုင်သူ ဖြစ်သည်။ ဦးမောင်ကြီးသည် ကျောင်းကြီး၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် ပြင်းပြသောဆန္ဒရှိသည်။ မိမိ၏ဆန္ဒကို ဆရာများနှင့် ကျောင်းသားတို့ကလည်း တာဝန်သိသိ၊ သစ္စာရှိရှိဖြင့်ဖြည့်စွမ်းပေးခဲ့ကြသည်။ ကောလာ၊ ၁၂၇၃-ခုနှစ်၊ (ခရစ်-၁၉၁၁)တွင် ဦးမောင်ကြီးအနားယူသွားသောအခါ ကျောင်းကြီးမှာ မော်လမြိုင်ဒေသတွင် ခဲ့ညားကျော်ကြားသော ကျောင်းကြီးတစ်ကျောင်းဖြစ်နေခဲ့ပြီ။

ဦးမောင်ကြီး(မြန်မာ့ဩဇာ) ၇၀-နှစ်သည် ၁၃၁၈-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁)ရက် (၅ အောက်တိုဘာ ၁၉၅၆)တွင် မော်လမြိုင်မြို့၌ကွယ်လွန်သည်။ မော်လမြိုင်တက္ကသိုလ်၊ ရုက္ခဗေဒဌာန၊ တွဲဖက်ပါမောက္ခဒေါ်သန္တာစိုးသည် ဦးမောင်ကြီး၏မြေးအရင်းဖြစ်သည်။

ကျောင်းကြီးသည်ဘက်ပေါင်းစုံမှ တိုးတက်ဖွံ့ဖြိုးလာပြီး ဘာသာရပ်မျိုးစုံကို အဆင့်အတန်းမြင့်မြင့် သင်ကြားပို့ချပေးနိုင်ခဲ့သည်။ ထိုစဉ်က ကျောင်းတွင်ဝိဇ္ဇာဘွဲ့ရဆရာ (၄)ဦး၊ သိပ္ပံဘွဲ့ရဆရာ (၁)ဦးနှင့် အင်္ဂလိပ်စာပြဆရာမ (၁)ဦးရှိခဲ့သည်။ ဦးဘသိန်း (ဘီ. အေ)၊ ဦးဘချစ် (ဘီ. အေ)နှင့် ဦးဘသန်း (ဘီ. အေ)တို့မှာ ထင်ရှားသောဆရာများ ဖြစ်ကြသည်။

ကျောင်းတွင် ဗုဒ္ဓကျမ်းစာကိုလည်း ဆရာကောင်းများကစနစ်တကျ သင်ကြားပို့ချပေးခဲ့သည်။ အခြေခံဗုဒ္ဓဘာသာစာမေးပွဲအောင်မြင်သူ ကျောင်းသားများအား နှစ်စဉ်ရွှေတံဆိပ်၊ ငွေတံဆိပ်များချီးမြှင့်ခဲ့သည်။ ၁၂၆၇-ခုနှစ်၊ ကဆုန်လပြည့် (၁၇ မေ ၁၉၀၅)မှစတင်၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို စတင်ကျင်းပခဲ့ရာ ၁၂၈၂-ခုနှစ်၊ ကဆုန်လပြည့် (၁ မေ ၁၉၂၀)အထိ နှစ်စဉ်မပျက်မကွက် ကျင်းပနိုင်ခဲ့သည်။ ကျောင်းတွင် အသင်းအဖွဲ့ပေါင်းစုံကိုလည်း ဖွဲ့စည်းခဲ့သည်။ စာပေနှင့် နှုတ်မှုပညာအသင်း၊ အရက်သေစာ ရှောင်ကျဉ်ရေးအဖွဲ့၊ တူရိယာအဖွဲ့နှင့် ကင်းထောက်အဖွဲ့များ ဖြစ်ခဲ့ကြသည်။ နှစ်လည်ဆုနှင်းသဘင်၊ နှစ်လည်အားကစား ညစာစားပွဲ၊ နှစ်လည်ဘောလုံးအသင်းညစာစားပွဲနှင့် နှစ်လည်ပဒေသာကပွဲများကိုလည်း ကျင်းပ

ခဲ့သည်။

အနီးပတ်ဝန်းကျင်ရှိ ခရုံငှေ့၊ မုခုံကန်ကြီး၊ ကျုံးကျုံးကျရောတံခွန်၊ တင်ပွန်းမြို့စမ်း၊ တောင်ညီတောင်တန်း၊ နာဝဒီသတောင်တန်း၊ ဘီလူးကျွန်းနှင့် မုတ္တမမြို့ဟောင်း စသည်များသို့ လေ့လာရေးခရီးထွက်ခဲ့ကြသည်။ ကျောင်းဝတ်စုံမှာ လုံချည်အနီ၊ အင်္ကျီအဖြူဖြစ်သည်။ ကျောင်းတက်ကျောင်းဆင်းနှင့် စာသင်ချိန်ပြောင်းသောအခါ ကျောင်းအပေါ်ထပ်မှ မောင်းကြီးကိုထု၍ အချက်ပေးသည်။

ကောဇာ၊ ၁၂၈၂-ခုနှစ်၊ (ခရစ်-၁၉၂၀) ဦးမောင်ကြီး အနားယူသွားသောအခါ ဦးဘသန်း(ဘီ. အေ) အစားဝင်ရောက်လာခဲ့သည်။ ပုသိမ်မြို့နေ စာရေးကြီး ဦးမောင်ကလေး ဇနီးဒေါ်မမတို့မှ သား(၃)ယောက်ထွန်းကားသည်။

သားကြီးဦးစိန်းသည် မြန်မာ့အလင်းသတင်းစာအယ်ဒီတာဖြစ်ခဲ့သည်။ သားလတ်ဦးဘကျမ်းမှာ ရက်တန်းဦးဘကျမ်းအမည်ဖြင့် နိုင်ငံရေးလောကတွင်ထင်ရှားသူဖြစ်သည်။ သားအထွေးဆုံး ဦးဘသန်းမှာ အသက်(၁၉)နှစ်အရွယ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီ. အေ(ဝိဇ္ဇာ)ဘွဲ့ကို အဂ်လိပ်စာဂုဏ်ထူးဖြင့် အောင်မြင် ဆွတ်ခူးခဲ့သူဖြစ်သည်။ ကျောင်းသုံးမြန်မာရာဇဝင်နှင့် "ဘီအေမောင်ဘလွင်"ဝတ္ထုတို့ကို ရေးသားခဲ့သူဖြစ်သည်။

ဆရာဦးဘသန်းသည် "တစ်ကိုယ်ရေတစ်ကာယ"ဖြစ်၍ အမှတ်(၄၂၈)၊ အောက်လမ်းမကြီး၊ သဘော်လဲရပ်ရှိ နှစ်ထပ်ဖျဉ်ထောင်အိမ်ကိုငှား၍ ကိုမောင်ကြီးအမည်ရှိသူတစ်ဦးနှင့်နေသည်။ ဦးဘသန်းသည် ညနေခင်းများတွင် တပည့်များဖြစ်ကြသည့် အမှတ်(၄၄၁)၊ ညောင်ဝိုင်းရပ်နေ မောင်ကြည်မောင်ဝင်း၊ ထားဝယ်စုရပ်နေ မောင်ဝေလင်း၊ ဘိုကုန်းရပ်နေ မောင်ဟုတ်ထိန်တို့၏ အိမ်များသို့ သွားရောက်လည်ပတ်ကာ တပည့်များအားနည်းသည့်ဘာသာရပ်များကို သင်ကြား ပေးလေ့ရှိသည်။ ဦးဘသန်းသည် အင်္ဂလိပ်စာ၊ မြန်မာစာ၊ ပထဝီဝင်၊ သခ်ၤာနှင့် ရာဇဝင် (သမိုင်း) ဘာသာရပ်အားလုံးကျွမ်းကျင်သည်။ စာသင်ပေးပြီးလျှင် တစ်ပည့်များ နှင့်အတူ လမ်းလျှောက်ထွက်ပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်တွင် လက်ဖက်ရည် တိုက်လေ့ရှိသည်။ ထိုစဉ်က လက်ဖက်ရည်တစ်ခွက်တန်ဖိုးမှာ တစ်ခွက်လျှင် (၂)ပြား ဖြစ်သည်။

ဆရာဦးဘသန်းသည် မဟာလပ်သည့်ကြားမှပင် ရတနာလမ်း(Ryan Street) တွင်နေထိုင်သော ဆရာကြီးဦးပြာလောင်ထံမှ ပတ္တလားအတီးသင်ယူခဲ့သည်။

ဦးပြာလောင်သည် မျက်စိနှစ်ကွင်းအလင်းမရရှာသူ ဝိတစာဆိုကြီးရန်ကုန်၊ လှည်းတန်းဦးလူကလေးနှင့် သက်တူရွယ်တူဖြစ်သည်။ ကောဇာ၊ ခ ၂၃၄-ခုနှစ် (ခရစ်-၁၈၇၂)တွင် ဖွားမြင်ကြသည်။ ဦးပြာလောင်သည် လက်ဆွဲဘဂျာ၊ ဗျပ်စောင်း၊ စန္ဒရားနှင့် ပတ္တလားတို့ကို ကျွမ်းကျင်ပြောင်မြောက်စွာတီးတတ်သည်။ ရွှေပြည်အော (အလက်ာကျော်စွာ)၏ စန္ဒရားလက်သံနှင့်တွဲဖက်သီဆိုသော "ဒေါ်အေးမိ"၏ "ပန်းဟေဝန်"ယိုးဒယားသီချင်းကို သက်ကြီးပိုင်းများ ကြားဘူးကြပေမည်။ အဆိုပါတီးကွက်ကို ရွှေပြည်အော်အား တက်ပေးသူမှာ ဦးပြာလောင်ဝင်ဖြစ်သည်။

ဦးဘသန်းသည် တဝည့်များနှင့်အောလုံးကန်လေ့ရှိရာ အများအားဖြင့် နောက်ခံလူအဖြစ်ကစားသည်။

ဦးဘသန်းလက်ထက်တွင် ပညာရေးဘက်တွင်သာမက အားကစားဘက်တွင်ပါ ထူးထူးခြားခြားတိုးတက်ခဲ့သည်။ အောလုံး၊ တင်းနစ်၊ ဘတ်စကတ်ဘော၊ ခြင်းလုံးနှင့် ကြက်တောင်ရိုက်စသည့် အားကစားမျိုးစုံတွင် အဆင့်တန်းမြင့်လာသည်။ အတန်းလိုက် အောလုံးပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲများကို ကျင်းပပေးနိုင်ခဲ့သည်။ ကောဇာ၊ ခ ၂၉၇-ခုနှစ် (ခရစ်-၁၉၁၇)တွင် ပထမဆုံးအကြိမ် အားကစားပြိုင်ပွဲဆိုင်ရာအစည်းအဝေးကို ကျင်းပနိုင်ခဲ့သည်။ အထက်ပါအစည်းအဝေးသို့ ထိုစဉ်ကတနသာရီတိုင်း၊ တိုင်းမင်းကြီးဖြစ်ခဲ့သူ "မစ္စတာ ခရိုက်စတီး"က မြန်မာလူမျိုးသန့်သန့်ဖြင့် အောင်မြင်စွာကျင်းပနိုင်သောအစည်းအဝေးဟု ထုတ်ဖော်ချီးကျူးခဲ့သည်။

ကောဇာ၊ ခ ၂၈၂-ခုနှစ်၊ (ခရစ်-၁၉၂၀)တွင် တနသာရီအောလုံးအဖွဲ့က ကြီးမှူးကျင်းပသောအောလုံးပြိုင်ပွဲ၌ ကျောင်းအသင်း(၄)သင်းနှင့် အခြားအသင်း(၄)သင်း၊ ပေါင်း(၈)သင်းယှဉ်ပြိုင်ကစားကြရာ ရွှေမဟာဗုဒ္ဓဃောသကျောင်းအသင်းက တစ်ပွဲမျှမရှုံးဘဲ ဆုဖလားကြီးကိုဆွတ်ခူးနိုင်ခဲ့သည်။ ဤသည်တို့ကား ရွှေမဟာဗုဒ္ဓဃောသကျောင်းကြီးစတင်တည်ထောင်သည့် ကောဇာ၊ ခ ၂၆၁-ခုနှစ်၊ (ခရစ်-၁၈၉၉)မှ ခ ၂၈၂-ခုနှစ် (ခရစ်-၁၉၂၀)အထိ ပညာရေး၊ ဘာသာရေးနှင့် အားကစား တက်ပေါင်းစုံတိုးတက်ဖွံ့ဖြိုးခဲ့ပုံတို့ဖြစ်သည်။

ရွှေမဟာဗုဒ္ဓဃောသကျောင်းတည်ထောင်သည်မှ မြည်သူပိုင်သိမ်းသည့်ကာလအထိ ကျောင်းအုပ်ကြီးပေါင်း(၁၁)ဦးရှိသည်။

၁။ ဦးရံဝင်း
၂။ ဦးကြာဘွင့်
၃။ ဦးဘိုးရင်စီ
၄။ အက်စ်-ဘသီန်း
၅။ ဦးအောင်ဘုံ
၆။ ဦးကျော်ဒင်
၇။ ဦးလှသွင်
၈။ ဦးလှိုင်ဟုတ်
၉။ ဦးချစ်တင်
၁၀။ ဦးဘစိန်နှင့်
၁၁။ ဒေါ်တင်ကြည်တို့ဖြစ်ကြသည်။

ရှင်မဟာဗုဒ္ဓယောသကျောင်း သက်တန်းတစ်လျှောက်တွင် ကျောင်းဆရာကြီးပေါင်း (၉)ဦးရှိသည်။

၁။ မစ္စတာ ပရဲရား
၂။ မစ္စတာ ဘတ်
၃။ ဦးဘိုးရောက်
၄။ ဦးမေအောင် (ပြည်ထဲရေးဝန်ကြီးဖြစ်လာသူ)
၅။ မစ္စတာ အိုတ္တိုက်ဒေးလ်
၆။ ဦးမောင်ကြီး (မြန်မာ့ဩဘာ)
၇။ ဦးဘသန်း (ကျောင်းသုံးမြန်မာရာဇဝင်ပြုစုသူ)
၈။ ဦးဘိုးရင်စီနှင့်
၉။ ဦးဘရှင်တို့ဖြစ်ကြသည်။

ကောဇာ၊ ၁၂၆၁-ခုနှစ် (ခရစ်-၁၈၉၉)တွင် စတင်တည်ထောင်သော ရှင်မဟာဗုဒ္ဓယောသကျောင်းသည် ကောဇာ၊ ၁၃၆၁-ခုနှစ် (ခရစ်-၁၉၉၉)တွင် သက်တန်းနှစ် (၁၀၀)ပြည့်သည်။

အဆိုပါနှစ်ပေါင်း(၁၀၀)အတွင်း ကျောင်းတော်ကြီးမှ တိုင်းသိပြည်သိ၊ ထင်ပေါ်ကျော်ကြားသော ကျောင်းသား(၄)ဦးပေါ်ထွန်းခဲ့သည်။

၁။ ဦးစိန်တင် (သိပ္ပံမောင်ဝ)
၂။ ဦးစိန်ဝင်း (ဝန်ကြီးချုပ်၊ ဗိုလ်မှူးချုပ်)
၃။ ဦးထွန်းမြင့် (လင်းခေး) နှင့်
၄။ သခင်စိုး (အလံနီ)တို့ ဖြစ်ကြသည်။

သက်တန်း နှစ် (၁၀၀)ကျော်လာပြီဖြစ်သော ကျောင်းတော်ကြီးသည် အမျိုးအာသာ၊ သာသနာ၊ ပညာအတွက်ဆတက်ထမ်းပိုးတိုး၍ ဆောင်ကြဉ်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းရပေသတည်း။

ဗုဒ္ဓဘာသာ အမျိုးသမီးကျောင်း

ဆရာတော်ဦးဥတ္တမသည် ဇာတိမာန်တက်ကြွရေးနှင့် ကမ္ဘာဗဟုသုတရရှိရေးကို ထိထိရောက်ရောက် မျက်လုံးဖွင့်ပေးလေ့ရှိသော နိုင်ငံကျော်ဆရာတော်တစ်ပါး ဖြစ်သည်။ ဆရာတော်သည် အခါတစ်ပါး မော်လမြိုင်သို့ကြွရောက်လာလေရာ သာသနာရေးလူကြီးများနှင့် တွေ့ဆုံ၍ အမျိုးသားပညာရေးကိစ္စများကို ဆွေးနွေးခဲ့သည်။ ဆရာတော်က မော်လမြိုင်ကဲ့သို့သောမြို့ကြီး၌ ယောကျ်ားကလေး၊ မိန်းကလေးဟူ၍ နှစ်မျိုးနှစ်စားရှိပါလျက် မိန်းကလေးများအတွက်၊ အမျိုးသမီးကျောင်းမရှိသေးခြင်းမှာ အဂိါမစုံသောသူနှင့်တူကြောင်း အမျိုးသမီးကျောင်းကိုလည်း ထပ်မံဖွင့်လှစ်သင့်ကြောင်း အမိန့်ရှိခဲ့သည်။

ထို့ကြောင့် ကောလာ၊ ၁၂၈၀-ပြည့်နှစ်၊ (၁၆၈-၁၉၁၈)တွင် မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ မိန်းကလေးကျောင်းလမ်း(Church Lane)ရှိ မြေတွက်နှင့် အဆောက်အအုံတစ်ခုကို သာသနဓရအသင်းကြီးကဦးစီး၍ မြို့သူမြို့သားများထံမှ အလှူငွေကောက်ခံပြီးလျှင် လိုသောငွေများအတွက် ဦးချစ်လှိုင်ကဖြည့်စွက်ကာ တန်ဖိုးငွေကျပ်(၂၅၀၀)ဖြင့် ဝယ်ယူခဲ့သည်။ ထိုနေရာတွင် ဗုဒ္ဓဘာသာ အမျိုးသမီးကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ပထမဆုံးကျောင်းတုပ်ဆရာမကြီးအဖြစ် "ဒေါ်သိန်းမျှင်"က တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဒေါ်သိန်းမျှင်ကို ဗုဒ္ဓဘာသာ၊ ဗမာလူမျိုး၊ မိဘနှစ်ပါးဖြစ်ကြသော ဦးမောင်မောင်၊ ဒေါ်ညာတို့မှ ကောလာ၊ ၁၂၆၆-ခုနှစ်၊ (၁၈၀၄-၁၈၉၄)တွင် မော်လမြိုင်၊ မုပွန်ရပ်၌ ဖွားမြင်သည်။ ဦးမောင်မောင်၊ ဒေါ်ညာတို့မှ (၁)ဒေါ်သိန်းတင် (၂)ဦးဘိုကြီး

(၃)ဦးဘိုလေး (၄)ဦးဘိုနီ (၅)ဒေါ်သိန်းဇင် (၆)ဦးဘိုခွေး (၇)ဦးဘိုငယ် (၈)ဦးဘိုဖြူနှင့် (၉)ဒေါ်သိန်းမျှင် သား၊ သမီး(၉)ဦး ထွန်းကားသည်။

သားယောကျ်ားလေးအားလုံး၏ အမည်များတွင် (ဘို)ဖြင့်စ၍ သမီးမိန်းကလေးအားလုံး၏ အမည်များတွင် (သိန်း)ဖြင့်စသည်ကို ထူးခြားစွာတွေ့ရသည်။

အထွေးဆုံးသမီးဖြစ်သူ ဒေါ်သိန်းမျှင်မှာ ပညာပါရမီပါသူဖြစ်သည်။ ဒေါ်သိန်းမျှင်သည် မော်လမြိုင်၊ မော်တင်လိန်းကျောင်းမှ ၁၀-တန်းအောင်မြင်ပြီးနောက်၊ ရန်ကုန်ကောလိပ်တွင် ဆက်လက်ပညာသင်ယူသည်။ ကောဇာ၊ ၁၂၇၆-ခုနှစ်၊ (ခရစ်-၁၉၁၄)တွင်၊ ရန်ကုန်မြို့ရှိ၊ အထက်တန်းအဆင့်ဆရာအတတ်သင်ဒီပလိုမာ(Higher Grade Teachership Diploma)ရရှိခဲ့သည်။

ဒေါ်သိန်းမျှင်သည် ကောဇာ၊ ၁၂၇၇-၁၂၈၀ ခုနှစ်၊ (ခရစ်-၁၉၁၈-၂၁)တွင် ပဲခူးမြို့အစိုးရအထက်တန်းကျောင်း၌ ဆရာမအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ မော်လမြိုင်မြို့မှ ဦးချစ်လှိုင်ဦးဆောင်သောပုဂ္ဂိုလ်များသည် မော်လမြိုင်မြို့တွင် ပုဒ္ဓဘာသာအမျိုးသမီးကျောင်းဖွင့်နိုင်ရေးအတွက် ကျောင်းအုပ်ဆရာမကြီးတစ်ဦးလိုအပ်လျက်ရှိရာ ဒေါ်သိန်းမျှင်အကြောင်းသတင်းရ၍ ပဲခူးမှမော်လမြိုင်သို့ဖိတ်ခေါ်ကာ ပထမဆုံးသောကျောင်းအုပ်ဆရာမကြီးအဖြစ် ခန့်အပ်ခဲ့သည်။

ကောဇာ၊ ၁၂၈၃-ခုနှစ်၊ (ခရစ်-၁၉၂၁)တွင် ဒေါ်သိန်းမျှင်သည် မော်လမြိုင်၊ တောင်ဝိုင်းရပ်မှ "ဦးဘလို"နှင့် အကြောင်းပါသောအခါ ကျောင်းအုပ်ဆရာမကြီးအဖြစ်မှ နှုတ်ထွက်ခဲ့သည်။ ဒေါ်သိန်းမျှင်သည် အသက်(၈၂)နှစ်အရွယ်၊ ၁၃၃၈-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၆)ရက် (၂၈ စက်တင်ဘာ ၁၉၇၆)တွင် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းနေအိမ်၌ ကွယ်လွန်သည်။

ဒေါ်သိန်းမျှင် နှုတ်ထွက်သွားသောအခါ ကောဇာ၊ ၁၂၈၃-ခုနှစ်၊ (ခရစ်-၁၉၂၁)တွင် ဒေါ်ဖွားကြည်သည် အဆိုပါကျောင်းတွင် ကျောင်းအုပ်ဆရာမကြီးဖြစ်လာသည်။

ဒေါ်ဖွားကြည်ကို မော်လမြိုင်မြို့၌ ဦးဘိုးရင်၊ဒေါ်နှင်းဘူး ဇနီးမောင်နှံတို့မှ ကောဇာ၊ ၁၂၅၈-ခုနှစ်၊ (ခရစ်-၁၈၉၆)တွင် ဖွားမြင်သည်။ ဦးဘိုးရင်၊ ဒေါ်နှင်းဘူးတို့မှ (၁)ဒေါ်သိန်းကြွယ် (၂)ဒေါ်အေးကြွယ် (၃)ဒေါ်ဖွားကြည် (၄)ဒေါ်သောင်း (၅)ဒေါ်စန်း (၆)ဦးစိန်ဝင်းနှင့် (၇)ဦးစောလွင် သားသမီး(၇)ဦးထွန်းကားသည်။

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ ကုန်သည်ကြီး ဦးသာရနှင့် ဒေါ်မယ်ကလေး ဇနီးမောင်နှံမှ (၁)ဦးတိုးသက် (၂)ဒေါ်မြိမ်းအုံ (၃)ဦးအောင်ဘုံ (၄)ဦးထွန်းရင်နှင့် (၅)ဦးထွန်းတိ သားသမီး(၅)ဦးထွန်းဖားသည်။ သားကြီး "ဦးတိုးသက်"သည် ဦးဘုံဖေ၏ ခါတ်မီးစက်လူယုံတော်၊ စာရင်းကိုင်ချုပ်ဖြစ်ခဲ့သည်။ တတိယသားဖြစ်သူ "ဦးအောင်ဘုံ" မှာ ရွှင်မဟာဗုဒ္ဓဃောသကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်ခဲ့သည်။ စတုတ္ထသားဖြစ်သူ "ဦးထွန်းရင်"မှာ ဒေါ်ဖွားကြည်၏ခင်ပွန်းဖြစ်လာသည်။

ဒေါ်ဖွားကြည်သည် ၁၂၇၇-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၇)ရက် (၁၅ အောက်တိုဘာ ၁၉၁၅)တွင် ရန်ကုန်မြို့၊ စိန်မေရီနော်မံကျောင်း(St. Mary Normal School)မှ ဆရာဖြစ်သင်လက်မှတ်ရသည်။ ကောလာ၊ ၁၂၈၃-ခုနှစ် (ခရစ်-၁၉၂၁)တွင် ဗုဒ္ဓဘာသာအမျိုးသမီးကျောင်း၏ ကျောင်းအုပ်ဆရာမကြီးဖြစ်လာသည်။ ကောလာ၊ ၁၂၈၅-ခုနှစ် (ခရစ်-၁၉၂၃)တွင် နှုတ်ထွက်သည်။ ဦးသာရ၊ဒေါ်မယ်ကလေးတို့၏သား ဦးထွန်းရင်နှင့် ထိမ်းမြားသည်။ တစ်ဦးတည်းသောသား ဒေါက်တာမြတ်သွင် ထွန်းကားသည်။

ဗုဒ္ဓဘာသာအမျိုးသမီးကျောင်းကို သာသနဓရအသင်းကြီးကပင်၊ စနစ်တကျ တည်ထောင်ခဲ့ရာ တစ်စတစ်စထွန်းကားလာသည်မှာ (၁၀)တန်းအထိသင်ကြား နိုင်သော အထက်တန်းကျောင်းအဆင့်သို့ ရောက်ရှိခဲ့သည်။ အမျိုးသားရေးကို ဦးထိပ်ထားသော မြို့ပိမြို့ဖများကလည်း မိမိတို့၏သမီးမိန်းကလေးများကို သာသနာပြု ကျောင်းများမှထုတ်နှုတ်၍ ဗုဒ္ဓဘာသာအမျိုးသမီးကျောင်းသို့ ပြောင်းရွှေ့ကာ ပညာ သင်ယူစေခဲ့ကြသည်။ မုပွန်-ဒိုင်းဝန်တွင်း အစမ်းသော ရပ်ဝေးနေကျောင်းသူများ၊ ကျောင်းသွားကျောင်းပြန် လွယ်ကူချောမွေ့စေရန် ကျောင်းကြိုပို့ကားများလည်း ထားရှိ ပေးသည်။ ကားခမှာတစ်ဦးလျှင် တစ်လ(၃)ကျပ်ဖြစ်သည်။ အသုပ်စုံတစ်ပွဲလျှင် (၁)ပြား သာပေးရသောခေတ်တွင် မုန့်ဖိုးတစ်နေ့(၁)ဝဲမှာ ကောင်းစွာလုံလောက်သည်ဟု အသက်(၈၀)ကျော် ကျောင်းသူဟောင်းကြီးတစ်ဦးက မှတ်မှတ်ရရ ပြန်ပြောင်းပြောပြ သည်။

ကျောင်းသူဦးရေတိုးလာသောအခါ စာသင်ခန်းမလုံမလောက် ဖြစ်လာသည်။ ထိုအခါ ဦးချစ်လှိုင်ကတစ်ဝက် မြို့လူထုကတစ်ဝက် ပေါင်းစုလှူဒါန်းငွေဖြင့် ကျောင်း ဆောင်သစ်တစ်ဆောင်ကို ထပ်မံဆောက်လုပ်ပြန်ရာ ကျပ်(၁၀၀၀၀)ကုန်ကျသည်။

ကောဇာ၊ ၁၂၈၂-ခုနှစ်၊ (ခရစ်-၁၉၂၀)ကျော်လွန်လာသောအခါ ကို. စီ. ဘီ. အေအသင်းကြီးပြိုကွဲလာသည်။ အကွဲဝယက်သည် ရှင်မဟာဗုဒ္ဓယောသကျောင်းနှင့် ဗုဒ္ဓဘာသာအမျိုးသမီးကျောင်းသို့ပါ ရိုက်ခတ်လာသည်။ ကောဇာ၊ ၁၂၈၃-ခုနှစ်၊ (ခရစ်-၁၉၂၇)အထိ တစ်ဖြည်းဖြည်းလုံးပါးပါးလာရာမှာ တစ်စတစ်စ တိမ်မြုပ်မည့်အခြေအနေသို့ ဆိုက်ရောက်လာသည်။

ကျောင်းကြီးနှစ်ကျောင်း၏အခြေအနေမှာ ရေတိမ်နစ်တော့မည်ကို တွေ့မြင်ကြရ၍ နောင်ရေးအတွက်ဆက်လက်ကြိုးစားမှ အမျိုးသားတို့မှက်နှာလှကြတော့မည်ကို တွေးတောမိကြသည့်အတိုင်း သာသနဓရအသင်းကြီးကို နှီးဆော်ပြီးလျှင် ဦးထွန်းဝင်း၊ ဦးတိုးလုံ၊ ဦးတုံးဖေနှင့် ဦးဘိုးရင်စီ အစရှိသောပုဂ္ဂိုလ်ကြီးများက ကျောင်းကြီးနှစ်ကျောင်းကို အသစ်တစ်ဖန်နာလန်ထူအောင် ကြံဆောင်အားထုတ်ခဲ့ကြလေသည်။ ကောဇာ၊ ၁၂၉၀-ခုနှစ် (ခရစ်-၁၉၂၈)တွင် ဦးအောင်ဘုံအား ရှင်မဟာဗုဒ္ဓယောသကျောင်းကျောင်းအုပ်ကြီးအဖြစ်ခန့်အပ်၍ ဒေါ်လှခင်အား ဗုဒ္ဓဘာသာအမျိုးသမီးကျောင်း၏ကျောင်းအုပ်ဆရာမကြီးအဖြစ် ခန့်အပ်ခဲ့လေသည်။

မော်လမြိုင်မြို့၊ မုဒွန်ရပ် "မလိပ်ကုန်း" (ယခုရေတပ်နေရာ)ရှိဆန်စက်မှ "ဦးတင်စွမ်"သည် "ဒေါ်မေ"နှင့် အကြောင်းပါရာသား "မောင်ဂွမ်ရှိန်"၊ သမီး "မလှခင်" သားသမီးနှစ်ဦးကိုဖွားမြင်သည်။ မလှခင်ကို ၁၂၇၀-ခုနှစ်၊ တန်ခူးလဆုတ်(၇)ရက်၊ ဗုဒ္ဓဟူးနေ့ (၂၂ ဧပြီ ၁၉၀၈)တွင် ဖွားမြင်သည်။ မလှခင်၏ အမျိုးသားမှတ်ပုံတင်နံပါတ်မှာ အီးကို-၀၀၀၄၄၄ ဖြစ်သည်။

မလှခင်အသက်(၁၉)နှစ်အရွယ် ကောဇာ၊ ၁၂၈၉-ခုနှစ်၊ (ခရစ်-၁၉၂၇)တွင် ဘီ. အေအောင်သည်၊ အသက်(၂၀)နှစ်အရွယ် ကောဇာ၊ ၁၂၉၀-ခုနှစ်၊ (ခရစ်-၁၉၂၈)တွင် ဒီ. တီဘွဲ့ဆက်ယူသည်။ ထိုနှစ်မှာပင် သာသနဓရအသင်းကြီး၏ ဖိတ်ခေါ်တာဝန်ပေးချက်အရ မော်လမြိုင်ဗုဒ္ဓဘာသာအမျိုးသမီးကျောင်းတွင် ကျောင်းအုပ်ဆရာမကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ဒေါ်လှခင်လက်ထက်တွင် ကျောင်းသူဦးရေတိုးပွားလာသည်။ ကျောင်းကြီးတိုးတက်ဖွံ့ဖြိုးလာသည်။ ဘာသာရေးအခမ်းအနားများကျင်းပရန်နှင့် ဆရာမများ၊ ကျောင်းသူများဘုရားဝတ်ပြုရန်အတွက် ဓမ္မာရုံလိုအပ်လာသည်။ ထိုအခါ ရွှေဥစ္စော အပ(ဗဟို)ဥစ္စာ၊ သဒ္ဓါစော အတွင်း(အလွှတ်)ဥစ္စာတို့နှင့် မြည့်စုံကုန်ကြသော ရန်ကုန်မြို့၊ သူဌေးကြီးဆာဦးသွင်၊ မော်လမြိုင်မြို့၊

ခေတ်မီးစက်သုဌေး ဦးအုံးဖေတို့က မိမိတို့ကျေးဇူးရှင်မိဘတို့အားလည်း ပူဇော်ရာ ရောက်စေ၊ အမျိုးသမီးကျောင်းကြီးလည်း ကျက်သရေရှိစေဟူသော တစ်ချက်ခုတ် နှစ်ချက်ဖြတ် ရည်ရွယ်ချက်ဖြင့် မိဘနှစ်ပါးတို့၏နာမည် ကမ္ဘည်းတပ်ကာ "ဖလ်ယဉ်ဓမ္မာရုံ"ဟု အမည်တွင်သော ဓမ္မာရုံကြီးတစ်ဆောင်ကို ဆောက်လုပ် လှူဒါန်းသည်။

ဒေါ်လှခင်လက်ထက်မှာပင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသည်။ အမျိုးသမီး ကျောင်းရှိ ဆောက်အအုံအားလုံးမှာ ဂျပန်အပြေးမဟာမိတ်တို့အဝင်တွင် မဟာမိတ်တို့ ဗုံးချက်ကြောင့် ဖျက်စီးခြင်းမလှဖျက်စီး၍ မြေကွက်သာကြွင်းကျန်ရစ်ခဲ့လေသည်။

ဒေါ်လှခင်သည် စစ်ဘေးကိုရှောင်တိမ်းရင်း ဘီလူးကျွန်း၊ ချောင်းဆုံမြို့သို့ ပြောင်းရွှေ့ခိုလှုံရသည်။ လွတ်လပ်ရေးရပြီးနောက် ချောင်းဆုံ အ-ထ-ကတွင် ကျောင်းအုပ်ဆရာမကြီးအဖြစ် (၃)နှစ်အမှုထမ်းပြီးအငြိမ်းစားယူသည်။

ဒေါ်လှခင်သည် ဘဝနေဝင်ချိန်နီးသော် တူ၊ တူမများအား မိမိ၏ အသုဘချ မည့်အစီစဉ်ကို အသေးစိတ်မှာကြားခဲ့သည်။ (၅ မတ် ၁၉၉၀)တွင် ချောင်းဆုံမြို့၌ အပျိုကြီးဘဝဖြင့်ပင် ကွယ်လွန်သွားရှာလေသည်။

ဒုတိယကမ္ဘာစစ်ပြီးချိန်တွင် ဒုဒ္ဒဘာသာအမျိုးသမီးကျောင်းကို ပြန်လည် ဖွင့်လှစ်နိုင်ရန် သာသနဓရအသင်းကြီးကကြိုးပမ်းခဲ့သည်။ သို့သော် သာသနဓရ အသင်း ဥက္ကဋ္ဌကြီး ဦးအုံးဖေကွယ်လွန်သွားသဖြင့် အားပျက်သွားသည်။ ကောဇာ၊ ၁၃၁၁-ခုနှစ်၊ (ခရစ်-၁၉၄၉)တွင် ရောင်စုံသောင်းကျန်းသူများအန္တရာယ်ကြောင့် တောလက် ကျေးရွာများမှ စစ်ပြေးဒုက္ခသည်များ မော်လမြိုင်မြို့သို့ လာရောက်ခိုလှုံကြသည်။ အမျိုးသမီးကျောင်းပိုင်မြေပေါ်တွင် ကျူးကျော်တဲအိမ် အလုံး(၃၀)ထိရှိလာသည်။ ထိုတဲများဖယ်ရှားရေးမှာ ကြီးမားသောအခက်အခဲဖြစ်သည်။ သာသနဓရအသင်းကြီး သည် ကောဇာ၊ ၁၃၁၉-၁၃၂၀-၁၃၂၁ (ခရစ်-၁၉၅၇-၁၉၅၈-၁၉၅၉) သုံးနှစ် ဆက်တိုက် ကျူးကျော်တဲအိမ်များဖယ်ရှားနိုင်ရေးကို ကြိုးပမ်းသည်။ နောက်ဆုံး အိမ်စောင့်အဝိုးရလက်ထက်တွင်မှ အောင်မြင်မှုရရှိတော့သည်။

ကောဇာ၊ ၁၃၂၂-ခုနှစ်၊ (ခရစ်-၁၉၆၀)တွင် ကျောင်းပြန်ဖွင့်ရေးအတွက် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်သည်။ အောက်ခြေသိမ်းလုပ်ငန်းများကို "ဒေါ်စောသင်"က ကိုယ်ဖိရင်ဖိဆောင်ရွက်သည်။ ကျောင်းအတွက်လိုအပ်သမျှကို

ဓာတ်မီးသူဌေးဦးအုံးဖေ၏သား ဝဏ္ဏကျော်ထင်ဦးစိုးတင်က ရက်ရက်ရောရော လှူဒါန်းသည်။ ကောဇာ၊ ၁၃၂၃-ခုနှစ်၊ (၁၉၆၁)တွင် ဗုဒ္ဓဘာသာအမျိုးသမီးကျောင်းကို ပြန်လည်ဖွင့်လှစ်သောအခါ ဒေါ်စောသင်ကအုပ်ချုပ်သူအဖြစ် ဆောင်ရွက်၍ ဦးညွန့်တကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူသည်။

ဘီလူးကျွန်း "ကမာပိုရွာ"နေ ဦးညို၊ဒေါ်ခြံတို့မှ သမီး(၅)ဦးဖွားမြင်သည်။ (၁)ဒေါ်နှင်းလှ (၂)ဒေါ်ထားရီ (၃)ဒေါ်ဖွားသန့် (၄)ဒေါ်စောသင်နှင့် (၅)ဒေါ်လှခင်တို့ဖြစ်ကြသည်။

စတုတ္ထသမီး ဒေါ်စောသင်ကို ၁၂၇၆-ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက် အင်္ဂါနေ့ (၂၈ ဇူလိုင် ၁၉၁၄)တွင် ဖွားမြင်ခဲ့သည်။ စစ်ကြီးခေတ် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဂုဏ်ထူး(မြန်မာစာ)ဘွဲ့ကို ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် ခေတ္တတာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးချိန်တွင် အရှေ့တပ်မြေလမ်း၊ ခြံအမှတ်(၁)တွင် နေထိုင်ခဲ့သည်။ မော်လမြိုင်ဘုရင့်ခံတွင် မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့သည်။ မော်လမြိုင်တွင် ဒေါ်စောသင်ကို "ဒေါ်ငယ်"ဟု အများကရင်းရင်းနှီးနှီး ခေါ်ကြသည်။ ဒေါ်ငယ်သည် ဓနဝုဏ်၊ ပညာဝုဏ်တို့နှင့်ပြည့်စုံသူဖြစ်သည်။ လူ့ဘဝတွင် နှစ်ပေါင်း(၇၀)နေထိုင်သွားသည်။ ဘဝသက်တန်း၏သုံးပုံနှစ်ပုံကို ဘာသာရေး၊ လူမှုရေး၊ ပညာရေးစသော ပရဟိတလုပ်ငန်းများကို လုပ်ကိုင်သွားခဲ့သည်။ အမျိုးသမီးစောင့်ရှောက်ရေးအသင်းကို မိမိအိမ်မှာပင်ဖွင့်လှစ်၍ စက်ချုပ်သင်တန်းနှင့် အိမ်တွင်းမှုသင်တန်းများကို သင်ကြားပေးခဲ့သည်။ ဝီလာနသံယာ့ဆေးရုံနှင့် မိခင်နှင့် ကလေးများစောင့်ရှောက်ရေးအသင်းတို့တွင် နှစ်ရှည်လများတာဝန်ထမ်းဆောင်ခဲ့သည်။ ဗုဒ္ဓဘာသာအမျိုးသမီးကျောင်း တည်တံ့ခိုင်မြဲရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ကိုယ်ရော၊ စိတ်ပါ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဥဿဖရားနားကပ်မှလွဲ၍ မည်သည့်စိန်၊ ရွှေရတနာလက်ဝတ်ပစ္စည်းကိုမျှ ဝတ်ဆင်ခြင်းမပြုခဲ့ချေ။ ရင်ဖုံးအင်္ကျီလက်ပွပွကို ဝတ်ဆင်၍ ခုံဖိနပ်ကိုအမြဲစီးသည်။ "ရေပြည့်အိုးဘောင်ဘင်မခတ်"ဟူသော ဆိုရိုးစကားမှာ ဒေါ်စောသင်အတွက် "ကွက်တိ"မှန်ကန်သည်။

ဒေါ်စောသင်သည် (၁၃ ဇူလိုင် ၁၉၈၄) သောကြာနေ့၊ ည(၈)နာရီ၊ (၅၀)မိနစ်တွင် မော်လမြိုင်မြို့မှာပင် အပျိုကြီးဘဝဖြင့်ကွယ်လွန်သွားသည်။

ဦးညွန့် (ဘီ. အေ၊ ဘီ. အီး. အက်စ်-၁) (B.A,B.E.S-1)ကို မိဘနှစ်ပါးဖြစ်ကြ

သော ဦးကြော်ညာ၊ ဒေါ်ခင်ဥတို့မှ ၁၂၅၅-ခုနှစ်၊ ကဆုန်လဆုတ်(၉)ရက် (၈ မေ ၁၈၉၃) တနလာနေ့တွင်ဖွားမြင်သည်။ ဇာတာအမည်မှာ မောင်ခင်ညွန့်ဖြစ်သည်။

ဦးညွန့်သည် ရွှေကျင်၊ ကသာ၊ ပုသိမ်နှင့် ပြည်မြို့များတွင် အထက်တန်းကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းခဲ့သည်။ ကောဇာ၊ ၁၃၀၇-ခုနှစ်၊ (ခရစ်-၁၉၄၅)တွင် မော်လမြိုင်မြို့သို့ ပြောင်းရွှေ့ရပြီး တနင်္သာရီတိုင်းပညာဝန်အဖြစ် အမှုထမ်းခဲ့သည်။ လွတ်လပ်ရေးခေတ်ဦးတွင် အငြိမ်းစားယူသည်။ အငြိမ်းစားယူပြီးနောက် မော်လမြိုင်မြို့၊ "တညင်းကုန်း"ရပ်၊ အိမ်အမှတ်(၅)၊ ထားဝယ်တံတားလမ်းရှိ "ဒေါက်တာရွှေလု"၏ အိမ်ကို ငှားရမ်းနေထိုင်သည်။ ဘာသာရေး၊ လူမှုရေးနှင့် ပညာရေးတို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

ကောဇာ၊ ၁၃၁၈-၁၃၂၂-ခုနှစ်၊ (ခရစ်-၁၉၅၆-၆၀)ငါးနှစ်တိုင်တိုင် ဦးဇီနဘုရားဘဏ္ဍာထိန်းဂေါပကဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ မော်လမြိုင်ဥပစာကောလိပ်ကျောင်းဖွင့်စတွင် အင်္ဂလိပ်စာဌာနဌ အချိန်ပိုင်းကထိကအဖြစ် ဆောင်ရွက်ခဲ့သည်။ တညင်းကုန်းရပ်၊ မိသားစုညီညွတ်ရေးအသင်းတွင် အမှုဆောင်ဖြစ်ခဲ့သည်။ အမျိုးသမီးကျောင်း ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးညွန့်သည် စည်းစနစ်ကြီးလွန်းသူဟုနာမည်ကြီးသည်။ ရွှေတာရာတွင်လည်း စံနမူနာလောက်အောင်ပင် ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ယူနေကြသော သမီးများထံစာရေးရာတွင် ပြက္ခဒိန်စာရွက်ကျောဘက်မှက်နှာအလွတ်ပေါ်တွင် ရေးသားခဲ့သည်ကို တွေ့ရသည်။

ဦးညွန့်သည် အသက်(၉၂)နှစ်အရွယ် (၁၃ ဇန်နဝါရီ ၁၉၈၅)တွင် ကွယ်လွန်သည်။ ၁၃၂၇-ခုနှစ်၊ တန်ခူးလပြည့်နေ့ (၅ ဖေဖော်ဝါရီ ၁၉၆၆)တွင် ဗုဒ္ဓဘာသာ အမျိုးသမီးကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ "ပွေပန်"တရုတ်ကျောင်းကိုပါ ပြည်သူပိုင် သိမ်းသည်။ အထက်ပါကျောင်းနှစ်ကျောင်းကိုပူးပေါင်း၍ အ-လ-က(၄)အဖြစ် တည်ထောင်ခဲ့သည်။

အခန်း (၀)

စီးပွားရေး

(က) ဆန်စပါးနှင့် ကျွန်းသစ်လုပ်ငန်း

မော်လမြိုင်စီးပွားရေးတွင် ဆန်စပါးနှင့်ကျွန်းသစ်လုပ်ငန်းသည် ထိပ်ဆုံးက ပါဝင်သည်။ ကောလာ၊ ၁၁၈၆-ခုနှစ်၊ (ခရစ်-၁၈၂၄) ကျော်လွန်သောအခါ မော်လမြိုင် ခရိုင်တွင် မြေလွတ်၊ မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနှုတ်မြောင်းများ တူးဖော်ခြင်းတို့ကြောင့် စိုက်ပျိုးနိုင်သည့်လယ်မြေပိုး၍ ကျယ်ဝန်းလာသည်။ စပါးပိုထွက် လာသည်။ မြည်တွင်းစားသုံးမှုဖူလုံခဲ့မှုမက နိုင်ငံခြားသို့ပါတင်ပို့ရောင်းချလာနိုင် သည်။

ကောလာ၊ ၁၂၂၂-ခုနှစ်၊ (ခရစ်-၁၈၆၀)တွင် မော်လမြိုင်၌ ပထမဆုံး ဆန်စက်ကို တည်ထောင်သည်။ ကောလာ၊ ၁၂၃၈-ခုနှစ်၊ (ခရစ်-၁၈၇၆)ရောက်သော် ဆန်စက်(၁၂)လုံး ဖြစ်လာသည်။ ပထမဦးစွာ မော်လမြိုင်မှဆန်များကို မလေးကျွန်းဆွယ် သို့ တင်ပို့ရောင်းချသည်။ ကောလာ၊ ၁၂၃၂-ခုနှစ်၊ (ခရစ်-၁၈၇၀) ကျော်လွန်သောအခါ မော်လမြိုင်မှဆန်များကို အိန္ဒိယနှင့် ဥရောပဈေးကွက်များသို့ပါ တင်ပို့ရောင်းချသည်။ ကောလာ၊ ၁၂၁၇-ခုနှစ် (ခရစ်-၁၈၅၅)တွင် ဆန်တန်ချိန် (၁၆၀၀၀)တင်ပို့ရာမှ နောင်နှစ်(၂၀)အကြာ၊ ကောလာ၊ ၁၂၃၇-ခုနှစ် (ခရစ်-၁၈၇၅)တွင် တန်ချိန် (၇၈၀၀၀) အထိတိုး၍ တင်ပို့ရောင်းချနိုင်သည်။

မော်လမြိုင်၏ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းကို နိုင်ငံခြားသားပိုင် ကုမ္ပဏီကြီး(၄)ခုက ချုပ်ကိုင်ထားသည်။

၁။ ဘူလော့ဘရားသားကုမ္ပဏီ (Bulloch Brothers & Co.)

၂။ ဘူရိုးကုမ္ပဏီ (Francois Burot & Co.)

၃။ တိုမန်ကုမ္ပဏီ (Melosch Hollmann & Co.)

၄။ စတီးကုမ္ပဏီ (Strang Steel & Co.) တို့ဖြစ်ကြသည်။

ကုမ္ပဏီများပိုင်ဆိုင်သည့် ဆန်စက်များသည် မုဒွန်ရပ်တွင်ရှိခဲ့သည်။ သစ်လုပ်ငန်း (အထူးသဖြင့် ကျွန်းသစ်လုပ်ငန်း)သည် မော်လမြိုင်တွင် အကြီးအကျယ် ထွန်းကားခဲ့သည်။

ပထမဆုံးသစ်တောလိုင်စင်ကို မစ္စတာ"ဘင့်တလေ"(Mr. Bentley)အား ချပေး

ခဲ့သည်။ မကြာမီမှာပင် သစ်လုပ်ငန်းတိုးတက်ဖွံ့ဖြိုးလာသည်။ ကောလာ၊ ၁၁၉၅-ခုနှစ်၊ (ခရစ်-၁၈၃၃)တွင် ပထမဆုံးသစ်စက်ကိုတည်ထောင်သည်။ မကြာမီမှာပင် မုဗွန်ရပ်ကွက်၌ သစ်စက်များကိုတစ်လုံးပြီးတစ်လုံး တည်ထောင်လာကြသည်။ ဝထမဦးစွာကျွန်းသစ်များကို အိန္ဒိယသို့တင်ပို့ရောင်းချ၍ နောင်အခါဥရောပသို့ပါ တင်ပို့ရောင်းချသည်။ ကျွန်းသစ်အချို့ကို ပြည်တွင်းရှိသင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင်အသုံးပြုသည်။

ကောလာ၊ ၁၁၉၈-ခုနှစ်၊ (ခရစ်-၁၈၃၆)တွင် သစ်ရောင်းဝယ်ခွန် ကျပ်(၂၅၀၀၀)ရသည်။ နောင်နှစ်(၂၀)ခန့်အကြာ ကောလာ၊ ၁၂၁၇-ခုနှစ်၊ (ခရစ်-၁၈၅၅)တွင် ကျပ်(၂၀၆၀၀၀)အထိ တိုး၍ရရှိသည်။ ကောလာ၊ ၁၂၁၇-ခုနှစ်၊ (ခရစ်-၁၈၅၅)တွင် သစ်ရောင်းရငွေ ကျပ်(၁၄၃၉၀၀၀)ရရှိ၍ (၆)နှစ်အကြာ ကောလာ၊ ၁၂၂၃-ခုနှစ်၊ (ခရစ်-၁၈၆၁)တွင် ကျပ်(၆၆၆၃၀၀၀)အထိတိုး၍ ရောင်းချရသည်။

ခွေးသေကောင်ပုပ်မြင်လျှင်၊ လင်းတများ ပျံဝဲရောက်ရှိဝိုင်းအုံလာသကဲ့သို့၊ ကျွန်းသစ်လုပ်ငန်းဖွံ့ဖြိုးဝေစည်ရာမော်လမြိုင်သို့ နိုင်ငံခြားသားအရင်းရှင်ကုမ္ပဏီကြီးများ အလုအယက်ဝင်ရောက်လာကြသည်။

၁။ ဘုံဘေဘားမားကုန်သွယ်ရေးကော်ပိုရေးရှင်း (The Bombay Burmah Trading Corporation)

၂။ ဘတ်ခနင်ကုမ္ပဏီ (Buchanan & Co.)

၃။ ဖူးကားကုမ္ပဏီ (Foucar & Co.)

၄။ ဟင်နေကုမ္ပဏီ (Robert Hannay & Co.)

၅။ ဟင်ဒါဆင်ကုမ္ပဏီ (Henderson Brothers & Co.)

၆။ လီမွေ့ဇင်ကုမ္ပဏီ (Limouzin & Co.)

၇။ စတီးကုမ္ပဏီ (W. Strang Steel & Co.)နှင့်

၈။ တော့ဖင်လေကုမ္ပဏီ (Todd Findlay & Co.)တို့ဖြစ်ကြသည်။

တိုင်းရင်းသားများအနက်မှ ပထမဆုံးသစ်တောဝန်ရရှိသူမှာ၊ ထိုစဉ်ကကြွယ်ဝချမ်းသာဆုံးဖြစ်သူ "ဦးမွန်ထော်"ဖြစ်သည်။

ဦးမွန်ထော်ကို မော်လမြိုင်နှင့် (၇)မိုင်ကွာ "ကတိုးရွာ"တွင် မိဘနှစ်ပါးဖြစ်ကြသော "ဦးထော်ရိုက်၊ ဒေါ်ထော်ခွဲ"တို့မှ ဖွားမြင်ခဲ့သည်။ မွေးချင်း(၁၀)ဦးတွင်

သားကြီးဩရသဖြစ်သည်။ မွေးသက္ကရာဇ်မသိရချေ။ သီပေါမင်းထက်အသက်ကြီးသည်ကား သေချာသည်။

အရွယ်ရောက်သောအခါ သစ်လုပ်ငန်းကိုလုပ်ကိုင်သည်။ ဇင်းမယ်စော်ဘွားတို့၏ ကူညီဖေမှုကြောင့် မိုင်းလုံးကြီးသစ်တောတွင်လုပ်ကိုင်ခွင့်ရရာမှ တွယ်ဝချမ်းသာလာသည်။ (၆)နှစ်အကြာတွင် စော်ဘွားကြီးကွယ်လွန်သွားသည်။

ထိုအခါမှစ၍ အထက်အညာသို့ခြေဦးလှည့်သည်။ ကိုယ်ပိုင်မီးသင်္ဘောဖြင့် ရတနာပုံနေပြည်တော်သို့ အခေါက်ခေါက်အခါခါသွားသည်။ ကင်းဝန်မင်းကြီးအပါအဝင်မှူမတ်များနှင့် သိကျွမ်းခင်မင်လာသည်။ မင်းတုန်းမင်းထံ ဝင်ရောက်ခစားခွင့်ရသည်။ မော်လမြိုင်ဧသထွက် သစ်သီးဝလံ၊ ပန်းမန်၊ ဗျိုးပင်များကိုလည်းကောင်း ခဲယဉ်းဆန်းပြားစွာပြုလုပ်ထားသော ဆင်စွယ်ဖျာနှင့် ဆင်စွယ်သလွန်တို့ကိုလည်းကောင်း မင်းတုန်းမင်းထံဆက်သသည်။

မင်းတုန်းမင်းလက်ထက်တွင် "ကင်းဝန်မင်းကြီး"သည် ဖြင်သစ်ပြည်သို့ သံတမန်အဖြစ် သွားခဲ့စဉ်ကမော်လမြိုင်တွင် ခေတ္တဝင်ရောက်နားနေခဲ့သည်။ ကင်းဝန်မင်းကြီးဦးဆောင်သောသံအဖွဲ့သည် ၁၂၃၅-ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက် (၃၀ မတ် ၁၈၇၄)တွင် မော်လမြိုင်သို့ရောက်သည်။ နောက်တစ်နေ့တွင် ကင်းဝန်မင်းကြီးနှင့်အဖွဲ့သည် ကျိုက်ဖနဲလမ်း၊ ကျောင်းတကာကြီး "ဦးနုတ်" အိမ်တွင် ဦးမွန်ထော်က ခင်းကျင်းပြင်ဆင်သည့် စားပွဲတွင်နံနက်စာစားကြသည်။ ထိုနေ့ မွန်းတည့် (၁၂)နာရီတွင် ကင်းဝန်မင်းကြီးသည် (သစ်ကုန်သည်ကြီးများဖြစ်ကြသော) ဦးတူ၊ ဦးရွှေကြည်၊ မောင်စံဦး၊ မောင်ကံကြီး၊ ကျောင်းအစ်မ"မဆုံ"တို့နှင့်အတူ လှေစီး၍ "ကတိုး"သို့ သွားကြသည်။ မွန်းလွဲ(၂)နာရီတွင် ကတိုးသို့ရောက်သည်။ ဆောက်လုပ်ဆဲ ဦးမွန်ထော်၏အိမ်ပေါ်တွင်စခန်းချ၍ နားနေကြသည်။ ဇင်းမယ်စော်ဘွားအိမ်နှင့် ပုံစံတူဆောက်လုပ်၍ မော်လမြိုင်(ဧသ)တွင် အကြီးဆုံးဆိုလောက်သည်။ ဆောက်လုပ်ချိန် (၁)နှစ်ကျော်ကြာ၍ ကုန်ကျငွေ ကျပ်(၁၂၀၀၀)ရှိမည်။ (ထိုခေတ်က စိန်တစ်ရတီ၏ တန်ဖိုးမှာ ၆၆ကျပ်၊ ၆၅ပြား ဖြစ်သည်။) (ကင်းဝန်မင်းကြီးနှင့် အဖွဲ့သည်) ဦးမွန်ထော်အိမ်တွင်ညစာစား၍ မော်လမြိုင်သို့ပြန်ကြသည်။

ကောလာ၊ ၁၂၃၇-ခုနှစ်၊ (ခရစ်-၁၈၇၆)တွင် ဦးမွန်ထော်သည် မိမိပိုင် "ကိုးဆောင်အိမ်ကြီး"တွင် ပန်းတိမ်အကျော်မော်များဖြင့် ထီးတော်ကြီးကို ပြုလုပ်ပြီးစီး

သောအခါ ရွှေတိဂုံကုန်းတော်ပေါ်ရှိ "နောင်တော်ကြီးစေတီ"တွင် တင်လျှုခဲ့သည်။ နောင်တော်ကြီးစေတီအနီးတွင် ကျောက်စာတိုင်တစ်တိုင်ကိုလည်း စိုက်ထူခဲ့သည်။

မင်းတုန်းမင်းနတ်ရွာစံပြီး နန်းတက်လာသော သီပေါမင်းလက်ထက်တွင် ဘုရင့်ထံအခွန်ဆက်သ၍ မဇာရွှေလီသစ်တောကို လုပ်ပိုင်ခွင့်ရသည်။ ဦးမွန်ထော်သည် သစ်တောနယ်မြေများအတွင်း ဆူပူသောင်းကျန်းနေသူများကို ချေမှုန်းနိုင်သည်ကို နှစ်ထောင်းအားရတော်မူသဖြင့် သီပေါမင်းက ဦးမွန်ထော်အား "နေမျိုးရာဇ သခ်ယာဘွဲ့"ချီးမြှင့်သည်။

မကြာမီမှာပင် ဦးမွန်ထော်သည် "ညောင်ရမ်းမင်းသား"၏ သူလျှိုဖြစ်သည်ဟု ကုန်းချောခံရသည်။ ဘုရင်ကအထင်လွဲသဖြင့် လိုက်လံဖမ်းဆီးစေသည်။ ကြိုတင်သတင်းရထားသော ဦးမွန်ထော်သည် ရုန်ကုန်သို့ထွက်ခွါတော့မည့်ဆဲဆဲ အင်္ဂလိပ်သင်္ဘောထက်ရှိ ကျောက်မီးသွေးသိုလှောင်ရာအခန်းတွင် ပုန်းအောင်းလိုက်ပါ၍ လွတ်မြောက်သွားလေတော့သည်။

သစ်လုပ်ငန်းအကြောင်း ဆက်လက်တင်ပြရသော်

ရန်ကုန်စာချုပ်ချုပ်ဆိုပြီး (၁)နှစ်အကြာ ကောလာ၊ ၁၁၈၉-ခုနှစ်၊ (ခရစ်-၁၈၂၇)တွင် အရှေ့အိန္ဒိယကုမ္ပဏီက သစ်တောများကိုလေ့လာရန် "ဒေါက်တာ ဝေါလစ်ချ်"(Dr. Wallich)အား မော်လမြိုင်သို့စေလွှတ်သည်။ စီးပွားရေးမျက်စိဖြင့်လာသူ ဝေါလစ်ချ်သည် သစ်တောကြီးများအတွင်း ဆင်ဖြင့်လှည့်လည်ပြီး သစ်များကိုရေတွက်သတ်မှတ်သည်။ အလျား(၂)မိုင်၊ အနံကိုက်(၈၀)ရှိသော တောတန်းတစ်ခုတွင် ရေတွက်ကြည့်ရာ လုံးပတ်(၁)ပေ၊ (၄)လက်မနှင့်အထက်ရှိသော ကျွန်းပင်ပျမ်းမျှ (၂၅၀)ကို တွေ့ရသည်။

ကောလာ၊ ၁၂၀၁-ခုနှစ်၊ (ခရစ်-၁၈၃၉)တွင် အရှေ့အိန္ဒိယကုမ္ပဏီက မော်လမြိုင်သစ်တောများ မည်မျှကြွယ်ဝသည်ကိုပိုမိုသိရှိရန် "ဒေါက်တာဟယ်လ်ဖါ" (Dr. Helfer)အား ထပ်မံစေလွှတ်သည်။ ဟယ်လ်ဖါ၏ အစီရင်ခံစာသည် သိပ်ပံနည်းကျသည်ဟုမဆိုနိုင်စေကာမူ စိတ်ဝင်စားဖွယ်ကောင်းသည်။ ဟယ်လ်ဖါ တွက်ချက်ပုံမှာ "တနင်္သာရီသစ်တောကို စတုရန်းမိုင် (၂၂၀၀၀)ရှိမည်ဟု သတ်မှတ်လိုက်သည်။ စတုရန်းကိုက် (၁၀၀)တွင်၊ ကျွန်းပင်တစ်ပင်ရှိသည်ဟုထားလျှင် စတုရန်းတစ်မိုင်တွင် ကျွန်းပင်ပေါင်း(၂၉၀၄၀)ရှိမည်။ ထို့ကြောင့် စတုရန်းမိုင် (၂၂၀၀၀)တွင် ကျွန်းပင်

စုစုပေါင်း (၆၃၈၈၈၀၀၀၀)ရှိမည်"ဟု၍ဖြစ်သည်။ အင်ပင်များကိုပါကျွန်းပင်ဟု ရောနှောရေတွက်ဟန်ရှိသည်။

ဒေါက်တာဝေါလစ်ချ်က မော်လမြိုင်သစ်တောတွင် ကျွန်းသစ်များစွာ ရှိသော်လည်း သစ်တောများတွင်အတားအဆီးမရှိကျွန်းပင်များကို ခုတ်ချင်တိုင်းခုတ်၊ ထုတ်ချင်တိုင်းထုတ်ခွင့်ပြုလျှင် ကျွန်းတောများပြုန်းတီးနိုင်ကြောင်း ပြုန်းတီးမှုကို ကာကွယ်နိုင်ရန် ကျွန်းသစ်အားလုံးကို အစိုးရပိုင်ဖြစ်ကြောင်းကြေငြာရန်နှင့် သစ်တောများကို အစိုးရကိုယ်တိုင်စီမံအုပ်ချုပ်ရန် အကြံပေးသည်။ ထို့ပြင်ခုတ်မကုန်သော သစ်တောဟူ၍မရှိ လူတို့လိုအင်ဆန္ဒရှိသမျှ သစ်အများအပြားအစဉ်မပြတ် ဖြည့်စွမ်းပေးနိုင်သော သစ်တောဟူ၍လည်းမရှိဟု ဖြည့်စွက်အစီရင်ခံသည်။

မော်လမြိုင်သစ်တောများကို ပထမဆုံးစီမံအုပ်ချုပ်သူမှာ တနင်္သာရီတိုင်းဝန်ရှင်တော်မင်းကြီး "မိန်းဂေး"ဖြစ်သည်။ ထိုခေတ်က သစ်တောပညာတတ်ကျွမ်းသော အရာရှိတစ်ဦးမျှမရှိချေ။ သစ်တောဌာနထားရန်လည်း အစီအစဉ်မရှိချေ။

မိန်းဂေးသည် နာမည်ပျက်မရှိသောကုမ္ပဏီကြီးများကို (၉၉)နှစ်စသည်ဖြင့် နှစ်ရှည်လုပ်ကိုင်ခွင့်ပေးလိုက်လျှင် သစ်ကုန်သည်ကြီးများသည် မိမိတို့ပိုင်သစ်တောဟု သဘောထားပြီးစောင့်ရှောက်ကြလိမ့်မည်၊ မိမိတို့အကျိုးဖြစ်၍ မခုတ်သင့်သောအပင်များကိုမခုတ်ဘဲ သစ်တောများကိုထိန်းသိမ်းလိမ့်မည်ဟု စိတ်ကူးယဉ်အောက်မေ့ခဲ့သည်။ မိန်းဂေးသည် သစ်ကုန်သည်ကြီးများ၏အပြင်ကျင့်မှုနှင့် လောဘကြီးမှုကိုတားထည့်မတွက်မိခဲ့ချေ။

မိန်းဂေးသည် ဝေါလစ်ချ်၏အကြံပေးချက်ကိုလက်မခံဘဲ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပေးလိုက်သည်။ နယ်ကန့်သတ်မှုစနစ်တကျမရှိသဖြင့် သစ်ကုန်သည်များ အချင်းများလာသောအခါ အငှားသဘောတူစာချုပ်ချုပ်ဆိုပြီး သစ်ထုတ်လုပ်ခွင့်ပေးသည်။ အငှားစာချုပ်အရ သံလွင်မြစ်ဝှမ်းတစ်လျှောက်တွင် အကွက်များသတ်မှတ်ပေးပြီး လုပ်ကိုင်စေသည်။ လုပ်ငန်းလုပ်ကိုင်ရာတွင် သစ်တောလိုင်စင်ရထားသူများဆန္ဒအတိုင်း လုပ်ကိုင်ခွင့်ရှိသည်။ စည်းကမ်းသတ်မှတ်ချက်မရှိချေ။ ယင်းသို့လွှတ်ထားပြီးသည့်နောက် သစ်တောများ ပျက်စီးကုန်တော့မည့်အေးကို မြင်သည့်အတွက် စည်းကမ်းအနည်းငယ်လုပ်လိုက်သောအခါတွင်လည်း လုပ်ကိုင်ခွင့်ရထားသူများက ဝရွမမူတော့ချေ။

မြို့လူထု၊ နယ်လူထုကလည်း ဝင်ငွေကောင်းသောသစ်လုပ်ငန်းကို သဲကြီးမဲကြီး လုပ်ကိုင်လာကြပြီး လယ်ယာ၊ ကိုင်းကျွန်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ခြင်း မပြုကြတော့ချေ။ နယ်ချဲ့လက်အောက်ကျရောက်၍ နှစ်(၂၀)ခန့်ကြာသောအခါ သံလွင်မြစ်ဝဲယာရှိ သစ်ထုတ်ရန်လွယ်ကူသောသစ်တောများ ပြုန်းကုန်ပါလေတော့သည်။

တိုင်းတစ်ပါးသား အရင်းရှင်သစ်တုမွတ်ကြီးများ သံလွင်တစ်ကြောမှ ထုတ်ယူကြသောသစ်များမှာ၊ ကောလာ၊ ၁၁၉၁-ခုနှစ်၊ (ခရစ်-၁၈၂၉)တွင် တန်ချိန် (၇၂၀၉)၊ ကောလာ၊ ၁၂၀၂-ခုနှစ်၊ (ခရစ်-၁၈၄၀)ကျော်လွန်လာသော အခါနှစ်စဉ် ပျမ်းမျှ (၁၆၀၀၀)တန် ထုတ်ယူကြသည်။ ထို့နောက်တွင်ကား (၅)ဆ၊ (၁၀)ဆတိုးလာပြီး သောင်းဂဏန်း၊ သိန်းဂဏန်းအထိဖြစ်လာသည်။

သစ်လုပ်ငန်း ခေတ်ထချိန်(Boom)တွင် စာရင်းဝင်သစ်ခေါင်းကြီး (၃၅)ဦး ရှိသည်။ ဥရောပတိုက်သား(၄)ဦး၊ တရုတ်(၃)ဦး၊ မဂို(၂)ဦးနှင့် တိုင်းရင်းသား(၂၆)ဦးတို့ ဖြစ်ကြသည်။

ဥရောပတိုက်သား (၄)ဦးတို့မှာ -

၁။ ဂျွန်စတုံး (C.O Johnstone)

၂။ တစ်ဘာရီ (J.W. Tisbury)

၃။ လီနိန်း (Adam Lenaine) နှင့်

၄။ အေဗီးတစ် (L.A. Avietick)

တရုတ် (၃)ဦးတို့မှာ -

၁။ အဖောင် (Avong, L.C.)

၂။ အယောင် (Ahyow) နှင့်

၃။ အဟို (Ah-Hoe)

မဂို (၂)ဦးတို့မှာ -

၁။ အလီ (Yacob Ally) နှင့်

၂။ အဂွမေ (Aga Meerya Ishmael)

တိုင်းရင်းသား (၂၆)ဦးတို့မှာ -

၁။ မောင်ကျီးညို (Moung Quai Nyo)

၂။ မောင်ချစ်စိုး (Moung Chit Tsoo)

၃။ ကိုငဂေ (Ko Nga Pay)
၄။ ကိုစိန်ဘီး (Ko Tsain Been)
၅။ မောင်တာရာ (Moung Tayah)
၆။ ကိုတူ (Ko Tau)
၇။ ကိုတုတ် (Ko Toke)
၈။ ကိုနိုး (Ko Noe)
၉။ မောင်ဖော်ယာ (Moung Phaw Yah)
၁၀။ မောင်ပေါက်စီ (Moung Potsee)
၁၁။ ကိုဘိုက် (Ko Bike)
၁၂။ ကိုဘိန် (Ko Bain)
၁၃။ ကိုဘွား (Ko Bwah)
၁၄။ မောင်ဖဲ (Maung Phai)
၁၅။ မောင်ဖော်လူ (Maung Phaw Loo)
၁၆။ ကိုမိုး (Ko Moe)
၁၇။ ကိုမောင်ကလေး (Ko Maung Glay) (ဝိုင်းဝန်ကွင်း)
၁၈။ ကိုမောင်ကလေး (Ko Maung Glay) (ဖိုးစောကုန်း)
၁၉။ ကိုရွတ်ကီး (Ko Youk Kee)
၂၀။ ကိုရှင်ကလေး (Ko Shin Galay)
၂၁။ ကိုရှင်ကြီး (Ko Shin Ghyee)
၂၂။ ကိုရွှေဂန် (Shoay Gan)
၂၃။ မောင်ရွှေလွှာ (Maung Shoay Hlwah)
၂၄။ ကိုရွှေအောင် (Ko Shoay Oung)
၂၅။ မောင်လေး (Maung Hlay)နှင့်
၂၆။ ကိုအောင် (Ko Oung)

နံပါတ်(၂၂) ကိုရွှေဂန်သည် တောင်လေးလုံးကျောင်းတိုက်၏ ဒါယကာကြီးဖြစ်သည်။

နံပါတ်(၁၆) ကိုမိုးသည် ဦးဇီနဘုရား၏ ဘုရားဒါယကာကြီးဖြစ်သည်။

(၈) ပါကဋအမျိုးသမီးကြီးတစ်ဦး

ပထမ အင်္ဂလိပ်၊ မြန်မာစစ်ဖြစ်သောအခါ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ၁၁၈၆-ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက် (၁၁ မေ ၁၈၂၄)တွင် အောက်မြန်မာနိုင်ငံကို စတင်တိုက်ခိုက်သည်။ ထိုမှ ခြေကုတ်ရခဲ့သောအင်္ဂလိပ်တို့သည် စစ်ပြီးကာလတိုင်၊ ပုသိမ် (၃၂)မြို့၊ မုတ္တမ (၃၂)မြို့နှင့် ဟံသာဝတီ (၃၂)မြို့စသော အောက်မြန်မာနိုင်ငံကို ၁၁၈၈-ခုနှစ်၊ နတ်တော်လဆန်း(၁၀)ရက် (၉ ဒီဇင်ဘာ ၁၈၂၆)အထိ (၂)နှစ်ခွဲခန့် ကြာအောင် သိမ်းပိုက်ထားခဲ့ကြသည်။

စစ်လျော်ကြေးကိစ္စဖော်ပြသော ရန်ကုန်စာချုပ်နောက်ဆက်တွဲ သဘော တူညီချက်၌ စစ်လျော်ကြေးငွေ ဒုတိယအရစ်ပေးပြီးပါက၊ အင်္ဂလိပ်တပ်များ ရန်ကုန်မှ ထွက်ခွာသွားကြမည်ဟု၊ ကတိဝန်ခံချက်ရှိသည်။ မြန်မာတို့သည် ထိုစစ်လျော်ကြေး ဒုတိယအရစ်ကို၊ ၁၁၈၈-ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက် (၉ ဇွန် ၁၈၂၆)တွင် စတင် ပေးချေသည်။ ၁၁၈၈-ခုနှစ်၊ တော်သလင်းလဆန်း(၂)ရက် (၃ စက်တင်ဘာ ၁၈၂၆) တွင် ပေးချေပူးပြီးပြတ်သည်။ သို့ဖြစ်ရာ အင်္ဂလိပ်တပ်များ ရန်ကုန်မှ နှုတ်သိမ်းသွားရန် သာ ရှိတော့သည်။ သို့သော် အင်္ဂလိပ်တို့ကား တပ်များကိုမရုတ်သိမ်းခဲ့ချေ။ နောက် (၃)လနှင့် (၆)ရက် အကြာ၊ ၁၁၈၈-ခုနှစ်၊ နတ်တော်လဆန်း(၁၀)ရက် (၉ ဒီဇင်ဘာ ၁၈၂၆)နေ့ ရောက်မှသာ ရန်ကုန်မြို့ရှိအင်္ဂလိပ်အလံကိုချ၍ မြန်မာအလံကိုတင်ပြီး အင်္ဂလိပ်တပ်များဆုတ်ခွာပေးခဲ့သည်။

အင်္ဂလိပ်တပ်များ ထွက်ခွာသွားလျှင်သွားချင်း မွန်တို့၏ပုန်ကန်မှုပေါ်ပေါက် သည်။ အင်္ဂလိပ်တို့က တိုင်းရင်းသားချစ်ကြည်ရေးကိုပျက်ပြားစေမည့် ချိန်ကိုက်ဗုံး တစ်လုံး(Time-bomb)ကို မြန်မာတို့အတွက် လက်ဆောင်ချန်ထားခဲ့ခြင်းဖြစ်သည်ဟု ဆိုရပါမည်။

ပုန်ကန်မှုဖြစ်သည်တွင် လက်နက်ကိုင်အင်အားစုနှစ်ခုအကြား အပြစ်မဲ့ ပြည်သူများမှာ "မြေစာပင်"ဖြစ်ရလေတော့သည်။

ရန်ကုန်၊ ပဲခူး၊ သံလျင်နှင့် အနီးဝန်းကျင်ဖြစ်ကြသော ကျောက်တန်း၊ ပုဝံတောင်မှ များစွာသောမွန်လူမျိုးတို့သည် အသက်ဘေးမှလွတ်ရာလွတ်ကြောင်း ရေလမ်း၊ ကုန်းလမ်းဖြင့် တနင်္သာရီတိုင်း၊ မော်လမြိုင်ဘက်သို့ ထွက်ပြေးလာခဲ့ကြသည်။

ထိုသို့ ထွက်ပြေးလာကြသူများတွင်၊ သံလျင်မြို့မှ "ဦးရွှေဂန်+ဒေါ်မဲမ"

F 18 B

ဇနီးမောင်နှံတို့လည်း အပါအဝင်ဖြစ်သည်။ ထိုဇနီးမောင်နှံတို့သည် ကုသိုလ်ကံအားလျော်စွာ ဘေးမသီရန်မခဘဲ မိမိတို့ရည်မှန်းထားသည့်အတိုင်း မော်လမြိုင်မြို့သို့ ရောက်လာခဲ့ကြသည်။ ဦးရွှေဂန်+ဒေါ်မဲမ အိမ်ထောင်ဘက်ကား ယောကျ်ားဖြစ်သူ "အပါကဋ္ဌ"မထင်ရှား၊ ဇနီးဖြစ်သူ ဒေါ်မဲမသာ "ပါကဋ္ဌ"ထင်ရှားလေသည်။ ဘုရားလက်ထက်တော်အခါက "ပုဏ္ဏဝမန"နှင့် "ဝိသာခါ"ဟူ၍ ဇနီးမောင်နှံရှိခဲ့ရာ ဇနီးဖြစ်သူ ဝိသာခါသာ နေရာတိုင်းမှာပေါ်လွင်ထင်ရှားသကဲ့သို့ပင်တည်း။ ထင်ရှားပုံကား သံလျင်မြို့တွင်နေထိုင်စဉ်က ရေနံအလုပ်ကို အကြီးအကျယ်လုပ်ကိုင်ခဲ့သောကြောင့် ရေနံကုမ္ပဏီသူဌေး ဒေါ်မဲမဟူ၍လည်းကောင်း၊ မော်လမြိုင်မြို့သို့ ရောက်သောအခါ၊ သစ်လုပ်ငန်းကိုအကြီးအကျယ်လုပ်ကိုင်သောကြောင့် သစ်ခေါင်းကြီးဒေါ်မဲမဟူ၍လည်းကောင်း၊ ယောကျ်ားအမည်မထင်ရှားဘဲ၊ မိန်းမအမည်သာ ထင်ရှားကျော်စောခဲ့သည်။

ဒေါ်မဲမမိသားစုမော်လမြိုင်သို့ ရောက်သောအခါ အိုးသစ်၊ အိမ်သစ်တည်ထောင်ရသည်။ အလုပ်အကိုင်မယ်မယ်ရရမရှိသေးသဖြင့် ကသီလင်တဖြစ်သည်။ သို့သော်မရေမရာဘဝတွင် နေရသည့်ကာလသည် အချိန်မကြာချေ။ (၁)နှစ်ကျော် (၂)နှစ်မျှသာဖြစ်သည်။

စွမ်းရည်သတ္တိနှင့် အမြော်အမြင်ကြီးမားသော ဒေါ်မဲမသည်၊ ကာလဒေသ၊ အခြေအနေကို သဘောပေါက်နားလည်သည်။ ခေတ်ရေစီးကြောင်းကို လိုက်နိုင်စွမ်းသူဖြစ်သည်။ (၁)နှစ်ကျော်၊ (၂)နှစ်မျှ ကသီလင်တဖြစ်ပြီးနောက် ကောဇာ၊ ၁၁၉၁-ခုနှစ် (ခရစ်-၁၈၂၉) သို့ရောက်သောအခါ ဒေါ်မဲမ၏ကံဇာတာတက်လာသည်။ သံလျင်တွင်နေစဉ်က ရေနံလုပ်ငန်းဖြင့် ချမ်းသာကြွယ်ဝခဲ့သည်။ မော်လမြိုင်ရောက်သောအခါ သစ်လုပ်ငန်းလုပ်ကိုင်ရန် အခွင့်အလမ်းပေါ်လာသည်။ အထက်တွင်တင်ပြခဲ့သည့်အတိုင်း ကောဇာ၊ ၁၁၉၁-ခုနှစ် (ခရစ်-၁၈၂၉)မှစ၍ မော်လမြိုင်တွင် သစ်လုပ်ငန်းခေတ်ထလာရာ ခေတ်ရေစီးကြောင်းကိုလိုက်ပါသောအားဖြင့် သံလျင်မှပါလာသော အတွင်းပစ္စည်း များကိုထုခွဲ၍ သစ်လုပ်ငန်းတွင်ပုံအောသည်။ ကံ၊ ဥာဏ်၊ ဝီရိယအပြင် အရင်းအနှီးပါပြည့်စုံသော ဒေါ်မဲမသည် တိုတောင်းသောကာလအတွင်းမှာပင် "သစ်ခေါင်းကြီးဒေါ်မဲမ"ဟူ၍ နာမည်တစ်လုံးရသော သစ်သူဌေးမကြီးတစ်ဦးဖြစ်လာလေတော့သည်။

သစ်လုပ်ငန်းကိုအကြောင်းပြု၍ မော်လမြိုင်မြို့၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာသောအခါ ကမ်းနိုးတန်းသွားလာသည့် ရေကြောင်းလုပ်ငန်းများ စတင်ပေါ်ပေါက်လာသည်။ ကောလာ၊ ၁၂၁၆-ခုနှစ် (၁၈၅၄)မှစ၍ မော်လမြိုင်နှင့် ပီနံ၊ မော်လမြိုင်နှင့် ရန်ကုန်သင်္ဘောများ ပုံမှန်ပြေးဆွဲသည်။ ကောလာ၊ ၁၂၁၈-ခုနှစ်၊ (၁၈၅၆)သို့ရောက်သောအခါ၊ မော်လမြိုင်မှ ထားဝယ်နှင့်မြိတ်မြို့များသို့ ကမ်းနိုးတန်းသွားသင်္ဘောများ တိုးချဲ့ပြေးဆွဲသည်။ မော်လမြိုင်မှကုန်သည်များသည် ထားဝယ်၊ မြိတ်နှင့်ပီနံတို့အကြား အိမ်ဦးနှင့်ကြမ်းပြင်ပမာ ကူးသန်းသွားလာကြသည်။ ကုန်သည်များတွင် ဒေါ်မဲမသည်ရှေ့တန်းကပါဝင်သည်။

ပီနံကအပူတပြင်းလိုအပ်သောပစ္စည်းမှာ ဆေးပြင်းလိပ်ဖြစ်ကြောင်း ထားဝယ်နှင့်မြိတ်မြို့များတွင် ရေထွက်ကုန်ပစ္စည်းများဖြစ်ကြသော မျှင်ငပိ၊ ပုစွန်ခြောက်၊ ငါးပုတ်ခြောက်(အညာအခေါ်-ငါးပုတ်ပြား)နှင့် ဝုံးခြောက်(အမြီးမချိုးသော ပုစွန်တုပ်ခြောက်)အလျှံပယ်ပေါများကြောင်း၊ လယ်ယာကိုင်းကျွန်းထွက်ပစ္စည်း ရှားပါးကြောင်း၊ ဒေါ်မဲမကိုယ်တိုင် တွေ့မြင်သိရှိလာသည်။

ထို့ကြောင့် ဒေါ်မဲမသည် ပီနံသို့ဆေးပြင်းလိပ်များတင်ပို့ရောင်းချသည်။ ထားဝယ်နှင့်မြိတ်မြို့များသို့ ဆန်၊ ဂရုတ်၊ ကြက်သွန်(ဖြူနီ)နှင့် ပဲမျိုးစုံတို့ကို တင်ပို့ရောင်းချသည်။ အပြန်တွင် ရေထွက်ကုန်ပစ္စည်းများဝယ်ယူလာရာ အသွားအပြန် ကုန်သွယ်မှုနှစ်ရပ်စလုံးမှ အမြတ်အစွန်းများစွာရသည်။

ကောလာ၊ ၁၂၂၂-ခုနှစ်၊ (၁၈၆၀)မြည့်လွန်နှစ်များတွင် မော်လမြိုင်ကျွန်းသစ်ရောင်းဝယ်ရေးလုပ်ငန်း ကြီးမားသောအတုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာရာ၊ ကမ္ဘာအရပ်ရပ်မှ ပင်လယ်ကူးသင်္ဘောကြီးများ နှစ်စဉ်ရာနှင့်ချီ၍ ကျွန်းသစ်ဝယ်ယူရန် မော်လမြိုင်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။ ကောလာ၊ ၁၂၂၃-၂၄-ခုနှစ်၊ (၁၈၆၁-၆၂)ဘဏ္ဍာရေးနှစ်တွင် မော်လမြိုင်ဆိပ်ကမ်းသို့ ပင်လယ်ကူးသင်္ဘော (၂၇၄)စီး ဆိုက်ရောက်၍ (၂၅၅)စီးထွက်ခွါသည်။ နောက်နှစ်တွင် အစီး(၄၀၀)ဝင်၍ (၄၅၄)စီး ထွက်ခွါသည်။ ပမ်းမျှနှစ်စဉ်တစ်စီးဝင်၍ တစ်စီးထွက်သည်။

မော်လမြိုင်ဆိပ်ကမ်းမှ ကမ္ဘာအနှံ့သို့ သစ်၊ ဆန်၊ စပါးနှင့် ကောက်ပဲသီးနှံများကို ဦးစားပေး၍ တင်ပို့သည်။ ကောလာ၊ ၁၂၂၃-၂၄-ခုနှစ်၊ (၁၈၆၁-၆၂) ဘဏ္ဍာရေးနှစ်တွင်၊ မော်လမြိုင်ဆိပ်ကမ်းမှ အင်္ဂလန်သို့ သစ်(၂၇၉၄၄)တန်၊ ဆန်စပါး

(၁၈၃၄၄)တန်နှင့် ကောက်ပဲသီးနှံ (၇၁၆၀)တန် တင်ပို့သည်။

မော်လမြိုင်ဆိပ်ကမ်းမှတင်ပို့သော ကုန်ပစ္စည်းများမှာ၊ ခဲ၊ ကြေး၊ ဆင်စွယ်၊ တိရစ္ဆာန်ဦးချိုများ၊ သားရေ၊ ရှားစေး၊ ဝါ၊ ဆေးရွက်ကြီး၊ ရေနံနှင့် ကျောက်သံပတ္တမြားတို့ဖြစ်ကြသည်။ မော်လမြိုင်ဆိပ်ကမ်းသို့တင်သွင်းသော နိုင်ငံခြားကုန်ပစ္စည်းများမှာ ကွမ်းသီး၊ ချည်ထုပ်၊ ပိုးချည်မျှင်၊ ချည်ထည်၊ ပိုးထည်၊ သိုးမွေးထည်၊ ဂုန်နီအိတ်၊ အိုး၊ ခွက်၊ ပုဂံ၊ အိမ်ဆောက်ပစ္စည်း၊ စက်ပစ္စည်း၊ သကြား၊ စီးကရက်၊ အရက်မျိုးစုံ၊ ဝိုင်နှင့် ဘီယာတို့ဖြစ်ကြသည်။

ဒေါ်မဲသည် "မုဆိုးစိုင်သင်" ဟူသကဲ့သို့၊ ကျွန်းသစ်လုပ်ငန်းကို လုပ်ကိုင်ရာမှ အမြင်ကျယ်လာပြီး သစ်တောလုပ်ငန်းနှင့် ဆက်စပ်နေသော ဆင်စွယ်၊ တိရစ္ဆာန်ဦးချိုနှင့် သားရေများကို ရသမျှဝယ်ယူစုဆောင်းပြီး နိုင်ငံခြားသို့တင်ပို့ရောင်းချရာ အမြတ်အစွန်းများစွာရရှိသည်။

ဒေါ်မဲသည် ထိုခေတ်ထိုအခါက အသွားအလာခက်ခဲလှသော အမရပူရနေပြည်တော်သို့ ကိုယ်တိုင်လူးလာခုံဆန် အတန်တန်သွားလာပြီး ယောကျ်ားများသာလုပ်ကိုင်နိုင်စွမ်းသော ကုန်သွယ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ကောလာ၊ ၁၁၆၂-ခုနှစ်၊ (၁၈၀၀-၁၈၀၀ ပြည့်)ဝန်းကျင်တွင်ဖွားမြင်သော ဒေါ်မဲမသည်၊ အသက်(၆၀)ကျော်ပိုင်း တတိယအကြိမ် ကောလာ၊ ၁၂၂၅-ခုနှစ် (၁၈၆၃)တွင်၊ အရောင်းအဝယ်လုပ်ရန်နှင့် မင်းတုန်းမင်းကိုဖူးမျှော်ကန်တော့ရန် တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောဖြင့် မန္တလေး(ရတနာပုံ)သို့သွားရောက်သည်။ ထိုစဉ်က မင်းတုန်းမင်းသည် အမရပူရမှမန္တလေးသို့ ပြောင်းရွှေ့စိုးစံနေပြီဖြစ်သည်။

ဒေါ်မဲမသည် အခါအခွင့်ရသည်နှင့်တစ်ပြိုင်နက် မင်းတုန်းမင်းထံ ဝင်ရောက်ဖူးမျှော်ကန်တော့သည်။ ရေထွက်ပစ္စည်းများဖြစ်သော ပုစွန်ခြောက်၊ ခုံးခြောက်နှင့် ငါးပုပ်ပြားများအပြင် မော်လမြိုင်ဆိပ်ကမ်းမှဝယ်ယူလာသော ပိုးထည်၊ သိုးမွေးထည်များကိုပါ လက်ဆောင်တော်အဖြစ်ဆက်သသည်။ ဒေါ်မဲမက အကျင့်သီလနှင့်ပြည့်စုံပြီး စာတတ်ပေတတ်ဆရာတော်တစ်ပါးကို မော်လမြိုင်သို့ ပင့်ဆောင်ပြီးကိုးကွယ်လိုကြောင်း လျှောက်တင်ရာ မင်းတုန်းမင်းက အမရပူရ(တောင်မြို့)သို့ သွားရောက်ရွာဖွေပင့်ဆောင်ရန် ညွှန်ကြားတော်မူသည်။

ဒေါ်မဲမသည် ရောင်းရောဝယ်တာများပြီးစီးချိန်တွင် အမရပူရ(တောင်မြို့)သို့

ရောက်သွားသည်။ ဘုရားပုထိုးရှိခိုးခြင်း၊ သံယာတော်များ သီတင်းသုံးတော်မူရာ ကျောင်းတိုက်ကြီးများသို့ လှည့်လည်ကြည်ညိုကန်တော့ခြင်း စသည်တို့ကို ပြုလုပ်သည်။ နောက်ဆုံးတွင် ထိုစဉ်ကကျော်စောလျက်ရှိသော တောင်လေးလုံး(စတုဂိရိ) ကျောင်းတိုက်သို့ ရောက်သွားသည်။ ဆရာတော် ဦးသာသနကို ဖူးမျှော်ကန်တော့ခွင့်ရသည်။ ဆရာတော်က အရွယ်သုံးပါးနှင့်စပ်သောတရားတော်များကို ဟောကြားတော်မူသည်။ ဆရာတော်၏ တရားကိုနာကြားရသောအခါ ရွှင်ပျကြည်နူး အထူးမြတ်နိုးကာ မော်လမြိုင်သို့ကြွရောက်၍ ဝါကပ်မှီတင်းနေထိုင်ခြင်း ပြုတော်မူပါမည့်အကြောင်း ခွင့်တောင်းပင့်ဆောင်ရာ ဆရာတော်ကမော်လမြိုင်သို့ ခုံဆင်းကြွလာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုတော်မူသည်။ ဦးသာသနကိုဖူးတွေ့ရသဖြင့် ရတနာပုံ(မန္တလေး)သို့ တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောဖြင့်လာရောက်သောဒေါ်မဲမအတွက် တစ်ချက်ခုတ် သုံးချက်ပြတ် ဖြစ်သွားသည်။

ဒေါ်မဲမသည် ဦးသာသန၏ တရားတော်ကိုနာကြားရပြီး မန္တလေးမှ မော်လမြိုင် အပြန်ခရီးတစ်လျှောက်တွင်၊ မိမိဖြတ်သန်းခဲ့ရသောဘဝကို ပြန်လည် သုံးသပ်သည်။ ဒုတိယအရွယ်အစမှာပင် "ရေနံကုမ္ပဏီသူဌေး ဒေါ်မဲမ" ဟူသော နာမည်တစ်လုံးရခဲ့သည်။ စီးပွားရေးအရှိန်အဟုန်ကောင်းနေစဉ် "လေ့လော့ရင်းတက်ကျိုး"ဟူသကဲ့သို့ ဖြစ်ရသည်။ တိုင်းတစ်ပါးကျူးကျော်စစ်ကိုကြုံတွေ့ခဲ့ရသည်။ ပြည်တွင်းစစ်ဒဏ်ကို ရင်ဆိုင်ခဲ့ရသည်။ အသက်ဘေးမှ လွတ်အောင်ထွက်ပြေးခဲ့ရသည်။ စစ်ပြေးဘဝတွင် ကသီလင်တဖြစ်ရသည်။ မော်လမြိုင်သို့ပြောင်းရွှေ့ အခြေချ၍ သစ်လုပ်ငန်းကိုအကြီးအကျယ်လုပ်ကိုင်ရာ "သစ်ခေါင်းကြီးဒေါ်မဲမ"ဟူသော ဒုတိယ နာမည်ထပ်မံရရှိကာ ထင်ပေါ်ကျော်ကြားလာပြန်သည်။ သစ်လုပ်ငန်းအပြင် ပြည်တွင်း ပြည်ပကုန်သွယ်ရေးကို နှစ်ပေါင်း(၃၀)ကျော်ကြာအောင်လုပ်ကိုင်ပြီး စီးပွားရှာခဲ့ရာ မိမိတစ်သက်တာအတွက်သာမက သားစဉ်မြေးဆက်စားမကုန် လှုမခန်းသော ဝစ္စည်း ဥစ္စာများတို့စုဆောင်းမိပြီးဖြစ်သည်။ မိမိအသက်မှာလည်း တတိယအရွယ် (၆၀) ကျော်ပိုင်းသို့ရောက်လာပြီဖြစ်သည်။ ဦးသာသန၏တရားတော်ကို နာကြားခဲ့ရခြင်းနှင့် မိမိဘဝကိုပြန်လည်သုံးသပ်မိခြင်းတို့ကြောင့် "သံဝေဂ"ရလာပြီး၊ စီးပွားရေး (လောကီရေး)ကိုကျောခိုင်းကာ (လောကုတ္တရာရေး)သာသနာရေးကို သက်ဆုံးတိုင် အားကြိုးမာန်တက်ဆောင်ရွက်လေတော့သည်။

ဒေါ်မဲသည် မော်လမြိုင်သို့ပြန်ရောက်ပြီးမကြာမီမှာပင် မိမိ၏စီးပွားရေးလုပ်ငန်းများကို အရွယ်ရောက်ပြီဖြစ်သော သား၊ သမီးများထံပခုံးပြောင်းပေးသည်။ ဆရာတော်ဦးသာသနသီတင်းသုံးရန် ကျောင်းတိုက်တည်ဆောက်ရေးကိုသာ အာရုံစိုက်၍ ဆောင်ရွက်သည်။ ကောလာ၊ ၁၂၂၅-ခုနှစ်၊ (ခရစ်-၁၈၆၃)မှစတင်ကာ ကျောင်းတိုက်ဆောက်လုပ်ရန်အတွက် အပြစ်အနာအဆာကင်း၍ ရှည်လျားဖြောင့်တန်းသော ကျွန်းသစ်များကိုရှာဖွေစုဆောင်းရာ (၂)နှစ်အကြာ ကောလာ၊ ၁၂၂၇-ခုနှစ်၊ (ခရစ်-၁၈၆၅)တွင် ကျောင်းတိုက်ဆောက်လုပ်ရန် ပထမတန်းစားကျွန်းသစ် အလုံအလောက်စုဆောင်းမိသည်။

ထိုနောက် "ဦးရွှေဂန်"အမည်ဖြင့် ကျောင်းတိုက်ဆောက်ရန် သာသနာ့မြေဂရန်လျှောက်ထားစေရာ ၁၂၂၇-ခုနှစ်၊ ဝါခေါင်လဆန်း(၉)ရက်၊ တနင်္လာနေ့ (၃၀ ဇူလိုင် ၁၈၆၅)တွင် ဂရန်ကျသည်။ သာသနာ့မြေကွက်သည် ကျိုက်သလ္လံကုန်းတော်၏ အနောက်ဘက်တောင်ဖြေတွင် ရှိသည်။ အကျယ်အဝန်းမှာ အရှေ့ဘက်တွင် (၁၀၄)ပေ၊ အနောက်ဘက်တွင် (၁၄၄)ပေ၊ တောင်ဘက်တွင် (၁၁၉)ပေနှင့် မြောက်ဘက်တွင် (၁၂၂)ပေရှိသည်။ အရှေ့ဘက်တွင် အကွက်နံပါတ် (၇၆၃)ဘီ၊ အနောက်ဘက်တွင် အကွက်နံပါတ် (၇၉၀)ဘီ၊ တောင်ဘက်တွင် အကွက်နံပါတ် (၇၉၁-အေ)၊ မြောက်ဘက်တွင် အကွက်နံပါတ် (၇၉၂)တို့က ဝန်းရံထားသည်။ သာသနာ့မြေကွက်နယ်နိမိတ်မှာ အရှေ့သို့လားသော် ဘုရားလမ်း၊ အနောက်သို့လားသော် တပ်မြေလမ်း၊ တောင်သို့လားသော် ကင်းဗဲလမ်း(Campbell Street)၊ မြောက်သို့လားသော် တပ်မြေတို့ဖြစ်ကြသည်။ ထိုခေတ်က ကျောင်းဒါယကာကို(Supervisor of The Kyaung)ဟုသုံးစွဲသည်။

ဝရုန်ကျသောနေ့မှာ နေ့ကောင်းရက်မြတ်ဖြစ်သည့်အလျောက် ထိုနေ့မှာပင် မြေယာရှင်းလင်းခြင်း၊ မြေညှိခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းတို့ကို ပြုလုပ်သည်။ ထိုနောက် အချိန်ကောင်း၊ အခါကောင်းကိုတွက်ချက်ပြီး ပန္နက်တင်မင်္ဂလာပွဲကိုကျင်းပ၍ ကျောင်းတိုက်တည်ဆောက်ခြင်းလုပ်ငန်းကိုစတင်သည်။

ကျောင်းတိုက်အလယ်ဗဟိုခန်းမကြီးကို အမြင့်ပေ(၄၀)စီရှိသော ကျွန်းတိုင်ကြီး(၆)လုံးဖြင့် တည်ဆောက်သည်။ ဗဟိုခန်းမကြီးကို အမြင့်(၃၅)ပေစီရှိသော ကျွန်းတိုင်ကြီး(၁၄)လုံးဖြင့် တည်ဆောက်သော အခန်း(၁၁)ခန်းကဝန်းရံထားသည်။ ထို (၁၁)ခန်းကို၊

အမြင့် (၂၃)ပေ၊ (၃)လက်မစီရှိသော ကျွန်းတိုင်ကြီး (၂၂)လုံးဖြင့်တည်ဆောက်ထားသောအခန်းများက ဝန်းရံထားသည်။ တိုင်တစ်လုံးစီ၏လုံးပတ်မှာ (၄)ပေ (၅)လက်မစီရှိသည်။

ကျွန်းတိုင်အားလုံးတို့ ရွှေပိန်းချထားပြီး တိုင်ထိပ်များတွင် မှန်စီရွှေချ "ဘီလူးပန်းဆွဲ"များရှိသည်။ မျက်နှာကြက်ကို "ရွှေကနုတ်ပန်း"များဖြင့် ခြယ်မှုန်းထားသည်။ ဗိသုကာလက်ရာဟန်လည်း ရတနာပုံခေတ်ဟန်မပီသသော်လည်း အလင်းရောင်ရစေရန် အထူးဂရုပြုတည်ဆောက်ထားသည်ကို တွေ့ရသည်။ အလှူခံပုဂ္ဂိုလ်၏ သီလစင်ကြယ်မှု၊ ကျောင်းဒါယိကာမကြီး၏ သဒ္ဓါတရားထက်သန်မှုတို့ကြောင့် ကျောင်းတိုက်ကြီး၏သက်တန်းသည် ကောဇာ၊ ၁၃၇၀-ခုနှစ်၊ (ခရစ်-၂၀၀၈) အထိ နှစ်ပေါင်း (၁၄၃)နှစ်တိုင်အောင် အကောင်းပကတိအတိုင်းရှိသေးသည်။

၁၂၂၉-ခုနှစ်၊ တန်ခူးလ (ဧပြီ-၁၈၆၇)တွင် ဆရာတော်ဦးသာသနကို သွားရောက်ပင့်ဆောင်သည်။ ကောဇာ၊ ၁၂၂၉-ခုနှစ်၊ နယုန်လ (ဇွန်-၁၈၆၇)တွင် ဆရာတော်ကြွလာ၍ မုတ္တမသို့ရောက်သည့်တိုင်အောင်၊ ကျောင်းတိုက်ပြီးတည်ဆောက်မှုမှာ အပြီးမသတ်နိုင်သေးချေ။ ထို့ကြောင့် ဆရာတော်မှာ မုတ္တမတွင် တစ်ဝါဆို သီတင်းသုံးတော်မူရသည်။ ၁၂၂၉-ခုနှစ်၊ သီတင်းကျွတ်လ (အောက်တိုဘာ-၁၈၆၇)တွင်၊ ဆရာတော်သည် မုတ္တမမှမော်လမြိုင်သို့ ကူးကြွလာပြီး ဆောက်လုပ်ပြီးဖြစ်သောကျောင်းတိုက်ကြီးကို အလှူခံတော်မူသည်။ ကျောင်းလှူပွဲတွင် မော်လမြိုင်နှင့်အနီးဝန်းကျင်ရှိ သံဃာကုန်ဝင်ဆောင်၍ ဆွမ်းကျွေးကာ လှူဘွယ်ဝတ္ထုအစုံစုံတို့ကို ဆက်ကပ်လှူဒါန်းသည်။ ကြွရောက်လာသမျှ ပရိသတ်ကိုထမင်းရေချောင်းစီး ချက်ပြုတ်ကျွေးမွေးစည်ခံသည်။

တောင်လေးလုံး ဆရာတော်ဦးသာသနကို ရည်မှန်း၍ ဆောက်လုပ်လှူဒါန်းသော ကျောင်းတိုက်ကြီးမှာလည်း "တောင်လေးလုံးကျောင်းတိုက်"ဟု ယနေ့တိုင်ခေါ်တွင်လျက်ရှိသည်။ ထိုအခါမှစ၍ ဦးရွှေဂန်+ခေါ်မဲမတို့လည်း တောင်လေးလုံးကျောင်းဒါယကာ၊ ဒါယိကာမဟူ၍အမည်သစ်တိုးကာ ထင်ရှားကျော်စောလာပြန်သည်။

ဆရာတော်ဦးသာသန လောင်းလျာကို ကောဇာ၊ ၁၁၉၄-ခုနှစ် (ခရစ်-၁၈၂၃)တွင် ဖွားမြင်တော်မူသည်။ မိုးနိုးဇာတိ၊ မသိရချေ။ မော်လမြိုင်၊ တောင်လေးလုံးကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူစဉ်က သက်တော်(၄၂)၊ ဝါတော်(၂၂)ဝါ၊

ရတော်မူပြီဖြစ်သည်။

ဆရာတော် မော်လမြိုင်တွင်သီတင်းသုံးတော်မူစအချိန် မော်လမြိုင်စျေးကြိုရပ်၌ သိမ်သမုတ်ရန်ကိစ္စဖြင့် မော်လမြိုင်နှင့် ဝန်းကျင်မှဆရာတော်များ ကြွရောက်စုဝေးလာကြသည်။ "သိမ်ညောင်စောင်းကွက်"များ မပြုလုပ်တတ်ဘဲ ဖြစ်နေကြသောအခါ၊ ဦးသာသနကို သွားရောက်ပင့်ဆောင်ရသည်။ ဦးသာသန ကြွရောက်စီစဉ်သောအခါမှ စနစ်တစ်ကျပြီးစီးအောင်မြင်သွားသည်။ ထိုအခါမှစ၍ မော်လမြိုင်တစ်ခွင်တွင် ဦးသာသနမှာ စာတတ်ပေတတ်ဆရာတော်တစ်ပါးဟု ကျော်ကြားလာသည်။

သီပေါမင်းပါတော်မူပြီးချိန်တွင် "သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိသော အရှင်ပညာသီရိ(ဝဇီရာရာမ)ဆရာတော်သည် ကျောင်းအစ်မကြီး ဒေါ်ရွှေပွင့်ကောင်းမှ "ရတနာဘုံမြင့်ကျောင်းတိုက်ကြီး"ကိုအလှူခံ၍ သီတင်းသုံးတော်မူသည်။ ဝဇီရာရာမဆရာတော်သည် မိမိထက်သီကျာ(၇)ဝါကြီးသော ဆရာတော် ဦးသာသနထံကြွရောက်ကာ၊ ဗုဒ္ဓတရားတော်များနှင့် စပ်လျဉ်း၍ လျှောက်ထားမေးမြန်းလေ့ရှိသည်။ ဝါဝင်ဝါထွက်များတွင်လည်း ကြွရောက်ကန်တော့သည်။

ကောဇာ၊ ၁၂၆၂-ခုနှစ်၊ (ခရစ်-၁၉၀၀)ခန့်တွင် ဆရာတော်ဦးသာသန ပျံလွန်တော်မူသည်။ ဆရာတော့်အရင် ကျောင်းဒါယကာ၊ ဒါယိကာမကြီးတို့ ကွယ်လွန်သည်။

(ဂ) ပုံနှိပ်တိုက်နှင့် သတင်းစာများ

မော်လမြိုင်တွင် အရင်းရှင်ရောင်းဝယ်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့လာသောအခါ အစိုးရဌာနများ၏ကြော်ငြာများ၊ ကုန်ပစ္စည်းကြော်ငြာများ၊ သဘော်ဝင်ခွိန်၊ ထွက်ခွိန်သတင်းနှင့် ကုန်စျေးနှုန်းသတင်းများဖော်ပြရန် သတင်းစာလိုအပ်သည့်အတွက် စာပုံနှိပ်စက်ကိုစတင်တည်ထောင်သည်။

ကောလာ၊ ၁၁၉၂-ခုနှစ်၊ (ခရစ် -၁၈၃၀)တွင် ခရစ်ယာန်သာသနာပြုအဖွဲ့က စာပုံနှိပ်တိုက်ကို စတင်တည်ထောင်သည်။ သာသနာပြုဆရာကြီး "ဘင်းနက်"(Rev. C. Bennett)ယူဆောင်လာကာ စတင်တည်ထောင်သော အစိုးရအခမဲ့ကျောင်းစာပုံနှိပ်တိုက်(Free school Press)သည် ပထမဆုံးဖြစ်မည်ဟု ယူဆရသည်။ ထိုစက်သည် သစ်သားလက်ကိုင်၊ လက်လှည့်ပုံနှိပ်စက်သာ ဖြစ်သည်။ ကောလာ၊ ၁၁၉၄-ခုနှစ်၊ (ခရစ်-၁၈၃၂)တွင် အမေရိကားမှ မစ္စတာ"အော်လီဗါးတီးမတ္တား"သည် ပုံနှိပ်စက်တစ်လုံးနှင့် ရောက်လာပြန်သည်။ ထိုစက်မှာ သံကိုယ်ထည်ဖြင့်ပြုလုပ်ထားသော ပါဝါစက်ဖြစ်သည်။

၁၁၉၇-ခုနှစ်၊ တပေါင်းလဆုတ်(၂)ရက် (၃ မတ် ၁၈၃၆)တွင် မြန်မာနိုင်ငံ၏ ပထမဆုံး အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသောသတင်းစာဖြစ်သည့် "မော်လမိန် ခရော်နီကဲလ်" (The Maulmain Chronicle)ကို စတင်ထုတ်ဝေသည်။ ထိုသတင်းစာကို တနင်္သာရီဝန်ရှင်တော်မင်းကြီး "ဘလန်ဒယ်"(Blundell)၏ အားပေးကူညီမှုဖြင့် "ဘင်းနက်"က(Free School Press)မှ ထုတ်ဝေခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် တစ်ပတ်တစ်စောင်၊ မြန်မာဘာသာဖြင့် တစ်ပတ်တစ်စောင်ထုတ်ဝေသည်။

ကောလာ၊ ၁၂၀၄-ခုနှစ်၊ (ခရစ်-၁၈၄၂)တွင် နိုင်ငံခြားသာသနာပြုအဖွဲ့က ဦးစီးပြီး "ဓမ္မသိတင်းစာ"(The Religious Herald)သတင်းစာကို ထုတ်ဝေသည်။ ထိုသတင်းစာသည် မြန်မာနိုင်ငံတွင် မြန်မာဘာသာဖြင့်ပထမဆုံးထုတ်ဝေသော သတင်းစာဖြစ်သည်။

ထိုနောက် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသောသတင်းစာများ ဆက်တိုက် ထွက်ပေါ်လာသည်။ ကောလာ၊ ၁၂၀၆ ခုနှစ်၊ (ခရစ်-၁၈၄၄)တွင် The Maulmain Almanac သတင်းစာ၊ ကောလာ၊ ၁၂၀၈-ခုနှစ်၊ (ခရစ်-၁၈၄၆)တွင် The Maulmain Free Press သတင်းစာ၊ The Maulmain Advertiser သတင်းစာ၊ The Friend of Burma သတင်းစာနှင့် ကောလာ၊ ၁၂၂၇-ခုနှစ်၊ (ခရစ်-၁၈၆၅)တွင် The Maulmain ob-

E-191

server သတင်းစာများပေါ်ထွက်ခဲ့သည်။

ကောလာ၊ ၁၁၉၂ မှ ၁၂၄၉-ခုနှစ်၊ (ခရစ်-၁၈၃၀-၈၇)ထိ နှစ်ပေါင်း (၅၇)နှစ် အတွင်း မော်လမြိုင်ရှိ ပုံနှိပ်စက်(၆)လုံးမှာထင်ရှားသည်။

ကောလာ၊ ၁၁၉၂-ခုနှစ်၊ (ခရစ်-၁၈၃၀)တွင် - Free School Press

ကောလာ၊ ၁၂၀၆-ခုနှစ်၊ (ခရစ်-၁၈၄၄)တွင် - Mission Press

ကောလာ၊ ၁၂၃၅-ခုနှစ်၊ (ခရစ်-၁၈၇၃)တွင် - Advertiser Press

ကောလာ၊ ၁၂၃၈-ခုနှစ်၊ (ခရစ်-၁၈၇၆)တွင် - Friend of Maulmain Press

ကောလာ၊ ၁၂၃၉-ခုနှစ်၊ (ခရစ်-၁၈၇၇)တွင် - Friend of India Press

ကောလာ၊ ၁၂၄၉-ခုနှစ်၊ (ခရစ်-၁၈၈၇)တွင် - Tenasserim Press

တို့ဖြစ်ကြသည်။

အထက်ပါအတိုင်း သာသနာပြုအဖွဲ့များနှင့် တိုင်းတစ်ပါးသားအရင်းရှင်တို့က သတင်းစာများကိုထုတ်ဝေကြပြီး မကြာမီမှာပင် မော်လမြိုင်ရှိတိုင်းရင်းသားများအနက်မှ အမြော်အမြင်ကြီးမားသောပုဂ္ဂိုလ်များက မြန်မာသတင်းစာများကို အားကျမခံထုတ်ဝေကြသည်။

မြန်မာတိုင်းရင်းသားများထဲမှ ပထမဆုံးသတင်းစာ ထုတ်ဝေသူမှာ "ဦးစိုး" ဖြစ်သည်။ ဦးစိုးသည် ကောလာ၊ ၁၂၃၆-ခုနှစ်၊ (ခရစ်-၁၈၇၄)တွင် "မော်လမြိုင်အဆွေ" သတင်းစာကို စတင်ထုတ်ဝေသည်။ တစ်ပတ်လျှင်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်။ သာယာကုန်းရပ်၊ အိမ်အမှတ်(၇၆)တွင်ရိုက်နှိပ်သည်။

နောက်(၂၅)နှစ်အကြာ ကောလာ၊ ၁၂၆၁-ခုနှစ်၊ (ခရစ်-၁၈၉၉) "မြန်မာတိုင်း" သတင်းစာပေါ်ထွက်လာသည်။ မြန်မာတိုင်းသတင်းစာကို "ဦးဘိုးခင်"က ဒိုင်းဝန်ကွင်းရှိ "မင်္ဂလာဂီရိန်"အမည်ရှိ မိမိပိုင်ပုံနှိပ်တိုက်တွင် မြန်မာတိုင်းသတင်းစာကို ရိုက်နှိပ်သည်။ မြန်မာတိုင်းသတင်းစာကို တစ်ပတ်လျှင်(၂)ကြိမ်ထုတ်ဝေသည်။ သတင်းစာအယ်ဒီတာများမှာ ဆရာပြူး၊ ဆရာဆန်းနှင့် ဆရာလွမ်းတို့ဖြစ်ကြသည်။

ကောလာ၊ ၁၂၈၆-ခုနှစ်၊ (ခရစ်-၁၉၂၄)မှစတင်ပြီး "မိုးစောင့်"သတင်းစာကို ဆရာဦးဘကထုတ်ဝေသည်။ စစ်ကဲတုန်းရပ် "ဘမြ"ပုံနှိပ်တွင်ရိုက်နှိပ်သည်။ တစ်ပတ်လျှင် (၁)ကြိမ်ထုတ်ဝေရာမှ နောင်အခါ (၂)ကြိမ်၊ (၃)ကြိမ်အထိ တိုးခဲ့ထုတ်ဝေသည်။ စာမျက်နှာကိုလည်း (၄)မျက်နှာမှ (၆)မျက်နှာ၊ (၆)မျက်နှာမှ (၈)မျက်နှာ

အထိ တိုးချဲ့ထုတ်ဝေသည်။ မျိုးစောင့်သတင်းစာ၏ သက်တမ်းသည် ကောလာ၊ ၁၂၈၆-ခုနှစ်မှ ၁၃၂၃-ခုနှစ် (ခရစ်-၁၉၂၄-၆၁)အထိဖြစ်၍ (၂၉)နှစ်ဖြစ်သည်။ ကောလာ၊ ၁၂၈၇-ခုနှစ်၊ (ခရစ်-၁၉၂၅)တွင် "မော်လမြိုင် ကူးသန်းရောင်းဝယ်ရေးသတင်းစာ"ကို ထုတ်ဝေသည်။

ကောလာ၊ ၁၂၉၀-ပြည့်နှစ်၊ (ခရစ်-၁၉၂၈)တွင် သူရိယသတင်းစာကို ဦးစီးထုတ်ဝေဘူးသူ "ဦးတုတ်ကြီး"က "ကေသရ"သတင်းစာကို သာယာကုန်းရပ်ရှိ ကေသရပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေသည်။ နယ်ချဲ့ဆန့်ကျင်ရေးသတင်းစာဖြစ်သည်။ တစ်စောင်လျှင် (၂)ပဲန္နန်းဖြင့် ရောင်းချသည်။ အထူးထုတ်သတင်းစာကိုလည်း (၂)ပဲဖြင့်ပင်ရောင်းချသည်။

ကောလာ၊ ၁၂၉၉-ခုနှစ်၊ (ခရစ်-၁၉၃၇)တွင် ထုတ်ဝေသည်။ တစ်ပတ်လျှင် နှစ်ကြိမ်၊ ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနေ့များတွင်ထုတ်ဝေသည်။ အမှတ် (၂၁)၊ အောက်လမ်းမကြီး "မဂိုဗလီ"ရှေ့တိမ်တစ်ကိမ်တွင်ပုံနှိပ်သည်။ သတင်းစာတစ်စောင်လျှင် (၁)ပဲန္နန်းဖြင့် ဖြန့်ချိရောင်းချသည်။ "ခေါင်းဆောင်သတင်းစာ"ကို တို့ဗမာအစည်းအရုံးဝင်သခင်များက ဦးစီးထုတ်ဝေသည်။ "ခေါင်းဆောင်သတင်းစာ"သည် အရေးအသားပြောင်မြောက်သည့်အတွက် လူကြိုက်များသည်။

လွတ်လပ်ရေးရတော့မည် ဆဲဆဲအချိန်မှ တော်လှန်ရေးကောင်စီအစိုးရလက်ထက်အထိ မော်လမြိုင်တွင်သတင်းစာ (၇)စောင်ထက်မနည်း ပေါ်ပေါက်ခဲ့သည်ကို တွေ့ရသည်။

၁။ တနင်္သာရီ သတင်းစာ
၂။ တနင်္သာရီ သတင်းစာ
၃။ တိုင်းကျော် သတင်းစာ
၄။ မော်လမြိုင်နေ့စဉ် သတင်းစာ
၅။ ရာမညတိုင်း သတင်းစာ
၆။ ရွှေမြိုင်နေ့စဉ် သတင်းစာ နှင့်
၇။ ဟံသာသတင်းစဉ်တို့ဖြစ်ကြသည်။

၁။ တနင်္သာရီသတင်းစာ(The Tenasserim)ကို အမှတ်(၂၇၉)၊ အောက်လမ်းမကြီး၊ "မွန်ပုံနှိပ်တိုက်"တွင် အယ်ဒီတာ "မွန်ဘလွင်"က ပုံနှိပ်ထုတ်ဝေသည်။

၂။ တနင်္သာရီသတင်းစာ(The Tenasserim Time)ကို အမှတ်(၄)၊ ရုံးဟောင်းလမ်း၊ "ဗဟိုပုံနှိပ်တိုက်"တွင် အယ်ဒီတာမောင်ကြည်လွင်က ပုံနှိပ်ထုတ်ဝေသည်။

၃။ တိုင်းကျော်သတင်းစာကို အမှတ်(၁၀)၊ မြို့မတော်တားလမ်း၊ "ဆရီဒေဝီ" စာပုံနှိပ်တိုက်တွင် အယ်ဒီတာဦးမျိုးမြင့်က ပုံနှိပ်ထုတ်ဝေသည်။

၄။ မော်လမြိုင်နေ့စဉ်သတင်းစာကို အမှတ်(၂၃၅)၊ အောက်လမ်းမကြီး၊ "သီတပုံနှိပ်တိုက်"တွင် အယ်ဒီတာမောင်မျိုးမြင့်က ပုံနှိပ်ထုတ်ဝေသည်။

၅။ ရာမညတိုင်းသတင်းစာကို မွန်၊မြန်မာနှစ်ဘာသာဖြင့် အောက်လမ်းမကြီးရှိ "ညွှန့်ညွှန့်ပုံနှိပ်တိုက်"တွင် ရိုက်နှိပ်ထုတ်ဝေသည်။ တာဝန်ခံအယ်ဒီတာမှာ "ဆရာဟိုး"ဖြစ်သည်။

၆။ ရွှေပြိုင်နေ့စဉ်သတင်းစာကို အမှတ်(၃၀)၊ သီတာလမ်း၊ "ရွှေပြိုင်နေ့စဉ် ပုံနှိပ်တိုက်"တွင် "နိုင်ပန်းအောင်"က တာဝန်ခံပုံနှိပ်ထုတ်ဝေသည်။

၇။ ဟံသာသတင်းစဉ်ခေါ် သတင်းစာကို ကမ်းနားလမ်းရှိ "ဉာဏဗလ" ပုံနှိပ်တိုက်တွင် တာဝန်ခံအယ်ဒီတာ "ဆရာဟိုး"က ပုံနှိပ်ထုတ်ဝေသည်။

ဤသည်တို့ကား ယနေ့အထိလေ့လာတွေ့ရှိရသမျှ သတင်းစာများအကြောင်း ဖြစ်ပေသတည်း။

အခန်း (၉)

လူမှုရေး

ကောလာ၊ ၁၁၈၈-ခုနှစ်၊ (ခရစ်-၁၈၂၆)တွင် မော်လမြိုင်သည် တံငါရွာ တလေး တစ်ရွာမျှသာဖြစ်သဖြင့် လူဦးရေထောင်ဂဏန်းသာရှိသည်။ ကောလာ၊ ၁၁၉၄-ခုနှစ်၊ (ခရစ်-၁၈၂၆)သို့ရောက်သောအခါ မော်လမြိုင်မြို့၏လူဦးရေသည် (၁၄၀၀၀)၊ ကောလာ၊ ၁၂၁၇-ခုနှစ်၊ (ခရစ်-၁၈၅၅)တွင် (၂၁၄၇၂)ရှိလာသည်။ ကောလာ၊ ၁၂၂၄-ခုနှစ်၊ (ခရစ်-၁၈၆၂)တွင်၊ (၆၅၀၃၃)ဦးရှိလာသည်။ ထိုနှစ် မော်လမြိုင်မြို့၏လူဦးရေကို လူမျိုးဘာသာအလိုက်ခွဲခြား၍ အောက်ပါအတိုင်းပေါ်မြပါသည်။

ဥရောပတိုက်သား	၂၃၆၄
ဗမာ	၁၂၀၀၉
မွန်	၂၀၁၀၀
ကရင်	၅၉
တရုတ်	၂၂၄၄
မဒရာစီ	၁၆၂၉၄
ဘင်္ဂလီ	၆၅၀၃
တိုင်းရင်းသား မွတ်ဆလင်	၂၈၄၈
ရှမ်း	၂၁၅၆
ဂျူး	၄၁
ဖါရစီ	၅
စုစုပေါင်း	၆၅၀၃၃ - ဦး ဖြစ်သည်

အသက် (၁၅)နှစ်မှအထက်၊ လူမျိုးအလိုက် ကျား၊မ ဦးရေကို ခွဲခြားတင်ပြရသော်

ဥရောပသား	ကျား - ၁၁၄၉	မ - ၄၉၃
တရုတ်	ကျား - ၁၃၃၆	မ - ၃၁၄
မဒရာစီ	ကျား -၁၂၈၁၅	မ - ၁၆၄၃
ဘင်္ဂလီ	ကျား - ၄၇၂၀	မ - ၇၈၁ ဖြစ်ကြောင်း

တွေ့ရသည်။ လေးလေးနက်နက် တွေးတောစဉ်းစားဖွယ်ပင်။

ဥရောပတိုက်သားအများစုမှာ စစ်ဘက်အရပ်ဘက်ဆိုင်ရာ အရာရှိကြီးများနှင့် သွေးစုပ်အမြတ်ထုတ်ရန်လာရောက်ကြတုန်းသော အရင်းရှင်ကုန်သည်ကြီးများဖြစ်ကြသည်။

ဗမာအများစုမှာ၊ ရွှေတောင်၊ ထားဝယ်နှင့် ဒေသအနှံ့မှ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးများနေထိုင်ရာဒေသသို့ ကောင်းရောင်းကောင်းဝယ် လာရောက်သူများဖြစ်ကြသည်။

မွန်အများစုမှာ ရန်ကုန်၊ ပဲခူး၊ သံလျင်အစရှိသောဒေသများမှ အကြောင်းအမျိုးမျိုးကြောင့် မော်လမြိုင်သို့အလုံးအရင်းဖြင့် ဝင်ရောက်လာသူများဖြစ်ကြသည်။

မော်လမြိုင်တွင် ကရင်ဦးရေနည်းပါးသည်။ သစ်လုပ်ငန်းနှင့်ဝတ်သက်၍ ဝင်ရောက်လာသူများဖြစ်ကြသည်။

မော်လမြိုင်မြို့တည်စက မော်လမြိုင်တွင် တရုတ်ဦးရေနည်းပါးသည်။ ကောဇာ၊ ၁၂၆၂-ခုနှစ်၊ (ခရစ်-၁၉၀၀)ကျော်လွန်သောအခါမှသာ တရုတ်ဦးရေပို၍ပို၍များပြားလာသည်။ ကောဇာ၊ ၁၂၇၃-ခုနှစ်၊ (ခရစ်-၁၉၁၁)တွင် မော်လမြိုင်ခရိုင်၌ တရုတ်ဦးရေ (၅၆၀၃)ဦးရှိမှု၊ ကောဇာ၊ ၁၂၉၃-ခုနှစ် (ခရစ်-၁၉၃၁)တွင် တရုတ်ဦးရေ (၁၁၂၈၇)ဦးရှိလာသဖြင့်၊ နှစ်ပေါင်း (၂၀)အတွင်း တရုတ်ဦးရေ (၂)ဆတိုးလာသည်ဟုဆိုနိုင်သည်။ တရုတ်တို့သည် ဒေသခံတိုင်းရင်းသားတို့နှင့် သင့်တင့်စွာနေထိုင်သည်။ ရပ်ရွာတွင်လည်းဩဇာရှိသည်။ အချို့ရွာများတွင်အရည်အချင်းနှင့်ပြည့်ဝသော တရုတ်သူကြီးများဝင်ရှိသည်။ အစိုးရဌာနများကိုလည်း ခုက္ခမပေးကြချေ။ ယစ်မျိုးဌာနကားချွင်းချက်ဖြစ်သည်။

အထက်တွင်တင်ပြခဲ့သည့်အတိုင်း၊ မော်လမြိုင်ဒေသသို့ ဝင်ရောက်လာသော တရုတ်များအနက်၊ အသက်(၁၅)နှစ်နှင့်အထက်တရုတ်များကို စစ်တမ်း ကောက်ယူကြည့်သောအခါ တရုတ်-ကျားဦးရေက၊ တရုတ်-မဦးရေထက် (၄)ဆခန့်များနေသည်ကို တွေ့ရသည်။ ပို၍သိသာနေသော တရုတ်-ကျားများသည် ဒေသခံတိုင်းရင်းသူများနှင့် ပေါင်းဖက်ကြသောအခါ မွန်တရုတ်ကပြား။ ဗမာတရုတ်ကပြားများ ပေါ်ထွန်းလာသည်။ အဆိုပါကပြားများသည် ထူးထူးခြားခြားဥာဏ်ပညာထက်မြက်၍ နောင်အခါအစိုးရအရာရှိကြီးများဖြစ်လာသည်ကို တွေ့ရသည်။ တရုတ်စစ်စစ်များကား၊ စီးပွားရေးကိုသာဦးစားပေးပြီး၊ အစိုးရအလုပ်လုပ်ရန် စိတ်ဝင်စားမှုမရှိချေ။

မြန်မာနိုင်ငံသို့ လာရောက်နေထိုင်ကြသည့် တရုတ်မျိုးနွယ် (၇)မျိုးရှိသည်။

၁။ "ဖုကျန်-အက်ျိုရှည် တရုတ်လူမျိုး"များသည်၊ မြန်မာနိုင်ငံသို့ ဝထမဆုံးဝင်ရောက်လာပြီး၊ မွေးမြူရေးလုပ်ငန်းကို စောက်ချလုပ်ကိုင်သည်။ ဘိုးဘွားစဉ်ဆက် ချမ်းသာသူများဖြစ်၍ သားသမီးများကို ပညာသင်ကြားပေးနိုင်သဖြင့်၊ ခေတ်ပညာတတ်များသောလူမျိုးဖြစ်သည်။ ယင်းလူမျိုး အမျိုးသမီးကြီးများမှာ၊ ခြေထောက်ကို ချိုးခေါက်၍တုပ်ထားသဖြင့် ခြေသေးမများဖြစ်နေကြသည်။ ထိုကိစ္စနှင့် ပတ်သက်၍ လိင်ပါရဂူများ၏သုတေသနပြုချက်များရှိသည်။ ကောလာ၊ ၁၃၁၁-ခုနှစ်၊ (၁၈၈၀-၁၉၄၉)မှစ၍ ခြေသေးမစနစ်မရှိတော့ချေ။ ယင်းလူမျိုးတို့ အနှစ်ခြုံကဆုံးအစားအစာမှာ၊ ကန်ဒွန်းဥထည်ပြုတ်ထားသော ဆန်ပြုတ်ဖြစ်သည်။

၂။ "ဖုကျန်-အက်ျိုရှည်ဟတ်က တရုတ်လူမျိုး"များသည် မြန်မာနိုင်ငံသို့ ရောက်လာသည်မှာ မကြာသေးချေ။ တရုတ်ပရဆေးနှင့် ဆေးဝါးပစ္စည်းများကို အဓိကထား၍ ရောင်းဝယ်သည်။

၃။ "ကန်တုန်-အက်ျိုတို့ တရုတ်လူမျိုး"တို့သည် ကန်ထရိုက်လုပ်ငန်း၊ လက်သမားလုပ်ငန်းနှင့် အပေါင်ဆိုင်လုပ်ငန်းတို့ကို လုပ်ကိုင်ကြသည်။ ထိုမျိုးနွယ်မှ တရုတ်အမျိုးသမီးတို့သည် စကားကိုအော်ကြီးဟစ်ကျယ်ပြောတတ်၍ တစ္ဆေနှင့် နတ်များကိုယုံကြည်ကိုးကွယ်သည်။ ဆောင်းရာသီတွင် မြွေသားကိုနှစ်ခြိုက်စွာ ချက်ပြုတ်စားသောက်ကြသည်။

၄။ "ကန်တုန်-အက်ျိုတို့ ဟတ်ကတရုတ်လူမျိုး"တို့လုပ်ကိုင်သော လုပ်ငန်းများမှာ အက်ျိုချုပ်ဆိုင်၊ ဖိနပ်ချုပ်ဆိုင်၊ အပေါင်ဆိုင်၊ အရက်ဆိုင်နှင့် ဘိန်းခန်းများဖြစ်ကြသည်။

၅။ "ဟုတ်ကြူ-တရုတ်လူမျိုး"များသည် မုန့်ဆိုင်၊ သကြားလုံးဆိုင်၊ စတိုးဆိုင်နှင့် လက်ဖက်ရည်ဆိုင်များဖွင့်၍ စီးပွားရှာသည်။

၆။ "ယူနန်-တရုတ်လူမျိုးများ"သည် သတ္တုတွင်း၊ ကျောက်တွင်းတူးဖော်ခြင်း၊ လမ်းဖောက်ခြင်းနှင့် "လား"ဖြင့် ကုန်ကူးသန်း၊ ရောင်းဝယ်ခြင်းတို့ကို ပြုလုပ်သည်။ ဘိန်းပင်စိုက်ခြင်း၊ ဘိန်းကုန်ကူးခြင်းစသည့်လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

၇။ "ဟိုင်နန်-တရုတ်လူမျိုးများ"သည် အစားအစာကိုကောင်းမွန်ကျင်လည်စွာ ချက်ပြုတ်၊ ကြော်လှော်တတ်သူများဖြစ်ကြသည်။ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်

ကြီးများဖွင့်လှစ်၍ စီးပွားရှာကြသည်။

ကိုလိုနီခေတ် မော်လမြိုင်သို့ရောက်လာသည့် တရုတ်အများစုမှာ ငွေရှင်ကြေးရှင်များမဟုတ်ဘဲ ရရာအလုပ်ကိုအောက်ခြေမှစ၍ ခွဲရှိရှိဖြင့်အပင်ပန်းခံတာလုပ်ကိုင်ကြသူများဖြစ်သည်။ စီးပွားရှာရာတွင် သမ္မာအာဇီဝဟုတ်မဟုတ်ကို အလေးမထားချေ။ လူမှုဆက်ဆံရေးတွင် မည်သည့်ပုဂ္ဂိုလ်ကို မည်သည့်လမ်းကြောင်းမှဝင်ရမည်၊ မည်သည့်နည်းဖြင့်ချဉ်းကပ်ရမည်၊ မည်သည့်အတိုင်းအတာအထိ ဆက်ဆံရမည်ကို တွက်ဆနိုင်ကြသည်။ "ထောင်"မြင်လျှင် "ရာ"စွန့်ရန် ဝန်မလေးသူများဖြစ်ကြသည်။

မြို့တည်ထောင်စကပင် မော်လမြိုင်၌ "မဒရာစီတပ်ဖွဲ့များ"(Madras Troops)များရှိခဲ့သည်။ ကောလာ၊ ၁၂၀၀-ပြည့်နှစ်၊ (ခရစ်-၁၈၃၈)မှစတင်ပြီး အိန္ဒိယပြည်၊ မဒရပ်ကမ်းခြေမှ မဒရာစီများသည် စစ်သားများအဖြစ်လည်းကောင်း၊ စွန့်စားသွားလာဝမ်းစာရှာသူများအဖြစ်လည်းကောင်း၊ မော်လမြိုင်သို့ အလုံးအရင်းဖြင့် ပင်ရောက်လာကြသည်။ နှစ်ပေါင်း(၃၀)ကြာသောအခါ မော်လမြိုင်တွင် မဒရာစီဦးရေ (၁၆၂၄၉)အထိရှိလာသည်။ မြို့လူဦးရေ၏ (၄)ပုံ၊ (၁)ပုံဖြစ်သည်။

ကောလာ၊ ၁၂၀၂-ခုနှစ်၊ (ခရစ်-၁၈၄၀)ကျော်လွန်သော နှစ်များတွင် "မြောက်ပိုင်းကော်ရိုမင်ဒယ်ကမ်းခြေ"(Northern Coromandal Coast) အထူးသဖြင့် "ကော်ရင်ဂါ"(Coringa)မှ "ဂေါ်ရင်ဂျီ"ကုလားများ၊ "ကူလီ"(Coolies)များအဖြစ် အသက်မွေးရန် မော်လမြိုင်သို့ ရေကြောင်းမှလိုမ်းဝင်လာသည်။ ကိုယ်ခန္ဓာအချိုးအစားပြေပြစ်၍ ခွပ်ရည်အသင့်အတင့်ရှိသော ဂေါ်ရင်ဂျီမအပျိုများလည်း လိုက်ပါလာကြသည်။ မော်လမြိုင်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်တပ်လာသောအခါ မော်လမြိုင်တွင်ရှိနှင့်ပြီးဖြစ်သော ဂေါ်ရင်ဂျီစစ်သားနှင့် အရပ်သားလူလွတ်များက သင်္ဘောပေါ်သို့ အလုအယက်တက်လာသည်။ နှစ်သက်ရာဂေါ်ရင်ဂျီမကို ရွေးချယ်ကြသည်။ ဂေါ်ရင်ဂျီမအတွက် လမ်းခရီးတွင်သွားလာစားသောက်စရိတ်ကို သင်္ဘောကပ္ပိတန်ထံပေးချေသည်။ ဘဝကြင်ဖော်အဖြစ်ပေါင်းသင်းရန် သင်္ဘောပေါ်မှတစ်တွဲပြီး၊ တစ်တွဲဆင်းသက်ထွက်ခွါသွားကြသည်။

ပထမမြန်မာ-အင်္ဂလိပ်စစ်တွင် "ဘင်္ဂလား"(Bengal)မှ ဘင်္ဂါလီစစ်သားများပါဝင်သည်။ ကောလာ၊ ၁၁၉၂-ခုနှစ်၊ (ခရစ်-၁၈၃၀)ဝန်းကျင်တွင် မော်လမြိုင်

အကျဉ်းထောင်သို့ ဘဂ်ါလီအကျဉ်းသားအများအပြားကို ပို့ဆောင်ထားရှိသည်။ လွတ်ရက်စေ့သောဘဂ်ါလီများသည် မွေးရပ်မြေသို့မပြန်တော့ဘဲ မော်လမြိုင်တွင်ရရာအလုပ်တို့ လုပ်ကိုင်နေထိုင်ကြသည်။ တိုင်းရင်းသူတို့နှင့် အိမ်ထောင်ကျသည်။ ကောဇာ၊ ၁၂၂၄-ခုနှစ်၊ (ခရစ်-၁၈၆၂)တွင် မော်လမြိုင်၌တိုင်းရင်းသား မွတ်ဆလင် (၂၈၄၈)ဦး ရှိသည်။

မော်လမြိုင်နှင့် ကျိုက်မရောကြားတွင်၊ မွတ်ဆလင်ဘာသာဝင် "စစ်တကောင်းနယ်သား"(Chittagonians)အများအပြား နေထိုင်သည်။ ကောဇာ၊ ၁၁၉၂-ခုနှစ်၊ (ခရစ်-၁၈၃၀)များက မော်လမြိုင်အကျဉ်းထောင်မှနှစ်ခေ့၍ လွတ်လာသူများမှ ဆင်းသက်ပေါက်ပွားလာသူများဖြစ်ကြသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုလုပ်ကိုင်၍ နွားနို့အကြီးအကျယ်ရောင်းချသည်။

တနင်္သာရီတိုင်းတွင် မြေလွတ်မြေရိုင်းများစွာရှိသည်။ အင်္ဂလိပ်အစိုးရက မြေယာသစ်များဖေါ်ထုတ်ရေးအတွက် ဘဂ်ါလီအများအပြားကိုတင်သွင်းခဲ့သည်။ ရေကြည်ရာမြက်နုရာမော်လမြိုင်သို့ ရရာအလုပ်လုပ်ကိုင်ရန် ဝင်ရောက်လာသော ဘဂ်ါလီများလည်းရှိသည်။

ဟိန္နူ၊ မွတ်စလင်ကုလားမျိုးစုံတို့သည် မော်လမြိုင်သို့ရောက်သောအခါ အစိုးရဌာနအသီးသီးတွင် အောက်ခြေဝန်ထမ်းများအဖြစ်လုပ်ကိုင်သည်။ မြို့နီစီပါယ် အဖွဲ့တွင် သန့်ရှင်းရေးလုပ်သားများအဖြစ်လည်း လုပ်ကိုင်သည်။ သမ္မန်ခတ်သမားနှင့် ကူလီများအဖြစ် လုပ်ကိုင်သူများလည်းရှိသည်။ အဆုံးဆိုရသော် မြန်မာများမလုပ်လိုသောအလုပ်ကြမ်းဟူသမျှကို ကုလားများကလုပ်ကိုင်ကြသည်။ လက်လီကုန်စုံဆိုင်ကလေးများ တည်ထောင်သူများလည်းရှိသည်။ အစားအသောက်၊ အနေအထိုင် မြီးခြံချွေတာ၍ ရသမျှဝင်ငွေကိုကျစ်ကျစ်ပါအောင် စုဆောင်းနိုင်သဖြင့် ချမ်းသာကြွယ်ဝသူများ ပေါ်ပေါက်လာသည်။ "ကုလားလိုစု၊ တရုတ်လိုရွာ၊ ဗမာလိုမသုံးနဲ့"ဟူ၍ ရွေးလူကြီးများကဆုံးမသြဝါဒပေးခဲ့သည်။

မော်လမြိုင်ရှိ ရှမ်းလူမျိုးများသည် သစ်လုပ်ငန်း၊ လက်ဖက်(အစို၊ အခြောက်) လုပ်ငန်းနှင့် သနပ်ဖက်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။

"ဂျူးလူမျိုး"အများအစုမှာ ကုန်သည်ကြီးများဖြစ်ကြသည်။ ကောဇာ၊ ၁၂၃၉-ခုနှစ်၊ (ခရစ်-၁၈၇၇)တွင် မော်လမြိုင်၌ ဂျူးလူမျိုးကုန်သည် (၄)ဦးရှိ၍ နောက်(၁)နှစ်

တွင် (၅)ဦးရှိသည်။ နောက်ပိုင်းတွင်မတွေ့ရတော့ချေ။

"ဖာရစီလူမျိုး"(Parsee)များ၏ဇာတိမြေမှာ "ပါရှား"(Persia)နိုင်ငံ (ယခုအီရန်-Iran)ဖြစ်သည်။ "ဇောရောအက်ထရာဘာသာ"(Zoroastrians) ကိုးကွယ်သူများဖြစ်ကြသည်။ ခရစ်၁၇-ရာစုတွင် ပါရှားမှအိန္ဒိယသို့ ထွက်ပြေးလာကြသည်။ အာရှနိုင်ငံများတွင် လှည့်လည်ကပြကြသည်။ မော်လမြိုင် "နန်းတော်ခွဲ"သည် ရှေးက "ဂလုပ်ခွဲ"(Globe)ခွဲဟုခေါ်သည်။ ဂလုပ်ခွဲတွင် ဖါရစီကပွဲများကပြဘူးသည်။ မော်လမြိုင်ဒိုင်းဝန်ကွင်းတွင် ဖါရစီသချိုင်းရှိသည်။

နယ်ချဲ့အစိုးလိပ်တို့သည် ဥရောပသားနှင့် တရုတ်၊ ကုလားများကို မြန်မာနိုင်ငံ (မော်လမြိုင်မြို့)သို့ တံခါးမရှိ ခါးမရှိ ဝင်ခွင့်ပြုခဲ့ခြင်းမှာ "သွေးခွဲအုပ်ချုပ်ရေးပေါ်လစီ" (Divide and Rule Policy)အောင်မြင်စေရန်အတွက်ဖြစ်သည်။

ကောလာ၊ ၁၂၂၄-ခုနှစ်၊ (ခရစ်-၁၈၆၂) မော်လမြိုင်လူဦးရေအချိုးအဆကို လေ့လာသုံးသပ်သောအခါ မွန်+ဗမာလူဦးရေနှစ်ရပ်ပေါင်းသည်၊ မြို့လူဦးရေ စုစုပေါင်း၏ တစ်ဝက်ပင်မရှိကြောင်းတွေ့ရသည်။ ဗုဒ္ဓဘာသာ၊ ယဉ်ကျေးမှုက မှေးမှိန်နေ၍ တိုင်းတစ်ပါးသားတို့၏ ဘာသာယဉ်ကျေးမှုတ လွှမ်းမိုးနေသည်ကို တွေ့ရသည်။

တိုင်းတစ်ပါးသားတို့သည် မိမိတို့ယုံကြည်ကိုးကွယ်ရာအလိုက်၊ ဘာသာရေး အဆောက်အတုံများ တည်ဆောက်ကာ မိမိတို့ဘာသာယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေး အတွက် ဆောင်ရွက်ခဲ့သည်ကိုလည်းတွေ့ရသည်။

အခန်း (၁၀)

ဘာသာရေး

(က) ခရစ်ယာန် ဘုရားကျောင်းများ

မြန်မာနိုင်ငံတွင် ပထမဆုံးသော၊ အမေရိကန်နှစ်ခြင်း ခရစ်ယာန် သာသနာပြု ပုဂ္ဂိုလ်ဖြစ်သည့် "ဒေါက်တာယုဒသန်"(Dr. Judson)သည် တနင်္သာရီတိုင်း ဝန်ရှင်တော်မင်းကြီး "ကရောဖွတ်"(Crowfurd)နှင့်အတူ ရန်ကုန်မှတ္တိုက္ခမီသို့ ကောလာ၊ ၁၁၈၉-ခုနှစ်၊ (ခရစ်-၁၈၂၆)တွင် ထွက်ခွါလာခဲ့သည်။ ၁၁၈၉-ခုနှစ်၊ ကဆုန်လ (မေ-၁၈၂၇)တွင် ကျိုက္ခမီမှမော်လမြိုင်သို့ ပြောင်းရွှေ့သာသနာပြုသည်။

ဒေါက်တာယုဒသန် မော်လမြိုင်ရောက်လျှင်ရောက်ချင်း "ဗိုလ်ချုပ်ကြီး ကင်းဗဲ"(General Campbell)က ယခုပြည်နယ်ပညာရေးမှူးရုံးနေရာတွင် ဝါးကာခနိုမိုး အိမ်တစ်လုံးကို အလျှင်အမြန်ဆောက်လုပ်ပေးသည်။ ထိုအိမ်မှ သံလွင်မြစ်ရှခင်းကို ကောင်းစွာမြင်တွေ့နိုင်သည်။ မကြာမီမှာပင် ထားဝယ်တံတားလမ်း(Mission Street) တလျှောက် အနောက်ဘက်အောက်လမ်းမကြီးမှ အရှေ့ဘက်တောင်ခြေအထိ မြေကွက်များကို သာသနာပြုအဖွဲ့အတွက် ဝရုန်ချပေးသည်။

ဒေါက်တာယုဒသန်သည် ကောလာ၊ ၁၁၈၉-ခုနှစ် (ခရစ်-၁၈၂၇)မှာပင်၊ အထက်လမ်းမကြီးနှင့် ထားဝယ်တံတားလမ်းထောင့်တွင် မြန်မာနှစ်ခြင်းခရစ်ယာန် ဘုရားကျောင်း ယခု"ပထမနှစ်ခြင်းအသင်းဘော်"(First Baptist Church)ကို တည်ထောင်သည်။

၁၁၉၁-ခုနှစ်၊ တန်ခူးလ (မတ်-၁၈၂၉)တွင် ဗတိုလမ်းနှင့် ထားဝယ်တံတားလမ်းထောင့်တွင်၊ အင်္ဂလိပ်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း ယခု "အီဘင်ဇာနှစ်ခြင်းအသင်းတော်"(Ebenezer Baptist Church)ကို တည်ထောင်သည်။

ကောလာ၊ ၁၂၆၀-ပြည့်နှစ်၊ (ခရစ်-၁၈၉၉)တွင် ခိုင်းဝန်ကွင်း "ထန်းပင်ကုန်း" ရပ်၌ ကရင်နှစ်ခြင်းအသင်းတော်ကို တည်ထောင်သည်။

ကောလာ၊ ၁၂၆၂-ခုနှစ်၊ (ခရစ်-၁၉၀၁)တွင် မွန်နှစ်ခြင်းအသင်းတော်ကို တောင်ရိုးတန်းအမျိုးသမီးဆေးရုံအနီးတွင် တည်ထောင်သည်။

မော်လမြိုင်မြို့သည် ကောလာ၊ ၁၁၉၂-ခုနှစ်မှ ၁၂၁၈-ခုနှစ်အထိ (ခရစ်-

၁၈၃၀-၅၆)၊ "မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်သာသနာ"(Catholics) ဌာနချုပ်ဖြစ်သည်။

ကောလာ၊ ၁၁၉၁-ခုနှစ်၊ (ခရစ်-၁၈၂၉)တွင် ဘုန်းတော်ကြီး "ဘာဘေး" (Barbe)က လက်ရှိ"စိန့်ပက်ထရစ်"(St.Patrick)ဘုရားရှစ်ခိုးကျောင်းနေရာတွင် ကျောင်းငယ်တစ်ခုကို သစ်သားဖြင့်ဆောက်လုပ်သည်။ ထိုဘုရားကျောင်းသည် ကောလာ၊ ၁၂၁၀-ခုနှစ်၊ (ခရစ်-၁၈၄၉)ရောက်သော်ဆွေးမြေ့လာသဖြင့် ကောလာ၊ ၁၂၁၉-ခုနှစ်၊ (ခရစ်-၁၈၅၇)တွင် ဘုရားကျောင်းအသစ်ဆောက်လုပ်ပြီးစီးသောအခါ၊ ဘုန်းတော်ကြီး "ဘီဝန်းဒက်"(Bigandet)က ကောင်းချီးပေးသည်။

"စိန့်မေရီဘုရားကျောင်း"(St. Mary Church)ကို အထက်လမ်းမကြီး၊ မရမ်းကုန်းရပ်၌ ကောလာ၊ ၁၂၁၅-ခုနှစ်၊ (ခရစ်-၁၈၄၃)တွင် စတင်တည်ထောင်သည်။ ၁၂၂၀-ပြည့်နှစ်၊ ပြာသိုလဆန်း(၁၃)ရက် (၁၆ ဇန်နဝါရီ ၁၈၅၉)တွင် ကောင်းချီးပေးသည်။ ဆရာတော်"ကာဒိုး"(Cardot)လက်ထက် ကောလာ၊ ၁၂၇၃-ခုနှစ်၊ (ခရစ်-၁၈၉၅)တွင် "ရဟန်းဖြစ်သင်ကျောင်း"ကို "မွန်မြတ်သော အိမ်ထောင်စုဘုရားကျောင်း" အရွှေဘက် တောင်ပေါ်တွင်ဖွင့်လှစ်သည်။ နိုင်ငံကျော်စာရေးဆရာကြီး "ဝိမိုးနင်း" သည်၊ ထိုကျောင်းတွင် (၃)နှစ်တက်ခဲ့သည်။

ကောလာ၊ ၁၂၆၄-ခုနှစ်၊ (ခရစ်-၁၉၂၂)တွင် ဘုန်းတော်ကြီး "ဖါသာချဲရပ်"က လက်ရှိစိန့်မေရီဘုရားကျောင်းမှာ ဘာသာဝင်များဝတ်ပြုရာတွင်ကျဉ်းနေသဖြင့် ကျယ်ဝန်းသောဘုရားကျောင်းကို စတင်ဆောက်လုပ်ရာ ကောလာ၊ ၁၃၁၉-ခုနှစ်၊ (ခရစ်-၁၉၅၈)တွင် ဆောက်လုပ်ပြီးစီးသည်။ ၁၃၁၉-ခုနှစ်၊ တပေါင်းလကွယ်နေ့ (၁၉ မတ် ၁၉၅၈)တွင် "ဆရာတော်ဗစ်တာဗါဇင်"က "မွန်မြတ်သောအိမ်ထောင်စုဘုရားကျောင်း" (Holy Family Cathedral)အမည်ဖြင့် ကောင်းချီးပေးသည်။

ပထမကျူးကျော်စစ်ပြီး၊ မော်လမြိုင်သို့လာရောက်အခြေစိုက်သော အင်္ဂလိပ်စစ်တပ်များနှင့်အတူ "အင်္ဂလီကန်ခရစ်ယာန်ဝိုက်ား"(Chaplains)များပါလာသည်။ ပထမပိုင်းတွင် သီးခြားဘုရားကျောင်းမရှိသေးသဖြင့် "တပ်မြို့"တွင်းရှိ ကပွဲခွဲမှာပင် ဝတ်ပြုရသည်။ ထိုအခါ လောကီနှင့် လောကုတ္တရာလုပ်ငန်းများ ရောယှက်လာသဖြင့် "တပ်မင်း"ကကန့်ကွက်သည်။ ၁၁၉၅-ခုနှစ်၊ တပေါင်းလ (မတ်-၁၈၃၄)တွင် ကျပ်ငွေ (၆၀၀)ကုန်ကျသော ယာယီဘုရားကျောင်းငယ်တစ်ဆောင်ကို ဆောက်လုပ်သည်။

နောင်အခါ ဘဝ်လားရှိအဝ်လိပ်အစိုးရက ဘုရားကျောင်းဆောက်လုပ်ရန် ကျပ်(၅၀၀၀) ထပ်မံချပေးသဖြင့် ကျွန်းသားဖြင့်တည်ဆောက်သော သေသပ်သည့် ဘုရားကျောင်း တစ်ကျောင်းပေါ်ပေါက်လာသည်။ ထိုဘုရားကျောင်းကို "ရှင်မဿဲ ဘုရားကျောင်း ဟောင်း"(Old St. Matthew's Church)ဟုခေါ်သည်။ ယခု ရဲဘော်ကုန်းအရှေ့ဝိုင်း၊ အမှတ်(၁)၊ အ-လ-ကကျောင်းဝင်းအတွင်း၌ရှိသည်။

"စိန့်ဩဂတ်စတင်းဘုရားကျောင်း"(St. Augustine's Church)သည် ကိုကွမီလမ်း၊ မောင်ငံရပ်တွင်ရှိသည်။ ထိုဘုရားကျောင်းကို ကောဇာ၊ ၁၂၄၃-ခုနှစ်၊ (ခရစ်-၁၈၈၁)တွင် အုတ်မြစ်ချသည်။

လက်ရှိ အထက်လမ်းမကြီးရှိ၊ "ရှင်မဿဲဘုရားကျောင်း"(St. Matthew's Church)ကို ကောဇာ၊ ၁၂၄၉-ခုနှစ်၊ (ခရစ်-၁၈၈၇)တွင် ဝန်ရှင်တော်မင်းကြီး "ခရော့ဝိတ်"(Crosthwaite)က အုတ်မြစ်ချပေးသည်။ ဗိသုကာများမှာ "အော်ဗင်နှင့် ဝေါဒ်လင်း"(Aubyn and Wadling)တို့ ဖြစ်ကြသည်။ ကောဇာ၊ ၁၂၅၂-ခုနှစ်၊ (ခရစ်-၁၈၉၀)တွင် ဘုန်းတော်ကြီး "စတြာချန်"(Strachan)က ကောင်းချီးပေးသည်။

သတ္တမဥပုသ်အသင်းတော်ဘုရားကျောင်းသည် ရုံးဟောင်းလမ်း၊ စစ်ကဲကုန်း ရပ်၌ ရှိသည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ခရစ်ယာန်ဘုန်းတော်ကြီးများအတွက် အိမ်ဆောက်ပေးခြင်း၊ ဘုရားကျောင်းဆောက်ရာတွင် အလှူငွေထည့်ဝင်ခြင်း၊ ဝန်ရှင်တော်မင်းကြီးကိုယ်တိုင် ဘုရားကျောင်းအုတ်မြစ်ချပေးခြင်း၊ ခရစ်ယာန် သာသနာအတွက် မြေဂရန်များလွယ်လင့်တကူ ဖေါ်ဖေါ်သီသီချပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းတွေ့ရသည်။

(ခ) ဗလီများ

ကောဇာ၊ ၁၁၈၈-ခုနှစ်၊ (ခရစ်-၁၈၂၆)တွင်၊ ရန်ကုန်မြို့မှ မွတ်စလင်ကုန်သည်ကြီးအချို့သည် မော်လမြိုင်မြို့သို့ပြောင်းရွှေ့နေထိုင်ကြသည်။ ကုန်သည်ကြီးများတွင် အော်စမန်ဆဟစ်(Osman Sahib)ခေါ် ဦးမန်သတ်၊ ဦးလှဝန်၊ ဦးဖိုးတိုနှင့် ဟာဂျီမဇ္ဈန်မာဘီ(Zoomarbi)ခေါ် ဇော်နီတို့ပါဝင်ကြသည်။ ဦးမန်သတ်၏ ဖခင်သည်၊ ကျိုက်သလ္လဘုရားလမ်း၏ အနောက်ဘက်စွန်းတွင် ဝါးကာခနီမိုးဖြင့် "ရခိုင်ဗလီ"ကို တည်ဆောက်ခဲ့သည်။ ကောဇာ၊ ၁၂၂၂-ခုနှစ်၊ (ခရစ်-၁၈၆၀) ကျော်လွန်သောနှစ်များတွင် ရွှေတောင်ရပ်၌ မီးအကြီးအကျယ်လောင်သည်။ ရခိုင်ဗလီပါ မီးဆဲပါသွားသည်။ ထိုအခါ ဟာဂျီအဗ္ဒုရာမန်မာဒါနီ(Haji Abdul Rahman Madani)က ဗလီကိုအုတ်ဖြင့် ပြန်လည်တည်ဆောက်သည်။ ထိုအခါမှစ၍ မော်လမြိုင်တွင်ဗလီများတိုးပွားလာရာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကဘန်စတန်ဂျာမေဗလီ
၂။ ကုလားတန်ဗလီ
၃။ ကစ္စာရ်စတန်ဗလီ
၄။ ကြွေလီယာဗလီ
၅။ ကျိုက်ဖနဲဗလီ
၆။ ကွင်းရပ်ဗလီ
၇။ ကျွဲခြံကုန်းအနောက်ဗလီ
၈။ ကျွဲခြံကုန်းအရှေ့ဗလီ
၉။ ဂျာမေဗလီ
၁၀။ ငွေးကုန်းဗလီ
၁၁။ စူရတီဆူနီဂျာမေဗလီ
၁၂။ စန္ဒီဂျာမေဗလီ
၁၃။ စမ်းကြီးဗလီ
၁၄။ စွန်နီဂျာမေဗလီ
၁၅။ စွန်နီဂျာမေဗလီ (အလယ်)
၁၆။ ဆွန်နီဗလီ

၁၇။ စွေးကြိုဗလီ
၁၈။ ဒါဓါလိုင်ဗလီ
၁၉။ ဒါရဝါကုန်းဗလီ
၂၀။ ဝဆန်ဗလီ
၂၁။ မဂိုလ်ဘာရွိန်ဗလီ
၂၂။ မိုရ်ရီဗလီ
၂၃။ ရခိုင်ဗလီ
၂၄။ ရာမန်နိယာဗလီ
၂၅။ ရေကန်စွန်နီကျာမေဗလီ
၂၆။ ရီးဂိုးကျာမေဗလီ
၂၇။ ရုံးကြီးဗလီ
၂၈။ ရွှေဓန်ဓါရိုဗလီ
၂၉။ ရွာဖန်ဓလ်ဗလီ
၃၀။ လှိုင်မင်းဗလီ
၃၁။ သာယာကုန်းဗလီနှင့်
၃၂။ ဟူစိန်နီယာဗလီ တို့ဖြစ်ကြသည်။

(ဂ) ဟိန္ဒူဘုရားကျောင်း(Temple)များ

၁။ ကာလီမယ်တော်ဘုရားကျောင်း
၂။ ကာလီမာမယ်တော်ကြီးဘုရားကျောင်း
၃။ ကာလီမာန်မယ်တော်ဘုရားကျောင်း
၄။ ကာလီရမာန်မယ်တော်ဘုရားကျောင်း
၅။ စရီဒုဂ္ဂာမဏီဘုရားကျောင်း
၆။ စာရီရာမားဘုရားကျောင်း
၇။ စာရီရာမာန်ဘုရားကျောင်း
၈။ စရီးကစ္စနားဘုရားကျောင်း
၉။ ဆရိကဒူရိယမ္မာန်မယ်တော်ဘုရားကျောင်း
၁၀။ ဆရိကာဓမ္မိဘုရားကျောင်း
၁၁။ ဆရိဂျေတာကောဒမာရိယမ္မာန်ဘုရားကျောင်း
၁၂။ ဆရိပိုက်ဒီသလီယမ္မာဘုရားကျောင်း
၁၃။ ဆရိမာရိယယမ္မာန်မယ်တော်ကြီးဘုရားကျောင်း
၁၄။ ဆရိသရောမသီယမ္မာဘုရားကျောင်း
၁၅။ ဆရိသီဝဘုရားကျောင်း
၁၆။ ဆရိကာလီယမ္မာမယ်တော်ကြီးဘုရားကျောင်း
၁၇။ ဆရိဂျေရ်မုနိဝရရ်ဘုရားကျောင်း
၁၈။ ဆရိနုကာယမ္မာမယ်တော်ကြီးဘုရားကျောင်း
၁၉။ ဆရိမာရိယမ္မာဘုရားကျောင်း
၂၀။ ဆရိမာရိယမ္မာန်ဘုရားကျောင်း
၂၁။ ဆရိမာရိုးရာမားဘုရားကျောင်း
၂၂။ ဆရိရာမာကစ္စနားဘုရားကျောင်း
၂၃။ ဆရိဝဒီမယ်တော်ဘုရားကျောင်း
၂၄။ ဆရိုးဆိုင်းဘာဘာဘုရားကျောင်း
၂၅။ ဆရိုးမာရိုးယားမားဘုရားကျောင်း
၂၆။ ဆရှိဝန္ဒစ်ဘုရားကျောင်း

၂၇။ ဆာလီမာမယ်တော်ကြီးဘုရားကျောင်း
၂၈။ ဆစ်ဘုရားကျောင်း
၂၉။ ဆရံဒန္ဓုမာရီမယ်တော်ဘုရားကျောင်း
၃၀။ ဒရီမဟာမုနိအရံဘုရားကျောင်း
၃၁။ ဘုလောကမားမယ်တော်ကြီးဘုရားကျောင်း
၃၂။ မရိပဒါစေတီယမ္မာန်ဘုရားကျောင်း
၃၃။ မဟာပိန္နဲဘုရားကျောင်း
၃၄။ မဟာပိန္နဲမယ်တော်ကြီးဘုရားကျောင်း
၃၅။ မာရီရာမားဘုရားကျောင်း
၃၆။ မာလီမာမယ်တော်ကြီးဘုရားကျောင်း
၃၇။ ရှီးရီဆတ်(သ်)ယနာရုရန်ဘုရားကျောင်း
၃၈။ ရွှေကညင်ဘိုးဘိုးကြီးဘုရားကျောင်း
၃၉။ သီရိလမ္မာဘုရားကျောင်းနှင့်
၄၀။ ဟာနုမာန်ဘုရားကျောင်း တို့ဖြစ်ကြသည်။

အမှတ်(၁၉)၊ ဆရီမာရီယမ္မာဘုရားကျောင်းတွင် "မီးနင်းပွဲ" ပြုလုပ်လာသည်မှာ အကြိမ်ပေါင်း (၁၇၀)ကျော်လာပြီဖြစ်၍ ထိုဘုရားကျောင်းသည် အလွန်ရှေးကျသော ဘုရားကျောင်းတစ်ကျောင်းဖြစ်သည်ဟု ဆိုနိုင်သည်။

(ဃ) ဘုံကျောင်းများ

၁။ ကာရင်ဘုံကျောင်း
၂။ ကောင်မင်ရွာဘုံကျောင်း
၃။ ကျန့်တိတ်ဘုံကျောင်း
၄။ ကွမ်တုံဘုံကျောင်း
၅။ ချိန်ဟိုတောင်ဘုံကျောင်း
၆။ စန်းစန်းဘုံကျောင်း
၇။ စမ်းကြီးဘုံကျောင်း
၈။ ညောင်တက်ဘုံကျောင်း
၉။ တေလဲရွာဘုံကျောင်း
၁၀။ ထရယ်နဟော်ဘုံကျောင်း
၁၁။ ထိုက်လန်ဘုံကျောင်း
၁၂။ ထဲနံဟုန်ဘုံကျောင်း
၁၃။ နိမ်ရောင်ဘုံကျောင်း
၁၄။ ဘုံကျောင်းလေးဘုံကျောင်း
၁၅။ လိလုံးစီးတောင်ဘုံကျောင်း
၁၆။ လောစန်တောင်ဘုံကျောင်း
၁၇။ လော်တော်ကုံးစီဘုံကျောင်း
၁၈။ ဟိုစိန်ဘုံကျောင်း
၁၉။ ဟုတ်တိန်တောင်ဘုံကျောင်း
၂၀။ ဟုန်စန်စီဘုံကျောင်း
၂၁။ အမ်စီအေဘုံကျောင်း
၂၂။ အိန်တိန်ဘုံကျောင်းနှင့်
၂၃။ အိန်ဘန်တောင်ဘုံကျောင်းတို့ဖြစ်ကြသည်။

အခန်း (၁၁)

ရွှေတောင်ကျောင်းတိုက်သမိုင်း (ပထမပိုင်း)

ကုန်းဘောင်ခေတ်နှောင်းတွင် သူ့ကျွန်ဘဝရောက်နေသော မော်လမြိုင်မြို့၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့် ဘာသာရေးအခြေအနေအရပ်ရပ်ကို ရရှိသမျှ အထောက်အထားများဖြင့် ခိုင်ခိုင်လုံလုံတင်ပြပြီးဖြစ်သည်။

သူ့ကျွန်ဘဝ၌မြို့ဖြစ်လာခဲ့ရသော မော်လမြိုင်မြို့ရှိတိုင်းရင်းသား မြို့ဝိ၊ ဒြို့ဖများနှင့် ဗုဒ္ဓဘာသာဝင်များသည်၊ ယဉ်ကျေးမှုအရဝါးမျိုခံရမည့်ဘေးကို မြင်ခဲ့ကြဟန်တူပေသည်။ နိုင်ငံရေးအရကျွန်ဖြစ်ခဲ့ရသော်လည်း ယဉ်ကျေးမှု၌ အလွှမ်းအမိုးမခံရရေး၊ တိုင်းရင်းသားတို့၏အစဉ်အလာများ မပျောက်ကွယ်ရေး၊ ဇာတိမာန်၏ ရေသောက်မြစ်ဖြစ်သော ဘိုးဘွားအမွေအနှစ်များ မပျက်သုဉ်းရေးတို့ကို တတ်စွမ်းသမျှကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း သမိုင်း၌တွေ့ရသည်။

တိုင်းတစ်ပါးသားတို့၏ ဘာသာယဉ်ကျေးမှု လွှမ်းမိုးလာသည်နှင့်အမျှ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု တစ်စတစ်စမှေးမှိန်လာသည်ကို တွေ့မြင်ခဲ့ကြသည်။ ဗုဒ္ဓသာသနာတော်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်း အသွယ်သွယ်ကို တွေးတောကြံဆခဲ့ကြသည်။ ရတနာပုံ၊ မန္တလေးတွင် "မင်းတုန်းမင်း" စိုးစံနေသောကာလရောက်သောအခါ သာသနာတော်တည်တံ့ခိုင်မြဲရေးကိုသာမက သာသနာတော်ပြန့်ပွားရေးအတွက်ပါ စွမ်းစွမ်းတမံဆောင်ရွက်နိုင်စွမ်းသော အမျိုးသမီးကြီးတစ်ဦး မော်လမြိုင်တွင် ပေါ်ထွန်းလာသည်ကိုတွေ့ရသည်။

ရတနာပုံနေပြည်တော်(မန္တလေး)တွင် ပဉ္စမသင်္ဃာယနာတင် မင်းတုန်းမင်းတရားကြီးစိုးစံတော်မူစဉ် မော်လမြိုင်မြို့၌ သာသနာ့အာဇာနည် အမျိုးသမီးကြီးတစ်ဦး ပေါ်ထွန်းခဲ့လေသည်။ အဆိုပါအမျိုးသမီးကြီးသည် ကျောင်းဒကာမကြီးဖြစ်သည်သာမက ဘုရားဒကာမကြီးလည်းဖြစ်သည်။ ဇရပ်ဒကာမကြီးဖြစ်ခဲ့မှုမက စောင်းတန်းဒကာမကြီးလည်းဖြစ်သည်။ မြတ်စွာဘုရားသခင်၏စွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူရန် ရတနာကြွတ်တော်ကြီးလှူဒါန်းရာတွင် အဓိကအလှူရှင်တစ်ဦးဖြစ်သည်။ တစ်ဖန်ကြွတ်တော်ကြီးတင်ထားပူဇော်ရန် ရတနာပလ္လင်ကြီးလှူဒါန်းရာတွင်လည်း အဓိကအခန်းမှပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။

ကျောင်းဒကာမကြီးဆိုရာတွင် ကျောင်းတိုက်ကြီးတစ်တိုက်တည်း၏ ဒကာမကြီးမဟုတ်ဘဲ (၁) မင်္ဂလာဘုံကျော် (၂) ရတနာဘုံမြင့် (၃) ရတနာစံကျောင်းနှင့် (၄) ကျောက်တန်းကျောင်း စသည့်ကျောင်းတိုက်ကြီး (၄)တိုက်၏ ကျောင်းဒကာမကြီး ဖြစ်သည်။ အဆိုပါကျောင်းတိုက်ကြီးများမှာ သာမန်ကျောင်းတိုက်ကြီးများမဟုတ်ချေ။ ရွှေတစ်ကျပ်သားတန်ဖိုး ကျပ်နှစ်ဆယ်အစိတ်ရှိစဉ်က ကျပ်ငွေသိန်းချီ၍ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတိုက်ကြီးများဖြစ်ကြသည်။

အလှူခံတော်မူကြသော ဆရာတော်ကြီးများမှာလည်း ပရိယတ္တိဝိသာရဒ၊ ဂန္ထဇ္ဇရဗဟုသုတ၊ နာနာနယကောဝိဒ၊ သဒ္ဓပါရဂူ၊ သီလဝန္တ၊ လဒ္ဓိပေသလ၊ သိက္ခာကာမ၊ စသည်ဥဿုံ ထိုထိုဂုဏ်တို့ဖြင့် စွယ်စုံပေါက်မြောက် မုန်သောက်ဇာနည် မဟာထေရ်ကြီးများ ဖြစ်တော်မူကြကုန်သည်။

သာသနာ့ဒါယကာ ဘုရင်မင်းမြတ်တို့၏ ရာဇဂုရုဘွဲ့တံဆိပ်တော် ဆက်ဘပ်ခံတော်မူရသော ဆရာတော်ကြီးများလည်းဖြစ်တော်မူကြကုန်သည်။

စွယ်တော်ကြွတ်နှင့် ရတနာပလ္လင်လှူဒါန်းရာတွင် လွယ်လင့်တကူ နီးနီးနားနားသွား၍ လှူဒါန်းခဲ့ရသည်မဟုတ်ချေ။ ပထမ မော်လမြိုင်မှရန်ကုန်သို့ ရေကြောင်းမှ သွားရသည်။ ဒုတိယ ရန်ကုန်မှ (၁၃၆၃)မိုင်ကွာဝေးသော သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ ကျယ်ဝန်းလှစွာ မဟာသမုဒ္ဒရာကိုဖြတ်သန်း၍ မီးသင်္ဘောဖြင့်သွားရသည်။ သုံးညအိပ်ခရီးသွားပြီးမှ သီဟိုဠ်ကျွန်းပြို့တော် ကောလမ္ဗ(ကိုလံဘို)သို့ရောက်သည်။ သင်္ဘောစီးခ လူတစ်ကိုယ်လျှင် ကျပ်(၂၀)ဖြစ်သည်။ တတိယ ကိုလံဘိုမှ(၇၂)မိုင်ဝေးကွာသော စွယ်တော်မြတ်ကိန်းဝပ်ရာ သေဏ္ဍာသေလပြို့(ကန္ဒီ)သို့ တောတောင်၊ လျှိုမြောင် ဥမင်လိုက်ခေါင်းများကိုဖြတ်သန်း၍ မီးရထားဖြင့် ခရီးဆက်ရာတွင် (၄)နာရီကြာမှ ကန္ဒီပြို့သို့ရောက်သည်။ မီးရထားခ လူတစ်ကိုယ်လျှင် (၂)ကျပ်ဖြစ်သည်။ ဤသို့ခရီးသုံးဆင့်သွားပြီးမှ လိုရာခရီးသို့ ချောချောမောမောဆိုက်ရောက်ကြသည်။

အဆိုပါ သာသနာ့ဓာဇာနည် အမျိုးသမီးကြီးကား "ဒေါ်ရွှေပွင့်" ပေတည်း။ ဒေါ်ရွှေပွင့်၏ မျိုးရိုးဇာတိကိုမသိရချေ။ ရှမ်းသွေးပါသည်ကိုသာသိရသည်။

ဒေါ်ရွှေပွင့်၏ဘဝအစမှာ ဆင်းရဲနွမ်းပါးသည်။ ရွေးအခါက ဗိုင်းဝန်တွင်း၊ အ-ထ-က(၂) တည်နေရာအနီးတဝိုက်တွင် ရာဘာတောကြီးရှိသည်။ ဒေါ်ရွှေပွင့်မှာ ရာဘာတောတစ်နေရာတွင် မြက်ရောင်းစားခဲ့ရသူဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော်က ထိုအနီးဝန်းကျင်တွင် "မြင်းကွင်း" ဟူ၍ရှိခဲ့သည်။ ထိုမြင်းကွင်းသို့ ရှမ်းသစ်ကုန်သည်များ မြင်းများဖြင့်လာရောက်စခန်းချလေ့ရှိကြသည်။ ရှမ်းကုန်သည်တို့သည် မြင်းစာအတွက်မြက်များကို ဒေါ်ရွှေပွင့်ထံမှဝယ်ယူလေ့ရှိသည်။

တခါတရံ ရှမ်းကုန်သည်များသည် အချိန်မတော်အခါမတော် ရောက်လာတတ်ကြသည်။ ထိုစဉ်က မော်လမြိုင်တွင်ထမင်းဆိုင်ဟူ၍ မရှိသေးချေ။ ထို့ကြောင့် ဒေါ်ရွှေပွင့်က ရှိတာလေးများဖြင့် ချက်ပြုတ်ကျွေးမွေးရသည်။ ကာလအတန်ကြာသော် ဒေါ်ရွှေပွင့်အိမ်သည် ရှမ်းသစ်ကုန်သည်တို့၏ စားအိမ်၊ သောက်အိမ်ဖြစ်လာသည်။ ဆွေမျိုးရင်းချာသဖွယ် ဖြစ်လာကြသည်။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသကဲ့သို့ ဒေါ်ရွှေပွင့်၏စေတနာကို တုံ့ပြန်သောအားဖြင့် ရှမ်းသစ်ကုန်သည်တို့က မိမိတို့၏ သစ်လုပ်ငန်းတွင် ဒေါ်ရွှေပွင့်အတွက် အစုရှယ်ယာ(၄၅)ကျပ်ကို စုပေါင်းထည့်ဝင်ပေးကြသည်။

နီးသားကြိုးစားသော ဒေါ်ရွှေပွင့်မှာ သစ်လုပ်ငန်းကို တဖြည်းဖြည်း ကျွမ်းကျင်လာရာ နောက်ဆုံးမော်လမြိုင်စခန်း၏ သစ်ကိုယ်စားလှယ်ဖြစ်လာသည်။ ကုန်ခုံဆိုင်တစ်ဆိုင်ကိုလည်း တည်ထောင်လာနိုင်ခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်း(၁၀၀)ကျော်က သံလွင်မြစ်အထက်ပိုင်းတွင် မကြုံစဖူးထူးထူးကဲကဲ မိုးကြီးရွာသွန်းသည်။ [လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)တိတိ ကောလာ၊ ၁၂၇၀-ပြည့်နှစ်၊ (ခရစ်-၁၉၀၈)တွင် မော်လမြိုင်ခရိုင်၌ (၂၄)နာရီအတွင်း မိုးရေချိန် (၂၂)လက်မကျော်ရွာသွန်းခဲ့ကြောင်း မှတ်တမ်းရှိသည်။]

မိုးကြီးရွာသွန်းသောကြောင့် ဆင်၊ ကျားအစရှိသော တောကောင်ကြီးများ ပင်လျှင် သံလွင်မြစ်အတွင်းမျောပါလာသည်ဟု အဆိုရှိသည်။ သံလွင်မြစ်အထက်ပိုင်းဝဲယာရှိတောင်များပေါ်တွင် အနှစ်နှစ်အလလကငြိတွယ်နေခဲ့သော ကျွန်းတုံးကြီးများသည် တောင်ကျရေနှင့်အတူ သံလွင်မြစ်ကမ်းခြေသို့ မျောပါရောက်ရှိလာသည်။

ဖော်ပြပါ ပိုင်ရှင်မဲ့ကျွန်းတုံးကြီးများကို ဒေါ်ရွှေပွင့်အပေါ်ခင်မင်မေတ္တာထားသူ ရှမ်းသစ်ကုန်သည်တို့က ဒေါ်ရွှေပွင့်၏သစ်အမှတ်တံဆိပ်ဖြစ်သော "ပွင့်"ဟူသော တံဆိပ်များရိုက်နှိပ်၍ သံလွင်မြစ်ကြောင်းအတိုင်း မျှောချလိုက်ကြသည်။ မော်လမြိုင်မြို့

မီးလောင်ပြင်အရပ်မှ မုဗ္ဗန်ရပ်အထိ သစ်ဖေါင်အားလုံးလိုလိုတွင် "ပွင့်"တံဆိပ် ရိုက်နှိပ်ထားသည်ဟု ပြောစမှတ်ရှိခဲ့သည်။ ထိုအချိန်မှစ၍ ဒေါ်ရွှေပွင့်မှာ ကျိုက္ခိတက် ချမ်းသာလာလေတော့သည်။

ဒေါ်ရွှေပွင့်သည် ငွေကြေးပြည့်စုံလာသဖြင့် ဘုရားသွားကျောင်းတက် ပြုလုပ်လာနိုင်သည်။ ဘုရားကျောင်းကန်များသို့ သွားရောက်လှူခါန်းရင်း သူတော်ကောင်း၊ သူမြတ်လောင်းများနှင့် ဆုံစည်းရသည်။ အလှူအတန်းတွင် ရက်ရောသော ဒေါ်ရွှေပွင့်သည် ထိုခေတ်က ဘုရားဒကာ၊ ကျောင်းဒကာကြီးများ ဖြစ်ကြတုန်သော ဘုရားဒကာဦးစိတ္တ၊ ဘုရားဒကာဦးဓန်း၊ ဗီပါရဲကျောင်း ဒကာကြီးဦးကျေး၊ ကဲ့ကော်ကျောင်း ဒကာကြီးဦးဗျာ၊ တောင်ပေါက်ကျောင်းဒကာ ဦးတိုးလုံ၊ မြသာခဒကာဦးညီစသည့် ပုဂ္ဂိုလ်ကြီးများနှင့် ဓမ္မမိတ်ဆွေဖြစ်လာကြသည်။

အထက်ပါ ပုဂ္ဂိုလ်ကြီးများတွင် ဒေါ်ရွှေပွင့်ထက် အသက်အရွယ်ကြီးသူများ ပါဝင်သကဲ့သို့ ရွယ်တူတန်းတူနှင့် ငယ်ရွယ်သူများလည်းပါဝင်သည်။ ထိုပုဂ္ဂိုလ်ကြီးများ၏ ရတနာသုံးပါးနှင့်စပ်သော ဆွေးနွေးမှုများကို ကြားနာမှတ်သားရသည်။ "အကျင့်သီလရှိသော ဒါယကာသည် သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၌ပေးလှူ၏။ တရားသဖြင့် ရအပ်သောပစ္စည်းဖြစ်၏။ ကောင်းစွာကြည်ညိုသော စိတ်လည်းရှိ၏။ ကံ ကံ၏ အကျိုးကိုလည်းယုံကြည်၏။ ထိုအလှူသည် အလှူပေး၊ အလှူခံနှစ်ပါးလုံးပင် စင်ကြယ်သော အားဖြင့် များမြတ်ပြန့်ပြောသောအကျိုးရှိ၏"ဟူသော တရားတော်ကို နာကြားရဖန်များသော် ဒေါ်ရွှေပွင့်သည် သီလဝန္တ၊ လဒ္ဓိပေသလ၊ သိတ္တာကာမ စသည့် ဂုဏ်တို့ဖြင့် ပြည့်စုံသော ဆရာတော်ကြီးတစ်ပါးပါးကို မော်လမြိုင်သို့ဝင့်ဆောင်၍ ကျောင်းဆောက်လှူခါန်း၊ ကိုးကွယ်ရလျှင်ကောင်းလေစွဟု တောင့်တမိခဲ့သည်။ မကြာမီမှာပင် မိမိဆန္ဒကို အကောင်အထည်ဖေါ်နိုင်မည့်လမ်းစကို တွေ့ရသည်။

ဒေါ်ရွှေပွင့်သည် မူလကရွှမ်းစုရပ်တွင်နေထိုင်၍ ငွေကြေးပြည့်စုံသောအခါ ရွှေတောင်ရပ်သို့ ပြောင်းရွှေ့နေထိုင်သည်။ ရွှေတောင်ရပ်မီးလောင်သောအခါ ရွှမ်းစုသို့ ပြန်ပြောင်းသည်။ ရွှေတောင်ရပ်တွင်ခင်မင်ရင်းနှီးသူများရှိသည်။ အလှူတစ်ခုတွင် မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်လည်ဆုံတွေ့ကြရာ စကားစမြည်ပြောကြရင်း ကျိုးသဲလေးထပ်ဆရာတော်အကြောင်း ရောက်သွားသည်။ ရွှေတောင်ရပ်သား၊ ရွှေတောင်မြို့ဈာတိသားအများစုသည် ဆရာတော်ကြီး၏တရားကို ကြားနာဖူးသူများ

ဖြစ်သည်။ ဆရာတော်ကြီး၏ကျမ်းများကို ဖတ်ဖူးသူများဖြစ်ကြသည်။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို အပိုအလိုမရှိ အရှိကိုအရှိအတိုင်းပြောပြကြသည်များကို ဒေါ်ရွှေပွင့်ကြားသိရသောအခါ မော်လမြိုင်တွင် ကျောင်းတိုက်ကြီးတစ်တိုက်ဆောက်လုပ်ကာ ရွှေတောင်မြို့၊ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးကို ပင့်ဖိတ်လှူဖါန်း၊ ကိုးကွယ်ရန် သန္နိဋ္ဌာန်ချလိုက်လေတော့သည်။

ဤတွင် ဆရာတော်ဘုရားကြီး၏ထေရပွတ္တိ တစ်စိတ်တစ်ဒေသကိုတင်ပြရန် အကြောင်းဆိုက်လာသည်။

ဆရာတော်လောင်းလျာ"မောင်ကင်း"ကို တရားသူကြီး "ခုံတော်ဦးအောင်မင်း"၊ ဒေါ်ကျမ်းတုံတို့မှ ၁၁၇၉-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက် (၂ အောက်တိုဘာ ၁၈၁၇) ကြာသပတေးနေ့ နံနက်အရုဏ်ဦးတွင် ရွှေတောင်မြို့၊ ကျီးသဲရွှမ်းတန်းလေးရပ်၌ဖွားမြင်သည်။ လသားအရွယ် နေ့လယ်ခင်းပုခက်အတွင်း၌အိပ်နေစဉ် ကင်းခြေများကြီးနှစ်ကောင်ရောက်လာ၍ မောင်းထုတ်သော်လည်းမရတဲ့ ပုခက်ဘောင်ပေါ်တွင် လှည့်ပတ်စောင့်ရှောက်နေသည်ကို ကြည့်နေကြရသည်။

(၉)နှစ်သားအရွယ်တွင် သစ်နီတောကျောင်းတိုက်ဆရာတော် "ဦးပညာသာမိ"ထံ ပညာစတင်သင်ယူသည်။ အသက်(၁၄)နှစ်အရွယ် ၁၁၉၃-ခုနှစ်၊ ပထမဝါဆိုလပြည့် (၂၅ ဇွန် ၁၈၃၁)တွင် ဆရာတော်ဦးပညာသာမိထံ သာမဏေပြုတော်မူသည်။ ဘွဲ့တော် "ရှင်မုနိန္ဒ"ဖြစ်သည်။ အသက် (၁၇)နှစ်တွင် ရွှေတောင်မြို့၊ မင်းတဲရပ်၊ "ဝိစိတ္တာလင်္ကာရ၊ မဟာဓမ္မရာဇဂုရု ပထမကျော်" လင်္ကာဒီပဆရာတော်ထံ၌ အဘိဓမ္မာပါဠိတော်(၇)ကျမ်းအဖွင့်ဖြစ်သော အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ကြားတတ်မြောက်တော်မူသည်။

သက်တော်(၁၉)နှစ်၊ (၆)လအရွယ် ၁၁၉၈-ခုနှစ်၊ တပေါင်းလပြည့် (၁၉ ဖေဖော်ဝါရီ ၁၈၃၇)တွင် ရွှေတောင်မြို့၊ ဂိုဏ်းအုပ်ဆရာတော်"အရှင်ကုမာရ"ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။ ဘွဲ့တော်မှာ "အရှင်မုနိန္ဒာဘိဓဇ"ဖြစ်သည်။

ရဟန်းအဖြစ်သို့ရောက်ပြီးနောက် "အဓရပုရ"နေပြည်တော်တွင် ဝိဋ္ဌကတ်အကျော်အမော် ဆရာတော်ကြီးများဖြစ်တော်မူကြသည့်

၁။ ဘွဲ့တံဆိပ်တော် အထပ်ထပ်ရတော်မူသော မောင်းထောင်သာသနာပိုင် ဆရာတော်ဦးဥေ ယျဓမ္မ

၂။ မိတ္ထီလာ ဆရာတော် ဦးဥတ္တမ
၃။ ခင်မကန် ဆရာတော် ဦးမင်္ဂလာတ
၄။ ရွှေတိုက်ဝန် ဆရာတော် ဦးအရိန္ဒမနှင့်
၅။ ဆရာတော် ဦးအရိယတို့ထံတော်၌ ပိဋကတ်ကျမ်း၊ လောကီယကျမ်းနှင့် သတ္တတကျမ်း စသည်တို့ကို တတ်မြောက်အောင်သင်ကြားရသဖြင့် သာသနာဝယ် နေ၊ လအသွင် ထင်ရှားသောအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်း (၆)ဝါရချိန် ကောလာ၊ ၁၂၀၄-ခုနှစ်၊ (ခရစ်-၁၈၄၂)တွင် ပညာစုံ၍ ရွှေတောင်သို့ ပြန်ကြွလာခဲ့သည်။ ရဟန်း(၈)ဝါရချိန် ကောလာ၊ ၁၂၀၆-ခုနှစ် (ခရစ်-၁၈၄၄)တွင် ရွှေတောင်မြို့၊ မြည်မြို့နှင့် နောင်အခါ ဟံသာဝတီ၊ ရုန်ကုန်မြို့များကို အုပ်ချုပ်၍ မြို့ဝန်လုပ်ရသော "သတိုးမင်းကြီး မဟာမင်းလှမင်းခေါင် ကျော်ထင် အနော်ရထာ"ဘွဲ့ခံ သတိုးဝန်ကြီး"ဦးမဲ့" က ကျီးသဲအရွှေဘက်တာ(၂၀၀)ကျော် ကွာဝေးသော ရွှေမြင်တင်ဘုရားအနီးကုန်းမြေတွင် လေးထပ်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းသည်။ လေးထပ်ကျောင်းတော်ကြီးတွင် ကျောင်းထိုင်ချိန်မှစ၍ ပြုစုသမျှသော ကျမ်းစာပေများကို "ကျီးသဲလေးထပ်ဆရာတော်"ဟု ကလောင်အမည် တပ်တော်မူခဲ့သည်။ ဆရာတော်ကြီး၏ တစ်သက်တာတွင်၊ ပို့၊ ကဗျာ၊ မေတ္တာစာ အပါအဝင် ကျမ်းပေါင်း (၃၇)ကျမ်းထက်မနည်းရှိသည်ကိုတွေ့ရသည်။ ကျမ်းပေါင်း (၃၇)ကျမ်း အမည်ကို အကွက်ရာစဉ်အလိုက်ဖော်ပြပါသည်။

၁။ ကဗျာသာရတ္ထ သင်္ဂဟကျမ်း
၂။ ကဝိသာရ ဆန်းဦးကာ နိဿယကျမ်း
၃။ ကျီးသဲမေတ္တာစာ
၄။ ဝန္ဆဲဝသနိဿယကျမ်း
၅။ စေတီတော်အား လျှပ်စစ်မီးတပ်သင့်မတပ်သင့် ဝိနိစ္ဆယကျမ်း
၆။ စွယ်စုံကျော်ထင် အဖြေကျမ်း
၇။ ဆပဒ္ဓဝိကကျမ်း
၈။ ဆုတောင်းဂါထာပါဠိကျမ်း
၉။ ဇိနတ္ထပကာသနီကျမ်း
၁၀။ ဒုဋ္ဌဂါမဏိပြဇာတ်

၁၁။ ဒီဠိပကာသနီကျမ်း
၁၂။ ဓမ္မဂန်ဖတ်စာ
၁၃။ ဓမ္မဒေသနာကျမ်း
၁၄။ နိဗ္ဗာန်လမ်းပြဝိနစ္ဆယကျမ်း
၁၅။ ပဥ္စာဗျာကရဏကျမ်း
၁၆။ ပရိတ္တနိဒါန်းကျမ်း
၁၇။ ပုရာဏ်ကျမ်း
၁၈။ ဗ၊ ဘသုံးနည်း အဆုံးအဖြတ်ကျမ်း
၁၉။ ဗုဒ္ဓဝန္ဒနာကျမ်း
၂၀။ ဘိက္ခုနီဝိဘင်း ပါဠိတော်နိဿယကျမ်း
၂၁။ ဘိက္ခုဝိဘင်း ပါဠိတော်နိဿယကျမ်း
၂၂။ မနောရထပူရဏီကျမ်း
၂၃။ မဟာဝင်ကျမ်း
၂၄။ မဟာသရပျို့
၂၅။ မဂ်လတ္ထဒီပနီ နိဿယကျမ်း
၂၆။ မောင်ထော်လေးရေစက်ချစာတမ်း
၂၇။ ဝိနည်းစူဠဝါ ပါဠိတော်နိဿယကျမ်း
၂၈။ ဝိနည်းပရိဝါ ပါဠိတော်နိဿယကျမ်း
၂၉။ ဝိနည်းမဟာဝါ ပါဠိတော်နိဿယကျမ်း
၃၀။ ဝိမတိစ္ဆေဒနီကျမ်း
၃၁။ သီလဘေဒ ပကာသနီကျမ်း
၃၂။ သုဝိနာဗျာယကျမ်း
၃၃။ သံသဝိသောဓနာကျမ်း
၃၄။ သင်္ခနဝိလာသနီကျမ်း
၃၅။ သင်္ခါကြီး နိဿယကျမ်း
၃၆။ အနုတ္တသုခ ဒီပနီကျမ်း နှင့်
၃၇။ အဘိဓမ္မတ္ထသင်္ဂဟ နိဿယကျမ်း၊ တို့ဖြစ်ကြသည်။

ကျီးသဲလေးထပ်ဆရာတော်ပြုစုတော်မူခဲ့သည့်ကျမ်းများအနက် "ဇိနတ္တ ပကာသနီကျမ်း"မှာ အကျော်ကြားဆုံးဖြစ်သည်။ ဗုဒ္ဓဖြစ်စဉ်ကို ခန့်ညားလွယ်ကူ ညက်ညောသောရေးဟန်ဖြင့် ရေးသားပြုစုတော်မူခဲ့သည့် ကျမ်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင် လူကြီး၊ လူငယ်မလွှဲ ဖတ်သင့်ဖတ်ထိုက်သောကျမ်းဖြစ်သည်။

ဇိနတ္ထပကာသနီကျမ်းသည် ဝိသေသထူးခြားချက်(၆)ချက်ရှိသည်ကိုလည်း တွေ့ရသည်။

၁။ ဇိနတ္ထပကာသနီကျမ်းကြီးသည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသော ပိဋကတ်တို့မှ အရပ်ရပ်သော ဝတ္ထုသာဓကအဝဝသော ဓမ္မအရသာတို့ကို ကောင်းစွာ ပြန်ဆို၍ထားသဖြင့် "ပိဋကတ်ဘာသာပြန် ကျမ်းစာအုပ်ကြီး"ဟူ၍လည်း ဆိုနိုင်ပေသည်။

၂။ ထိုကျမ်း၌ ဘုရားဆုပန်သည်မှစ၍ ဘုရားဖြစ်၊ တရားဟော၊ နိဗ္ဗာန် စံဝင်သည့်တိုင်အောင် သတ္တဝါသုံးမျိုးတို့အကျိုးကို သည်ပိုးဆောင်ရွက်တော်မူသော၊ အခမ်းအနားနှင့်တကွ ပထမ၊ ဒုတိယ၊ တတိယသင်္ဂီယနာသုံးတန်တင်သည့်အခမ်းအနား၊ ဘုရားရှင်၏ဖြစ်စဉ်များကို ပြသရေးသားထားသည်ဖြစ်၍ "ဓေါတမဗုဒ္ဓဝင်ကျမ်းကြီး" ဟူ၍လည်း ခေါ်ဆိုထိုက်ပေသည်။

၃။ ထို့ပြင်ထိုကျမ်း၌ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ နတ်ရွာမင်္ဂိုလ် အကြောင်း၊ ကာမဂုဏ်အပြစ်စသည်တို့ကို ဖွင့်လှစ်ရေးသားထားသဖြင့် "ဟောစဉ်၊ ကျင့်စဉ်တရားစာအုပ်ကြီး"ဟူ၍လည်း ခေါ်နိုင်ပေသည်။

၄။ ထို့ပြင်ဤကျမ်း၌ စကားအသွားအလာ လက်ဘတန်တန်၊ ကာရန်ဝါဂျာ ညီညွတ်လှသဖြင့်၊ ကဗျာထိပ်တင်၊ သွန်သင်နည်းပေး၊ ကဗျာရေးဆရာတို့၏ ခေါ်နှုန်းတွင်လာ၊ နားဝင်သာသည့် ကဗျာပေါင်းများလှ၊ အရာရာပြည့်ဝသဖြင့် "ကဗျာသေတ္တာ၊ အနှစ်စုကျမ်းကြီး"လည်း ဖြစ်ပါပေသည်။

၅။ ထို့ပြင်တစ်ဝက္ဂ်ကျမ်းကို အပို့ရလျက် ဓမ္မတထိကအများ လက်စွဲသား၍ ဟောကြားပြသ ဆုံးမနေရသည်ဖြစ်ရကား "ဓမ္မကထိကလက်စွဲကျမ်းကြီး"ဟူ၍လည်း ခေါ်ဆိုနိုင်ပေသည်။

၆။ ထိုမှတစ်ပါး လူကြီးလူရွယ်၊ လူငယ်မလွှဲ၊ ကလေးကစ၍ ဘာသာ့အရသာ၊ လိမ္မာကျွမ်းကျင်၊ ဥာဏ်အမြင်နှင့်၊ ဆင်ခြင်ဘွယ်ရာ၊ ဖြာဖြာပေါများ၊ အမျိုးမျိုးပြ၍

ထားသဖြင့် ဘာသာတရားတို့၏မကိုင်ရ "ဘာသာ့အမြိုက်ကျမ်းကြီး"လည်း ဖြစ်ပါပေသည်။

ဆရာတော်ကြီးသည် ကျမ်း၏နိဂုံးတွင် တွင်းပဘေးဒဏ်၊ ရန်မာန်နှစ်သင်း၊ သူ့ထက်ကင်း၍ "ဦးရန်ကင်း"အမည်ရှိဆသောဓါယကာသည် အဖန်တလဲလဲ (၀၆) အကြိမ်ကြိမ်တောင်းပန်အပ်သည်ဖြစ်၍ ဇနတ္ထပကာသနီကျမ်းကို စီရင်ရေးသားကြောင်း ဖေါ်ပြထားသည်။ သို့သော် မည်သည့်ဒေသ၊ မည်သည့်ကာလတွင် ရေးသားပြုစုပြီးကြောင်း ဖေါ်ပြမထားချေ။

[၁၃၀၁-ခုနှစ်၊ ကဆုန်လ (မေ-၁၉၃၆)တွင် ရွှေဘိုအရေးပိုင်ဦးစိန်တင် (သိပ္ပံမောင်၀)သည် မြန်မာဘုရင်များလက်ထက်က "စာတော်ဖတ်"အဖြစ်လည်းကောင်း၊ "အဝေးရောက်မင်း"အဖြစ်လည်းကောင်း တာ၀န်ထမ်းဆောင်ခဲ့သူ အဝေးရောက်မင်းဦးအောင်ကြီးအား မိမိအိမ်သို့ပင့်ဖိတ်ကာ မိမိသိလိုသည့် နန်းတွင်းရေးများကို မေးမြန်းသည်။ ဦးအောင်ကြီး၏ မွေးသက္ကရာဇ်မှာ ၁၂၁၅-ခုနှစ်၊ နတ်တော်လဆုတ်(၁၀)ရက် (၂၅ ဖီဇင်ဘာ ၁၈၅၃)ဖြစ်သည်။ ဦးအောင်ကြီး အသက်(၂၀)အရွယ် စာတော်ဖတ်အဖြစ် အမှုတော်ထမ်းနေချိန် ကာဇာ၊ ၁၂၃၅-ခုနှစ် (၁၈၇၃-၁၈၇၃)တွင် မင်းတုန်းမင်းက ဇနတ္ထပကာသနီကျမ်းကို မကြာမကြာဖတ်ခိုင်းလေ့ရှိကြောင်း ပြောပြခဲ့သည်။ ထိုကာလမတိုင်မီ အချိန်အတန်ကြာကပင် ဇနတ္ထပကာသနီကျမ်း ရေးသားပြီးသည်မှာသေချာသည်။]

ကျီးသဲလေးထပ်ဆရာတော် ရေးသားပြုစုတော်မူခဲ့သည့် ကျမ်းပေါင်း (၃၀)ကျော်အနက် "စွယ်စုံကျော်ထင်အဖြေကျမ်း"သည် ထိပ်တန်းကပါဝင်သည်။

မြန်မာစာပေသမိုင်း၌ ပညာရှိတစ်ဦးက အမေးပုစ္ဆာထုတ်၍ အခြားပညာရှိတစ်ဦးကဖြေဆိုသည့် "ပဉ္စာဗျာကရဏ"ခေါ် အမေးအဖြေစာပေအလွန်ရွှားပါး၏။ ယင်းသို့ရွှားရွှားပါးပါး မြန်မာဘာသာရေးပဉ္စာဗျာကရဏကျမ်းများတွင် စွယ်စုံကျော်ထင်ကျမ်းကြီးကား မှတ်သားဖွယ်ပညာမျိုးစုံအောင် အမေး (၁၃၀၀)ကျော်၊ အဖြေ (၁၁၀၀)ကျော်တို့ဖြင့် ထယ်ဝါဝင့်ကြွား ကြီးကျယ်ခမ်းနားလှသော စာပေသမိုင်းတွင် မော်ကွန်းဝင်ကျမ်းကြီးတစ်ဆူဖြစ်သည်။

စာပေလောကတွင် "စွယ်စုံကျမ်း"ဟူသော မြန်မာ၀ေါဟာရသည် ဤစွယ်စုံကျော်ထင်ကျမ်းကြီးကို အမှီသဟဲပြု၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

စွယ်စုံကျော်ထင်ကျမ်းသည် သီမှတ်ဖွယ်ဗဟုသုတများကို သတ်ပုံပြ သံပေါက်ကဗျာဖြင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့် ဂန္ထရခေါ် အထွေထွေကျမ်းမျိုးစုံ ဖြစ်သော လောကဒီပနီကျမ်း၊ ဆဂတိဒီပနီကျမ်း၊ ရာဇဝင်ကျမ်း၊ မဟာဝင်ကျမ်း၊ သဂ္ဂါကျမ်း၊ ဆန်းကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ အင်းကျမ်း စသော ကျမ်းမျိုးစုံတို့မှ ထုတ်နှုတ်၍ မေးခွန်းပုစ္ဆာထုတ်ထားသည်ကို ပါဠိတော်၊ အဋ္ဌကထာ ဋီကာနှင့် ဂန္ထရခေါ် အထွေထွေကျမ်းမျိုးစုံတို့မှ ထုတ်နှုတ်ဖြေဆိုထားသည်။

စွယ်စုံကျော်ထင်ကျမ်းအမေးသံပေါက်များရေးသည့် ပုစ္ဆကပုဂ္ဂိုလ်မှာ "ကြည့်ကန်ရှင်ကြီး"ဖြစ်သည်။ စွယ်စုံကျော်ထင်ဟူသောကျမ်းအမည်မှာ ကြည့်ကန်ရှင်ကြီးကိုယ်တိုင်ပေးခဲ့သောအမည်ဖြစ်သည်။ "သတ်ပုံလည်းရ၊ သိပ္ပကံလုံ၊ နှစ်ချက်ဆုံသောကြောင့် စွယ်စုံကျော်ထင်အမည်ရှိသောကျမ်းသည်"ဟု စွယ်စုံကျော်ထင်ပုစ္ဆာကျမ်းနိဒါန်း၌ဆိုသည်။

စွယ်စုံကျော်ထင်အဖြေကျမ်းသစ်ဆရာ ကျီးသဲလေးထပ်ဆရာတော်က ၎င်းအဖြေကျမ်းသစ်ကို "အမေး၊ အဖြေ" စုံကာနေသောကြောင့် "ဝေယာကရဏ်း"ဟူ၍ သမုတ်အပ်ဟုဆိုသည်။

စွယ်စုံကျော်ထင်အဖြေကျမ်းကို "ပိုက်သင်"ဆရာတော်ကလည်း မြှုစုခဲ့ကြောင်း သိရသည်။ ထိုကျမ်းကိုကားမတွေ့မြင်ဘူးသေးချေ။

ကြည့်ကန်ရွာသည် ရွှေမြန်မာမင်းများလက်ထက် ပုခန်းကြီးတိုက်နယ်အဝင် ခုသမယမှာ ပခုက္ကူခရိုင်၊ မြင်မြို့နယ်၊ မြင်မြို့နှင့် (၁၂)မိုင်အကွာ၊ ပခုက္ကူမြို့ မြောက်စူးစူး (၂၄)မိုင်အကွာတွင်ရှိသည်။ ကြည့်ကန်ရှင်ကြီး၏ အဓိကအမည်မှာ "ဒေါ်အိုးပုတ်" ဖြစ်သည်။ အဖအမည်ကိုကား အမှတ်အသားမတွေ့ရသေးချေ။ ရာထူးကိုကား သိရသည်။ "သံတော်ခံမင်း"ဖြစ်သည်။

၁၂၁၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁)ရက် (၂၅ စက်တင်ဘာ ၁၈၅၁) ကြာသပတေးနေ့တွင် "မင်းလှသီရိသီဟသူ"မြှုစုခဲ့သည့် ဆရာတော် (၁၀၅)ပါးစာရင်း၊ ဦးရေအမှတ်(၂၅)တွင် အောက်ပါအတိုင်းရေးမှတ်ခဲ့သည်။ "သက္ကရာဇ်၊ ၁၁၁၉-ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ နံ-စနေ၊ ဇာတိ-ကြည့်ကန်ရွာ၊ လူမည်-ဦးနု၊ ရှင်သာမဏေမည်-ရှင်နန္ဒဝံ"ဟူ၍ ဖြစ်သည်။

ကြည့်ကန်ရှင်ကြီး၏ ဆရာတော် (၂၂)ပါးတို့မှာ

၁။ ကျားတက်ဆရာတော်

၂။ ကျောက်ကာဆရာတော်

၃။ ငါးရာဆရာတော်

၄။ ငှက်မျောကိုင်းဆရာတော်

၅။ စကုဆရာတော်

၆။ ဆုံထားဆရာတော်

၇။ ဝလိုင်းဆရာတော်

၈။ ပိုက်သင်ဆရာတော်

၉။ ဗုဒ္ဓတုံရဆရာတော်

၁၀။ မဂိလာကျောင်းတိုက်ဆရာတော်

၁၁။ မင်းရွာဆရာတော်

၁၂။ မင်းအိုဆရာတော်

၁၃။ မောင်းထောင်ဆရာတော်

၁၄။ မြေတူးဆရာတော်

၁၅။ ရွာထောင်ဆရာတော်

၁၆။ ရွာကိုင်းဆရာတော်

၁၇။ ရွှေကြာပင်ဆရာတော်

၁၈။ လက်ာတောဆရာတော်

၁၉။ ဝဲချက်ဆရာတော်

၂၀။ သမတောဆရာတော်

၂၁။ ဥပရာ ဆရာတော် နှင့်

၂၂။ အင်တိုင်းဆရာတော် တို့ဖြစ်တော်မူကြသည်။

ကိုရင်ကြီး ရွှန်နွေသည် အထက်ပါဆရာတော်ကြီးများထံမှ ဝဏ္ဏသင်ယူ၍ ပြန်လာသောအခါ မိမိဥပဇ္ဈာယ်ဆရာတော်ဖြစ်သော မဂိလာကျောင်းတိုက်ဆရာတော် ဖုံလွှမ်းတော်မူသဖြင့် မဂိလာကျောင်းမှခွဲ၍ မဂိလာကျောင်းနှင့် ဥပစောတစ်စပ်တည်း အနောက်ပြောက်ထောင့်၌ တည်ဆောက်နေသောကျောင်းသည် ကျောင်းသစ်တိုက်

ဖြစ်သည်။ ထိုကျောင်းသစ်တိုက်ကိုပင် ရှင်နန္ဒဓဇက "ဘုံသာထွန်း"ဟု အမည်မှည့်ခဲ့လေသည်။ စွယ်စုံကျောင်ထင်ကျမ်းကို အဆိုပါဘုံသာထွန်းကျောင်း၌ရေးကြောင်း စွယ်စုံကျော်ထင်နိုဝုံး၌ဆိုသည်။

ကြည့်ကန်ရှင်ကြီး ပြုစုသောကျမ်းများမှာ သုတ်ပါဠိတော်နိဿယမှစ၍ စကားပုံကျမ်းအထိ မျိုးစုံလှသည်။ ယနေ့ထိတွေ့ရှိမှတ်သားရသမျှစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကြည့်ကန်ရွာမြေပုံ
၂။ စကားပုံကျမ်း
၃။ ဆနဝုတ္ထိကျမ်း
၄။ ဓေယျဝန္ဒနာကျမ်း
၅။ ပစ်တိုင်းထောင် ကမ္မဋ္ဌာန်းကျမ်း
၆။ ဗေဒင်လက်ရိုး
၇။ ဗျဂ္ဃနာဒီဋီကာ
၈။ မနောဓာကျမ်း
၉။ မေတ္တာစာအမျိုးမျိုး
၁၀။ ပုံရွေးအမေးကြည့်ကန်အမြေ
၁၁။ သူတော်ဦးနု စကားပုံကျမ်း
၁၂။ သုတ်ပါဠိတော် နိဿယ နှင့်
၁၃။ သတ္တောဝါဒီ ကမ္မဋ္ဌာန်းကျမ်းတို့ဖြစ်ကြသည်။

ကြည့်ကန်ရှင်ကြီးသည် သူ့အားရဟန်းပြုစေချင်သော ပတ်ဝန်းကျင်နှင့် ဆန့်ကျင်၍ "ခပ်ပေပေ"ရှင်ကြီးဘဝနှင့်ပင် တစ်သက်လုံးနေသည်။ မောင်းထောင်သာသနာပိုင်က ပါတိမောက်အပြန်ခိုင်းသောကိစ္စ၌ "နင်ပြန်" ဆိုသောအခါ "ပြန်မည်"ဟု နှစ်ဖက်ရစကားဖြင့် ပြန်ပက်ဖူးသည်ဟုမှတ်တမ်းရှိသည်။ ဤသို့လျှင် "ဘောတ်" ခပ်ကျကျ အခြားအဖြစ်အပျက်များလည်းရှိသေးသည်။ ဤသည်တို့ကိုယောင်္ကျ်ကြည့်ကန်ရှင်ကြီးသည် ခပ်ပျော့ပျော့မဟုတ်ဘဲ ခပ်မာမာစရိုက် ရှိဟန်ထင်သည်။

ဗဒုံမင်း (ဘိုးတော်ဘုရား)နန်းတက်ကာလ နောက်ပိုင်းနှစ်များတွင် အထက်မြန်မာနိုင်ငံ၌မိုးခေါင်သဖြင့် သရောခိုင်း(အတော်ဘားဆိုက်)သည်။ ကောလ၊ ၁၁၆၇

ခုနှစ်၊ (ခရစ်-၁၈၀၅)တွင် မိုးခေါင်မှုစတင်ပြီး (၆)နှစ်၊ (၇)နှစ် ဆက်တိုက် မိုးခေါင်သည်။ သရောခိုင်းသည့်အဆင့်မှ မဟာသရောခိုင်းသည့်အဆင့်သို့ ရောက်သွားခဲ့သည်။ အစာရေစာငတ်မွတ်သဖြင့် လူပေါင်းထောင်သောင်းချီ၍ သေဆုံးသည်။ တစ်ဦးနှင့် တစ်ဦးလုယက်ကြသည်။ တစ်ရွာနှင့်တစ်ရွာတိုက်ခိုက်ကြသည်။ အလောင်းချင်း ထပ်အောင် သေဆုံးကြပြန်သည်။ တောတွင်းတွင်အစာရေစာငတ်မွတ်သဖြင့် ကျားများသည် ရွာများအတွင်းဝင်၍လူများကို ကိုက်သတ်စားသောက်ကြသည်။ နီးစပ်ရာ မြို့များသို့ သွားရောက်ခိုလှုံရသည်။ ရွှေဘို၊ မိတ္ထီလာ၊ မြင်းခြံနှင့် မကွေးခရိုင်တို့တွင် အဆိုးဆုံးဖြစ်သည်ဟု အင်္ဂလိပ်မှတ်တမ်းများတွင်တွေ့ရသည်။

ကောလာ၊ ၁၀၇၄-ခုနှစ်၊ (ခရစ်-၁၈၁၂)တွင် ရေးသားစီရင်ပြီးစီးသော "စလင်းပရိတ်ကြီးနိဿယသစ်"နိဂုံးတွင် ကျမ်းပြုဆရာအရှင်ဂုဏဝန္ဓမထေရ်မြတ်က အောက်ပါအတိုင်း မှတ်ချက်ရေးခဲ့သည်။

"ထိုသို့သောကာလ၌ကား၊ ကာလဝိပတ္တိဖြစ်၍၊ ဒုဗ္ဘိက္ခကာလ၊ မုဒိမ်းဒဏ္ဍ ခိုးသူများသောကာလ၊ ကြေးဖိုးတင်းတောင်းတိုသောကာလ၊ ဆန်တစ်တင်းကို ရဲခါသုံးကျပ်၊ ရဲခါလေးကျပ်၊ ရဲခါခုနှစ်ကျပ်၊ ရဲခါတစ်ဆယ်၊ ရဲခါတစ်ဆယ့်ငါးကျပ်ပင် ပြုသောကြောင့် များစွာသောသတ္တဝါတို့သည်၊ ပျက်စီးခြင်းသို့ရောက်ကြကုန်၏၊ မြို့ရွာတိုင်း၊ နိုင်ငံချောက်ချားကုန်၏ ပျက်စီးသောမြို့ရွာများသာ များကုန်၏၊ မပျက်စီးသော မြို့ရွာပင်မရှိ၊ တစ်မြို့နှင့်တစ်မြို့ တိုက်ကြကုန်၏၊ တစ်ရွာနှင့် တစ်ရွာတိုက်ကြကုန်၏၊ သစ်တပ်တည်၍၊ နေ့ညဉ့်မပြတ်တပ်စီး၍၊ နေကြရကုန်၏၊ သာသနာတော်ကလည်း အေးကြီးစွာရောက်၍၊ ဥပုသ်ဝတ်ရေးမမှန်၊ ချွတ်ယွင်းကြကုန်၏၊ တရားမစောင့်သော၊ အလင်္ကီဒုဿီလရဟန်းတို့သာများကုန်၏၊ ရွှေ၊ ငွေ ဆည်းပူးသိုဝှေ့သော၊ ရဟန်းတို့သာများကုန်၏၊ ရွှဝိယသံဝေါဟာရ၊ ကယဝိကွယ၊ မိစ္ဆာဇီဝ ရဟန်းတို့သာ များကုန်၏၊ လင်္ဂီပေသလ သိက္ခာကာမ၊ သူတော်ကောင်းနည်းကုန်၏၊ ပရိယတ်ပိဋကတ်ကို ကားထုတ်သော၊ ရဟန်းတို့နည်းကုန်၏၊ မင်းစိုးရာဇာတို့က၊ အဝတ်ဖြူလည်း၍၊ သာသနာတော်မှထုတ်သော၊ ရဟန်းတို့သည်လည်းအများပင်။ ဤသို့သောနည်းဖြင့် အနှစ်နှစ်ဆယ်ကျော်ပင်၊ ကာလဝိပတ္တိ ဖြစ်လေသတည်း၊"ဟု၍ ဖြစ်သည်။

ထိုသို့သော အခါသမယတွင်၊ ကြည့်ကန်ရွာကြီးသည်၊ မန်းစက်တော်ရာအနီး

"မရွက်ရွာ"၌ ခိုလုံနေစဉ် လေ့ကားကျီးကျ၍ စုတေဘဝပြောင်းတော်မူသည်။

ကြည့်ကန်ရှင်ကြီးသည် ကောဇာ၊ ၁၀၁၉-ခုနှစ်၊ (ခရစ်- ၁၇၅၇) အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်တွင်ဖွားမြင်၍ အသက်(၅၄)နှစ်၊ ကောဇာ၊ ၁၀၇၃-ခုနှစ်၊ (ခရစ်-၁၈၁၁) ဗဒုံမင်း(ဘိုးတော်ဘုရား)လက်ထက်တွင် စုတေသည်။

ကျီးသဲလေးထပ်ဆရာတော်သည် ကြည့်ကန်ရှင်ကြီးအနိစ္စရောက်ပြီး (၆)နှစ်အကြာမှ ဖွားမြင်သည်။ ဆရာတော်သည် စွယ်စုံကျော်ထင်အဖြေကျမ်းကို ကြည့်ကန်ရှင်ကြီးအနိစ္စရောက်၍ (၅၄)နှစ်ကြာသောအခါမှ ဖြေဆိုရေးသားပြုစုပြီးစီးသည်။

ကျီးသဲလေးထပ်ဆရာတော်သည် စွယ်စုံကျော်ထင်အဖြေကျမ်းကို ကောဇာ၊ ၁၂၂၇-ခုနှစ်၊ (ခရစ်-၁၈၆၅) ရေးသားပြုစုပြီး နောက်(၁)နှစ်၊ ကောဇာ၊ ၁၂၂၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၂)ရက်၊ (၂၅ အောက်တိုဘာ ၁၈၆၆)တွင် ရှင်ဝိမလလျော်ကထားတောင်းပန်သည့် အတွက် "နိဗ္ဗာန်လမ်းပြ ဝိနိစ္ဆယကျမ်း"ကို ရေးသားတော်မူရာ ကောဇာ၊ ၁၂၂၉-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၅)ရက်၊ (၂၂ မေ ၁၈၆၇)တွင် ပြီးစီးသည်။ ထိုကျမ်းသည် ပေ(၃)အင်္ဂါကျော်ရှိသည်။ ထိုကျမ်း၏ အရေးပါပုံကိုသိသာစေရန် တောင်းပန်လျောက်ထားချက်ကိုသာ ရေးသားတင်ပြအပ်ပါသည်။

"အရည၀ါသီဖြင့် ပါရမီဆယ်ပါးကို ကြိုးစားဖြည့်ကျင့် ခွတ်ဆောင်လေ့ရှိပါသော တောရပုဂ္ဂိုလ် အရှင်ဝိမလလျော်ကထားတောင်းပန်ပါသည် ကျီးသဲလေးထပ် ဆရာတော်အရှင်မုနိန္ဒာဘိဓေသုမြတ်။

ယခု ဒါယကာအများတို့သည် ကျွန်ုပ်ထံလျောက်ထားမေးမြန်းကြသည်မှာ အလင်္ကရဟန်းကိုလျှ၀ါန်းမိသော ဒါယကာ၊ အမြဲကိုးကွယ်သော ဒါယကာတို့သည် ဥစ္စာကုန်၍ ကုသိုလ်မဖြစ်ခဲ့သာမက မုဆိုးကိုရိက္ခာထောက်သကဲ့သို့ဖြစ်၍လည်းကောင်း၊ အဆိပ်ပင်ကိုရေသွန်းဘီသကဲ့သို့ဖြစ်၍လည်းကောင်း၊ သာသနာတော်ကို ကူညီ၍ ဖျက်ဆီးသည်မည်သောကြောင့် ကြီးစွာသောမကောင်းမှုဖြစ်၍ ဝရဲဝံရမည်ဟု အချို့သောပုဂ္ဂိုလ်တို့က တောပြောကြပါသည်။ ထိုစကားကို ဘုရားဟောမှန်မည် မမှန်မည်ကို တပည့်တော်တို့သိလိုပါသည် မိန့်တော်မူပါတဲ့ အကြိမ်ကြိမ်လျောက်ထား ကြပါသည်။ ကျွန်ုပ်ကလည်း ဤပြဿနာကို ငါမဖြေဝံ့သေး၊ ငါတို့ထက်ကျမ်း၀နှံကို

E-23A

နှံ့စပ်သိမြင်လိမ္မာသောပုဂ္ဂိုလ်ကို လျှောက်ထားတောင်းပန်ဦးမည်တဲ့ ဆိုလိုက်ရပါသည်။ ထို့ကြောင့် အလင်္ခီရဟန်းကိုလှူဒါန်း၍ အကျိုးရှိမည်၊ မရှိမည်၊ ငရဲလားမည်၊ မလားမည် ဟူသောစကားကို လူအများသံသယကင်းလေအောင် ကျမ်းဂန်လာတိုင်းထုတ်ဖော်၍ ပြတော်မူပါ။ တစ်ရပ်မှာလည်း လူတို့အလှူကောင်းမှုပြုရာ၌၊ ပွဲသဘင်ဖြင့် ချီးမြှောက်ကြခြင်းသည် အပါယ်လားကြောင်း၊ မကောင်းမှုဖြစ်မည်၊ မဖြစ်မည်ကိုလည်း ပြတော်မူပါ။ တရားမဟုတ်သည်ကိုလည်း ပြောဆိုမိခဲ့သော် ပြောဆိုသောပုဂ္ဂိုလ်တို့သည်လည်း အကျိုးနည်း၊ နာသောသူတို့လည်း အကျိုးနည်း၍ ငရဲတံခါးပွင့်လေတော့မည်။ ထိုသူတို့အားသနားသဖြင့် အပါယ်တံခါးကိုပိတ်၍ နိဗ္ဗာန်လမ်းကြောင်းကို ပြတော်မူပါမည်အကြောင်းကို တောင်းပန်ပါသည် ကျိုးသဲလေးထပ်ဆရာတော်"ဟူ၍ တောင်းပန်လျှောက်ထားသည်။

ပုဂံမင်းလက်ထက် ကောဇာ၊ ၁၂၁၄-ခုနှစ်၊ (ခရစ်-၁၈၅၂)တွင် ဒုတိယ အင်္ဂလိပ်မြန်မာစစ်ဖြစ်သည်။ ပုဂံမင်းအကြောင်းကို အခန်း(၁)တွင်တင်ပြပြီးဖြစ်သည်။ စစ်ဖြစ်လုဆဲဆဲအချိန်တွင် ပုဂံမင်းက ပြည်၊ ရွှေတောင်မြို့ဝန်အဖြစ် အမှုထမ်းလျက်ရှိသော "သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော် ဦးမုံ" ကို ရန်ကုန်မြို့ဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားသည်။

၁၂၁၃-ခုနှစ်၊ ပြာသိုလဆန်း(၁၄)ရက် (၄ ဇန်နဝါရီ ၁၈၅၂)တွင် ဦးမုံသည် နောက်ပါ စစ်သည်အလုံးအရင်းနှင့် ရန်ကုန်မြို့သို့ဆိုက်ရောက်သည်။ မောက်မာသော အင်္ဂလိပ်စစ်အရာရှိတို့နှင့် တွေ့ရကြုံရပြောရဆိုရသည်။ အင်္ဂလိပ်တို့၏ ကောက်ကျစ်အနိုင်ကျင့်မှုနှင့် စစ်ရေးပြင်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်ရသည်။ အခြေအနေအရပ်ရပ်ကို ပုဂံမင်းသိသာစေရန်တမန်တော်လွှတ်၍ အစီအရင်ခံသည်။ မိမိကိုယ်တိုင် ဦးစီး၍ ရန်ကုန်တွင်စစ်ရေးပြင်ဆင်မှုများလုပ်သည်။

၁၂၁၃-ခုနှစ်၊ တန်ခူးလဆုတ်(၂)ရက် (၅ မေ ၁၈၅၂)တွင် ရန်ကုန်၊ မုတ္တမ၊ ပုသိမ်မြို့များကို အင်္ဂလိပ်တို့အလစ်ဝင်ရောက်တိုက်ခိုက်သဖြင့် မြန်မာတို့သည် မုတ္တမကြောင်း၊ ပုသိမ်ကြောင်း၊ တံသာဝတီကြောင်းနှင့် ဓညဝတီကြောင်းချီတက်ခုခံကြသည်။ ထိုစစ်တွင် ခုခံတိုက်ခိုက်လိုသော ပုဂံဘုရင်အင်အားစုနှင့် စစ်ပြေငြိမ်းလိုသော မင်းတုန်းမင်းသား၏အင်အားစုတို့ အကြောင်းအမျိုးမျိုးကြောင့် ယှဉ်ပြိုင်နေကြသဖြင့် မြန်မာတပ်မတော်နှစ်ခြမ်းကွဲသွားသည်။ အောက်မြန်မာနိုင်ငံကို ခုခံ

F-23B

ကာကွယ်နေသော မြန်မာ့တပ်မတော်သားများ၊ အထက်မြန်မာနိုင်ငံသို့ စစ်ဆုတ်သွားရသဖြင့် အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံရှိမြို့ရွာများကို လွယ်လင့်တကူ ချီတက်တိုက်ခိုက်ခါ အောက်မြန်မာနိုင်ငံကို ယင်းတို့သိမ်းပိုက်ကြောင်း ကြေငြာချက်ကို ၁၂၃၄-ခုနှစ်၊ မြာသိုလဆန်း(၁၀)ရက်၊ (၂၈ ဒီဇင်ဘာ ၁၈၇၂)တွင် တစ်ဖက်သတ် ထုတ်ပြန်လိုက်သည်။

အင်္ဂလိပ်၊ မြန်မာ့တိယစစ်ပွဲအတွင်း တိုက်ပွဲကြီးများအနက် ရွှေတိုဂုံကုန်းတော်တိုက်ပွဲသည် သွေးချောင်းစီးလုနီးပါး ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့သော တိုက်ပွဲကြီးတစ်ခုဖြစ်သည်။ ထိုတိုက်ပွဲတွင် ဦးမဲ့သည် ခွဲ၊ သတ္တိအပြည့်ဖြင့်ကြံ့ကြံ့ခံ၍ ဦးဆောင်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲအပြီး ဦးမဲ့မည်သို့ဖြစ်ပျက်သွားသည်ကို မသိရချေ။ ဇာတ်မြုပ်သွားသည်။ နောင်နှစ်ပေါင်း (၁၀၀)ကျော်အကြာ မ. ဆ. လ ခေတ်တွင် ဦးမဲ့ဇာတ်လမ်း ပေါ်ပေါက်လာသည်ကိုတွေ့ရသည်။

အင်္ဂလိပ်၊ မြန်မာ့တိယစစ်အပြီး ရွှေတောင်မြို့အပါအဝင် အောက်မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်သို့ကျရောက်သွားသည်။ ကျီးသဲလေးထပ်ဆရာတော်သည် တိုင်းတစ်ပါးသားလက်အောက်ခံဘဝကို "နဖူးတွေ့၊ ဥူးတွေ့" တွေ့ရသည်။ ထို အခါဆရာတော်သည် "ဥဒ္ဓဝါမကိပြဇာတ်"ကို ရေးသား၍ တိုင်းသူပြည်သားတို့ နိုးကြားလာအောင်ဆောင်ရွက်တော်မူခဲ့သည်။ ထိုပြဇာတ်သည် သာသနာ၏အန္တရာယ် ရန်ဆူးရန်ငြောင့်များဖြစ်သော ကျေးတစ်ဆယ့်ခြောက်ပြည်ထောင်တို့ကို တိုက်ခိုက်နှိမ်နင်းသုတ်သင်ပြီး သာသနာတော် အဝွန့်ရှည်တည်တဲ့ မြန်မာ့ဘုရားရေးအတွက်ဆောင်ရွက်ခဲ့သော သာသနာပြုမင်း "ဥဒ္ဓဝါမကိမင်း"အကြောင်း ရေးသားထားသည့် ပြဇာတ်ဖြစ်သည်။ ဆရာတော်သည် ထိုပြဇာတ်ကိုရေး၍ တိုင်းပြည်အား အလေးအနက်သတိပေးခဲ့ခြင်းဖြစ်သည်။

၁၂၃၄-ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက် (၁၇ ဖေဖော်ဝါရီ ၁၈၇၃)တွင် "ပုဝံမင်း"ထီးနန်းလက်လွတ်သွားပြီး မင်းတုန်းမင်းနန်းတက်သည်။

မင်းတုန်းမင်းသည် နန်းတက်စတွင် အမရပူရ၌ ထီးနန်းစိုးစံသည်။ ၁၂၂၁-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၀)ရက် (၂၈ ဧပြီ ၁၈၅၉)တွင် ရတနာပုံမြို့တော်တည်ထောင်ဆောက်လုပ်ရန် အမိန့်ထုတ်ပြန်သည်။ ထို့နောက် အမရပူရမှ ရတနာပုံသို့ ပြောင်းရွှေ့စိုးစံသည်။ ၁၂၂၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက် (၂၆

အောက်တိုဘာ ၁၈၅၉)တွင် ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာ စ၍ တင်သည်။ ၁၂၃၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း(၁၄)ရက် (၄ မေ ၁၈၆၈) တွင် ပိဋကတ်တော်များ ကျောက်ထက်အက္ခရာတင်ခြင်းပြီးဆုံးသည်။ ကျောက်ချပ်ရေ (၇၂၉)ချပ် ရှိသည်။ ၁၂၃၃-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၁)ရက် (၁၅ ဧပြီ ၁၈၇၁)တွင် ပဋ္ဌမသင်္ဂီယနာတင်ပွဲစတင်သည်။ ၁၂၃၃-ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၄)ရက် (၁၂ စက်တင်ဘာ ၁၈၇၁)တွင် ပဋ္ဌမသင်္ဂီယနာတင်ပွဲ အောင်မြင်စွာပြီးစီးသည်။ ပဋ္ဌမသင်္ဂီယနာတင် မင်းတုန်းမင်းကြီးဖြစ်လာသည်။

မင်းတုန်းမင်းလက်ထက်တွင် သုဓမ္မာသာသနာပြုဆရာတော်(၈)ပါးရှိသည်။

၁။ မြည်ဆရာတော်
၂။ မတ္တရာဆရာတော်
၃။ မောင်းထောင်ဆရာတော်
၄။ သက်ပန်းဆရာတော်
၅။ စလင်းဆရာတော်
၆။ စံကျောင်းဆရာတော်
၇။ သင်္ဘာဆရာတော်နှင့်
၈။ ပုခန်းဆရာတော်တို့ဖြစ်တော်မူကြသည်။

သာသနာပိုင်ဆရာတော်ကား ဦးဥေ ယျဖြစ်၍ လှထွေဆရာတော်မှာ သုဓမ္မာသဘင်အတွက် အထွေထွေကိစ္စကို ဆောင်ရွက်တော်မူရလေသည်။ ထိုသုဓမ္မာသာသနာပြုဆရာတော်(၈)ပါးသည် သီတင်းနေ့တိုင်း မန္တလေးတောင်ခြေ သုဓမ္မာဇရပ်တော်သို့ကြွတော်မူ၍ သာသနာရေး၊ သာသနာမှုတို့ကို တိုင်ပင်စီရင်ရလေသည်။ သံဃာ့မှုခင်းရှိလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်ကို သုဓမ္မာသဘင်တဆင့်ခေါ်နိုင်ခွင့် ရှိလေသည်။ သာသနာပိုင်ဆရာတော်မှာ သုဓမ္မာသဘင်တွင် အကြီးအမှူးဥက္ကဋ္ဌ ဖြစ်လေသည်။

မင်းတုန်းမင်းသည် စက်တော်မခေါ်မီ စာတော်ဖတ်တို့ဖတ်ပြသည့် ကျီးသဆရာတော်ပြုစုတော်မူသော ဇိနတ္ထပကာသနီကျမ်းကို အကြိမ်ကြိမ်အခါခါ နားဆင်တော်မူဖူးသည်။ ကျမ်းပြုဆရာတော်သည် ပရိယတ္တိအရာတွင်လည်း သီတင်းမွေးလှကြောင်းသိတော်မူသည်။ ထို့ကြောင့် မင်းတုန်းမင်းသည် ကျီးသဆရာတော်ကို

ရတနာပုံနေပြည်တော်သို့ဝင့်ဖိတ်၍ အနီးကပ်ကိုးကွယ်ပူဇော်ရလျှင်ကောင်းလေစွတဟု ကြီးမားသောဆန္ဒ ဖြစ်တော်မူသည်။

မင်းတုန်းမင်းနန်းတက်စတွင် သီးလုံး(သလုံး)ဆရာတော်၏ ဂုဏ်သတင်းသည် ကျော်ကြားခါစဖြစ်သည်။ ဆရာတော်၏ ပရိယတ်၊ ပဋိပတ်ဂုဏ်များကို စုံစမ်းထောက်လှမ်းပေးပါရန် မင်းတုန်းမင်းက သင်္ဃာဆရာတော်အား တောင်းပန်စေလွှတ်သည်။ ထိုစဉ်က သလုံးဆရာတော်သည် ရွှေဘိုမြို့ အရှေ့ဘက်၊ ကျောက်မြောင်းမြို့၏ တောင်ဘက် ဧရာဝတီမြစ်ကမ်းအနီး "ခက်သင်္ချာ" တောရကျောင်း၌ သီတင်းသုံးနေတော်မူသည်။ သင်္ဃာဆရာတော် ကြီတင်စဉ်းစားလာသော ပရိယတ်၊ ပဋိပတ်ဆိုင်ရာ ခဲရာခဲဆစ်အမေးပုစ္ဆာများကို သလုံးဆရာတော်က လွယ်လွယ်တူကူ ဖန်ပူသတ်ရင်းဖြေဆိုတော်မူလိုက်သည်။ မင်းတုန်းမင်းသည် သလုံးဆရာတော်ကို ရတနာပုံနေပြည်တော်သို့ ကြွရောက်သီတင်းသုံးရန် ပင့်ဖိတ်ပါကြောင်း သင်္ဃာဆရာတော်ကလျှောက်ထားသည်။ သလုံးဆရာတော်ကားကြွမလာ။

ကျီးသဲဆရာတော်ပင့်ဖိတ်ရေးကိစ္စတွင်လည်း၊ မင်းတုန်းမင်းသည်၊ သုဓမ္မာသာသနာပြုဆရာတော် (၈)ပါးတွင် (၁)ပါးအပါအဝင်ဖြစ်သော သင်္ဃာဆရာတော်ကို ပင့်ဖိတ်၍ မိမိဆန္ဒဖြစ်ပေါ်ပုံနှင့် မိမိဆန္ဒဖြည့်စွမ်းပေးရန်တို့ကို လျှောက်ထားတောင်းပန်သည်။ ဤသို့ဖြင့် သင်္ဃာဆရာတော်သည် ရွှေတောင်မြို့သို့ စုံဆင်းကြွတော်မူသည်။

သင်္ဃာဆရာတော်က ကျီးသဲဆရာတော်ထက် သက်တော်(၂)နှစ်ခွဲခန့် ကြီးသည်။ သင်္ဃာဆရာတော်ကို ၁၁၇၇-ခုနှစ်၊ နယုန်လဆန်း(၁၄)ရက်၊ (၂၁ မေ ၁၈၁၅)တွင်ဖွားမြင်၍ ကျီးသဲဆရာတော်ကို ၁၁၇၉-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက်၊ (၂ အောက်တိုဘာ ၁၈၁၇)တွင် ဖွားမြင်သည်။ ဆရာတော်နှစ်ပါးစလုံးသည်၊ သက္ကရာဇ်-၁၀၀၀ပြည့်နှစ်၊ (၁ရစ်-၁၆၃၈)ဝန်းကျင် "ရွှေဥမင်" ဆရာတော်နှင့် "တောင်ဖီလာ" ဆရာတော်တို့တွေ့ဆုံခန်းကို ကြားသိပြီးဖြစ်သည်။

ကျီးသဲဆရာတော်က သင်္ဃာဆရာတော်ကို ချစ်ခင်ရင်းနှီးစွာ တာဝန်ကျေအောင်ချည်ခဲသည်။ သင်္ဃာဆရာတော်က ပရိယတ်၊ ပဋိပတ်ဆိုင်ရာ ခတ်ခဲသော အချက်အလက်၊ အကြောင်းကိစ္စများကိုမေးမြန်းသောအခါ ကျီးသဲဆရာတော်က အကိုးအကား၊ ဥပမာ၊ ဥပမေယျပေါင်းများစွာဖြင့် ဝေဝေဆာဆာ ဖြေကြားတော်

မူသည်။ သင်္ဇာဆရာတော်က သာဓုသုံးကြိမ်ခေါ်တော်မူသည်။

ထို့နောက် သင်္ဇာဆရာတော်က ကျီးသဲဆရာတော်ကို "အရှင်ဘုရားလို စွယ်စုံပဉ္စာရှင်ကို သာသနာ့ဒါယကာမင်းတုန်းမင်းက ဆည်းကပ်ကိုးကွယ်လိုတဲ့ဆန္ဒ ပြင်းပြနေတော်မူပါတယ်၊ ဒါကြောင့် ရတနာပုံနေပြည်တော်သို့ ကြွရောက်သာသနာပြုစေလိုပါတယ်"ဟု လျှောက်ထားသည်။

ထိုအခါ ကျီးသဲဆရာတော်က "နေပြည်တော်တွင် စွယ်စုံပဉ္စာရှင် အကျော်အမော် အမျှားအပြားအလုံအလောက်ရှိကြောင်း၊ ကုလားဖြူတို့လက်အောက် ကျရောက်နေသော အောက်မြန်မာနိုင်ငံမှာကား မြန်မာတိုင်းရင်းသားတို့၏ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှုများကွယ်ပျောက်ပြီး မိစ္ဆာဝါဒီများဖြစ်ကုန်မည်ကို စိုးရကြောင်း၊ တောသူတောင်သားလယ်သမားတို့၏ တောထမင်း၊ တောဟင်းစားပြီး သာသနာပြုလိုကြောင်း၊ မင်းမှူးမတ်တို့၏ ဆွမ်းကိုဘဉ်းပေးပြီး သာသနာမပြုလိုကြောင်း" ပြန်လည်လျှောက်ထားလိုက်သည်။

ကျီးသဲဆရာတော်၏ လျှောက်ထားချက်သည် သင်္ဇာဆရာတော်၏ဝိတ်ဝယ် စွဲလမ်းစူးဝင်သွားသည်ကို နောက်ပိုင်းတွင်တွေ့ရသည်။ သင်္ဇာဆရာတော်သည် အောက်ပြည်အောက်ရွာ၏ သာသနာရေးအခြေအနေကို ကိုယ်တွေ့သိမြင်ပြီးနောက် ရတနာပုံနေပြည်တော်သို့ ပြန်ကြွသွားသည်။ သင်္ဇာဆရာတော် ပြန်ကြွသွားပြီးနောက် ကျီးသဲဆရာတော်သည် ရွှေတောင်၊ ပုသိမ်၊ ပန်းတောင်း၊ ဟသ်ာတနှင့် အင်္ဂပူမြို့ရွာများသို့ လှည့်လည်ကြွရောက်သိတင်းသုံးရင်း သာသနာပြုတော်မူသည်။

ကောဇာ၊ ၁၂၃၆-ခုနှစ် (ခရစ်-၁၈၇၄)တွင် "ဒေါ်ရွှေပွင့်"သည် မော်လမြိုင်၊ ရွှေတောင်ရပ်ရှိ ရွှေတောင်ဇာတိ အမျိုးသား၊ အမျိုးသမီးအချို့ကိုအဖော်ပြု၍ ကျီးသဲဆရာတော်ကိုဖူးမြော်ကန်တော့ရန် ရွှေတောင်မြို့သို့ ရေကြောင်းခရီးမှထွက်ခွါသည်။

ရွှေတောင်မြို့သို့ ရောက်လျှင်ရောက်ချင်း ကျီးသဲလေးထပ်ဆရာတော်ထံသွားရောက် ဖူးမြော်ကန်တော့သည်။ လှူဖွယ်ဝတ္ထုအစုစုကို ဆက်ကပ်လှူဒါန်းသည်။ ငါးပါးသီလခံယူပြီးနောက် ဆရာတော်က လှူဖွယ်ဝတ္ထုအစုစုတို့အတွက် အနုမောဒနာတရားတော်ချီးမြှင့်သည်။ ရေစက်သွန်းချအမျှပေးဝေသည်။

အလှူကိစ္စပြီးစီးသော် ဆရာတော်သည် မော်လမြိုင်မှ အလှူရှင်များနှင့် ပဋိသန္ဓာရစကားပြောကြားသည်။ မော်လမြိုင်ဒကာ၊ ဒကာမတို့က မော်လမြိုင်၏

သာသနာရေးအခြေအနေကို "ခရေစေ့တွင်းကျ" လျှောက်ထားသည်။

ထိုအခါ ဆရာတော်သည် မိမိသီတင်းသုံးရာရွှေတောင်မြို့ထက် (၂၆)နှစ်စေပြီး ကုလားဖြူများလက်အောက်ကျရောက်ခဲ့ရသော မော်လမြိုင်မြို့၏ သာသနာရေးအခြေအနေကို တွက်ချက်မှန်းဆမိသည်။

နောက်ဆုံးတွင် ဒေါ်ရွှေပွင့်က ဆရာတော်ကြီးကို မော်လမြိုင်သို့ကြွရောက်သီတင်းသုံးကာ သာသနာပြုပါမည့်အကြောင်း တောင်းပန်လျှောက်ထားသည်။ ဆရာတော်ကြီးသည် အတန်ငယ်စဉ်းစား၍ မော်လမြိုင်တွင် သင့်တင့်လျောက်ပတ်သော ကျောင်းတစ်ကျောင်းဆောက်လုပ်ပြီးစီးပါက ကြွရောက်အလှူခံ သီတင်းသုံးမည်ဟု ဝန်ခံကတိပြုတော်မူသည်။ ဒကာ၊ ဒကာမအပေါင်းသည် အတိုင်းအဆမရှိ ဝမ်းသာပီတိဖြစ်ကာ သာဓုခေါ်ကြသည်။

ဒေါ်ရွှေပွင့်နှင့် အပေါင်းပါများသည် ပြည်မြို့ရှိ "ရွှေဆံတော်"နှင့် အနီးဝန်းကျင်ရှိ တန်ခိုးကြီးဧတီပုထိုးများကိုလှည့်လည်ဖူးမြော်ကာ မော်လမြိုင်သို့ ပြန်လာခဲ့ကြသည်။

ကျီးသဲလေးထပ်ဆရာတော်ကြီးကို မော်လမြိုင်မြို့သို့ပင့်ဆောင်ရန် ဒေါ်ရွှေပွင့်နှင့်အဖွဲ့ ရွှေတောင်မြို့သို့သွားစဉ်ကပင် မော်လမြိုင်မြို့ပေါ်ရှိ ဗုဒ္ဓဘာသာဝင် လူကြီးသူမ တို့သည် ဒေါ်ရွှေပွင့်၏ခရီးအောင်မြင်ပါစေကြောင်း မြတ်ဘုရားထံပါးတွင် အကြိမ်ကြိမ်တောင်းဆပန်ခဲ့ကြသည်။ ဒေါ်ရွှေပွင့်တို့အဖွဲ့ မော်လမြိုင်သို့ ပြန်ရောက်ကြောင်း သတင်းကြားလျှင်ကြားချင်း ဘုရားဒကာ၊ ကျောင်းဒကာကြီးများသည် ဒေါ်ရွှေပွင့်အိမ်သို့ ကဆုတ်ကရက်လာရောက်၍ သတင်းမေးကြသည်။ ဆရာတော်သည် မိမိပင့်ဖိတ်သည်ကိုလက်ခံကြောင်း ဒေါ်ရွှေပွင့်က ဝမ်းပန်းတသာ ပြောပြသည်။ ထိုအခါ ဘုရားဒကာ၊ ကျောင်းဒကာများသည် မိမိတို့အနှစ်နှစ်အလလက တောင့်တခဲ့သည့် ကိစ္စကြီး၏ ပထမအဆင့်အောင်မြင်ပြီဖြစ်၍ ကျန်အဆင့်များကို လက်ညီတက်ညီဆက်လက်ဆောင်ရွက်သွားကြရန် သဘောကိုက်ညီကြသည်။

ဦးစွာကျောင်းဆောက်ရန် နေရာအတွက်စဉ်းစားကြသည်။ ဆရာတော်ကျန်းမာချမ်းသာစွာ သီတင်းသုံးနိုင်ရန်အတွက် မြင့်မြတ်သောနေရာ၊ လေကောင်းလေသန့်ရသောနေရာ ဖြစ်ရန်လိုသည်။ ဆရာတော်သည် မိုးနည်း၍ ပူပြင်းသောဒေသမှကြွရောက်လာမည်ဖြစ်၍ မုတ်သုန်လေကိုကာကွယ်ထားသည့်နေရာ ဖြစ်ရန်လိုသည်။

လွန်ခဲ့သော နှစ်ပေါင်း(၁၅၀)ခန့်က ကျိုက်သလ္လဲကုန်းတော်၏ ခါတ်ပုံကို လေ့လာကြည့်ရှုရာ ဘုရား၏လေးဘက်လေးတန်တွင် စောင်းတန်းများရှိသည်ကို မတွေ့ရချေ။ ကုန်းတော်ပတ်လည်တွင် သစ်ပင်ဝါးပင်နှင့် ချုံနွယ်ပိတ်ပေါင်းများဖြင့် ဖုံးလွှမ်းနေသည်ကိုတွေ့ရသည်။ ကုန်းတော်၏မြောက်ဘက်တွင် မည်သည့် သာသနိက အဆောက်အအုံမှမရှိချေ။ ကုန်းတော်၏ အနောက်ဘက်တောင်ခြေတွင်သာ သာသနိက အဆောက်အအုံများကိုတွေ့ရသည်။

ကျိုက်သလ္လဲဘုရားပရိဝုဏ်အတွင်း ကုန်းတော်မြောက်ဘက် ကမ်းပါးယံသည် မြင့်မြတ်သောနေရာဖြစ်သည်။ လေကောင်းလေသန့်လည်းရသည်။ မုတ်သုန်လေ ကွယ်ရာတွင်လည်း ရှိသည်။ အရှေ့ဘက်သို့မျှော်ကြည့်လိုက်လျှင် "ခရုံဂူ"တည်ရှိရာ ထုံးကျောက်တောင်နှင့် အခြားထုံးကျောက်တောင်များကိုလည်းကောင်း၊ မြောက်ဘက်တွင် အတ္ထရံ၊ ဂျိုင်းနှင့် သံလွင်မြစ်သုံးသွယ်တို့ပေါင်းဆုံရာ ခေါင်းဆေးကျွန်းနှင့် မုတ္တမမြို့ဟောင်းရှေးကိုလည်းကောင်း၊ အနောက်ဘက်တွင် တသွင်သွင် စီးဆင်းနေသောသံလွင်မြစ်နှင့် စိမ်းလန်းစိုပြည်သော ဘီလူးကျွန်းကိုလည်းကောင်း၊ ကြည်နူးဖွယ်ရှုခင်းများကို တွေ့မြင်နိုင်သောနေရာဖြစ်သည်။ ထိုကြောင့် အဆိုပါနေရာတွင် ကျောင်းဆောက်ရန် အများသဘောတူဆုံးဖြတ်ကြသည်။

သာသနာ့အကျိုးဆောင်များက မိမိတို့ရွေးချယ်ထားသောနေရာကို ဓေါ်ရွေပွင့်ကလည်း ကြိုက်နှစ်သက်သည်။ အကုန်အကျအလွန်များမည်ဖြစ်ကြောင်း တင်ပြကြရာ ဓေါ်ရွေပွင့်က ခိုင်ခန့်၊ ခန့်ညား၍ ကျက်သရေရှိသောကျောင်းတိုက်ကို တည်ဆောက်ရန်၊ ကုန်ကျမည့်ငွေကြေးအတွက် ထည့်သွင်းစဉ်းစားခြင်းမပြုရန် မြောကြားသည်။

ကျောင်းဆောက်ရန်နေရာ ရွေးချယ်သတ်မှတ်ပြီးနောက် ဆောက်လုပ်ရေး လုပ်ငန်းများကို တစ်ပြိုင်တည်းစတင်သည်။ တောရွင်းသူကရွင်း၍ မြေညှိသူက ညှိကြသည်။ ရသောထင်းများကို အုတ်ဖုတ်ရာသို့ပို့ရသည်။ အလျား (၉)လက်မ၊ အနံ (၄)လက်မခွဲ၊ အထူ(၁)လက်မခွဲရှိသော အုတ်ချပ်ရေ (၂)သိန်းကျော် (၃)သိန်းနီးပါး ဖုတ်ရသည်။ အုတ်ဖုတ်သည့်နေရာသည် ယခု အ-ထ-က(၂) နှင့် မနီးမဝေးတွင် ဖြစ်သည်။ ဖုတ်ပြီးအုတ်များကို ရွှေတောင်ကျောင်း၏ မြောက်ဘက်တည့်တည့် ရှမ်းစုလမ်းထိပ်သို့အရောက် လှည်းဖြင့်သယ်ယူရသည်။ ထိုမှတဆင့် ကျောင်းဆောက်မည့်

နေရာအရောက် လက်ဆင့်ကမ်းသယ်ယူသည်။ ရွှမ်းစုရပ်နှင့် ရွှေတောင်ရပ်မှ လူကြီး၊ လူလတ်၊ လူငယ်၊ ကျား၊ မအလုံးစုံတို့သည် ကုသိုလ်ရေးအတွက် မိမိတို့ဆန္ဒအလျောက် အုတ်သယ်ရေးတွင် ပါဝင်လုပ်အားပေးကြသည်။ အုတ်သယ်သည့်လုပ်ငန်းသည် တစ်ရက်တစ်လတည်းဖြင့်ပြီးစီးသည့် အလုပ်မဟုတ်ချေ။ နှစ်နှင့်ချီလုပ်အားပေး ကုသိုလ်ရှင်များကို ဇေါ်ရွှေပွင့်က ဖွယ်ဖွယ်ရာရာချက်ပြုတ်ကျွေးမွေးခဲ့သည်။

ပထမဦးစွာ ကျောင်း၏အရှေ့မြောက်ဘက်မြေနိမ့်ပိုင်းတွင် ပန်းရန်ဆရာနှင့် အခြားလုပ်သားများတည်းခိုနေထိုင်ရန် အလျားပေ (၄၀)၊ အနံပေ (၄၀)ရှိသော အုတ်တိုင်အုတ်ကျွတ်ပိုး၊ ပျဉ်ခင်းပျဉ်ကာဧရပ်ကြီးတစ်ဆောင်ကို ဆောက်လုပ်သည်။

ကျောင်းဆောက်မည့် မြေနေရာအနေအထားမှာ တောင်နှင့်မြောက် အကျယ်အဝန်းသည် ကျောင်းဆောက်ရန်လုံလောက်၍ အရှေ့အနောက်မှာ ကျဉ်းမြောင်းနေသည်။ အနောက်ဘက်သို့ မြေတိုးချဲ့ရန်မှာလည်း မဖြစ်နိုင်ချေ။ အရှေ့ဘက်သို့ ချဲ့ရန်သာရှိတော့သည်။ အရှေ့ဘက်တောင်စောင်းတွင် တံတိုင်းကာပြီး မြေချဲ့ရတော့မည်ဖြစ်သည်။ ရွှေဦးစွာ ကျောင်းဆောက်မည့်နေရာတွင် လိုအပ်သော မြေအကျယ်အဝန်းရရှိစေရန် မြေဖို့ခြင်း၊ မြေညှိခြင်းများပြုလုပ်သည်။ ထို့နောက် အရှေ့ဘက်တွင် အမြင့်(၅)ပေရှိသော အုတ်တံတိုင်းကို (၁၈)လက်မအုတ်နှံဖြင့် ကာရံသည်။ တံတိုင်း၏အလျားသည် (၆၄)ပေရှိသည်။

ပထမတံတိုင်းအောက်တွင် (၁၀)ပေကျယ်သော စင်္ကြံရှိသည်။ စင်္ကြံ၏ အောက်တွင် အမြင့်(၆)ပေရှိသော ဒုတိယအုတ်တံတိုင်းကို (၁၈)လက်မရှိသော အုတ်နှံဖြင့် ကာရံပြန်သည်။ တံတိုင်း၏အလျားသည် (၆၄)ပေပင်ဖြစ်သည်။

ဒုတိယတံတိုင်း၏အောက်တွင် ပေ(၂၀)ကျယ်သော စင်္ကြံရှိသည်။ ထိုစင်္ကြံ၏ အောက်တွင် အမြင့်(၁၄)ပေရှိသော တတိယအုတ်တံတိုင်းကို (၉)လက်မအုတ်နှံဖြင့် ကာရံပြန်သည်။ တံတိုင်း၏ အလျားမှာ (၆၄)ပေရှိသည်။ အောက်ဆုံးဖြစ်သော စတုတ္ထ တံတိုင်းကို မမြို့လဲရလေအောင် "ကျားကန်"ကြိုးများဖြင့် ဆောက်ထားသည်ကို တွေ့ရသည်။

ထုံးစံအားဖြင့် တံတိုင်း၏အုတ်ခြစ်ကို တံတိုင်းအမြင့်၏တစ်ဝက် ချထားလေ့ရှိသည်။ အတိအကျသိလိုပါက တူးကြည့်ရန်သာရှိတော့သည်။

အုတ်တံတိုင်းများတွင် လက်ရုံးတိုင်များ၊ လက်ရန်းတန်းများတပ်ဆင်ခဲ့သည်။

F-24A

ယခုအခါ လက်ရန်းတန်းများမရှိတော့ဘဲ လက်ရုံးတိုင်အကျိုးအပဲ့များကိုသာ တွေ့ရတော့သည်။

ကျောင်းဆောက်ရန် မြေအမာခံရရှိပြီးနောက် အမြင့် (၂၁)ပေရှိသော (၂)ထပ် အုတ်ကျောင်းတိုက်ကြီးကို တည်ဆောက်သည်။ ပင်မဆောင်ကြီးသည် အလျားပေ (၅၀)၊ အနံ (၃၃)ပေ (၄)လက်မ ရှိသည်။ ပင်မဆောင်သည် နှစ်ဆောင်ပြိုင်အဆောက်အဦဖြစ်သည်။ အဆောင်နှစ်ဆောင်ကြားတွင် (၈)ပေကျယ်သောစင်္ကြံရှိသည်။ အလျားပေ (၅၀)၊ အနံ (၂၆)ပေရှိသော တိုးချဲ့ဆောင်ကို ဆောက်လုပ်သည်။ ကျောင်းတိုက်ကြီး ခိုင်မာတောင့်တင်းစေရန် လုံးပတ် (၄)ပေ (၆)လက်မစီရှိသော အုတ်တိုင်ကြီးများဖြင့် မတင်ထားသည်ကို တွေ့ရသည်။ အုတ်တိုင်ကြီးများတွင် ရွှေအစအနများတွေ့ရသဖြင့် မူလကအုတ်တိုင်ကြီးများကို "ရွှေပိန်းချ" ထားဟန်တူသည်။ ကျောင်းတိုက်ကြီး အပေါ်ထပ်တွင် ၁၂"× ၁" (အနံ၁၂လက္ခ၊ ထူ၁လက္ခ)ကျွန်းပျဉ်ကြီးများ ခင်းထားသည်။ အမိုးကို (၂၄)ဂိတ် (Gauge)သွပ်ပြားများဖြင့် မိုးသည်။ အမိုးထက်တွင် ဘုံအဆင့်ဆင့်ရှိသည်။ မျက်နှာကြက်အောက်ခံကို ဟင်္သပဒါးသုတ်၍ ရွှေကနုတ်ပန်းများဖြင့် ခြယ်မှုန်းထားသည်။ ပြတင်းပေါက်များ အပေါ်ရှိခုံးများ(Arch)ကို သစ်သားဖြင့် အကွက်ဖေါ်၍ ရောင်စုံမှန်များတပ်ဆင်ထားသည်။ သံဖြင့်ပြီးသော မူလတံခါးမနှင့် ခေါက်တံခါးများကားမရှိတော့ချေ။ ပုံသွန်းလောင်းထားသော သံပန်းအချို့ကိုကား တွေ့ရသေးသည်။

သောက်သုံးရေဖူလုံစေရန် မိုးရေလှောင်ကန်ကြီးတစ်ကန်ကိုလည်း ကျောင်းတိုက်ကြီး၏ တောင်ဘက်တွင်ကပ်၍ တည်ဆောက်သည်။ ရေကန်အလျား (၃၂)ပေ၊ အနံ (၁၁)ပေ (၆)လက်မ၊ အမြင့် (၈)ပေရှိသည်။ ရေဂါလန် (၁၈၄၀၀) သိုလှောင်နိုင်သည်။

ကျောင်းတိုက်ကြီး၏ အရှေ့မြောက်ဘက်တွင် "ဝတ်ကျောင်း"တစ်ဆောင်ကိုလည်း ဆောက်လုပ်သည်။ ပေ(၃၀)ပတ်လည်ရှိသော "ဝတ်"ကိုအုတ်ဖြင့် တည်ဆောက်၍ (၂၄)ဂိတ်သွပ်ပြားများမိုးထားသည်။ မျက်နှာကြက်အောက်ခံကို ဟင်္သပဒါးသုတ်၍ ရွှေကနုတ်ပန်းများ ခြယ်မှုန်းခဲ့သော်လည်း ယခုဖျက်စီးနေပြီဖြစ်သည်။ ဝတ်အတွင်း ပလ္လင်သုံးဆင့်ထက်တွင် လျှောင်းတော်မူဆင်းတုတော်သုံးဆူကို ဘက်တော်အနိမ့်အမြင့်အလိုက်တည်ထားသည်ကို ကြည်ညိုဖွယ်ဖူးမြင်ရသည်။

E-24B

ဗုဒ္ဓဘာသာဝင်များ ဘုရားသွားကျောင်းတက်ရာတွင် လွယ်လင့်တကူ သွားလာနိုင်စေရန် ဒေါ်ရွှေပွင့်သည် "ရွှေတောင်ကျောင်း၀"မှ ခြေသုံ့နှစ်တောင်တဆိ ရှည်လျားသောစောင်းတန်းတိုလည်း ဆောက်လုပ်ခဲ့သည်။ စောင်းတန်းတည်ဆောက် ရာတွင် ဦးစွာမြေညှိရသည်။ မြေကိုသိပ်သည်းကျစ်လျစ်အောင် ပြုပြင်ရသည်။ ပြီးမှ အောက်ခံအုတ်နှစ်လွှာကို စောင်တန်းတစ်လျှောက် အပြည့်ခင်းရသည်။ အုတ်နှစ်လွှာ ပေါ်တွင်အုတ်ကွက်အဖြစ် အုတ်(၅)ချပ်စီကို ဒေါင်လိုက်ကပ်ကာ လင်းမြွေမိုးသဏ္ဌာန် အုတ်စီနည်းဖြင့် စီခင်းသည်။စောင်းတန်းတစ်ဖက်တစ်ချက်တွင် အုတ်ခုံတန်းရှိသည်။ အုတ်ခုံတန်းပေါ်တွင် လုံးပတ်(၆)ပေခွဲသော ရှစ်မြောင့်အုတ်တိုင်ကြီးများ စိုက်ထူသည်။ တိုက်အနိုပ်အမြင့်သည် မြေအနေအထားကိုလိုက်၍ ကွာခြားမှုရှိသည်။ အမြင့်ဆုံး အုတ်တိုင်သည် (၉)ပေခွဲ၌ အနိမ့်ဆုံးအုတ်တိုင်သည် (၆)ပေခွဲရှိသည်။ အခန်း တစ်ခန်းသည် အလျား(၉)ပေ၊ အနံ(၉)ပေ ရှိသည်။ စောင်တန်းတွင် အခန်းစုစုပေါင်း (၆၀)ရှိသဖြင့် စောင်တန်း အလျားပေ (၅၄၀)ရှိသည်။ မူလက စောင်းတန်းတစ်လျှောက် (၂၄)စိတ်သွပ်ပြားများ မိုးထားသော်လည်း ယခုမရှိတော့ချေ။ အုတ်တိုင်များသာ ကျန်တော့သည်။

ရွှေတောင်ကျောင်းတည်ဆောက်ဆဲ မမျှော်လင့်ဘဲ ဒေါ်ရွှေပွင့်တစ်ယောက် ဦးကြင်ဥနှင့် အိမ်ထောင်ကျသွားသည်။ ဦးကြင်ဥ၊ ဒေါ်ရွှေပွင့်အိမ်ထောင်ဘက်တွင် ဦးကြင်ဥသည် "အပါကဋ္ဌ"ဆင်ရှား ဒေါ်ရွှေပွင့်သည်သာ "ပါကဋ္ဌ"ဆင်ရှားလေသည်။ ထိုအိမ်ထောင်၏သက်တန်းသည် မရှည်ကြာချေ၊ သားသမီးလည်း မထွန်းကားချေ။ ရွှေတောင်ကျောင်းလှူစဉ်က တစ်ကြိမ်တည်းသာလျှင် "ဦးကြင်ဥ"အမည်တွေ့ရ၍ နောက်ပိုင်း ဒေါ်ရွှေပွင့်အလှူများတွင် "ဦးကြင်ဥ"၏အမည် လုံးဝမတွေ့ရတော့ချေ။

၁၂၃၉-ခုနှစ်၊ ကဆုန်လ (ဧပြီ ၁၈၇၇)တွင် ရွှေတောင်ကျောင်း တည်ဆောက် ရေးလုပ်ငန်းများ အောင်မြင်စွာပြီးစီးသည်။ ထိုနှစ်သည် ၀ါထပ်သောနှစ်ဖြစ်သည်။ ၀ါမဆိုမှာ၀င် ဒေါ်ရွှေပွင့်နှင့်အဖွဲ့သည် ရွှေတောင်မြို့သို့သွားရောက်ပြီး "ကျီးသဲလေးထပ်ဆရာတော်ကြီး"ကို မော်လမြိုင်သို့၀င့်ဆောင်လာခဲ့ကြသည်။ ရွှေတောင်ကျောင်းလှူပွဲနှင့်စပ်လျဉ်း၍ ကျီးသဲဆရာတော်က အောက်ပါအတိုင်း မှတ်တမ်းတင်ထားတော်မူခဲ့သည်။

"နဝတိက စမ္ဗဒ္ဓပေ ဂေါလေ၊ ၁၂၃၉-ခု ဖြစ်သော နှစ်ဂေါလာသို့။ ပတ္တေ၊

ရောက်လတ်သော်။ တေသ ထေရဝရဿ၊ ထိုမုနိန္ဒာဘိဓေမထေရ်မြတ်အား။ မောရဝံဒေသတော၊ မော်ရမြို့ငြိမြို့အရပ်မှ။ သုပါသကဝံသမ္ပုဏ္ဏော်ဟိ၊ ဥပါသကာဥပါသိကာကောင်းတို့၏ အဂိုနှင့်ပြည့်စုံကုန်ထသော။ သဒ္ဓါဘိဝုဒ္ဓိတဂုဏောယေဟိ၊ ကြည်ညိုထိုက်စွာရတနာ၌ လွန်စွာကြည်ညို ရှိသေလေးမြတ်ခြင်းဖြင့် ထွန်းလင်းကြီးပွားသော ဂုဏ်ကျက်သရေလည်းရှိကုန်ထသော။ သံယုဝဋ္ဋကာဒိကိစ္စရမန္တေဟိ၊ သံယာတော်တို့အား မြတ်မြတ်လေးလေး လုပ်ကျွေးခြင်းကိစ္စဖြင့်သာ လွန်စွာမွေ့လျော်ကုန်ထသော။ မဇ္ဈိမဝယသ္မဝသော ဘဏသမ္မန္တေဟိ၊ သက်ရွယ်ကောင်းလှ မဇ္ဈိမရွယ် ခရီးပစဘွယ်တင့်တယ်သော ဆင်းရောင်အဂိုလက္ခဏာနှင့်လည်း လွန်စွာပြည့်စုံကုန်ထသော။ မဟန္တဘောဝသာမိဟိ၊ အသိန်းမက များပြားလှသော စည်းစိမ်ဥစ္စာရတနာတို့၏ အရှင်လည်းဖြစ်ကုန်ထသော။ ကုဋုမ္ဗယုဂေဟိ "ကျောင်းဒကာ မောင်ကြင်ဥ၊ ကျောင်းအမ မယ်ရွှေပွင့်"အမည်ရှိသော သူဌေးမောင်မယ်အစုံတို့သည်၊ အာနေတွာ၊ ပင့်ဆောင်၍၊ သဂ္ဂမောက္ခာယ၊ နတ်ရွာနိဗ္ဗာန်ပျော်စံရခြင်းအကျိုးငှာ၊ သုမာဝတံ၊ ကောင်းစွာဖန်ဆောင် တည်ထောင်ဆောက်လုပ်အပ်ထသော ၊ သုသဠိတ ဘူမိကမ္မံ၊ တောင်ကိုဖို့ကာ ကောင်းစွာစီရင်အပ်သော မြေအမှုလည်းရှိထသော။ အယော မယ မာလာ ကမ္မာဒိ ပရိက္ခိတ္တံ၊ သံဖြင့် ပြီးသောခြံရံပန်း၊ ခြံနှုန်းစသည်တို့ဖြင့် ရှုခင်းစဘွယ်တင့်တယ်စွာ ခြံရံအပ်ထသော။ ဒွါရကဝါဋဝါတပါနာဒိ သောဘိတံ၊ တံခါးမ, တံခါးခေါက်, လေသောက်တံခါး စသည်တို့ဖြင့်လည်း တင့်တယ်ထသော။ သောဏ္ဏရတ္တဖလိကာဒိ သုမဏ္ဍိတံ၊ ရွှေရည်မျက်ပါး ဟသ်ပဒါးနှင့် ဖလသားမှန်ပွင့် အုဆင့်ဆင့်တို့ဖြင့် သင့်ရာသင့်ရာ တင့်တယ်စွာ ဆင်ယင်အပ်ထသော။ သာသနဋ္ဌိတဌာနာရဟံ၊ သာသနာတော်၏ တည်ရာဖြစ်ခြင်းငှာ ထိုက်ထသော။ ဝါ-သာသနာဝါးထောင် ထွန်းပြောင်ရှည်စွာ တည်ခြင်းငှာ ထိုက်ထသော။ အရိယာလယနန္ဒဂုဟာ ဒီ,သံကာသံ၊ ဘုရား, အရိယာ, ပစ္စေကာတို့၏နေရာဖြစ်သော နန္ဒမူလိုဏ်နှင့်တူထသော။ မဂ်လာဘုံကျော် တိလည်္ဓိတံ၊ "မဂ်လာဘုံကျော်" ခေါ်ဝေါ်ပညတ် တံဆိပ်ခတ်ထသော၊ ဣဋ္ဌကာမယ မဟာဒိဟာရံ၊ အုတ်ဖြင့်ပြီးသော ကျောင်းကြီးကို။ ပရိစ္စဇိတွာ၊ စွန့်လွှတ်၍။ နိယျာတေသိ၊ ဆောင်နှင်းလှူဒါန်း၏။ ပူဇေတိ၊ ပူဇော်၏။ သပရိဝါရံ၊ ခြံရံ လက်သား တပည့်များနှင့်တကွ။ နိရန္တရံ၊ မပြတ်မလတ်။ ပစ္စယေဟိ၊ ပစ္စည်းအရပ်ရပ်တို့ဖြင့်။ ဥပဋ္ဌာတိ၊ လုပ်ကျွေးပြုစု၏။"ဟူ၍ ဖြစ်သည်။

အထက်ပါကျီးသဲလေးထပ်ဆရာတော်၏ မှတ်တမ်းကိုလေ့လာကြည့်ရှုလျှင် အလှူရှင်၏ စိတ်နေသဘောထား၊ စီးပွားရေးအခြေအနေနှင့် အသက်အရွယ်တို့ကို ထင်ရှားစွာတွေ့ရသည်။ ကျောင်းတိုက်ကြီးတည်ဆောက်ထားပုံကိုလည်း တိုတိုရှင်းရှင်းနှင့် ပေါ်လွင်ထင်ရှားအောင် ရေးသားထားသည်ကိုတွေ့ရသည်။

ကျောင်းတိုက်ကြီး၏ မူလအမည် (တစ်နည်း) အမည်မှန်မှာ၊ "မဝ်လာဘုံကျော်" ဖြစ်သည်။ ကျောင်းတိုက်ကြီးကို မူလပထမကြွရောက်အလှူခံသည့် ဆရာတော်မှာ၊ ရွှေတောင်မြို့၊ ကျီးသဲလေးထပ်ဆရာတော် "ဘဒ္ဒန္တမုနိန္ဒာဘိဓဇ"(ပဏ္ဍိတဓဇ မုနိန္ဒယောသ မဟာဓမ္မရာဇဂုရု) ဖြစ်တော်မူသည်။

နောင်အခါ မော်လမြိုင်မြို့သူမြို့သား များက ဆရာတော်ကြီး၏ဇာတိ ရွှေတောင်မြို့ကိုအစွဲပြု၍ "ရွှေတောင်ကျောင်း"ဟု လွယ်လင့်တကူခေါ်ဝေါ်သုံးစွဲရာမှ "ရွှေတောင်ကျောင်း"ဟူသောအမည် ထင်ရှားကျော်ကြားလာပြီး၊ မူလအမည် "မဝ်လာဘုံကျော်"အမည် မှေးမှိန်သွားသည်။

မော်လမြိုင်တွင် ဆရာတော်ကြီးများ၏ဇာတိမြို့ရွာကိုအစွဲပြု၍ ကျောင်းတိုက် အမည်ပေါ်ထွန်းလာသော ကျောင်းတိုက်များစွာရှိသည်။ ဥပမာ သံလျင်အနီး ကျောက်တန်းမှဆရာတော် ကြွရောက်သီတင်းသုံးရာကျောင်းကို "ကျောက်တန်းကျောင်း" ဟူ၍လည်းကောင်း၊ သံလျင်အနီးပုဝံတောင်မှ ဆရာတော်ကြွရောက်သီတင်းသုံးရာ ကျောင်းကို "ပုဝံတောင်ကျောင်း"ဟူ၍လည်းကောင်း အင်းဝမြို့တော်မှ ရာဇဂုရု ဆရာတော်ကြီး ကြွရောက်သီတင်းသုံးရာကျောင်းကို "အင်းဝကျောင်း"ဟူ၍ လည်းကောင်း ခေါ်ဝေါ်သမုတ်ကြသည်။

မြတ်စွာဘုရားဟောကြားတော်မူသည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာတော်သည် အရေးပါအရာရောက်ဆုံး ဖြစ်သည်။ ထို့ကြောင့် သာသနဋ္ဌိတိယာ ပန ပရိယတ္တိ ယေဝ ပမာဏံ - သာသနာတော် တည်ရန်မှာ ပရိယတ္တိသာလျှင် ပဓာနကျသည်။

ပရိယတ္တိယာ ဋ္ဌိတာယ သာသနံ ဋ္ဌိတံ ဟောတိ - ပရိယတ္တိတရား တည်တံ့မှသာလျှင် သာသနာတော်တည်တံ့နိုင်ပေသည်ဟူ၍ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ဉာဏဝိဘင်းအဖွင့်၊ စာမျက်နှာ(၄၀၂)၌ ပြဆိုထားလေသည်။

ပရိယတ္တိသာသနာသည် ကန်ပေါင်ကန်ရိုးနှင့်တူသည်။ ပဋိပတ္တိသာသနာသည်

ရေနှင့်တူပြီး ပဋိဝေဓသာသနာသည် ကြာပင်ကြာဖူးကြာပွင့်နှင့်တူသည်။ ပရိယတ္တိသာသနာတည်းဟူသော ကန်ပေါင်ကန်ရိုးရှိမှ၊ ကန်ပေါင်ကန်ရိုးကောင်းမှ၊ ပဋိပတ္တိတည်းတူသော ရေများတည်ရှိနိုင်သည်။ ပဋိပတ္တိတည်းဟူသောရေရှိမှလည်း ကြာပင်များပေါက်ရောက်နိုင်ကာ ကြာဖူး၊ ကြာပွင့်များလှလှပပ ဝေဝေဆာဆာ ဖူးနိုင်ပွင့်နိုင်ကြသည်တူ၍ သာသနာတော်သုံးရပ်တွင်၊ ပရိယတ္တိသာသနာတော်က အရင်းခံမူလပဓာနဖြစ်ပုံကို သံယုတ္တအဋ္ဌကထာ၊ ဒုတိယတွဲ စာမျက်နှာ(၁၈၈)၌ ဖော်ပြထားသည်။

အထက်ပါအတိုင်း၊ သာသနာတော်တည်တံ့ခိုင်မြဲရေးတွင် ပရိယတ္တိသာသနာအရေးကြီးပုံကိုသိရှိပြီးဖြစ်သည့်အားလျော်စွာ ကိုးသဲဆရာတော်သည် ရွှေတောင်ကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် ထေရ်ငယ်၊ ထေရ်ကြီး၊ ထေရ်လတ်ဖြစ်ကုန်သော သောတုန္ဒ၊ စာသင်သားတို့အား နာနာဝန္ထာနိ၊ အထူးထူးသောကျမ်းဝန်တို့ကို ဝါစေသိ၊ သင်ကြားပို့ချတော်မူသည်။

ဆရာတော်သည် ရွှေတောင်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် "မဟာဝင်ကျမ်း"ကို ရေးသားစီရင်တော်မူသည်။ (၂၈၃၇)ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော မဟာဝင်ကျမ်းကို မြန်မာဘာသာသက်သက်ဖြင့်စီရင်ရာ ၁၂၄၀-ပြည့်နှစ်၊ နတ်တော်လဆန်း(၅)ရက် (၂၈ နိုဝင်ဘာ ၁၈၇၈)တွင် ပြီးစီးသည်။

မဟာဝင်ကျမ်းနောက်ဆက်တွဲတွင် "အရှင်မဟာဗုဒ္ဓယောသ"နှင့် စပ်လျဉ်း၍ အကိုးအကားများနှင့် ရေးသားတင်ပြပုံမှာ နည်းယူဖွယ်ကောင်းလှပေသည်။

သက္ကရာဇ်-၁၁၃၄ ခုနှစ်၊ (ခရစ်-၁၇၇၂) က၊ ဒီပဲရင်းမြို့အနောက်တောင်အရပ်၌ "ဇေယျဝန"အမည်ရှိသော မြို့သူကြီး၏သုံးထပ်ကျောင်း၌ သီကွာတော် (၃၈)ဝါရ "သိရိသဒ္ဓမ္မာဘိလင်္ကာရ"ဆရာတော်ဘုရားစီရင်တော်မူခဲ့သော "တထာဂတဥဒါန ဒီပနီကျမ်း"၌ (မဇ္ဈိမဒေသ၏ အရှေ့တောင်၊ ရာမညတိုင်း မွန်လူမျိုးတို့၏နေရာသုဝဏ္ဏဘူမိဖြစ်သော သထုံပြည်၌ မြတ်စွာဘုရားသာသနာ ၂၃၆-နှစ်အခါက သာသနာပြုလာသော အရှင်သောဏ၊ အရှင်ဥတ္တရမထေရ်တို့၏ အနွယ်အဆက်ဖြစ်သော၊ အရှင်ဗုဒ္ဓယောသထေရ်သည် သုဝဏ္ဏဘူမိဖြစ်သော သထုံပြည်မှ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ သင်္ဘောဖြင့်ကူး၍ သီဟိုဠ်ဘာသာအကွရာဖြင့် ပေ၌ရေးတင်၍ရှိသော ပိဋကတ်သုံးပုံကို မြန်မာအက္ခရာဖြင့် မာဂဓဘာသာရေးကူး၍ ရာမညတိုင်း၊ သုဝဏ္ဏဘူမိသို့ ဆောင်ခဲ့သတည်း။)ဟု၍ဆိုလေသည်။ ကျမ်းဝန်အထောက်အထား

ခိုင်လုံစွာမရှိ၍ ထိုစကားကိုများများကြီး ပညာရှင်တို့ဆင်ခြင်တော်မူကြပါကုန်။

မြန်မာပြည်က အချို့ဆရာတို့သည် အဋ္ဌကထာဆရာတော်ဘုရားကြီး အရှင်မဟာဗုဒ္ဓဃောသထေရ်ကို မွန်လူမျိုး၊ သထုံသားဟု အခိုင်အမာအားဖြင့် မှတ်သားပြောကြကုန်၏။

ယိုးဒယားပြည် (ထိုင်း)ကလည်း အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသကို ယိုးဒယားပြည်သား(ထိုင်းလူမျိုး)ဖြစ်သည်ဟု အယူရှိကြကြောင်းကြားဖူး၏။

"ကောလာ၊ ၁၂၆၀ ပြည့်နှစ် (ခရစ်-၁၈၉၈) ကောင္စမိုးပြို့(ကိုလံဘိုမြို့) "ဇိနာလင်္ကာရစာပုံနှိပ်တိုက်"၌ ပုံရိုက်အပ်သော "အဘိဓမ္မတ္ထသင်္ဂဟပကရဏ"နှင့် "အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ"တို့၏ ဝိညတ္တိခေါ်ဝေါ်သော ပါဠိဘာသာ၊ သီဟိုဠ်စာနိဒါန်း၌ အရှင်မဟာဗုဒ္ဓဃောသထေရ်သည် ဒကို့ကာလမွန်ဒီပက ဒမိဠလူမျိုးတို့၏ ထူးသော တေလိုဝ်တူ၍ ခေါ်ဝေါ်ခြင်းသို့ရောက်သော အန္ဓက ပြာဟ္မဏဝေါတ္တမြစ်ကြောင်း၊ ဗုဒ္ဓဃောသုပ္ပတ္တိကထာ ပကရဏစသည်တို့၌ လာသောအတိုင်း ဥတ္တရမဓုရီဒီပက မဟုတ်ကြောင်းကို ဝါလုကာတိတ္ထဝါမိက ပညာနန္ဒထေရ် သီဟိုဠ်ဆရာတော်ဆိုသည်။ ဤနောက်ဆုံးဝါဒဝင် နီးစပ်သကဲ့သို့ ထင်ရသည်။"ဟူ၍ ရေးသားတင်ပြတော်မူခဲ့သည်။

ဆရာတော်ရွှေတောင်ကျောင်းသို့ကြွရောက်လာစဉ်က သက်တော်(၆၀) ရှိပြီဖြစ်သည်။ ရွှေတောင်ကျောင်း၌ (၄)ဝါသီတင်းသုံးတော်မူစဉ် ပရိယတ္တိသာသနာကို အခြေခိုင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်တော်မူသည်။ ဒကာမကြီးခေါ်ရွှေပွင့်ကလည်း အခြွေအရံများနှင့်တကွ မပြတ်မလပ် ပစ္စည်းအရပ်ရပ်တို့ဖြင့် လုပ်ကျွေးပြုစု၏။

ဆရာတော်သည် ရွှေတောင်ကျောင်း၌ (၄)ဝါသတင်းသုံးပြီးနောက် "ပါဒရက်ရောဝါ"ကို ခံစားလာရသည်။ ရောဝါသည်မိုးများသောဒေသနှင့် မသင့်လျော်ချေ။ သက်တော်မှာလည်း (၆၄)နှစ်ရှိပြီဖြစ်၍ ဇရာပိုင်းသို့ရောက်လာပြီဖြစ်သည်။ ထိုအကြောင်းများကြောင့် ဆရာတော်သည် ရွှေတောင်သို့ပြန်ကြွသွားတော်မူသည်။

ရွှေတောင်သို့ ပြန်ရောက်သောအခါ ဝိုလ်ခုံကျောင်းတွင် သီတင်းသုံးတော်မူသည်။ (ဝိုလ်ခုံဟူသည် Circuit House ဖြစ်ဖွယ်ရှိသည်။) ဝိုလ်ခုံကျောင်းတိုက်မှာ ရွှေတောင်မြို့တွင်ခုံးစိုက်သော အင်္ဂလိပ်အရေးပိုင်က ဆရာတော်ကို ကြည်ညိုလှသဖြင့် သူနေသည့်ဝိုလ်ခုံအဆောက်အအုံကို ကျောင်းအဖြစ်လှူဒါန်းခဲ့သော ကျောင်းတိုက်

ဖြစ်သည်။ ကိုလိုနီခေတ်ဦး အင်္ဂလိပ်လူမျိုးတစ်ဦး ဗုဒ္ဓဘာသာသို့ သက်ဝင်ရွံကြည်လာသည့် အထောက်အထားတစ်ခုဖြစ်သည်။

ဗိုလ်ရွံကျော်း၌ သီတင်းသုံးတော်မူစဉ် စာပေကျမ်းဂန်များရေးသားခြင်း၊ စာသင်သားသံဃာတို့အား စါဝါများပို့ချပေးခြင်း၊ တရားဟောခြင်းနှင့် တရားဘာဝနာအားထုတ်ခြင်းတို့ကို ပြုလုပ်တော်မူခဲ့သည်။ ထိုအတောအတွင်း သီပေါမင်းက "ပဏ္ဏိတဓမ္မနိန္နယောသ မဟာဓမ္မရာဇဂုရု"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူခါန်းသည်။

၁၂၅၆-ခုနှစ်၊ သီတင်းကျွတ်လကွယ် (၁၇ အောက်တိုဘာ ၁၈၉၄) စနေနေ့၊ ညနေ ၄-နာရီအချိန်တွင် ဗိုလ်ရွံကျော်းမှာပင် တောင်ဝှေးနှင့်ထောက်ထောက်သွားရာ တောင်ဝှေးနှင့်တကွလဲသောကြောင့် ပျံလွန်တော်မူရသည်။ ပျံလွန်တော်မူချိန်တွင် သက်တော် (၇၇)နှစ်၊ (၁၅)ရက်ရှိပြီဖြစ်သည်။

ကျီးသဲလေးထပ် ဆရာတော်၊ ရွှေတောင်မြို့သို့ပြန်ကြွသွားသောအခါ ကျောင်းအမကြီးဒေါ်ရွှေပွင့်သည် မဟာမြတ်မုနိဘုရား၏မြောက်ဘက်၊ (၁.၉၇၄)ကေကျယ်ဝန်းသော မြေကွက်ကြီးပေါ်တွင် ကာလတန်ဖိုးကျပ်ငွေတစ်သိန်းကျော် အကုန်အကျခံ၍ ကြီးကျယ်သော နှစ်ထပ်အုတ်ကျောင်းတိုက်ကြီးကို တည်ဆောက် ပြန်သည်။ ကျောင်းတိုက်ကြီး ဆောက်လုပ်ပြီးစီးသောအခါ သံလျင်မြို့အနီး "ကျောက်တန်း"မှ ဆရာတော်ကြီးကိုပင့်ဖိတ်၍ လှူတန်းခဲ့သည်။ ဆရာတော်ကြီး၏ ဇာတိရပ်ရွာ အမည်ကို အစွဲပြု၍ ထိုကျောင်းတိုက်ကြီးကို "ကျောက်တန်းကျောင်း"ဟု အများက ခေါ်ဝေါ်ကြသည်။

အခန်း(၁၂)

ရာဇဂုရုဆရာတော်ကြီးများနှင့်

မော်လမြိုင်သာသနာရေး

သင်္ဃာဆရာတော်လောင်းလျာ "မောင်ပို"ကို၊ ၁၁၇၇-ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်၊ (၂၁ မေ ၁၈၁၅)၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ ဖွားရာဇာတိမှာ "တလုပ်မြို့"ကျေးလက် "ပေါက်ချောင်းရွာ"ဖြစ်သည်။ မိဘနှစ်ပါးတို့မှာ ဦးလွမ်းပြေ+ဒေါ်မင်းအောင်တို့ဖြစ်ကြသည်။ ဒေါ်မင်းအောင်သည် ဦးလွမ်းပြေ၏ ဇနီးဝယ်ဖြစ်ရာ ဦးလွမ်းပြေ၏ကြင်နာမှုကို မရရှိတော့သည့်အခါ အဖရပူရမြို့၊ မြောက်ဘက်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ "ပုဇွန်ချောင်းရွာ"သို့ ပြောင်းရွှေ့နေထိုင်ရာ သားငယ်မောင်ပိုပါလာခဲ့လေသည်။

(၁၃)နှစ်အရွယ်တွင် ပုဇွန်ချောင်းရွာကျောင်း (ယခုမန္တလေးအနောက်ပြင်၊ မဟူဝင်ကျောင်း)ဆရာတော် "ဦးကောဏ္ဍည"ကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်သည်။ ဘွဲ့တော် "ရှင်အဂ္ဂဓမ္မာလင်္ကာရ"ဖြစ်လေသည်။ ဥပဇ္ဈာယ်ဆရာတော်ထံ ကစ္စည်းသင်္ခါကြီးကိုသင်ယူသည်။

ထို့နောက် ရတနာပူရအင်းဝမြို့၊ "သဲအင်းကျောင်းတိုက်"သို့ ကြွတော်မူ၍ "သူရိယာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇဂုရု" တံဆိပ်နာမံခံတော်မူသော သဲအင်းဆရာတော်ဘုရားကြီး၏ ခြေရင်းအဝါး၌ ပျားတရုတည်ဝတ်ရည်ပဋိဂ္ဂကတ် သင်ယူဆွတ်ခူး။ သက်တော်(၂၀)တွင် ထီးလင်းဆရာတော်ဘုရားကြီး "သူရိယာဘိဝံသဘိ သီရိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု"ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ရောက်တော်မူသည်။

သဲအင်းကျောင်းတိုက်၌ ရဟန်းသိက္ခာသုံးဝါတိုင်တိုင်နေ၍ ရွှေဘိုမြို့၊ အနောက်ဘက် သလုံးရွာသို့ကြွရောက်ကာ သလုံးဆရာတော် "ဦးစန္ဒိမာ"ထံ၌ အခြေခံဝရိယတ်၊ ဝဠိဝတ်ကို အမြတ်တနိုး အားကြိုးလုံ့လ၊ နယ၀ါဟပြုကာ တစ်ဝါမှီတင်း၏။ ထိုမှတစ်ဖန် အဖရပူရမြို့၊ မြောက်ပြင်၊ ပေါင်းလဲတိုက် "ရှင်သီရိမာလာ"ထံရောက်ရှိ၍ တစ်ဝါသီတင်းသုံးကာ စာပေပို့ချသာသနာပြုတော်မူခဲ့သည်။

ထို့နောက်ဆရာတော်သည် ပုဇွန်ချောင်းရွာသစ်တောစာရေး ဆောက်လုပ်

လျှပ်ါနိုးသည့် ကျောင်းဌာနစ်ဝါ။ "ရွှေးစောင်းတောရ"ဌ် တစ်ဝါသီတင်းသုံးတော်မူခဲ့သည်။ ဝါကျွတ်သော် ကောဏ္ဍညမထေရ် နေတည်ဟော်မွေ့တိုက်အရှေ့ဌ် သစ်ကုန်သည်တစ်ဦး ဆောက်လုပ်လျှပ်ါနိုးသည့် ကျောင်းဌ် သီတင်းသုံးစဉ် "ဓာတ္တဘဒိဝကကျမ်း"ကိုပြုစု၍ ထိုကျောင်းမှာပင် "မေဓာဘိဝံသ သဒ္ဓမ္မပါလ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံခံသော "ပြည်"ဆရာတော်ကြီး တောင်းပန်အပ်သည်ဖြစ်၍ "ဝိမတိဝိနောဒနီ" အမည်ရှိသော ဝိနည်းဋီကာကိုလည်း စီရင်ရေးသား၏။ ထိုစဉ်က ဆရာတော်၏ သက်တော်မှာ (၃၅)နှစ်ရှိပြီဖြစ်၏။ အထက်ပါကျမ်းနှစ်ကျမ်းကို ပြုစုပြီးနောက် "သရက်ချောင်းတောရ"နှင့် "ဒဟတ်ချောင်းတောရ"တို့တွင် တစ်ဝါစီနှင့် "လင်းလွန်တောရ"တွင်နှစ်ဝါ ကြွရောက်သီတင်းသုံးတော်မူခဲ့သည်။

ထိုမှတဖန် ဆရာတော်သည် ဇာတိရပ်ဟောင်း "ရွာပေါက်ချောင်း"သို့ ကြွရောက်ပြီးကာ "ကျောက်အိုးတောရ"ဌ် နှစ်ဝါသီတင်းသုံးတော်မူခဲ့သည်။ ထိုမှတဆင့် စစ်ကိုင်းတောင်ခိုး "ကောဏ္ဍညချောင်"နှင့် "လောကမုန်ကင်းချောင်"များဌ် တစ်ဝါစီ သီတင်းသုံးတော်မူသောအခါ မင်းတုန်းမင်းက သံဃာတော်လေးကျိပ်ကျော် သီတင်းသုံးနိုင်သောကျောင်းကို "ပြည်လုံးတုံလှော်ကားထောက်ကဲ့ မင်းလှဇေယျကျော်သူ"ကို အမြန်ဆောက်လုပ်ဧ၍ "သံတော်ဆင့်ပိုင်းခိုင်းမြို့စား မင်းလှသီရိဇေယျသူ"နှင့် သစ်တောအခွန်ဝန်"မင်းကြီးမဟာမင်းကျော်မင်းလှစည်သူ"တို့ကို ကိုယ်စားတော်ဧလွှတ်၍ ရေစက်သွန်းချကပ်လှူတော်မူ၏။ ထိုကျောင်းဌ်သီတင်းသုံးနေတော်မူစဉ် စစ်ကိုင်းမြို့နယ်အတွင်းရှိ ဝါဓဝါသီ၊ အရည်ဝါသီပုဂ္ဂိုလ်တို့အား တရားဟိုးရေအထွေထွေ ဆွတ်ဖျန်းကြိမ်ကြိမ်သွန်းလျက် လဝန်းထွက်၏သို့ အတိုင်းထက်အလွန် ပြောပစရာ ဖြစ်သတည်း။

ဆရာတော်သည် စစ်ကိုင်းတောင်ရိုးမှ ရတနာပူရအင်းဝမြို့အနီးရှိ "နမောကျောင်းတိုက်"သို့ ပြောင်းရွှေ့သီတင်းသုံးနေတော်မူစဉ် မင်းတုန်းမင်းက မန္တလေးမြို့အနောက်ပြင်၊ သင်္ဃာအမည်တွင်သော ချောင်းကမ်းထိပ်ဌ် မိုးရိပ်ဘန်းအဆန်းတကြယ် တင့်တယ်ကောင်းမွန်စွာ ဆောက်လုပ်အပ်သော သင်္ဃာကျောင်းတိုက်ကို ပင့်ဖိတ်လှူဝါနိုးသည်။ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်တော်ကိုလည်း ဆက်ကပ်သည်။ သင်္ဃာဆရာတော်ဟု ထင်ရှားကျော်ကြားလာသည်။ သုဓမ္မာသာသနာပြုဆရာတော် (၈)ပါးတွင်လည်း တစ်ပါး

အပါအဝင်ဖြစ်လာသည်။

သင်္ဘောကျောင်းတိုက်၌ (၄)ဝါသီတင်းသုံးပြီးနောက် မင်းတုန်းမင်း၏ မိဖုရားတစ်ပါးဖြစ်သော စိန်တုံးမိဖုရားက ရတနာပုံမြို့တော်ကြီး၏ အရှေ့မြောက်ယွန်းရှိ "ဝဇီရာရာမကျောင်းတိုက်ကြီး"တင်လှူကိုးကွယ်သည်ကို ခံရသည်။ သင်္ဘောရာမနှင့် ဝဇီရာရာမကျောင်းတိုက်ကြီးနှစ်တိုက်တွင် (၆)ဝါသီတင်းသုံးပြီးနောက် "တဘက်ဆွဲကျေးရွာ" တောရကျောင်း၌ တစ်ဝါသီတင်းသုံးသည်။

ဝဇီရာရာမတိုက်ကို တဝည့်ရင်းချာ "ပညာသီရိသဒ္ဓမ္မဓဇ ရာဇာဓိရာဇဂုရု" တံဆိပ်နာမံခံသောဆရာတော်အား လွှဲအပ်ဆောင်နှင်းခဲ့၏။ လွှဲအပ်ခံရသည့် ဆရာတော်သည် ထိုစဉ်မှစ၍ "ဝဇီရာရာမဆရာတော်"ဟု ထင်ရှားကျော်ကြားလာသည်။

သင်္ဘောရာမတိုက်ကိုကား တဝည့်ရင်းချာ "ဓမ္မစာရိနှာဘိသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"နာမံရှိသောဆရာတော်ကို လွှဲအပ်ခဲ့၏။ ထိုသို့လွှဲအပ်ပြီးနောက် "ကြက်ထောင့်တောရ"၌ (၆)ဝါ သီတင်းသုံးနေတော်မူသည်။ ကြက်ထောင့်တောရ၌ သီတင်းသုံးနေတော်မူစဉ် မင်းတုန်းမင်းက ကျောင်းရံ(၁၀)နှင့်တကွ ကျောင်းကြီးတစ်ကျောင်းကို တင်လှူတော်မူပြန်သည်။ ဆရာတော်သည် "ကြက်ထောင့်တောရတိုက်"ကို "အရှင်ဇဝန"အမည်ရှိသော တဝည့်ကြီးကို လွှဲအပ်ဆောင်နှင်းခဲ့ပြီး မင်းကွန်းဧတီတော်ကြီး၏ မြောက်ဘက်"စမ်းကြီးတောရ"၌ တစ်ဝါသီတင်းသုံးတော်မူသည်။ထိုမှတစ်ဖန် အလုံမြို့စီရင်စု၊ ကျောက်ကာရွာနှင့် မနီးမဝေး "ဆန်းဇလုပ်တောရ"၌ တစ်ဝါသီတင်းသုံးပြီးနောက် မြင်းခြံအနီး စမ်းကျတောရ၌ သီတင်းသုံးနေစဉ် ၁၂၄၀-ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း(၆)ရက်၊ (၁ အောက်တိုဘာ ၁၈၇၈)တွင် မင်းတုန်းမင်းနတ်ရွာစံသည်။

၁၂၄၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၄)ရက်၊ (၂၂ နိုဝင်ဘာ ၁၈၇၈)တွင် ရန်ကုန်မြို့သို့စုံဆင်းကြွလာပြီး ရွှေတိဂုံအရှေ့ဘက်၊ ကျောင်းတော်ရာခေါ် "မဟာဓမ္မဒီပိကာရာမကျောင်းတိုက်"တွင် တစ်ဝါသီတင်းသုံးသည်။ ထိုစဉ် "ဥပါသကောဝါဒစာတိုယ်နှင့် ဦးကာ"တို့လည်းကောင်း၊ "ကာယဝစ္စဝေက္ခဏာ"ကျမ်းကိုလည်းကောင်း စီရင်ရေးသားသည်။

သင်္ဘောဆရာတော်သည် ဝါဝကာလများတွင် ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်

ရောဝတီတိုင်းတို့မှ ပင့်ဖိတ်လာသမျှသောမြို့များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ တွဲရောက်ကာ တရားဓမ္မဟောကြားရင်း သာသနာပြုတော်မူသည်။ မြို့နယ်ပေါင်း (၁၉)မြို့နယ်ထက်မနည်း တွေ့ရှိရသည်။

၁။ ကြည့်မြင်တိုင် ၂။ ကွမ်းခြံကုန်း ၃။ ညောင်တုန်း ၄။ တောင်ငူ
၅။ ဓနုဖြူ ၆။ ပုစွန်တောင် ၇။ ပုသိမ် ၈။ ပဲခူး
၉။ ပန်းပဲတန်း ၁၀။ ပြည် ၁၁။ ဗဟန်း ၁၂။ မြောင်းမြ
၁၃။ မြန်အောင် ၁၄။ ရွှေကျင် ၁၅။ လမ်းမတော် ၁၆။ သာယာဝတီ
၁၇။ သန်လျင် ၁၈။ ဟသ်ာတနှင့် ၁၉။ ဥက္ကံ မြို့နယ်တို့ဖြစ်သည်။

သင်္ဇာဆရာတော်ရန်ကုန်မြို့တွင် သီတင်းသုံးနေတော်မူစဉ် မော်လမြိုင်နှင့် ပုသိမ်မြို့များမှ ဒါယကာများက တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လာရောက်ပင့်ဆောင်ကြသည်။ဆရာတော်က "ဒါယကာတို့ မော်လမြိုင်နှင့် ပုသိမ်မြို့သည် သူတို့ချင်းအဘယ်ကဲ့သို့နေကြသနည်း"ဟု မေးတော်မူသည်။ထိုအခါ ဒါယကာများက "မှန်လှပါ၊ အရပ်ချင်းတည်နေဟန်ကိုထောက်ရလျှင် အရှေ့အနောက်ဆိုရပါလိမ့်မည်ဘုရား"ဟု လျှောက်ကြသည်။ထိုအခါဆရာတော်က "ကောင်းပြီ ဒါယကာတို့၊ နေသည် ဘယ်ကထွက်၍ ဘယ်သို့ဝင်ပါသနည်း"ဟု မေးတော်မူပြန်ရာ "အရှေ့ကထွက်၍ အနောက်သို့ဝင်ပါသည်ဘုရား"ဟု လျှောက်ထားကြလျှင် ဆရာတော်က မိန့်ကြားတော်မူသည်မှာ "ရောင်ခြည်တစ်ထောင်ဆောင်သော သူရိယနေမင်းသည် အရှေ့မျက်နှာမှထွက်၍ အနောက်အရပ်သို့ဝင်သကဲ့သို့ ဤအတူ ဘီလည်း အရှေ့အရပ်ဖြစ်သော မော်လမြိုင်မြို့မှထွက်၍ အနောက်မျက်နှာပုသိမ်မြို့သို့ဝင်မည်"ဟု မိန့်တော်မူသောအခါ နှစ်ဖက်သောဒါယကာတို့ များစွာနှစ်သက်ဝမ်းမြောက်ကြလေသည်။

ဤသို့ဖြင့် သင်္ဇာဆရာတော်သည် ၁၂၄၂-ခုနှစ်၊ တန်ဆောင်မုန်းလ (နိုဝင်ဘာ ၁၈၈၀)တွင် မော်လမြိုင်မြို့သို့ ဦးစွာကြွရောက်လာ၍ မော်လမြိုင်မြို့ "မန်ကျည်းတောကျောင်း"တွင် သီတင်းသုံးနေတော်မူသည်။

[သင်္ဇာဆရာတော်သီတင်းသုံးခဲ့ရာ "မန်ကျည်းတောကျောင်း"သည် ယခု "မန်ကျည်းတောရွှေကျောင်း"၏မြောက်ဘက်ကွက်လပ်တွင်တည်ရှိခဲ့ပါသည်။ ကောဇာ၊ ၁၃၂၇-ခုနှစ် (၁၈၆၅)တွင် ဟောင်းနွမ်းဆွေးမြေ့၍ပျက်စီးသွားသည်။]

၁၂၄၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃-ရက်၊ စနေနေ့ (၂၆ ဖေဖော်ဝါရီ

၁၈၈၁)တွင် မော်လမြိုင်မြို့ "ဒီပါရုံ"ကျောင်းတိုက်အတွင်း စတုရန်းပေ (၅၀)ရှိသော ဝိသုံဝါမ၊ ထေရီတလ ဘုမိဘာဂ၊ မြေနက်သန့်၌ "ဓမ္မဝိလာသိနီသိမ်ကြီး"ကို သင်္ဃာဆရာတော်ကိုယ်တိုင်ကြီးမှူးကြပ်မတ်၍ သမုတ်တော်မူခဲ့သည်။ သိမ်သမုတ်ရာတွင် "ဝဇီရာရာမဆရာတော်"နှင့် သံဃာအပါး (၈၀)ကျော် ပါဝင်တော်မူခဲ့ကြသည်။ သိမ်ဘိယကာမှာ ပဲခူးကလျာကီသိမ်ကြီးဘိယကာ "ဓမ္မစေတီမင်း"ကဲ့သို့ သာသနာ၌ လွန်ကဲသဖွါရှိသော မော်လမြိုင်မြို့၊ ဗိုင်းဝန်ကွင်း၊ တရုတ်တန်းရပ်နေ "မောင်စံဦး" ဖြစ်သည်။

[ဒီပါရုံကျောင်းသည် ကျီးသဲလေးထပ်ဆရာတော် သီတင်းသုံးတော်မူရာ ရွှေတောင်ကျောင်း၏ အရှေ့ဘက်တွင်တပ်လျက်တည်ရှိသည်။ သင်္ဃာနှင့် ကျီးသဲဆရာတော်ကြီးနှစ်ပါးသည် တစ်ပါးအပေါ်တစ်ပါး ချစ်ကြည်လေးစားသော ဆရာတော်ကြီးများဖြစ်ကြသည်။ ဒီပါရုံကျောင်းဝင်းအတွင်း "ဓမ္မဝိလာသိနီသိမ်ကြီး" သမုတ်ရာတွင် ကျီးသဲဆရာတော်ပါဝင်သည်ကိုမတွေ့ရချေ။ အကယ်၍ ကျီးသဲဆရာတော် ရွှေတောင်ကျောင်း၌သီတင်းသုံးဆဲဖြစ်လျှင် သိမ်သမုတ်ရာတွင် သင်္ဃာဆရာတော်က ကျီးသဲဆရာကော်ကို မပင့်ဖိတ်ပဲမနေတန်ရာ။ ကျီးသဲဆရာတော်ကလည်း မကြွဘဲမနေတန်ရာ။ ကျီးသဲဆရာတော် ရွှေတောင်မြို့သို့ပြန်ကြွသွားပြီးဖြစ်၍သာ မပင့်ဖိတ်ဘဲနေဟန်တူပေသည်။ ဤအချက်ကို အထောက်အထားပြု၍ ကျီးသဲလေးထပ်ဆရာတော်သည် ရွှေတောင်ကျောင်းတွင် ကောလာ၊ ၁၂၃၉-ခုနှစ်၌ တစ်ဝါ၊ ကောလာ-၁၂၄၀-ခုနှစ်၌ တစ်ဝါ၊ ကောလာ၊ ၁၂၄၁-ခုနှစ်၌တစ်ဝါ၊ ကောလာ-၁၂၄၂-ခုနှစ်၌တစ်ဝါ (ခရစ်-၁၈၇၉-၁၈၈၀) စုစုပေါင်း(၄)ဝါထက်မများ သီတင်းသုံးခဲ့သည်ဟု မှတ်ယူနိုင်သည်။]

ဝဇီရာရာမဆရာတော် မော်လမြိုင်မြို့သို့ ကြွလာရောက်ရှိနေတော်မူသည့် အကြောင်းရင်းမှာ သီပေါမင်းက သင်္ဃာဆရာတော်ကို ရတနာပုံနေပြည်တော်သို့ ဝင့်ဆောင်ရန် စေလွှတ်ခဲ့သောကြောင့်ဖြစ်သည်။ ဝဇီရာရာမဆရာတော်သည် မော်လမြိုင်မြို့၏ သာသနာရေးအခြေအနေကို မျက်ဝါးထင်ထင်သိမြင်ခွင့် ရသွားခဲ့သည်။ ဝဇီရာရာမဆရာတော်က သီပေါမင်း၏ဝင့်လျှောက်မှုကိုပြုလျက် လျှောက်ထားရာ သင်္ဃာဆရာတော်ကအခွင့်ပေးတော်မူသည်။ သင်္ဃာနှင့် ဝဇီရာရာမဆရာတော်ကြီးနှစ်ပါးသည် မန္တလေးသို့ကြွရန် မော်လမြိုင်သင်္ဘောဆိပ်သို့ အဆင်းတွင်

မြို့တွင်းမြို့ပြင် ဝန်းကျင်ပတ်ရံ၊ အတန်တန်သော မြို့သူမြို့သား၊ ယောကျ်ား၊ မိန်းမ လိုက်ပို့ကြသောလူအပေါင်းတို့သည် ဟော့ဟောင်းမှက်နှာ၊ နေထိသောကြာကဲ့သို့ များစွာ လွမ်းဆွတ်ကြေကွဲ၊ ဆည်မခဲနိုင်အောင်ပူဆွေးလျက် ငိုကြွေးကြသောကြောင့် ကျေအေး ဖျောက်ဖြေ ငြိမ်သက်စေမည်ဟူသော အာဘော်ဖြင့် "ဘလွာတိယ"ဇာတ်ကို ဟောကြား ကာ ကိန္နရီ၊ ကိန္နရာနှစ်ပါးတို့ ချောင်းခြား၍ငိုကြွေးသကဲ့သို့ ပူဆွေးခြင်း မဖြစ်ကြစေ ကုန်လင့်ဟု ဆုံးမသြဝါဒပေးလျက် မန္တလေးသို့ လိုက်ပါကြွသွားတော်မူခဲ့လေသည်။

သဝိဇာဆရာတော်သည် ရတနာပုံနေပြည်တော်သို့ရောက်သောအခါ သီပေါမင်းအား တရားရေအေးအကြိမ်ကြိမ်တိုက်ကြွေးသည်။ ဆုံးမသြဝါဒ အခါခါ ပေးသည်။ (၂)လကြာသောအခါ သီပေါမင်းက ဆရာတော်ကို ရတနာပုံ နေပြည်တော် မှာပင် သီတင်းသုံးနေတော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်သည်။ ဆရာတော်က မင်းနှင့်ဝိရောဓိမဖြစ်စေရန် ရတနာပုံနေပြည်တော်တွင် မနေလို၊ နယ်စွန်နယ်ဖျားတွင်သာသီတင်းသုံး၍ သာသနာပြုလိုသည်ဟု မိန့်ကြားတော်မူသည်။နောက်ဆုံး သီပေါမင်းက သဘော်တော်ဖြင့် "မြင်းခြံ"ဆိပ်ကမ်းအရောက် ပို့ဆောင်ပေးစေသည်။ ဆရာတော်သည် မြင်းခြံ၊ ဗျဉ်းမနား၊ တောင်ငူ၊ ရွှေကျင်၊ ကာလကတ္တား၊ ဗုဒ္ဓဂယာ အဆင့်ဆင့်ကြွတော်မူသည်။ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ ဗုဒ္ဓဂယာတွင် (၈)ရက်ပတ်လုံး ဖူးမျှော်ကန်တော့ပြီးနောက် အထက်ကထားရှိခဲ့သောကတိအတိုင်း ပုသိမ်မြို့သို့ ကြွချီသည်။ ပုသိမ်တွင် နှစ်ဝါသီတင်းသုံးတော်မူသည်။

ထို့နောက် ဆရာတော်သည် သီဟိုဠ်(သီရိလင်္ကာ)သို့ကြွရောက်ရန် ရည်သန်တော်မူ၍ ပုသိမ်မှရန်ကုန်သို့ကြွတော်မူသည်။ ၁၂၄၆-ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်၊ (၁၈ ဖေဖော်ဝါရီ ၁၈၈၅)တွင် မီးသင်္ဘောဖြင့်ကြွတော်မူရာ ပထမခရီး တစ်ထောက်အဖြစ် ကလကတ္တားမြို့သို့ရောက်တော်မူသည်။ ထိုမြို့တွင် ရောက်ရှိ ခိုလှုံနေသော "ညောင်ဘုတ်မင်းသား"က လျှောက်ထားတောင်းပန်သောကြောင့် ဝါတွင်း (၃)လဆိုင်းငံ့ကာ သီဟိုဠ်ကျွန်းအခြေအနေကို နားစွင့်လျက်ရှိသည်။ထိုစဉ်မှာပင် ညောင်ဘုတ်မင်းသား၏ သားတော်နှစ်ပါးကို သာသနာ့အမွေခံယူစေခဲ့သည်။ ဝါကျွတ်သော် သီဟိုဠ်၌ ဒုဋ္ဌဂါမဏိဘုရင်ဆိုက်ရောက်နေကြောင်းသတင်းရသဖြင့် သီဟိုဠ်သို့မကြွတော့ဘဲ ရန်ကုန်သို့ပြန်ကြွလာသည်။ ရန်ကုန်သို့ ရောက်သောအခါ မော်လမြိုင်မှဒကာများက လာရောက်ပင့်ဆောင်ကြသဖြင့် ၁၂၄၇-ခုနှစ်၊ နတ်တော်

လဆန်း(၅)ရက်၊ (၁၁ ဒီဇင်ဘာ ၁၈၈၅)တွင် မော်လမြိုင်မြို့သို့ ဒုတိယအကြိမ် ကြွရောက်တော်မူသည်။ ထိုနေ့သည်သီပေါမင်းပါတော်မူပြီး (၁၂)ရက်မြောက်နေ့ ဖြစ်သည်။ သင်္ဃာဆရာတော် မန်ကျည်းတောကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ထိုကျောင်း၏ အနောက်ဖက်အရပ်၌ အလှူး(၈၇)တောင်၊ အနုံ(၃၅)တောင်ရှိသော ကျောင်းတိုက်ကြီးကို စတင်ဆောက်လုပ်သည်။ သင်္ဃာဆရာတော်ကြီးကို လှူဒါန်းရန် ရည်မှန်း၍ ကျောင်းအစ်မကြီးခေါ်ရွှေပွင့်က အဆိုပါကျောင်းတိုက်ကြီးကို ဆောက်လုပ် ခြင်းဖြစ်သည်။

၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၈)ရက်၊ (၂၇ နိုဝင်ဘာလ ၁၈၈၅)တွင် သီပေါမင်းပါတော်မူသဖြင့် ရတနာပုံနေပြည်တော်သည် ထီးသုဉ်း၊ နန်းသုဉ်းဘဝ ရောက်သွားသည်။ (၄)လခန့် အကြာ ၁၂၄၇-ခုနှစ်၊ တပေါင်းလဆုတ်(၅)ရက် (၂၄ မတ် ၁၈၈၆)တွင် ဝဇီရာရာမကျောင်းတိုက်ကြီး မီးသင့်လောင်သည်။ ဝဇီရာရာမ ဆရာတော်ကြီးမှာ အမဝံလာသတင်းများကြားနေချိန် အနိဋ္ဌာရုံများကို မြင့်တွေ့နေရချိန် ဖြစ်သည်။ ဆရာတော်သည် မိမိ၏ဆရာတော်ရင်း သင်္ဃာဆရာတော်ကြီး မော်လမြိုင် တွင် သီတင်းသုံးနေကြောင်း သတင်းကြားသည်နှင့်တမြိုင်နက် သာသနာပြုရန်အတွက် မော်လမြိုင်သို့စုံဆင်း ကြွရောက်လာခဲ့လေတော့သည်။

ဝဇီရာရာမဆရာတော်သည် သင်္ဃာဆရာတော်ကြီးသီတင်းသုံးရာ မန်ကျည်းတောကျောင်းမှာပင် သီတင်းသုံးသည်။ထိုစဉ်က သင်္ဃာဆရာတော်ကြီးမှာ အိုမင်းရင့်ရော်၍ ဘဝနေဝင်ချိန်နီးနေပြီဖြစ်သည်။ ဝဇီရာရာမဆရာတော်သည် မိမိဆရာတော်ကြီးကို လိုလေသေးမရှိအောင် အနီးကပ်ပြုစုတော်မူသည်။ ဆရာတော် ကြီးမိန့်မှာချက်များ၊ ဟောကြားချက်များကို နာယူမှတ်သားသည်။ တစ်ချိန်တည်းမှာပင် ဆောက်လုပ်ဆဲကျောင်းတိုက်ကြီးတည်ဆောက်ရာတွင် ရတနာပုံအတွေ့အကြုံများကို အခြေပြု၍ အကြံပေးညွှန်ကြားမှုများပြုတော်မူသည်။

သင်္ဃာဆရာတော်သည် ၁၂၄၈-ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၃)ရက် (၂၈ ဇူလိုင် ၁၈၈၆)မှစတင်၍ ဝမ်းဆီးပြတ်သောရောဂါဝေဒနာကို စတင်ခံစားရသည်။ (၁၃)ရက်ပတ်လုံး ဝေဒနာသတိပဋ္ဌာန်ကို အဖန်တလဲလဲဆင်ခြင်အောက်မေ့ရင်း ၁၂၄၈-ခုနှစ်၊ ဝါခေါင်လဆန်း(၁၀)ရက် (၉ ဩဂုတ် ၁၈၈၆) မွန်းလွဲ(၂)နာရီ (၁၅)မိနစ်တွင် ပျံလွန်တော်မူသည်။ ပျံလွန်တော်မူချိန်တွင် သက်တော် (၇၂)နှစ်ရှိပြီ

ဖြစ်သည်။

ကျိုက်သလ္လဲစေတီတော်မှ တောင်ဘက်အဆင်းတွင် စေတီကြီးစွာ တည်လုပ်ပြီးလျှင် သီဟိုဠ်ကျွန်းမှပင့်ဆောင်လာသော ဓါတ်တော်မွေတော်အစစ်များနှင့် များစွာသော ဥဒ္ဒိဿစေတီတော်မြတ်၊ ရုပ်ဓါတ်တော်များကိုလည်း ဌာပနာ၍ ထိုဓါတ်တော်မွေတော်၊ ရုပ်ပွားတော်တို့အောက်တွင် ဆရာတော်ကြီးရုပ်အလောင်းကို ကြာကလပ်အဖြင့်၊ သုံးဆင့်မားမား၊ ထိပ်ထက်ဖျားဝယ်၊ မှန်နရားအတွင်း ထည့်သွင်းထား၍၊ ကြီးစွာသောသာဓုကိဉ္စနသဘင်၊ ခံယင်ကျင်းပလျက် မြို့သူမြို့သား တို့နှင့်တကွ ဆရာတော်ဘုရားကြီး၏တပည့်ရင်း ဝဇီရာရာမဆရာတော်ကြည့်၍ သဂြိုဟ်အပ်သတည်း။

သင်္ဃာဆရာတော် မည်သို့သောဆုပန်ခဲ့သည်ကို ဆရာတော်ရေးသားပြုစုသည့် ဓမ္မဝဒပါဠိတော် ပါဠိနိဿယနိဂုံးတွင် အောက်ပါအတိုင်း ရေးသားခဲ့သည်ကို တွေ့ရသည်။

အဓရတော၊ အမရပူရမြို့မှ၊ ပစ္ဆိမုတ္တရေ၊ အနောက်မြောက်ထောင့်အရပ်၌၊ တုဋ္ဌိရကန္ဒရေ၊ ဗုဒ္ဓန်ချောင်းအမည်ရှိသော။ ဂါမေ၊ ရွာ၌။ ဒါရုဝါကီဇေတိ၊ သစ်ကုန်သည်ဒါယကာတို့သည်။ ကတေ၊ ဆောက်လုပ်အပ်သော။ သုဘေ၊ တင့်တယ်သော။ ဝိဟာရေ၊ ကျောင်း၌။ ဝသထာဝသန္တေန၊ နေသော။ အဂ္ဂဓမ္မလင်္ကာရေန၊ အဂ္ဂဓမ္မာလင်္ကာရမည်သော။ ထေရေန၊ မထေရ်သည်။ ရစိတော၊ စီရင်အပ်သော။ အယံနိဿယော၊ ဤဓမ္မဝဒနိဿယကျမ်းသည်။ သဒ္ဓာရာဇေ၊ သဒ္ဓာရာဇ်သည်။ ဇနပ္ပိယေ၊ တစ်ထောင့်နှစ်ရာရှစ်ခုသို့ရောက်သော်။ ပေါဠပါဒမိုမာသမှိ၊ တော်သလင်းလ၌။ ကာလပက္ခဿ၊ လကွယ်ပက္ခ၏။ တေရသမိ်ံ၊ တစ်ဆယ့်သုံးရက်နေ့၌။ (၁၈ စက်တင်ဘာ ၁၈၇၆)။ သုဋ္ဌု။ ကောင်းစွာ။ နိဋ္ဌိတော၊ ပြီး၏။ အနေန၊ ဤဓမ္မဝဒနိဿယဖြင့်။ သာဓုနော၊ သူတော်ကောင်းတို့သည်။ ဓမ္မဝဒဿိတံ၊ ဓမ္မဝဒပါဠိ၌မှီသော။ အတ္ထံ၊ အနက်ကို။ ဇာနန္တု၊ သိကုန်လော့။ အနေနပုညေန၊ ဤကောင်းမှုကြောင့်။ စေတိဘိက္ခုပသမွန္နော၊ ဗေဒိဘိက္ခု ခေါ်၍ ရဟန်းဖြစ်သော။ မဟာပညော၊ ကြီးသောပညာရှိသော။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသော။ အရိမေတ္တေယျသာဝကော၊ အရိမေတ္တေယျဘုရားရှင်တပည့်သည်၊ ဘဝေယျ၊ ဖြစ်ရပါလို၏တဲ့ ဆုပန်ခဲ့သည်။

သင်္ဃာဆရာတော်၏ ဘဝတစ်သက်တာကို ပြန်လည်သုံးသပ်ကြည့်သောအခါ

အောက်ပါအတိုင်း တွေ့ရသည်။

ဖွားမြင်သည်မှ (၁၃)နှစ်သားအရွယ်အထိ ဖခင်၏ဥပေက္ခာပြုခြင်းခံရသဖြင့် ဆင်းရဲညှဉ်းဆဲစွာ နေထိုင်ခဲ့ရသည်။ (၁၃)အရွယ်တွင် သာမဏေဝတ်သည်။ အသက် (၂၀)တွင် မြင့်မြတ်သောရဟန်းဘဝသို့ ရောက်တော်မူသည်။

ရဟန်းဖြစ်သည်မှ ပုံလွန်တော်မူသည်အထိ (၅၂)ဝါသောကာလအတွင်း (၆)ဝါ သာလျှင် ရတနာပုံနေပြည်တော်တွင်သီတင်းသုံးကာ သုဓမ္မာသာသနာပြု ဆရာတော် တစ်ပါးအဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ကျန်(၄၆)ဝါတွင် တောရဆောက်တည်ခြင်း၊ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကြွချီ သာသနာပြုခြင်း စသည်ဖြင့် သာသနာရေးတာဝန်ကို ကာလရှည်ကြာစွာ ထမ်းဆောင်သွားသည်ကို တွေ့ရသည်။

သုဓမ္မာသာသနာပြုဆရာတော်ဘဝတွင် မင်းတုန်းမင်း၏ တောင်းပန်လျှောက်ထားချက်အရ မိမိ၏ဆရာတော်ရင်း "သလုံး" ဆရာတော်ကြီးကိုလည်းကောင်း၊ ရွှေတောင်မြို့၊ ကျီးသဲလေးထပ်ဆရာတော်ကိုလည်းကောင်း၊ သွားရောက်ဝင့်ဖိတ်တော်မူခဲ့ရသည်။ ဆရာတော်ကြီးနှစ်ပါးကား ရတနာပုံနေပြည်တော်သို့ ကြွလာတော်မမူခဲ့ကြချေ။

သင်္ဃာဆရာတော်သည် သလုံးဆရာတော်ဘုရားကြီးကို သွားရောက် ဝင့်ဖိတ်စဉ်က တောင်ပင်လျှင် အရည်ကင်ခုတင်မွေ့လျော်နေတော်မူသော ဆရာတော်ကြီးကိုဖူးတွေ့ရသောအခါ ကြည်နူးအားကျခြင်းဖြစ်တော်မူခဲ့သည်။

သင်္ဃာဆရာတော်နှင့် ရွှေကျင်ဆရာတော်တို့သည် သလုံးဆရာတော်ကြီး၏ အနွှေဝါသီကတပည့်ရင်းများဖြစ်ကြသည်။ သင်္ဃာဆရာတော်သည် မိမိထက် အသက် (၇)နှစ်ငယ်သော ရွှေကျင်ဆရာတော်ကို မေတ္တာသက်ဝင်ကြည်ညိုခင်မင်သည်။

ထို့ကြောင့် သင်္ဃာဆရာတော်သည် သလုံးဆရာတော်ကိုဖူးတွေ့ပြီး အပြန်တွင် ရွှေကျင်ဆရာတော်ထံသို့ အောက်ပါ "သန္ဓေသကထာ"ကို ရေးသားပို့တော်မူသည်။

၁။ နံ တေန ဇာဝရော နာမ၊ ယေန သုပ္ပတိ ဌ္ဌိသံ။
ဇာဝရောန္ဒော အနိဒ္ဓါယ၊ ဇာဝရောတိ ပဝုစ္စတိ။

၂။ နံ သုတ္တော ဇာဝရော နာမ၊ ဇာဝရောန္ဒော ဇာဝရော။
သယဉ္စ ဇာဝရော ဟောတု၊ ပရေ စ ဇာဝရေ ကုရု။

၃။ တဒါတံ ဒန္ဒံ ပဿာမိ၊ အာရည် ပံသုကူလိကံ။
အညာတုဥ္ဆေန ယာပေန္တံ ၊ ကာမေသု အနပေက္ခိနံ။

ရွှေကျင်ဆရာတော်ကလည်း သင်္ဂဿဆရာတော်ထံ သန္ဓေသကထာကို ပြန်ဆက်ကပ်သည်ကို တွေ့ရသည်။

၁။ နံ တေနံ အင်္ဂကော နာမ၊ အဂတေ ယေန ဤဒိသံ။
အနင်္ဂေနုဇ္ဇဂန္ဆေဝ၊ အင်္ဂေါ ဣတိ ပဝုစ္စတိ။
၂။ အနင်္ဂေါ နံ အင်္ဂေါ နာမ၊ အညာယေဝ စ အင်္ဂကော။
သယဉ္စ အင်္ဂိကော ဟောတု၊ အညေ စ အင်္ဂိကေ ကုရု။
၃။ တဒါ တံ့ ဒန္ဒံ ပဿာဟိ၊ အာရည် ပံသုကူလိကံ။
ယဒါ နန္ဒေါ တယော မာသေ ၊ ဝစ္ဆတေတိတ္တမေ ဝနေ။

သင်္ဂဿဆရာတော်သည် ရေးကြီးခွင်ကျယ်ဆိုဘွယ်ရောက်တ၊ ထွင်းဖောက်လွယ်ကူ၊ ကောက်ယူချက်ဖြူတ်၊ နှလုံးနှင့်နှတ်၊ တစ်သုတ်ညီညွတ်၊ ဓမ္မဝတ် လောကဝတ်မသွေ၊ ကျွတ်လွတ်ဖြတ်ဖြေ၊ ဥပမာဥပမေယျ၊ ဝါစာသီလိဋ္ဌစကား၊ တရားနီးနွယ်၊ မှတ်သားသိလွယ်၊ အနက်အဓိပ္ပါယ်ထင်မြင်အောင် ဟောပြောတတ်သောဂုဏ်လည်း ရှိတော်မူသည်။ ထိုဂုဏ်ကိုပေါ်လွင်စေရန် ဥပမာနှစ်ခုကိုသာတင်ပြပါသည်။ ပထမဦးစွာ ဗန်းမော်ဆရာတော်ဘုရားကြီးအား ကျီစယ်လိုသောစိတ်ထားဖြင့် စကားဖြင့် ခနဲ့ပုံကို တင်ပြပါမည်။

ဗန်းမော်ဆရာတော်၊ မောင်းထောင်ဆရာတော်၊ သင်္ဂဿဆရာတော်နှင့် စလင်းဆရာတော် ဆရာတော်ကြီး(၄)ပါးသည် အုန်းတောရွာကျောင်းဆရာတော် "ဦးအာသဘ"၏ ဈာပနကိစ္စဖြင့် အုန်းတောရွာသို့ ကြွသွားတော်မူခဲ့ကြသည်။ (စစ်ကိုင်းမြို့အနီး) ရေမြက်ကြီးအင်းဇရပ်ပေါ်တွင် တက်နား၍ ဆွမ်းဘုဉ်းပေးတော်မူကြသည်။

ထိုအခါသင်္ဂဿဆရာတော်က ဗန်းမော်ဆရာတော်ကြီးအား ကျီစယ်လိုသောသဘောဖြင့် မောင်းထောင်ဆရာတော်နှင့် စလင်းဆရာတော်များထံသို့ စကားကမ်းလှမ်းတော်မူသည်မှာ အရှင်ဘုရားတို့ တပည့်တော်မှာ ဗန်းမော်ဆရာတော်ကြီး၏ "ဓမ္မန္တေဝါသိကတပည့်ဖြစ်တော်မူသည်နှင့် အညီ ဗန်းမော်ဆရာတော်ကြီး အရှေ့.အရပ်၌သီတင်းသုံးတော်မူသည်ဟု ကြားသိရလျှင် အရှေ့.အရပ်သို့

မျက်နှာမူဦးချပြီးမှ အနောက်အရပ်၌ သီတင်းသုံးနေတော်မူသည်ဟု ကြားသိရလျှင် အနောက်အရပ်သို့ မျက်နှာမူ၍ဦးချပြီးမှ တောင်အရပ်၌သီတင်းသုံးနေတော်မူသည်ဟု ကြားသိရလျှင် တောင်အရပ်သို့မျက်နှာမူ၍ဦးချပြီးမှ မြောက်အရပ်၌ သီတင်းသုံးနေတော်မူသည်ဟု ကြားသိရလျှင် မြောက်အရပ်သို့မျက်နှာမူ၍ဦးချပြီးမှ ကိန်းစက်ပါသည်။ သခ်ါရဓမ္မ၊ အနိစ္စသဘောဖြင့် ဗန်းမော်ဆရာတော်ကြီး ဖုံလွှမ်းတော်မူခဲ့ပါလျှင် တပည့်တော်မှာ နှစ်သိန်းလေးသောင်းအထူရှိသော မဟာပထဝီမြေကြီးသို့ မျက်နှာမူ၍ ရှိခိုးပြီးမှ ကိန်းစက်ရပါလိမ့်မည်ဟုဆိုလျှင် မောင်းထောင်ဆရာတော်နှင့် စလင်းဆရာတော်နှစ်ပါးတို့သည် များစွာရယ်မောကြကုန်၏။ ထိုအခါ စလင်းဆရာတော်က အဓိန့်ရှိသည်မှာ သင်္ဃာဆရာတော်၏စကားအရ နှစ်သိန်းလေးသောင်းအထူရှိသော ဤမဟာပထဝီမြေကြီးကို မျက်နှာမူ၍ ရှိခိုးပြီးမှကိန်းစက်ရလိမ့်မည်ဟူသော စကားထောက်လျှင် အောက်အဝီစိငရဲသို့ ဗန်းမော်ဆရာတော် ကျရောက်လိမ့်မည်ဟူသော အဓိပ္ပါယ်ရောက်ချေပြီတကားဟုပြောကြားရာ သင်္ဃာဆရာတော်က ဤကဲ့သို့ပြောဆိုငံ့မည်မဟုတ်ပါ။ ဤမဟာပထဝီမြေကြီးကို မျက်နှာမူလျက်ရှိခိုးပြီးမှ ကိန်းစက်ရမည်ဆိုသောစကားမှာ ဆရာဖြစ်ဖူး၍ ကျေးဇူးကြီးမားသည့်အရာမှာ ဤမဟာပထဝီမြေကြီးအထူနှင့် နှိုင်းတုသမျှရှိလှပေသည်။ စိတ်ရည်ရော်၍ ဗန်းမော်ဆရာတော်ကိုရှိခိုးရလိမ့်မည်ပြောပါသည်ဟုအဓိန့်ရှိသော် ဗန်းမော်ဆရာတော်က အင်း... စကားရှားသည့် လူမဟုတ်ဘူးဗျ၊ အစကသည်ကိုရည်၍ပြောခြင်းမဟုတ်၊ အလွန်ဝင်ရွှမ်းသဖြင့် မဟုတ်တာကြီး၍ မမှန်ရာပြောဖို့အချက်တွင် ဘုရားရှင်လက်ထက်ဖြင့် စတစ်ထားပေလိမ့်မည်ဟု မိန့်တော်မူ၏။

ထိုအခါ မောင်းထောင်ဆရာတော်က အင်း... စကားတစ်ခွန်းထွက်မှဖြင့် အစွန်းနှစ်ဖက် မလွတ်အောင်ကြံပြောဖို့ ဥာဏ်သဘောစူးသည့် ပုဂ္ဂိုလ်ပေကိုးဗျ- ဟု စကားစဖော်၍ပေးလျှင် သင်္ဃာ ဆရာတော်လျှောက်ထားသည်မှာ မှန်ပါ... ဤအရာမှာ ဗန်းမော်ဆရာတော်၏နည်းကို အတုခိုး၍ သည်စကားမျိုးကိုတတ်ပါသည်ဘုရားဟု လျှောက်ထားရာ၊ မောင်းထောင်ဆရာတော်က ဩော်... ဗန်းမော်ဆရာတော်ကြီးလည်း ဤစကားမျိုးတတ်သလား... မှတ်မိသမျှပြောပြပါဦးဟု အဓိန့်ရှိလျှင် သင်္ဃာဆရာတော်က လျှောက်ထားသည်မှာ စစ်ကိုင်းတောင် "ထွဋ်ခေါင်ချောင်"တွင် ထွဋ်ခေါင်ဆရာတော်နှင့် ဗန်းမော်ဆရာတော်နှစ်ပါး

သီတင်းသုံးစဉ်အခါ၊ ထွဋ်ခေါင်ဆရာတော်ကို သီလရှင်ကြီးဝယ်တို့က ဖွယ်ရာကောင်းမွန်သော ဘောဇဉ်ချိုချဉ်မပျက်၊ လက်ဖက်ကွမ်းဆေးတို့ဖြင့် မပြတ် ဆက်ကပ်ကြကုန်၏။ ထိုအခါဗန်းမော်ဆရာတော်သည် ထွဋ်ခေါင်ဆရာတော်အား ကျီစားလိုသောအားဖြင့် စာကပ်ထားသည်မှာ "စိပ်ပုတီးရယ်နှင့် ရိပ်မိုးတဲ့ထွဋ်ခေါင်၊ ဦးရွှေညို သီလချောရယ်နှင့် တောခိုသည့်ချောင်"ဟု ကျောင်းနံဘေးတွင် စာရေးခြင်ကပ်ထားသည်။ ထွဋ်ခေါင်ဆရာတော်က ဗန်းမော်ဆရာတော်လက်ချက်ဖြစ်ကြောင်း အတွေးနှင့်သိပြီးဖြစ်သဖြင့် ဗန်းမော်ဆရာတော်ကို အခေါ်လွှတ်သည်။ ထွဋ်ခေါင်ဆရာတော်က ဗန်းမော်ဆရာတော်ကြွလာသောအခါ အထက်ပါစာကို ရေးသည်ဟုတ်မဟုတ်မေးသည်။ ဗန်းမော်ဆရာတော်က မိမိရေးကြောင်းဝန်ခံသည်။

ထွဋ်ခေါင်ဆရာတော်က မြည်တွန်ဆုံးမသောအခါ ဗန်းမော်ဆရာတော်က တပည့်တော်သည် အရှင်ဘုရားကိုငဲ့စား၍ မလျော်သည့်စာများကိုမရေးငဲ့ပါ။ ထိုစာ၏ သဘော (သီလချောနှင့် တောခိုသည့်အရာမှာ)အရှင်ဘုရား၏ သီလတော်သည် ပကတိစင်ကြယ်သောကြောင့် ချောမောပြေပြစ်၊ အဆစ်အဖုကင်း၍ "သန့်ရှင်းသော သီလချောနှင့် တောခိုသည့်ချောင်"ဟု ကောင်းအောင်သဘောထား၍ ရေးသောစာဖြစ်ကြောင်းလျှောက်ထားသော် ထွဋ်ခေါင်ဆရာတော်က "မောင်ပဏ္ဍိ၊ ဥာဏ်ရှိတိုင်း မင်းပြောသည်၊ ရေးရင်းကသည်ကိုရည်၍ မင်းရေးသည်မဟုတ်"ဟု ထွဋ်ခေါင်ဆရာတော်ကမိန့်သည့်စကားကိုကြား၍ အတုခိုးပါသည်ဟု လျှောက်ထားလေသော် ဆရာတော်လေးပါးရယ်မော၍ "အုန်းတော"အရပ်သို့ ကြွသွားတော်မူခဲ့ကြသည်။

[ထွဋ်ခေါင်ဆရာတော်က ဗန်းမော်ဆရာတော်ထက် (၈)နှစ်ကြီး၍၊ ဗန်းမော်ဆရာတော်က သင်္ဃာဆရာတော်ထက် (၉)နှစ်ကြီးသည်။ ထွဋ်ခေါင်ဆရာတော်၏ လူအမည်မှာ "ဦးရွှေစို"ဖြစ်သည်။ ဦးရွှေညိုမဟုတ်။ ဗန်းမော်ဆရာတော်၏ ရဟန်းဘွဲ့မှာ "ရှင်ပဏ္ဍိတ"ဖြစ်သည်။]

သင်္ဃာဆရာတော်၏ ဘဝတစ်သက်တာမှတ်တမ်းကို "ထန်းပင်အရိုင်းနှင့် ထန်းပင်အယဉ် ဥပမာတင်စား၍ ဆရာတော်၏မိန့်ကြားချက်ဖြင့် နိဝုံးချုပ်လိုပေသည်။

၁၂၃၄-ခုနှစ်၊ နယုန်လပြည့် (၂၁ မေ ၁၈၇၂)နေ့တွင် မင်းတုန်းမင်းသည် ရွှေမြို့တော်လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်အပါး (၅၀၀)ကျော်ကို "ဇေတဝန်ဆောင်"သို့ပင့်ဖိတ်၍ ဆွမ်းကျွေးတော်မူသည်။ ဆွမ်းကျွေးပြီးနောက်

ဘုရင်မင်းမြတ်က အရှင်မြတ်တို့ကို တပည့်တော်လျှောက်ထားမေးမြန်းလိုပါသည် ဘုရားဟု အစချီကာ "အရှင်ဘုရားတို့သည် ဒကာဒကာမတို့ လှူဒါန်းသော မြို့နှင့်ရွာ စဖွယ် အဆီအဘိန်၊ ဆွမ်း၊ ဟင်းခဖွယ်တို့ကို ဘဉ်းပေးသုံးဆောင်တော်မူပြီး ဒီအစာ အဟာရတွေနဲ့ အဆီရစ်ပြီး နေတော်မူကောင်းပါလိမ့်မည်ဘုရား၊ ဒီလိုအဆီရစ်ပြီး အစတင်းလာသည့်အခါ အရှင်ဘုရားတို့ သီတင်းသုံးတဲ့ကျောင်းဆောင်မှာ တစ်ခါတစ်ရံ သွေးသားလှုပ်ရှား၊ သောင်းကျန်းမှုများ မရှိပါပေဘုးလားဘုရား။ တပည့်တော် လျှောက်ထားလိုတာကတော့ ဒီလိုသွေးသားလှုပ်ရှား၊ သောင်းကျန်းမှုတွေဖြစ်နေလျှင် "မုတ္တစာဝ"ဆိုတဲ့ သံသရာမှလွတ်မြောက်ဖို့ ကျင့်ခြင်း၊ ကြဲခြင်း၊ ပွားများခြင်းဆိုတာတွေ လျော့ပါးလာပြီး သံယာမြတ်များထိန်းသိမ်းရမည့် သိက္ခာပုဒ်များကိုသော်မှဝင် ထိန်းသိမ်းဖို့ အကြပ်အတည်းတွေ့လိမ့်မည်လောဟု တပည့်တော်သံသယများဖြစ်၍ မေးမြန်းရခြင်းဖြစ်ပါသည်ဘုရား"ဟု အဆုံးသတ်သည်။

ထိုအခါ သင်္ဃဆရာတော်က "ဒကာတော်မင်းမြတ်၊ ရွှေနန်းစံမင်းမြတ်သည် အကယ်၍ဆင်ခြင်ကြည့်လျှင် သီတန်ကောင်းပါ၏။ ငါတို့ရဟန်းရှင်ဆိုသည်မှာ လူပုဂ္ဂိုလ်တို့နှင့် မတူကြစမြဲ၊ ဒီနေရာမှာ ဥပမာထား၍ပြောရမည်ဆိုလျှင် ထန်းပင်ရိုင်းနှင့် တူကြပေသည်၊လူပုဂ္ဂိုလ်များကား ထန်းပင်အယဉ်နှင့် တူကြပေသည်။ ထန်းပင်အယဉ်ဆိုတာက သူ့ကိုထန်းရေ မထွက်၊ ထွက်အောင် ထန်းနို့တွေကို လှီးဖြတ်သုတ်သင်ပြီး အပေါ်ကဖိနှိပ်ညှစ်ချ၊ ဒီလိုဘဲနေ့စဉ်လှီးလိုက်၊ ဖိလိုက်၊ ညှစ်လိုက်လုပ်နေတော့ ထန်းရေတွေမထွက်ချင်လည်း ထွက်၊ ထွက်ချင်လဲထွက်နဲ့၊ ထန်းဝမှာ အိုးတွေတပ်၊ တပ်ပြီး၊ နေ့စဉ်လှီးတော့ ထန်းရေတိုးတာပေါ့တကာတော်။ ငါတို့ရဟန်း ဆိုတာကတော့ ဝိပဿနာဓူရ၊ ဂန္ထရဓူရအစရှိတဲ့ ကျမ်းဂန်တွေကို ဖတ်ရွတ်လေ့လာ မှတ်သားရ၊ ဟောပြောရ၊ ဝိပဿနာတွေကိုကျင့်သုံးပြီး ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းတဲ့ အလုပ်တွေလုပ်ရနဲ့၊ လူတွေကဲ့သို့သော အကျင့်၊ အတွေး၊ အကြံတွေ စိတ်ကူးဖို့တောင် အချိန်မရနိုင်ပါဘူးတကာတော်။အဲသည်တော့ ငါတို့မှာ ထန်းပင်ရိုင်းနှင့် တူပါတယ်။ ထန်းပင်ရိုင်းဆိုတာက သူ့ကိုလှီးမည့်၊ ဖြတ်ညှစ်သူကလဲ ပေါ်မလာ၊ နေ့စဉ်နေ့တိုင်းလဲ ဂရုမစိုက်နဲ့၊ ထန်းရေထွက်စိမ့်ဌာ မလုပ်ဆောင်ကြလေတော့ ဒီလိုနဲ့ထန်းနို့တွေဟာ ခြောက်ခြောက်ပြီး ကြွေကျကုန်ကြရတာပေါ့။

ငါတို့ရဟန်းဘဝကို ထန်းပင်ရိုင်းနှင့်နှိုင်းပြီး လူဝတ်ကြောင်ဘဝကို ထန်းပင်

အယဉ်နှင့် နှိုင်းလိုက်ရင် စင်စစ်တော့ငါတို့တွေဟာ ပုဆိုးကြောင်လူတကာတို့လို မအီမသာ မပင်ပန်းကြပါဘူး။ ထန်းပင်ရိုင်း၊ ရွှေထန်းဖိုဟာ ရေချိုခန်းသလိုပေါ့ တကာတော်"ဟု သင်္ဇာဆရာတော်မိန့်ကြားရာ ဘုရင်မင်းမြတ်နှင့်တကွ ရဟန်း၊ လူပရိသတ်အားလုံး ရယ်ရွှင်အားရထောပနာကြွေလေသတည်း။

၁၂၄၇-ခုနှစ်၊ နတ်တော်လဆန်း(၅)ရက် (၁၀ ဒီဇင်ဘာ ၁၈၈၅)တွင် သင်္ဇာဆရာတော်သည် ဒုတိယအကြိမ် မော်လမြိုင်မြို့သို့ကြွလာတော်မူပြီး မန်ကျည်းတောကျောင်းတွင် သီတင်းသုံးတော်မူသည်။ ထိုစဉ်အခါ ကျောင်းအစ်မကြီး ဒေါ်ရွှေပွင့်က သင်္ဇာဆရာတော်ကိုရည်မှန်းပြီး မန်းကျည်းတောကျောင်း၏ အနောက်ဖက်မနီးမဝေးတွင် အလျား(၈၇)၊အနံ(၃၅)တောင်ရှိသော ကျောင်းတိုက်ကြီးကို တည်ဆောက်သည်။သင်္ဇာဆရာတော်ကြွရောက်ပြီး (၃)လခန့်အကြာတွင် ဝဇီရာရာမဆရာတော် မော်လမြိုင်သို့ကြွလာသည်။ မိမိဆရာတော်ရင်း သင်္ဇာဆရာတော် သီတင်းသုံးရာ မန်ကျည်းတောကျောင်းမှာပင် သီတင်းသုံးသည်။ ဒီသုကာပညာကျွမ်းကျင်သော ဝဇီရာရာမဆရာတော်သည် ဒေါ်ရွှေပွင့်ကောင်းမှု ကျောင်းတိုက်ကြီး တည်ဆောက်ရာတွင် နည်းပေးလျက် လမ်းညွှန်မှုများပြုတော်မူခဲ့သည်။

သင်္ဇာဆရာတော်သည် မော်လမြိုင်တွင် သီတင်းသုံးနေတော်မူ၍ (၇)လခန့်အကြာတွင် ပျံလွန်တော်မူသည်။ သင်္ဇာဆရာတော်သည် သုဓမ္မာသာသနာပြုဆရာတော်တစ်ပါးဖြစ်သည့်အားလျှော်စွာ သာသနာပြုပုဂ္ဂိုလ်တို့ပျံလွန်တော်မူသောအခါ ကျင်းပသည့် "သာဓုကီဠနသဘင်"မျိုးကျင်းဝမည်ဟု တပည့်တပန်းနှင့် ဒကာ၊ ဒကာမများက ဆုံးဖြတ်ထားသည့်အတိုင်း သုဓမ္မာသာသနာပြု ဆရာတော်ကြီးတစ်ပါးပင်ဖြစ်တော်မူသော ဝဇီရာရာမဆရာတော်၏ ဩဝါဒကိုခံယူ၍ သာဓုကီဠနသဘင်ကို ကျင်းပကြသည်။

ဘုန်းကြီးပျံကိစ္စပြီးသောအခါ ဒေါ်ရွှေပွင့်ကောင်းမှုကျောင်းကြီးကို ဒီသုကာဆရာ၊ ပန်းပုဆရာ၊ ပန်းရန်ဆရာနှင့် လက်သမားဆရာစုံလင်စွာဖြင့် တက်ညီလက်ညီလုပ်ဆောင်ကြသည်။ ၁၂၄၈-ခုနှစ်၊ တော်သလင်းလ (ဧကတင်ဘာလ ၁၈၈၆)မှ စတင်၍ အားကြိုးမာန်တက်ဆောက်လုပ်ကြရာ (၂)နှစ်ကျော်အကြာ ၁၂၅၀-ခုနှစ်၊ သီတင်းကျွတ်လ (အောက်တိုဘာ-၁၈၈၈)တွင် အလုံးစုံဆောက်လုပ်ပြီးစီးသည်။

"ရတနာဘုံမြင့်"သင့်တင့်ပညတ် တံဆိပ်ခတ်ထသော ရတနာပုံ၊ မန္တလာ

ဗိသုကာပညာဖြင့် ဆောက်လုပ်အပ်သော ကျောင်းတိုက်ကြီးကို ပရိစ္ဆေဒတွာ၊ စွန့်လွှတ်၍ နိယျာတေသိ၊ ဆောင်နှင်းလှူခါန်း၏။ အလှူခံပုဂ္ဂိုလ်သည် ဝဇီရာရာမဆရာတော်ဖြစ်၍ လှူခါန်းသူမှာ ကျောင်းအစ်မကြီးဒေါ်ရွှေပွင့်ဖြစ်သည်။

ဝဇီရာရာမဆရာတော်ကို ဒီပဲယင်း(တပယင်း)မြို့ကျေး၊ "ချမ်းသာရွာ" သွေးသောက်အောက်စုအပါအဝင် "ကုန်းသာရွာ"၌ ၁၁၉၂-ခုနှစ်၊ တော်သလင်းလဆန်း (၂)ရက် (၁၉ ဩဂုတ် ၁၈၃၀)တွင် ဖွားမြင်တော်မူသည်။ ကုန်းသာရွာ၊ ဝါဆိုကျောင်းတိုက်ဆရာတော် "ဦးကလျာဏ"ထံ ရောက်ရှိပညာသင်ကြားခဲ့သည်။ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့တော် "ရှင်ပညာသီရိ"ဖြစ်သည်။

ထန်းမကြီးရွာ၊ မဟာရုံကျောင်းဆရာတော် "အရှင်ဝိမလဗုဒ္ဓိ"နှင့် သင်္ဃာဆရာတော် အရှင်အဂ္ဂမဟာလင်္ကာရ၊ သလုံးဆရာတော်ကြီး အရှင်စန္ဒိမာတို့ ထံတွင်လည်း ပညာသင်ကြားတော်မူ ခဲ့သည်။ သင်္ကော်(၂၀)တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

သင်္ဃာဆရာတော်သည် မန္တလေးအရှေ့ပြင်၌ စိန်တုံးမိဘုရားလှူခါန်းအပ်သော ဝဇီရာရာမကျောင်းတိုက်ကို အလှူခံတော်မူ၍ (၂)ဝါသီတင်းသုံးတော်မူပြီး တပည့်ရှင်ပညာသီရိအား လွှဲအပ်တော်မူသည်။ ထိုအခါမှစ၍ ရှင်ပညာသီရိသည် ဝဇီရာရာမဆရာတော်ဟု ထင်ရှားလာသည်။

သင်္ဃာဆရာတော် ရတနာပုံနေပြည်တော်ကိုစွန့်ခွာ၍ တောရ တည်ဆောက်သောအခါ ဝဇီရာရာမဆရာတော်သည် သုဓမ္မာသာသနာပြုဆရာတော် ဖြစ်လာသည်။ "ပညာသီရိ သဒ္ဓမ္မကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကိုလည်း ဆပ်ကပ်အလှူခံရသည်။

သီပေါမင်း၏လျှောက်ထားတောင်းပန်ချက်အရ မော်လမြိုင်သို့ကြွကာ သင်္ဃာဆရာတော်ကို ရတနာပုံနေပြည်တော်သို့ ပင့်ဆောင်တော်မူခဲ့သည်။ မော်လမြိုင်သာသနာရေးအခြေအနေကို ကိုယ်တော်တိုင်တွေ့မြင်ရသောအခါ မော်လမြိုင်သို့ကြွရောက်ပြီး သာသနာပြုလိုသောဆန္ဒ ဖြစ်ပေါ်တော်မူခဲ့သည်။

မိမိသီတင်းသုံးရာ ရတနာပုံနေပြည်တော်ရှိ ဝဇီရာရာမကျောင်းတိုက်ကြီးမီးသင့်လောင်ကျွမ်းပြီးနောက် မော်လမြိုင်သို့ကြွကာ ကျောင်းအစ်မကြီးဒေါ်ရွှေပွင့်

ကောင်းမှု "ရတနာဘုံမြင့်" ကျောင်းတိုက်ကြီးကိုအလှူခံကာ သီတင်းသုံးတော်မူခဲ့သည်။

ကောဇာ၊ ၁၂၀၂-ခုနှစ်၊ (၁၈၈၀-၁၈၉၀)တွင် ကျိုက်သလ္လံဧတီ၏ အရှေ့တောင်ထောင့် ဧတီရင်ပြင်ပေါ်တွင် ဝဇီရာရာမဆရာတော်နှင့် ကျောင်းအစ်မကြီး ဒေါ်ရွှေပွင့်တို့ကြီးမှူး၍ မြို့ပေါ်ရှိဧတနာရှင်၊ သူတော်စင်များပူးပေါင်းကာ ပဌာန်းသံတန်ဆောင်းကြီးကို ဆောက်လုပ်ခဲ့ကြသည်။ ထိုတန်ဆောင်းကြီးတွင် ဝဇီရာရာမဆရာတော်သည် ဝါတွင်းကာလများ၌ ပဌာန်းတရားတော်များကို တောကြားတော်မူခဲ့သည်။

၁၃၀၇-ခုနှစ်၊ တော်သလင်းလဆန်း(၁၀)ရက် (၁၆ စက်တင်ဘာ၁၉၄၅) နံနက်(၉)နာရီအချိန်၌ ကျိုက်သလ္လံရင်ပြင်တော်၏ သုံးပုံတစ်ပုံခန့်သည် ကမ္ဘာဖျက်တော့မည်ကဲ့သို့ မြည်ဟည်းသံနှင့်အတူပြိုကျလေရာ ပဌာန်းတန်ဆောင်းကြီးမှာလည်း တောင်ပြိုရာသို့ ပါသွားခဲ့လေသည်။

ဝဇီရာရာမဆရာတော်သည် မြတ်စွာဘုရား၏စွယ်တော်ဓါတ်စစ်၊ မဟာဘောဓိစစ်များနှင့် ရုပ်ပွားတော်၊ ဧတီတော်များကိုဖူးမျှော်ရန် ရုန်ကုန်မှတဆင့် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ကြွခဲ့သည်။ ၁၂၅၃-ခုနှစ်၊ တပို့တွဲလဆန်း(၆)ရက် (၃ ဖေဖော်ဝါရီ ၁၈၉၂)တွင် နောက်ပါရဟန်း(၄၆)ပါး၊ သီလရှင် (၁၀၀)ကျော်၊ ဒေါ်ရွှေပွင့်အပါအဝင် ဥပသကာ၊ ဥပသိကာများနှင့်တကွ ရန်ကုန်မှသီဟိုဠ်ကျွန်းသို့ သင်္ဘောဖြင့်ထွက်ခဲ့ကြသည်။

ဝဇီရာရာမဆရာတော်ကြွလာမည့်အကြောင်းကို "ကိုလံဘို"မြို့မှ သံဃနာယကဖြစ်တော်မူသော "သီရိသုမင်္ဂလမဟာထေရ်ကြီး"ထံ ကြေးနန်းဖြင့် ကြိုတင်ပို့ထားသောကြောင့် သင်္ဘောဆိုက်လျှင် မြို့လူကြီးများနှင့် ရဟန်းသံဃာတော်တို့က ခရီးဦးကြိုဆိုခဲ့ကြသည်။ သီရိသုမင်္ဂလမဟာထေရ်ကြီးကလည်း တပည့်ရဟန်းတို့ကို သင်္ဘောဆိပ်အရောက် ဧလွှတ်ကြိုဆိုစေတော်မူခဲ့သည်။ ပိဗိကိုယ်တိုင်လည်း ခရီးဦးကြိုဆိုရန်အတွက်ထွက်အလာ လမ်းခရီးအကြားတွင် အာဝါသိကမဟာထေရ်နှင့် အာဂန္တုကဆရာတော်နှစ်ပါးကို အချင်းချင်းတွေ့မြင်ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သတော်မူခဲ့ကြသည်။

ကိုလံဘိုမှ သေဇက္ကသေလမြို့ (ကန်မြို့)သို့ စွယ်တော်ဖူးရန် ခရီးဆက်သည်။ ၁၂၅၃-ခုနှစ်၊ တပို့တွဲလမြည့်ကျော်(၁)ရက် (၁၃ ဖေဖော်ဝါရီ ၁၈၉၂) နံနက်(၉)နာရီတွင်

ဝဇီရာရာမဆရာတော်ကိုဝင့်၍ ကာလအရှည်အကြာအလိုတော်ရှိတိုင်း စွယ်တော်မြတ်ကို ဖူးမြော်ခွင့်ပြုသည်းမွန်းလွဲ (၁၂)နာရီခွဲမှ (၂)နာရီခွဲအထိ ရဟန်းရှင်လူဝရိသတ်ကို ဖူးမြော်ခွင့်ပြုသည်။

ဝဇီရာရာမဆရာတော်သည် သီဟိုဠ်ကျွန်းသို့ရောက်ရှိနေတော်မူစဉ် သံဃာဂိုဏ်းကွဲနေသည်ကို တရားဓမ္မဟောပြသြဝါဒပေး၍ အပြိုးသတ်ပြေငြိမ်းအောင် ဆောင်ရွက်တော်မူခဲ့သည်။

သံဃာဂိုဏ်းကွဲသည့်အကြောင်းကား -

သီဟိုဠ်ကျွန်း "ဝါဠုကတိတ္ထရွာ"တစ်ခုသောမြစ်တွင် ကဲကြီးကဲငယ်ပြုရန် သင့်လျော်သောအရပ် ဥဒကုက္ကေပသိမ်၌ ဥပုသ်အိမ်ပြုလုပ်ထားခဲ့၏။ ဂါမခေတ် (မြစ်ကမ်းစပ်မြေ)မှစ၍ တံတားထိုးထားခဲ့၏။ ထိုတံတားကို ဥပုသ်အိမ်သို့ မရောက်စေဘဲ ငါးတောင်၊ ခြောက်တောင်မျှခြားထားခဲ့၏။ ရဟန်းတို့သည် ထိုသိမ်၌ ကဲကြီးကဲငယ်တို့ကို အမြဲပြုလုပ်ခဲ့ကြ၏။ အခါတစ်ပါး၌ ဤတံတားသည် ဥဒကုက္ကေဝအတွင်း (ရေတစ်ဘျ၊သဲတစ်ဘျ)အတွင်း ချဉ်းနင်းဝင်ရောက် (လွှမ်းမိုးတည်ရှိ)လာခဲ့၏။ ဤသိမ်၌ ကဲပြုခြင်းငှာမအပ်၊ ပြုပြီးသောကဲသည် အကယ်၍ပျက်စုံ၊ ဤသိမ်၌ ပဋိုးခံသူသည် ပဋိုးမဖြစ်၊ အချို့သောရဟန်းတို့က ဤသို့ဆိုခဲ့ကြကုန်၏။ ထိုရဟန်းတို့သည် နောင်အခါသက်ရဝါဒီဂိုဏ်းသားများဖြစ်လာခဲ့ကြ၏။ ထိုသက်ရဝါဒီဂိုဏ်းသားတို့သည် အခြားတစ်ပါးသောသိမ်တွင် သိက္ခာထပ်တင်ခဲ့ကြ၏။

အချို့သောရဟန်းတို့က ထိုဥပကုက္ကေဝသိမ်၌ပင် ကဲပြုခြင်းငှာအပ်၏ဟု ဆိုကြကုန်၏။ နောင်အခါ ထိုရဟန်းတို့သည် အသက်ရဂိုဏ်းသားများဖြစ်လာကြ၏။ အသက်ရဂိုဏ်းသားတို့သည် အခြားတစ်ပါးသောသိမ်တွင် သိက္ခာထပ်တင်ရန် မလိုဟုဆိုကာ နေမြဲနေခဲ့ကြကုန်၏။ ထိုအခါ သက်ရဝါဒီဂိုဏ်းသားတို့က ထိုသိမ်တွင် ပဋိုးခံသော ရဟန်းတို့နှင့်လည်းကောင်း၊ အခြားတစ်ပါးသောသိမ်တွင် ထိုရဟန်းတို့ကို ဝဏ္ဏပူရဏပြု၍ ပဋိုးခံသောရဟန်းတို့နှင့်လည်းကောင်း၊ ကဲကြီးကဲငယ် အတူတကွ မပြုကြပဲ ဂိုဏ်းကြီးနှစ်ဂိုဏ်းကွဲခဲ့ကြသည်။

ထိုဝိဝါဒအဓိကရဏ်းအတွက် ဝိနိစ္ဆယအဆုံးအဖြတ်ရယူရန် သက်ရဝါဒီဂိုဏ်းသားတို့သည် မင်းတုန်းမင်းလက်ထက်တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ မန္တလေးမြို့တော်တိုင်လာရောက်၍ "ဥယျာဘိဝံသ သီရိပဝရဓမ္မသေနာပတိ

မဟာဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်နာမံရှိတော်မူသော သယ်ရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီးထံ ကြွရောက်ခဲ့ကြ၏။ ထိုဥဒကုက္ခေပသိမ်သည် သီမသင်္ကေတရှိသော်လည်း သီမသင်္ကေတမဖြစ်၊ ထိုသိမ်၌ပြုသောကံသည် ပျက်မပျက် အဆုံးအဖြတ်ခံယူခဲ့ကြကုန်၏။ သာသနာပိုင်ဆရာတော်ဘုရားကြီးသည်လည်း ထိုသိမ်သည် သီမသင်္ကေတရဖြစ်ကြောင်း ကံပျက်ကြောင်းကို ပါဠိအဋ္ဌကထာ၊ ဋီကာများစွာခိုင်းနှိုင်း၍ ခိုင်ခံ့စွာအဆုံးအဖြတ်ရောက၊ နှစ်ပက္ခသားရဟန်းတို့အား သမဂ္ဂဖြစ်ကြစေရန် များစွာသောဩဝါဒကထာများနှင့်တကွ သန္ဓေသကထာကို ပေးအပ်တော်မူခဲ့၏။

အသင်္ကေရဝါဒီဂိုဏ်းသားတို့သည်လည်း ထိုနည်းတူ သာသနာပိုင်ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်ခံယူရန် ကြွလာခဲ့ကြကုန်၏။ ထိုအခါ သာသနာပိုင်ဆရာတော်ဘုရားကြီးသည် အထက်တစ်တန် နှစ်ပက္ခသားတို့ထံ ဝိနိစ္ဆယပေးပြီးဖြစ်သည်။ ဝိနိစ္ဆယအထူးပေးဖွယ်မရှိ၊ အထက်ပေးသောအဆုံးအဖြတ်သာတည်၍ သမဂ္ဂအဖြစ်နေထိုင်ကြလေဟု အဆုံးအဖြတ်အထူးမပေးဘဲ ဆုံးမသြဝါဒပေး၍ လွှတ်တော်မူလိုက်၏။ ထိုအသင်္ကေရဂိုဏ်းသားတို့သည် မိမိတို့လိုအပ်သော ဝိနိစ္ဆယကို မရရှိခဲ့ကြသောကြောင့် သီဟိုဠ်ကျွန်းသို့ပြန်ရောက်သည့်အခါ အထက်ပေးလိုက်သော ဝိနိစ္ဆယ၌အတည်မယူကြဘဲ နေမြဲတိုင်းသာသိက္ခာသစ်မယူမူ၍နေခဲ့ကြသဖြင့် သမဂ္ဂလည်းမဖြစ်၊ ဝိဝါဒလည်းမငြိမ်းစဲခဲ့ချေ။ သီဟိုဠ်ကျွန်းရှိ မထေရ်ကြီးများသည်လည်း ဝိဝါဒငြိမ်းကြောင်းကို ဖျောင်းဖျဟောပြောလျက် အကြိမ်များစွာ သြဝါဒပေးခဲ့ကြကုန်၏။ သို့သော် ဝိဝါဒသည်ကား ငြိမ်းစဲမသွားခဲ့ချေ။

ရွှေကျင်ဆရာတော်ဘုရားကြီးသည်လည်း တရုတ်သောကာလတွင် စွယ်တော်ဓါတ်မြတ်ကို ရှိခိုးပူဇော်ရန် သီဟိုဠ်ကျွန်းသို့ကြွတော်မူခဲ့သည်။ စွယ်တော်မြတ်ကို ရှိခိုးပူဇော်ပြီးလျှင် ထိုဝိဝါဒကြီးကို ငြိမ်းအေးစေမည်ဟု အပတ်တကုတ် အားထုတ်ကြစည်ကာ သီဟိုဠ်ကျွန်း၌ တစ်ဝါသီတင်းသုံးတော်မူ၏။ "လင်္ကာသာသန ဝိသုဒ္ဓိကထာကျမ်း"ကို ရေးသားတော်မူပြီး နှစ်ဂိုဏ်းစလုံးကို ဖတ်ရှုစေတော်မူခဲ့သည်။ အချို့အသင်္ကေရဝါဒီဂိုဏ်းသားများက သိက္ခာအသစ်ယူကြပါတော့မည်ဟု ပဋိညာဉ်ပေးကြကုန်၏။ အချို့သောရဟန်းတို့သည်ကား ပဋိညာဉ်မျှမပေးခဲ့ကြကုန်။ ပဋိညာဉ်ပေးခဲ့သော ရဟန်းတို့သည်လည်း ရွှေကျင်ဆရာတော် မြန်မာနိုင်ငံသို့ ပြန်လည်ကြွလာခဲ့သည့်နောက် မျက်မှောက်ပဋိညာဉ်ကို ဂရုမပြုကြတော့ချေ။ အသစ်ဖြစ်သော

F-27B

သိက္ခာကို မယူကြဘဲနေမြဲတိုင်းသာနေခဲ့ကြသဖြင့် နေရောင်လင့်လျက် မပွင့်သေးသော ကြာကဲ့သို့ ထိုဝိဝါဒကြီးသည် အပြီးအဆုံးမရောက်ခဲ့ချေ။

၁၂၅၃-ခုနှစ်၊ တပို့တွဲလ (ဖေဖော်ဝါရီ ၁၈၉၂)တွင် ဝဇီရာရာမဆရာတော်သည် သီတိုင်္သိစွယ်တော်ဖူးကြွလာသောအခါ သီဟိုဠ်ရှိ ထိုနှစ်ဂိုဏ်း၏ပြင်ပတွင် ရှိနေကြသော မထေရ်ကြီးများက ဂိုဏ်းနှစ်ဂိုဏ်း၏ ဝိဝါဒအဓိကရုဏ်းကို ဆုံးခန်းတိုင်အောင် ဩဝါဒပေးပါရန် လျှောက်ထားခဲ့ကြသည်။ သာသနာကိစ္စဖြစ်၍ ဝဇီရာရာမဆရာတော်သည် ထိုကိစ္စကိုဖြေရှင်းပေးမည်တဲ့ ဝန်ခံကတိပေးတော်မူခဲ့၏။ နောက်ပါရဟန်းသုံးကျိပ်နှင့် ဝါဠုကတိတ္ထန္နာသို့ ကြွခဲ့၏။ ထိုသို့ကြွသွားခဲ့၍ ဝါဠုကတိတ္ထန္နာသို့ ရောက်လျှင် အကြင်သူတို့ကိုမိမိအလိုသို့ပါစေလိုလျှင် ထိုသူတို့ကို လက်ဦးစွာ မိတ်ဖွဲ့သင့်သည်ဟုနှလုံးပြု၍ အသက်ရဝါဒိဂိုဏ်းသားတို့၏ နာယကဖြစ်သောပုဂ္ဂိုလ်တို့နေရာ "အမွန္ဓတ္ဘာရာမကျောင်းတိုက်"သို့ သွားရောက်ဝင်နေတော်မူခဲ့၏။

ဝဇီရာရာမဆရာတော်သည် နှစ်ဂိုဏ်းစလုံးကို ပင့်ဖိတ်စည်းဝေးစေပြီး ညဉ့်ဝက်လွန်သည့်တိုင်အောင် ဟောပြောဆုံးမတော်မူ၏။ နောက်နှစ်ရက်ကြာသောအခါ နာရီပြန်တစ်ချက်မှ ညနေငါးနာရီတိုင်အောင် ဟောကြားတော်မူခဲ့ပြန်၏။ ဆရာတော်သည် အထက်ပါတရားပွဲများတွင် ပါဠိအဋ္ဌကထာဋီကာလာရှိသည့်အတိုင်း တည်ကြေ၊ မတည်သူတို့မှာ မည်သို့ခက်ခဲစေဟု အာဏာစက်ဖြင့် ကွပ်ညှပ်ပြီးပြတ်စေနိုင်သော်တစ်စုံတစ်ရာသာသနာပြုမင်း၊ သယံရာဇာသာသနာပိုင် ပုဂ္ဂိုလ်တို့သည်လည်း ဤသီဟိုဠ်ကျွန်းအပြင်၌မရှိခဲ့ ဝိဝါဒအဓိကရုဏ်းကို ပြီးဆုံးစေခြင်းငှာ စွမ်းနိုင်သော ဝိနည်းစိုရ်ပုဂ္ဂိုလ်လည်း ဤသီဟိုဠ်ကျွန်းအပြင်၌ ရနိုင်ရန်အကြောင်းရှိတော့သည်လည်း မဟုတ်ဟူ၍ စတင်ဟောကြားသည်။ ဆက်လက်၍ ဆရာတော်က ထိုဝိဝါဒသည် ထိုမူဖြစ်ရင်း ဆရာသမားတို့ ထင်ရှားရှိခိုက်သာ မငြိမ်းမစဲရာသည်။ ထိုဆရာတော်တို့ ကွယ်လွန်ပြီးနောက် တပည့်အစဉ်အဆက်တို့ လက်ထက်တွင် ပတ္တောက်ငြိမ်းစဲလိမ့်မည်ဟု ထင်မှတ်ရန်မှာလည်း နှစ်ဝကဂိုဏ်းဆရာတို့က ဝိနိစ္ဆယကျမ်းစာကို အခိုင်အမာရေးသား၍ ထားခဲ့ပြန်သောကြောင့် တပည့်အဆက်ဆက်သို့ တိုင်အောင်လည်း ကွယ်ပျောက်ငြိမ်းစဲနိုင်ရန်မရှိ ထို့ကြောင့်ငါ့ရှင်တို့ဝိဝါဒသည် သာသနာတော် (၅၀၀၀)ရှည်ကြာအခါပတ်လုံး မသုဉ်းမပျောက် အဆက်ဆက် တည်နေပေတော့မည်ဟူ၍လည်း ဟောကြားတော်မူ၏။

ဆရာတော်က ငါ့ရှင်တို့ဂိုဏ်းသည် အမရပူရနိကာယ မြန်မာဝံသိကဂိုဏ်း ဖြစ်သည်။ မြန်မာနိုင်ငံမှာလည်း အကျင့်သီလနှင့် ပြည့်စုံသောရဟန်းတို့သည် အများအားဖြင့် မိမိနှစ်သက်အပ်၊ လျောက်ပတ်သော သိမ်ပရိသတ်၊ ကမ္မဝါဆရာ စသည်တို့ကိုရလျှင် မိမိသီလ၊ သိက္ခာ၌ နိသဲသယဒဋ္ဌိကမ္မ ဖြစ်စေခြင်းငှာ နှစ်ကြိမ်၊ သုံးကြိမ် သိက္ခာထပ်ယူမြဲမြံဖြစ်သည်။

ဆက်လက်၍ ဝဇီရာရာမဆရာတော်က ပထမသင်္ဂါယနာတင်သည့်အခါဝယ် ခုဒ္ဒါနု ခုဒ္ဒါကသိက္ခာပုဒ်များကို ဘုရားသခင်အား မလျှောက်ထားလိုက်ခြင်း၊ မိုးရေခံသက်နှံတော်ကိုနှင်း၍ချုပ်ခြင်း၊ ဘုရားသခင်အလောင်းတော်ကို မာတုဂါမတို့အား ရှေးဦးစွာပူဇော်စေခြင်း၊ သာသနာတော်၌ မာတုဂါမတို့ကို ရှင်ရဟန်းပြုစေခြင်း၊ ပရိနိဗ္ဗာန်စံတော်မမူဦးဘဲ အာယုကပ်ပတ်လုံးတည်တော်မူပါဟု ဘုရားသခင်အား မလျှောက်ထားလိုက်ခြင်းဟူသော ငါးပါးသောအရာ၌ အပြစ်တင်တော်မူကြသည်တွင် တေဒဂ်ငါးကြိမ်ခံ အာနန္ဒာမထေရ်သည် မိမိ၌အပြစ်မရှိပါဘဲလျက် အပြစ်တင်ကြသော အရှင်ကောင်း၊ အရှင်မြတ်များကို ယုံကြည်ကိုးစားသောအားဖြင့် ချက်ချင်းဝင် ဒုက္ကဋ်အာပတ်ကို ဖြေကြားကုသခဲ့ကြောင်း ထောက်ပြဆုံးမတော်မူခဲ့သည်။ ဤသို့ ဟောပြောပြသလျှင် အချို့သောမထေရ်တို့သည် စိတ်ဝမ်းအလွန်ညှတ်နှုး၍ သိက္ခာထပ်ယူခြင်း၌ ပဋိညာဉ်ပေးကြကုန်၏။ ထိုဂိုဏ်းတွင် ပဓာနဖြစ်သောပုဂ္ဂိုလ်ကား ဟောပြောပြသသည်ကို သဘောကျရှိငြားသော်လည်း ဤပစ္စက္ခလောကအတွက် ရှက်စနိုးခဲ့ရကား ပဋိညာဉ်မပေးသေးချေ။

ထိုမှတဆင့် ဆရာတော်သည် ရွာစဉ်လျှောက်၍ တရားဓမ္မလှည့်လည်ဟောကြားရာ "ဗေလုဝလရွာ"မဂ်လာရာမကျောင်းသို့ရောက်တော်မူသည်။

ထိုအခါ အထက်ဝါလုကတိတ္ထရွာ၌ သံယာသာမဂ္ဂီဖြစ်အောင်ပေးခဲ့သော ဩဝါဒဆေးသည် တစ်အေးအေးစိမ့်ဝင်ကြသဖြင့် အေးမြသောစိတ်နှလုံးရှိကြရကား သုံးကျိပ်သောသံယာတို့သည် တစ်စုတွဲ၍ ဩဝါဒပေးတော်မူသည့်အတိုင်း သံယာသာမဂ္ဂီ အဖြစ်ကိုငဲ့ညှာ၍ သိက္ခာထပ်ယူကြပါတော့မည်ဟု ပဋိညာဉ်ပေးလာကြ၏။ ထိုသို့ ပေးလာသော်လည်း ပဓာနဖြစ်သောပုဂ္ဂိုလ်တို့မပါသေးခဲ့ရကား ထောင်ထားထကြွရန် ရှိချေသေး၏ဟု တွေးတောမိသဖြင့် သိက္ခာထပ်ခြင်းကိစ္စကို ဆိုင်းငံ့ထားတော်မူသည်။

ထိုမှတဖန် ဝဇီရာရာမဆရာတော်သည် "ကရဏီယတန"မည်သောရွာရှိ

"ရာမညနိကာယကျောင်း"သို့ ကြွရောက်တော်မူပြန်သည်။ ထိုကျောင်းတွင် "ဝိယရတနတိဿ"စသော မထေရ်ကြီးသုံးပါး ရှိနေတော်မူကြသည်။ ဆရာတော်သည် ထိုကျောင်း၌ များစွာသောရဟန်းပရိသတ် လူပရိသတ်တို့ရှေ့မှောက်တွင် ပဋိညာဉ် မပေးရသေးသော ပဓာနပုဂ္ဂိုလ်တို့ကို ဟောပြောဆုံးမပြန်၏။ ငါ့ရှင်တို့ မြန်မာနိုင်ငံမှ ငါတို့ကဲ့သို့ "ပါကဋ"ဖြစ်သာပုဂ္ဂိုလ်ကြီးများ လာရောက်ကြိုက်သောအခါမှ သံဃသာမဂ္ဂီဖြစ်ကောင်းဟောပြောသည်ကို မလိုက်နာကြ၍ သံဃသာမဂ္ဂီမဖြစ်လျင် နောင်မည်သည့်အခါမှ သာမဂ္ဂီဖြစ်တော့မည်မဟုတ်၊ ဇရာဒုဗ္ဗလဖြစ်ကြလေပြီးသော မထေရ်ကြီးတို့သည် ဘေးအန္တရာယ်ထူပြောသော သမုဒ်ပြင်ခရီးရေကြမ်းကိုဖြတ်သန်း၍ သီဟိုဠ်ကျွန်းသို့ လာရန် ခဲယဉ်းလှသည်။ ထို့ကြောင့် နှလုံးညှဉ်းပူ၊ စိတ်မာန်လျှော့၍ သူတော်သဘော၌ တည်သင့်လှပေတော့သည်တဲ့ ဆုံးမဟောကြားသည်။

ဆရာတော်က ထိုသို့ဟောကြားတော်မူလျှင် သင်္ကရဝါဒီဂိုဏ်းပဓာနမထေရ်ကြီးသုံးပါးတို့သည် အသင်္ကရဂိုဏ်းကသိက္ခာအသစ်ထပ်ယူကြလျှင် တပည့်တော်တို့လည်း ထပ်ယူပါမည်ဟုဆိုပြန်ရာ ဝဇီရာရာမဆရာတော်က အသင်္ကရဂိုဏ်းက အကြွင်းအကျန်မရှိ ထပ်ပြီးဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ သို့ဖြစ်စေကာမူ သမဂ္ဂဖြစ်စေခြင်းငှာ သင်္ကရဂိုဏ်းက အကုန်မထပ်သော်လည်း ပဓာနမထေရ်ကြီးသုံးပါးသာ သိက္ခာထပ်ပါစေတော့၊ ထိုမထေရ်ကြီးတို့ထပ်ယူလျှင် တပည့်တော်တို့ဂိုဏ်းက တစ်ပါးမကျန်ထပ်ယူပါစေမည်ဟုဆိုပြန်လျှင် ဆရာတော်က ငါ့ရှင်တို့သိက္ခာထပ်ယူခြင်းသည် ထိုမထေရ်တို့သိက္ခာထပ်ယူခြင်းနှင့် အလျှင်းပင်စပ်သည်မဟုတ် ကျက်ပြီးထမင်းကို ထပ်၍ချက်ပါဦးမဟူကောင်းသကဲ့သို့ဖြစ်သည်။ သူပြု၊ မပြုကိုဤကိုးမရှိပြီ၊ သူတစ်ပါးရဟန်းပြုမှု၊ ငါတို့ရှင်ရဟန်းပြုမည်၊ သူတစ်ပါး တရားကိုကျင့်မှု၊ ငါတို့ကျင့်မည်၊ သူတစ်ပါးထမင်းစားမှု၊ ငါတို့စားမည်၊ သူတစ်ပါး ရေသောက်မှု၊ ငါတို့ရေသောက်မည်၊ မဟူကောင်းသကဲ့သို့ သူတစ်ပါးသိက္ခာထပ်မှ ငါတို့ထပ်မည်ဟူကောင်းတော့သည်မဟုတ်ဤသို့စသည်ဖြင့်များစွာတောဖြောင်၏။

ဝဇီရာရာမဆရာတော်၏ ခန္ဓီမေတ္တာ၊ ဒယာသဘောထုံ၍နေသော ဓမ္မောဝါဒသည် ထိုရဟန်းတို့၏ ဟဒယဓါတ်ကို မဆတ်မကျွတ်၊ နူးနူးညွတ်လျက် စိုစွတ်နူးညံ့စေသဖြင့် အကြိမ်များစွာလှော်ပြီး ဦးပြီးသောလွန်၊ ဆုပ်နယ်အပ်ပြီးသော သားရေတို့သည် ကမ္မကွမဖြစ်၏သို့ ဩဝါဒကွမဖြစ်ကြသဖြင့် မည်သူတစ်ယောက်မျှ

သိက္ခာမထပ်သည်ပင်ဖြစ်စေကာ တပည့်တော်တို့ကား သိက္ခာထပ်ယူကြပါတော့မည်ဟု သတ္တရာဇ် ၁၂၅၃-ခုနှစ်၊ တပေါင်းလဆုတ်(၁၃)ရက် (၂၅ မတ် ၁၈၉၂) ည(၉)နာရီ အချိန် ရှင်လူဝရိသတ်နှစ်ရပ်တို့ရှေ့ စိတ်ဝမ်းကြေအေး၊ နှောင့်နှေးကင်းလွတ်၊ ချောမွတ်ပြီးပြား လက်မှတ်ရေးသား၍ပေးကြကုန်၏။

နောက်နှစ်ရက်အကြာတွင် "မုရတု"မြို့သား၊ သူဌေးတစ်ဦးဧရင်အပ်သော ကြီးစွာသောလှေ ဥဒကုက္ခေပသိမ်၌ အထက်ပဋိညာဉ်ပေးကြသော အသက်ရဝါဒီဂိုဏ်းသားတို့ကို သိက္ခာထပ်စေ၏။ ယင်းသောအခါ သက်ရဝါဒီဂိုဏ်းက မထေရ်ကြီးတို့သည် အသံကရဝါဒီဂိုဏ်းသားတို့က သူတစ်ပါးသိက္ခာမထပ်သော်လည်း၊ တပည့်တော်တို့က အညီအညာထပ်ပါတော့မည်ဟု ဝန်ခံကြသော်လည်း၊ သက်ရဝါဒီဂိုဏ်းက တစ်ဖန်သိက္ခာထပ်ယူခြင်းကို အလိုရှိကြောင်းနှင့် မိမိတို့ လျှောက်ထားသောစကားကိုလိုက်နာ၍ မြဲမြံစွာသံဃာသာမဂ္ဂီဖြစ်စေခြင်းငှာ တပည့်တော်တို့ကို ရွေးဦးစွာသိက္ခာထပ်ပါဟု တောင်းပန်သောကြောင့် သက်ရဝါဒီဂိုဏ်းက ဝိယရတနတိဿမထေရ်၊ သီရိသုမင်္ဂလမထေရ်၊ သုဘူတိမထေရ် ထိုမထေရ်ကြီးသုံးပါးကို ရွေးဦးစွာထပ်စေ၏။ ထိုနောက်ထိုဂိုဏ်းက မထေရ်ငယ်သုံးပါးကိုထပ်စေ၏။ ထို့နောက်မှ အသက်ရဝါဒီဂိုဏ်းက မထေရ်ကြီးများကို အသီးသီးထပ်စေ၏။ သိက္ခာထပ်ပြီး အသက်ရဝါဒီ၊ သက်ရဝါဒီဂိုဏ်းသားနှစ်ဦးတို့ကို သိမ်ဝသို့ မထွက်စေဦးဘဲ နောက်နောက်သိက္ခာထပ်သောသူတို့ကို သိက္ခာထပ်စဉ်အခါ ထိုအခါကစ၍ စေတမ္ဗစေတသံဝါသဖြစ်ကြစေခြင်းငှာ အတူတကွ တစ်သိမ်တည်း၌ရှိစေ၏။ ကမ္မဝါဖတ်ရွတ်ခြင်းကိုကား ဝဇီရာရာမဆရာတော်နှင့် မြန်မာမထေရ်တို့ကဖတ်ရွတ်ကြ၏။ ထိုနေ့သက်ရဝါဒီဂိုဏ်းသား (၆)ပါးနှင့် အသက်ရဝါဒီဂိုဏ်းသားနှစ်ကို့ပ် ပေါင်း(၂၆)ပြီး၏။ အသက်ရသဝါဒီဂိုဏ်းက ကြွင်းသောရဟန်းတို့ကို (၁၀)ရက်လခွဲအတွင်း ပြီးစီးအောင်သိက္ခာထပ်ကြပါမည်ဟု ပဋိညာဉ်ပေးစေ၍ သဘော်ထွက်မည့် နေ့ရက်အလွန်နီးသည်နှင့် ပြီးစီးအောင်မဆောင်ရွက်နိုင်ဘဲ ဝဇီရာရာမဆရာတော်သည် ကိုလံဘိုမြို့သို့ပြန်လာခဲ့ရ၏။

ထို့နေ့၌ ထိုရဟန်းတို့သည် စေတမ္ဗစေတ္ဂေသဖြစ်ကြ၍ တူသော ဓမ္မာမိသသံဘောဝရကြကုန်ရကာ (၄၃)နှစ်တိုင်တိုင် ကြာမြင့်စွာကွဲပြားနေသော ထိုဂိုဏ်းကြီးနှစ်ဂိုဏ်းသည် လိမ္မာသောရွှေပန်းတိမ်သည်ယောကျ်ားသည် နှစ်ပြားသောရွှေကို ဝဟေဆော်စပ်၍ထားသကဲ့သို့ တစ်သားတည်းဖြစ်ကြပေသတည်း။ ကွဲပြားခြင်းမရှိ

သမဂ္ဂဖြစ်ကြလေသတည်း။ ရွှေးရွှေးကာလဖြစ်လင့်ကြသော ဝိဝါဒမူလတရားတို့သည် ဆားခဲကို ရေ၌ချသကဲ့သို့ ကြေမွချုပ်ပျက်ခြင်းသို့ရောက်ကြသဖြင့် ကြီးမားသော အဆိပ်ပင်ကို အမြစ်နှင့်တကွနှုတ်ပယ်ဖယ်ရှားသကဲ့သို့ ကြီးမားသောဝိဝါဒသည် ကွယ်ပြိမ်းစဲလေသတည်း။

ယင်းသို့ ဝိဝါဒအသမဂ္ဂဝတ္ထုဘေဒဘေးမှ ကင်းဝေးသဖြင့် မိုးတိမ်ကင်းသော ကောင်းကင်ပြင်ကဲ့သို့ လင်္ကာဒီပသာသနာသည် စင်ကြယ်စွာဖြစ်၏။

ယင်းသို့စင်ကြယ်စွာဖြစ်ရကား ဆီးနှင်းဖြူတိမ်သူရိန်မီးခိုးတူသော အညစ်အကြေးငါးပါးမှ စင်ကြယ်တောက်ပသော လ၏သဖွယ် တင့်တယ်တောက်ပလေသတည်း။

ယင်းသောအခါ များစွာသောရှင်လူနှစ်ရပ်ပရိတ်သတ် အစည်းအဝေးကြီးသည် ဖြစ်လတ်သည်ဖြစ်၍ ထိုများစွာသော ရှင်ရှင်လူလူ ဦးဖြူဦးမဲဖြစ်သော သူတို့သည် တစ်စုံတစ်ယောက်သောသူသည် အသေအဝပ်စေ့စပ်စေခြင်းငှာ မတတ်ကောင်းသော သိမသင်္ကန်ဝိဝါဒကိုစွဲ၍ ကွဲကြေးကွဲသောဂိုဏ်းကြီးနှစ်ပါးကို ဝဇီရာရာမဆရာတော်သည် ယနေ့တျင်းတျင်း၊ မြစ်ရင်းပယ်ဖြတ်၊ စပ်ကြီးစပ်အောင်ပြုတော်မူပြီတဲ့ အသီးသီး ဝံ့ကြွားပြောပ သာဓုကာရ ပြုကြလေသတည်း။

ဥဒါန်းစဉ်ရှည်၊ ပြောပစရာ၊ ထိုဝိဝါဒ သံဃဘေဒ မီးကြီးငြိမ်းလတ်သည်ကား ၁၂၅၃-ခုနှစ်၊ တပေါင်းလဆုတ်(၁၅)ရက် (စ မတ် ၁၈၉၁)ဖြစ်သတည်း။

ဝဇီရာရာမဆရာတော်သည် ၁၂၅၈-ခုနှစ်၊ နယုန်လဆန်း(၁၄)ရက် (၂၄ မေ ၁၈၉၆)တွင် ရတနာဘုံမြင့်ကျောင်းဝရိဝုဂ်အတွင်း၌ "သုမင်္ဂလပသာဒနီသိမ်"ကို ရဟန်းငါးကျိပ်နှင့် သမုတ်တော်မူခဲ့သည်။ သိမ်ဒါယကာမှာ ကျိုင်းခန်းရွာဇာတိ "မောင်ကျန်" ဖြစ်သည်။

ကောဇာ၊ ၁၂၈၅-ခုနှစ်၊ (ခရစ်-၁၈၉၆)တွင် ပြာသာဒ်ဒါယကာဦးညို၊ တောင်ပေါက်ကျောင်း ဒါယကာဦးတိုးလုံနှင့် ဆရာကြီးဦးရန်နှင်းတို့သည် သိတင်းသီလ ဆောက်တည်ရင်း ကုသိုလ်ရေးကိစ္စကို ဆွေးနွေးတိုင်ပင်ကြသည်။ ထိုစဉ် ဦးညို့က သီဟိုဠ်ကျွန်းရှိ မြတ်စွာဘုရား၏စွယ်တော်စစ်ကို ရွှေကြုတ်သွန်းခုတ် ပြုပြင်ဖန်စီရင်၍ တင်လှူဝတ်ရသော် နေမျော်သေမျော် လျော်ကန်သင့်မြတ် လူဖြစ်ကျိုးနပ်မည်ဟု ပြင်းပြထက်သန် သဒ္ဓါဇောတက်၍ ဆန်သောကြောင့် သုံးဦးသားတိုင်ပင်နှီးနှောကာ

ဝဇီရာရာမဆရာတော်အား ကြောင်းလျားကုန်စင်လျှောက်ပန်ဆင်ခဲ့ကြ၏။

ထိုအခါ ဝဇီရာရာမဆရာတော်က သီဟိုဠ်ကျွန်းရှိ စွယ်တော်ထိန်းဥက္ကဋ္ဌ "သီရိသုမင်္ဂလမထေရ်ကြီး"ထံ ရွှေကြုတ်တော်လှူရန်အခွင့်အရေးကိုတောင်းရာ မထေရ်ကြီးက မနှေးအမြန်ခွင့်ပေးစာပြန်တော်မူခဲ့၏။ ထိုအကြောင်းကို ကြားသိရသော အခါ ကျောင်းအစ်မကြီးခေါ်ရွှေပွင့်နှင့် ဘုရားဒါယကာဦးစိတ္တတို့နှစ်ဦးသည် ပါဝင်ဆက်ဆံ ဒါယကာခံကြပြန်သောကြောင့် လေးဦးသားသခွါကောင်းတို့ ပေါင်းဆုံမိခဲ့ကြသည်။ ဒါယကာလေးဦးတို့သည် မြို့မိမြို့ဖတို့နှင့်တိုင်ပင်ညှိနှိုင်းရာ ရွှေကြုတ်မျက်နှာကြက်နှင့် သလွန်ညောင်စောင်းများကိုပြုလုပ်လှူဒါန်းရန် သဘောတူညီမှု ရရှိခဲ့ကြသည်။

အထက်ပါ ဒါယကာ(၄)ဦးတို့က ငွေကျပ်(၁၀၀၀၀)ကျော် စိုက်ထုတ်မတည်ပြီးလျှင် ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်များသို့ လှမ်း၍ အလှူခံရာ လုံလောက်သောအလှူငွေများ ရရှိခဲ့သည်။ ၁၂၅၉-ခုနှစ်၊ တန်ခူးလ (ဧပြီ ၁၈၉၇)တွင် ရတနာဘုံမြင့်ကျောင်းအတွင်း၌ ရတနာထီးဖြူတော်ရုံကြီးနှင့် ဧည့်ခံမဏ္ဍပ်ကြီးများဆောက်လုပ်ကာ ရွှေပုတီမ်သည်တို့အား ရွှေကြုတ်၊ မျက်နှာကြက်နှင့် သလွန်တော်များကို နေ့ညမပြတ် အားထုတ်လုပ်ကိုင်စေခဲ့သည်။ (၉)လခန့်ကြာသော အခါ အောင်မြင်စွာပြီးစီးသည်။

၁၂၆၀-ပြည့်နှစ်၊ ပြာသိုလဆန်း(၁၁)ရက် (၂၂ ဒီဇင်ဘာ ၁၈၉၈)တွင် ရွှေကြုတ်တော်ကို ရန်ကုန်မြို့သို့မီးရထားဖြင့် ခမ်းနားကြီးကျယ်စွာပင့်ဆောင်ခဲ့သည်။ မုတ္တမမှ ရန်ကုန်မီးရထားလမ်းတစ်လျှောက်ရှိ မွန်၊ မြန်မာအမျိုးသားတို့က ရွှေကြုတ်တော်ပင့်ဆောင်လာသော ရထားတွဲထက်သို့ ငွေအကြွေများ၊ ဒင်္ဂါးများကို ပစ်တင်လှူဒါန်းခဲ့ကြသည်။ရထားတွဲထက်လိုက်ပါလာကြသော ဒါယကာများမှာ ငွေပုံပေါ်တွင် လမ်းလျှောက်ခဲ့ကြရသည်။ ရန်ကုန်မြို့သို့ရောက်သောအခါ ပထမဦးစွာ ကမ်းနားဈေးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ (၅)ရက်တိုင်တိုင် အပူဇော်ခံသည်။ ထိုနောက် ပုဇွန်တောင်မဏ္ဍပ်နှင့် လတ္တာလမ်း(လသာလမ်း)မဏ္ဍပ်တို့တွင် (၃)ရက်စီအပူဇော်ခံသည်။ ရဟန်းရှင်လူအများက ထပ်မံလှူဒါန်းကြသော ရတနာ၊ ရွှေငွေများကို မော်လမြိုင်မြို့မှ လိုက်ပါလာခဲ့ကြသော ပုတီမ်ဆရာ(၁၀)ဦးတို့က ရွှေကြုတ်တော်တွင် ထပ်မံတပ်ဆင်ပေးခဲ့ကြသည်။

၁၂၆၀-ပြည့်နှစ်၊ ပြာသိုလဆုတ်(၁၂)ရက် (၇ ဧန်နဝါရီ ၁၈၉၉)တွင် ရတနာရွှေကြွတ်တော်မှအစ အပြီးအပြေကျန်ရှိသည့် အလှူဒါနများကို သယ်ပို့ဆောင်ယူပြီး သကာလ သီဟိုဠ်ကျွန်းသို့ ရေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြသည်။ ဝဇီရာရာမဆရာတော်အမှူးရှိသော သံဃာတော်(၄၀၀)၊ ဒေါ်ရွှေပွင့်အပါအဝင် ဥပသကာ၊ ဥပသကီ (၂၀၀၀)ကျော်နှင့် ရွှေပုတီမ်သည်(၄)ဦးတို့ လိုက်ပါသွားခဲ့ကြသည်။

သီဟိုဠ်ကျွန်း၊ ကိုလံဘိုမြို့သို့ဆိုက်ရောက်သောအခါ ရွှေကြွတ်တော်ကို (၁၀)ရက် အပူဇော်ခံပြန်ရာ မြို့တွင်း၊ မြို့ပြင်ဒါယကာများက ရွှေ၊ ငွေ၊ စိန်ကျောက်များ လှူဒါန်းကြပြန်သည်။ ကန္ဒီ(သေခဏ္ဍာမြို့)သို့ ရောက်သောအခါတွင်လည်း သီဟိုဠ်ဒါယကာတို့က ထပ်မံလှူဒါန်းခဲ့ကြပြန်သည်။

ရတနာရွှေကြွတ်တော်တွင် ပါဝင်သောစိန်၊ ရွှေနှင့် ကျောက်တို့မှာ -

၁။ ရွှေစလွယ်ကြိုးငါးသွယ်ပါရွှေသားချိန် (၅၆၀)ကျပ် (၄)ပဲ (၂)ဖွေး
သင့်ငွေ ကျပ်(၁၇၈၈၁) (၁၅)ပဲ

၂။ ရွှေကြွတ်တွက် ကျောက်နီလုံးကြီး (၁)
သင့်ငွေ ကျပ်(၂၀၀၀၀)

၃။ ကျောက်နီလုံးရေ (၂၃၃၉)
သင့်ငွေ ကျပ်(၄၃၉၀၀)

၄။ စိန်လုံးကြီးရေ (၁)
သင့်ငွေ ကျပ်(၈၀၀၀)

၅။ စိန်လုံးရေ (၈၂၀)
သင့်ငွေ ကျပ်(၃၁၂၄၈) (၈)ပဲ

၆။ မြလုံးရေ (၃၂၀)
သင့်ငွေ ကျပ်(၅၆၃၀)

၇။ နီလာလုံးရေ (၉၃)
သင့်ငွေ ကျပ်(၃၉၄) (၈)ပဲ

၈။ ပုလဲလုံးရေ (၄၃)
သင့်ငွေ ကျပ်(၁၀၆) နှင့်

၉။ လက်ခပါဝရိတ်တုန်ငွေ ကျပ်(၃၈၀၇) (၂)ပဲဖြစ်သည်။

ငွေမှက်နှာကြက်တွင်ပါဝင်သော ကြေး၊ ဘော်၊ ရွှေ၊ ငွေ၊ ကျောက်နီ၊ စိန်၊ မြ၊ နီလာနှင့် ပုလဲတို့မှာ-

၁။ အတွင်းခံကြေးခွံနှုန် (၁၂)ပိသာ
သင့်ငွေ ကျပ်(၃၁)

၂။ အပေါ်အမွှမ်းဘော်ခွံနှုန် ကျပ်(၁၂၃၉) (၈)ပဲ
သင့်ငွေ ကျပ်(၁၄၈၆) (၁၅)ပဲ

၃။ ရွှေခွံနှုန် (၁)ပိသာ (၂၃)ကျပ်
သင့်ငွေ ကျပ်(၃၅၅၀)

၄။ ကျောက်နီလုံးရေ (၇၇၈)
သင့်ငွေ ကျပ်(၁၇၆၀)

၅။ စိန်လုံးရေ (၃၄)
သင့်ငွေ ကျပ်(၂၀၂) (၈)ပဲ

၆။ မြလုံးရေ (၃၄၀)
သင့်ငွေကျပ်(၄၈၅)

၇။ နီလာလုံးရေ (၆)
သင့်ငွေ ကျပ်(၂၆)နှင့်

၈။ ပုလဲလုံးရေ (၃၁)
သင့်ငွေ ကျပ်(၈၈)တို့ဖြစ်ကြသည်။

ငွေသားသလွန်တွင် ပါဝင်သော ကြေး၊ ဘော်၊ ရွှေ၊ ကျောက်နီ၊ စိန်၊ မြ၊ နီလာနှင့် ပုလဲတို့မှာ-

၁။ အတွင်းခံကြေး (၁၂)ပိသာ
သင့်ငွေ ကျပ်(၃၀)

၂။ အပေါ်အမွှမ်းဘော်ခွံနှုန် (၁၄)ပိသာ (၅၆)ကျပ် (၅)မူး
သင့်ငွေ ကျပ်(၁၃၄၇) (၁၄)ပဲ

၃။ ရွှေခွံနှုန် (၂၀)ကျပ်
သင့်ငွေ ကျပ်(၈၄၀)

၄။ ကျောက်နီလုံးရေ (၁၀၂၈)

-28B

သင့်ငွေ ကျပ်(၁၉၈၉)

၅။ စိန်လုံးရေ (၁၇)

သင့်ငွေ ကျပ်(၁၂၀)

၆။ မြလုံးရေ (၉၄)

သင့်ငွေ ကျပ်(၂၄၃)

၇။ နီလာလုံးရေ (၄၈)

သင့်ငွေ ကျပ်(၄၄၂)နှင့်

၈။ ပုလဲလုံးရေ (၈၃)

သင့်ငွေ ကျပ်(၅၀) တို့ဖြစ်ကြသည်။

ကုသိုလ်သုံးရပ်လုပ်ခနှင့် အကောက်ခွန်အတွက် ပေးဆောင်ရသည့် ကျပ်(၅၅၀၀)အပါအဝင် စုစုပေါင်း (၁၂၄၈၅၉)ကျပ်၊ (၃)ပဲ၊ (၃)မြားကုန်ကျသည်။ ရတနာရွှေကြုတ်တော်၏အမြင့်မှာ (၂၈)လက်မဖြစ်၍ အချင်းမှာ(၁၇)လက်မခွဲရှိသည်။

၁၂၆၀-ပြည့်နှစ်၊ တပို့တွဲလဆန်း(၁၀)ရက် (၂၁ ဇန်နဝါရီ ၁၈၈၉)တွင် မြန်မာပြည်မှဒါယကာများက စွယ်တော်ထိန်းဥက္ကဋ္ဌ သီရိသုမင်္ဂလမဟေဆရ်ကြီး အမှုဆောင်သော သံဃာတော်အပါး (၁၀၀)တို့ကို ပင့်ဖိတ်ဆွမ်းကျွေးသည်။ နောက်(၂)ရက် အကြာတွင် သီဟိုဠ်သံဃာအပါး (၁၀၀)တို့ကို သက္ကလတ်သက်နံး၊ ကော်ဇော၊ ပိုးခါးပန်းကြိုး၊ ကွမ်းအစံနှင့် ရေခွက်အစုံ(၁၀၀)ကို ဆက်လက်လှူဒါန်းသည်။ ထိုနေ့မှာပင် ရတနာရွှေကြုတ်တော်မျက်နှာကြက်နှင့် သလွန်တော်များကိုလှူဒါန်း၍ ရေစက်ချအမျှဝေသည်။

ရတနာရွှေကြုတ်တော်ကြီးပြုလုပ်ရာတွင် ပင်ရင်းဒါယကာများအပြင်၊ ကုသိုလ်ရှင်၊ အမြောက်အများရှိသည်။ ရတနာရွှေကြုတ်တော်ကြီး ပြီးစီးပြီးနောက် ကျန်ရှိသော ရွှေထည်ငွေထည်၊ ကျောက်မျိုးစုံ၊ ငွေသားနှင့်တကွ ငွေစက္ကူတို့ပါ တန်ဖိုးကျပ် (၁၇၃၀၀)ကျော်ရှိသည်။ ထိုပစ္စည်းများကို စွယ်တော်ဆိုင်ရာ ဂေါပကလူကြီး၊ အမတ်ကြီးနှင့် နာယကဆရာတော်ကြီးတို့ထံ ဝတ္ထုရားအတိုင်း အပ်နှံသည်တွင် လက်မခံဘဲ ငြင်းဆန်ကြလေသည်။

ထိုပုဂ္ဂိုလ်တို့က အထက်ပါပစ္စည်းများကို မြန်မာပြည်သို့ ပြန်ယူသွားပြီး စွယ်တော်မြတ်ကို နောက်ထပ်တစ်ဖန်ပူဇော်ရန်နှင့် လှူဖွယ်ဝတ္ထုကိုပြုလုပ်ကြပါရန်

အကြံပြုခဲ့ကြသည်။ လှုပ်ဖွယ်ဝတ္ထုကို ကိုယ်တိုင်လာရောက် လှုဒါန်းသင့်ကြောင်း အကယ်၍ကိုယ်တိုင်မလာနိုင်လျှင် တစ်နည်းနည်းဖြင့် သီဟိုဠ်သို့အရောက်တင်ပို့ပါက မိမိတို့ကိုယ်တိုင်ရွေးယူလက်ခံ၍ ပူဇော်ပွဲကြီးတစ်ခုကျင်းပကာ စွယ်တော်မြတ် တိုက်ခန်းသို့အရောက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အာမခံခဲ့ကြသည်။ ဤသို့ဖြင့် အထက်ပါ ပစ္စည်းများကို မြန်မာပြည်သို့ ပြန်ယူခဲ့ကြရလေသည်။

ရွှေကြုတ်တော်၏ မူလဒါယကာ၊ ဒါယကာမတို့ဖြစ်ကြသော ဦးစိတ္တ၊ ဦးညို၊ ဦးတိုးလုံနှင့် ဒေါ်ရွှေပွင့်တို့သည် အများပစ္စည်း၊ ဘုရားပစ္စည်းဖြစ်၍ မိမိတို့(၄)ဦး သဘောဖြင့်ပြုလုပ်ရန်မသင့်လျော်ကြောင်း သတိထားမိကြသဖြင့် ဝဇီရာရာမ ဆရာတော်ကိုလျှောက်ထား၍ အကြံတောင်းခံခဲ့ကြသည်။ ဆရာတော်က ရွှေကြုတ်တော် တင်ရန်အတွက် သီဟာသနရွှေပလ္လင်တော်တစ်ခု ပြုလုပ်ပူဇော်သင့်ကြောင်း မိန့်တော်မူသည်။

အထက်ကျန်ငွေ ကျပ်(၁၇၃၀၀)ကိုမတည်၍ သီဟာသနပလ္လင် ဆောက်လုပ်မည်ရှိရာ မြို့ရွာခပင်း သတင်းဖြစ်ပွားသောကြောင့် အလှူပါဝင်သည့်ပုဂ္ဂိုလ်များ ပေါ်ပေါက်လာသည်။ ကျိုင်းခန်းမြို့နေ၊ ကျောင်းဒါယကာ "တိန်အောင်ခန်း"က ရွှေ (၂)ပိဿာ၊ မော်လမြိုင်မြို့၊ ဖိုင်းဝန်ကွင်း၊ ရှမ်းစုရပ်နေ၊ သိမ်ဒါယကာ "ဦးပန်း"က ရွှေ (၁)ပိဿာနှင့် အရပ်ရပ်စေတနာရှင်များကလည်း ရတနာ၊ ရွှေငွေတို့ကို အလှူထည့်ဝင်ခဲ့ကြသည်။

မူလဒါယကာ(၄)ဦးတို့သည် အလှူတော်ရတနာ၊ ရွှေငွေတို့ကိုယူဆောင်၍ ၁၂၆၂-ခုနှစ်၊ ဝါဆိုလ (ဇူလိုင်-၁၉၀၀)တွင် မန္တလေးမြို့သို့ တက်သွားခဲ့ကြသည်။ မန္တလေးမြို့၊ မဟာမုနိဘုရားလူကြီး "ဦးဘိုး"တိုက်တွင် ရွှေပန်တိမ်တစ်ကျိပ်ကျော်နှင့် ရွှေပလ္လင်တော်ကိုပြုလုပ်ခဲ့ကြသည်။ ပလ္လင်တော်ပြုလုပ်ရာတွင် ဆရာမောင်မောင်၊ ဦးဘိုးနှင့် အခွန်စာရေးကြီးဦးဘေတို့က ကြီးကြပ်ခဲ့ကြသည်။

ပလ္လင်တော်တွင် ပါဝင်သောရွှေငွေရတနာများမှာ -

၁။ ကြေးချိန် (၆)ပိဿာ

၂။ ငွေသား (၁)ပိဿာ (၉၂)ကျပ် (၃)မူး (၁)ပဲ

၃။ ရွှေသား (၆)ပိဿာ (၉၂)ကျပ် (၃)မူး (၁)ပဲ

၄။ ရတနာလုံးရေ (၂၇၆၅)၊ ရတီချိန်(၈၃၅)

၅။ စိန်လုံးရေ (၁၃)၊ ရတီချိန်(၂၂) (၅)ပဲ
၆။ မြလုံးရေ (၇၅)၊ ရတီချိန်(၆၅)
၇။ ကျွန္နနီလာလုံးရေ (၁၂၂)၊ ရတီချိန်(၂၁၆)
၈။ ပုလဲလုံးရေ (၁၁၈)၊ ရတီချိန်(၇၀)
၉။ ကျောက်မျိုးစုံလုံးရေ (၉၃၇)၊ ရတီချိန်(၄၀)တို့ဖြစ်ကြသည်။

လုပ်ခအပါအဝင် ပလ္လင်တော်၏စုစုပေါင်းတန်ဖိုးမှာ ကျပ်(၃၁၉၂၈)နှင့် (၈)ပဲဖြစ်သည်။

ပလ္လင်တော်ကြီးအောင်မြင်စွာပြီးစီးသောအခါ ဝဇီရာရာမဆရာတော်အမှူးရှိသော ဆရာတော်၊ သံဃာတော်သုံးကျိပ်ကျော်တို့ကို ပင့်ဖိတ်၍ မန္တလေးမြို့တွင်လက်မွန်အစ ရေစက်သွန်းချ လှူဒါန်းခဲ့သည်။ ထို့နောက်ပလ္လင်တော်ကို မန္တလေးမှမော်လမြိုင်သို့ဆောင်ယူပြီးလျှင် ကြီးကျယ်ခမ်းနားစွာ ည့ဲခံကျင်းပ၍ ဒုတိယအကြိမ်ရေစက်သွန်းချလှူဒါန်းခဲ့သည်။ ရေစက်နှစ်ကြိမ် သွန်းချလှူဒါန်းပြီး သီဟိုဠ်ကျွန်းသို့ပို့ဆောင်လှူဒါန်းရန် မော်လမြိုင်မှရန်ကုန်သို့ကူးခဲ့ကြသည်။ ရန်ကုန်သို့ရောက်သောအခါ ဆူးလေဘုရားရင်ပြင်တော်တွင် ပလ္လင်ရတနာမဝံလာပွဲကြီးကို (၅)ရက်တိုင်တိုင် ကျင်းပခဲ့သည်။

၁၂၆၂-ခုနှစ်၊ တပို့တွဲလဆန်း(၅)ရက် (၂၃ ဇန်နဝါရီ ၁၉၀၁)တွင် ဝဇီရာရာမဆရာတော်အမှူးပြုသော ရဟန်းပရိသတ်(၈၀)ကျော်နှင့် ဒေါ်ရွှေပွင့်အပါအဝင် ဥပသကာ၊ ဥပသကီ လူပရိသတ် (၄၀၀)ကျော်တို့သည် ရွှေပလ္လင်လှူရန် သီဟိုဠ်ကျွန်းသို့ရေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ကြသည်။ ၁၂၆၂-ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက် (၂၇ ဇန်နဝါရီ ၁၉၀၁)တွင် သီဟိုဠ်ကျွန်း။ ကိုလံဘိုမြို့သို့ ဆိုက်ရောက်ပြီး (၇)ရက်ကြာပလ္လင်ပူဇော်ပွဲကျင်းပခဲ့သည်။ ထိုနောက် ပလ္လင်တော်ကို သခ်ဿပူရိ(ကန်ဒီ)မြို့သို့ဆက်လက်သယ်ဆောင်ရောက်ရှိခဲ့သည်။ ထိုသို့ရောက်ရှိပြီးနောက် သီဟိုဠ်သံဃာ(၇)ကျိပ်ကျော်တို့ကို ပင့်ဖိတ်၍ ဖဲသင်္ကန်း၊ ပိုးခါးပန်းကြိုး၊ ကော်ဇော၊ ကွမ်းအစ်၊ ရေသောက်ခွက်၊ ဆွမ်းစားပန်းကန်စုံနှင့် စာအုပ်ပရိက္ခရာအစုံ (၇၀)ကျော် အလှူဝတ္ထုများဖြင့် သုံးကြိမ်မြောက် ရေစက်သွန်းချလှူဒါန်းခဲ့ကြသည်။ ၁၂၆၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၅)ရက် (၇ ဖေဖော်ဝါရီ ၁၉၀၁)တွင် ပြီးဆုံးခဲ့သည်။ ထိုစဉ်က မော်လမြိုင်မှ ဥပသကာများသည် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် ထီးနှိုးနန်းစဉ်

ထားသော ဘေးတော်အလောင်းမင်းတရားကြီးဆင်တော်မူသည့် ကျောက်စီစလွယ်တော်၊ မိဖုရားခေါင်ကြီးဆင်တော်မူသော ကျောက်စီရွှေသား "ဘယက်"တို့ကို စွယ်တော်စစ်၌ တင်လှူပူဇော်ထားသည်ကိုတွေ့ခဲ့ရသည်။ ယခုသော် အဆိုပါ နန်းစဉ်ပစ္စည်းနှစ်ခုတို့မရှိတော့ဟု ခိုင်လုံသောသတင်းရရှိ၏။

ဝဇီရာရာမဆရာတော်သည် မန္တလေးနေပြည်တော်ရှိ မဟာမုနိရုပ်ပွားတော်ကြီးကို အခါခါသတိရတော်မူခဲ့သည်။ မော်လမြိုင်မြို့တွင် ဤသို့သောရုပ်ပွားတော်ကြီးတစ်ဆူ သွန်းလုပ်ထားရပါမူ မြို့သူမြို့သားတို့လည်း အစဉ်မပြတ်ကုသိုလ်ပွားကြလေအံ့၊ မန္တလေးနေပြည်တော်သို့ အထူးမသွားရဘဲ မဟာမုနိရုပ်ပွားတော်ကြီးကို အစဉ်မပြတ်ပူဇော်ရလတ္တံ့ဟူသော အကြံဖြစ်တော်မူသည်။ ထိုအကြံသည် မနောက်မှ၊ ဝစီက်သို့ရောက်သဖြင့် ကျောင်းအစ်မကြီးဒေါ်ရွှေပွင့်သိရှိသွားသည်။ ဒေါ်ရွှေပွင့်သည် သာသနာ့အာဏာနည်အမျိုးသမီးကြီးဖြစ်သည့်အားလျော်စွာ ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်လည်း ပြည့်ဝစေတော့၊ မြို့၏ကျက်သရေလည်းဖြစ်စေတော့၊ ငါ၏ ဂုဏ်သတင်းလည်း သာသနာတည်သရွေ့ ပွင်းလင်းရစ်စေတော့ဟူသောစိတ်ထားဖြင့် မန္တလေးရွှေမြို့တော်သို့ အခြွေအရံအသင်းအပင်းနှင့်တကွသွားရောက်ပြီးလျှင် မဟာမုနိရုပ်ပုံတော်ကို သေချာစွာကူးယူခဲ့လေသည်။

ထိုစဉ်ကာလက ဇာတာစန်းလဂ် လျှမ်းလျှမ်းတက်နေကြသော မော်လမြိုင်မြို့သူ၊ မြို့သားတို့က ဘုရားအတွက်တအားတက်ပြီးလျှင် သူထက်ငါ ကုသိုလ်ပါဝင်ခဲ့ကြလေသည်။ အခြေခံရရှိသောအခါ နာဝဝိသတောင်ယံ ကျိုက်သလ္လံ ကုန်းတော်၏ မြောက်ဖျား အသွားအလာပြေပြစ်သော မြေမျက်နှာတောင်စွယ်၌ ဝဇီရာရာမဆရာတော်ကြီးကြွပ်မှုဖြင့် မြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်နှင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းတို့သည် ၁၂၆၆-ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက် (၁၆ မေ ၁၉၀၅)တွင် စတင်သွန်းလုပ်ခဲ့ကြသည်။ ဘုရားသွန်းလုပ်ရာတွင် အနီးကပ်ကြီးကြပ်ရသော ဝဇီရာရာမဆရာတော်မှာ ထိုစဉ်က သက်တော်(၇၄)နှစ်ရှိပြီဖြစ်သဖြင့် အလှမ်းကွာသောရတနာဘုံမြင့်ကျောင်းမှ ဘုရားသွန်းရာသို့ နေ့စဉ်အခေါက်ခေါက် အခါခါ ကြွသွားကြွလာပြုရန် အခက်အခဲရှိသည်။ ထိုကြောင့် မဟာမြတ်မုနိဘုရားအနီးတွင် ဒေါ်ရွှေပွင့်က "ရတနာစံကျောင်း"ကို အလျင်အမြန် ဆောက်လုပ်လှူဒါန်းသည်။ "ရတနာစံကျောင်း"ထိပ်တွင် ရှမ်းစုရပ်နေ ဦးထွန်း+ဒေါ်ဖဲ ဇနီးမောင်နှံတို့က

ဘုရားဆောင်ကို ထပ်မံဆောက်လုပ်လှူခဲ့ကြောင်း သိရသည်။

မဟာမြတ်မုနိရွှေပွားတော်တွင် ပါဝင်သောပစ္စည်းများမှာ-

၁။ ရွှေသားဒင်္ဂါးခွံ (၁၈၄၃)ကျပ် (၁၂)ပဲ

၂။ ငွေသားဒင်္ဂါးခွံ (၆၂၈၄)ကျပ် (၇)ပဲ

၃။ မိုးကြိုးဒင်္ဂါးခွံ (၃၅)ကျပ် တို့ဖြစ်လေသည်။

မန္တလေးမဟာမုနိအလား ထင်ရှားသပ္ပါယ်ကြည်ညိုဖွယ်ရှိသော မော်လမြိုင်ရှိ မဟာမြတ်မုနိရွှေပွားတော်ကြီးမှာ ယခုထက်တိုင် မော်လမြိုင်မြို့၏ ကျက်သရေဆောင်လျက်ရှိသည်။ ဒဂုန်ခင်ခင်လေးရေးသားပြုစုသော "ဝက်မစွတ် အတ္ထုပ္ပတ္တိနှင့်စာပေများ" စာအုပ်၊ စာမျက်နှာ-၂၇၉-တွင် မင်းကြီးမင်းထင်မဟာစည်သူဘွဲ့ခံ ဝန်ထောက်တော် ဝက်မစွတ်မြို့စားမင်းသည် ဝဇီရာရာမဆရာတော်၏ မိန့်ဆိုတိုက်တွန်းချက်ဖြင့် မန္တလေးရတနာပုံမြို့၊ မဟာမုနိရွှေပွားတော်ကြီးနှင့် စနစ်ပုံစံထပ်တူ မော်လမြိုင်မြို့တွင်သွန်းလုပ်သော (ဒုတိယမဟာမုနိဘုရားရွှေပွားတော်မြတ်ကျောက်စာ) ကိုရေးသည်ဟု အမှတ်အသားတွေ့ရှိရသည်။ သို့သော် အဆိုပါကျောက်စာကို မတွေ့မမြင်ဘူးချေ။

ကျောင်းအစ်မကြီး ဒေါ်ရွှေပွင့်၏ နောက်ဆုံးနေအိမ်မှာ အိမ်အမှတ်-၂၉၊ လမ်းသစ်ရပ်၊ ဒိုင်းဝန်းကွင်းတွင်ဖြစ်သည်။ ထိုအိမ်တွင် ပထမဆုံးအိမ်ရှင်ဖြစ်သော ဒေါ်ရွှေပွင့်၏ ပုံတူပန်းချီကားကြီးတစ်ချပ် ဆွဲချိတ်ထားသည်ကိုတွေ့ရသည်။ ဒေါ်ရွှေပွင့်အသုံးပြုခဲ့သော ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်လည်းရှိသည်။ ထိုအိမ်၏ အောက်ဆင်းလှေကားဘောင်ကို တစ်ပြားလျှင်(၁၇၁)လက်မရှည်သော ဆယ့်နှစ်ဇင်းမူး ကျွန်းပျဉ်(၆)ချပ်ကို ကွေး၍ထပ်ကာပြုလုပ်ထားသည်ကိုတွေ့ရသည်။ ထိုအိမ်၏အထက်ထပ်ပြတင်းပေါက်မှနေ၍ မဟာမြတ်မုနိဘုရားကိုလှမ်း၍ ဖူးမြော်နိုင်သည်။

ဒေါ်ရွှေပွင့်သည် ဇရာပိုင်းသို့ရောက်လာသောအခါ မိမိကုသိုလ် ရွှေတောင်ကျောင်းသို့ သီတင်းနေ့တိုင်းသွားရောက် ဥပုသ်စောင့်ခဲ့သည်။ ရွှေတောင်ကျောင်းဝင်းအတွင်းရှိ ဇရပ်ကြီးပေါ်တွင် ဒေါ်ရွှေပွင့်အိပ်စက်ခဲ့သော ကျွန်းသားခုတင်ကြီးတစ်လုံးယခုထက်တိုင်ရှိသည်။ ဒေါ်ရွှေပွင့်သည် မဟာမြတ်မုနိဘုရားတည်ပြီး နှစ်အနည်းငယ်အကြာ ဝဇီရာရာမဆရာတော်ထက်စောလျှင် ကွယ်လွန်ခဲ့ဟန်တူသည်။ ဒေါ်ရွှေပွင့်ကွယ်လွန်သောအခါ မဟာမြတ်မုနိဘုရားပရဝုဏ်အတွင်းရှိ သခ်ိုင်း

ပြာသာဒ်တွင်မြုပ်နှံခဲ့သည်။ ယခုထိုသရီဖိုင်းပြာသာဒ်မရှိတော့ပြီ။

ဝဇီရာရာမဆရာတော်သည် မော်လမြိုင်ရတနာဘုံမြင့်ကျောင်းတိုက်တွင် (၁၅)ဝါမက သီတင်းသုံးပြီးနောက် စစ်ကိုင်းတောင်ရိုးသို့ ကြွသွားတော်မူခဲ့သည်။ စစ်ကိုင်းတောင်ရိုး "ရတနာဘုမ္မိချောင်"၌ သီတင်းသုံးတော်မူ၍ ဝိပဿနာဥရဝန်ကို အားသွန်ကြိုးပမ်းတော်မူသည်။ ၁၂၇၀-ပြည့်နှစ်၊ တပို့တွဲလဆုတ်(၃)ရက် (၇ ဖေဖော်ဝါရီ ၁၉၀၉)နေ့တွင် ကိုယ်ရောင်ရောဂါဖြင့်ပျံလွန်တော်မူသည်။

မန္တလေးတွင် ဘုန်းကြီးပျံများနှင့်ဝတ်သတ်၍ "စံကျောင်း-ဆင်၊ မြတောင်-ကရင်၊ ရွှေကျင်-ဘုန်းကြီး၊ မီးလောင်တိုက်-ခင်မကန်၊ လူစည်ဟန်-မိုးတား၊ ဥတည်ဘွား-ဝဇီရာ"ဟူ၍ အကျော်ဇေးယျ (၆)ပါးဆိုသော ပြောစမှတ်ကြီးတစ်ခုရှိသည်။

"စံကျောင်း-ဆင်"ဆိုသည်မှာ စံကျောင်းဆရာတော်ကြီး ပျံတော်မူစဉ်က တွေ့ရသောဆင်ရုပ်ကြီးသည် ဘုန်းကြီးပျံဆင်ရုပ်များတွင် အကြီးဆုံးဖြစ်သည်။ ထိုဆင်ရုပ်ကြီးခိုးသူမှာ မြင်းခြံသားဖြစ်သည်။ ဘုန်းကြီးပျံကွင်းအတွင်းမှ ဆင်ရုပ်ကြီးကို ရောဝတီမြစ်ကမ်း ဂေါဝိန်ဆိပ်မှပင်လှမ်းမြင်ရသည်။ 'မြတောင်-ကရင်" ဆိုသည်မှာ မြတောင်ဆရာတော်ကြီးပျံတော်မူသောအခါ မော်လမြိုင်မှကြွလာသော ဝဇီရာရာမ ဆရာတော်ကိုအမှူးထား၍ တပည့်သံယာများလုပ်သည့် ကရင်ရုပ်ကြီးသည် ဘုန်ကြီးပျံ ကရင်ရုပ်များတွင် အကြီးဆုံးအချိုးအကျဆုံးဖြစ်သည်။ အရုပ်ကြီးတွင် မျက်လုံးအရှင် တပ်ပေးထားပြီး ပရိသတ်ကိုမျက်တောင်ခတ်မြ မျက်လုံးလှုပ်မြသောအခါ ပရိသတ်က အလွန်ပွဲကျသည်။

"ရွှေကျင်-ဘုန်းကြီး"ဆိုသည်မှာ ၁၂၅၅-ခုနှစ်၊ တပေါင်းလဆုတ်(၈)ရက် (၂၈ မတ် ၁၈၉၄)တွင် ပထမရွှေကျင်ဆရာတော် "မင်းတွန်းငွေတောင်တောရ"၌ ပျံလွန်တော်မူသောအခါ ဘုန်းကြီးပျံလာသည့် သံယာပရိသတ်သည် အစည်ကားဆုံး ဖြစ်သည်။

ရတနာပုံရွှေမြို့တော် အရှေ့ပြင်၊ ခင်မကန်ဆရာတော်ကြီး ပျံတော်မူသောအခါ ဆောက်လုပ်သည့်လောင်တိုက်ကြီးသည် အလွန်ကြီး၍ အလွန်အချိုးအစားကျသည်။ ထိုကြောင့် "မီးလောင်တိုက်-ခင်မကန်"ဟု စာချိုးခြင်းဖြစ်သည်။

"လူစည်ဟန်-မိုးတား"ဆိုသည်မှာ၊ တောင်ပြင်မိုးတားသာသနာပိုင်ဆရာတော်၏ ဘုန်းကြီးပျံတွင် လူပရိသတ်ကြိတ်ကြိတ်တိုးစည်ကား၍ သံယာပရိသတ်နည်းသည်။

ထိုကြောင့် လူစည်ကားရာတွင် မိုးတားဘုန်းကြီးပျံက စံချိန်တင်လောက်သည်ဟု ဆိုလိုရင်းဖြစ်သည်။

မော်လမြိုင်ဝဇီရာရာမဆရာတော် ပျံလွန်တော်မူသောအခါ ဘုန်းကြီးပျံကို မင်းကွန်းမိုးမိတ်ကုန်းမြေ၏တောင်ဘက်ရှိ "ခိုတောင်ချောင်းပေါက်ရွာ"အနီး၊ သောင်ပြင်ကြီးတွင် ကျင်းပသည်။ ဆရာတော်၏တပည့်ရင်း မော်လမြိုင်မှကြွလာသော ပထမကျော် အဂ္ဂမဟာပဏ္ဍိတဦးကေတုမာလာက ဥတည်ဘွားခုပ်ကြီးပြုလုပ်၍ ပူဇော်သည်။ ထိုအခုပ်ကြီးသည် အလွန်ကြီးသောကြောင့် အင်းဝမှဝင်လှမ်းမြင်ရသည်။ ထိုကြောင့် "ဥတည်ဘွား-ဝဇီရာ"ဟု စာချိုးထားခြင်း ဖြစ်သည်။

ဝဇီရာရာမဆရာတော်သည် အောက်ဖော်ပြပါကျမ်း(၁၆)ကျမ်းကိုလည်း ပြုစုစီရင်တော် မူခဲ့သည်။

၁။ ဒသသီလဝိနိစ္ဆယ
၂။ ဒုဿီလဒါနာဒိဝိနိစ္ဆယ
၃။ ဒွတ္တိသာကာရ ဒီပကကျမ်း
၄။ ဓမ္မဒီပနီကျမ်း
၅။ ဗုဒ္ဓဝန္ဒနာဂါတာပါဠိနိဿယ
၆။ မဟာနမက္ကာရ ဗုဒ္ဓဝန္ဒနာကျမ်း
၇။ မာဝဓီသန္ဒေသကထာ
၈။ လက္ခဏရသ ပဓူပဒ္ဒာန်ဝဒဒ္ဒာန်ဝိနိစ္ဆယဂါထာနိဿယကျမ်း
၉။ ဝိနိစ္ဆယသန္ဒေသကထာ
၁၀။ ဝိဝဋ္ဋနိဿတဒါနကထာ
၁၁။ ဝိသုဂါမဝိနိစ္ဆယ
၁၂။ ဓေဿန္တရဇာတကာ လင်္ကာရကျမ်း
၁၃။ သီဿကောဝါဒကျမ်း
၁၄။ သုတ်ဝိနည်း အဘိဓမ္မာ နိဒါန်းအမေးအဖြေ
၁၅။ အနတ္တလက္ခဏသုတ်ပါဠိတော် နိဿယ နှင့်
၁၆။ အာဠာနာဠိယသုတ် နိဿယသစ် တို့ဖြစ်ကြသည်။

မော်လမြိုင်တွင် "ဝဇီရာရာမိကဂိုဏ်း"ဟူ၍ ရှိခဲ့သည်။ ယနေ့အထိ ထိုဂိုဏ်းတွင်

ပါဝင်သော ကျောင်း(၉)ကျောင်း၏အမည်ကိုသာ သိရသေးသည်။ ထိုကျောင်းတို့မှာ

၁။ ကြံခင်းကျောင်း

၂။ တောင်ပေါက်ကျောင်း

၃။ ပိဋကတ်တိုက်ကျောင်း

၄။ မင်းကျောင်း

၅။ မန်ကျည်းတောရွှေကျောင်း

၆။ ရတနာခံကျောင်း

၇။ ရတနာဘုံဖုံကျောင်း

၈။ ရတနာဘုံမြင့်ကျောင်းနှင့်

၉။ ရွှေတောင်ကျောင်းတို့ဖြစ်ကြသည်။

ဂိုဏ်းဝင်ကျောင်းတိုက်တိုင်းတွင် အလင်္ကာကျော်စွာပန်းချီဆရာကြီး ဦးစောမောင်၏ ဖခင်ဆရာအား ဆီဆေးဖြင့်ရေးဆွဲထားသော ကျိုက်သလ္လံ အနောက်တောင်စောင်းတန်းပုံ၊ ပန်းချီကားတစ်ချပ်စီကို နံပါတ်စဉ်ရေးထိုး၍ လှူဒါန်းထားသည်ကိုတွေ့ရသည်။

မော်လမြိုင်သို့ကြွရောက်သီတင်းသုံး၍ သာသနာပြုဆော်မူခဲ့ကြသော ရာဇဂုရု ဆရာတော်ကြီးများအနက် ပထမဆုံးဆရာတော်မှာ ကျီးသဲလေးထပ်ဆရာတော် ဖြစ်သည်။ ဆရာတော်သည် "မဝံလာဘုံကျော်"ရွှေတောင်ကျောင်းသို့ကြွရောက်၍ (၄)ဝါသီတင်းသုံးကာ သာသနာပြုတော်မူခဲ့သည်။

ဒုတိယဆရာတော်မှာ "သဝံဇာဆရာတော်"ဖြစ်သည်။

တတိယဆရာတော်မှာ "ဝဇိရာရာမဆရာတော်" ဖြစ်သည်။

စတုတ္ထဆရာတော်ဖြစ်သော "စာရိတ္တဘိဇဇရာဇဂုရု"တံဆိပ်တော်ရ အင်းဝဆရာတော်သည် ကိုသာဖွေး၊ ကိုဖောင်သာ၊ကိုဘုံနှင့်ကိုပန်ညီအစ်ကိုလေးယောက် မိသားစုကောင်းမှု "အင်းဝကျောင်းတိုက်"တွင် (၃၂)ဝါသီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့သည်။

ပဥ္စမမြောက်ဆရာတော်ဖြစ်သော "ဝိမလာစာရာဘိဇဇ မဟာဓမ္မရာဇ ဓိရာဇဂုရု"တံဆိပ်တော်နှင့် "ဝိမလာစာရာဘိ ကဝိဇဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်၊ တံဆိပ်တော်နှစ်ထပ်ရ "မင်းခင်းဆရာတော်"သည် ဦးရိုးမောင်+

:29B

ဒေါ်မြနှစ်ဇနီးမောင်နှံတို့ကောင်းမှု၊ သိပ္ပံလမ်းရှိ "မင်းခင်းကျောင်းတိုက်"တွင် သီတင်းသုံး၍ ဗုံလွန်တော်မူသည်အထိသီတင်းသုံးကာ မော်လမြိုင်တွင်သာသနာပြုတော်မူခဲ့သည်။

ဆဋ္ဌမမြောက် ရာဇဂုရုဆရာတော်ဖြစ်သော ဗုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ကတိုးရွာဇာတိ "ကတိုးဆရာတော်"သည် "ကတိုးကျောင်းတိုက်"တွင်သီတင်းသုံး၍ မော်လမြိုင်တွင်သာသနာပြုတော်မူခဲ့သည်။ "ဗုဒ္ဓသာသနိကပဌဝိကမှိမ်းကြီး" အပါအဝင် ကျမ်းပေါင်း(၅၅)ကျမ်းကို ပြုစုစီရင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ အရှင်စက္ကပါလသည် ၁၂၅၈-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၂)ရက် (၁၉ မတ် ၁၈၉၇)တွင် ရတနာဘုံမြင့်ကျောင်းတိုက်ပရိဝုဏ်အတွင်းရှိ "သုမင်္ဂလာပသာဒနီ သိမ်တော်ကြီး"၌ ရဟန်းခံစဉ်က ဥပလ္လာယ်ဆရာမှာဝဇီရာရာမဆရာတော်ဖြစ်၍ ရာဇဂုရု ကတိုးဆရာတော်က ကမ္မဝါစာဆရာတော်ဖြစ်ခဲ့ကြသည်။

ပထမကျော်အဂ္ဂမဟာပဏ္ဍိတ၊ မော်လမြိုင်မြို့၊ ရတနာဘုံပျံကျောင်းဆရာတော် အရှင်ကေတုမာလာလင်္ကာရနှင့် မော်လမြိုင်မြို့၊ တောင်ပေါက်ကျောင်းဆရာတော် အရှင်စက္ကပါလဆရာတော်တို့သည် ဝဇီရာရာမဆရာတော်၏ တပည့်ရင်းချာများဖြစ်တော်မူကြသည်။

အခန်း(၁၃)

ရွှေတောင်ကျောင်းတိုက်သမိုင်း (ဒုတိယပိုင်း)

ကျီးသဲလေးထပ်ဆရာတော်ကြီး ကြွရောက်အလှူခံ၍ ပထမဆုံးသီတင်းသုံးတော်မူခဲ့သော ဒေါ်ရွှေပွင့်ကောင်းမှ "မစံလာဘုံကျော်" ရွှေတောင်ကျောင်း၏ သက်တမ်းသည်၊ ကောဇာ၊ ၁၃၇၀-ပြည့်နှစ် (ခရစ်-၂၀၀၈)တွင် သက်တမ်း(၁၃၁)နှစ် ရှိခဲ့လေပြီ။

၁၃၁-နှစ်သောကာလအတွင်း ရွှေတောင်ကျောင်းသည် ခေတ်အမျိုးမျိုးကို ကြုံတွေ့ခဲ့ရသည်။ နယ်ချဲ့အင်္ဂလိပ်လက်အောက်ခံကိုလိုနီခေတ်၊ ဖက်ဆစ်ဂျပန်ခေတ်၊ နယ်ချဲ့အင်္ဂလိပ်ခေတ်၊ လွတ်လပ်ရေးခေတ်၊ ပြည်တွင်းဆူပူသောင်းကျန်းမှုခေတ်စသဖြင့် ခေတ်အမျိုးမျိုးစနစ်အဖုံဖုံကို ဖြတ်သန်းကျော်လွှားခဲ့ရသည်။ ကောဇာ၊ ၁၂၈၃-ခုနှစ် (ခရစ်-၁၉၂၁)တွင် ကျိုက်သလ်ဘုရားမြောက်ဘက်တန်ဆောင်းကြီးကို တည်ဆောက်လိုက်သောအခါ ရွှေတောင်ကျောင်း၏ အနောက်ဘက်ပိုင်းအောက်ထပ်သည် မြှုပ်ကွယ်သွားခဲ့ရသည်။

ကျီးသဲလေးထပ်ဆရာတော် ရွှေတောင်မြို့သို့ပြန်ကြွသွားသောအခါ ပထမဦးအာစရ၊ ဒုတိယ-ဦးဩဘာ၊ တတိယ-ဦးဥဂ္ဂံသနှင့် စတုတ္ထ-ဦးကဝိန္ဒဟူ၍ ဆရာတော်လေးပါးသည် ကျောင်းထိုင်ဆရာကော်မားအဖြစ် စဉ်ဆက်မပြတ် ရွှေတောင်ကျောင်းတွင် သီတင်းသုံးတော်မူခဲ့ကြသည်။

၁၃၅၈-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၄)ရက် (၆ မတ် ၁၉၉၇)တွင် စတုတ္ထဆရာတော်ဦးကဝိန္ဒ ပျံလွန်တော်မူသည်။ ဓမ္မဝိနယနှင့်လျော်ညီသည့် ထိန်းသိမ်းစောင့်ရှောက်နေထိုင်ရန် တပည့်တစ်ဦးမျှမကျန်ခဲ့ချေ။ ထိုကြောင့် မော်လမြိုင်မြို့လုံးဆိုင်ရာ သုဓမ္မာဝိဂ်ကြီးက အခိုက်အတန့်တာဝန်ယူထိန်းသိမ်းခဲ့ရသည်။

ဆရာတော်ဦးကဝိန္ဒ ပျံလွန်တော်မူပြီးနောက် ရွှေတောင်ကျောင်းတိုက်ကို သုဓမ္မာဝိဂ်ကြီးက ခေတ္တထိန်းသိမ်းခဲ့သည်။ သို့သော်လည်း အချိန်ပြည့်ထိန်းသိမ်းနိုင်သည်မဟုတ်ချေ။ လုံလောက်သောအစောင့်များလည်း ချထားနိုင်ခြင်းမရှိခဲ့ချေ။ ရွှေတောင်ကျောင်းပရိဝုဏ်သည်ကျယ်ဝန်း၍ ချောင်ကြို၊ ချောင်ကြားများသည်။ ကျောင်းမှာချောင်ကျသည့်အပြင် ခိုင်ခဲ့သောအရံအတားလည်းမရှိချေ။ လျှပ်စစ်မီး

လည်းမရှိသဖြင့် ညအခါအမှောင်ကျလျက်ရှိလာသည်။ အခြေနေအရပ်ရပ်သည် ဒုစရိုက်သမားများအတွက် အကွက်ကောင်းဖြစ်နေခဲ့သည်။ ထိုအခါ ရွှေဟောင်းပစ္စည်းရောင်းဝယ်သူအမည်ခံ မသမာသူလူတစုသည် ကျောင်းတိုက်ကြီးအတွင်းမှ ရွှေဟောင်းပန်းချီ၊ ပန်းပုလက်ရာပစ္စည်းများ၊ အိုးခွက်ပန်းကန်ခွက်ယောက်များကို ခိုးယူသွားခဲ့ကြသည်။ ကျောင်းတိုက်ကြီးအတွင်းဖောက်ထွင်းဝင်ရောက်ပြီး နှစ်တစ်ရာကျော်သက်တမ်းရှိပြီဖြစ်သော သံပန်းသံတံခါးများကို ဖြုတ်ယူသွားရုံမျှမက ခြောက်တစ်လက်မကျွန်းပျဉ်ကြီးများကိုခွာ၍ ခိုးယူသွားခဲ့ကြသည်။ ကြေကွဲဖွယ်အကောင်းဆုံးမှာ ကျီးသဲလေးထပ်ဆရာတော်ကြီးလက်ထက်ကပင် ပေထုပ်များကို စနစ်တကျစီစဉ်သိုလှောင်ထား၍ ပန်းပုရုပ်များဖြင့်ခြယ်မှုန်းထားကာ ရွှေချထားသည့်စာတိုက်ကြီး (ပေပုရပိုက်စာများထည့်ရာသေတ္တာ)ကိုပါ ခိုးယူသွားကြခြင်းဖြစ်သည်။

အဆိုပါ ဒုစရိုက်သမားမသမာသူများသည် လွန်ခဲ့သောသုံးလေးနှစ်အချိန်ထိ ဆက်လက်သောင်းကျန်းသည်ကိုတွေ့ရသည်။ ကျိုက်သလ္လဲမြောက်ဘက်စောင်းတန်းရှိ အလက်ာကျော်စွာ ပန်းချီဆရာကြီးဦးစောမောင်၏လက်ရာ "နန္ဒမင်းသား ဘုရားသခင်၏သပိတ်တော်ကိုထမ်းကာ နောက်တော်ကလိုက်ပုံ"နှင့် "ဒီပင်္ကရာ မြတ်စွာဘုရားက သုမေဓာရှင်ရသေ့အား ဗျာဒိတ်စကားမိန့်ကြားနေတော်မူပုံ" ပန်းချီကားကြီး(၂)ချပ်မှာ လွန်ခဲ့သော(၄)နှစ်ခန့်က ပျောက်ဆုံးသွားခဲ့သည်။

အထက်ပါပစ္စည်းများ ပျောက်ပျက်ဆုံးရှုံးမှုကြောင့် ပြည်ပမှမ်းနည်း ရသော်လည်း ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ရှိခိုးပူဇော်တော်မူခဲ့သည့် ဥာဏ်တော်လက်မ(၄၀)ရှိ "မဲဘုရား"တစ်ဆူကို အကောင်းပကတိအတိုင်း ဖူးတွေ့ရသောအခါတွင်တား ကြည်နူးဝမ်းမြောက်ခြင်းဖြစ်ရသည်။

ဆရာတော်ကြီးသည် အဆိုပါမဲဘုရားကို ရှိခိုးပူဇော်ရာတွင် မိမိကိုယ်တော်တိုင် ရေးသားပြုစုတော်မူသော ပကိဏ္ဏက နမက္ကာရ အစ်နွှေယျ ဘုရားရှိခိုးကြိုးကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူခဲ့မည်မှာ မလွဲစေကန့်ဖြစ်သည်။

အဆိုပါမဲဘုရား၏ဖြစ်တော်စဉ်နှင့် ဖော်ပြပါဘုရားရှိခိုးကြိုးတို့၏ ဝိသေသလက္ခဏာများကို သူတော်ကောင်း၊ သူမြတ်လောင်းတို့ ကြည်ညိုနိုင်ကြစေရန် တင်ပြအပ်ပါသည်။

ကုန်းဘောင်ခေတ်နှောင်း ရတနာပုံခေတ်တွင် မဲဘုရားများကို ရွှေဘိုခရိုင်၊

ရေဦးမြို့အနောက်ဘက် (၈)မိုင်ခန့်ကွာဝေးသော "မဲအိုး"၊ "စည်သမြေ"၊ "မလွယ်" နှင့် "လိန်တော"ရွာများတွင် ပြုလုပ်ပါသည်။

လုပ်နည်းလုပ်ဟန်မှာ အစဦးစွာခွဲကို ကောင်းစွာနယ်ရပါသည်။ နယ်ပြီးခွဲဖြင့် ပုံကြမ်းလောင်းရပါသည်။ လက်ဖြင့်အကြမ်းထည်ပြုလုပ်ပြီးသောအခါ ပုံတော်သေချာစွာပီသစေရန် လိုအပ်သောနေရာများ၌ သစ်သားသို့မဟုတ် သံဖြင့်ပြုလုပ်သော "သံလက်"ခေါ်သောကိရိယာဖြင့် အနုစိတ်ပြုပြင်ရသည်။ ခွဲမခြောက်မီ ကောက်ရိုးပြာနှင့်ရေကို သမအောင်ဖျော်၍ ရွပ်လုံးတော်ကိုနှံ့အောင်သုတ်လိမ်းရပါသည်။ ထိုနောက် သစ်စေးနှင့် အလွန်နုသောကျွန်းသားလွှာမှုန့်ကို နယ်၍ထားသောအစာဖြင့် တစ်ထပ်လိုက်၍ပံရသည်။ ထိုအခါတွင်လည်း သံလက်ကိုအားကိုးလျက် မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်တော်စသည့် နုနယ်သောနေရာများတွင်လိုက်၍ အသေးစိတ်ရွပ်လုံးဖော်ရသည်။ ပြီးလျှင် အတွင်းသားရွပ်လုံးကို ဖယ်ထုတ်ပစ်ရသည်။ လက်မောင်းနှင့် ဦးခေါင်းတော်စသော အထုတ်ရခက်သည့်နေရာများကိုကား အပေါ်ခွံကိုခွဲ၍ထုတ်ယူရပါသည်။ ကွဲကြောင်းများကို သစ်စေးသန်းဖြင့်ပင် ဆက်ခြင်း၊ ဖာထေးခြင်းတို့ကို အလွယ်တကူ ပြုလုပ်နိုင်ပါသည်။ ပြီးလျှင် သစ်စေးကိုအရေကြည်အောင်စစ်ယူပြီး ဖွဲမြှာနှင့် ရောစပ်ထားသည့်သရိုးနုကို လိမ်းကဲ့ရသည်။ ပြီးလျှင် ကျောက်စား၌ နှမ်းဆီသုတ်လိမ်းကာ အခြောက်ခံထားပါသည်။ သရိုးခိုင်သောအခါ ရေဆေးပြီးလျှင် တစ်ခါထပ်၍ကျောက်စားသေးသည်၊ နောက်ဆုံးတွင် အစင်ကြယ်ဆုံး စစ်ယူထားသည့် သစ်စေးဖြင့်အရောင်တင်ပါသည်။ မံဘုရားများကို စိုက်ပျိုးခြံနံကင်းလွတ်သော ရာသီတွင် ပြုလုပ်ပါသည်။ တစ်ရာသီတွင် လူတစ်ဦးလျှင် ဘုရားအဆု (၃၀)မှ (၄၅)ဆူအထိ ပြုလုပ်နိုင်ပါသည်။ ရာသီဥတုပူပြင်းလွန်းသောအခါ ခွဲ့အခြောက်မြန်လွန်းသဖြင့် လုပ်၍မရချေ။ ပူလွန်းလျှင်သစ်စေးကိပ်ခဲသည်။ မိုးရွာနေလျှင် သစ်စေးအကိပ်မြန်သော်လည်း ခွဲ့မခြောက်၍မလုပ်နိုင်ချေ။

မြန်မာတို့က မံဘုရားကိုပူဇော်မှုနည်းပါးသည်။ မံဘုရားအများစုကို ရှမ်းပြည်နယ်သို့ တင်ပို့ရောင်းချသည်။ ရှမ်းအမျိုးသားတို့က ဉာဏ်တော်တစ်တောင်ဝန်းကျင်ရှိ မံဘုရားများကို ပူဇော်လေ့ရှိသည်။ အဖိုးနှုန်းမှာမူသေမရှိဘဲ အတက်အကျရှိသည်။ အဆုငယ်လျှင် (၅)ကျပ်ဖြစ်၍ ဉာဏ်တော် (၆)ပေရှိလျှင် ကျပ်(၆၀)မှ ကျပ်(၇၀)အထိ ဖြစ်သည်။ မံဘုရားရောင်းသူ နီဗွာန်ကုန်သည်က အထမ်းသမား ငှားရသည်။ ရှမ်းပြည်

နယ်သို့ အသွားအပြန်သုံးလေးလကြာတတ်သည်။ အထမ်းသမားတစ်ဦးကို စရိတ်ငွေမိုး (၄၅)ကျပ်ပေးရသည်။ သယ်ယူသောအခါ ရွှမ်တုကြီးတွင်းသို့ ရွှမ်တုယေများ အဆင့်ဆင့် သွတ်သွင်း၍ ထမ်းပိုးဖြင့်ရွှေ့နောက်ထမ်းကာ သွားရသည်။ ခေါင်းပွဖြစ်၍ ပေါ့ပါးသောကြောင့် အထမ်းတစ်ထမ်းလျှင် ဘုရားအဆူပေါင်းများစွာ သယ်ယူသွားနိုင်သည်။

ဤသို့ဖြင့် ရွှေဘိုနယ်တွင်ပြုလုပ်သောမဲဘုရားသည် ရှမ်းပြည်နယ်သို့ရောက်သွားသည်။ ရှမ်းပြည်နယ်ရောက်မဲဘုရားတစ်ဆူကို ဒေါ်ရွှေပွင့်က ရှမ်းသစ်ကုန်သည်များမှတဆင့် မှာကြားဝယ်ယူပြီး ရွှေတောင်ကျောင်းသို့လှူဒါန်းသည်။ အဆိုပါမဲဘုရားကို ကျီးသဲလေးထပ်ဆရာတော်ကြီးက ပတိဏ္ဌာန နမက္ကာရ အစိန္တေယျ ဘုရားရှိခိုးတော်ကြီးကို ရွတ်ဖတ်သရဇ္ဈယ်၍ ရှိခိုးခဲ့လေသည်။ ပတိဏ္ဌာန နမက္ကာရ အစိန္တေယျ ဘုရားရှိခိုးကြီးကို ကျီးသဲလေးထပ်ဆရာတော်သည် ပြည်ပြို့နေ၊ သုကြွယ်ဦးမောင်အုံက နိယ်မပြတ်ရွတ်ဖတ်သရဇ္ဈယ်လိုပါသဖြင့် ဘုရားရှင်၏ ဂုဏ်တော်အပေါင်းကို စုဆောင်း၍ပေးတော်မူပါဟု လျှောက်ထားသောကြောင့် ရေးသားပြုစုတော်မူခဲ့ခြင်းဖြစ်သည်။ အဆိုပါဘုရားရှိခိုးတော်ကြီးသည် အလွန်တရာ ခုံလင်ခန့်ညား၊ ထူးခြားဆန်းကျယ်၊ အံ့ဖွယ်သူရဲ၊ ခက်ခဲလှစွာ၊ သူ့ဒွေ ထောမနာ ဝန္ဒနာအဖြစ် အထူးကြည်ညိုဖွယ်ရာဖြစ်နေပေသည်။

အလွန်ကျယ်ဝန်းလှစွာသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့နှင့်တကွ ဂန္ထရာသွယ်သွယ်၊ နိကာယ်အရပ်ရပ်တို့မှ ထုတ်နှုတ်သိကုံး ရေးသားတော်မူခဲ့ပေသည်။

ရွှတ်ပွားကြည်ညိုပူဇော်ရာတွင် လက်ဘာသွား၊ အထားအသို၊ မပိုမလိုဘဲ၊ အလက်ဘဂုဏ် မြည့်စုံပြောင်မြောက်စွာ ချောမောပြေပြစ်၊ ကျစ်လျစ်သိပ်သည်း၊ အနည်းနည်းဖြင့် သာယာကြည်နူးဖွယ်ဖြစ်ကာ ဂုဏ်တော်များကို အာရုံစူးစိုက်နိုင်စေလျက် သဒ္ဓါကြည်ညို ပိုမိုထက်သန်တိုးပွားနိုင်စေရန် ဂုဏ်အမျိုးတို့ဖြင့် မြည့်ဝခန့်ညား၊ အကျိုးများလှသော ဘုရားရှိခိုးကြီးဖြစ်ပေသည်။

အဆိုပါဘုရားရှိခိုးကြီးကို ရေးသားပြုစုတော်မူသည့် ဆရာတော်ကြီးကိုယ်တော်တိုင် အသံအနိမ့်အမြင့်၊ အဆွဲအငင်၊ အဖြတ်အတောက် မှန်မှန်ကန်ကန်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်၊ ရှိခိုးခဲ့သော ဖော်ပြပါမဲဘုရားသည် ဘုရားဂုဏ်တော်များဖြင့် စွဲငြိတည်နေပေတော့သည်။

စတုတ္ထဆရာတော် ဗျဂ္ဃလွန်တော်မူ၍ (၁၀၉)ရက်ကြာသောအခါ ရွှေတောင်ကျောင်းတွင် စဉ်ဆက်မပြတ်တိုးကွယ်ဆည်းကပ်သည့် ဒကာ၊ ဒကာမများကိုယ်စား ဒကာ(၆)ဦးတို့က လက်မှတ်ရေးထိုး၍ မော်လမြိုင်မြို့၊ နာယကဆရာတော်ဘုရားကြီးများထံလိပ်မူကာ အောက်ပါလျှောက်ကြားလွှာကိုပေးပို့သည်။

နာယကဆရာတော်ဘုရားကြီးများ
မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

နေ့စွဲ၊ ၁၃၅၉-ခုနှစ်၊ နယုန်လပြည့်၊ (၂၀ ဇွန် ၁၉၉၇)

ရှိသေဦးညွတ်စွာ ရှိခိုးလျှောက်ထားအပ်ပါသည်၊ နာယကဆရာတော်အရှင်သူမြတ်တို့ဘုရား။

တပည့်တော်များ ရွှေတောင်ကျောင်း၊ ကျောင်းဝင်ကျောင်းထွက် စဉ်ဆက်မပြတ် မိုးရာဝလေထုံးကိုးကွယ်ဆည်းကပ်လာသည့် ဒကာ၊ ဒကာမများက ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။ ရွှေတောင်ကျောင်းဆရာတော် ဗျဂ္ဃလွန်တော်မူပြီးနောက် ယခုအခါ ကျောင်းထိုင်ဆရာတော်လစ်လပ်နေရာတွင် ဆရာတော်ကြီးများက ကျောင်းထိုင်ဆရာတော်တစ်ပါး စီစဉ်ခွင့်ပြုမည်ကို ဘုရားတပည့်တော်များ သိရှိသည့်အလျောက် ဒကာ၊ ဒကာမများစဉ်ဆက်မပြတ် ဆက်လက်ဆည်းကပ်ကိုးကွယ်၍ သာသနာအကျိုးသယ်ပိုးကြရာတွင် ဘုရားတပည့်တော်များ၏ဆန္ဒကို တင်ပြခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

ရွှေတောင်ကျောင်းကြီးမှာ ရာဇဝင်စဉ်ဆက် အစဉ်အလာရှိခဲ့သည့် ကျောင်းကြီးတစ်ကျောင်းဖြစ်သည်နှင့်အညီ ဓမ္မိုးဘာသာသာသနာ၊ ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းလျက် ကျောင်းကြီးတိုးတက်ရာတိုးတက်ကြောင်း ဆရာဒကာအများစည်းစည်းလုံးလုံး ဆက်လက်ကိုးကွယ်ရန် လောကီလောကုတ်၊ စာပေကျမ်းဂန်ပါမကျန်တတ်ကျွမ်းသင့်လျော်သော ဆရာတော်တစ်ပါးပါး လိုအပ်သည့်အလျောက် တပည့်ဒကာ၊ ဒကာမများက ဆက်လက်ကိုးကွယ်ခွင့်အတွက် အာသာဆန္ဒတင်ပြခွင့်ရရှိခဲ့ပါလျှင် ခွင့်ပန်အပ်ပါသည်ဘုရား။

ဘုရားတပည့်တော် ဒကာ၊ဒကာမများအား ညွှတာထောက်ထားပြီး ရွှေတောင်ကျောင်းဆရာတော်တစ်ပါးခိုးမြှင့်မည်ဆိုပါလျှင် ဓမ္မာစရိယ၊ စာချုပ်ဂိုလ်

တစ်ပါးပါးဖြစ်စေ တရားဟောခမ္မကထိကကိုယ်တော်တစ်ပါးဖြစ်လျှင် ပို၍သင့်လျော်မည်ဖြစ်ပါသည်ဘုရား။

ဦးလှသောင်း	ဦးသိန်းဝင်း	ဦးလှတင်
ဥက္ကဋ္ဌ	အတွင်းရေးမှူး	ဘဏ္ဍာရေးမှူး
ဦးကျော်စိုင်း	ဦးတင်ရွှေ	ဦးစိန်အောင်
ဒု-ဥက္ကဋ္ဌ	တွဲဖက်-အတွင်းရေးမှူး	အဖွဲ့ဝင်

(၁၁)ရက်ကြာသောအခါ ဆရာတော်ကြီး(၄)ပါး၏ လက်မှတ်ဖြင့် ရွှေတောင်ကျောင်းကို စောင့်ထိန်းအုပ်ချုပ်သိတင်းသုံးရန် "ဘဒ္ဒန္တဝိမလ"အား လွှဲအပ်ကြောင်းစာတမ်း ထွက်ပေါ်လာသည်။ လွှဲအပ်သည့်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မွန်ပြည်နယ် ။ မော်လမြိုင်မြို့ ၊ လှိုင်နယ်မြေ။

ကျိုက်သလ္လဲစေတီတော်မြတ်ကြီး၏ မြောက်စောင်းတန်း၊ အရှေ့ဘက်နံဘေးရှိ ရွှေတောင်ကျောင်းကို မော်လမြိုင်မြို့၊ "စိန်မဓကျောင်းတိုက်"၊ အစိုးရဓမ္မာစရိယဘွဲ့ရ၊ ခမ္မကထိကစာချဆရာတော် "ဘဒ္ဒန္တဝိမလ(မုံရွာ)"အား စောင့်ထိန်းအုပ်ချုပ် သိတင်းသုံးရန် လွှဲအပ်တော်စာတမ်း

သာသနာ ၂၅၄၁-ခု၊
ကောဇာ၊ ၁၃၅၉-ခု၊ နယုန်လပြည့်ကျော်(၁၁)ရက်
ခရစ်၊ ၁ ဇူလိုင် ၁၉၉၇ (အင်္ဂါနေ့)

အထက်ပါပေါ်ပြပါ ရွှေတောင်ကျောင်းကို သိတင်းသုံးတော်မူခဲ့သော ဆရာတော်ဦးကဝိန္ဒ သည် ၁၃၅၈-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၄)ရက် (ခရစ် ၆ မတ် ၁၉၉၇) တနင်္ဂနွေ၌ ပျံလွန်တော်မူခဲ့သဖြင့် ခမ္မဝိနယနှင့်လျော်ညီသည့် ထိန်းသိမ်းစောင့်ရှောက်နေထိုင်ရန် တပည့်များမကျန်ရှိခဲ့ပါသောကြောင့် မော်လမြိုင်မြို့လုံးဆိုင်ရာ သုခမ္မာဂိုဏ်းကြီးက အခိုက်အတန့်တာဝန်ယူစောင့်ထိန်းခဲ့ပါသည်။ ထိုဂိုဏ်းကြီးက

လက်ရှိ နာယကဆရာတော်ကြီးလေးပါးတို့သည် အထက်ဖော်ပြပါကိစ္စတွင် ယင်းရွှေတောင်ကျောင်းသို့ ကျောင်းဝေယျာဝစ္စအဖွဲ့ဝင် ဒါယကာများနှင့် နာယကဆရာတော်ကြီးများ ညှိနှိုင်းဆွေးနွေးကြပြီး အဝံယုတ္တဝိသိဋ္ဌဂုဏ်တို့နှင့် ပြည့်စုံတော်မူသော အစိုးရမဟာစရိယဘွဲ့တံဆိပ်တော်ရှ၊ ဓမ္မကထိကစာချဆရာတော် ဘဒ္ဒန္တဝိမလ (ပုံနှာ) အရှင်သူမြတ်အား သာသနာ့သမိုင်း၌ မတွယ်ပျော်စေသင့်သော ကျောင်းကြီးကို ဂရုဘက်၊ လဟုဘက် ယင်းအရံတွင်းရှိ ရေတွင်း၊ ရေကန် ၊ ဇရပ်၊ တန်ဆောင်းစသော အဆောက်အဦကြီးငယ်၊ သီးပင်ဝါးပင်စသော အပင်များတို့နှင့်တကွ ထိန်းသိမ်းစောင့်ရှောက် ကြီးကြပ်အုပ်ချုပ်သီတင်းသုံးနေထိုင်လျက် သာသနာပြုသွားနိုင်ရန် အောက်၌လက်မှတ်ရေးထိုးပါ ဆရာတော်ကြီးများက ဝိုက်းသံယာ၏ ကိုယ်စားပြု၍ လွှဲအပ်ပေးတော်မူကြပါကြောင်း။

တာဝန်လွှဲပေးအပ်ခံရသူ
ဦးဝိမလ

တာဝန်ပေးလွှဲသူဆရာတော်ကြီးများ
၁။ ဘဒ္ဒန္တ ဥတ္တရ
၂။ ဘဒ္ဒန္တ ဝိဇယာဘိဝံသ
၃။ ဘဒ္ဒန္တ ဩဘာသ
၄။ ဘဒ္ဒန္တ သူရိယာဘိဝံသ

အသိသက်သေများ
၁။ ဦးလှသောင်း
၂။ ဦးလှတင်
၃။ ဦးမောင်သန်း
၄။ ဦးတင်ထွန်း
၅။ ဦးသန်းတင်

မှတ်တမ်းတင်သူ
ဦးကေလာသ
စောင်းတန်းဦးကျောင်း
မော်လမြိုင်မြို့

ကျောင်းအပ်ပွဲကို ကျောင်းတိုက်ကြီး၏သက်တမ်း နှစ်(၁၂၀)တိတိ ပြည့်မြောက်သော ၁၃၂၉-ခုနှစ်၊ ဝါဆိုလဆန်း(၂)ရက် (၆ ဇူလိုင် ၁၉၉၇)တွင် ရွှေတောင်ကျောင်းမှာပင်ကျင်းပပြုလုပ်သည်။ ကျောင်းအပ်ပွဲသို့ နာယကဆရာတော်ကြီးလေးပါးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် နာယကဆရာတော်များ၊ မွန်ပြည်နယ်အစားချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း

F-30B

စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကက်စိန်အမှူးပြုသော မြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အဆင့် ဆင့်မှ အုပ်ချုပ်ရေးဝိုင်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တကွ ဒကာ၊ ဒကာမများ တက်ရောက်ကြသည်။

နာယကဆရာတော်ကြီးများက ရွှေတောင်ကျောင်းတိုက်တွင် ပထမဆုံး သီတင်းသုံးသွားတော်မူသည့် ကိုးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဝတ်ပုဒ်များကို မိန့်ကြားတော်မူကြသည်။ ကျောင်းအပ်ခံရသည့် ဘဒ္ဒန္တဝိမလအား သမိုင်းဝင် ကျောင်းတိုက်ကြီးကို ဆက်လက်ထိန်းသိမ်းရန် ဩဝါဒပေးကြတုန်သည်။ ကြွရောက်လာသော တိုင်းမှူးဗိုလ်ချုပ်ကက်စိန်ကလည်း နာယက ဆရာတော်ကြီးများ၏ မိန့်ကြားဟောပြောချက်များကို ရှိသေလေးစားစွာနာယူမှတ်သားပြီး ကျောင်းတိုက်ကြီး ပြုပြင်ထိန်းသိမ်းရေးကို ကူညီပံ့ပိုးမည်ဖြစ်ကြောင်း ကတိပေးလျှောက်ထားသည်။ ဤသို့ဖြင့် ကျောင်းအပ်ပွဲအောင်မြင်စွာပြီးဆုံးသည်။ ဘဒ္ဒန္တဝိမလ သက်တော်(၃၉)၊ ဝါတော်(၁၉) သည် ရွှေတောင်ကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်ဖြစ်လာသည်။

ဆရာတော်ဘဒ္ဒန္တဝိမလသည် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ "ဘောင်းကျကျေးရွာ" ခမည်းတော်ဦးစံဝင့်၊ မယ်တော်ဒေါ်ရွှေ တို့မှ ၁၃၂၀-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၇)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးလွှားသန့်စင်ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

၁၃၅၅-ခုနှစ်၊ နယုန်လဆန်း(၁၀)ရက်၊ အသက်(၁၅)နှစ်အရွယ်တွင် စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ ဘောင်းကျကျေးရွာ၊ ဓဇ်လာမှန်ကျောင်းတိုက် ဆရာတော် "ဦးမာလာ" ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ဝန္ဓယာနုဂ္ဂဟကို ခံယူကာ ရွှင်သာမကေအဖြစ်သို့ ရောက်ရှိပါသည်။

အသက်(၂၀)ပြည့်သည့် ၁၃၄၀-မြည့်နှစ်၊ ဝါခေါင်လပြည့်ကျော်(၁၀)ရက်၊ နံနက်(၇)နာရီအချိန်တွင် ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ "မြင်းသည်" ကျေးရွာ၊ သာသနာ့ရိပ်သာကျောင်းဆရာတော် ဦးပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ အရာတော်မြို့နယ်၊ ဘောင်းကျကျေးရွာ၊ ရဟန်းခါယကာဦးကောင်းညွှန့်၊ ရဟန်းခါယိကာမ ဒေါ်ကောင်းတင်တို့၏ဝန္ဓယာနုဂ္ဂဟကို ခံယူကာ မဝံလာမှန်ကျောင်း၊ ဓဏ္ဍာသိမ်တော်မြတ်တွင် ဥပသမ္ပဒာတ် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကောဇာ၊ ၁၃၃၆-ခုနှစ်၊ စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ ဘောင်းကျရွာ၊

မင်္ဂလာမှန်ကျောင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တမာလာဆံတွင်လည်းကောင်း၊ ကောဇာ၊ ၁၃၇၇-ခုနှစ်၊ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ အောင်မြေချမ်းသာဆရာတော် ဘဒ္ဒန္တ သံဝရဆံတွင်လည်းကောင်း၊ ကောဇာ၊ ၁၃၇၈-ခုနှစ်မှ ၁၃၅၉-ခုနှစ်အထိ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုက္ကုလ (အ-သဓမ္မာစရိယ)၊ ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂါဘိဓဇ-ဘိ-အော)၊ ဘဒ္ဒန္တသုမန (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တဝိစိတ္တသာရ(မဟာဝန္တဝါစကပဏ္ဍိတ)တို့ထံတွင်လည်းကောင်း ပရိယတ္တိစာပေများကို အခြေခံမှစ၍ သင်ရိုးကျကျသင်ယူဆည်းပူးခဲ့ပါသည်။

ထိုနောက် စာမေးပွဲအဆင့်ဆင့်ကိုဝင်ရောက်ဖြေဆိုရာ

- ဝိနယာနုဂ္ဂဟစာမေးပွဲ၊ ဝိနည်းတစ်ဆောင်၊ နှစ်ဆောင်ကိုလည်းကောင်း။
- ပရိယတ္တိသဒ္ဓမ္မပါလ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်တို့ကိုလည်းကောင်း။
- သုသမာစာရ ဥပစာအောက်တန်း၊ အထက်တန်းကိုလည်းကောင်း၊
- နိုင်ငံတော်အစိုးရပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို လည်းကောင်း၊
- အစိုးရဓမ္မာစရိယစာမေးပွဲ ပါရာဇိကကက္ကမ်းကိုလည်းကောင်း အောင်မြင်တော်မူခဲ့ ပါသည်။

ဆရာတော်သည် စာသင်တိုက်ကြီးများ၌ စာပေသင်ကြားပို့ချရင်း ကောဇာ၊ ၁၃၄၂-ခုနှစ်မှစ၍ မွန်မြည်နယ်(၁၀)မြို့နယ်မှအစပြု၍ မြို့ရောတောပါဒေသမရွေးအနီးအဝေးအကြီးအသေးတူ၍မတွက်ဘဲ နယ်စုံလှည့်၍တရားတောတော်မူခဲ့သည်။ ၁၃၅၉-ခုနှစ်၊ ဝါဆိုလဆန်း(၂)ရက် (၆ ဇူလိုင် ၁၉၉၇)တွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဆရာတော်ဘဒ္ဒန္တဝိမလသည် ရွှေတောင်ကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်ဖြစ်လာခဲ့သည်။

ဆရာတော်ဘဒ္ဒန္တဝိမလသည် ရွှေတောင်ကျောင်း၏ ကျောင်းထိုင်ဆရာတော်အဖြစ်ရောက်ရှိတော်မူချိန်မှစ၍ နှစ်(၁၂၀)သက်တမ်းရှိပြီဖြစ်သော ကျောင်းတိုက်ကြီးပြုပြင်ရေးလုပ်ငန်းများကို နေ့မအား၊ ညမအားဆောင်ရွက်တော်မူရသည်။ မိုးများသောဒေသဖြစ်၍ ပထမဦးစွာအမိုးများကိုပြင်ဆင်ရသည်။ လိုအပ်သောသွပ်ပြားများကို

ဦးမောင်အေး(ခ)ဦးကိုကြီး+ဒေါ်အေးအေးမိသားစုက လှူဒါန်းသည်။ မသမာသူများလက်ဝယ်သို့ရောက်ရှိနေသော ကျောင်းပိုင်ဆိုင်မှုများ၊ သစ်ပျဉ်ကြီးများကို တစ်ဖက်လှည့်ဖြင့် မြန်လည်ဝယ်ယူရသည်။ ကျောင်းမကြီးလုံခြုံရေးအတွက် ပြတင်းပေါက်များကို မြန်လည်ပြင်ဆင်ရသည်။ တံတိုင်းလေးထပ်၏ အပေါ်ဆုံးတံတိုင်းကြီးပြိုပျက်နေသည့် အပိုင်းကိုလည်း ခက်ခက်ခဲခဲပြင်ရသည်။ ပေါက်ပြနေသောကြမ်းခင်းများကိုလည်း ပြင်ဆင်ရသည်။ ပြင်ဆင်မှုများပြုလုပ်ပြီးနောက် ကျပ်သိန်း(၈၀)ကျော်ကုန်ကျသော ဆွမ်းစားဆောင်ကြီးကို အများကောင်းမှုဖြင့်တည်ဆောက်သည်။

ကျောင်းတိုက်ကြီးမှာ အမြင့်ပိုင်းတွင်တည်ရှိသဖြင့် ရေအခက်အခဲရှိသည်။ စက်ရေတွင်းတူးရန်လိုအပ်လာသည်။ မကြာမီမှာပင် စက်ရေတွင်းအလှူရှင်မိသားစု (၃)စု ပေါ်ပေါက်လာသည်။

၁။ ကိုရဲမင်း+မနိုင်နိုင်မိသားစု (ကျိုက်သုတ်ဘုရားလမ်း၊ မော်လမြိုင်)

၂။ ဦးချစ်ထွန်းမိသားစု (၂-အေ၊ စစ်ကဲကုန်းရပ်၊ မော်လမြိုင်)

၃။ မောင်ကျော်စိုးလွင်၊ "ဦးမင်းလွင်နှင့်သားများ၊ လှုပ်စစ်ပစ္စည်းဆိုင်" (ရန်ကုန်)တို့ ဖြစ်ကြသည်။

တစ်ဆက်တည်းမှာပင် ရေသိုလှောင်ထားရှိရန် အုတ်ကန်အလှူရှင်များ ပေါ်ပေါက်လာသည်။

၁။ ဦးလှတင်+ဒေါ်တရုတ်မ မိသားစု (မြဝတီ-၂)

၂။ ကိုစိုးမင်း+မအေးအေးစန်း မိသားစု (မော်အဲဇားရွှေဆိုင် ၊ မော်လမြိုင်)

၃။ ကိုရဲမင်း+မနိုင်နိုင် မိသားစု (ကျိုက်သုတ်ဘုရားလမ်း၊ မော်လမြိုင်)

၄။ ဝိုလ်မှူးသန်းတင်+ဒေါ်သန်းသန်းဦး မိသားစုတို့ဖြစ်ကြသည်။

လွန်ခဲ့သောနှစ်ပေါင်း(၁၂၀)က ဒေါ်ရွှေပွင့်ဆောက်လုပ်လှူဒါန်းခဲ့သော အုတ်ရေကန်ကြီးကိုလည်း ဦးဟိန်ဝန်+ဇနီးဒေါ်ချစ်သွယ်၊ သမီးဒေါ်မာမိသားစုတို့က ကျပ်သိန်း(၃၀)အကုန်ကျခံ၍ ခေတ်မီပစ္စည်းများဖြင့် ပြုပြင်လှူဒါန်းခဲ့သည်။ အထက်ပါ အုတ်ရေကန်များသို့သွယ်တန်းရန် ရေပိုက်များလိုအပ်လာပြန်သည်။ ထို့အခါ တစ်သိုးလုံး(၁၁၁)ဆောက်လုပ်ရေးပစ္စည်းဆိုင်မှ ကိုအောင်မြတ်က လိုအပ်သမျှ ရေပိုက်များကို လှူဒါန်းသွယ်တန်းပေးသည်။

ရွှေတောင်ကျောင်းတိုက်တွင် သံဃာနှင့်သာမဏေအပါး (၃၀)ကျော်

သီတင်းသုံးနေသည့်အတွက် ရေချိုးခန်းနှင့်ကုဋီများမှာ မရှိမဖြစ်လိုအပ်လာသည်။ ရေချိုးခန်းနှင့်ကုဋီအလှူရှင် မိသားစု(၃)စုပေါ်ထွက်လာသည်။

၁။ ရဲမှူးအောကို+ဒေါ်နော်ရွှေတင် မိသားစု၊ မော်လမြိုင်မြို့။

၂။ ဦးမြတ်စိုး+ဒေါ်ကြည်ကြည်လွင် (သစ်တော)မိသားစု၊ မော်လမြိုင်မြို့နှင့်

၃။ ကိုကျော်စိုးလွင်+မဖြူဖြူခိုင်၊ သမီး မစူပေါင်ပေ မိသားစု၊ ရန်ကုန်တို့ ဖြစ်ကြပါသည်။

ရွှေတောင်ဆရာတော်သည် ပြုပြင်ရေးလုပ်ငန်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေစဉ် ကာလ၊ ၁၃၆၁-ခုနှစ်တွင် မွန်ယဉ်ကျေးမှုပြတိုက် သို့ကြွရောက်ပြီး ရှေးဟောင်းယဉ်ကျေးမှုလက်ရာ ဘုရားကျောင်းဆောင်တစ်ဆောင်၊ ပေစာထုပ်(၁၉)ထုပ်နှင့် ကာလ၊ ၁၂၈၄-ခုနှစ် (ခရစ်-၁၉၂၂)လက်ရာ ပန်းချီကား တစ်ချပ်ကိုလှူဒါန်းခဲ့သည်။ ပြတိုက်မှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးမင်းခင်မောင်လေးက ဂုဏ်ပြုလက်မှတ်များပေးအပ်လှူဒါန်း၍ ကျေးဇူးတင်ကြောင်း လျှောက်ထားသည်။

၁၃၆၀-ပြည့်နှစ်၊ ပြာသိုလဆန်း(၇)ရက် (၂၄ ဒီဇင်ဘာ ၁၉၉၉)တွင် ခေတ်မီလေးထပ်ကျောင်းဆောင်သစ်ကြီး တည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာပွဲကိုကျင်းပသည်။ မင်္ဂလာပွဲသို့ နာယကဆရာတော်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အုပ်ချုပ်ရေးပိုင်းမှပုဂ္ဂိုလ်များ ကြွရောက်ကြသည်။ အချိန်ကောင်းအခါကောင်းကျရောက်ချိန်တွင် ပန္နက်တင်မင်္ဂလာပွဲကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

ပန္နက်တင်မင်္ဂလာပွဲကျင်းပပြီးနောက် ဆောက်လုပ်ရေးလုပ်ငန်းအရပ်ရပ်အတွက် ကော်မတီတစ်ရပ်ကိုဖွဲ့စည်းသည်။

၁။ ဦးကျော်မြင့်၊ ဦးစီးအရာရှိ၊ ခရိုင်ထွေ/အုပ်

၂။ ဦးတင်အောင်၊ ဥက္ကဋ္ဌ၊ မ. ဃ. က နှင့်

၃။ ဦးသောင်းတင်၊ အတွင်းရေးမှူး၊ မ. ဃ. က ပုဂ္ဂိုလ်(၃)ဦးတို့က နာယကလူကြီးများအဖြစ် ဦးဆောင်ဦးရွက်ပြုခဲ့ကြသည်။ ထိုပုဂ္ဂိုလ်(၃)ဦးတို့သည် ကျောင်းတိုက်ကြီးဆောက်လုပ်ရာတွင် ဟန်ပြမဟုတ်ဘဲ ကိုယ်ဖိ၊ ရင်ဖိ၊ စေတနာအပြည့်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ထိုအတောအတွင်း ကျောင်းတိုက်ကြီး၏ အရေးပါသောအစိတ်အပိုင်းများ

ဖြစ်ကြသည့် ဘုရားခန်း၊ မုခ်ဝ၊ ခမ်းဆီး၊ ဘာဂျာတံခါး၊ ကုဋိနှင့် ရေချိုးခန်းအလှူရှင်များ ပေါ်ပေါက်လာသည်။

ဘုရားခန်းနှင့် ဆင်းတုတော်အလှူရှင်မှ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်အောင်၊ ဇနီးဒေါ်သင်ခိုင်တို့ဖြစ်ပြီး -

မုခ်ဝအလှူရှင်မှာ -

ဦးမောင်ကြန်-ဒေါ်ကြူရှောင်မိသားစု (ဟပ်မော်ဘိလပ်ရည်စက်)

ခန်းဆီးအလှူရှင်များမှာ -

၁။ ဦးမိုင်း-ဒေါ်ကြည်မိသားစု (မောင်မောင်၊ ညီညီကုန်မာဆိုင်၊ မော်လမြိုင်)

၂။ ဦးခင်မောင်ဝင်း-ဒေါ်သိန်းမေမိသားစု (တောင်ရိုးတန်း၊ မော်လမြိုင်)

၃။ ဦးတင့်ဆွေ-ဒေါ်မိမိဌေး (နဂါးဘိလပ်ရည်၊ မော်လမြိုင်)

၄။ ဦးအောင်ဌေး-ဒေါ်နွယ်နီဝင်း (ရန်ကုန်မြို့)

၅။ မစီစီချိုသန်း (နယူးယောက်မြို့)

ဘာဂျာတံခါးအလှူရှင်များမှာ -

၁။ ဦးအောင်မော်မော်-ဒေါ်သန်းနွဲ့မိသားစု (မော်လမြိုင်)

၂။ ဦးစိန်ပေါင်း-ဒေါ်မြမြွေဝင်း (မော်လမြိုင်)

၃။ ကိုဥာဏ်စိုး-မသဥာအောင်မိသားစု (ရွှေနဒီပွဲရုံ၊ မော်လမြိုင်)

၄။ ကိုမိုးကျော်လွင်-မတိုးတိုးရွှိန်မိသားစု (ရန်ကုန်)

၅။ ဦးဘဲလူး-ဒေါ်စိန်တင်မိသားစု (အလှပ်ကျေးရွာ)

၆။ ဦးအောင်သန်း-ဒေါ်မာကြည် (မရမ်းကုန်းရပ်၊ မော်လမြိုင်)

၇။ ဦးစံရင်-ဒေါ်စန်းရင် (အောက်လမ်းမ၊ မော်လမြိုင်)

ကုဋိနှင့် ရေချိုးခန်းအလှူရှင်မှာ ဦးလှဝင်း-ဒေါ်ခင်ဌေး၊ သမီး ဒေါက်တာခင်မာဦး (အောက်လမ်းမကြီး၊ မော်လမြိုင်)တို့ ဖြစ်ကြသည်။

ဆောက်လုပ်ရေးကိစ္စအဝဝပြီးစီးသောအခါ ဖွင့်ပွဲနှင့် ရေစက်ချအခမ်းအနားကျင်းပပြုလုပ်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်းသည်။ ကော်မတီအရပ်ရပ်၏ လုပ်ငန်းတာဝန်များကို အတိအကျသတ်မှတ်ထားသည်။

ဗဟိုကော်မတီတွင် ဥက္ကဋ္ဌ ဦးကိုမင်း၊ ဒုဥက္ကဋ္ဌ-၁ ဦးကျော်မြင့်၊ ဒု-ဥက္ကဋ္ဌ-၂ ဦးလွမ်းဝေ၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင် (၇၀)ဦးပါဝင်သည်။

အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးသာဇင်နှင့် အဖွဲ့ဝင်(၉)ဦး ပါဝင်ကြသည်။

စည်ခဲကျွေးမွေးရေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဒေါ်လှလေးရီနှင့် အဖွဲ့ဝင် (၁၄)ဦးအပြင် သူနာပြုသင်တန်းသူများနှင့် အထက(၈)ကျောင်းသူများ ပါဝင်ကြသည်။

ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးလွမ်းဝေနှင့် အဖွဲ့ဝင်(၂၄)ဦး ပါဝင်ကြသည်။

ဖွင့်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်(၃)ဦးတို့ ပါဝင်ကြသည်။

ဖျော်ဖြေရေးလုပ်ငန်းအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးကျော်မြင့်အောင်နှင့် အဖွဲ့ဝင်(၄)ဦးတို့ ပါဝင်ကြသည်။

သယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးသန်းရှိန် (မထသ)နှင့် အဖွဲ့ဝင်(၄)ဦးတို့ ပါဝင်ကြသည်။

လုံခြုံရေးလုပ်ငန်းအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဒုရဲမှူးနေထွန်းနှင့် အဖွဲ့ဝင် (၅)ဦးတို့ ပါဝင်ကြသည်။

ကျောင်းဆောင်သစ်ကြီးဖွင့်ပွဲအခမ်းအနားကို ၁၃၆၃-ခုနှစ်၊ နယုန်လဆန်း (၅)ရက်၊ (၂၆ မေ ၂၀၀၁)တွင် ကျောင်းဆောင်သစ်ကြီးရှေ့၌ ခမ်းနားစွာကျင်းပသည်။

နောက်(၂)ရက်အကြာ ၁၃၆၃-ခုနှစ်၊ နယုန်လဆန်း(၇)ရက် (၂၈ မေ ၂၀၀၁) နံနက်(၇)နာရီအချိန်တွင် လေးထပ်ကျောင်းဆောင်သစ်ကြီး၏ စတုတ္ထအထပ်တွင် ကျင်းပသည့်အခမ်းအနားသို့ မော်လမြိုင်မြို့၊ ဗုဒ္ဓသာသနသိပ္ပံကျောင်းတိုက်၊ ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ ရွှေတောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသော ကျောင်းတိုက်အသီးသီးမှဆရာတော်များ၊ ဒု-တိုင်းမှူးနှင့် တပ်မတော် အရာရှိကြီးများ၊ ခရိုင်မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးနှင့် ဒကာ၊ ဒကာမများ တက်ရောက်ကြသည်။ရွှေဦးစွာ ဘဒ္ဒန္တသူရိယာဘိဝံသထံမှ ငါးပါးသီလခံယူကြပြီး အလှူရှင်ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုအစုစုကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှဝေကြသည်။တာဝန်ရှိသူများနှင့် အလှူရှင်များက ရွှေမိုး၊ ငွေမိုး

ရွာသွန်းပြီးကြသည်။

လေးထပ်ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်ပြီးစီးသောအခါ ဘုရားခန်းအလှူရှင်များ။ ဘုရားဆင်းတုတော်အလှူရှင်များ ပေါ်ပေါက်လာသည်။ ဘုရားခန်းအလှူရှင်များမှာ ဦးတုံးငွေ+ဒေါ်လှလေးရီမိသားစု၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့နှင့် ဦးမောင်လွင်+ဒေါ်ကျင်ပိုနှင့် သားသမီးများဖြစ်ကြသည်။ဘုရားအလှူရှင်မှာ ဦးစံသွင်+ဒေါ်သန်းမြင့် မိသားစု(မင်းသံလွင်)ဖြစ်သည်။

၁၃၆၈-ခုနှစ်၊ တပေါင်းလပြည့် (၂ မတ် ၂၀၀၇)တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက်ဝရိုဂုဏ်၌ ငွေကျပ်သိန်း (၄၀၀)ကျော် အကုန်အကျခံ၍ဆောက်လုပ်ခဲ့သော "နိမ္မလသာသနာနုဂ္ဂဟတာရီ"သိမ်တော်ကြီး ရေစက်ချအခမ်းအနားကို ယင်းကျောင်းတိုက်မှာပင်ကျင်းပသည်။ သာသနာ့မာန်အောင် ဝဲဗျံစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် တိပိဋကကြဝါဒစရိယအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသ အမှူးပြုသောဆရာတော်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ မတည်အလှူရှင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ မြစ်ကမ်းသာအိမ်ယာနေ ဦးကြည်+ဒေါ်မြင့် သား၊ ဦးကျော်ကျော်+ဒေါ်ခင်မေလင်းမိသားစုနှင့် အလှူရှင်များတက်ရောက်ကြသည်။ ဆရာတော်ကြီး ဘဒ္ဒန္တဝိဇယာဘိဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး၊ သံဃာတော်အဝါး (၂၀၀)ကျော်တို့အား လှူဖွယ်ဝစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယခုအခါ ရွှေတောင်ကျောင်း၌ ရဟန်း(၁၂)ပါးနှင့် သာမဏေ(၁၈)ပါး သီတင်းသုံးလျက်ရှိသည်။ သာသနာပျိုးခင်းမှ ပျိုးပင်ငယ်လေးများဖြစ်ကြသော သာမဏေများမှာ အသက်(၁၃)နှစ်၊ (၁၄)နှစ်၊ (၁၅)နှစ်စသဖြင့် ငယ်ရွယ်နုနယ်ကြလေသေးသည်။ ဝါးနှံကိုမီးကင်၍ဖြောင့်လျှင်လွယ်ကူသကဲ့သို့ ငယ်ရွယ်သေးသော သာမဏေများကို မြမြင်ရာတွင်လွယ်ကူသည်။ ဆရာတော်သည် သာမဏေငယ်များကို အရွယ်နှင့်လိုက်အောင် မူလတန်းသင်္ခါ၊ အခြေပြုသင်္ခါ၊ အခြေပြုသင်္ကြိတ် စသည်တို့ကို သင်ကြားပေးလျက်ရှိသည်။

ရွှေတောင်ဆရာတော်သည် မွန်ပြည်နယ်(၁၀)မြို့နယ်ကိုအခြေပြု၍ အထက်အောက်မြန်မာနိုင်ငံအနှံ့ နယ်စုံလှည့်ကာ တရားဟောနေဆဲဖြစ်သည်။

ဆရာတော်သည် မိမိ၏တရားပွဲများမှရရှိလာသည့် နဝကမ္မဝတ္ထုငွေများကို ကိုယ်ကျိုးအတွက် အသုံးပြုတော်မမူဘဲ၊ သာသနာတော် သန့်ရှင်းတည့်တုံ့ပြန့်ပွားရေးအတွက်လည်းကောင်း၊ လူမှုရေးအတွက်လည်းကောင်း ကောင်းကောင်းအသုံးချကာ ကုသိုလ်မျိုးစုံကိုလည်း ပြုလုပ်ခဲ့ပါသည်။

အကျဉ်းမျှဖော်ပြရသော် -

၁။ မော်လမြိုင်မြို့၊ ရွှေတောင်ကျောင်းကြီး၊
ဘက်စုံမွမ်းမံပြင်ဆင်တည်ဆောက်ခြင်း ကျပ်သိန်း (၅၀၀)
၂။ ခေတ်မီလေးထပ်ကျောင်းဆောင်ကြီးတည်ဆောက်ခြင်း ကျပ်သိန်း (၆၀၀)
၃။ စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ ဘောင်းကျွန်း၊
အစိုးရမူလတန်းလွန်ကျောင်းဆောင်သစ်
ဆောက်လုပ်ပေးခြင်း ကျပ်သိန်း (၉၀)
၄။ မူလတန်းလွန်ကျောင်းအုတ်တံတိုင်းကာရံခြင်း ကျပ် (၅)သိန်း
၅။ ဘောင်းကျွန်းကျွန်း၊ လိမ်္ဂဖောက်လုပ်ခြင်း ကျပ် (၅)သိန်း
၆။ ဘောင်းကျွန်းကျွန်း၊ မဝိလာမှန်ကျောင်း
ပြုပြင်တည်ဆောက်ခြင်း ကျပ် (၅)သိန်း
၇။ မိဘမဲ့ကလေး (၅၀)အား ရှင်သာမဏေပြု
အလှူပေးခြင်း ကျပ် (၁၇)သိန်း
၈။ ကျိုက်သလ္လဲဘုရားဓါတ်လှေကား
ကြွေပြားကပ်ရန်လှူဒါန်းခြင်း ကျပ် (၃)သိန်း
၉။ နှစ်စဉ်ပထမပြန်ဆွမ်းဝေယျာဝိစ္စအတွက် လှူဒါန်းခြင်း ကျပ် (၁၀)သိန်း
၁၀။ ပေါင်မြို့နယ်၊ အလှပ်ကျေးရွာ၊ မူလတန်းကျောင်းပြုပြင်ခြင်း ကျပ် (၃)သိန်း
၁၁။ အလှပ်ကျေးရွာ၊ ဆေးပေးခန်းနှင့်
သောက်ရေကန်တူးဖော်ခြင်း ကျပ် (၂)သိန်း
၁၂။ တိုင်းရင်းသား ရွှမ်း၊ ပအိုဝ်ကလေး(၅၀)တို့အား
ရှင်သာမဏေဝတ်ပေးခြင်း ကျပ်သိန်း (၅၀)

စသည်တို့ ဖြစ်ကြပါသည်။

ဆရာတော်သည် ရပ်နီးရပ်ဝေး ဒကာ၊ ဒကာမအပေါင်းတို့အား နှစ်ပေါင်းများစွာ တရားဓမ္မများဟောကြားလျက် ခန္ဓီမေတ္တာ၊ ဝရုဏာနှင့် သစ္စာတရားကြီးမားစွာထားရှိခြင်း၊ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံခြင်း၊ များစွာသောရဟန်းရှင်လူ၊ ပြည်သူတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခြင်း အစရှိသောဂုဏ်အပေါင်းတို့ကြောင့် ဆရာတော်ဘဒ္ဒန္တဝိမလအား ကောဇာ၊ ၁၃၆၉-ခုနှစ် (ခရစ်-၂၀၀၈) လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အားချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် "ဓမ္မကထိကဗဟုဇနဟိတဓရ"ဘွဲ့တံဆိပ်တော်ကို ဆပ်ကပ်ပူဇော်အလှူခံရရှိတော်မူသည်။

ဤသို့လျှင် ဘဒ္ဒန္တဝိမလ၊ ဓမ္မကထိကဗဟုဇနဟိတဓရဆရာတော်၏ဂုဏ်ကျေးဇူးအလီလီတို့ကို ရဟန်း၊ ရှင်လူပြည်သူအများသိရှိနိုင်ပါစေရန် အကျဉ်းမျှဖော်ပြသည်ကိုလည်းကောင်း၊ လွန်ခဲ့သောနှစ်ပေါင်း(၁၀၀)ကျော်က မော်လမြိုင်မြို့တွင် ဒေါသနာပြုသွားတော်မူခဲ့ကြသည့် ရာဇဂုရုဆရာတော်ကြီးများနှင့် ရွှေဒါယကာ၊ ဒါယိကာမကြီးတို့၏ ဒါနကုသိုလ်အစုစုကိုလည်းကောင်း၊ ဝမ်းမြောက်ကြည်ဖြူအာရုံယူလျက် သာဓုသုံးကြိမ်ခေါ်ဆိုပေးကြပါရန် တင်ပြအပ်ပါသတည်း။

အံ့ကျော်

၁၃၇၀-ပြည့်နှစ်၊ တော်သလင်းလပြည့်၊

(၁၄ စက်တင်ဘာ ၂၀၀၈)၊ ည ၇-နာရီ

ဆုတောင်း

ဤသို့ပြု၍ မြတ်ပုညကြောင့်
အသီလီမွာ၊ ဥာဏ်ပညာနှင့်
သဒ္ဓါသီလ၊ သုတပြည့်ဖြိုး
ဂုဏ်တန်ခိုးနှင့်၊ အမျိုးလေးဖော်
သတင်းကျော်လျက်၊ သူတော်တို့ထုံး
ကျင့်သုံးတရား၊ အမှားမလိုက်
စရိုက်စင်ဖြူ အလှူရေစက်
လက်နှင့်မကွာ၊ ရှစ်ဖြာဥပုသ်
မယုတ်ကြိုးစား၊ လေးပါးဗြဟ္မစိုရ်
ရွှန်းရွှန်းစိုသည်၊ ကုသိုလ်ကိုယ်လုံး
ထုံစေသော်။ ။

မေတ္တာပို့

၁။ ဤသို့ပြု၍ မြတ်ပုညကို ကြီးထွားမြင့်ခေါင် မြင့်မိုရ်တောင်ဦး မကကျူးသား ကျေးလူးအရှင် မွေးမိခင် (ဒေါ်စိန်းညီ၊ ၂၃-၁၁-၆၉ နေ့တွင်ကွယ်လွန်)နှင့် ဖခင် (ဦးစိန်၊ ၁၂-၅-၆၁ နေ့တွင်ကွယ်လွန်)တို့အား ရင်ငြားပါစေ အမျှဝေ၏။

၂။ မသွေနိစ္စ ဤကာယကို စောင့်ထပေလတ် ကိုယ်စောင့်နတ်လည်း မလပ်စေရ ပေးဝေငှ၏။

၃။ မိတ္ထဆွေညာ ဆရာသမား ဘိုးဘွားအစ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍ မပြတ်ပုည၊ ကုသလကို ရကြပါစေ အမျှဝေ၏။

၄။ သဗ္ဗေသတ္တာ၊ သတ္တဝါဟု နာနာလောက၊ အနန္တတွင် မပြတ်စဉ်လာ သတ္တဝါသ ဘုံကိုးဝန့် ဝိဉာဏ်ဌိတိ၊ တည်ရှိခုနှစ်ပါး များစွာလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျအား အမျှကုသိုလ် ပေးဝေပါ၏။

၅။ ထိုကုသလ ဤပုညကို အမျှရကြသည် ဖြစ်စေသော်၊

၆။ ဝသုန္ဓရေ ဤမြေပဲသု၊ သီလာထုလည်း သက်သေအမှုတည်စေသော်။

အုံ့ကျော်

အကိုးအကားများ

ကျောက်စာများ

၁။ ထေရဂ္ဂပတ္တိကထာကျောက်စာ
၂။ ဓမ္မဝိလာသိနီသိမ်ကျောက်စာ
၃။ ရွှေကြုတ်တော်ကြီးကျောက်စာ
၄။ လောကဥသျှောင်စေတီတော်ကျောက်စာ
၅။ သုမင်္ဂလဝသာဒနီသိမ်ကျောက်စာ

ဆွေစဉ်မျိုးဆက်ဇယားများ

၁။ စောသင်၊ ဒေါ် ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၂။ ထွန်းဝင်း၊ ဦး ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၃။ ဖွားကြည်၊ ဒေါ် ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၄။ ဘသန်း၊ ဦး ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၅။ မဲမ၊ ဒေါ် ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၆။ မောင်ကြီး၊ ဦး ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၇။ ရွှေလု၊ ဒေါက်တာ ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၈။ ရွှေမိုး၊ ဦး ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၉။ လူဖေဝင်း၊ ဦး ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၁၀။ လှခင်၊ ဒေါ် ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၁၁။ ဝင်းဖေ၊ ဦး ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၁၂။ သာညွှင်း၊ ဦး ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား
၁၃။ သိန်းမျှင်၊ ဒေါ် ---------- ၏ ဆွေစဉ်မျိုးဆက်ဇယား

စာအုပ်များ

၁။ ကုသ မော်လမြိုင်မြို့ဟောင်း၊ လက်ရေးမူ။
၂။ ကေတုမာလာ၊ အရွှင်၊ ဒါဠာဓာတုပကာသနီ၊ မော်လမြိုင်မြို့၊
ဇေယျာဘုမ္မိစာပုံနှိပ်တိုက်၊ ၁၈၉၈-၁၉၀၀။

၃။ ကေလာသ၊ အရှင် စစ်ကိုင်းသာသနာဝင်၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၉-ခုနှစ်။

၄။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၊ ဇိနတ္ထပကာသနီ၊ ရန်ကုန်၊ ဟံသာဝတီပဋ္ဌာန်းပုံနှိပ်တိုက်။

၅။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၊ ဇိနတ္ထပကာသနီကျမ်း၊ ရန်ကုန်၊ ခင်ချိုထွန်းစာပေ၊ ၁၉၉၇-ခုနှစ်။

၆။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၊ ဓမ္မဝန်ဘတ်စာနှင့် ပုရာဏ်ကျမ်း၊ ရန်ကုန်၊ ဟံသာဝတီပဋ္ဌာန်းပုံနှိပ်တိုက်၊ ၁၉၅၆-ခုနှစ်။

၇။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၊ မဟာဝင်ဝတ္ထု၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၆-ခုနှစ်။

၈။ ကြည်ညွှန့်၊ ချစ်ကြည်ရေး ချစ်ကြည်ရေးလို့ဆိုကာ၊ ရန်ကုန်၊ ကျော်ညွှန့်နှင့် အပေါင်းအသင်း၊ ၁၉၆၇-ခုနှစ်။

၉။ ကြည်မြလွင်၊ မွန်ဘဝဓလေ့နိဒါန်း၊ မော်လမြိုင်၊ ရာမညစာပေ၊ ၁၉၇၆-ခုနှစ်၊ ပထမအကြိမ်။

၁၀။ ကြည့်ကန်ရွှင်ကြီး၊ အမေးပုစ္ဆာတစ်ထောင်ကျော်။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၊ စီရင်ဖြေဆိုအပ်သော စွယ်စုံကျော်ထင်ကျမ်း၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာနစာပုံနှိပ်တိုက်၊ ၁၉၈၃-ခုနှစ်။

၁၁။ ကြည့်ကန်ရွှင် ပုဂ္ဂိုလ်အမော်၏အမေး၊ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး စီရင်ဖြေဆိုအပ်သော စွယ်စုံကျော်ထင်ကျမ်း၊ ပထမအုပ်၊ မန္တလေး၊ ရတနာဒီပံ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၈-ခုနှစ်။

၁၂။ ခင်ခင်ထွန်း၊ တနင်္သာရီတိုင်း၌ ဗြိတိသျှတို့အုပ်ချုပ်ပုံ၊ (၁၈၅၂-၁၈၈၅) သမိုင်းမဟာ ဝိဇ္ဇာတွဲ့.ယူကျမ်း၊ ၁၉၇၁-ခုနှစ်။

၁၃။ ခင်မောင်လွင် (ရွှေမြို့ကောလိပ်)၊ မော်ရွှေမြို့လမ်းညွှန်ဒိုင်ယာရီ၊ ရန်ကုန်၊ စာပေလောကပုံနှိပ်၊ ၁၉၈၁-ခုနှစ်၊ ပထမအကြိမ်။

၁၄။ ဂရေး၊ ဂျိမ်းစ်၊ အလောင်းမင်းတရားမင်းဆက် မြန်မာရာဇဝင်၊ ရန်ကုန်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်။

၁၅။ စိုး၊ သခင်၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ လက်နှိပ်စက်မူ။

၁၆။ ဆရာတော်ကြီးများ၊ ဝိနယပကိဏ္ဏက ဝိနိစ္ဆယကျမ်း၊ ပထမတွဲ၊ မန္တလေး၊ မြန်မာ့တာရာသတင်းစာပုံနှိပ်တိုက်၊ ၁၉၀၁-ခုနှစ်။

၁၇။ ညိုမြ၊ ဦး၊ ရွှေလမ်းငွေလမ်း၊ ရန်ကုန်၊ အမေရိကန်သံရုံး၊ ၁၉၈၀-ခုနှစ်၊ ပထမအကြိမ်။

၁၈။ ညိုဝင်းရှင်၊ မြန်မာပန်းချီပန်းပုဗိသုကာပညာရှင်များ၊ ပထမတွဲ၊ ရန်ကုန်၊ စာပေဗိမာန်၊၁၉၉၈-ခုနှစ်၊ ပထမတွဲ၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၉၈-ခုနှစ်၊ ပထမအကြိမ်။

၁၉။ တိုးလှ၊ ဒေါက်တာ၊ အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ရွှေပြည်၊ ရန်ကုန်၊ သောကြာစာပေ၊ ၂၀၀၂-ခုနှစ်၊ ဒုတိယအကြိမ်။

၂၀။ တိုက်စိုး၊ ရောဝတီ၊ ရန်ကုန်၊ တိုက်စိုးစာပေ၊ ၁၉၈၁-ခုနှစ်၊ ပထမအကြိမ်။

၂၁။ ဒဂုန် ခင်ခင်လေး၊ ဝက်မစွတ်အတ္ထုပ္ပတ္တိနှင့် စာပေများ၊ ရန်ကုန်၊ ဒဂုန်ခင်ခင်လေး စာအုပ်တိုက်၊ ၁၉၇၉-ခုနှစ်၊ ပထမအကြိမ်။

၂၂။ နေထွတ်၊ မန္တလေးအဘိဓာန်၊ မန္တလေး၊ ကြီးပွားရေးစာအုပ်တိုက်၊ ၁၉၉၉-ခုနှစ်၊ ပထမအကြိမ်။

၂၃။ ပရမာဘိဝံသ၊ ထေရ်၊ သီဟဠ မဂ္ဂပကာသနီစာတန်း၊ ? မြို့၊ ? ပုံနှိပ်တိုက်၊ ? ခုနှစ်။

၂၄။ ပရမာဘိဝံသ၊ အရှင် သီဟာသနပလ္လင်တော်သမိုင်း၊ ရန်ကုန်၊ ကဝိမျက်မှန်ပုံနှိပ်တိုက်။

၂၅။ ပြည်သန်းနွယ်၊ စစ်အတွင်းနှင့် စစ်ပြီးစပြဇာတ်များ၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၅၊ ပထမအကြိမ်။

၂၆။ ပဏ္ဍိတ၊ အရှင် (ရွှေဟင်္သာဆရာတော်)၊ ရွှေကျင်နိကာယ သာသနာဝင်၊ ရန်ကုန်၊ ဘိုးရာဇာပုံနှိပ်တိုက်၊ ၁၉၈၀-ခုနှစ်၊ ဒုတိယအကြိမ်။

၂၇။ ပြုံးပြုံးအေး၊ မ၊ ဦးလူဗေဝင်း စာစုစာရင်း၊ စာကြည့်တိုက်ပညာဒီပလို့မာဘွဲ့အတွက် တင်သွင်းသော ကျမ်းငယ်၊ ၁၉၉၇-ခုနှစ်။

၂၈။ ဘသန်း၊ ဦး (ပါဠိဆရာ)၊ မော်လမြိုင်မြို့ သာသနဓရအသင်းကြီး

အတ္ထုပ္ပတ္တိ အကျဉ်းချုပ်၊ မော်လမြိုင်၊ မဂ်လာပုံနှိပ်တိုက်။

၂၉။ ဘသန်း၊ ဦး (ပါဠိဆရာ)၊ ယခင်ယခု မော်လမြိုင်၊ မော်လမြိုင်၊ ဦးစိန်ရဲအင်ဆန်း ပုံနှိပ်တိုက်၊ ၁၉၅၀-ခုနှစ်၊ ပထမအကြိမ်။

၃၀။ ဘသန်း၊ ဦး (ယူဝီတိုင်)၊ ရွှေခေတ်မြန်မာပြည်သတင်းစာများ၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၄-ခုနှစ်၊ ပထမအကြိမ်။

၃၁။ ဘေမောင်တင်၊ ဦး (တည်းဖြတ်)၊ ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်စာတမ်း၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၃၉-ခုနှစ်။

၃၂။ မာမက၊ သုတေသီ၊ မွန်တို့ဌာန ရာမည၊ ရန်ကုန်၊ တက်လမ်းစာပေ၊ ၁၉၉၇-ခုနှစ်၊ ပထမအကြိမ်။

၃၃။ မင်းယုဝေ၊ ပထမ မြန်မာမျာ၊ ရန်ကုန်၊ သစ္စာမွန်စာပေ၊ ၁၉၆၈-ခုနှစ်၊ ပထမအကြိမ်။

၃၄။ မောင်တင် (ဝစ္ဆကိုင် မြို့အုပ်မင်း)၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ မန္တလေး၊ မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်၊ ၁၉၀၅-ခုနှစ်။

၃၅။ မောင်သန်းဆွေ (ထားဝယ်)၊ ထီးရုန်. နန်းရုန့်၊ ရန်ကုန်၊ ရတနာပုံစာအုပ်တိုက်၊ ၂၀၀၅-ခုနှစ်၊ ပထမအကြိမ်။

၃၆။ မြကေတု၊ နန်းဓလေ့မှတ်တမ်းများ၊ ရန်ကုန်၊ နှလုံးလှစာပေ၊ ၁၉၇၁-ခုနှစ်၊ ဒုတိယအကြိမ်။

၃၇။ မြန်မာဆို့ရွယ်လစ်လမ်းစဉ်ပါတီ၊ အခြေပြမြန်မာနိုင်ငံရေးသမိုင်း ဒုတိယတွဲ၊ ဒုတိယပိုင်း၊ ရန်ကုန်ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကော်ပိုရေးရှင်း၊ ၁၉၇၈-ခုနှစ်၊ ပထမအကြိမ်။

၃၈။ မှူးမတ်ပညာရှိများ၊ ဒုတိယမဟာရာဇဝင်တော်ကြီး၊ မန္တလေး၊ မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်၊ ၁၈၉၉-ခုနှစ်။

၃၉။ ရွှေကိုင်းသား၊ အနှစ် ၁၀၀-ပြည့်မန္တလေး၊ မန္တလေးမြို့၊ ကြီးပွားရေးစာအုပ်တိုက်၊ ၁၉၅၉-ခုနှစ်၊ ပထမအကြိမ်။

၄၀။ လှ၊ ဦး (လူထု)၊ ကျွန်တော်သဲလွင်ဖောင်စီး၊ မန္တလေး၊ ကြီးပွားရေးစာအုပ်တိုက်၊ ၁၉၇၅-ခုနှစ်၊ ပထမအကြိမ်။

၄၀။ လှကျော် (အုပ်ချုပ်ရေးမှူး)၊ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပတ်သက်သောအချက်အလက်များ၊ စာကူးစက်မှု၊ ကန့်သတ်၊ ၁၉၈၁-ခုနှစ်။

၄၂။ လှတင်၊ ဦး (လယ်တီ)၊ သူဌေးကြီးဆာဦးသွင်၏ အတ္ထုပ္ပတ္တိစာတမ်း၊ ရန်ကုန်၊ သုခမွဝတီစာပုံနှိပ်တိုက်၊ ၁၉၅၉-ခုနှစ်။

၄၃။ သလုံးဆရာတော်၊ ဝမ္မီရတ္တဇေသနာ၊ ရန်ကုန်၊ ကဝိမျက်မှန်စာပုံနှိပ်တိုက်၊ ၁၈၉၉-ခုနှစ်။

၄၄။ သာသနဓရအသင်း၊ စည်းမျဉ်းဥပဒေ၊ မော်လမြိုင်၊ မဝ်လာစာပုံနှိပ်တိုက်၊ ၁၉၅၃-ခုနှစ်။

၄၅။ သာသနဓရအသင်း၊ ရှင်မဟာဗုဒ္ဓဃောသကျောင်းတွဲ့ရတုပိုဒ်စုံ၊ ရန်ကုန်၊ ဗုဒ္ဓသာသနာပြုစာပုံနှိပ်တိုက်၊ ၁၉၁၆-ခုနှစ်။

၄၆။ သန်းထွန်း၊ ဒေါက်တာ၊ နယ်လှည့်ရာဇဝင်၊ သုံးတွဲပေါင်း၊ ရန်ကုန်၊ မြည့်စုံစာအုပ်တိုက်၊ ၂၀၀၄-ခုနှစ်၊ ပထမအကြိမ်။

၄၇။ သန်းထွန်း၊ ဒေါက်တာ (တည်းဖြတ်)၊ ဝတ်မစွတ်ဝန်ထောက်၏ နေ့စဉ်မှတ်တမ်း၊ ပထမတွဲ (၁၈၈၆-၁၈၈၈) ၊ ရန်ကုန်တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ၂၀၀၅-ခုနှစ်၊ ပထမအကြိမ်။

၄၈။ သိန်း၊ ဆရာ (စာတော်ပြန်)၊ သင်္ဘော စကားပုံပေါင်းချုပ်၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၆-ခုနှစ်။

၄၉။ သုန္ဒရာဘိဝံသ၊ အရှင်နှင့် ဝိဇယာဘိဝံသ၊ အရှင်၊ ကလျာဏီသိမ်သမိုင်းအကျဉ်း၊ မော်လမြိုင်၊ အောင်စာပုံနှိပ်တိုက်၊ ၁၉၈၄-ခုနှစ်။

၅၀။ သီပို့မောင်ဝ၊ ခေတ်စမ်းရာဇဝင်ရေးများ၊ မုန်ကုန်၊ ကြေးမုံစာပေ၊ ၁၉၅၅-ခုနှစ်၊ ပထမအကြိမ်။

၅၁။ အမာ၊ ဒေါ်နှင့် ရွှေ၊ ဒေါ်၊ မော်လမြိုင်မြို့ ပထမနှစ်ခြင်းခရစ်ယာန်အသင်းတော် နှစ် ၁၅၀-ပြည့်သမိုင်း၊ (၁၈၂၃-၁၉၇၃) စာကူးစက်မှု။

၅၂။ အမာ၊ ဒေါ် (လူထု)၊ ရတနာပုံ မန္တလေး၊ မန္တလေး၊ ကျွန်မတို့ မန္တလေး၊ မန္တလေး၊ ထွန်းရင်စာပေ၊ ၁၉၉၃-ခုနှစ်၊ ပထမအကြိမ်။

၅၃။ အမာ၊ ခေါ် (လူထု)၊ သာသနာ့တန်ဆောင် ဆရာတော်ကြီးများ။ မန္တလေး၊ ထွန်းရင်စာပေ၊ ၁၉၉၄-ခုနှစ်၊ ပထမအကြိမ်။

၅၄။ အမှတ်(၁) စက်မှုဝန်ကြီးဌါန၊ ကိုလိုနီခေတ်စက်မှုလုပ်ငန်း၊ အပိုင်း-၂၊ ၁၉၈၉-ခုနှစ်။

၅၅။ အောင်ရွှင်း (သာယာဝတီ)၊ လင်းခေး ဦးထွန်းမြင့်၊ ရုန်ကုန်၊ ကျူပျော်စာပေ၊ ၁၉၇၆-ခုနှစ်၊ ပထမအကြိမ်။

၅၆။ Binns, B. O.

Burma (Myanmar) Gazetteer

Amherst (Kyaik Khami) District Vol: A.

Rangoon (Yangon), Superintendent,

Government Printing and Stationary, 1962.

၅၇။ Bradley, Ken (compiled by).

Hellfire Pass Memorial.

Australian - Thai Chamber of Commerce

Bangkok, Thailand. 1990 2nd Edition.

၅၈။ Cady, John, F.

A History of Modern Burma (Myanmar)

Cornell University Press.

1958, First Published.

၅၉။ Carter, R. R. Langham.

Old Moulmein (Mawlamyine)

The Moulmein (Mawlamyine) Sun Press.

1947.

၆၀။ Koenig, William John

The Early Kon-Baung Polity, 1752-1891

(Thesis Submitted for the Degree of Doctor of Philosophy)

University of London.

School of Oriental and African Studies.

August 1979.

၆၀။ Moremon, John. Dr.

Australians on the Burma (Myanmar) Thailand Railway, 1942-43

Published by, Department of Veteran's Affairs, Cambara 2003.

၆၂။ Shwezin Hpon Naing

History of The Sudhamma Buddhist Order of Monks (1853-1900)

Ph, D (Dissertation)

Department of History

University of Yangon, Myanmar.

၆၃။ Whittam, Thomas

The Moulmain (Mawlamyine) Almanac and Directory for 1863.

Moulmain (Mawlamyine), The Advertiser Press.

၆၄။ **Centenary Souvenir (1860-1960) of The Brother Schools.**

Burma (Myanmar)

Rangoon (Yangon) Gazette Ltd.

၆၅။ **Correspondence for the years 1825-26 to 1842-43 In The Office of The Commissioner, Tenasserim (Taninthayi) Division.**

Rangoon (Yangon) Office of the Superintendent, Government Printing, 1929.

စာနယ်ဇင်းများ

၁။ မြန်မာ့အလင်းသတင်းစာ၊ ၅-ဒီဇင်ဘာ၊ ၁၉၅၈။

၂။ သူရိယရွှေစုံသတင်း၊ ၂၁-မေ၊ ၁၉၃၃။

၃။ ဗန္ဓုလဂျာနယ်၊ ၂၅-ဩဂုတ်၊ ၁၉၂၆။

၄။ မိုးဂျာနယ်၊ စက်တင်ဘာ၊ ၁၉၉၆။

၅။ မိုးဂျာနယ်၊ အောက်တိုဘာ၊ ၁၉၉၆။

၆။ မိုးကျာနယ်၊ နိုဝင်ဘာ၊ ၁၉၉၆။
၇။ မိုးကျာနယ်၊ ဒီဇင်ဘာ၊ ၁၉၉၆။
၈။ မိုးကျာနယ်၊ ဇန်နဝါရီ၊ ၁၉၉၇။
၉။ မိုးကျာနယ်၊ ဖေဖော်ဝါရီ၊ ၁၉၉၇။
၁၀။ ခရစ်ယာန်အရေပြားရောဂါအထူးကုဆေးရုံ၊ (မော်လမြိုင်) နှစ် ၁၀၀-ပြည့် မဂ္ဂဇင်း၊ (၁၈၉၈-၁၉၉၈)
၁၁။ စိန့်ဂျိုးဇက်သီလရှင်များ မြန်မာပြည်ရောက် နှစ် ၁၅၀-ပြည့် အထိမ်းအမှတ် မဂ္ဂဇင်း၊ (၁၈၄၇-၁၉၉၇)
၁၂။ မြဝတီမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၇၀။
၁၃။ မြိတ်မဂ္ဂဇင်း၊ ၁၉၉၇။
၁၄။ ရွှမဝမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၇၀။

စာစောင်များ

၁၅။ ပရိယတ္တိ သဒ္ဓမ္မပါလဘာသင်း ရွှေရတုစာစောင်၊ ၁၉၈၀။
၁၆။ သမိုင်းသုတေသန စာစောင်-၅
၁၇။ သံတော်ဆင့်သတင်းစာ လွှပ်လပ်ရေးအထူးစာစောင်၊ (၄) ဇန်နဝါရီ၊ ၁၉၄၈။

မှတ်တမ်းများ

၁၈။ မော်လမြိုင်မြို့ဖြစ်စဉ်မှတ်တမ်း၊ ၁၉၆၈။
၁၉။ မွန်ပြည်နယ်မှတ်တမ်း၊ ၁၉၈၂။
၂၀။ သထုံမြို့နယ်ဖြစ်စဉ်မှတ်တမ်း။
၂၁။ သံဖြူဇရပ်မြို့နယ်ဖြစ်စဉ်မှတ်တမ်း။

စာရင်းများ

၂၂။ ဒိုင်းဝန်ကွင်းရဲတပ်ဖွဲ့စခန်းဝိုင် နယ်မြေအတွင်းရှိ ခရစ်ယာန်ဘုရားကျောင်းများ၊ ဗလီများ၊ ဘုံကျောင်းများနှင့် ဟိန္ဒူဘုရားကျောင်းများစာရင်း
၂၃။ မုဒွန်ရဲတပ်ဖွဲ့စခန်းဝိုင် နယ်မြေအတွင်းရှိ ခရစ်ယာန်ဘုရားကျောင်းများ၊ ဗလီများ၊ ဘုံကျောင်းများနှင့် ဟိန္ဒူဘုရားကျောင်းများစာရင်း

၂၄။ မြို့မရဲတပ်ဖွဲ့စခန်းပိုင် နယ်မြေအတွင်းရှိ ခရစ်ယာန်ဘုရားကျောင်းများ၊ ဗလီများ၊ ဘုံကျောင်းများနှင့် ဟိန္ဒူဘုရားကျောင်းများစာရင်း

လျှောက်ထားမေးမြန်းသည့် ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တ နာဂသေနာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇမဟာသဒ္ဓမ္မဇောတိက
တောင်လေးလုံးကျောင်းတိုက်၊ မော်လမြိုင်မြို့။

၂။ ဘဒ္ဒန္တ သူရိယာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
ဗုဒ္ဓသာသနသိပ္ပံကျောင်းတိုက်၊ မော်လမြိုင်မြို့။

၃။ ဘဒ္ဒန္တ စန္ဒဝံသ
အဂ္ဂမဟာပဏ္ဍိတ
တောင်ပေါက်ကျောင်းတိုက်၊ မော်လမြိုင်မြို့။

၄။ ဘဒ္ဒန္တ ကဝိန္ဒ
ရွှေတောင်ကျောင်းတိုက်၊ မော်လမြိုင်မြို့။

နှစ်ဖက်သောမိဘများအမှူးထား၍
ဦးကျော်စိုးလွင်၊ ဒေါ်ပြုပြုခိုင်
သမီးမစုပေါင်ပေ့၊ သားမောင်စုပေါင်လုံ
ဦးမင်းလွင်နှင့်သားများကုမ္ပဏီ
ရန်ကုန်မြို့မှလှူဒါန်းပါသည်။
(၅၀၀)အုပ်

ဦးမွန်နား၊ ဒေါ်ကျင်ကြီး၊ ဦးရှောင်ကျင့်၊ ဒေါ်ရွှေလျောင်
တို့အားအမှူးထား၍
ဦးအောင်ဌေး၊ ဒေါ်နွယ်နိုဝင်း
သား မောင်ဝင်းထွဋ်အောင်၊ မောင်ပိုင်မင်းသန့်
သမီး မအိဇာခြည်ဦး
အမှတ်(၂၀၄)၊ မေတ္တာရိပ်မွန်၊ (၁၀)ထပ်တိုက်
နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ
လှူဒါန်းပါသည်။
(၅၀၀)အုပ်

ဦးမောင်လွင်+ဒေါ်ကြင်ပို့၊ ဦးရှိန်ဟို+ဒေါ်ကင်ယုံ
တို့အားအမှူးထား၍
ဦးမိုးကျော်လွင်+ဒေါ်တိုးတိုးရှိန်
သမီး မခိုင်ဝူးဝူးလွင်
သား မောင်အောင်ငြိမ်းချမ်းကျော် မိသားစု
အမှတ်(၄၇)(A)၊ သီရိမင်္ဂလာ(၂)လမ်း
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ
လှူဒါန်းပါသည်။
(၅၀၀)အုပ်

ဦးရဲမင်း + ဒေါ်နိုင်နိုင်

သမီး အိမ်တွယ်တာဦး

အိမ်မြေတ်နိုးဝယ်

၂၂၊ ကျိုက်သုတ်ဘုရားလမ်း၊ မော်လမြိုင်မြို့။

(၅၀၀)အုပ်

ဘဒန္တနိဗ္ဗာန – ဓမ္မကထိကဓဇရဟန္တာဘိဝံသ ၏

မေတ္တာတော်မှန်

'ဝ'မရှိတဲ့ 'ဝိ'ဖြစ်နိုင်

ပရမတ်မသိ၊ ဝ – မရှိ၊ ဝိ – လည်း မဖြစ်နိုင်
ဝိမဖြစ်က၊ အနတ္တ၊ မုချ ဉာဏ်မပိုင်
ဉာဏ်မြင်မရ၊ သံသာရ၊ ဒုက္ခမဆုံးနိုင်
ဒုက္ခဆုံးရန်၊ အလုပ်မှန်၊ ကျင့်ကြံခဲ့နိုင်ခိုင်

ရုပ်ဓာတ်နာမ်ဓာတ် ပရမတ်သဘောကို ကောင်းစွာမသိလျှင်
'ဝ' ဟု ဆိုအပ်သော 'ဝဝတ္ထာန' မည်သော ပိုင်းခြားမှုမရှိ
ထိုသို့ ပိုင်ခြားနိုင်ခြင်းမရှိလျှင် "ဝိ" ဟုဆိုအပ်သော
"ဝိပဿနာ" မဖြစ်နိုင်၊ ဝိပဿနာ မဖြစ်လျှင်
"အနတ္တ" ဉာဏ်အမြင်မရ၊ အနတ္တဉာဏ် အမြင်မရလျှင်
"သံသရာဒုက္ခ" မဆုံးနိုင်၊ ထို့ကြောင့် "ဝ" ရှိအောင်လုပ်၍
"ဝိ" ဖြစ်အောင် ကြိုးစားနိုင်ကြစေ ....

ဓမ္မဒါန